
www.burmeseclassic.com

# မောင်ပေါ်ထွန်း

# ONCE IN A LIFE TIME

Danielle Steel



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် ❖ ၉၅၇/၂၀၀၄ (၉)

မျက်နှာဖုံးခွင့်ပြုချက် ❖ ၁၀၄၉ / ၂၀၀၄ (၉)

မျက်နှာဖုံးဒီဇိုင်း ❖ ထွန်းဝင်းငြိမ်း

ကွန်ပျူတာစာစီ ❖ အောင်စေ D.T.P
လမ်း (၅၀)၊ ဗိုလ်တထောင်မြို့နယ်။

ပုံနှိပ် ❖ ဦးကျော်လှိုင် (မြ - ၀၅၅၇၃)
စေတနာအော့ဖ်ဆက်
လသာမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ❖ ဦးသန်းဆွေ၊ စစ်သည်တော်စာပေ
အမှတ် (၁၁၃၁/က)၊ ၁၉-ရပ်ကွက်၊
ဥယျာဉ်လမ်း၊ ဒဂုံမြို့သစ်။

အတွင်းဖလင် ❖ ကိုဦးနှင့်ညီများ

ထုတ်ဝေသည့်ကာလ ❖ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ
(ဒုတိယအကြိမ်)

အုပ်ရေ ❖ ၅၀၀

တန်ဖိုး ❖ ၂၀၀၀ ကျပ်




www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

ခရစ္စမတ်ပွဲတော် အကြိုညတွင် နယူးယောက်တစ်မြို့လုံးကို တောက်ပသော အရောင် အသွေးမျိုးစုံနှင့် ဆီးနှင်းများဖြင့် ဖုံးလွှမ်းထားသည်။ ဗဟိုပန်းခြံကြီးထဲသို့ ပြတင်းပေါက် မှ လှမ်း၍ကြည့်လိုက်လျှင် ဆီးနှင်းများ တဖွဲဖွဲကျကာ မြင်ကွင်း တစ်ခုလုံး မှာ အဖြူရောင် ကမ္ဗလာကြီး ခြုံလွှမ်းထားသလို ထင်မှတ်ရသည်။ အရာခပ်သိမ်းတို့ သည် ငြိမ်သက် နေကြသည်။ တိတ်ဆိတ်နေကြသည်။

သို့သော် လမ်းမကြီးများဘက်သို့ လှမ်းကြည့်လိုက်သောအခါတွင်ကား မြင်ကွင်းမှာ တစ်မျိုးပြောင်းလဲသွားသည်။ လမ်းမများပေါ်တွင် အသံဗလံများ ဆူညံ နေသည်။ ကားဟွန်းသံတွေ အဆက်မပြတ် ပေါ်ထွက်နေသည်။ လူတွေအော်ဟင် [illegible]ုးနေကြသည်။ ဖိနပ်သံများ တဒေါက်ဒေါက် ကြားနေရသည်။ အရာခပ်သိမ်းတို့ သည် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ မြူးရွှင်တက်ကြွနေကြသည်။

လမ်းကြီးလမ်းငယ် အသွယ်သွယ်တွင် လမ်းသွားလမ်းလာများဖြင့် ရှုပ်ယှက် ခတ်နေကြသည်။ ခရစ္စမတ်လက်ဆောင်ပစ္စည်းများ တစ်ပွေ့ကြီးပိုက်ကာ မိမိတို့အိမ်ရှိရာသို့ ရေးကြီးသုတ်ပျာ လျှောက်သွားနေကြသည်။ လမ်းမများပေါ်တွင် [illegible] [illegible]နှင်းသံများ၊ အော်ဟစ်မြူးထူးသံများနှင့် ရယ်မောသံများဖြင့် မိုးမွှန်နေသည်။

www.burmeseclassic.com



ခရစ္စမတ်ဘိုးဘိုးများမှာ အအေးဒဏ်ကို လုံးဝဂရုမစိုက်ဘဲ အရက်ကလေး ခပ်ထွေထွေ မျက်နှာနီရဲရဲဖြင့် ခရစ္စမတ်ပွဲတော်ကို ပျော်ပျော်ကြီး ဆင်နွှဲနေကြသည်။ အမျိုးသမီးများက သားငယ်သမီးငယ်များ၏ လက်များကို တင်းတင်းဆုပ်ကိုင်ကာဆီးနှင်းပြင်ပေါ်တွင် သတိနှင့် လျှောက်သွားနေကြသည်။ သူတို့အားလုံး အလွန်ပျော်ရွှင်နေကြသည်။ မျက်နှာတွင် အပြုံးပန်းတွေ ဝေနေကြသည်။ ဤနေ့ဤရက်တွင် သူတို့အားလုံး တစ်စိတ်တစ်ဝမ်းတည်းဖြစ်ကာ စိတ်ဓာတ်တွေ အလွန်တက်ကြွနေကြသည် ခရစ္စမတ်မှာ ပျော်ရွှင်ပါစေ.. ၊ နှစ်သစ်ကူးမှာ ရွှင်မြူးပါစေ ...။ တိုက်ခန်း တံခါးစောင့်များမှာ ခရစ္စမတ်ဘောက်ဆူးတွေရ၍ ဝမ်းသာအားရဖြင့် လမ်းသွားလမ်းလာများအား လက်တွေ ဇွေ့ယမ်းကာ နှုတ်ဆက်နေကြသည်။

ခရစ္စမတ် အကြိုညသည် အားလုံးအဖို့ အပျော်ဆုံးညဖြစ်သည်။ ကလေးတွေအဖို့လပေါင်းများစွာ စောင့်မျှော်ခဲ့ရသော ညဖြစ်သည်။ လူကြီးတွေအဖို့ ဝေးလံသော ကလေးဘဝနှင့် အတိတ်ကာလမှ မေ့နေသော ပျော်စရာဖြစ်ရပ်များကို ပြန်လည်သတိရသော ညဖြစ်သည်။

ဤနေ့ ဤရက်ကား လူတိုင်း လူတိုင်းအဖို့ အတိတ်ကာလကို ပြန်ပြောင်းသတိရသောနေ့၊ မျှော်လင့်ချက်များ ပြန်လည်ရှင်သန်လာသောနေ့၊ တစ်ဦးနှင့်တစ်ဦး မေတ္တာ စေတနာ ပွားများရသော နေ့ထူးနေ့မြတ်ကြီးပင် ဖြစ်တော့သည်။

*

ည၉ အတန်နက်ခဲ့ပြီ။ ဆီးနှင်းများကား တဖွဲဖွဲကျနေဆဲ။ သို့သော် လမ်းမများပေါ်တွင် ကားသွားကားလာကတော့ တဖြည်းဖြည်းနှင့်ပါးသွားခဲ့ပြီ။ ည၉နက်လာသည်နှင့်အမျှ အအေးဒဏ်ကလည်း အရိုးကွဲလုမတတ် ပြင်းထန်လာသည်။ သတ္တိကောင်းသူ တစ်ယောက်တလေကတော့ ဆီးနှင်းဖုံး လမ်းမများပေါ်တွင် စွန့်စွန့်စားစား လျှောက်သွားနေဆဲပင်။ ခြောက်လက်မခန့်ထူသော ဆီးနှင်းလွှာအောက်မှ ရေခဲပြင်တွင် လျှောက်ရသည်မှာ အလွန် ခက်ခဲပြီး အန္တရာယ်များလှသည်။

ည ဆယ့်တစ်နာရီလောက်ကျတော့ ကားသွားကားလာတွေ လုံးဝ ရပ်စဲသွားကြသည်။ နယူးယောက်မြို့တစ်မြို့လုံး သိသိသာသာ တိတ်ဆိတ်သွားသည်။ တစ်ခါတစ်ခါမှသာလျှင် အဝေးဆီမှ ကားဟွန်းသံနှင့် အငှားကားအော်ခေါ်သံများကို ကြားရသည်။

ထိုအချိန်တွင် အရှေ့ပိုင်း ၆၉လမ်း၊ တိုက်အမှတ် ၁၂၆ ပြုလုပ်သော ခရစ္စမတ်ပါတီပွဲမှ တစ်ဒါဇင်ခန့်မျှသော ဧည့်သည်တွေ ပြန်လည်ထွက်ခွာစ ပြုနေကြပြီ။ သူတို့သည် ရယ်ကာမောကာ သီချင်းဆိုကာဖြင့် အလွန်ပျော်ရွှင်နေကြသည်။ ခရစ္စမတ်သစ်ပင်ကြီးဘေးတွင် ဝိုင်းဝိုင်းလည်ကာ ရှမ်ပိန်အရက်တွေ ဝိုင်အရက်တွေ တစ်ခွက်ပြီး





...ခွက် သောက်ကြသည်။ ဧည့်သည်တွေ အပြန်တွင် အိမ်ရှင် လင်မယားက ရေမွှေး ...ဗူး ချောကလက်ထုပ်၊ လည်စည်းပဝါနှင့် စာအုပ်စသည့် အမှတ်တရ လက်ဆောင် ...တွေပေးသည်။ အိမ်ရှင် အမျိုးသားသည် နယူးယောက်တိုင်း သတင်းစာကြီး ...၌ စာအုပ်ဝေဖန်သူ လုပ်ခဲ့ဖူးသည်။ အိမ်ရှင်အမျိုးသမီးကတော့ နာမည်ကျော် စာရေး ...ဆရာမ ဖြစ်သည်။ ပါတီပွဲလာ ပရိသတ်များတွင် စာပေပညာရှင်များ၊ စာရေးဆရာများ၊ ...ရှင် မင်းသား မင်းသမီးများ၊ အဆိုကျော်များ စသည်ဖြင့် ထင်ရှားကျော်ကြားသော ...ပေါင်းစုံ ပါဝင်သည်။ အရက်ခွက်တွေ၊ အမြည်းပွဲတွေ တစ်ခွက်ပြီး တစ်ခွက်တစ်ပွဲ ...တစ်ပွဲ ကုန်သွားကြသည်။ စားပွဲထိုးမှူးတစ်ယောက်နှင့် စားပွဲထိုးမယ် နှစ်ယောက်တို့ ...သက်မလည်နိုင်အောင် အလုပ်များနေကြသည်။ ဤဧည့်ခံပွဲကို နှစ်စဉ်အမြဲတမ်း ...သည်။ ဧည့်သည်များနံနက် သုံးနာရီ လေးနာရီအထိ စားသောက်ပျော်မြူး ...ည် ဖြစ်သည်။

ည ဆယ့်နှစ်နာရီထိုးခါနီးတော့ ဧည့်သည်တချို့ပြန်ဖို့ လုပ်ကြသည်။ ...ထဲတွင် ရွှေဝါရောင်ဆံပင်နှင့် အမျိုးသမီးတစ်ယောက်လည်းပါသည်။ သူသည် ...ဦးထုပ်ကိုဆောင်းကာ သားမွေးအကျီရှည်ကြီးကို ဝတ်ထားသည်။ သူ၏ ...သေးသွယ်သွယ် ကိုယ်လုံးကလေးမှာ သားမွေးကုတ်အကျီရှည်ကြီးထဲ မြုပ်နေ ...၊ အချမ်းလုံအောင် ကော်လာကို ထောင်ထားသောကြောင့် မျက်နှာတစ်ဝက် ...သည်။ သူသည် အိမ်ရှင် ဇနီးမောင်နှံနှင့် မိတ်ဆွေများအား နှုတ်ဆက်ကာ အိမ်သို့ ...လျှောက်ပြန်ခဲ့သည်။ သူက တခြားအဖော်များနှင့်အငှားကားအတူစီး၍ မပြန်ချင်။ ...နေ့တစ်နေ့လုံး လူတွေနှင့်ရောနှောပြီး အကြာကြီး နေခဲ့ပြီးပြီ။ ယခုအချိန်တွင် ...သူနှင့်မျှ မတွေ့ချင်တော့။ တစ်ယောက်တည်းသာ နေချင်သည်။ နှစ်စဉ် ...တ်အကြို ညရောက်တိုင်း သူစိတ်မကောင်းဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း လွန်ခဲ့ ... ခရစ္စမတ်ပါတီပွဲများကို လုံးဝမတက်ဘဲ၊ အိမ်ထဲတွင်သာ တစ်ယောက်တည်း ...နေခဲ့သည်ချည်း ဖြစ်သည်။ သို့သော် ယခုနှစ် ယခုည ခရစ္စမတ်ပါတီပွဲကိုတော့ ...ခင်တကာ တက်ဖြစ်အောင် တက်ခဲ့သည်။ သူသည် လူတွေနှင့် အဆက်ပြတ်နေခဲ့ ...မှာ ကြာပြီ။ ယခုတော့ သူ လူတောသူတောထဲ ပြန်ဝင်ချင်လာသည်။ ခဏကလေး ... လူတွေနှင့် တွေ့ချင်စိတ် ဖြစ်ပေါ်လာသည်။ နှစ်ပေါင်းများစွာ အိမ်တွင်းအောင်း ...မှ ယခုကဲ့သို့ အပြင်ထွက်လာသောအခါ အသိမိတ်ဆွေတွေက အံ့သြနေကြ ...၊ သူ့ကိုပြန်တွေ့ရလို့ ဝမ်းလည်းသာကြသည်။

'အခုလို ပြန်တွေ့ရတာ အများကြီး ဝမ်းသာပါတယ် ဒက်ဖနီ၊ ဒက်ဖနီပြန်လာ ...့ ဆိုရမှာပေါ့ ဟုတ်လား၊ ဒါနဲ့ အခု ဘာစာအုပ်ရေးသလဲ'

'နောက်တစ်အုပ်၊ စရုံကလေးပဲ ရှိပါသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင် သူ့မျက်လုံးဝိုင်းကြီးတွေက တည်ငြိမ်ပြီး ကျက်သရေ ရှိလှသည်။ မျက်နှာအမူအရာကလည်း ကြည်စင်သိမ်မွေ့လှသဖြင့် အသက်ကိုပင် မခန့်မှန်းတတ်အောင်ဖြစ်ရသည်။

'ဒါဆိုအခုရေးနေတဲ့ စာအုပ်က နောက်အပတ်ပြီးမယ်ဆိုပါတော့ ဟင်း ဟင်း'

သူက အံ့ဩစရာကောင်းလောက်အောင် စာရေးမြန်သူမို့ ယခုလိုအမေးခံရခြင်းဖြစ်သည်။ သို့သော် လွန်ခဲ့သောနှစ်ကတော့ သူ့ဝတ္ထုတစ်ပုဒ် ရုပ်ရှင်သွားရိုက်နေ၍ ဝတ္ထုတစ်အုပ်မှ မရေးဖြစ်ခဲ့။

သူသည် ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေသည်။ သို့သော် သူ့အပြုံးက အလျှင်တုန်းကလို မဲ့ပြုံးမဟုတ်၊ ပို၍ရှင်မြူးလန်းဆန်းသော အပြုံး။ မိတ်ဆွေအပေါင်းများက စတာနောက်တာကို သူက အရေးထူနေပြီ။ သူ့ကို လူတွေက အားကျကြသည်။ အံ့ဩကြသည်။ လေးစားကြသည်။ ဤအရည်အချင်း သုံးရပ်သည် သူ့အတွက် သက်သက်ဖြစ်သည်။ သူနှင့်အထိုက်တန်ဆုံးလည်း ဖြစ်သည်။

စာရေးဆရာမ ဒက်ဖနီဖီလ်းဒ်သည် အနေအထိုင်အလွန်လျှို့ဝှက်သည်။ လူတောသူတော ဝင်လေ့မရှိ။ တစ်ကိုယ်တည်းသာ နေတတ်သည်။ ပြီးတော့ အလုပ်လည်း အလွန်လုပ်သည်။ ရည်မှန်းချက်လည်း အလွန်ကြီးသည်။ ဆုံးဖြတ်ချက်လည်း ပြတ်သားသည်။ သူ့ကိုစာပေအသိုင်းအဝိုင်းတွင် တစ်ခါတစ်ရံ မြင်ကြရသော်လည်း သူကလူတွေနှင့် သိတ်မရော စကားသိတ်မပြော သူ့ကိုယ်သူ လူမြင်အောင် မပြတတ်။ သာမန်လူတစ်ယောက်လို သာ ရိုးရိုးမှန်မှန်နေတတ်သည်။ သို့သော် သူ့မျက်နှာကိုမြင်ရလျှင် တစ်ခါမြင်ရုံနှင့် စွဲသွားသည်။ သူ့မျက်နှာက ကြည်လင်သည်။ ထက်မြက် သည်။ သူ့မျက်လုံးများက အရှေ့ခပ်သိမ်းကို ထိုးဖောက်မြင်နိုင်စွမ်း ရှိသလို ထင်ရသည်။ တချိန်တည်းတွင် သူကမမြင်ယောင် ဆောင်နေသလိုလည်း ထင်ရသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်ကမူ သူ့အမူအရာသည် ယခုနှင့်မတူပဲ တစ်မူကွဲပြားနေခဲ့သည်။ ထိုစဉ်ကသူ့အသက်မှာ နှစ်ဆယ့်သုံးနှစ်သာ ရှိသေးသည်။ ထိုစဉ်က သူသည် အပေါင်းအသင်းကို ခုံမင်သည်။ ပျော်ပျော်နေတတ်သည်။ စိတ်ကြမ်းတိုယ်ကြမ်း ပြုမူတတ်သည်။ မဟုတ်မခံစိတ်ရှိသည်။ ပျော်လည်း ပျော်ရွှင်သည်။ သို့သော် ယခုတော့ ထိုအမူအရာတွေမရှိတော့။ ယခုအချိန်တွင် သူသည်သို တည်ငြိမ်လာသည်။ နှုတ်ထိန်းလာသည်။ ဟိုတုန်းက ပျော်ပျော်ရွှင်ရွှင်နေတတ်ခဲ့သော သူ့အမူအရာ သူ့မျက်လုံးများတွင် အရိပ်အငွေ့မျှသာ တွေ့ရတော့သည်။ အတိတ်ကကြေကွဲစရာဖြစ်ရပ်များသည် သူ၏အသည်းနှလုံးတစ်နေရာတွင် မီးခဲပြာဖုံး ကိန်းဝပ်နေသယောင် ထင်ရသည်။

'ဒက်ဖနီ'





မက်ဒီဆင်ရိပ်သာလမ်းထောင့် အရောက်တွင် နောက်မှ တစ်စုံတစ်ယောက်က ...ခေါ်သံကြောင့် ဆတ်ကနဲ သမင်လည်ပြန်လှည့်ကြည့်လိုက်သည်။ ဆီးနှင်းတွေ ...ကြားက လျှောက်လာသံကြားရသည်။

'ဪ ဂျက်၊ ကျွန်မက ဘယ်သူပါလိမ့်လို့'

ဂျက်ဟောကင်းမှာ ဒက်ဖနီ၏ ဝတ္ထုစာအုပ်များကို ထုတ်ဝေနေသော ဟားဘားနှင့်ဂျုန်းစ် စာအုပ်တိုက်မှ စာတည်းဌာန ညွှန်ကြားရေးမှူး ဖြစ်သည်။ ဆီးနှင်း ပက်ထား၍ သူ့မျက်နှာတပြင်လုံး နီရဲနေသည်။

'လမ်းလျှောက်နေတာ မချမ်းဘူးလား အငှားကား ငှားစီးသွားကြမလား'

ဒက်ဖနီက ခေါင်းကိုခါယမ်းပြီး ပြုံးလိုက်သည်။

'နေပါစေ ဂျက်၊ ကျေးဇူးတင်ပါတယ်။ ကျွန်မ တမင်လျှောက်လာခဲ့တာပါ၊ ...နေတာကလဲ ဒီလမ်းအောက်ဘက်လေးတွင်ပါ'

'အချိန်က နှောင်းနေပြီ ဒက်ဖ်၊ ဆယ်နှစ်နာရီတောင် ထိုးနေပြီ'

ဂျက်က ညအချိန်မတော်ကြီး မိန်းမသားတစ်ယောက်တည်းမို့ တကယ့် ...နာဖြင့် ပြောခြင်းဖြစ်သည်။ နောက်တစ်ကြောင်းကလည်း ဒက်ဖနီကို သူတော် ... သဘောကျနေသောကြောင့် မြစ်သည်။ အခြားလူတွေကလည်း သူ့လိုပင် ...သဘောကျကြမည်သာ ဖြစ်သည်။ ဒက်ဖနီက ယခုအသက် သုံးဆယ်သုံးနှစ် ...တွင် နှစ်ဆယ့် ငါးနှစ်လောက်သာ ထင်ရသည်။ တစ်ခါတလေများ ဆယ့်နှစ်နှစ် ...အရွယ် ကလေးလောက်တောင် ထင်ရသည်။ သူ့မျက်နှာနှင့် သူ့ရုပ်သွင်က ...တမ်းနုပျိုနေသည်။ လန်းဆန်းနေသည် သို့သော် သေသေချာချာ ကြည့်လျှင်တော့ ...ကျန်ဝေဒနာကို အတွင်းကြိတ် ခံစားနေရကြောင်း သူ့မျက်လုံးများက ...နေကြသည်။ ဒက်ဖနီမှာ အဖော်မဲ့နေသည်။ အထီးကျန်ဖြစ်နေသည်။ သူ့လို ...သမီးတစ်ယောက် အနေဖြင့် သည်လိုမဖြစ်သင့် ဟု ဂျက်က ယူဆသည်။

'ခရစ်စမတ် အကြိုညဘဲ ဂျက်။ ဒီလောက်ချမ်းနေတဲ့ အချိန်မှာ ကျွန်မတို့ ...သူမှတော့ မကောင်းကြံမယ် မထင်ပါဘူး။'

ဒက်ဖနီက ရင်းနှီးစွာဖြင့် ရယ်စရာပြောလိုက်သည်။

ဂျက်ဟောကင်းက ပြုံးကာ

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က ခင်ဗျားရေခဲပြင်ပေါ် ...တဆချော်လဲမှာ စိုးလို့ပြောတာပါ'

'အဟား ကျွန်မချော်လဲပြီး လက်ကျိုးသွားရင် စာမရေးနိုင်မှာစိုးလို့လား ...ပါနဲ့ရှင်၊ ကျွန်မ အခုစာရေးနေတဲ့ စာအုပ်က ဧပြီလကုန်မှ အပြီးသတ်မှာပါ'

'လာဘာ လာစမ်းပါဗျာ၊ ကျွန်တော်တို့နဲ့ အိမ်လိုက်ပြီး အရက်ပြေသွားအောင်



www.burmeseclassic.com

www.burmeseclassic.com



အရက်ကလေး ဘာကလေး လိုက်သောက်ပါဦး'

ဒက်ဖနီက ခြေစုံရပ်ကာ ဂျက်ဟောကင်း၏ပါးပြင်ကို နမ်းလိုက်သည်။ ပြီးတော့ ပခုံးကိုလက်နှင့်အသာပုတ်ရင်း

'ကဲ ရှင်တို့သာ သွားကြပါ ဂျက်၊ ကျွန်မတစ်ယောက်တည်းပဲ လျှောက်သွားပါမယ်၊ ကျေးဇူးတင်ပါတယ်'

ထိုနောက်တော့ ဂျက်အား လက်ဝှေ့ယမ်းပြပြီး နေရာမှထွက်ခွာလာခဲ့သည်။ ကုတ်အင်္ကျီကော်လာနစ်ဖက်ကို တင်းတင်းဆွဲစေ့ရင်း လမ်းမကြီးအတိုင်း ဆက်လျှောက်လာသည်။ လမ်းဘေးဝဲယာရှိ ဈေးဆိုင်များ၏ အလှပြ မှန်ပြတင်းများကိုလည်း မကြည့်၊ ဘေးနားမှ ဖြတ်လျှောက်သွားသူများ၏ မျက်နှာကိုလည်း မော်၍မကြည့်။ မျက်နှာကို လေစိမ်းလာဟပ်တော့ ထူးခြားသော အတွေ့အထိ တစ်ခုကို ခံစားရသလို ထင်မိသည်။ ညဦးပိုင်းက ပါတီပွဲတွင် စားသောက်ခဲ့ရသည်ထက် ယခုလမ်းလျှောက်ရသည်က ပို၍ စိတ်ချမ်းသာသလို ခံစားရသည်။ ပါတီပွဲများသို့သွားလျှင် အမြဲတမ်း စိတ်ပန်းလူနွမ်း ဖြစ်ရသည်ချည်းပင်။ ပါတီပွဲက ဘယ်လောက်ပင် ခမ်းနားခမ်းနား ဘယ်သူတွေနှင့်ပင် တွေ့ရတွေ့ရ သူ့အဖို့တော့ ဘာမှထူးခြားမှုမရှိ၊ ငြီးငွေ့စရာချည်းသာ ကြုံရသည်။

သို့သော်လည်း ဒက်ဖနီသည် ယနေ့ညပွဲကိုတော့ တမင်တကာ တက်ချင်၍ တက်ခဲ့ခြင်းဖြစ်သည်။ သူ့အခန်းထဲတွင် တစ်ယောက်တည်း ထိုင်မနေချင်၍ တက်ခဲ့ခြင်း ဖြစ်သည်။ အခန်းထဲတွင် တစ်ယောက်တည်း ထိုင်နေလျှင် အတိတ်ကဖြစ်ရပ်ကို သတိရလာမည်။ သူက အတိတ်ကို နည်းနည်းကလေးမှ သတိမရချင်။ လုံးဝမေ့ထားချင်သည်။ ယခုလျှောက်လာရင်းပင် အတိတ်မှအရိပ်များ ဝိုးတဝါးပေါ်လာကြသေးသည်။ ခေါင်းထဲသို့ အတိတ်ဖြစ်ရပ်များ ဝင်မလာနိုင်အောင် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့သည်။

ကားအသွားအလာကို မျက်လုံးကစားကြည့်လိုက်သည်။ ဘာ ကားမှမတွေ့ရ။ လမ်းထောင့်သို့ အပြေးကလေး လျှောက်လာသည်။ အချက်ပြမီးစိမ်းနေသည်။ မေဒီဆင်ရိပ်သာ လမ်းမကြီးကို ခြေလှမ်းသွက်သွက်ဖြင့် ဖြတ်အကူးတွင် ရုတ်တရက်ခြေချော်ပြီး လဲကျသွားသည်။ လက်နှစ်ဖက်ကို ထောက်ကာ ကမန်းကတန်း ပြန်ထသည်။ လမ်းကို ဖြတ်ကူးရန် လက်ဝဲဘက်သို့ အလှည့်လိုက်တွင် လမ်းထောင့်မှ အရှိန်နှင့်ကွေ့ မောင်းလာသော အနီရောင် စတေရှင်ဝက်ဂွန်း ကားရှည်က သူ့ကိုဝင်တိုက်တော့သည်။ ဒရိုင်ဘာဘေးတွင် ထိုင်လိုက်လာသော မိန်းမတစ်ယောက်၏ အလန့်တကြား အော်သံ တစ်ခုတစ်ခုနှင့် ထိခိုက်မိသံ၊ ကားထဲမှ အော်ညည်းသံနှင့်ရေခဲပြင်နှင့် ကားဘီး ပွတ်တိုက်သံများ ဆက်တိုက်ပေါ်ထွက်လာပြီးနောက် ကားရပ်သွားသည်။

ထို့နောက်တွင်တော့ အားလုံးငြိမ်သက်တိတ်ဆိတ်သွားသည်။ အတန်ကြာ





တော့မှ ကားတံခါးများ ဝုန်းခနဲပွင့်လာပြီး ကားပေါ်မှလူဒါဇင်ဝက်ခန့် ပျာပျာသလဲ ဆင်းလာကြသည်။ ဘာအသံမှ မကြားရ၊ ဘာစကားမှ မပြောကြ၊ အော်ညည်းသံလည်း မကြားရ။ ဒရိုင်ဘာက ဒက်ဖနီလဲနေသည့်နေရာသို့ ပြေးလာသည်။ ဒက်ဖနီသည် ကျိုးပျက်နေသော ကစားစရာ အရုပ်ကလေးပမာ ရေခဲပြင်ပေါ်တွင် မှောက်နာအပ်ကာ လဲနေသည်။

'ဘုရားရေ အသက်မှ ရှိပါသေးရဲ့လား'

ဒရိုင်ဘာက မှင်တက်မိသလို ခေတ္တရပ်ကြည့်နေပြီးမှ သူ့ဘေးတွင် ရပ်နေသော အမျိုးသမီးအား သွေးရူးသွေးတန်း လှည့်ကြည့်လိုက်သည်။ သူ့အကြည့်တွင် ထိပ်လန့်ခြင်းနှင့် ဒေါသဖြစ်ခြင်းတို့ ရောနေသည်။ ယခုလို ကားတိုက်မှုဖြစ်ရသည်မှာ သူ့အပြစ်ကြောင့်မဟုတ်လဲ တခြားသူတစ်ယောက်ယောက်၏အပြစ်သာဖြစ်သည် ဟူသော သဘောသည် သူ့အကြည့်ပေါ်တွင် ပေါ်လွင်နေသည်။ သို့သော် သူကမည်သူ့ကိုမျှ အပြစ်တင်မနေတော့ဘဲ 'ကဲ ဒီအတိုင်းကြည့်နေလို့ မပြစ်ဘူး၊ ရဲကိုအကြောင်းကြားဖို့လုပ်ကြပါဦး' ဟု သူ့အဖော်များအား ပြောလိုက်ပြီးနောက် ဒက်ဖနီ၏ဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ သို့သော် သူကဒက်ဖနီအား မတို့ရဲ မထိရဲဖြစ်နေသည်။ သေများ သေနေပြီလား ဟူသော အတွေးကြောင့် သူအလွန်ကြောက်နေသည်။

'သူ ....သူ အသက်ရှင်နေတုန်းပဲလား'

တခြား လူတစ်ယောက်က ဒရိုင်ဘာဘေးတွင် ဝင်ထိုင်ရင်း မေးလိုက်သည်။ သူ့ပါးစပ်က အရက်နံ့တထောင်းထောင်း ထွက်နေသည်။

'ငါ မသိဘူး'

ဒက်ဖနီသည် အသက်လည်း မရှူ၊ လှုပ်ရှားခြင်းလည်း မပြု။ ဒရိုင်ဘာက ဒက်ဖနီအား လက်နှင့်စမ်းကြည့်ကာ ငိုသံကြီးနှင့် တိုးတိုးပြောလိုက်သည်။ 'ငါသူ့ကို သတ်မိပြီ ဟယ်ရီ၊ ငါသူ့ကို သတ်လိုက်မိပြီ' သူက သူ့မိတ်ဆွေဘက်သို့ လှည့်ကြည့်လိုက်သည်။ နှစ်ယောက်သား ဒူးထောက်ထိုင်ရင်း ဖက်ထားကြသည်။

ထိုအခိုက် အငှားကား နှစ်စီးနှင့်ခရီးသည်မပါသော ဘတ်စ်ကားတစ်စီး သူတို့အနီးတွင် ထိုးရပ်လိုက်သည်။ ကားဒရိုင်ဘာများ ပြေးဆင်းလာကြသည်။

'ဘာဖြစ်တာလဲဗျ၊ ဘယ်လိုဖြစ်တာလဲ'

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ စကားပြောသံများ ပေါ်ထွက်လာသည်။ '..... သူက ကားရှေ့ဖြတ်ပြေးတာ ...... ကားကို လုံးဝလှည့် မကြည့်ဘူး — ဘာလဲ သူ့ကို လုံးဝမမြင်ဘူး ....ရေခဲပြင်ကလဲ သိပ်ချော်နေတယ် ....ဘာရိုက်အုပ် ဘီး သုံးဝမရဘူး ....'

'အရေးထဲ ရဲတွေကလဲ ဘယ်ချောင်သွားအိပ်နေကြလဲ မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကားဒရိုင်ဘာက သူ့ကိုယ်ပေါ်မှ ဆီးနှင်းတွေကို ပွတ်ချရင်း ဒေါသသံဖြင့် ပြောလိုက်သည်။ လွန်ခဲ့သော တစ်နာရီလောက်က သူတို့တစ်တွေ သီချင်းတကြော်ကြော်နှင့် အပျော်ကြီးပျော်နေခဲ့ကြသည်။ ယခုအချိန်တွင်မူ သူ့ရှေ့မှရေခဲပြင်ပေါ်တွင် အမျိုးသမီးတစ်ယောက် မှောက်လျက်ကြီးလဲနေပြီ။ သေများသေသွားပြီလား၊ ဒါမှမဟုတ် သေတော့မည်လား၊ ဘယ်လိုမှ မသိရသေး။ အရေးထဲ အနီးအနားကျင်းယာဉ်ထိန်းရဲတွေကိုလည်း အရိပ်အယောင်မျှပင် မတွေ့ရ။

'ဒီမှာ ...ဒီမှာ ...ကလေးမ ...ကလေးမ ...သတိရပြီလား .သတိရပြီလား ...'

ဘတ်စ်ကားဒရိုင်ဘာ လူမည်းအဘိုးကြီးက ဒက်ဖနီဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး မေးနေသည်။ ပြီးတော့ သူ့မျက်နှာကို ဒက်ဖနီ၏ မျက်နှာနားသို့ကပ်ကာ အသက်ရှူသံကို နားထောင်ကြည့်သည်။ 'တော်ပါသေးရဲ့၊ သူမသေသေးဘူး' သူက တခြားလူများကို မော့ကြည့်ကာ 'ကဲ အကျီတစ်ထည်လောက် မရှိကြဘူးလား၊ အကျီ တစ်ထည်လောက် မြန်မြန်လုပ်ပါ' တစ်ယောက်မှ တုတ်တုတ် မလှုပ်။ သူက ဒေါသသံဖြင့် 'ပေးစမ်းပါ၊ မင်းကုတ်အကျီပေးစမ်းပါ' စတေရှင်ဝက်ဂွန်းကားဒရိုင်ဘာက ကြောင်တောင်တောင် လုပ်နေသည်။ 'ဟေ့လူ ဒီမှာ ကလေးမကသေတော့မယ်၊ ဘာငေးနေ တာလဲ၊ချွတ်စမ်းပါ၊ အကျီမြန်မြန်ချွတ်စမ်းပါ' သည်တော့မှ စတေရှင်ဝက်ဂွန်းကား ဒရိုင်ဘာနှင့်တခြားလူနှစ်ယောက်တို့က သူတို့၏ ကုတ်အကျီများကို ကမန်းကတန်း ချွတ်ပေးလိုက်ကြသည်။ 'လူနာကို ဘာမှမလုပ်နဲ့၊ သူ့အတိုင်းနေပါစေ' ဘတ်စ်ကား ဒရိုင်ဘာက ကုတ်အကျီများကို ဒက်ဖနီတစ်ကိုယ်လုံး လုံအောင်ခြုံပေးသည်။ မျက်နှာကို အအေးမပတ်နိုင်အောင်လည်း အောက်က အသာအယာ အဝတ်ခုပေးသည်။

ခဏကြာတော့ ခပ်လှမ်းလှမ်းမှ မီးနီတန်းကြီး တစ်ခုပေါ်လာသည်။ အရေးပေါ် လူနာတင်ကား ဖြစ်သည်။ ယခုလို ခရစ္စမတ်ညမျိုးတွင် သူတို့သည် မအိပ်မနေအလုပ်များနေကြသည်။ လူနာတင်ကားနောက်မှ ရဲကားတစ်စီးလည်း လိုက်လာသည်။ အရေးပေါ် ဥသြဆွဲသံက တစ်လမ်းလုံးညံသွားသည်။

လူနာတင်ကားမှ သူနာပြုများက ဒက်ဖနီထံသို့ အလျင်အမြန် ပြေးလာကြသည်။ ရဲတွေက ဖြည်းဖြည်းဆေးဆေး လုပ်နေကြသည်။ စတေရှင်ဝက်ဂွန်း ဒရိုင်ဘာက ရဲတွေအနီးသို့ ကပ်သွားသည်။ ယခုတော့ သူတော်တော်စိတ်ငြိမ်သွားပြီ။ သို့သော် အပေါ်အကျီမရှိ၍ သူ့တစ်ကိုယ်လုံးကတော့ ခိုက်ခိုက်တုန်နေသည်။ သူနာပြုများက ဒက်ဖနီအား လူနာတင် ကပ်ပေါ်သို့ ညင်ညင်သာသာ ချီမွေ့တင်ကြသည်။ ဒက်ဖနီထံမှဘာသံမှမကြားရ။ ဒဏ်ရာကြောင့် သူမေ့မျောနေတုန်း ရှိသေးသည်။ လူမည်း ဒရိုင်ဘာကြီးက စိုးရိမ်တကြီးဖြင့် ဒက်ဖနီအား လှမ်းကြည့် လိုက်သည်။ မျက်နှာနှင့် တစ်ကိုယ်





လုံးတွင် ထိခိုက်ဒဏ်ရာတွေ မြင်ရသည်။ သို့သော် ရေခဲပြင်နှင့်ထိနေခဲ့သောကြောင့် သွေးအသွေးနတော့ လုံးဝမရှိ။

ရဲအရာရှိက မှတ်စုစာအုပ် ထုတ်ကာ ဒရိုင်ဘာထံမှ စစ်ချက်ယူသည်။ ဒရိုင်ဘာအား အရက်သောက်ထားခြင်းရှိမရှိ စမ်းသပ်စစ်ဆေးပြီးမှ အာမခံပေးနိုင်မည်ဟု ပြောသည်။ သူ့အဖော်များက ဒရိုင်ဘာဘက်မှ တစ်ယောက်တစ်ပေါက် ဝင်ပြောကြသည်။ ဒရိုင်ဘာသည် လုံးဝမူးယစ်ခြင်းမရှိကြောင်း၊ အရက်ကိုစတိလောက်သာ သောက်ခဲ့ကြောင်း၊ ဒက်ဖနီသည် ကားလာသည်ကို လုံးဝလှည့်မကြည့်ဘဲ ကားရှေ့မှ ဖြတ်ပြေးကြောင်း။

'ဒါပေမယ့် မရဘူး၊ လုပ်ငန်းတာဝန်အရ စစ်ကိုစစ်ဆေးရမှာပဲ'

ရဲအရာရှိက ဒရိုင်ဘာအား သောက်ထားညာတာလိုစိတ် လုံးဝမပြ၊ အစတည်းကပင် ကားတိုက်ခံရသော အမျိုးသမီးအပေါ်တွင်လည်း ထူးထူးခြားခြား သနားကြင်နာစိတ် လုံးဝမပြ။ တကယ်တော့ သူ့အနေဖြင့် ဤဖြစ်ရပ်များသည် အဆန်းမဟုတ်တော့။ နေစဉ်မြင်နေကျ ဖြစ်ရပ်များသာ။ နောက်တစ်ယောက် နောက်တစ်မှု။ သူ့အဖို့ ခါးသောက်ပဲ သဘောထားသည်။ သည်ထက်ဆိုးရွားသည့်အမှုများကို နေ့တိုင်းမြင်ချင်နေရသည်။ လုယက်မှုများ၊ ရိုက်နှက်မှုများ၊ လူသတ်မှုများ၊ ပြီးတော့ မုဒိန်းမှုများ။

'လူနာအသက် ရှိသေးသလား' ရဲအရာရှိက မေးသည်။

'ဟုတ်ကဲ့၊ ရှိတော့ရှိပါသေးတယ်' လူနာတင်ကား ဒရိုင်ဘာက ခေါင်းတစ်ချက်ညိတ်ပြီး ခပ်ပြတ်ပြတ်ပြန်ပြောသည်။ ထို့နောက် လူနာအား အောက်စီဂျင် သွင်းကြသည်။ နှလုံးခုန်ခြင်း ရှိမရှိစစ်ဆေးရန် သားမွေးကုတ်အကျီရင်ဘတ် ကြယ်သီးများကို ဖြုတ်ကြသည်။ 'ကျုပ်တို့မြန်နိုင်သမျှ မြန်မြန်လုပ်မှ ဖြစ်မယ်၊ နို့မဟုတ်ရင် အသက်ကျသွားလိမ့်မယ်'

'သူ့ကို ဘယ်ပို့မလဲ'

ရဲအရာရှိက သူ့စာအုပ်ထဲတွင် 'အဖြူရောင်ဝတ်စုံ ဝတ်ထားသော အသက် ... နှစ်ဆယ့်ငါးနှစ်ခန့် အမျိုးသမီးဟု' မှတ်ချက်ရေးနေရာမှ မေးလိုက်သည်။

လူနာတင်ကား ဒရိုင်ဘာက ကားတံခါးကို ပြန်ပိတ်လိုက်ပြီးနောက်

'သူ့ကို လီနောက်ကုန်းမြင့် ဆေးရုံကို ယူသွားမယ်၊ အဲဒါ အနီးဆုံးဆေးရုံပဲ၊ ... ဆေးဝေးယူသွားရင် လမ်းမှာတွင် သေသွားနိုင်တယ်'

'လုယက်ခံရတဲ့ အမှုများ ဖြစ်နေမလား'

ယနေ့ညနေတွင်ပင်မည်သူမည်ဝါ မသိသော လူသေအလောင်းနှစ်လောင်းကို ... သူတို့ပို့ခဲ့ကြပြီးပြီ။

'မဟုတ်ပါဘူး၊ သူ့ဆီမှာ ပိုက်ဆံအိတ်လဲ ရှိနေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဟုတ်ပြီ၊ ခင်ဗျားတို့ အလျင်သွားနှင့်၊ ကျုပ်တို့နောက်က လိုက်လာခဲ့မယ်'

လူနာတင်ကား ဒရိုင်ဘာက ခေါင်းတစ်ချက်ဆတ်ခနဲ ညိတ်ပြပြီးနောက် ကားကို မောင်းထွက်သွားသည်။

ရဲအရာရှိက စတေရှင်ဝက်ဂွန်း ဒရိုင်ဘာဘက်သို့ လှည့်ကြည့်သည်။ ကားဆရာသည် တုန်တုန်ယင်ယင်ဖြင့် သူ့ကုတ်အင်္ကျီကို ပြန်ဝတ်နေသည်။ သူတော်တော်ကြောက်နေပုံရသည်။ ပျော်စရာခရစ္စမတ်ညတွင် ဝိုစရာကြုံရ၍ သူအလွန်စိတ်မချမ်းမသာ ဖြစ်မိသည်။

'ဆရာတို့က ကျွန်တော်ကို ဖမ်းမှာလားဟင်'

သူက မျက်နှာသေကလေးဖြင့် မေးလိုက်သည်။

'ခင်ဗျား အရက်မမူးရင် ဖမ်းစရာ မလိုပါဘူး၊ ခင်ဗျားကို ဆေးရုံရောက်တော့မှ စမ်းသပ်ကြည့်မယ်၊ ကဲ ကားကို ခင်ဗျားမမောင်းနဲ့၊ နောက်တစ်ယောက် မောင်းနိုင်ပြီး ကျုပ်တို့နောက်လိုက်ခဲ့'

ကားဒရိုင်ဘာက ခေါင်းတစ်ချက်ညိတ်ပြီး ကားပေါ်ပြန်တက်ကာ သူ့မိတ်ဆွေတစ်ယောက်ကို မေးဆတ်ပြလိုက်သည်။ မိတ်ဆွေဖြစ်သူက ဒရိုင်ဘာခန်းတွင် ဝင်ထိုင် လိုက်သည်။

စကားတစ်ခွန်းမှ မပြောကြတော့ အားလုံးပင် မျက်နှာညှိုးနေကြသည်။

သူတို့သည် လူနာတင်ကားနှင့် ရဲကားတို့၏ ဥသြဆွဲသံကို နားထောင်ရင်း လီနောက် ကုန်းမြင့်ဆေးရုံသို့ ငြိမ်သက်စွာ လိုက်ပါလာခဲ့ကြတော့သည်။

* * *

## အခန်း ( ၂ )

လီနောက် ကုန်းမြင့်ဆေးရုံအရေးပေါ် လူနာဌာနတွင် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ အဖြူရောင် ဆေးရုံဝတ်စုံ ဝတ်ထားသော ပုဂ္ဂိုလ်များ ဝင်လိုက်ထွက်လိုက်ဖြင့် အလုပ်များနေကြသည်။

လူနာတင်ကားမှ သူနာပြုများက ဒက်ဖနီအားလူနာတင်ကပ်ဖြင့် သယ်ချကြသည်။ သူနာပြု ဆရာမသုံးဦးနှင့်တာဝန်ခံဆရာဝန်တို့က လူနာကိုလွှဲပြောင်းယူပြီး အချိန်မဆိုင်း ချက်ချင်းပင် အလုပ်စကြသည်။ နောက်ထပ် လက်ထောက်ဆရာဝန်တစ်ဦးနှင့် အလုပ်သင်ဆရာဝန်ကလေး တစ်ဦးကိုလည်း ထပ်မံ ခေါ်လိုက်သည်။

ဒက်ဖနီ၏ ကိုယ်ပေါ်မှသားမွေးကုတ်အင်္ကျီကို ချွတ်ပြီးကုလားထိုင်ပေါ်တင်လိုက်သည်။ ပြီးနောက် အတွင်းဝတ်စုံကို အလျင်အမြန် ဆွဲဖွင့်ဖြတ်ညှပ်သည်။ သည်ဝတ်စုံမှာ ယခုနှစ်ဆောင်းဦးပေါက်ကမှ ဘီဗာလီကုန်းမြင့်၊ ဂျီယိုဂျီအိုက်က ဝယ်ယူခဲ့သော ကြယ်ပြာရောင်ကတ္တီပါ ဝတ်စုံသစ် ဖြစ်သည်။ ယခုအဆင်တ်စုံမှာ ဘာမှတန်ဖိုးမရှိတော့။ အရေးပေါ်ဌာန ကြမ်းပြင်တွင် စုပုံကာအပိုင်းအစများအဖြစ် ရောက်ရှိသွားကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဆီးခုံရိုး အက်ကွဲသွားတယ်၊ လက်တစ်ဖက်ကျိုးတယ်၊ ခြေထောက်ရိုးတွေလဲ အက်သွားတယ်' ပေါင်တွင်လည်း ဟက်ထက်ကွဲ ဒဏ်ရာကြီးနှင့်။ ဒဏ်ရာမှ သွေးများစီးကျနေသည်။ 'ဒီဘက်က နပေါင်ရိုး သွေးလွှတ်ကြောပြတ်မသွားတာ တော်ပါသေးရဲ့' တာဝန်ခံဆရာဝန်သည် ဒဏ်ရာဒဏ်ချက်များကို မှတ်တမ်းတင်ခြင်း၊ သွေးတိုးနှုန်း စစ်ဆေးခြင်း၊ အသက်ရှူသံကို နားထောင်ခြင်းဖြင့် အဆက်မပြတ် အလုပ်များနေသည်။ လူနာမှာ လုံးဝမေ့မြောနေတုန်း ရှိသေးသည်။ သူ့မျက်နှာမှာလည်း သွေးလဲနေခဲ့သော ရေခဲပြင်လိုပင် ဖြူဖွေးနေသည်။ သူ့ကိုကြည့်ရသည်မှာ သက်ရှိလူသားတစ်ယောက်နှင့် လုံးဝမတူ၊ အဝိဉာဏက ရုပ်ဝတ္ထုတစ်ခုလို သာ ထင်ရသည်။ တကယ်တော့လည်း သူသည် ဆေးရုံပေါ်မှအခြားလူနာများလိုပင် အခြားရုပ်ခန္ဓာတစ်ခု၊ အခြားလူနာတစ်ယောက်မျှသာ ဖြစ်နေသည်။ သို့သော် သူ့ဒဏ်ရာက ပြင်းထန်သည်။ အရေးကြီးသော အတွင်းလူနာ ဖြစ်နေသည်။ သူ့အသက်ကို ကယ်လိုလျှင် မြန်လည်း မြန်ဖို့လိုသည်။ ကျွမ်းကျင်မှုလည်း ရှိဖို့လိုသည်။ ပခုံးတစ်ဖက် အဆစ်လွဲသွားသည်။ ခြေထောက်ကျိုးမကျိုးတော့ ဓာတ်မှန်ရိုက်ကြည့်မှသာ သိရလိမ့်မည်။

'ခေါင်းမှာရော ဒဏ်ရာတွေ ဘာတွေရသွား သေးသလား'

လက်ထောက် ဆရာဝန်က မေးသည်။

'ခေါင်းက ဒဏ်ရာလဲ ပြင်းတယ်' တာဝန်ခံဆရာဝန်က ခေါင်းတစ်ချက်ညိတ်ပြီး ပြန်ပြောသည်။ သူက လူနာ၏မျက်လုံးများကို လက်နှိပ်ဓာတ်မီးကလေးဖြင့် ထိုးကြည့်သည်။ 'ဘုရားရေ သူ့ကြည့်ရတာ အင်ပိုင်ယာစတိတ် အဆောက်အအုံကြီးပေါ်က လိမ့်ကျတဲ့ လူလောက်တောင် ဆိုးနေပါလား' ယခုအချိန်တွင် လူနာသည် ရေခဲပြင်ပေါ်တွင် မဟုတ်တော့။ ထို့ကြောင့် သူ့မျက်နှာတပြင်လုံးတွင် သွေးတွေ အလိမ်းလိမ်း ပေကျံနေသည်။ သူ့မျက်နှာပေါ်တွင် ဒဏ်ရာတွေက အနံ့အပြား။ အနည်းဆုံး ချောက်နေရာလောက်အထိ ချုပ်ရလိမ့်မည်။ 'ကဲ ဂါရစ်ဆင်ကို သွားခေါ်ကြပါဦး၊ ဒီဒဏ်ရာတွေက သူနဲ့မှဖြစ်မယ်'

မကြာမီတွင် အသားတုံ ခွဲစိတ်ဆရာဝန်ရောက်လာသည်။

'ဘယ်လို ဖြစ်တာတုံး'

'ကားတိုက်တာ'

'တိုက်ပြီး ပြေးသွားတာလား'

'မဟုတ်ဘူး၊ ကားသမားက တိုက်ပြီး ကားရပ်လိုက်တယ်၊ ရဲအရာရှိကတော့ ကားသမားကြည့်ရတာ လေဖြတ်တော့မယ့် လူလိုပဲလို့ပြောတာပဲ'

ဆရာဝန်များက လူနာကို ပြုစုပေးနေစဉ်တွင် သူနာပြု ဆရာမများက ဘေးမှ ငြိမ်ငြိမ်ကလေး ရပ်ကြည့်နေကြသည်။ ထို့နောက် လူနာအား လက်တွန်း ခုတင်ပေါ်တွင်





တင်ကာ ဓာတ်မှန်ရိုက်ရန် နောက်တစ်ခန်းသို့ တွန်းယူလာခဲ့ကြသည်။ လူနာသည် သတိမလည်သေးဘဲ မေ့မြောနေတုန်းပင် ရှိသေးသည်။

ဓာတ်မှန်ရိုက်ကြည့်သောအခါ လက်မောင်းနှင့်ဆီးခုံရိုးများကျိုးသွားပြီး ပေါင်ရိုးအက်သွားကြောင်း တွေ့ရှိရသည်။ ဦးခေါင်းမှ ဒဏ်ရာမှာမူ ဆရာဝန်များ မျှော်လင့်ထားသလောက် မပြင်းထန်၍ တော်ပါသေးသည်။ သို့သော်လည်း အတွင်းကြေကြေသွားသောကြောင့် စိုးတော့စိုးရိမ်ရသည်။ သူတို့သည် လူနာလှုပ်များလှုပ်ရှားလာမည်လားဟု စောင့်ကြည့်နေကြသေးသည်။

နောက်နာရီဝက်ခန့်အကြာတွင် လူနာအား ခွဲစိတ်စားပွဲပေါ်သို့တင်ကာ အရိုးများကို ဆက်ကြသည်။ မျက်နှာမှဒဏ်ရာများကိုချုပ်ကြသည်။ လူနာ၏အသက်ကို ကယ်နိုင်မည့် အလုပ်ဟူသမျှ အစွမ်းကုန်ပြုလုပ်ကြသည်။

လူနာသည် အတွင်းသွေးလျှံနေသည်မှာ ထင်ရှားသည်။ သို့သော်လည်း လူနာ၏ကိုယ်ခန္ဓာအရွယ်အစားနှင့် စတေရှင်ဝက်ဂွန်းကား၏ တိုက်အားအရှိန်တို့ကို နှိုင်းကြည့်လျှင် တော်တော် ကံကောင်းသည်ဟု ဆိုရမည်။ တော်တော်ကံကောင်းသည် ဆိုသော အလွန်ကံကောင်းသည်ဟုပင် ဆိုနိုင်သည်။

လူနာ၏ဆေးမှတ်တမ်းအရ ယခုအချိန်တွင် လူနာသည် အန္တရာယ်အခြေအနေထဲတွင်ပင် ရှိနေသေးသည်။

နံနက်သုံးနာရီခွဲသောအခါ လူနာအား ခွဲစိတ်ခန်းမှ ထုတ်ကာအရေးကြီးလူနာခန်းသို့ ပြောင်းရွှေ့ယူလာခဲ့ကြသည်။

ညတာဝန်ကျသူနာပြုဆရာမအယ်လစ်ဇဘတ်ဝတ်ကင်းသည် ဆေးမှတ်တမ်းယူပြီး စေ့စေ့စပ်စပ် ဖတ်ကြည့်သည်။ ပြီးတော့ လူနာ၏မျက်နှာကို စိုက်ကြည့်နေမိသည်။ ဆရာမ၏မျက်နှာတွင် အံ့သြရိပ်များ ပေါ်လာသည်။

'ဆရာမ ဘာဖြစ်နေတာလဲဗျ၊ ဒါမျိုးတစ်ခါမှ မမြင်ဖူးတာ ကျနေတာပဲ'

လက်ထောက် ဆရာဝန်ကလေးက ဆရာမ၏အမူအရာကို ကြည့်ပြီး စနောက်သလို ပြောလိုက်သည်။

ဆရာမက ပြန်လှည့်ကြည့်သည်။ သူ့မျက်လုံးများတွင် စိုးရိမ်ရိပ်များ မြင်နေရသည်။

'ဒီလူနာ ဘယ်သူလဲ၊ ဒေါက်တာ သိသလား'

'သိပါတယ်ဗျ၊ ဒီညသန်းခေါင်လောက်က မေဒီဆင်ရိပ်သာ လမ်းပေါ်မှာ ကားတိုက်ခံရတဲ့ အမျိုးသမီးပေါ့၊ ဆီးခုံရိုး ကျိုးသွားတယ်၊ ပြီးတော့ ပေါင်ရိုးလဲအက်သွားတယ်'

'အင်း ဆရာက ဒီလောက်ပဲ သိတာပေါ့နော်၊ ဒီထက်ပိုပြီး သိအောင်မကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ရင် ဆရာအနေနဲ့ ဒီလုပ်ငန်းမှာ လုပ်နေတာ အလကားပဲ သိလား'

ဆရာဝန်ကလေးသည် ဤဆေးရုံသို့ ရောက်လာခဲ့သည်မှာ ခုနစ်လတိတိ ရှိခဲ့ပြီ။ ထိုကာလအတွင်း သူသည်သူ့လုပ်ငန်းကို ကြိုးကြိုးစားစားနှင့် ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်ခဲ့ကြောင်း ဝါရင့်သူနာပြုဆရာမ အယ်လစ်ဇဘက်ဝက်ကင်း အသိပင် ဖြစ်သည်။ သို့သော် ဆရာဝန်ကလေးသည် ဆရာဝန်ပညာတွင် တော်သော်လည်း လူသားတစ်ယောက် အနေဖြင့် ရှိအပ်သော သနားကြင်နာမှုတွင်မူ အတော်ကလေး ခေါင်းပါးသည်ဟု ဆရာမကယူဆသည်။ သူ့မှာပညာတော့ ရှိပါ၏။ သို့သော် နှလုံးသား မရှိပြီးတော့သူက သူနာပြုဆရာမတွေနှင့်လည်းသိပ်ပြီး အဆေးမကပ် ရေလိုက် ငါးလိုက် သင့်တင့်အောင်မနေတတ်။ သို့သော် ဆရာဝန်တစ်ယောက် အနေဖြင့် သူနာပြု ဆရာမများနှင့် ပြေလည်အောင် ဆက်ဆံနေထိုင်ရန် လိုအပ်သည် ဟူသော အချက်ကိုတော့ သူကသဘောပေါက်ပါသည်။ ထို့ကြောင့်သူက ဆရာမ ဝက်ကင်းအား အလိုက် သင့်ပင် ပြန်မေးလိုက်သည်။

'အေးလေ ထားပါတော့၊ ဒါနဲ့ ဒီလူနာက ဘယ်သူမို့လည်း'

'ဘယ်သူရမှာလဲ၊ စာရေးဆရာမ ဒက်ဖနီဖီးလ်ဒ် ဆိုတာပေါ့'

'ဪ ဟုတ်လား'

'ဆရာ စာတွေဘာတွေ ဖတ်ရဲ့လား'

'ဘယ့်နှယ် ဖတ်တာပေါ့၊ ကျောင်းသုံးစာအုပ်တွေ ဆေးပညာဂျာနယ်တွေ အများကြီးဖတ်ခဲ့တာပေါ့' ဆရာဝန်ကလေးက ပညာမာန်ဖြင့် အားကျမခံ ရုတ်တရက် ပြန်ပြောလိုက်ပြီးမှ တစ်စုံတစ်ရာကို ဖျတ်ကနဲ သတိရလိုက်မိသည်။ တကယ်တော့ သူ့အမေလည်း စာရေးဆရာမ ဒက်ဖနီဖီးလ်ဒ်၏ စာဖတ်ပရိသတ် တစ်ဦးပင်ဖြစ်သည်။ သူမက ဘာမှမပြောဘဲ အတန်ကြာ ငြိမ်နေပြီးတော့မှ မေးလိုက်သည်။ 'ဒီ စာရေးဆရာမ က တော်တော်နာမည်ကြီးသလား'

'ဒီနိုင်ငံက အမျိုးသမီး စာရေးဆရာမတွေ အထဲမှာနာမည်အကြီးဆုံး စာရေး ဆရာမပဲ'

'အင်း သူ့ခင်ဗျာ ဒီလိုနေ့ကြီးရက်ကြီးမှာမှ ဒီအဖြစ်မျိုးနဲ့လာကြုံရတာ သိပ်ကံဆိုးရှာတာနော်' အောက်စီဂျင်ပိုက်နှင့် အဝတ်ဖြူအောက်မှ လူနာအမျိုးသမီးကို လှည့်ကြည့်ပြီး ဆရာဝန်ကလေးက ကြင်နာသံဖြင့် ပြောလိုက်သည်။ 'မျော် ခရစ္စမတ်မဖြစ်တော့ဘဲ ကြေကွဲစရာ ခရစ္စမတ်ဖြစ်နေပါရောလား ဆရာမရယ်'

သူတို့ နှစ်ယောက် လူနာဘေးတွင် ရပ်ကာအတန်ကြာမျှ စောင့်ကြည့်နေကြ သည်။ ထို့နောက် သူနာပြုဆရာမ၏အခန်းသို့ ဖြည်းဖြည်းလျှောက်လာခဲ့ကြသည်။ ထိုအခန်းတွင် အရေးကြီးလူနာခန်းမှ လူနာများ၏အခြေအနေကို မိနစ်တိုင်း ပြနေ



သင်္ကေတများရှိသည်။ ဤနေရာတွင် နေ့နှင့်ည ခြားနားခြင်းမရှိ။ မီးရောင် ထင်းတာ နေ့နှင့်ည အတူတူဖြစ်နေသည်။ အရာခပ်သိမ်းတို့သည် ပုံမှန်လှုပ် နှစ်ဆယ့်လေးနာရီ လုံးလုံး လည်ပတ်နေကြသည်။ တစ်ခါတစ်ခါတွင် မီးရောင် ခံနိုင်သော လူနာများ၏သွေးရှူးသွေးတန်း ညည်းတွားသံများကို ကြားရ သို့သော် လူနာအများစုကတော့ ဝေဒနာဒဏ်ကြောင့် မလှုပ်နိုင်မညည်းနိုင်ဘဲ တ် ရှိကြသည်။

'သူ့ ပစ္စည်းတွေ ဘေးသေချာချာ ကြည့်ကြသေးသလား မသိဘူး၊ တစ် ယောက် နာမည်တွေ့ရင် ဖုန်းဆက်ပြီး အကြောင်းကြားနိုင်တာပေါ့'

ဒက်ဖနီဖီးလ်ဒ်လို နာမည်ကျော် အမျိုးသမီးတစ်ယောက်အနေဖြင့် ဆေးရုံပေါ် တဲ့သို့ လာကြည့်သူ တစ်ယောက်မျှ မရှိဘဲ ဖြစ်မနေသင့်။ သူ့ခင်ပွန်းဖြစ်စေ၊ များဖြစ်စေ၊ သူ့စာပေ ကိုယ်စားလှယ်ဖြစ်စေ၊ ထုတ်ဝေသူဖြစ်စေ၊ တ်ဆွေများဖြစ်စေ၊ သူ့ဘေးတွင် တစ်ယောက်ယောက်တော့ ရှိနေသင့်သည်ဟု ဆရာမဝက်ကင်းက ယူဆသည်။ သို့သော် ဒက်ဖနီဖီးလ်ဒ်က ကိုယ်ရေးကိုယ် တာသက်၍ တော်တော်လျှို့ဝှက်သူ ဖြစ်သည်။ သူ့အကြောင်းကို သိသူအလွန် ။ သူနာပြုဆရာမ ဝက်ကင်းသည် သည်အကြောင်းတွေကို စာနယ်ဇင်း တ်ခဲ့ရဖူးသည်။

'သူ့ပစ္စည်းတွေကို ရှာကြည့်တော့လည်း ကားမောင်းလိုင်စင်ရယ်၊ ပိုက်ဆံ ပါးပါးရယ် အကြွေးဝယ်ခွင့် လက်မှတ်သုံးလေးစောင်ရယ် နှုတ်ခမ်းဆိုးဆေး ဘောင့်ရယ်ပဲ တွေ့ရတယ်'

'ကျွန်မ တစ်ခါ ထပ်ရှာကြည့်ဦးမယ်'

ဆရာမ ဝက်ကင်းက ဆေးရုံမီးခံသေတ္တာထဲ သိမ်းထားသည့် အညိုရောင် ကြီးကို ယူထုတ်လာပြီး အထဲမှပစ္စည်းများကို တစ်ခုစီ စေ့စေ့စပ်စပ် ထုတ်ကြည့် သူလုပ်နေပုံသည် တစ်နည်းအားဖြင့် အရေးကြီးသလို တစ်နည်းအားဖြင့်လည်း ကျနေမည်လားဟု သူက တွေးမိသည်။ သူသည် ဒက်ဖနီဖီးလ်ဒ်၏ ဝတ္ထုများ အုပ်မကျန် ဖတ်ခဲ့ဖူးသည်။ ဒက်ဖနီ၏ ဦးနှောက်ထဲမှ မွေးဖွားလာသော ဝတ္ထု ဆောင်ယောက်ျား မိန်းမအားလုံးကို သူချစ်နေခဲ့သည်။ ဒက်ဖနီ၏ ဝတ္ထုတွေဖတ်ပြီး ကိုလည်း သူနှင့်ကျွမ်းဝင်ရင်းနှီးသော မိတ်ဆွေတစ်ယောက်လို ချစ်ခင်နေခဲ့သည်။ သူသည် စာရေးဆရာမ ဒက်ဖနီ၏ လက်ဖွေ့အိတ်ကို သူနေ့စဉ်လွယ်နေကျ ခရိုက်လိုပင် မွှေနှောက် ရှာဖွေနေမိပြီ။ စာဖတ်ပရိသတ်များ သည် စာရေးဆရာမ ထက်ရေးဖြင့် အမှတ်တရ စာကြောင်းကလေးတစ်ကြောင်း နှစ်ကြောင်း ရရန် မှ အပြုံးလက်ဆောင် ရရန်နှင့် မိမိတို့ဝယ်ယူသော ဝတ္ထုစာအုပ်တွင်

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမ၏ ထိုးမြလက်မှတ် တစ်ကြောင်းရရန်အတွက် စာအုပ်ဆိုင်များတွင် နှစ်နာရီ သုံးနာရီအထိ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းခဲ့ကြရသည်။ ဤသည်ကို ဆရာမ အယ်လီဇဘက်ဝတ်ကင်း ကောင်းကောင်းသိသည်။ ယခုတော့ သူက သူခိုးတစ်ယောက် ပမာ စာရေးဆရာမကိုယ်တိုင်လုံးဝမသိဘဲ သူ့ပိုက်ဆံအိတ်ကို သဘောရှိ မွှေနှောက် ရှာဖွေနေပါရောလား။

'ဆရာမက သူ့ကို တော်တော်လေးစားတယ် ဟုတ်လား'

လက်ထောက်ဆရာဝန်ကလေးက ဝေခွဲမရသည့် အမူအရာဖြင့်မေးသည်။

'မလေးစားဘဲ နေနိုင်ပါ့မလား ဒေါက်တာရယ်၊ သူက သိပ်ပြီး စိတ်ထား ပြည့်ဝတဲ့ စာရေးဆရာမ တစ်ယောက်ပဲ၊ သူ့စာအုပ်တွေ ဖတ်ပြီး လူပေါင်းများစွာ ပျော်ရွှင် ကြရတယ်၊ စိတ်ချမ်းသာကြရတယ်၊ ကျွန်မအနေနဲ့ပြောရရင် သူ့ဝတ္ထုတွင် ဘဝတဖြစ်လဲ ပြောင်းလဲခဲ့ရတယ်၊ သူ့ဝတ္ထုတွေဖတ်ပြီး မျှော်လင့်ချက်တွေ ပေါက်ဖွားလာခဲ့တယ်၊ ကုန်ကုန်ပြောရရင် သူဟာ ကျွန်မဘဝကို ရှင်သန်စေတဲ့ စာရေးဆရာမပဲ။ ကျွန်မဘဝကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင် တစ်ယောက်ဆိုရင်လည်း မမှားပါဘူး ဒေါက်တာ။

ဆရာမဝတ်ကင်းက ရင်ထဲမှတကယ့်ခံစားချက်ဖြင့် တော်တော် ရှည်ရှည် ဝေးဝေးကလေး ဖွင့်အန်လိုက်မိသည်။ ဖွင့်အန်မည်ဆိုလည်း ဖွင့်အန်စရာပင်။

သူ့ခင်ပွန်းသည် လေယာဉ်ပျက်ကျ၍ ကွယ်လွန်သွားတော့ သူမှာ ဆောက် တည်ရာမရ ခံစားခဲ့ရသည်။ ပရိဒေဝ သောကမီးလောင်ကျွမ်းပြီး သူ့ကိုယ်သူ သတ်သေ ရန်ဝင် စိတ်ကူးခဲ့သည်။ သူသည် ဆေးရုံမှ ခွင့်ရက်ရှည် တစ်နှစ်တိတိယူကာ အိမ်တွင်း အောင်းပြီး နေ့ရှိသ၍ ငိုကြွေးနေခဲ့သည်။ ခင်ပွန်းသည်အော့ဘ်၏ မဖြစ်စလောက် ဝင်ငွေလစာငွေကလေးဖြင့် မဝတ်ရုံတမယ် စားသောက် နေထိုင်ခဲ့ရသည်။ သည်ကြားထဲ တစ်နေ့ထက်တစ်နေ့ စိတ်ဓာတ်တွေကျလာပြီး အသက်ရှင်နေလို့ကော ဘာထူးဦးမှာလဲ ဟူသော အတွေးဝင်လာချိန်တွင် ဒက်ဖနီဖီးလ်ဒ်၏ ဝတ္ထုတွေဖတ်မိရာမှ သူ့ဘဝသည် အသစ်တစ်ဖန် ပြန်လည်၍ ရှင်သန်လာခဲ့သည်။ စာရေးဆရာမ ဒက်ဖနီဖီးလ်ဒ်၏ ဝတ္ထု များတွင် လူတွေ တွေ့ကြုံနေရသည့် ဒုက္ခအထွေထွေကိုလည်း ပြက်ပြက်ထင်ထင် ဖော်ပြ သည်။ ယင်းဒုက္ခများမှ လွတ်ရာလွတ်ကြောင်း အကြံကောင်းဉာဏ်ကောင်းများ ကိုလည်း ပြတ်ပြတ်သားသား ဖော်ညွှန်းသည်။

ထို့ကြောင့် ဆရာမ ဝတ်ကင်းသည် ဆေးရုံသို့ ပြန်လာပြီး အလုပ်ပြန်ဝင်ခဲ့ သည်။ တကယ်တော့ သူသည် စာရေးဆရာမ ဒက်ဖနီဖီးလ်ဒ်၏ ကျေးဇူးကြောင့် ကိုယ့် ကိုယ်ကို သတ်သေမည့်ဘေးမှ လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။ ကျေးဇူးတရား ကြီးမား လှပေစွ။

'သူဟာ သိပ်ပြီးပညာဉာဏ်ကြီးမားတဲ့ စာရေးဆရာမတစ်ယောက် ဖြစ်





ခေတ္တာတရားလည်း ကြီးမားတဲ့ အမျိုးသမီးတစ်ယောက်ပဲ ဒေါက်တာ။ ကျွန်မ မှာ သူ့ကျေးဇူးတွေဟာ ဆပ်မကုန်အောင်ကြီးမားပါတယ်၊ ဒါကြောင့်မို့ သူသာ ရှင်မယ်ဆိုရင် ကျွန်မအနေနဲ့ ဘာမဆို စွန့်လွှတ်ဖို့ ဝန်မလေးပါဘူး၊ ကျွန်မ ယ်ပဲ စွန့်လွှတ်ရဲပါတယ်။

'ဟုတ်ပါတယ်ဆရာမ၊ ဆရာမခံစားရသလို ကျွန်တော်လည်း ခံစားရပါတယ်' ရာဝန်ကလေးက သက်မတစ်ချက်ချရင်း ပြောလိုက်သည်။ ပြီးတော့ အခြားလူနာ တ်တန်း တစ်ခုကို ကောက်ယူလိုက်သည်။ ဆရာဝန်ကလေး လှည့်ထွက်သွားရန် ပြင်လိုက်တော့ ဆရာမဝတ်ကင်းက ခပ်တိုးတိုးလှမ်းခေါ်လိုက်သည်။

'ဒေါက်တာ ဂျက်ကော့ဆင်'

'ဆိုပါ ဆရာမ'

'သူ့အခြေအနေ မျှော်လင့်ချက်များ ရှိသေးရဲ့လား ဟင်'

ဆရာဝန်ကလေးက ခေတ္တမျှ တုန့်ဆိုင်းနေသည်။ ပြီးတော့ ပုခုံးတစ်ချက် ဆိုက်ပြီး 'လောလောဆယ်တော့ ကျွန်တော်လည်း ဘယ်လိုမှ မပြောတတ်သေးဘူး အချိန်ကစောနေသေးတယ် ဆရာမသိတဲ့အတိုင်း ဒဏ်ရာက သိပ်ပြင်းတော့ ဆောက်တို့က အစွမ်းကုန်ကြိုးစားပြီး အသက်လုရမှာပဲ၊ ခေါင်းက ဒဏ်ရာကလည်း တော်ကလေးပြင်းတယ်။

ဆရာဝန်ကလေး ပြန်ထွက်သွားသည်။ အလားတူ လူနာတွေ တစ်ပုံကြီး သေးသည်။ ဒက်ဖနီတစ်ယောက်တည်းကိုသာ ဂရုစိုက်နေ၍မရ။ ဓာတ်လှေကား ရင်း သူတွေးကြည့်သည်။ စာရေးဆရာမ ဒက်ဖနီဖီးလ်က တော်တော်စိတ်ဝင် ာ ကောင်းပါလား။ သူ့ကိုမမြင်ဘူးတဲ့ ဆရာမဝတ်ကင်းလိုလူမျိုးကတောင် ကိုလေးစား ချစ်ခင်နေကြပါလား။ သူ့ဝတ္ထုတွေက ဒီလောက်တောင်ပဲ တန်ဖိုး ရှိကြသလား။

ဘယ်လိုပင်ဖြစ်ဖြစ် သူ့အသက်ကိုတော့ အစွမ်းကုန် ကယ်တင်ကြရမည် ဖြစ်သည်။ ဘယ်လူနာကိုဖြစ်ဖြစ် ဘယ်ဆရာဝန်ကမှ မသေစေချင်ပါ။ သို့သော် နီဖီးလ်လို တန်ဖိုးရှိသော ပုဂ္ဂိုလ်မျိုးကျတော့ ပို၍ပင် မသေစေချင်ပါ။

ဆရာဝန်ကလေး ဂျက်ကော့ဆင်သည် ဓာတ်လှေကားထဲဝင်ကာ သံတံခါးကို တ်လိုက်သည်။

သူနာပြုဆရာမဝတ်ကင်းသည် ဒက်ဖနီ၏လက်ပွေ့အိတ်ထဲမှ ပစ္စည်းများကို ချင်းထုတ်ကာ စစ်ဆေးရှာဖွေနေမိပြန်သည်။ အရေးပေါ်သတင်းပို့ရ မည့်သူ တစ်ဦးတစ်ယောက်၏ နာမည်ကို မတွေ့ရ။ သို့ဖြင့် အင်္ကျီအိတ်ထောင်ကို နှိုက်ရှာပြန် အင်္ကျီအိတ်ထဲတွင် ကလေးငယ်တစ်ယောက်၏ ဓာတ်ပုံတစ်ပုံ တွေ့ရသည်။

www.burmeseclassic.com



ခတ်ပုံက အနားတွေ ကျိုးနေသည်။သို့သော် ခတ်ပုံစာရွက်က သစ်နေဆဲ။ ရိုက်ထား သည်မှာ သိတ်ကြာပုံမရသေး။ ခတ်ပုံထဲမှ ကလေးငယ်မှာ ရွှေရောင်ဆံပင်၊ အပြာရောင် မျက်လုံးများနှင့် ချစ်စရာကလေး။ ကားမောင်းလိုင်စင်၊ အကြွေးဝယ်စာရင်း၊ ခေါ်လာ နှစ်ဆယ်တန်တစ်ရွက်နှင့် နှုတ်ခမ်းဆိုးဆေး တစ်တောင့်တို့အပြင် အဆိုပါကလေး ခတ်ပုံကလေးကိုသာ တွေ့ရသည်။

သူ့အိမ်လိပ်စာမှာ ပတ်ရိပ်သာလမ်းနှင့် လက်ဇင်တန်ရိပ်သာလမ်းကြားရှိ ဖြူ လမ်းပေါ်တွင်ဖြစ်သည်။ သူနေသောတိုက်ခန်းသည် တော်တော်လှလိမ့်မည်ဟု သူနာပြု ဆရာမက တွေးထင်မိသည်။ သို့သော်သူ့ကိုအိမ်တွင် မည်သူတွေက စောင့်မျှော်နေကြပါ လိမ့်မည်နည်း။ နာမည်ကျော် စာရေးဆရာမတစ်ဦးအကြောင်း ဘာမှမသိရသည်မှာ တော်တော်လည်း အံ့သြစရာကောင်းသည်။ ဖုန်းဆက်ကြည့်ရန် ဖုန်းနံပါတ်လည်း ရှာမတွေ့။

ဆရာမဝက်ကင်းက သည်အကြောင်းတွေတွေးပြီး မချင့်မရဲဖြစ်နေတုန်း ကွန်ပျူတာစက်တစ်ခုပေါ်တွင် အရေးပေါ်သင်္ကေတတစ်ခု ရုတ်တရက် ပေါ်လာသည်။ အခန်းနံပါတ် ၅၁၄မှလူနာသည် ရောဂါဖောက်လာကြောင်း ပြဆိုခြင်းဖြစ်သည်။ ထို လူနာသည် ယမန်နေ့မနက်က နှလုံးရောဂါဖြင့် ဆေးရုံတက်လာသူဖြစ်သည်။ ဆရာမ ဝက်ကင်းနှင့် အခြားဆရာမတစ်ယောက်တို့ လူနာဆီသို့ အပြေးကလေးလာခဲ့ကြသည်။

လူနာအခြေအနေက အားရစရာလုံးဝမရှိ။ ဆရာမနှစ်ယောက်သည် ထိုလူနာ အား တစ်နာရီခန့် ပြုစုကြသည်။

ထို့နောက် ဒက်ဖနီရှိရာ ငါးထပ်သို့ ပြန်လာခဲ့ကြသည်။ နံနက်ခုနစ်နာရီထိုး လျှင် ဆရာမဝက်ကင်း တာဝန်ပြောင်းရမည်။ အခြားတာဝန်ကျ ဆရာမများက ဒက်ဖနီအား ဆယ့်ငါးမိနစ်တိုင်း တစ်ကြိမ်ကျစီ သွားကြည့်နေကြလိမ့်မည်။

'ဘယ်လိုနေသေးလဲ'

'ဘယ်လိုမှ မထူးခြားဘူး'

'အဓိကအင်္ဂါအစိတ်အပိုင်းတွေ ပုံမှန်အနေအထားမှာ ရှိနေရဲ့လား'

'မနေ့ညကထည်းက ဘာမှမပြောင်းလဲဘူး'

ဆရာမဝက်ကင်းက လူနာမှတ်တမ်းကဒ်ကိုစောင်းကြည့်လိုက်သည် ပြီးတော့ ဒက်ဖနီ၏မျက်နှာကို ကြည့်လိုက်ပြန်သည်။ ပတ်တီးစည်းထားသောမျက်နှာမှာ သွေး ရောင်တစ်စက်မှမရှိ။ ပကတိဖြူရော်နေသည်။ သို့သော် တစ်ခုခုတော့ ထူးခြားနေသလို ထင်ရသည်။ မျက်လုံးတွေ ပွင့်လာတော့မလိုထင်ရသည်။ ဆရာမ ဝက်ကင်းက ဒက်ဖ နီ၏ လက်ပေါ်တွင် သူ့လက်ကို ညင်သာစွာ တင်လိုက်သည်။





တဖြည်းဖြည်းနှင့် မျက်တောင်တွေ ခတ်လာကြသည် ဆရာမဝက်ကင်း တွေ ဘဒိန်းဒိန်း ခုန်လာသည်။

ဒက်ဖနီ၏မျက်လုံးများ ပွင့်လာကြသည်။ အဝေးကြီးသို့ လှမ်းကြည့်နေသလို နေသည်။ မျက်တောင်တွေကို အားယူပြီး ဖွင့်နေရသည်။ အိပ်ချင်မူးတူးဖြစ်နေပုံ ည်း သူဘယ်ရောက်နေမှန်း လုံးဝ သိပုံမရသေး။

'ဂျက်ဖ် ...' ဒက်ဖနီက လေသံတိုးတိုးလေးဖြင့် ခေါ်လိုက်သည်။

'မစ္စက်ဖီးလ် နေကောင်းလာပြီနော်'

ဆရာမက သူ့ပါးစပ်ကို ဒက်ဖနီ၏ နားဝသို့ကပ်ကာ လေသံကလေးဖြင့် လိုက်သည်။

သို့သော် ဒက်ဖနီသည် ကြောက်လန့်နေပုံရသည်။ သူကဆရာမ၏မျက်နှာကို ပြီးကြည့်ရင်း မျက်ကလူးဆန်ပြာဖြစ်နေသည်။

'ကျွန်မခင်ပွန်း....'

သူ့ပါးစပ်မှ သည်မျှသာ ထွက်လာသည်။

'သူနေကောင်းပါတယ် မစ္စက်ဖီးလ်ဒ် သူနေကောင်းပါတယ် ဘာမှမပူပါနဲ့

'သူ . . . သူ ကလေးကို ရှာ . . .ရှာဖို့ သွား . . . .သွားတယ် ကျွန်မ '

ဆက်ပြောရန် အားအင်မရှိတော့ ။ ဆရာမက သူ့လက်ကို ဖြည်းဖြည်း ပွတ်သပ်ပေးရင်း ပြောသည်။

'ဘာမှမစိုးရိမ်ပါနှင့် မစ္စက်ဖီးလ်ဒ် အားလုံးနေကောင်းပါတယ် ဘာမှ ခပါနဲ့'

ဆရာမဝက်ကင်းက ပြောသာပြောလိုက်ရပေမယ့် စိတ်ထဲကတော့ ဒက်ဖနီ၏ ဖြစ်သူကိုသနားနေမိသည်။ သူ့ခမျာ မိန်းမပျောက်၍ စိတ်ပူပြီး ဒေါင်းတော လိမ့်မည်။

ဒက်ဖနီသည် ခရစ္စမတ်အကြိုညတွင် မေဒီဆင်ရိပ်သာလမ်းပေါ်၌ တ တ်တည်း ဘာကြောင့်ရောက်နေရပါသနည်း။ ဆရာမဝက်ကင်းက ယင်းသို့တွေ ဒက်ဖနီအကြောင်းကိုရော သူနှင့်အတူနေသူများအကြောင်းကိုရော အလွန်သိချ သည်။ စာရေးဆရာမ ဒက်ဖနီနှင့် သူ့မိသားစုတွေဟာ သူရေးတဲ့ ဝတ္ထုတွေထဲ တွေလိုများ ဖြစ်နေကြသလား။

ဒက်ဖနီသည် ပြန်လည်မေ့မျောသွားသည်။ ဆရာမဝက်ကင်းက တာဝ င်း လက်မှတ်ထိုးရန် စားပွဲသို့ ထွက်လာခဲ့သည်။ သို့သော် သူသည် ဒက် တွင် အလွန်စိတ်ဝင်စားနေသောကြောင့် သူနှင့်တာဝန်ပြောင်းမည့်ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



မတ်ဂိုဝန်အား မေးဖြစ်အောင်မေးလိုက်သည်။

'အခု လူနာ ဘယ်သူဆိုတာ သိရဲ့လား '

'ဟင့်အင်း၊ မသိဘူး'

'တခြားလူ မဟုတ်ဘူး၊ စာရေးဆရာမ ဒက်ဖီးလ်ဒ်'

တကယ်လားဟင်၊ ဘာရောဂါများပါလိမ့်'

ဆရာမမာဂရက်က အံ့ဩသံဖြင့် ပြန်မေးသည်။ သူလည်းဒက်ဖနီဖီးလ်ဒ်၏ စာဖတ်ပရိသတ်ပင် မဟုတ်လား။

'ရောဂါကြောင့်မဟုတ်ဘူး၊ မနေ့ညက ကားတိုက်ခံရလို့'

'ဘုရားဘုရား၊ သူအခု ဘယ်လိုနေသေးသလဲ ဟင်'

'လူနာမှတ်တမ်းမှာကြည့်' လူနာမှတ်တမ်းတွင် အနီရောင် တိတ်ပြားကြီး တစ်ခု ကပ်ထားသည်။ စိုးရိမ်ရသည့် အခြေအနေတွင် ရှိကြောင်းပြသည့် အမှတ်အသား ဖြစ်သည်။ လေးနာရီခွဲလောက်မှာမှ သူ့ကို ခွဲစိတ်ခန်းထဲက ထုတ်လာတာ၊ သူ တချိန်လုံး သတိလုံးဝမရဘူး၊ ခုနကမှ တချက်သတိပြန်လည်လာပြီး အခု ပြန်မြောသွားပြန်ပြီ'

'ဖြစ်မှဖြစ်ရလေ၊ ကံဆိုးလိုက်တာနော်၊ ကျွန်မက သူ့စာအုပ်တွေ ဖတ်ပြီး သိပ်လေးစားနေတာ'

'ကျွန်မလဲ ဒီအတိုင်းပါပဲ'

'ဒါနဲ့ သူ့မှာ ယောကျ်ားများ ရှိသလား'

'ရှိမယ် ထင်တာပဲ၊ သူ သတိရလာတော့ သူ့ယောကျ်ားနာမည်ကို ခေါ်ပြီး မေးတယ်'

'သူ့ယောကျ်ား ရောက်နေပြီလား'

'မရောက်သေးဘူး၊ သူ့ယောကျ်ားဆီ ဘယ်သူမှ အကြောင်းမကြားရသေးဘူး၊ ဘယ်လိုလုပ် အကြောင်းကြားရမှန်းလည်း ဘယ်သူမှမသိဘူး၊ ကျွန်မ အောက်ထပ် ရောက်တော့ သူ့ယောကျ်ားလိပ်စာရှာပြီး ဖုန်းဆက်အကြောင်းကြားဖို့ သူတို့ကိုပြောပြ လိုက်မယ်၊ သူ့ခမျာဘယ်လောက်များ စိတ်ပူနေရှာမယ်မသိဘူး'

'ဟုတ်ပါရဲ့၊ ခရစ္စမတ်မနက်ခင်းမှာမှ အမင်္ဂလာ သတင်းကြီးကြားရရင် ယောကျ်ားခမျာ ဘယ်လောက်စိတ်မချမ်းသာဖြစ်လိုက်မလဲ'

ဆရာမနှစ်ယောက်စလုံး ခေါင်းတညိမ့်ညိမ့် လုပ်နေကြသည်။ ထို့နောက်တော့ ဆရာမဝက်ကင်းက တာဝန်ပြောင်းလက်မှတ်ထိုးပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

သို့သော်သူသည် ဆေးရုံအဆောက်အဦထဲမှ ထွက်မလာခင် ဗဟိုလ်မှတ်ပုံ တင်ဌာနသို့ဝင်ပြီး ဒက်ဖနီဖီးလ်ဒ်မှာ ဂျက်ဖ်ဟုခေါ်သော ယောကျ်ားတစ်ယောက်





ရှိကြောင်း သတင်းပို့သည်။

'ဒီနာမည်ကလေးသိရရုံလောက်နဲ့တော့ ဘာမှအလုပ်မဖြစ်ပါဘူး'

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ'

'တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲမှာ သူတို့ဖုန်းနံပါတ်မပါဘူး၊ ဒက်ဖနီဖီးလ်ဒ် ဆိုတဲ့ နာမည်နဲ့လည်း ဘာနံပါတ်မှမရှိဘူး၊ မနေ့ညက ကျွန်မတို့ရှာကြည့်ပြီးပြီ'

'ဒါဆို ဂျက်ဖီးလ်ဆိုတဲ့နာမည်ကို ရှာကြည့်ပါဦး'

ဆရာမဝက်ကင်းက နေရာမှ ထွက်မသွားသေးဘဲ ရပ်စောင့်နေသည်။ စားပွဲမှ စာရေးမလေးက စုံစမ်းရေးသို့ နံပါတ်လှည့်ပြီးမေးသည်။ သို့သော်ဂျက်ဖီလ်းနာမည်ဖြင့် ဖုန်းနံပါတ် လုံးဝမရှိကြောင်း တစ်ဖက်မှပြန်ကြားသည်။ 'ဖီးလ်ဒ်ဆိုတာ ကလောင် နာမည် ဖြစ်မယ်ထင်တယ်'

'ဒါနဲ့လည်းဘာမှအလုပ်မဖြစ်ပါဘူး'

'ဒီတော့ ဘယ်လိုလုပ်ကြမလဲ'

'စောင့်ကြည့်နေရုံပဲ ရှိတော့တာပေါ့၊ ဒီလောက်ဆိုရင် သူ့အိမ်ကလူတွေ သူ့ကိုရှာတော့ရှာနေကြရော့မယ်၊ သူတို့က ရဲစခန်းဖြစ်ဖြစ် ဆေးရုံတွေဖြစ်ဖြစ် စုံစမ်းမှာ ကြိမ်းသေပေါ့၊ အဲဒါဆိုရင် အနေနဲ့အမြန် သတင်းရမှာသေချာတယ်၊ တကယ်လို့ သူတို့ ဘက်ကသူမှ ရောက်မလာရင်လဲ တနင်္လာနေ့ကျတော့ ကျွန်မတို့က သူ့ထုတ်ဝေသူကို အကြောင်းကြားလိုက်ရင် ဖြစ်ပါတယ်' စာရေးမကလေးကလည်း ဒက်ဖနီဖီးလ်ဒ်၏ နာမည်ကို ကောင်းကောင်းမှတ်မိနေသည်။ ထို့ကြောင့်သူက စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။ 'ဒါနဲ့ဆရာမ သူဘယ်လိုနေသေးသလဲ ဟင်'

'အခြေအနေသိပ်မကောင်းဘူး'

'အသက်အန္တရာယ်တော့ မထိခိုက် နိုင်ပါဘူးနော်'

'အင်း . . . အဲဒီလိုပဲ မျှော်လင့်ရတာပဲ၊ ဘုရားသိကြားမလို့ တို့အချစ်တော် စာရေးဆရာမ ဒီတောင်က ကျော်နိုင်ပါစေလို့ ဆုတောင်းရတော့မှာဘဲကွယ်'

'ဟုတ်ပါတယ်ဆရာမ ကျွန်မလည်း အဲဒီလိုပဲ ဆုတောင်းပါတယ်၊ သူက ကျွန်မအသည်းစွဲ စာရေးဆရာမပါ၊ တကယ်လို့ မဆိုကောင်းဆိုကောင်း သူတစ်ခုခု ဖြစ်သွားခဲ့ရင် ကျွန်မတော့ အခြားဘယ်သူရေးတဲ့ ဝတ္ထုမှ ဖတ်ဖြစ်တော့မှာ မဟုတ်ပါဘူး'

စာရေးမကလေး၏ စကားက စိတ်ချမ်းသာစရာ ကောင်းသော်လည်း ဆရာမ ဝက်ကင်းမှာ စိတ်မချမ်းသာစွာဖြင့်ပင် ဗဟိုလ်မှတ်ပုံတင်ဌာနမှ ပြန်ထွက်လာခဲ့သည်။

သူသည် ဆီးနှင်းထဲတွင် လျှောက်လာရင်း ဒက်ဖနီအကြောင်းကိုသာ တွေး နေမိသည်၊ တကယ်တော့ သူသည် အလုပ်တာဝန်ပြီး၍ အိမ်သို့ပြန်လာချိန် ဆေးရုံမှ လူနာတွေ အကြောင်းလုံးဝမေ့ပစ်လိုက်တတ်သည်။ သို့သော် ယခုလူနာမှာ တခြားလူ

www.burmeseclassic.com



မဟုတ် ဒက်ဖနီဖီးလ်ဖြစ်သည်။ ဤနာမည်ကျော် စာရေးဆရာမကို လွန်ခဲ့သော
ခန့်ကပင် သူ့စာအုပ်များမှတစ်ဆင့် သိခဲ့ရသည်။ ထို့ကြောင့်ဆရာမ ဝတ်ကင်းက ဒတ်
အား ရင်းနှီးသော အသိအကျွမ်းတစ်ယောက်လို ခင်မင်နေမိပြီ။

၇၇ လမ်းထိပ်မှ လက်ဇင်တန်ရိပ်သာ မြေအောက်လမ်းသို့ ရောက်လာ
အခါဆက်မလျှောက်တော့ဘဲ ရုတ်တရက် ရပ်လိုက်သည်။ ပြီးတော့ မြို့လယ်ဘက်
လှည့်ကြည့်နေမိသည်။ အကြွေးဝယ်ကပ်ပြားများပေါ်မှ တွေ့ရသောလိပ်စာမှာ
သူရပ်နေသော နေရာနှင့်ရှစ်လမ်းလောက်သာခြားသည်။ ဂျက်ဖ်ဖီးလ်ဆီကို သူ
အကြောင်းကြားရရင် ကောင်းမလား။ အခုအချိန်ဆိုရင် သူ့ခမျာ မိန်းမကို ရှာမတွေ့
အရူးတစ်ပိုင်း ဖြစ်နေရှာရော့မယ်။ ငါ့အနေနဲ့ သွားပြောစရာတော့မလိုပါဘူး ဒါပေ
လူလုချင်း ကိုယ်ချင်းစာတရားတော့ရှိရမယ်။ သူ့မှာ လင်တစ်ယောက်အနေ
ဒီအကြောင်း သိပိုင်ခွင့်ရှိတယ်။ ငါသွားပြောလိုက်ရင် အချိန်ကုန် သက်သာမ
စိတ်လဲချမ်းသာမယ်။ ငါသွားပြောလို့ ငါ့ကိုဘယ်သူမှ အပြစ်မတင်ပါဘူး။

သူ့ခြေလှမ်းများသည် ရေခဲပြင်ပေါ်တွင် အလိုအလျောက် လျှောက်သွား
ကြသည်။ လက်ယာဘက်ကိုကွေ့ပြီး ပတ်ရိပ်သာလမ်းဘက်သို့ ဆက်လျှောက်လာ
သည်။ ထို့နောက် ၆၉လမ်းထဲ ဝင်လာခဲ့သည်။ မကြာမီ လိပ်စာပါ တိုက်ရှေ့
ရပ်နေမိလျက်သား ဖြစ်နေသည်။ သူမျှော်လင့်သည့်အတိုင်းပင် တိုက်ကကြီးလှ
ကြီးသည်။ လှလည်းလှသည်။ ယူနီဖောင်းဝတ်စုံ ဝတ်ထားသော လူတစ်ယော
တံခါးဝတွင် ရပ်နေသည်။ ထိုသူက ဆရာမဝတ်ကင်းအား စူးစမ်းအကြည့်ဖြင့် ကြ
တာ ခပ်ပြတ်ပြတ်မေးသည်။

'ဘာကိစ္စလဲ'

'ဒါ မစ္စက်ဖီးလ်ဒ်ရဲ့ အခန်းပါလားရှင်'

'မစ္စဖီးလ်ဒ် မရှိဘူးဗျ'

သူ့အသံက အင်္ဂလိပ်အသံ ပေါက်သည်။

'ဟုတ်ပါတယ် အဲဒါတော့ ကျွန်မ သိပါတယ်၊ ကျွန်မက သူ့ယောကျ်ား
စကားပြောချင်လို့ပါ'

တံခါးစောင့်က မျက်လုံးတစ်ချက်ချီလိုက်ပြီး

'မစ္စဖီးလ်ဒ်မှာ ယောကျ်ား မရှိပါဘူး'

တံခါးစောင့်ပြောပုံက ပိုင်ပိုင်နိုင်နိုင်ရှိလှသည်။ သူတကယ်ပြောနေ
လား။ သူက လူသစ်တစ်ယောက်ဖြစ်ပါလိမ့်မည်။ ဒါကြောင့် ဂျက်ဖ်ကိုမသိတာနေ
ပေါ့။ ဒါမှမဟုတ် ဂျက်ဖ်ဟာ ဒက်ဖနီရဲ့ ရည်းစားလဲ ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒါပေ
ဒတ်ဖနီက သူသတိရလာတော့ 'ကျွန်မခင်ပွန်း'လို့လဲ ကယောင်ကတန်းနဲ့မေးတာ





ပါ့ပါမိမ့်။

ဆရာမဝတ်ကင်းသည် မဝေခွဲနိုင်အောင်ဖြစ်နေသည်။ အတန်ကြာတော့မှ
တ်သည်။

'ဒါဆိုရင် ဒီအိမ်မှာ တခြားတစ်ယောက်ယောက်များ ရှိသလားရှင်၊'တံခါး
ဆရာမအား ကြောင်ကြည့်နေသည်။

မှင်းပြမှ ဖြစ်တော့မည်ဟု ဆရာမက ဆုံးဖြတ်လိုက်သည်။ 'ကျွန်မလာ တာ
ကြောင့် မဟုတ်ပါဘူးရှင်၊ မစ္စဖီးလ်ဒ်ဟာ မနေ့ညက ကားတိုက်ခံရလို့ပါ'
င်းက 'အဖြူရောင် ဆေးရုံဝတ်စုံပေါ်အောင် ကုတ်အင်္ကျီရင်ဘတ်ကို ဖွင့်ပြ
ည်။ ပြီးတော့ ပလတ်စတစ်ဆွဲခြင်းထဲမှ သူနာပြုဆရာမဆောင်း ဦးထုပ်ပြား
ကိုပါထုတ်ပြသည်။ 'ကျွန်မက လီနော့က်ကုန်းမြင့်ဆေးရုံက သူနာပြုဆရာမပါ။
ဆေးရုံရောက်လာတော့ သူ့ဆီတစ်ယောက်မှ လာမကြည့်ကြပါဘူး၊ ကျွန်မတို့
သူ့ကိုအကြောင်းကြားရမှန်းလဲ မသိဘူး၊ အဲဒါနဲ့ ကျွန်မ ဒီကို . . .'

'သူဘယ်လိုနေသေးသလဲ အခြေအနေကောင်းပါရဲ့လား ဆရာမ'

တံခါးစောင့်က စိုးရိမ်ဟန်ဖြင့်မေးသည်။

'အဲတာတော့ အတိအကျ မပြောနိုင်သေးပါဘူး၊ ဒဏ်ရာက တော်တော်ပြင်း
စိုးရိမ်ရတဲ့ အခြေအနေမှာပဲ ရှိနေပါသေးတယ်၊ ဒါနဲ့ ဒီမှာ သူနဲ့အတူနေတဲ့လူ
တစ်ယောက်များ မရှိဘူးလားရှင်'

တံခါးစောင့်က ခေါင်းခါပြသည်။

'လောလောဆယ်တော့ တစ်ယောက်မှမရှိဘူး၊ နေ့တိုင်းလာတဲ့ အိမ်ဖော်တစ်
ရှိပေမယ့် အခုလို စနေ တနင်္ဂနွေတွေမှာ မလာဘူး သူ့အတွင်းရေးမှူးလုပ်တဲ့
ကလေးတစ်ဆိုတာကလည်း နှောက်အပတ်မှ ပြန်လာမှာ'

ဒက်ဖနီထံမှ ခရစ္စမတ်လက်ဆောင်ကို ဘာဘာရာက တံခါးစောင့်အား လာ
ပြုံးပြုံးကလေး မှာသွားခဲ့ခြင်းဖြစ်သည်။

'သူ့ကို ကျွန်မဘယ်လိုလုပ် ဆက်သွယ်ရပါ့မလဲ ဟင်'

တံခါးစောင့်က ခေါင်းခါပြပြန်သည်။ ဆရာမက ကလေးဓာတ်ပုံကို ရုတ်
သတိရမိပြီး 'ဒါနဲ့ သူ့သားကလေးရောရှင် သူဘယ်မှာများရှိပါသလဲ'

တံခါးစောင့်က ဆရာမအား ကြောင်ကြောင်ကြီး ကြည့်နေသည်။ သူ
ကြည့်ကဒီဆရာမ စိတ်မှမှန်ပါရဲ့လား ဟု တွေးနေပုံမျိုး။

'သူ့မှာ ဘယ်ကလေးမှ မရှိပါဘူး ဆရာမ'

သူညာပြောနေတာလားဟု ဆရာကမကတွေးလိုက်သည်။ တံခါးစောင့်က
ပြောသည်။ 'မစ္စဖီးလ်ဒ်က မုဆိုးမပါ သားသမီးတစ်ယောက်မှမရှိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ဆရာမရင်ထဲ ပြင်းစွာသော နာကျင်မှုတစ်ရပ်ကို နင့်ကနဲ ခံစားလိုက်ရသည်။ သူ့ဘာစကားမှ မပြောနိုင်ဘဲ ခေတ္တရပ်နေသေးသည်။ ပြီးတော့ စိတ်ပျက်လက်ပျက်ဖြင့် ပြန်လှည့်ထွက်လာခဲ့သည်။

ချမ်းအေးလှသော ခရစ္စမတ်ပွဲတော် နံနက်ခင်းတွင် ဆရာမဝတ်ကင်းသည် လမ်းမပေါ်တွင် တစ်ယောက်တည်း လျှောက်နေသည်။ သူ့မျက်ဝန်းအစုံတွင်လည်း မျက်ရည်များရစ်ဝဲလျက် ချမ်းအေးလွန်း၍ မျက်ရည်လည်ခြင်းကားမဟုတ် မှုဝေခံစားခြင်း ဝေဒနာ၊ ဆုံးရှုံးခြင်း ဝေဒနာကို နှလုံးသားထဲတွင် မျက်ကနဲ ခံစားလိုက်ရသောကြောင့် မျက်ရည်ဝိုင်းလာမိခြင်းပါ။

စာရေးဆရာမ ဒက်ဖနီဗီးလ်သည် အိမ်ထောင်သည်တစ်ယောက် မဟုတ်ဘဲ အိမ်ထောင်ပျက် မုဆိုးမတစ်ယောက် ဖြစ်ကြောင်းသိလိုက်ရသောအခါ ဆရာမဝတ်ကင်း၏အတိတ်ဖြစ်ရပ်သည် အသစ်ဖြစ်ပေါ်လာခဲ့သည်။ သူ့ခင်ပွန်း လေယာဉ်ပျက်ကျ၍ ဆုံးရသည်ကို ပြက်ပြက်ထင်ထင် မြင်ယောင်လာပြီး ရင်ထဲတွင်ဆို့နင့်လာသည်။ လင်သေ၍ တစ်နှစ်လုံးလုံး ပူဆွေးခဲ့ရသော ဒုက္ခကို အသစ်တစ်ဖန် ပြန်လည်ခံစားရသလို ထင်မှတ်မိသည်။

အခုတော့ သူ့အဖြစ်မှန်ကို သိခဲ့ရပါပြီ။ စာရေးဆရာမ ဒက်ဖနီဗီးလ်၏ ဝတ္ထုတွေထဲကလူတွေဟာ သူ့စိတ်ကူးဖြင့်ဖန်ဆင်းထားသော သက်မဲ့လူသားတွေမဟုတ်။ သူ့ဘဝထဲမှ သူ့အသည်းနှလုံးထဲမှ ပေါက်ဖွားလာသော တကယ့် လူသားတွေပါကလား။

ဟုတ်မပါပြီ သူကောင်းကောင်းကြီး သိရပါပြီ။

တကယ်တော့ စာရေးဆရာမ ဒက်ဖနီဗီးလ်ဟာ သူ့ဝတ္ထုတွေကတစ်ဆင့် သူ့ဘဝကို တင်ပြနေတာပါကလား။

မိန်းမသားနှစ်ယောက်၏ ဘဝသည် တစ်သားတည်းဖြစ်သွားသည် နှစ်ကိုယ့်တစ်ဘဝ ဖြစ်သွားသည်။ သံယောဇဉ်ရစ်နှောင်မှုလည်း ပို၍ ခိုင်မာသွားသည်။

ဆရာမဝတ်ကင်းသည် ၆၈ လမ်းနှင့် လက်ဇင်တန်ရိပ်သာ လမ်းဆုံမှ မြေအောက်ရထားလမ်းဘက်သို့ တစ်လှမ်းခြင်းလျှောက်လာသည်။

ဪ . . .သူ့ခမျာလည်း ငါလိုပဲ မုဆိုးမတစ်ယောက်ဖြစ်နေပါကလား။ အထီးကျန်တစ်ယောက်ဖြစ်နေပါကလား အခုလိုအထီးကျန်တစ်ယောက်မို့လို့လည်း စာဖတ်သူတွေ တစိမ့်စိမ့်ခံစားရတဲ့ဝတ္ထုတွေကို ရေးနိုင်တာထင်ပါရဲ့ သူ့ဝတ္ထုတွေဟာ ဘဝပါတယ်။ စေတနာပါတယ် မေတ္တာပါတယ် ဒါကြောင့်မို့လို့လဲ သူ့ကို ငါလေးစားခင်မင်မိတာပေါ့။

ဆရာမအက်လီဇဘက်ဝတ်ကင်းသည် အတွေးတန်းလန်းဖြင့်ပင် နယူး





ယောက်ရှိ တော်လမ်းမကျယ်ကြီးများ အောက်ရှိ မြေအောက်လမ်း လှေကားထစ်များမှ ဆင့်ညည်းငြည်းလျှောက်နင်း၍ တစ်လှမ်းချင်း ဆင်းလာခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

ဒက်ဖနီသည် အိပ်ရာပေါ်တွင်လှဲရင်း မြူနှင်းထဲတွင် လွင့်မျောနေသည်။ မြူနှင်းထုကိုဖောက်ကာ အဝေးမှ ရုးရုတောက်ပသော အလင်းရောင်တန်းတစ်ခုကို မြင်ရသည်။ စိတ်ကိုတင်းပြီး အစွမ်းကုန် ရုးစိုက်ကြည့်သည်။ အလင်းရောင်တန်းသည် ခါတစ်ခါ အနီးသို့ရောက်လာသည်။ တစ်ခါတစ်ခါတွင် ပြန်ဝေးသွားသည်။ နောက်တွင်တော့ မြူတွေ ပြန်ဆိုင်းသွားပြန်သည်။ သူသည်သောင်ကမ်းမှ ခွာကာ အဆီသို့ရွက်လွင့် မျောပါသွားပြန်သည်။ ဟိုအဝေးဆီတွင် မီးပြတိုက်မှ မှိတ်တုတ် တုတ် တလက်လက်လင်းနေသော မီးရောင်တစ်ခုကို မြင်ရသည်။ မီးရောင်ကိုမြင် လိုက်တော့ တစ်စုံတစ်ရာကို သတိရလာသည်။ အသံတွေကြားယောင်လာသည်။ တွေ နံ့ယောင်လာသည်။ သူ ဘယ်နေရာရောက်နေသည်ဆိုတာကိုတော့မသိ သော် သည်နေရာသို့ သူရောက်ခဲ့ဖူးသလို ထင်မိသည်။ မီးရောင်က တော်တော် ချမ်းဝေးသည်။ ဝေးပေမယ့် တူတော့ တော်တော်တူသည်။ အုံ့ဩစရာကောင်း တ်အောင် တူနေသည်။ ကြောက်စရာကောင်းလောက်အောင်တူနေသည်။ ကြည့်နေရင်း ကြည့်နေရင်းမှပင် မျက်စိရှေ့တွင် မီးတောက်မီးလျှံကြီး တစ်ခုပေါ်လာ သည်။ ကြောက်လန့်စွာနှင့် တအားအော်ညည်းလိုက်မိသည်။ သို့သော် သူ့အသံက



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးသာထွက်လာသည်။

နံနက်ပိုင်းတာဝန်ကျသော သူနာပြုဆရာမ သူ့အနားသို့ပြေးလာပြီး အိပ်ဆေး တစ်လုံးထပ်ထိုးပေးလိုက်သည်။

ခဏကြာတော့ မှတ်ဉာဏ်တွေ ပြန်ပျောက်သွားသည်။ မီးတောက်မီးလျှံကြီး ကိုလည်းမမြင်ရတော့။ နာကျင်မှုလည်း မရှိတော့။

နုညံ့သိမ်မွေ့သောတိမ်လွှာပေါ်တွင် မျောပါသွားပြန်သည်။ လေယာဉ်ပြတင်း ပေါက်မှ လှမ်းမြင်ရသော တိမ်လွှာများနှင့် တူလှသည်။ တအိအိလွင့်မျောနေသော တိမ်လွှာများနှင့် တူလှသည်။ တအိအိလွင့်မျောနေသော တိမ်လွှာပေါ်တွင် ပျော်ရွှင်မှု တွေးစွာဖြင့် ကခုန်ချင်စိတ်ပင် ဖြစ်ပေါ်လာသည်။ အဝေးမှရယ်သံလိုလို ကြားရသည်။ သူ့အနားသို့ ဂျက်ဖ် ရောက်လာသည်။ သူ့ဘေးတွင် ရပ်ကာ သူ့ကိုစိုက်ကြည့်နေသည်။

'ဟို အဝေးက သဲတောင်ကုန်းဆီကို အပြေးပြိုင်ကြရအောင်နော် အချစ်ရယ်'

အချစ်ရယ် . . . အသက်ရယ် . . . ဘယက်ရယ် . . . ဂျက်ဖ်က သူ့ကိုနာမည် အမျိုးမျိုး ဖြင့်ခေါ်တတ်သည်။ ထိုအခါမျိုးတွင် ဂျက်ဖ်၏မျက်လုံးများက တည်ငြိမ်စွာဖြင့် ပြုံးရယ်နေတတ်သည်။

နှစ်ယောက်သား သဲတောင်ကုန်းဆီသို့ ပြေးကြသည်။ ဂျက်ဖ်၏ခြေထောက် တွေက သန်မာသည်။ လုံးကြွနေသော ကြွက်သားတွေကလည်း အလွန်လှသည် ဂျက်ဖ်နှင့် ယှဉ်လိုက်တော့ သူက ကလေးလို ဖြစ်နေသည်။ လေထဲတွင် လွင့်ပါနေသော နွေဦးပန်းကလေး တစ်ပွင့်လို ဖြစ်နေသည်။ နေပူလောင်ထားသော မျက်နှာပေါ်က အပြာရောင် မျက်လုံးရွဲကြီးများက ရှုမဝနိုင်စရာ။ ရွှေရောင်ဆံပင်တွေက လေထဲတွင် ဝဲပျံလျက်။

'တော်ပါတော့ ဂျက်ဖ်ရယ်၊ ကျွန်မ အရှုံးပေးပါပြီကွယ်'

သူက သဲသောင်ပေါ်တွင် ဂျက်ဖ်နောက်မှ ပြေးလိုက်ရင်း ရယ်ပြီး အရှုံးပေး လိုက်သည်။ သူကမြန်တော့ အမြန်သား။ သို့ပေမယ့် ဂျက်ဖ်ကိုတော့ ဘယ်မီနိုင်ပါ့မလဲ။ သူ့အသက်က နှစ်ဆယ့်နှစ်နှစ် သို့ပေမယ့် ဆယ်နှစ်နှစ်သမီးအရွယ်လောက်သာ ထင်ရသည်။

'လုပ်ပါ၊ ပြေးစမ်းပါ၊ လိုက်စမ်းပါ၊ အချစ်ပြေးနိုင်ပါတယ်'

သို့ပေမယ့် သဲသောင်ကုန်းသို့ မရောက်ခင် ဂျက်ဖ်က ရုတ်တရက် အပြေးရပ် ကာ ဒက်ဖနီ၏ ခြေထောက်ကို သူ့ခြေထောက်ဖြင့် လိုက်ကလန့်ပြီး ဒက်ဖနီ၏ တစ်ကိုယ် လုံးကို သိမ်းကျုံးပွေ့ဖက် လိုက်သည်။ ပြီးတော့ ရမ္မက်ပြင်းစွာဖြင့် နှုတ်ခမ်းချင်း စုပ်နမ်း နေတော့သည်။ ဂျက်ဖ်၏အတွေ့အထိကိုခံရတိုင်း သူ့မှာ အသက်ပင်မရှူနိုင်အောင် တရှိုက်မက်မက် ခံစားရစမြဲ။ ဆယ်ကိုးနှစ်သမီးအရွယ်က ပထမဆုံးအကြိမ် ခံစား





...ဆုံမှုထိတ်သည်းဖို့ အရသာမျိုးကို ခံစားရစမြဲ။

သူတို့ နှစ်ယောက်သည် ရေ့နေများ အသင်းတိုက်တွင် စတင်တွေ့ဆုံခဲ့ကြ ...ချိန်က ဒက်ဖနီသည် ကိုလံဘီယာ တက္ကသိုလ်မှ ထုတ်ဝေသော 'ဒေလီး ...' သတင်းစာတွင် ဆောင်းပါးများ ရေးသားနေသည်။ သူက သတင်းစာ ...ကျောင်းသူ။ သတင်းစာပညာကို အလွန်စိတ်ဝင်စားသည်။ အလွန်မြတ် ...တက္ကသိုလ်မှ ဆင်းပြီးလျှင် သတင်းစာပညာဖြင့် အသက်မွေးမည်ဟု ရည်ရွယ် ...ထို့ကြောင့် အလုပ်သင်သဘောဖြင့် အောင်မြင်သော လူငယ်ရှေ့နေများ ...ကို ပင်တိုင်ဆောင်းပါးတွေ ရေးနေခြင်း ဖြစ်သည်။

...ဂျက်ဖ်က ဒက်ဖနီအား မြင်မြင်ချင်း စိတ်ဝင်စားမိသည်။ ဒက်ဖနီအား တခြား ...ထဲများထဲမှ တစ်နည်းနည်းဖြင့် ဆွဲထုတ်ပြီး နေ့လယ်စာစား ဖိတ်သည်။

...ဖြစ်ဘူး ထင်တယ်၊ ကျွန်မက ဆောင်းပါးရေးဖို့အတွက် ရှင့်ကိုအင်တာဗျူး ...' ဒက်ဖနီသည် ဆံပင်ကို အင်္ဂလိပ် ရှစ်ဂဏန်းပုံစံ ကျစ်ဆံမြီးကျစ်၍ ...ပေါ်သို့ ချထားသည်။ ဆံပင်တွင် ခဲတံတစ်ချောင်း ထိုးထားသည်။ လက်ထဲ ...မှတ်စုစာအုပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်လို့။ အပြာရောင် မျက်လုံးရွဲကြီးတွေ ...အား ရှုန်းရှုန်းစားစားကြည့်နေသည်။ သူ့ပုံက ရယ်ပဲရယ်တော့ မလိုလို။ ...ရှင်လဲအလုပ်လုပ်စရာ ရှိသေးတယ် မဟုတ်လား'

'တို့နှစ်ယောက်စလုံး၊ အလုပ်လုပ်လို့ရပါတယ်၊ နေ့လည်စာစားရင်း မင်းက ...အင်တာဗျူးလုပ်ပေါ့'

နောက်နှစ်လသုံးလလောက်ကျတော့ သူတို့နှစ်ယောက် တစ်တွဲတည်းတွဲကာ ...သည် လျှောက်လည်ကြသည်။ ဝိုင်အရက်ဖြူတစ်ပုလင်းနှင့် သစ်တော်သီး ...သီးတွေဝယ်သည်။ ပြင်သစ်ပေါင်မုန့် တစ်လုံးနှင့် ဒိန်ခဲလည်းဝယ်သည်။ ...ဟိုလ်ပန်းခြံကြီး အတွင်းပိုင်းထဲ ဝင်လာခဲ့ကြသည်။ လှေတစ်စီးငှားပြီး ...လှော်ကြသည်။ လှေလှော်ရင်း ဂျက်ဖ်က သူ့အလုပ်အကြောင်းတွေပြော ...ဒက်ဖနီက သူ့ပညာရေးအကြောင်း၊ ဥရောပအကြောင်း နှင့် ကာလီဖိုးနီးယား ...တင်နက်ဆီးနှင့် မိန်းပြည်နယ်များတွင် ငယ်စဉ်က နေခဲ့ရသော ကလေးဘဝ ...တွေကို ပြောပြသည်။ ဒက်ဖနီ၏မိခင်သည် တင်နက်ဆီး ပြည်နယ်သူ ... ထို့ကြောင့်လည်း ဒက်ဖနီမှာ တောင်ပိုင်းသူပီပီ စကားပြော ကောင်း...ဖြစ်သည်။ သူ့ဖခင်ကတော့ ဘော့စတွန်သား။ ဒက်ဖနီ ဆယ်...နှစ် ...တွင်ကွယ်လွန်သွားခဲ့သည်။ ဖခင်ကွယ်လွန်ပြီးသည့်နောက် တောင်ပိုင်းသို့ ...ကြသည်။ ဒက်ဖနီက တောင်ပိုင်းမှာမနေချင်။ သို့ပေမယ့် အထက်တန်း ...အထိတော့ အောင့်အည်း နေခဲ့ရသည်။ အထက်တန်းအောင်တော့



www.burmeseclassic.com

www.burmeseclassic.com



နယူးယောက်သို့ လာခဲ့ပြီး ကိုလံဘီယာတက္ကသိုလ် တက်ခဲ့သည်။

'နယူးယောက် ပြောင်းလာတော့ မင်းအမေက ဘာပြောသလဲ'

ဂျက်ဖ်က ဒက်ဖနီအကြောင်းဆိုလျှင် ဘာမဆို စိတ်ဝင်စားသည်။ ဒက်ဖနီ[illegible] ဘာပြောပြော သိချင်ရင်း သိချင်ရင်းဖြစ်နေသည်။

'သူကဘယ်သဘောတူပါ့မလဲ ဒါပေမယ့် ပြောမရတော့ နောက်ဆုံး လက်လျှော့လိုက်ရတာပေါ့' သူကပြုံးစစနှင့်ပြောသည်။ မျက်လုံးတွေက တောက်ပနေသည်။ ဂျက်ဖ်က သူ့အသည်းထဲ စူးဝင်သွားသလို ထင်မိသည်။ ဒက်ဖနီ၏ရုပ်သွင်က ညို့ဓာတ် အပြည့်ပါသည်။ အလွန်မြူးကြွ သွက်လက်သည်။ ပြီးတော့ ပွင့်လည်းပွင့်လင်းသည်။

'ကျွန်မက ဖေဖေနဲ့တူလို့ မြောက်ပိုင်းစိတ်ဓာတ်ရှိတယ်၊ သိပ်ပြီး ခေါင်းမာတယ်'

'မင်းအမေက ခေါင်းမာတာကို မကြိုက်ဘူးလား'

'မေမေက ပွင့်လင်းတာကို မကြိုက်ဘူး၊ တောင်ပိုင်းသူတွေက သိပ်ပြီးပါးနပ်ကြတယ် ဉာဏ်များတယ်ဆိုရင် ပိုမှန်လိမ့်မယ်၊ သူတို့က တော်တော့ တော်ကြပါတယ် ဒါပေမယ့် တော်ကြောင်းမပြကြဘူး၊ မေမေဟာ အလယ်ခေတ်သမိုင်းအဓိကနဲ့ မဟာဝိဇ္ဇာဘွဲ့ ယူခဲ့တယ်၊ ဒါပေမယ့် အဲဒီပညာကို ဘယ်တော့မှ အသုံးမချဘူး၊ မေမေ့ဟာ တော်တော်အပျင်းကြီးတဲ့ တောင်ပိုင်းသူ တစ်ယောက်ပဲ၊ ကျွန်မလည်း ရှေ့နေလုပ်ရ မလားလို့ စိတ်ကူးမိတယ်၊ ရှေ့နေအလုပ်က ဘယ်လိုနေသလဲ'

'သိပ်ပြီးအလုပ်များတယ် ဒါပေမယ့် ငါတော့ ရှေ့နေအလုပ်ကို သဘောကျတယ်။ သူဝါသနာအပါဆုံးအလုပ်က စာအုပ်ထုတ်ဝေရေးလုပ်ငန်း။ ဤအချက်ကို ဒက်ဖနီက အလွန်စိတ်ဝင်စားမိသည်။ 'မင်းက ရှေ့နေကျောင်းတက်ဖို့ စိတ်ကူးသလား'

'ဆိုပါတော့' ထို့နောက်သူက ခေါင်း[illegible]လိုက်ပြီး 'မဟုတ်ဘူး မဟုတ်ဘူး ကျွန်မ အဲဒီအကြောင်း စိတ်မကူးတော့ဘူး၊ စာရေးဆရာလုပ်ရင် ပိုကောင်းမလား စိတ်ကူးမိတယ်'

'ဘယ်လိုစာတွေ ရေးမလဲ'

'အဲဒါတော့ အတိအကျ မပြောတတ်သေးဘူး၊ ဝတ္ထုတိုတွေ ဆောင်းပါးတွေ ရေးချင်တယ်၊ တစ်နေ့ကျရင် စာအုပ်တစ်အုပ်လောက် ရေးကြည့်မလို့လဲ စိတ်ကူးမိတယ် ဝတ္ထုစာအုပ်ပြောတာ'

'ဒါဆို ဘာလို့မရေးတာလဲ'

ဒက်ဖနီက ခပ်ကျယ်ကျယ်လေး ရယ်လိုက်သည်။

'ဒီအလုပ်က ဒီလောက်တောင် လွယ်လို့လား'

'ဘာလို့မလွယ်ရမှာလဲ၊ မင်းဆန္ဒရှိရင် ဘာမဆို လုပ်နိုင်ပါတယ်'

'ကျွန်မလဲ အဲဒီလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချင်ပါတယ်၊ ဒါပေမယ့် စာအုပ်





[illegible]တုန်း ဘာနဲ့စားမလဲ'

ဒက်ဖနီသည် ဖခင်စုထားခဲ့သော ပိုက်ဆံဖြင့် တက္ကသိုလ် တက်နေခြင်းဖြစ် [illegible]။ ယခုအချိန်တွင် ပိုက်ဆံက သိပ်မကျန်တော့။ ကျောင်းပြီးအောင်မှ ခံပါ့မလား [illegible] စိတ်ပူနေရသည်။ သူ့ မေမေဆီကလည်း တစ်ပြားမှမထောက်ပံ့နိုင်။ မေမေသည် [illegible]တာမြို့မှ အပ်ချုပ်ဆိုင်တစ်ဆိုင်တွင် လုပ်ကိုင်နေသည်။ သို့သော်လည်း [illegible]လခမှာ သူ့ဝမ်းဝဖို့တောင် အနိုင်နိုင်။

'သူဌေးတစ်ယောက် ယူလိုက်ပါလား'

ဂျက်ဖ်က ပြုံးပြီးပြောသည်။ သို့သော် ဒက်ဖနီကတော့ ဂျက်ဖ်၏စကားကို [illegible]ဟု မထင်။

'ရှင့် လေသံကလဲ မေမေ့ လေသံအတိုင်းပါလား'

'မင်း မေမေကလဲ ဒီအတိုင်းပဲ ပြောသလား'

'ဟုတ်တယ်'

ဒါနဲ့ ဘွဲ့ရပြီးရင် ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ'

'သိက္ခာရှိရှိ အလုပ်တစ်ခုခုပေါ့၊ မဂ္ဂဇင်းတိုက်မှာ ဖြစ်ဖြစ်၊ သတင်းစာတိုက် [illegible]ဖြစ်လုပ်ချင်တယ်'

'နယူးယောက်မှာလား'

'ဟုတ်တယ်'

'နွေရာသီ ကျောင်းပိတ်ရင် အိမ်မပြန်ဘူးလား'

'မပြန်ပါဘူး၊ ကျောင်းမှာပဲ နေမယ်၊ စာဝိဇ္ဇာကြိုးစားနေမယ်၊ ဒါမှ မြန်မြန် [illegible]ကျောင်းထွက်ရမယ်'

တကယ်တော့ သူ့မှာ အိမ်ပြန်ရန် ပိုက်ဆံမရှိသောကြောင့် ဖြစ်သည်။

'မင်း အသက်ဘယ်လောက် ရှိပြီလဲ'

'ဆယ်ကိုးနှစ်၊ လာမယ့် စက်တင်ဘာဆိုရင် နှစ်ဆယ်ပြည့်ပြီ၊ အဲဒါဆိုရင် [illegible] အထက်တန်းရောက်ပြီ'

'မင်း တော်တော်တော်သားပဲ' သူက ပြုံးပြီးပြောသည်။ ဒက်ဖနီမျက်နှာ [illegible]သည်။ ငါ တကယ်ပြောတာပါ၊ ကိုလံဘီယာတက္ကသိုလ်က မလွယ်ဘူး မင်း [illegible] အတော့်ကို ကြိုးစားရမှာပဲ'

သူ့လေသံကို ထောက်ပြီး သူတကယ်ပြောနေကြောင်း ဒက်ဖနီကတွေးမိ [illegible] တော်တော်ဝမ်းသာမိသည်။ သူ့ကိုလည်းသဘောကျသွားသည်။ တကယ် [illegible]လောလောဆယ်တွင် ဒက်ဖနီ အလွန်ပျော်ရွှင်နေမိသည်။ နေရောင်ခြည်နှင့် ဝိုင် [illegible] တန်ခိုးကြောင့်လည်းဖြစ်နိုင်သည်။ သို့သော် သည်မျှသာမကကြောင်းကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သူသဘောပေါက်မိသည်။ စင်စစ် သူက ဂျက်ဖ်ကိုပို၍ သဘောကျနေခြင်း ဖြစ်သည်။ ဂျက်ဖ်၏ အချိုးအစား ကျနသော ပါးစပ်၊ သိမ်မွေ့သော မျက်လုံးများ၊ ကျက်သရေရှိပြီး သန့်မာသော·လက်များ၊ ပြီးတော့ သူ၏ အသိဉာဏ်၊ သူ၏စိတ်ဝင်စားမှုနှင့် အရာရာကို ခံစားတတ်သော နှလုံးသားများ ထိုအရာတွေအားလုံးကို ဒက်ဖနီက အလွန်သဘောကျသည်။

'အများကြီးကျေးဇူးတင်ပါတယ်'

ဒက်ဖနီက ဆည်းလည်းသံလွင်လွင်ဖြင့် ညင်ညင်သာသာကလေး ပြောလိုက်သည်။

'မင်းတခြားအချိန်မှာ ဘာလုပ်သလဲ'

ဒက်ဖနီက သူ့မေးခွန်းကြောင့် တွေသွားသည်။

'ရှင် ဘာမေးတာလဲ'

'ဩော်. .. အားလပ်ချိန်မှာ ဘာလုပ်သလဲမေးတာပါ၊ အခုလို ဗဟိုပန်းခြံထဲမှာ အရက်ကလေး ခပ်ထွေထွေယစ်နေတဲ့ ရှေ့နေတစ်ယောက်ကို အင်တာဗျူးလုပ်တဲ့ အလုပ်အပြင် တခြားဘာများ လုပ်သေးသလဲလို့ မေးတာပါ'

ဒက်ဖနီကသူ့ကိုကြည့်ပြီး ရယ်နေသည်။ တံတားကလေးတစ်ခုအောက်မှ ဖြတ်လျှောက်လာစဉ် ဒက်ဖနီ၏ ချစ်စရာရယ်သံကလေးက ပဲ့တင်သံဖြစ်ပေါ်သွားသည်။

'ရှင်မူးနေပြီးလားဟင်၊ အရက်ကြောင့်ရော·နေပူရှိန်ကြောင့်ပါ ဖြစ်နိုင်ပါတယ်'

'ငါမမူးပါဘူး' သူက ခေါင်းခါလိုက်သည်။ 'မူးနေတာက မင်းပါ' သူက ကိုယ်ကို ရှေ့သို့ကိုင်းပြီး ဒက်ဖနီအား နမ်းလိုက်သည်။

ထို့နောက်တွင်တော့ နှစ်ယောက်သား ထိုနေ့တစ်ညနေလုံး ပျော်ကြကစားကြသည်။ ပြီးတော့ တိရစ္ဆာန်ရုံထဲ လျှောက်လည်ကြသည်။ ရေမြင်းကြီးကိုကြည့်ပြီး ရယ်ကြသည်။ ဆင်ကို မြေပဲကျွေးကြသည်။ နာခေါင်းတွေ လက်နှင့်ပိတ်ပြီး မျောက်ရှေ့မှ ရယ်ရယ်မောမောနှင့် ဖြတ်ပြေးကြသည်။ ဂျက်ဖ်က ဒက်ဖနီအား မြင်းပုကလေးပေါ် တက်ပြီး ကလေးတစ်ယောက်လို စီးစေချင်သည်။ ဒက်ဖနီက ရယ်နေသည်။ ပြီးတော့ မစီးချင်ဘူးဟု ငြင်းသည်။ အငှားကားလှလှကလေးတစ်စီး ငှားပြီး ဗဟိုပန်းခြံကြီးအနှံ့ လျှောက်မောင်းကြသည်။ နောက်ဆုံး ပဥ္စမရိပ်သာလမ်း သစ်ပင်တွေအောက်မှလမ်း လျှောက်ကာ ဒက်ဖနီနေသော ၉၄လမ်းသို့ လာခဲ့ကြသည်။

'အိမ်ပေါ်ခဏ တက်ဦးမှာလား'

ဒက်ဖနီက တိရစ္ဆာန်ရုံတွင် ဂျက်ဖ်ဝယ်ပေးသော ဘောလုံးနီနီကလေးကို လက်ထဲတွင်ကိုင်ကာ ပြုံးပြီးမေးသည်။





'လိုက်တော့လိုက်ချင်ပါတယ်၊ ဒါပေမယ့် မင်းအမေက သဘောတူပါ့မလား'

ယခု သူ့အသက် နှစ်ဆယ့်ခုနှစ်နှစ်ရှိပြီ။ ဟားဗတ်တက္ကသိုလ်မှ ဥပဒေဘွဲ့ [illegible]တည်းက သုံးနှစ်အတွင်း ဘယ်သူ့အမေအကြောင်းမှမတွေးခဲ့။ ကျောင်းမှ [illegible]နောက် မိန်းမကလေးတစ်ယောက်နှင့် တစ်ကြိမ်သာတွဲခဲ့ဖူးသည်။ တစ်ကြိမ် [illegible] ဆက်ဆံခဲ့ဖူးသည်။

ဒက်ဖနီက ခြေဖျားထောက်ရပ်ကာ ရယ်ပြီး ကြည့်နေသည်။ ပြီးတော့ ဂျက်ဖ် [illegible]နှစ်ဖက်ကို ကိုင်ရင်း

'ဟုတ်တယ် မစ္စတာဂျက်ဖရီးဖီးလ်ဒ် မေမေက သဘောတူမှာမဟုတ်ဘူး'

ဂျက်ဖ်က ဒက်ဖနီ၏လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

'ဘာဖြစ်လို့လဲ၊ ငါက မြောက်ပိုင်းသားမို့လား'

'မဟုတ်ပါဘူး၊ ရှင်က အသက်သိပ်ကြီးနေလို့၊ ပြီးတော့ သိပ်ချောနေလို့၊ [illegible] ရှင်က မြို့ထဲက ရှိသမျှမိန်းကလေးတွေအနက် တစ်ဝက်လောက်ကို နမ်းဖူး[illegible]မှာမို့လို့၊ ကျွန်မလဲ တစ်ယောက်အပါအဝင်ပေါ့'

'မင်းပြောတာမှန်တယ်၊ ငါ့မေမေဆိုရင်လဲ လန့်သွားမိမှာပဲ'

'ကဲ လာပါဦး၊ လက်ဖက်ရည်ကလေး တစ်ခွက်လောက်တော့ သောက်သွား[illegible] ရှင်က ကျွန်မ မေမေအကြောင်း မပြောရင် ကျွန်မကလဲ ရှင့်မေမေအကြောင်း [illegible]ဘူး'

ဒက်ဖနီနှင့် တစ်ခန်းတည်းနေ ကျောင်းသူကလေးမှာ နွေရာသီကျောင်းပိတ် [illegible]န်သွားခဲ့ပြီ၊ သူတို့အခန်းကလေးက ကျဉ်းပေမယ့် သပ်သပ်ရပ်ရပ် ရှိသည်။ [illegible]မ်းနေပြီဖြစ်ပေမယ့် အမြင်မဆိုး။

ဒက်ဖနီက ဂျက်ဖ်အားရေခဲစိမ် လက်ဖက်ရည် ဖျော်တိုက်သည်။ ရှောက်သီး [illegible]တွေ ကျွေးသည်။

ဂျက်ဖ်က ဆိုဖာပေါ်တွင် ဒက်ဖနီနှင့်ဘေးချင်းကပ်ထိုင်သည်။ အချိန်က ရှစ်နာ [illegible]ပြီ။ သူမပြန်ချင်သေး။ သူ့မျက်လုံးတွေက ဒက်ဖနီမျက်နှာပေါ်မှ တစ်လက်မ [illegible] သူ့စိတ်ကူးထဲမှ မိန်းကလေးကို တွေ့ရပြီမို့ သူအလွန်ပျော်နေမိသည်။

'တစ်နေရာရာမှာ ညစာသွားစားကြရင် မကောင်းဘူးလား'

'ရှင်က ကျွန်မကို မငြီးငွေ့သေးဘူးလား'

'တိုယ်က အချစ်ကလေးကို ဘယ်တော့မှမငြီးငွေ့ပါဘူး ဒက်ဖ်၊ ဒါနဲ့ [illegible]တို [illegible]နိုင်မှာလား အချစ်ရယ်'

ဒက်ဖနီက ရယ်ပစ်လိုက်သည်။ ပြီးတော့ ဂျက်ဖ်၏မျက်နှာကို အတဲခတ်[illegible] သူ့မျက်လုံးထဲတွင် လေးနက်မှု တစ်စုံတစ်ရာကို သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ၊ ရှင်က ညစာကျွေးပြီးတော့ အပိုဆုတောင်းတာလား၊ ဒါမှမဟုတ် ညစာ အစားတောင်းတာလား'

'ကိုယ် လေးလေးနက်နက် ပြောနေတာပါကွယ်'

'ရှင် အရူးပဲ'

'မရူးပါဘူး' သူက ဒက်ဖနီ၏မျက်နှာကို ဖျတ်ခနဲကြည့်လိုက်သည်။ 'ဟုတ်ပါတယ်၊ ကိုယ်ကလူတော်တစ်ယောက်ပါ၊ အတန်းထဲမှာ အတော်ဆုံး လူတွေအနက် အဆင့်ငါး ရခဲ့တယ်၊ အခုဆိုရင် အလုပ်ကောင်းကောင်းလဲ ရနေပြီ၊ တစ်နေ့မှာ နိုင်ငံကျော် အောင်မြင်တဲ့ ရှေ့နေကြီးတစ်ယောက် ဖြစ်လာမှာ သေချာတယ်၊ မင်းကလဲ ရှောင်းမလောက်တဲ့ ဝတ္ထုစာအုပ်တွေ ရေးထုတ်နိုင်မယ် ပြီးတော့' သူကမျက်လုံးတွေ မှေးပြီး စဉ်းစားသလို လုပ်နေပြီးမှ 'တို့မှာ ကလေးသုံးယောက် မွေးကောင်းမွေးနိုင်မယ်၊ ဒါပေမယ့် နှစ်ယောက်လောက်ပဲ ယူသင့်တယ်၊ မင်းက သိပ်ငယ်သေးတော့ အသက် သုံးဆယ်မပြည့်ခင် သုံးယောက်လောက်တော့ မွေးနိုင်တယ်၊ ဘယ့်နှယ့်လဲ'

ဒက်ဖနီက တဟားဟားနှင့်ပေါက်ပြီး ရယ်နေသည်။

'ဘယ်နှယ့်လဲဆို ရှင်ရူးနေပြီလို့ပဲ ထပ်ပြောချင်တယ်'

'ကောင်းပြီ၊ ဒါဆို ကိုယ်အလျှော့ပေးပါတယ်၊ ကလေးနှစ်ယောက်ပဲ ယူမယ် ပြီးတော့ ခွေးတစ်ကောင် မွေးမယ်၊ ရွှေရောင် အမွေးနဲ့ လာဘရေဒါ ခွေးကလေးမွေးမယ်'

ဒက်ဖနီက ရယ်ပြီး ခေါင်းကိုခါယမ်းနေသည်။ 'ကောင်းပြီးလေ၊ ပြင်သစ်ခွေးကလေး ဖြစ်ဖြစ်၊ ဒါမှမဟုတ် မက္ကဆီကို ခွေးကလေးဖြစ်ဖြစ် မွေးရင်ရပါတယ်'

'တော်ပါတော့ရှင်'

'ဘာလို့ တော်ရမှာလဲ၊ မင်းကကိုယ့်ကို မကြိုက်လို့လား'

'ရှင်က သိပ်တော်တာဘဲ၊ အရူးအမူးကို တော်တယ်၊ ရှင်ကဘာမှ မသိနား မလည်တဲ့ကျွန်မလိုတခြားကျောင်းသူလေးတွေကိုလဲ ဒီလိုပြောခဲ့တယ် မဟုတ်ဘူးလား'

ဂျက်ဖ်က မျက်နှာတည်တည်ဖြင့်

'ကိုယ် ဘယ်သူ့ကိုမှ လက်ထပ်ခွင့် မတောင်းဖူးပါဘူး ဒက်ဖနီ တကယ်ပါ' သူက ဆိုဖာပေါ်တွင်ကျောမှီလိုက်ပြီး 'အဲဒီတော့ ကိုယ်တို့ဘယ်တော့လက်ထပ်ကြမလဲ'

'ကျွန်မ အသက်သုံးဆယ်ပြည့်တော့မှ လက်ထပ်မယ်'

ဒက်ဖနီက လက်နှစ်ဖက်ကို ယှက်ကာ ဂျက်ဖ်အားပြုံးကြည့်နေသည်။ နှစ်ယောက်သား ဆိုဖာအစွန်းတစ်ဖက်စီတွင် ထိုင်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။ ဂျက်ဖ်ကခေါင်းတငြိမ့်ငြိမ့် ခါယမ်းရင်း

'မင်းအသက်သုံးဆယ်ရှိတဲ့အခါ ငါက သုံးဆယ့်ရှစ်နှစ်ရှိပြီ အဲဒါဆိုရင် ငါ့ အနေနဲ့ သိပ်အိုသွားလိမ့်မယ်'





'ကျွန်မလဲ အခုသိပ်ငယ်သေးတယ်၊ နောက်ဆယ်နှစ်ကြာမှ ကျွန်မကို ဖုန်းဆက်ပါ'

'ကိုယ် အခုပြန်ထွက်သွားပြီး နောက်ဆယ်မိနစ်အကြာမှာ မင်းဆီ ဖုန်းဆက်နိုင်ပါတယ် ဆယ်နှစ်ထိအောင်စောင့်ရမယ်ဆိုတော့ တမေ့တမောကြီးပဲ၊ ကဲဒီတော့ မင်း ကိုယ့်ကို လက်ထပ်မှာလား။

'ဟင့်အင်း'

ဂျက်ဖ်က အနားသို့တိုးလာသည်။

'မင်းကို ကိုယ် သိတ်ပြီးချစ်နေမိပြီ ဒက်ဖနီ၊ မင်းကရူးတယ်လို့ ထင်ချင် ထင်နိုင်ပါတယ်၊ ဒါပေမယ့် ကိုယ်မရူးပါဘူး၊ မင်းဘယ်လိုပဲပြောပြော ယုံချင်ယုံ မယုံချင် နေပါ ကိုယ်တော့ မင်းကိုလက်ထပ်ကို ထပ်တော့မှာပဲ'

'ကျွန်မမှာ ပိုက်ဆံမရှိဘူး'

'ကိုယ့်မှာလည်း တစ်ပြားမှမရှိပါဘူး ဒက်ဖ်၊ ဒါပေမယ့် တို့ တစ်နေ့ကျရင် ပိုက်ဆံရှိလာကြမှာပါ၊ ဒီကြားထဲမှာတော့ ဗို့လင်မယားနှစ်ယောက် လက်ဖက်ရည်နဲ့ ပေါင်မုန့်စားနေကြတာပေါ့ ဟုတ်လား'

'ရှင်တကယ်ပြောနေတာလား ဂျက်ဖ်'

ဒက်ဖနီက သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ သူ နောက်ပြောနေတာ လားဟု တွေးမိသည်။ နောက်ပြောတာ မဟုတ်ပါစေနဲ့ဟု ကျိတ်ပြီး ဆုတောင်းမိ သည်။

ဂျက်ဖရီက ဒက်ဖနီ၏ပါးကလေးကို လက်တစ်ဖက်ဖြင့်ကိုင်ကာ ကျန်လက် တစ်ဖက်ဖြင့် ဒက်ဖနီ၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ သူက စိတ်အားထက် သန်စွာဖြင့်ပြောသည်။

'ဟုတ်ပါတယ် ကိုယ် တကယ်အလေးအနက်ပြောနေတာပါ အချစ်ရယ် ကိုယ်တို့နှစ်ယောက် လက်ထပ်ရင် ပျော်စရာကောင်းတဲ့ အိမ်ထောင်ရေးကို တည်ဆောက် မှာပါ၊ ဒါကိုတော့ ကိုယ် တကယ်ယုံတယ် ဒက်ဖ်၊ မင်းကို ကိုယ် ဒီနေ့ည လက်ထပ် ချင်ပါတယ်၊ ကိုယ်တို့နှစ်ယောက် ဘဝတစ်လျှောက်လုံး စိတ်ချမ်းသာရမှာပါ၊ ဒီလို အခွင့်အရေးဆိုတာက တစ်သက်မှာတစ်ခါသာ ကြုံရတတ်တာပါ၊ ဒီလိုအခွင့်အရေးမျိုးကို ကိုယ်တော့ ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်ဘူး၊ မင်းကငြင်းရင်လည်း မင်းစိတ်ညွှတ် လာတဲ့အထိ ကိုယ်က စိတ်ရှည်ရှည်နဲ့ စည်းရုံးမှာပဲ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်လုပ် ရပ်က မှန်တယ်လေ ဒါကိုတော့ ကိုယ် တကယ်ပြောရဲပါတယ်' အတန်ကြာမျှ စကား ပြတ်သွားသည်။ ပြီးတော့မှ 'ဒီအချက်ကို မင်းလဲသဘောပေါက်လိမ့်မယ်လို့ ကိုယ် ယုံကြည်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဖနီက မျက်တောင်ကော့ကြီးတွေ တဖျပ်ဖျပ် ပုတ်ခတ်ရင်း ဂျက်ဖရီအား စိုက်ကြည့်နေသည်။ သူ့မျက်လုံးအစုံတွင် မျက်ရည်တွေ ဝိုင်းလာသည်။

'ကျွန်မ အချိန်ယူပြီး စဉ်းစားချင်ပါသေးတယ် ရှင်ရယ် လောလောဆယ် ကျွန်မ ဘယ်လိုမှ မဆုံးဖြတ်နိုင်သေးလို့ပါ'

'ကိုယ်ကတော့ ပြတ်ပြတ်သားသားဆုံးဖြတ်လိုက်ပြီ၊ ဒို့နှစ်ယောက် ချစ်နေကြပြီ၊ အဲဒါဆိုပြီးတာပဲ အချိန်ဆွဲနေလို့ ဘာမှမထူးတော့ပါဘူး အချစ်ရယ်' သူက ဒက်ဖနီအား ဖွဖွကလေးနမ်းကာ ထိုင်ရာမှထရပ်လိုက်သည်။ ဒက်ဖနီ၏လက်ကလေးကိုတော့ ဆုပ်ကိုင်ထားဆဲ။ 'ကဲ ကိုယ်ပြန်ဦးမယ် နို့မဟုတ်ရင် ကိုယ့်စိတ်ကို မချုပ်တည်းနိုင်ဘဲ ဖြစ်သွားမှာ စိုးရတယ်၊ မနက်ဖြန်မှ မင်းကိုဖုန်းဆက်မယ်'

'ကျွန်မ ကျောင်းမှာရှိမယ်'

'ဘယ်အချိန်ကျောင်းသွားမှာလဲ'

'ရှစ်နာရီ'

'ကောင်းပြီ ရှစ်နာရီမထိုးခင် ဆက်မယ်၊ နေ့လည်စာ အတူစားလို့ ဖြစ်မလား'

ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။

'ဒါဆို တကယ်အလုပ်ဖြစ်ပြီပေါ့ နော်'

'တကယ်ဖြစ်ပါပြီ'

တံခါးဝရောက်တော့ ဂျက်ဖရီက တခါထပ်၍နမ်းပြန်သည် ဒက်ဖနီ၏ရင်ထဲတွင် တသိမ့်သိမ့်ခံစားရသည်။ သည်လိုပျော်ရွှင်မှုမျိုးကို တစ်သက်တာတွင် ပထမဆုံးအကြိမ် ခံစားရခြင်းဖြစ်သည်။

အိပ်ရာပေါ်တွင်လှဲရင်း ဂျက်ဖရီအကြောင်းတွေးနေမိသည်။ သူ့အတွေးများကို စိတ်ဖြာသုံးသပ်ကြည့်နေသည်။ တစ်ခါမှ မပေါ်ပေါက်ဖူးသော တောင့်တမှု တစ်ခုသည် သူ့နှလုံးသားထဲတွင် ပြင်းပြစွာ ဖြစ်ပေါ်လာသည်။

နောက်တစ်နေ့ နံနက် ခုနစ်နာရီတွင် ဂျက်ဖ်ဖုန်းဆက်သည်။

မွန်းတည့် ဆယ့်နှစ်နာရီတိတိတွင် သူချိန်းထားသည့်အတိုင်း သတင်းစာပညာအတတ်သင်ကျောင်းသို့ ရောက်လာသည်။ သူ့ဂျက်ကက်အင်္ကျီကို ပုခုံးပေါ်တင်ထားသည်။ လည်စည်းကိုဖြုတ်၍ အင်္ကျီအိတ်ထဲ ထည့်ထားသည်။ ရွှေရောင်ဆံပင်က နေရောင်အောက်တွင် တောက်ပနေသည်။

ဒက်ဖနီက လှေကားမှ တဖြည်းဖြည်းဆင်းလာသည်။ သူသည် ပထမဆုံးအကြိမ် ရှက်စိတ်ဝင်မိသည်။ ယနေ့သည် မနေ့ကနှင့်မတူတော့၊ ရှေ့နေများအသင်းတိုက်ထဲက ဆူဆူညံညံ စကားပြောသံများ မကြားရ၊ ဝိုင်အရက်မရှိ၊ အပျော်လေ့စီးမထွက် ယနေ့သူမြင်တွေ့လိုက်ရသူမှာ ရွှေရောင်ဆံပင်နှင့် လူချောလူလှတစ်ဦးသာ ဖြစ်သည်။





[illegible]တ နေပူထဲတွင်ရပ်ကာ သူ့ကို ရွှန်းရွှန်းစားစား ပြုံးကြည့်နေသည်။ သူ့[illegible] ဖိုင်ဆိုင်ပြုံး၊ နှလုံးသားအပြုံး၊ သူ့အပြုံးကိုကြည့်ပြီး သူတကယ်အလေးအနက်[illegible]ပြီဟု သိလိုက်သည်။

သူတို့နှစ်ယောက် ကားတစ်စီးငှားပြီး နေ့လည်စာစားရန် မက်ထရိုပိုလီတန်[illegible]သို့ လာခဲ့ကြသည်။

ခရကန်ဘေးတွင်ထိုင်ကာ နေ့လည်စာစားကြသည်။ စားသောက်ပြီးတော့ [illegible] ဒက်ဖနီအား ကျောင်းသို့ပြန်ပို့ပေးသည်။ ဒက်ဖနီအလွန်ပျော်နေသည်။ ဂျက်ဖ်က [illegible]ချစ်စရာကောင်းတဲ့ လူတစ်ယောက်ပဲ။ ချစ်စရာကောင်းရုံသာ မဟုတ် တစ်သက်[illegible] အားကိုးလောက်တဲ့ ခင်ပွန်းကောင်း တစ်ယောက်လည်းဖြစ်သည်။ သူ့အနားမှာ [illegible]တော့ ဒက်ဖနီ ပျော်လည်းပျော်သည်။ အားလည်းတက်သည်။ လုံခြုံမှုလည်း [illegible]ဟုထင်မိသည်။

ထိုညက ဒက်ဖနီက ဂျက်ဖ်အား သူ့တိုက်ခန်းသို့ခေါ်လာပြီး ကိုယ်တိုင် [illegible] ချက်ကျွေးသည်။ စားသောက်ပြီးတော့ မနေ့ကလိုပင် ဂျက်ဖ် အစောကြီးပြန်သွား[illegible]

ထိုအပတ်ရက်အားတွင် ဂျက်ဖ်က ဒက်ဖနီအား ကွန်နက်တီကတ်ပြည်နယ်[illegible] ခေါ်သွားပြီး အပေါင်းအသင်းများထံ သွားလည်ပတ်ကြသည်။ တင်းနစ်ကစား[illegible]ည်။ ရွက်လှေစီးကြသည်။

အပြန်ကျတော့ ဂျက်ဖ်က ဒက်ဖနီအား အရှေ့ပိုင်းလမ်း၅၀ရှိ သူ့တိုက်ခန်းသို့ [illegible]သည်။ သူကိုယ်တိုင်ညစာ ချက်ကျွေးသည်။

ထိုနေ့ညတွင် သူတို့နှစ်ယောက် ပထမဆုံးအကြိမ် ချစ်ပန္နက်စိုက်ထူကြသည်။ [illegible]ကြသည်။ တစ်ဦးကိုတစ်ဦး ချစ်လိုက်ကြသည်ဖြစ်ခြင်း။ ကြားလေသွေး[illegible]ဝေးတယ်ထင်ကာ တစ်ယောက်ကိုတစ်ယောက် နှစ်ကိုယ့်တစ်ကိုယ် ထွေ့[illegible] [illegible]ကြသည်။

ထို့နောက်တွင်တော့ သူတို့နှစ်ယောက် နွေရာသီရက်အားတွေမှာ တ[illegible] [illegible]တွဲကာ အခန်းထဲတွင်အချိန်ဖြုန်းလိုက် အပြင်လျှောက်လည်လိုက်ဖြင့် ပျော်[illegible] [illegible]နေကြတော့သည်။

သည်လိုနှင့်ပင် အချိန်တွေကုန်သွားမှန်းမသိကုန်သွားတော့သည်။ [illegible] [illegible]ရက်အား ရောက်လာသောအခါ ဂျက်ဖ်မှာမစောင့်နိုင်တော့ဘဲ ဒက်ဖ[illegible] [illegible]နက်ဆီးပြည်နယ်သို့ ခေါ်လာခဲ့ပြီး လက်ထပ်လိုက်တော့သည်။ မင်္ဂလာ[illegible] [illegible]တ်ဝိုင်းကလေးသာ။ ဒက်ဖနီ၏မိခင်ကြီးအပါအဝင် မိတ်ဆွေ[illegible]ပေါင်းအသင်း [illegible]ဝတ်ခန့်သာ ဖိတ်သည်။ ဒက်ဖနီက အဖြူရောင် အော်ဂန်ဒီ မင်္ဂလာဝတ်စုံရှည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့်၊ မင်္ဂလာဦးထုပ်ကြီးနှင့်လက်ထဲတွင်လည်း ဒေစီပန်းတွေ တစ်ပွေ့ကြီးပိုက်လို့။ မိခင်ကြီးမှာ တစ်ဦးတည်းသောသမီးကလေး လင်ကောင်းသားကောင်းရလို့ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် ကျရှာသည်။

ဒက်ဖနီ၏ မိခင်ကြီးသည် သွေးကင်ဆာဖြစ်နေသည်။ သို့ပေမယ့် သမီးဖြစ်သူအား လုံးဝမပြော။ ဝေဒနာကိုကျိတ်ခံနေရရှာသည်။ သူတို့လင်မယားနှစ်ယောက် ပြန်ခါနီးတော့ မိခင်ကြီးအား ကန်တော့ကြသည်။ ဂျက်ဖ်က ဒက်ဖနီအား ရာသက်ပန်ရိုးမြမြကျပေါင်းသင်းပါမည်ဟု အလေးအနက်ကတိပေးသည်။

နောက်သုံးလကြာတော့ မိခင်ကြီး ကွယ်လွန်သွားရှာသည်။ ထိုအချိန်တွင် ဒက်ဖနီမှာ ကိုယ်ဝန်ရှိနေပြီ။ သူတို့လင်မယား အတ်လန်တာမြို့သို့ လေယာဉ်ဖြင့် လာခဲ့ပြီး မိခင်ကြီးအသုဘကို တင့်တောင့်တင့်တယ် သင်္ဂြိုဟ်ကြသည်။ ဒက်ဖနီခမျာ မိခင်ကြီးအလောင်းကိုဖက်၍ ယူကျုံးမရ ငိုကြွေးရှာသည်။ ဂျက်ဖ်က ဇနီးလေးအားဖက်ကာနှစ်သိမ့်ရှာသည်။ ယခုတော့ ဒက်ဖနီမှာ အားကိုးစရာဟူ၍ လင်တော်မောင်နှင့်မတ်လတွင် မွေးဖွားမည့် ရင်သွေးငယ်တို့သာ ရှိတော့သည်။

ထိုနှစ်တစ်နှစ်လုံး ဒက်ဖနီမှာ မိခင်ကြီးအတွက် သောကကိုဖြေဖျောက်မရနိုင်သေးဘဲ တငွေ့ငွေ့ဖြစ်ခံစားနေခဲ့ရသည်။ ယင်းသို့မှုရင်း ဆွေးရင်းမှပင် လင်မယားနှစ်ယောက် အိမ်ခန်းသစ်ကို မွမ်းမံပြင်ဆင်ကြသည်။ အတ်လန်တာမြို့မှ သဘော်နှင့်တင်လာသော အိမ်ထောင်ပရိဘောဂနှင့် ပန်းချီကားအနည်းငယ်ဖြင့် အလှဆင်ကြသည်။

ဇွန်လရောက်တော့ ဒက်ဖနီသည် ကိုလံဘီယာတက္ကသိုလ်မှ သတင်းစာပညာဝိဇ္ဇာဘွဲ့ကို့ရသည်။ စက်တင်ဘာလကျတော့ 'ကောလင်းမဂ္ဂဇင်း'တွင် ယခင်လုပ်ခဲ့သောအလုပ်ကိုပြန်လုပ်သည်။ ကောလင်းမဂ္ဂဇင်းမှာ နာမည်ကြီး အမျိုးသမီးမဂ္ဂဇင်း တစ်စောင်ဖြစ်သည်။ ဒက်ဖနီမှာ ကိုယ်ဝန်ကြီးနှင့် မလွတ်မလပ်မို့ အလုပ်ဝင်လုပ်တာကို လင်တော်မောင် ဂျက်ဖ်က သိပ်သဘောမတူချင်။ သို့သော်လည်း ဒက်ဖနီက 'မလုပ်ရမနေနိုင်ဖြစ်နေသောကြောင့် နောက်ဆုံးတော့ သဘောမတူချင်ဘဲနှင့် တူလိုက်ရတော့သည်။ တကယ်တော့လည်း ဒက်ဖနီအနေဖြင့် အလကား အိမ်မှာထိုင်ပြီး အချိန်ဖြုန်းနေခြင်းထက် အလုပ်တစ်ခုရှိတော့ ပို၍ကောင်းသည် မဟုတ်လား။ အကောင်းဆုံးကတော့ မိခင်ကြီးကိုသတိရပြီး ပူဆွေးနေဖို့ အချိန်မရှိတော့ခြင်းပင် ဖြစ်သည်။

ခရစ္စမတ်ပွဲတော်ပြီးသောအခါ မဂ္ဂဇင်းတိုက်မှ ခွင့်ရက်ရှည်ယူလိုက်သည်။ နောက်နှစ်လဆိုရင် ကလေးမီးဖွားတော့မည်။ ယခုအချိန်တွင်သူသည် တစ်နေ့တစ်ခြားပျော်ရွှင်လာခဲ့ပြီ။ မကြာမီမွေးဖွားတော့မည့်ကလေးကို စောင့်မျှော်ရင်း။စိတ်ရောကိုယ်ရောလန်းဆန်းတက်ကြွနေသည်။ ဟိုတုန်းကလို သူ့မျက်နှာတွင် ဆွေးရိပ်မမြင်ရတော့။

သားကလေးမွေးလျှင် ဖခင်နာမည်အတိုင်း 'ဂျက်ဖရီ' ဟူ၍ နာမည်မှည့်မည်ဟု





သူကတဖွဖွပြောနေသည်။ သို့သော် ဂျက်ဖ်ကတော့ ဒက်ဖနီနှင့်တူသော သမီးကလေးသာ လိုချင်သည်။ ညစဉ်ညတိုင်း အိပ်ရာဝင်လျှင် ဇနီးသည်၏ ဗိုက်ဖောင်းဖောင်းကလေးကို သူက တယုတယ ပွတ်ကြည့်နေတတ်သည်။ ဗိုက်ထဲမှ ကလေးလှုပ်တာကို စမ်းတွေ့ရသည်။ ထိုအခါမျိုးတွင် သူ့မှာ မိဘမေတ္တာစိတ်တွေယိုဖိတ်ပြီး ဝမ်းသာကြည်နူး၍ မဆုံးဖြစ်မိသည်။

'ကလေးလှုပ်တော့ မနာဘူးလား အချစ်ရယ်'သူက စိုးရိမ်သံဖြင့်မေးသည်။ ဒက်ဖနီမှာ အသက်နှစ်ဆယ့်တစ်နှစ်အရွယ်တွင် ကျန်းမာရေးက ဒေါင်ဒေါင်မြည်အောင်ကောင်းသည်။ လင်တော်မောင်၏စိုးရိမ်မှုကိုမြင်ရတော့ သူသဘောကျပြီး ရယ်နေသည်။

'မနာပါဘူးမောင်ရယ်၊ တစ်ခါတစ်ရံ ယားကျိကျိနဲ့ နည်းနည်းကလေး မရိုးမရွ..ဖြစ်တာကလေးပဲရှိပါတယ်။ တကယ်ဆိုတော့ ဗိုက်ထဲမှာ သားကလေးတစ်ယောက်ထဲပျင်းရှာလို့ကစားနေတာ ဝမ်းသာစရာတောင် ကောင်းပါသေးတယ်'

သားဦးကလေး မွေးခါနီးလာလေ သူတို့မောင်နှံအချစ်က ပိုလို့လန်းဆန်းလာလေပင်။

'ကျွန်မကို အရင်ကလို ချစ်သေးရဲ့လားမောင်ရယ်'

'အိုး ဘယ်နှယ့်ပြောပါလိမ့် အချစ်ရယ်၊ အချစ်က ကိုယ်ဝန်ရှိလာတော့ အရင်ကထက်တောင် ပိုလှလာသေးတယ် သိလား၊ အဲဒီတော့ ကိုယ်က အရင်ကထက်ပိုလို့ပိုလို့ ချစ်ရတာပေါ့ ဟုတ်ဘူးလားဟင်'

နှစ်ယောက်သား ချစ်ကြည်နူးစွာဖြင့် တခစ်ခစ်ရယ်ကြသည်။ တစ်ယောက်ကိုတစ်ယောက် ကျစ်ကျစ်ပါအောင် ပွေ့ဖက်ထားကြသည်။ ဒက်ဖနီ၏ မျက်ဝန်းများထဲတွင် အရောင်တွေလက်နေသလို ထင်ရသည်။ ရွှေရောင်ဆံပင်အုပ်ကြီးကို ပခုံးနှစ်ဖက်ပေါ် ဖွဖွကလေး ဖြန့်ချထားတော့ အလွန်ကျက်သရေရှိသည်။ သူသိပ်ပြီးပျော်နေသည်။ သိပ်ပြီး ဝမ်းသာနေသည်။ ဒါကိုမြင်ရတော့ ဂျက်ဖ်မှာလည်း ပျော်မဆုံးတော့ဝမ်းသာမဆုံးတော့။

တစ်နေ့တွင် ဗိုက်နာလာသဖြင့် ဒက်ဖနီက လင်တော်မောင်အား အလုပ်ဌာနသို့ ဖုန်းလှမ်းဆက်သည်။ သူ့အသံကအားမာန်အပြည့်၊ သိပ်ပြီးစိတ်ဓာတ် တက်ကြွနေသည်။

ဂျက်ဖ်က အလုပ်ကိစ္စဖြင့်ရောက်နေသော အမှုသည်ကိုပင် သတိမရတော့ဘဲ အိမ်သို့ ဒုန်းစိုင်းလာခဲ့သည်။ ကုတ်အင်္ကျီကိုလည်း ရုံးခန်းထဲတွင် သည်အတိုင်းချိတ်ထားခဲ့သည်။ အိမ်သို့ရောက်လာတော့ သူ့လက်ထဲတွင် ဥပဒေစာအုပ်ကြီး တစ်အုပ်နှင့်ဇနီးသည်အတွက် စိုးတထင့်ထင့်ဖြင့် ကမန်းကတန်း ထွက်လာခဲ့သောကြောင့်ဖြစ်သည်။ သို့သော် အိမ်ရောက်တော့ သူ့ဇနီးကလေးအားကုလားထိုင်တွင် ငြိမ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ထိုင်နေတာကို တွေ့ရသည်။ သူစိုးရိမ်မိသလို ဘာမှမဖြစ်။ ဘာမှစိုးရိမ်စရာမရှိ။ သည်တော့မှ ရင်ထဲအေးသွားမိသည်။

လင်မယားနှစ်ယောက် ဝမ်းသာခြင်း အထိမ်းအမှတ်ဖြင့် ရှမ်ပိန် အရက် ... ကိုယ်စီကိုင်မြှောက်လိုက်ကြသည်။

'ကဲ ကိုယ်တို့သမီးကလေးအတွက် ...'

'မောင့် သားဦးကလေးအတွက်.....'

ဒက်ဖနီ၏မျက်လုံးများက ရွှန်းလက်တောက်ပနေသည်။ ရယ်မောနေသည် ...

ထိုအခိုက် ဗိုက်ထဲက ဒုတ်ခနဲ ဆောင့်တက်ပြီး နာကျင်လှသဖြင့် ရုတ်တရက် ... မျက်နှာ ရှုံ့တွန့်သွားသည်။ ဂျက်ဖ်၏ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး ဇနီးကလေး ... လက်ကို ကမျာကယာ လှမ်းကိုင်ထားလိုက်သည်။

သည့်နောက်တွင် ကျောင်းတုန်းက နှစ်လသင်တန်းတက်ခဲ့ရသော ကိုယ်ဝ ... ဆောင် ပြုစုနည်းကို ရုတ်တရက် သတိရမိကာ ဂျက်ဖ်သည် ဇနီးသယ်အား တတ်သ ... မှတ်သမျှဖြင့် တယုတယပြုစုရှာသည်။ သူကြိုတင်ဝယ်ထားသော အချိန် မှတ်နာရီ ... ဘေးတွင်ချပြီး ရင်တဖိုဖိုနှင့် ထိုင်စောင့်နေသည်။

မနက်လေးနာရီလောက်ကျတော့ ဗိုက်က မခံမရပ်နိုင်အောင် နာလာသည် ... သည်တော့မှ အချိန်ကျပြီဟု ဆုံးဖြတ်ကာ ဆေးရုံသို့လာခဲ့ကြသည်။

ဆေးရုံတွင် ဆရာဝန်က အရေးတယူ စမ်းသပ်စစ်ဆေးသည်။

ဒက်ဖနီ၏မျက်နှာက ပြုံးရွှင်လန်းဆန်းနေသည်။ သူအလွန်စိတ်ခ ... တက်ကြွနေသည်။ ဂုဏ်လည်းယူမိသည်။ ခင်ပွန်းသည်အား ခေါင်းနှင့်မှီထားရ ... အသက်ကို မှုဉ်းမှုဉ်းကလေးရှူနေသည်။ သို့သော် သူပျော်နေသည်။ နာကျင်မှုကိုသ ... မရ။

'မောင်က သိပ်ပြီးတော်တာပဲမောင်ရယ်၊ မောင့်ကိုလေ ကျွန်မ ဘယ်လိုချစ်မ ... မသိဘူးသိလား'

ဂျက်ဖ်က ချစ်ဇနီးကလေးအား ဖေးမပြီး ကိုယ်ဝန်ဆောင်ခန်းထဲသို့ ခေါ် ... သည်။ ဇနီးသည်ဘေးတွင် ရပ်ကာ လက်ကိုဆုပ်ကိုင်ထားသည်။ ဇနီးသည်အ ... မျက်နှာဖုံးတပ်ပေးသည်။ လူနာဝတ်ရုံကြီး ဝတ်ပေးသည်။ ထို့ညကိုးနာရီတိတိ ... သားဖွားခန်းထဲ ဝင်လာခဲ့ကြသည်။

ဒက်ဖနီသည် နာကျင်မှုကို ကြိတ်ခံနေရှာသည်။ ဇနီးကလေး၏ဒုက္ခ ... ကြည့်ပြီး ဂျက်ဖ်မှာ မျက်ရည်များပင် ကျမိသည်။ တချိန်တည်းတွင် ဒက်ဖနီ၏စိတ်ဓာ ... ကိုလည်း ချီးကျူးမိသည်။

ဤသို့ဖြင့်၊ ဒက်ဖနီသည် အာဝေဏိက ဒုက္ခကို အလူးအလိမ့်ခံစား ...





... ဆယ်နာရီ ဆယ့်ငါးမိနစ်အချိန်တွင် သမီးဦးကလေးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့လေ ... သည်။

ကလေးငယ်သည် အသံကျယ်စွာအော်ငိုရင်း ခေါင်းကလေးထောင်ကာ ... လူ့လောကသို့ ရောက်လာခဲ့သည်။ မိခင်ဖြစ်သူက ဝမ်းသာလွန်းသဖြင့် အသံထွက်၍ ... ပင် အော်လိုက်မိသည်။

ဆရာဝန်က ကလေးငယ်ကို ခြေထောက်နှစ်ဖက်မြှောက်ကိုင်ကာ မိခင်ရင်ခွင် ... ထဲသို့ ထည့်ပေးလိုက်သည်။ ဂျက်ဖ်က လက်တစ်ဖက်ဖြင့်ဇနီးသည်၏ ဆံပင်များကို ... ပွတ်သပ်နေပြီး ကျန်တစ်ဖက်ဖြင့် သမီးကလေး၏လက်ချောင်းကလေးများကို အသာ ... အယာ ကိုင်ကြည့်နေသည်။ သူ့ရင်ထဲတွင် ပီတိလှိုင်းများ ဘောင်ဘင်ခတ်နေသည်။ ... သူ့မျက်နှာက ရွှန်းရွှန်းဝေအောင်ပြုံးလျက်။

'သမီးကလေးက ချောသလား မောင်ရယ်'

ဒက်ဖနီက ငိုလည်းငိုရင်း ပြုံးလည်းပြုံးနေသည်။ လင်တော်မောင်၏မျက်နှာ ... ကိုကြည့်ရင်း အဖြေကို မျှော်လင့်တကြီးစောင့်နေသည်။ ဂျက်ဖ်က ဇနီးသည်အား ... ညင်သာစွာ နမ်းလိုက်သည်။

'အချစ်က သိပ်ပြီးလှတာပဲကွယ်၊ ဒီလို လှလာတာ ကိုယ်ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးဘူး'

'ကျွန်မလဲ မောင့်ကိုအသက်လောက်ချစ်ပါတယ် မောင်ရယ်'

ဆရာဝန်နှင့် ဆရာဝန်မတွေက အလိုက်သိစွာဖြင့် ပြန်ထွက်သွားကြသည်။ ... သူတို့က အမြဲတမ်း အလိုက်သိတတ်ကြသည်။ သည်မြင်ကွင်းမျိုးတွေ နေ့စဉ်နေ့တိုင်း ... မြင်နေကြရသည်။ သားမိသားဖသုံးယောက် သားဖွားခန်းထဲတွင် အတန်ကြာကြာ ... နေပြီးတော့မှ ဒက်ဖနီအား သူ့အခန်းသို့ ပြန်ခေါ်လာခဲ့သည်။ ဒက်ဖနီအိပ်ပျော်သွားတော့ ... မန်းခေါင်လောက် ရှိနေပြီ။

ဂျက်ဖ်ဖရီအိမ်သို့ပြန်လာခဲ့သည်။ သူတို့ လင်မယားနှစ်ယောက် အိပ်နေသော ... ကုတင်ကြီးပေါ်တွင် လှဲရင်းသမီးကလေးအကြောင်းကို တွေးနေသည်။ ဇနီးကလေး ... အကြောင်းကို တွေးနေသည်။ လွန်ခဲ့သော နှစ်နှစ်ကာလအတွင်း သူတို့ လင်မယား ... နှစ်ယောက် တွေ့ကြုံခဲ့ရ သော ဒုက္ခသုက္ခအကြောင်း ပြန်တွေးရင်း တသိမ့်သိမ့် ကြည်နူး ... ဝမ်းသာနေမိသည်။ ပျော်စရာ ကြည်နူးစရာတွေကို တွေးရင်းမကြာမီ သူလည်း အိပ်ပျော် ... သွားလေသည်။

*

သုံးနှစ်တာကာလ ကုန်လွန်သွားခဲ့သည်။

ဒက်ဖနီသည် သမီးငယ် တစ်နှစ်ပြည့်ကတည်းကပင် ကောလင်းမဂ္ဂဇင်းတိုက်



www.burmeseclassic.com

www.burmeseclassic.com



သို့ အလုပ်ပြန်ဝင်ခဲ့သည်။ သူသည် ကလေးမွေးပြီးကတည်းက ခွင့်ရက်ရှည်ယူကာ ကလေးကို ပြုစုနေခဲ့သည်။ သူက အလုပ်ပြန်ဝင်ချင်စိတ်မရှိ။ သို့ပေမယ့် သမီးငယ်ကို ချစ်လျှင် အလုပ်လုပ်မှဖြစ်မည်။ အလုပ်လုပ်ခြင်းသည် မိမိအတွက်ရော သမီးငယ်အတွက်ပါ အကျိုးရှိသည်။ ဂျက်ဖရီကလည်း အလုပ်လုပ်တာကို သဘောကျသည်။ ဒက်ဖနီအနေနှင့် သားသည်မိခင်တစ်ယောက်၊ အိမ်ရှင်မတစ်ယောက် ဖြစ်နေရုံနှင့် မပြီးသေး။ မိမိကိုယ်ကို မိမိအားကိုးသူတစ်ယောက်ဖြစ်ရန်လည်း လိုသေးသည်။ ဤအချက် အရေးကြီးကြောင်း ဂျက်ဖရီကောင်းစွာ သဘောပေါက်သည်။ ဂျက်ဖရီကား ချစ်ဇနီးကလေးအပေါ်တွင် အမြဲတမ်းချစ်ကြင်နာ နားလည်တတ်သော ခင်ပွန်းကောင်းတစ်ဦးပင် ဖြစ်သည်။

ဒက်ဖနီအလုပ်ဝင်လုပ်တော့ ကလေးထိန်းတစ်ယောက် ငှားရသည်။ ကလေးထိန်းက အဘွားအရွယ်လောက်ရှိပြီး၊ အလွန်စိတ်ကောင်းစေတနာကောင်း ရှိသည်။ နေ့ဘက်တွင် ကလေးကို အဘွားကြီးက လုံးဝတာဝန်ယူ ထိန်းပေးပြီး ညကျတော့ ဂျက်ဖရီက ကူထိန်းပေးသည်။

စနေ၊ တနင်္ဂနွေရက်အားများတွင် သူတို့မိသားစု ပန်းခြံသို့သွားကြသည်။ တစ်ခါတစ်ရံ ကားမောင်းပြီး မြို့ပြင်က မိတ်ဆွေအပေါင်းအသင်းတွေ့ဆီ သွားလည်ကြသည်။ သူတို့ဘဝကား ပျော်စရာအတိပြီးနေရတော့သည်။ သူတို့ဘဝကို မိတ်ဆွေအပေါင်းအသင်းတွေက အားကျကြသည်။

'ခင်ဗျားတို့ လင်မယားတစ်ခါမှ ရန်မဖြစ်ကြဘူးလားဗျ'

တစ်နေ့တွင် ကွန်နတီကတ်ပြည်နယ်ကို သွားလည်တော့ ဂျက်ဖရီ၏အလုပ်မှ မိတ်ဆွေတစ်ယောက်က မေးသည်။

'ဘယ့်နှယ် လင်နဲ့မယား လျှာနဲ့သွားပဲဗျ၊ မဖြစ်ဘဲနေပါ့မလား၊ ကျွန်တော်တို့ လင်မယားတစ်ပတ်မှာ အနည်းဆုံး နှစ်ကြိမ်လောက် ရန်ဖြစ်ကြတယ်၊ ဒါပေမယ့် ကျွန်တော်တို့က ရန်ဖြစ်တာ ရိုးရိုးမဖြစ်ဘူး၊ ချိန်းပြီးမှဖြစ်ကြတယ်၊ ကျွန်တော်က သူ့ကို ပိတ်ဆံနတယ်၊ သူက ကျွန်တော့်ကို ငယ်ကျိုးငယ်နာဖော်ပြီး၊ ညစ်ညစ်ပတ်ပတ်ဆဲတယ်၊ အိမ်နီးချင်းတွေက မနေနိုင်တော့ ရဲကိုလှမ်းခေါ်တယ်၊ ရဲတွေပြန်သွားတော့ ကျွန်တော်တို့ လင်မယားနှစ်ယောက် ညွှန်ခန်းမှာ အေးအေးဆေးဆေးထိုင်ပြီး တယ်လီဗီးရှင်း ကြည့်ကြတယ်'

ဒက်ဖနီက သမီးလေးကို ရင်ခွင်ပိုက်ချီထားရာမှ ရယ်ကာမောကာဖြင့် လင်တော်မောင်အား တစ်ချက်လှမ်း၍ နမ်းလိုက်သည်။

ဂျက်ဖရီက ဘယ်တော့မှ မူမပြောင်း။ အိမ်ထောင်မကျခင်ကလည်း သည်ပုံအတိုင်း၊ အိမ်ထောင်ကျပြီးတော့လည်း သည်ပုံအတိုင်းပင်။ သူနှင့်စကားပြောနေရလျှင်





အလွန်ပျော်စရာကောင်းသည်။ သူက စေတနာလည်းအလွန်ကောင်းသည်။ အားလည်း အားကိုးရသည်။ ခင်ပွန်းလင်တစ်ယောက်တွင် ရှိအပ်သော အရည်အချင်းအားလုံးနှင့် ပြည့်စုံသူတစ်ယောက်ပင်တည်း။

'ရှင်တို့နှစ်ယောက် မြင်ရတော့ ကျွန်မအနေနဲ့ မနာလိုတောင်ဖြစ်မိတယ်' မိတ်ဆွေ၏ဇနီးက ပြောသည်။ 'ရှင်တို့လင်မယားလောက် စိတ်ချမ်းသာတဲ့ လင်မယားမျိုး ကျွန်မ မတွေ့ဖူးသေးပါဘူး၊ ရှင်တို့ဘယ်လို လုပ်နေကြသလဲဟင်'

'ဘယ်လိုလုပ်မှ မနေပါဘူး၊ ဒီလိုပဲနေကြတာပဲ' ဂျက်ဖရီက ဇနီးသည်၏ပခုံးကို လှမ်းဖက်လိုက်သည်။ သမီးငယ်အေမီက မိခင်ရင်ခွင်မှခုန်ဆင်းပြီး ကြောင်ကလေးနောက် ပြေးလိုက်သွားသည်။ 'ကျွန်တော်တို့ လင်မယားက လင်မယားလိုပဲ နေကြတာပါ'

မိတ်ဆွေအပေါင်းအသင်းတွေက သူတို့လင်မယားကို 'စံပြလင်မယား'ဟူ၍ ခေါ်ကြသည်။ လူတွေက အထင်ကြီးလွန်းတော့ ဒက်ဖနီက တစ်ခါတလေ စိုးရိမ်စိတ်ပင် ပေါ်လာမိသည်။ အချစ်ကြီးတော့ အမျက်ကြီးလာမည်ကို စိုးရိမ်မိခြင်း ဖြစ်သည်။

သို့ပေမယ့် အိမ်ထောင်သက်ငါးနှစ်ရှိလာသည့်တိုင်အောင် သူတို့လင်မယား၏အချစ်မှာ နည်းနည်းကလေးမှ မလျော့မသွား။ လျော့မသွားသည့်ပြင် ပို၍ပင်တိုးလာခဲ့သေးသည်။ တစ်ယောက်အပေါ်တစ်ယောက်ချစ်လိုက်ကြသည်မှာ နှစ်ကိုယ့်တစ်စိတ် လင်မယားဟု ခေါ်ရမလောက်ပင်။

တစ်ခါတစ်ခါ သူတို့လင်မယားကြုံရသောပြဿနာမှာ ငွေရေးကြေးရေးပြဿနာပင်ဖြစ်သည်။ သို့ပေမယ့် တစ်ယောက်မှစိတ်မညစ်ကြ။ ရှိတာနှင့် ရောင့်ရဲကြသည်။ ခြိုးခြံချွေတာ သုံးစွဲကြသည်။

တကယ်ဆိုလျှင် ဂျက်ဖရီ၏ ရှေ့နေလုပ်ငန်းမှလစဉ်ဝင်ငွေမှာ နည်းလှသည် မဟုတ်။ ဒက်ဖနီ၏ဝင်ငွေနှင့်ပေါင်းလိုက်လျှင် သူတို့မိသားစုအတွက် ကောင်းစွာလုံလောက်သည်။ သို့သော်ယခုအချိန်တွင် သူတို့လင်မယားက ဒုတိယမြောက်ကလေး လိုချင်နေကြပြီ။ သမီးကြီး အေမီကား သုံးနှစ်ခွဲပင်ရှိနေပြီ။

နောက်ထပ်ကလေးတစ်ယောက် ရဖို့အရေးနှစ်ယောက်စလုံးက အလွန်တောင့်တနေကြသည်။ သို့သော် ယနေ့အထိတော့ ကလေးရဖို့အရိပ်အယောင်ဘာမှ ပေါ်မလာသေး။

ယခုအခါ ဂျက်ဖရီက သုံးဆယ့်နှစ်နှစ်၊ ဒက်ဖနီက နှစ်ဆယ့်လေးနှစ် အသီးသီး ရှိကြပြီး၊ လင်မယားနှစ်ယောက်စလုံးပင် ကျန်းမာရေးကောင်းကြသည်။ နောက်ထပ်သားသမီးမရနိုင်သည့် ချွတ်ယွင်းချက်လည်း လုံးဝမရှိကြ။

ခရစ္စမတ်နေ့ညတွင် သမီးငယ်အေမီ အိပ်ရာဝင်သွားပြီးနောက် သူတို့



www.burmeseclassic.com

www.burmeseclassic.com

လင်မယားနှစ်ယောက် ညှော်ခန်းထဲရှိ မီးဖိုရှေ့တွင်ထိုင်ကာ ဆန်းဒေးတိုင်းသတင်းစာကို ဖတ်နေကြသည်။ ချော့ကလက်ပူပူနွေးနွေး ဖျော်သောက်ကြသည်။ သူတို့အနားတွင် ခရစ္စမတ်သစ်ပင်လည်း ရှိသည်။

ဒက်ဖနီသည် ဂျက်ဖရီ၏ပေါင်ကို ခေါင်းအုံးရင်း ဆိုဖာကုလားထိုင်ရှည်ပေါ်တွင် လှဲနေသည်။

'ဒါနဲ့မောင်၊ ဟိုပီရှူးနိုင်ငံက တောင်တန်းနာမည် ဘယ်လိုခေါ်သလဲဟင်'

'ကိုယ်ဘယ်သိပါ့မလဲ၊ ကိုယ်က ဥပဒေပညာပဲသိတယ်၊ အဲဒီအထဲက သုံးလုံးတောင် မှန်အောင်မထည့်နိုင်ဘူး၊ ဒါနဲ့ဘီသိုဘင်နဲ့ညီမနာမည် ဘယ်လိုခေါ်သလဲလို့ ထပ်မေးဦးမှာလား ဒက်ဖ်၊ အဲဒါဆိုရင်တော့ ကိုယ်ကမင်းကို ဟောဒီချော့ကလက်ရည်ပူပူနဲ့လောင်းလိုက်မှာပဲ၊ သိလား'

ဒက်ဖနီက တနင်္ဂနွေနေ့တိုင်းတွင် သတင်းစာမှအက္ခရာပဟေဋ္ဌိများကို အမြဲတမ်း ဖြေလေ့ရှိသည်။ ယခုလည်း ခရစ္စမတ်နေ့တွင် ပဟေဋ္ဌိဖြေနေသည်။

ဒက်ဖနီသည် လှဲအိပ်နေရာမှထထိုင်လိုက်ပြီးနောက်

'စုစုပေါင်း နှစ်ဆယ့်ခြောက်လုံး ဖြေရမှာမောင်ရဲ့၊ ကျွန်မ မဖြေနိုင်တာ ဒီတစ်လုံးပဲ ကျန်တော့တယ်'

'အဲဒါထားလိုက်စမ်းပါကွာ၊ လာပါ၊ တို့အိပ်ရာဝင်ကြပါစို့'

ဂျက်ဖရီက မတ်တတ်ရပ်ကာ ဒက်ဖနီ၏လက်ကိုဆွဲ၍ ခေါ်သည်။

'မီးငြိမ်းတဲ့အထိ စောင့်လိုက်ပါဦး မောင်ရယ်'

'လာစမ်းပါ၊ သူ့ဘာသာ ငြိမ်းသွားပါလိမ့်မယ်၊ ငြိမ်းခါနီးနေပါပြီ'

'ဒါဆို ကျွန်မ သမီးလေးကို သွားကြည့်လိုက်ဦးမယ်'

'သွားမနေနဲ့၊ သမီးလေးက ခုလောက်ဆိုတခေါခေါနဲ့ ဟောက်တောင်ဟောက်နေပြီ'

ဒက်ဖနီသည် ထိုင်ရာမှထကာအပေါ်ထပ်အိပ်ခန်းသို့ လှေကားအတိုင်း အပြေးကလေးတက်လာခဲ့သည်။ ဂျက်ဖရီကလည်း ကျီစယ်ကာဖြင့် နောက်မှခါးကို လိုက်ဆွဲရင်း ပြေးတက်လာခဲ့လေ၏။

ဒက်ဖနီသည် လင်တော်မောင်၏ရင်ငွေ့ကို နွေးထွေးစွာလှုံရင်း အိပ်မောကျနေသည်။ သူသည်နှစ်ခြိုက်စွာ အကြာကြီး အိပ်ပျော်သွားသည်။

ထို့နောက် မသိမသာ လူးလွန့်လာသည်။ သူအိပ်မက် မက်နေသည်။

သူတို့သားအမိသားအဖသုံးယောက်သည် ရေတံခွန်တစ်ခုအောက်တွင် ရပ်နေကြသည်။ ရေတွေ တဝေါဝေါစီးဆင်းသံကို အတိုင်းသားကြားနေရသည်။ ရေဆင်းသံကိုသာမက စူးပြင်းသောအနံ့တစ်ခုကိုလည်း ရှူရှိုက်နေရသလို ထင်မိသည်။ နောက်ဆုံး





အနံ့ဆိုးကြောင့် ချောင်းတဟွပ်ဟွပ်ဆိုးကာ အိပ်ရာမှလန့်နိုးလာခဲ့သည်။ အိပ်ချင်မူးတူးဖြင့် မျက်လုံးများကို အားတင်းဖွင့်ကာ အိပ်ခန်းတံခါးဝသို့ လှမ်းကြည့်လိုက်သည်။

လား လား ... အိပ်မက်ထဲတွင် သူကြားခဲ့ရသောအသံမှာ ရေဆင်းသံမဟုတ်။ မီးတောက်မီးလျှံများ၏ အော်ညည်းသံပါကလား။ သူတို့အိပ်ခန်းတံခါးဝကို မီးနံ့ရုံကြီးက အရှိန်ပြင်းစွာ လာဟပ်နေလေပြီ။

'ဘုရားရေ၊ မောင် မောင်၊ မြန်မြန်ထ မြန်မြန်ထ'

ဒက်ဖနီသည် အလန့်တကြား အော်ပြောရင်း၊ အိပ်ရာမှလူးလဲထကာ ဂျက်ဖရီအား ကမန်းကတန်း လှုပ်နိုးနေသည်။ဂျက်ဖရီ ရုတ်တရက် လန့်နိုးလာသည်။

'မောင် လုပ်ပါဦး ကယ်ပါဦး၊ မီးတွေ မီးတွေ၊ သမီးလေး သမီးလေး'

ဂျက်ဖရီသည် ချက်ချင်းပင် အခြေအနေကို သိလိုက်ပြီး ခုတင်ပေါ်မှခုန်ဆင်းကာ တံခါးဝသို့အတင်းပြေးသွားသည်။ ဒက်ဖနီက ပြေးလိုက်သွားပြီး ဂျက်ဖရီနောက်မှ ရပ်ကာခါးကို ဖက်ထားသည်။

'မောင် ကျွန်မသမီးလေးကို ကယ်ပါဦး သမီးလေးကို ကယ်ပါဦး' ဒက်ဖနီက သွေးရူးသွေးတန်းဖြင့် အော်နေသည်။

ဂျက်ဖရီသည် မီးအရှိန်မဟပ်အောင် နောက်သို့အလျင်အမြန် ပြန်ဆုတ်ကာ ဒက်ဖနီအား ဖက်ထားလိုက်သည်။

'ဒက်ဖ် မကြောက်နဲ့ မကြောက်နဲ့၊ မီးက အပေါ်မရောက်သေးဘူး၊ တို့ ဘာမှ မဖြစ်နိုင်ဘူး၊ ကိုယ်သမီးလေးကို သွားယူမယ်၊ သူဘာမှမဖြစ်နိုင်ပါဘူး၊ ကိုယ်မင်းကို စောင်နဲ့ပတ်ပေးမယ်၊ အောက်ထပ်ကို အတင်းပြေးဆင်း၊ ကိုယ်သမီးလေးကို ယူပြီး အမြန်ဆုံးလိုက်လာခဲ့မယ်'

ဂျက်ဖရီက ပြောရင်းဆိုရင်းစောင်တထည်ကိုဆွဲကာ ဒက်ဖနီ၏တစ်ကိုယ်လုံးကို အလျင်အမြန်ပတ်ပေးသည်။ ပြီးတော့ ဒက်ဖနီအား တံခါးဝသို့ အတင်းတွန်းလိုက်ပြီးနောက် သမီးငယ်၏အခန်းသို့ တဟုန်ထိုး ပြေးသွားသည်။

ဒက်ဖနီသည် လှေကားမှ သွေးရူးသွေးတန်းပြေးဆင်းလာသည်။ မီးခိုးတွေ အုပ်ဆိုင်းနေ၍ ဘာကိုမှမမြင်ရ၊ မီးခိုးမွန်ပြီး အသက်လည်း မရှူနိုင်။

ထိုခဏတွင် သူ့နောက်မှဝုန်းခနဲပေါက်ကွဲသံကြီးတစ်ခုပေါ်ထွက်လာသည်။ အဝေးမှလာသောအသံဟု ထင်လိုက်ရသည်။

ထို့နောက်တွင်တော့ သူသည်အိပ်မက်ထဲသို့ ပြန်ရောက်သွားတော့သည်။

ရေတံခွန်ကြီး ပြန်ပေါ်လာသည်။ ကမ်းပါးစောက်မှရေတွေ တဖေါဝေါစီးဆင်းနေကြသည်။ သူတို့သားမိ သားဖသုံးယောက်စလုံး ရေတံခွန်အောက်တွင် ရပ်နေကြသည်။

ငါတကယ် အိပ်မက် မက်နေတာပါ။ မီးလောင်တာမဟုတ်ပါဘူး၊ အိပ်မက်


www.burmeseclassic.com

www.burmeseclassic.com



မက်နေတာပါ။ အိပ်မက်ဖြစ်ပါစေ။ အိပ်မက်ဖြစ်ပါစေ။

ယင်းသို့တွေးနေတုန်း ရှူးရှူးဝါးဝါး အော်မြည်သံတွေ ပေါ်ထွက်လာသည်။ မျက်လုံးကို အားယူပြီး ဖွင့်ကြည့်သည်။ မြူတွေဆိုင်းနေသည်၊ ဘာကိုမှ မမြင်ရ။ ထို့နောက် အလင်းရောင်တွေ ပေါ်လာသည်။ မြင်ကွင်းအားလုံး လင်းထိန်နေသည်။ အလင်းရောင် အားကြီးလွန်း၍မည်သည့်အရာကိုမှ ပီပီပြင်ပြင် မမြင်ရ။ အားလုံးမှုန်ဝါးနေသည်။

'မစ္စက်ဖီးလ်ဒ် မစ္စက်ဖီးလ်ဒ်၊ သတိရပြီလား သတိရပြီလား'

မေးနေသံတွေကြားနေရသည်။ သို့သော် လူကိုမမြင်ရ၊ အားလုံး ထိန်ထိန်လင်းနေသည်။ဂျက်ဖ် ဘယ်မှာလဲ၊ ဂျက်ဖ် ဂျက်ဖ် သူဘယ်ရောက်နေလဲ။

အမြင်အာရုံနှင့်မှတ်ဉာဏ်တို့မှာ မကြည်လင်သေး။ အိပ်မက်နှင့်အဖြစ်မှန်တို့ ရောထွေးနေတုန်းရှိသေးသည်။စိတ်ကိုတင်းပြီး မျက်လုံးများကို အားယူစိုက်ကြည့်သည်။

တဖြည်းဖြည်းနှင့်မြင်ကွင်းကြည်လင်လာသည်။

သူသည်အိပ်ရာပေါ်တွင် စန့်စန့်ကြီး လှဲနေသည်။ သူ့ခြေထောက်နှင့်လက်များကို ပတ်တီးတွေ တင်းကျပ်စွာ စည်းထားသည်။ မျက်နှာတစ်ပြင်လုံးလည်း သရိုးကိုင်ထားသလို မာတင်းနေသည်။

ဆရာဝန်တစ်ယောက်က သူ့ဘေးတွင် မတ်တတ်ရပ်ကာ သူ့ကိုစိုက်ကြည့်နေသည်။ သူက အလန့်တကြားဖြင့်အော်ပြောလိုက်သည်။

မဟုတ်ဘူး ...မဟုတ်ဘူး ... ကျွန်မသမီးလေး မဟုတ်ဘူး၊ ဂျက်ဖ် မဟုတ်ဘူး ...မဟုတ်ဘူး ....ဟုး ...ဟူး ..'

ဒက်ဖနီဖီးလ်ဒ်သည် ခရစ္စမတ်နေ့ နံနက်တွင် လုံးဝသတိပြန်ရလာခဲ့သည်။ အရေးကြီးလူနာခန်းတွင် နံနက်ပိုင်းတာဝန်ကျသော သူနာပြုဆရာမသည် ဒက်ဖနီ၏ အခန်းထဲသို့ အပြေးကလေး ဝင်လာခဲ့သည်။

ဒက်ဖနီသည် ခုတင်ပေါ်တွင် ပက်လက်လှဲကာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ မျက်လုံးများက ပြူးကြောင်ကြောင်ဖြင့် ဂနာမငြိမ်လှုပ်ရှား နေကြသည်။ သူ့မျက်နှာမှာ ဝေဒနာဒဏ်ကြောင့် မဲ့ရွဲ့နေသည်။

ယခုတော့ သူကောင်းကောင်းကြီး သတိရပြီ။ သူ့အဖြစ်မှန်ကို သူမှတ်မိပြီ။ ရင်ထဲတွင် ကြီးစွာသော နာကျင်မှုကို ခံစားရသည်။

လွန်ခဲ့သော ကိုးနှစ်ကာလ ခင်ပွန်းသည်ဂျက်ဖရီနှင့်သမီးလေး အေမီတို့ မီးလောင်၍ သေဆုံးခဲ့ရသော ညကခံစားခဲ့ရသော ဝေဒနာမျိုးကို သူအသည်းကျွမ်းလုမတတ် တမြိုက်မြိုက်ခံစားနေရပြီ။

* * *



အခန်း ( ၄ )

ဘာဘရာ ဂျာဘစ်သည် ဆရာမအယ်လစ်ဇဘတ်ဝတ်ကင်း ဖုန်းဆက်ပြီးနောက် နှစ်နာရီအကြာတွင် လီနောက်ကုန်းမြင့်ဆေးရုံသို့ ရောက်လာသည်။

ဆရာမဝတ်ကင်းသည် အိမ်သို့ရောက်သောအခါ ဘာဘရာ၏ဖုန်းနံပါတ်ကိုရှာပြီး ဆက်လိုက်ခြင်းဖြစ်သည်။ ဘာဘရာမှာ ကြားလိုက်ရသောသတင်းဆိုးကြောင့် ခေါင်းနပန်းကြီးသွားပြီး ချက်ချင်းပင်ဆေးရုံသို့ လိုက်လာခဲ့သည်။ သူရောက်လာတော့ နံနက်ကိုးနာရီထိုးနေပြီ။ တာဝန်ကျဆရာမက ဘာဘရာအား ခန်းမကြီးအတိုင်း ဦးဆောင်ခေါ်လာသည်။ ဘာဘရာ၏မျက်နှာမှာ ညတုန်းက လုံးဝမ အိပ်ခဲ့ရသည့်ပုံမျိုး ပေါက်နေသည်။ ဒက်ဖနီကားတိုက်ခံရ၍ ဆေးရုံရောက်နေကြောင်း၊ ဆွေမျိုးသားချင်းများအား အကြောင်းကြားပေးစေလိုကြောင်း ဆရာမဝတ်ကင်းက သူ့ထံဖုန်းဆက်သည်။

ဆရာမက ဘာဘရာလာမှလာပါ့မလားဟု စိုးရိမ်မိခဲ့သည်။ ဖုန်းထဲမှာ ဘာဘရာ ပြန်ပြောသံမှာ လှိုက်လှိုက်လှဲလှဲမရှိလှ၊ ဖုန်းဆက်၍အကြောင်းကြားသည်ကိုပင် မကျေနပ်ဟု တင်စကား တစ်ခွန်းမှ မပြော။ ထို့ကြောင့် ဒီအမျိုးသမီးက ဘယ်လိုအမျိုးသမီးပါလိမ့်ဟု ဆရာမဝတ်ကင်းက တွေးမိခဲ့သည်။ ယခုဆေးရုံသို့ ရောက်လာ၍ ဒက်ဖနီ၏



www.burmeseclassic.com

www.burmeseclassic.com



အခန်းကိုစုံစမ်းသောအခါတွင်လည်း သူ့အမူအရာက ခပ်တည်တည်ဖြစ်၍ တစ်မျိုးကြီး ဖြစ်နေကြောင်း တာဝန်ကျဆရာမက သတိထားမိသည်။

သူကအသံမာမာဖြင့် မေးခွန်းတွေ ထုတ်နေသည်။ သတင်းစာတိုက်တွေကို အကြောင်းကြားသေးသလား။ မစ္စက်ဖီးလ်ဒ်ကို ဘယ်သူလာကြည့်သေးသလဲ။ မစ္စဖီးလ်ဒ်က ဘယ်သူဘယ်ဝါဆိုတာ ဆေးရုံအမှုထမ်းတွေက သိကြသေးလား။

'ဟုတ်ကဲ့ သူဟာ နာမည်ကျော် စာရေးဆရာမ ဒက်ဖနီဖီးလ်ဆိုတာကို ကျွန်မတို့ထဲက တစ်ချို့တော့ သိကြပါတယ်။ သူ့စာအုပ်တွေကို ကျွန်မတို့ ဖတ်ဖူးကြပါတယ်' တာဝန်ကျဆရာမက ပြန်ပြောသည်။

'အေးလေ ဖတ်ဖူးတာတော့ ဖတ်ဖူးမှာပေါ့၊ ဒါပေမယ့် သူကအခု ဒီဆေးရုံကို စာရေးဖို့ရောက်လာတာ မဟုတ်ဘူး၊ အရေးအကြီးဆုံးကတော့ သူ့ကိုဘယ်သူမှ အနှောင့်အယှက် မပေးဖို့ပဲ၊ တကယ်လို့ သတင်းစာတိုက်တွေက ဖုန်းဆက်လို့ပဲဖြစ်ဖြစ် လူကိုယ်တိုင်ဖြစ်ဖြစ် သတင်းလာယူရင် သူနဲ့ပါတ်သက်လို့ ဘာတစ်ခုမှမပြောပါနဲ့ အဲတာတော့ အထူးသိစေချင်တယ်၊ မစ္စဖီးလ်က ဘယ်တော့မှ လူသိရှင်ကြားမနေချင်ဘူး အထူးသဖြင့် အခုလိုအချိန်မျိုးမှာ သတင်းစာဆရာတွေကို အသိမပေးဘဲ သူတစ်ယောက် ထည်းနေတာ အကောင်းဆုံးပဲ 'ဟု ဘာဘာရာက အပေါ်စီးလေသံဖြင့်ပြောသည်။

တာဝန်ကျဆရာမကလည်း မခံချင်စိတ်ဖြင့် ပြန်ပြောလိုက်သည်။

'မနေ့ကလည်း နယူးရောက်ပြည်နယ် အုပ်ချုပ်ရေးမှူး ဒီဆေးရုံကိုလာတက် ဖူးပါတယ်၊ သူလည်းအတူတူပါပဲ သူဆေးရုံတက်တော့ ဘယ်သူမှမသိစေချင်ဘူး ဒီတော့ မစ္စဖီးလ်ဒ်လဲ သူ့လိုပဲဖြစ်ရမှာပေါ့'

'အခု သူ့အခြေအနေ ဘယ်လိုနေသလဲ'

'ရှင့်ဆီဖုန်းဆက်တဲ့ အချိန်ကစပြီး ဘာမှပြောင်းလဲမှု မရှိသေးဘူး၊ ည လည်း အခြေအနေတော်တော်ဆိုးတယ်'

'သူတော်တော်ခံရသလား'

'သိပ်တော့ခံရမှာမဟုတ်ပါဘူး၊ ဆေးတွေနိုင်နိုင် ထိုးပေးထားပါတယ်၊ ဒါပေ မယ့် ပြောလို့တော့မရဘူးလေ၊ ညတုန်းကတော့ တော်တော်ခံနေရပုံပဲ ကယောင်ကတမ်း နဲ့ စကားတွေလည်းပြောနေတယ်။ အိမ်မက်မက်နေသလိုပဲ သိပ်ပြီးလန့်သွားလို့ဖြစ် ရတယ်၊ အခု ရှင်သူ့ကိုကြည့်ချင်ရင် ခဏတော့ကြည့်နိုင်ပါတယ်၊ သူက လုံးဝသတိမ ရ သေးဘူး မေ့မြောနေတုန်းပဲ ရှင့်ကိုလည်း ဘယ်သူမှန်းသိမှာမဟုတ်ဘူး'

ဘာဘာရာက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။ ထို့နောက် မီးရောင်ထိန်ထိန်လင်းနေသော ခန်းမကြီးဝဲယာရှိ လူနာခန်းများကိုကမန်းကတန်း မျက်လုံးကစားကြည့်လိုက်သည်။ အရေးကြီး လူနာခန်းတွေကို မြင်ရသည်နှင့် ဘာ





မဖြစ်သော လူကောင်းများပင် ကျောစိမ့်ချင်သည်။ ဘာဘာရာက အရေးကြီးလူနာခန်းသို့ တစ်ခါမှမရောက်ဖူး။ သို့သော် ဒက်ဖနီရောက်ဖူးကြောင်းတော့ သူသိသည်။ သူက ဂျက်ဖရီနှင့် အေမီတို့သားအဖ မီးလောင်ခံရ၍သေဆုံးသွားပြီးနောက် ဒက်ဖနီထံ ရောက်လာခဲ့ခြင်းဖြစ်လေသည်။ သို့သော်လည်း ထိုအကြောင်းကို တစ်ညတွင် သူ့အား ဒက်ဖနီက စီကာပတ်ကုံးပြန်လည်ပြောပြခဲ့သည်။ ယခုအခါ ဒက်ဖနီနှင့်ပေါင်းလာခဲ့သည် မှာ သုံးနှစ်ကျော်ခဲ့ပြီ။ ထိုကာလအတွင်း ဒက်ဖနီအကြောင်းနှင့်ပါတ်သက်၍ သူမသိတာ ဘာမှမရှိတော့။

'သူ့ကို အခု ဝင်ကြည့်လို့ရမလား'

'ဟုတ်ကဲ့ ရပါတယ်'

သူနာပြုဆရာမက ဘာဘာရာအား ဒက်ဖနီ၏အခန်းထဲသို့ ခေါ်လာခဲ့သည်။ ဘာဘာရာ၏ခြေလှမ်းများက သွက်သော်လည်း ခြေသံကငြိမ်လှသည်။

သူက ဒက်ဖနီ၏ခုတင်ဘေးတွင်ရပ်ကာ ရောဂါအခြေအနေပြ စက်ကရိယာ များကို တစ်ချက်စောင်းကြည့်လိုက်သည်။ သူ့စိတ်ထဲတွင် တော်တော် ကျေနပ်သွား သည်။ အစစအရာရာ လိုလေသေးမရှိ၊ အားလုံးပြည့်စုံနေသည်။ လွန်ခဲ့သော တစ်နာရီလောက်က အိပ်ဆေးတစ်လုံးထပ်ထိုးပေးထားသည်ဟု ဆိုသည်။ သည်အ တိုင်းဆိုလျှင် နာရီပေါင်းများစွာ အိပ်ပျော်နေဦးမည်မှာ သေချာသည်။

ဘာဘာရာက ဒက်ဖနီ၏ လက်ကလေးကို ညင်ညင်သာသာ ဆုပ်ကိုင်လိုက် သည်။ သူ့မျက်နှာပေါ်သို့ မျက်ရည်တွေဖြည်းဖြည်းချင်း စီးကျလာသည်။ သူက ဒက်ဖနီ၏လက်ကို ဆုပ်မြဲဆုပ်ထားသည်။ မိခင်က သမီးငယ်၏လက်ကိုတယုတယ ဆုပ်ထားသလို ဆုပ်ထားသည်။ သွေးခုန်နှုန်းက အလွန်နှေးနေသေးသည်။ အသက် ရှင်နိုင်မည်ဟု ကျိန်းသေ မပြောနိုင်သေး။ အချိန်ကအလွန်စောနေသေးသည်။

လူနာကို ကြည့်နေရင်းမှ ဘာဘာရာ ရင်ထဲဆို့ကျပ်လာသည်။ မငိုမိအောင် စိတ်ကိုတင်းထားသည်။ သို့သော် တင်း၍မရ၊ အသံထွက်၍ငိုရှိုက်မိတော့သည်။

သူနာပြုဆရာမက ပြန်ထွက်သွားသည်။ လူနာကို ဘာဘာရာတစ်ယောက် တည်း ငူငူကြီးရပ်ကာ ကြည့်ကျန်ရစ်သည်။ ရင်ထဲတွင် လှိုက်လှိုက် တက်လာသည်။ စိတ်ကိုမနည်းကြီးချုပ်တည်းထားရသည်။

တော်တော်ကြာတော့ ဆရာမပြန်ရောက်လာသည်။ အခန်းတံခါးဝတွင် ရပ်ကာ ဘာဘာရာအားမျက်ရိပ်မျက်ခြည်ပြသည်။ ဘာဘာရာက လူနာဘေးတွင် မတုန်မ လှုပ်ရပ်နေတုန်း။ ဆရာမပြန်ထွက်သွားသည် ဘာဘာရာကဆုပ်ကိုင်ထားသော လူနာ၏လက်ကို ခုတင်ပေါ်တွင် အသာအယာပြန်ချထားလိုက်သည်။ ထို့နောက် အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခန်းမကြီးအတိုင်း ပြန်လျှောက်လာစဉ် ဘာဘာရာ၏မျက်နှာတွင် အတိုင်းအဆမရှိသော ကြေကွဲရိပ်များသည် ထင်ရှားစွာ ပေါ်လွင်နေသည်။ သူနာပြုဆရာမများ၏ရုံးခန်းစားပွဲသို့ ရောက်သောအခါ မျက်နှာဖုံးကို ပြန်ချွတ်ပြီး စားပွဲပေါ်တွင် တင်ထားလိုက်သည်။

'သူ့အခြေအနေက မျှော်လင့်ချက်များရှိပါသေးရဲ့လား ဆရာမရယ်'

ဘာဘာရာ၏မျက်လုံးများက တစ်စုံတစ်ရာကို တောင့်တနေသည်။ အားပေးချက် တစ်ရပ်၊ မျှော်လင့်ချက်တစ်ရပ်၊ ကတိစကားတစ်ခွန်းကို အငမ်းမရ တောင့်တနေသည်။ သို့သော် ဒက်ဖနီ၏ လောလောဆယ် အခြေအနေကို ကြည့်လျှင် ဘာကိုမှ မျှော်လင့်နိုင်စရာ မရှိသလို ဖြစ်နေသည်။ သူသည်အိပ်ရာပေါ်တွင် မလှုပ်မယှက် ငြိမ်သက်နေသည်။ သူ့ကို ကြည့်ရသည်မှာ သေနေသူတစ်ယောက်နှင့်ဘာမှမခြားနားတော့။

ဆရာမဝတ်ကင်းက ဘာဘာရာအားကြည့်ပြီး အတော်ကလေး ကျေနပ်သွားမိသည်။ စာရေးဆရာမဒက်ဖနီဖီးလ်ဒ်အပေါ်တွင် သူ့စာဖတ်ပရိတ်သတ်တွေက မေတ္တာထားသလို သူ့မိတ်ဆွေအပေါင်းအသင်းတွေကလည်း မေတ္တာရှိကြတာကို မြင်ရသောကြောင့် သူဝမ်းသာသွားမိသည်။

သို့သော် ယခုဘာဘာရာက သူ့မျက်နှာကို စေ့စေ့ကြည့်ကာ သူ့ဆီမှအဖြေတောင်းနေလေပြီ။ ထိုအဖြေကို ဘုရားသခင်မှတစ်ပါး မည်သူပေးနိုင်ပါမည်နည်း။

'အတိအကျ ပြောနိုင်ဖို့ အချိန်အများကြီးစောနေပါသေးတယ် မစ္စဘာဘာရာ သူဟာ အခြေအနေကောင်းရင်လဲ ကောင်းလာနိုင်ပါတယ်၊ ဒါမှမဟုတ် လုံးဝမျှော်လင့်ချက် မရှိတော့တဲ့၊ အဖြစ်ကိုလဲ ရောက်သွားနိုင်ပါတယ်၊ ခံစားနေရတဲ့ဝေဒနာဒဏ်က တော်တော်ပဲ ပြင်းပါတယ်'

ဘာဘာရာက ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ ညိတ်နေသည်။ ထို့နောက် တယ်လီဖုန်းခန်းထဲသို့ ဖြည်းဖြည်းလျှောက်ဝင်သွားသည်။ ခဏကြာတော့ ပြန်ထွက်လာသည်။ ဒက်ဖနီအား နောက်တစ်ကြိမ် ဘယ်တော့ဝင်တွေ့ခွင့်ရမှာလဲဟု တာဝန်ကျဆရာမအား မေးကြည့်သည်။ နောက် နာရီဝက်ကြာလျှင် ဆယ့်ငါးမိနစ်တွေ့ခွင့်ပေးမည်ဟု ဆရာမကပြောသည်။

'ဒါနဲ့မစ္စဘာဘာရာ ဆာရှောမယ်၊ ကော်ဖီတစ်ခွက်လောက် သောက်လိုက်ပါလား၊ သူ့ကိုတွေ့ချင်ရင် ထပ်တွေ့လို့ရပါတယ်၊ ဒါမှမဟုတ်လဲ ဆရာမက ဆက်မပြောတော့။ သဘောကပြန်ချင်ရင်လဲ ပြန်လို့ရပါတယ်ဟု ဆိုလိုသည့်သဘောပင်ဖြစ်သည်၊ ဆရာမ ဆိုလိုချက်ကို ဘာဘာရာ ချက်ချင်းရိပ်မိလိုက်သည်။

'ကျွန်မ မပြန်သေးပါဘူး၊ ဆက်နေဦးမယ်' သူက ယဲ့ယဲ့ကလေးပြုံးသည်၊





သို့သော် ထိုမျှပြုံးရန်အတွက်ပင် တော်တော် အားယူရဟန်တူသည်။ 'ကျွန်မ ကော်ဖီသောက်မယ်၊ ကျေးဇူးပါပဲ'

အလုပ်သင်သူနာပြုဆရာမလေးတစ်ယောက်က ဘာဘာရာအား ကော်ဖီစက်ရှိရာသို့ ခေါ်လာသည်။ ကော်ဖီစက်အနီးမှ ဆိုဖာခုံတန်းများတွင် လူနာရှင်တွေထိုင်နေကြသည်။ သူတို့ကား သူတို့ချစ်သော ပုဂ္ဂိုလ်များ၏သေရေးရှင်ရေးသတင်းကို ရင်တထိတ်ထိတ်ဖြင့် ထိုင်စောင့်နေကြသူများပင်တည်း။

ဆရာမလေးက အငွေ့တထောင်းထောင်းထွက်နေသော ကော်ဖီပန်းကန်ကို ဘာဘာရာအား ကမ်းပေးသည်။ ဘာဘာရာက ကော်ဖီပန်းကန်ကို လှမ်းယူကာ ဆရာမလေး၏မျက်နှာကို စေ့စေ့ကြည့်နေသည်။

'ဆရာမရော သူ့စာအုပ်တွေ ဖတ်ဖူးသလား'

ဆရာမလေးက စကားမပြောဘဲ ခေါင်းတစ်ချက်ညိတ်ပြပြီး လှည့်ထွက်သွားသည်။ ဘာဘာရာက ကော်ဖီသောက်ရင်း ဆိုဖာခုံတန်းတွင် ထိုင်ကျန်ရစ်သည်။ သူ့မျက်နှာ ညှိုးရော်နေသည်။ ကိုယ်စိတ်နှစ်ပါးစလုံး တော်တော်ပင် နွမ်းနယ်နေပုံရသည်။

ဆရာမအယ်လစ်ဇဘက်ဝက်ကင်း အလုပ်ပြန်ဝင်လာသည်။ ဒက်ဖနီ၏လူနာမှတ်တမ်းကို ယူကြည့်သည်။ ဘာမှတိုးတက်မှုမရှိ။

ထို့နောက် ဘာဘာရာထံသို့ လျှောက်လာပြီး စကားစမြည် ပြောကြသည်။ ဘာဘာရာအား ကော်ဖီတစ်ခွက်ထပ်ပေးသည်။ သူက ဘာဘာရာကို ကြည့်ပြီး အကဲခတ်နေသည်။ ဒက်ဖနီနှင့်ရွယ်တူလောက်ပင် ရှိမည်ဟုထင်မိသည်။ ဆရာမက ဘာဘာရာအား ဒက်ဖနီအကြောင်းတွေကို မေးကြည့်ချင်သည်။ သို့သော်သူ့မျက်နှာကမသာမယာ။ စိတ်ဆိုးနေမည်ကို စိုးရိမ်မိသည်။

'ဒါနဲ့သူ့မှာ ဆွေမျိုးသားချင်း တစ်ယောက်မှ မရှိဘူးလား မစ္စဘာဘာရာ'

ဆရာမက အရဲစွန့်၍ မေးဖြစ်အောင်တော့ ပြုံးလိုက်သေးသည်။

ဘာဘာရာက ခေတ္တမျှတုံ့ဆိုင်းနေပြီးနောက် ခေါင်းကိုခါယမ်းရင်း

'မရှိပါဘူး၊ ဘယ်သူမှ မရှိဘူး'

'ကျွန်မတို့ စုံစမ်းကြည့်တော့ မုဆိုးမလို့သိရပါတယ်'

ဘာဘာရာ အံအားသင့်သွားသည်။ သို့သော် သူကခေါင်းညိတ်ပြီး ဝန်ခံလိုက်သည်။ ပြီးတော့ ကော်ဖီပူပူကို တစ်ကျိုက်သောက်လိုက်သည်။

'သတင်းစာတိုက်တွေက ဘယ်သူမှဖုန်းမဆက်ကြဘူးလား' ဘာဘာရာက ပြန်မေးလိုက်သည်။

'ဘယ်သူမှ မဆက်ပါဘူး၊ အဲဒီကိစ္စကျွန်မပဲ ကြည့်လုပ်ထားပါတယ်၊ ဒီအတွက် ဘာမှမစိုးရိမ်ပါနဲ့၊ သူတို့ဘယ်သူမှ အနားမကပ်စေရပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဘာဘာရာက ပထမဆုံးအကြိမ် ပြုံးလိုက်သည်။ ပြုံးလိုက်တော့လည်း သူက တော်တော်ကျက်သရေရှိတဲ့ အမျိုးသမီးပါလားဟု ဆရာမကတွေးလိုက်သည်။

'မစ္စဒက်ဖနီဖီးလ်ဒ်က နာမည်ကြီးတာကို သိပ်ပြီးမုန်းပါတယ်'

'ဟုတ်တာပေါ့၊ သူကနိုင်ငံကျော် စာရေးဆရာမဲဆိုတော့ သတင်းစာဆရာတွေက သူ့နောက်ကတကောက်ကောက်လိုက်ပြီး နှောင့်ယှက်နေကြမှာပေါ့'

'ဟုတ်ပါတယ်၊ အဲဒီအတိုင်းပါပဲ၊ ဒါပေမယ့် မစ္စဖီးလ်ဒ်က တတ်နိုင်သမျှ ရှောင်ပါတယ်၊ တစ်ခါတလေ ခရီးထွက်ရင်တော့ သတင်းစာဆရာမတွေကို ရှောင်လို့ မရဘူး၊ ဒါတောင်မှ သူကစကားကိုသိပ်ပြီး ဆင်ဆင်ခြင်ခြင် ပြောတတ်တယ်'

'မစ္စဖီးလ်ဒ်က သိပ်ပြီးရှက်တတ်သလား မစ္စဘာဘာရာ'

'ရှက်တတ်တယ်လို့ ပြောရင်လဲ ရပါတယ်၊ ဒါပေမယ့် ကိုယ့်ကိုယ် ကိုယ်ထိန်းနေတာဆိုရင် ပိုမှန်လိမ့်မယ်၊ သူက လူတော သူတော သိပ်မရောချင်ဘူး၊ တစ်ကိုယ်တည်းနေရတာကို နှစ်သက်တယ်၊ ဒါပေမယ့် လူကိုတော့ မကြောက်ပါဘူး၊ ရင်းနှီးခင်မင်တဲ့ လူတွေနဲ့ကျတော့ ရောရောနှောနှောနဲ့ ပျော်ပျော်ရွှင်ရွှင် နေတယ်ပါတယ်'

ဆရာမဝတ်ကင်းက ထိုင်ရာမှပြန်ထလိုက်သည်။

'ကျွန်မက သူ့စာအုပ်တွေဖတ်ပြီး သိပ်ပြီးလေးစားနေပါတယ်၊ သူ့ကို အခုမှမြင်ဖူးတာပါ၊ ကိုယ်အင်မတန်လေးစားတဲ့ စာရေးဆရာမတစ်ယောက်ကို အခုလို အခြေအနေမျိုးနဲ့လာပြီး ပထမဆုံးအကြိမ် သိကျွမ်းရတာ တွေးကြည့်ရင် သိပ်ပြီး ဝမ်းနည်းစရာပါပဲ' သူ့မျက်နှာကကယ်လည်း ညှိုးနေသည်။ 'ကဲ ကျွန်မကို ခွင့်ပြုပါဦး မစ္စဘာဘာရာ၊ နောက်ထပ် ဝင်တွေ့ခွင့်ရတော့ ကျွန်မလာပြောပါ့မယ်'

ကောင်းပါပြီ၊ ကျွန်မ ထိုင်စောင့်နေပါ့မယ်'

ဆရာမဝတ်ကင်း ပြန်ထွက်သွားသည်။

သူ့ နာရီဝက်လောက်နောက်ကျသွားပြီ။ သူ့မှာလူနာတွေအတွက် လုပ်စရာတွေ တစ်ပုံကြီးရှိသည်။ ဆေးရုံတွင် နေ့ပိုင်းတာဝန်သည် အလုပ်အများဆုံး နှစ်ဆတိုး၍ လုပ်ရသည်။ ညပိုင်းလည်းတာဝန်ဆက်ယူရဦးမည်။

ယနေ့ကား သူ့အတွက်ရော မစ္စဘာဘာရာအတွက်ပါ စိတ်မချမ်းသာစရာ အကောင်းဆုံးနေ့တစ်နေ့ ဖြစ်နေပေဦးမည်တကား။

* * *



## အခန်း ( ၅ )

သူနာပြုဆရာမကြီး အယ်လစ်ဇဘတ်ဝတ်ကင်းနှင့် ဘာဘာရာတို့သည် ဒက်ဖနီ၏ အခန်းထဲသို့ နောက်တစ်ကြိမ် ပြန်ဝင်လာကြသည်။

ဒက်ဖနီက မျက်လုံးတစ်ချက် ဖွင့်ကြည့်ပြီးပြန်မှိတ်သွားသည်။ ဘာဘာရာက ဆရာမမျက်နှာကိုဖျတ်ခနဲ လှမ်းကြည့်သည်။ ဆရာမ တည်ငြိမ်အေးဆေးဟန်ဖြင့် ဒက်ဖနီ၏သွေးခုန်နှုန်းကို စမ်းကြည့်သည်။ သူက ပြုံးပြီး ဘာဘာရာအား ခေါင်းညိတ်ပြလိုက်သည်။

'အိပ်ဆေးတော့ နည်းနည်းပြေလာပါပြီ'

ဘာဘာရာက အားတက်သရောပြောနေသည်။ ဒက်ဖနီမျက်လုံးပြန်မှိတ်သွားသည်။ ချက်ချင်းလိုပင် ပြန်ပွင့်လာသည်။ သို့သော် သူ့မျက်လုံးတွေက ကြောင်နေသည်။ ဘာကိုမှ သဲသဲကွဲကွဲ မြင်ရဟန်မတူ၊ သူ့နှုတ်ခမ်းတွေ မသိမသာ ကလေး ပြုံးရိပ်သန်း လာသည်။ ပြီးတော့ မေးခနဲ ပြန်လည် အိပ်ပျော်သွားပြန်သည်။ တစ်မိနစ်နှစ်မိနစ်လောက် ကြာတော့ ပြန်ပွင့်လာကြပြန်သည်။ သူတစ်ခုခု ပြောချင်ပုံရသည်။ နှုတ်ခမ်းကလေးတွေ တရွရွလှုပ်လာသည်။ ဘာဘာရာက ကိုယ်ကိုကိုင်းပြီး နားစိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပါတီ ..ပါ ...တီ...ပွဲ ...၊ အို ...ကျွန်မ ...ကျွန်မ ...ခေါင်း ...ခေါင်းတွေကိုက်..'

အပြုံးယဲ့ယဲ့နှင့်အတူ အသံသဲ့သဲ့ပါ ပျောက်သွားသည်။

ဘာဘာရာ့မျက်နှာတွင် မျက်ရည်များစီးကျလာသည်။ တစ်ချိန်တည်းတွင် ဝမ်းလည်းအလွန်သာမိသည်။ ဒက်ဖနီ စကားတောင်ပြောလာပြီ မဟုတ်လား။ သူက သူ့သမီးဦးကလေး စကားစပြောတတ်လာသည်ကို ဂုဏ်ယူဝမ်းသာမဆုံး ဖြစ်ရသည့် မိခင်တစ်ဦး၏အမူအရာမျိုးဖြင့် ဆရာမဝတ်ကင်း၏မျက်နှာကို လှည့်ကြည့်လိုက်သည်။ သို့သော် ဆရာမဝတ်ကင်း၏မျက်နှာက မရွှင်လန်း။ အလုပ်လည်းပင်ပန်းနေသည်။ ဒက်ဖနီအတွက်လည်း စိတ်မကောင်းဖြစ်နေသည်။ ယခုလို စိတ်ဓာတ်ပျော့ညံ့သည့်အတွက် သူ့ကိုယ်သူပင် ကျိတ်ပြီး အပြစ်တင်မိသည်။ တကယ်တော့ သူလည်းခံစားတတ်သော လူသားတစ်ယောက်ပင် မဟုတ်ပါလား။ မျက်စိအောက်တွင် မြင်နေရသော မြင်ကွင်းက စိတ်ထိခိုက်စရာ ကောင်းလှသည်။ ဤမိန်းမ နှစ်ယောက်ကား တစ်ယောက်နှင့်တစ်ယောက် ကွာခြားလှပါဘိ တကား။ တစ်ယောက်ကသေးသေးသွယ်သွယ် နွဲ့နွဲ့နှောင်းနှောင်းကလေး၊ တစ်ယောက်ကတော့ အားကောင်းမောင်းသန် ထောင်ထောင်မောင်းမောင်း။

ဒက်ဖနီနှုတ်ခမ်းတွေ လှုပ်လာသည်။ အားယူပြီး စကားပြောသည်။

'ကျွန်မ ...ကျွန်မ ...ဘာ ...ဘာဖြစ်တာလဲ'

သူ့အသံက တိုးတိုးကလေး ကြားရရုံမျှသာ။

'ကားတိုက်ခံရတာလေ၊ ကျွန်မလဲ ဒီလောက်ပဲသိရတာ'

'ကျွန်မ ...ကျွန်မကို ...အမှန် ...အမှန် အတိုင်းပြော ...ပြောစမ်းပါ၊ ကျွန်မ ....ကျွန်မ....ဘယ် ..ဘယ်လို ..နေသလဲ'

'အို ဘာမှစိုးရိမ်စရာ မရှိပါဘူး ဒက်ဖ်၊ အကောင်းကြီးပါ၊ မကြာခင် ကျန်းမာလာမှာပါ၊ ဘာမှမပူပါနဲ့'

သူက ဘာဘာရာပြောသည်ကို မယုံကြည်နိုင်သလို ဆရာမဝတ်ကင်း၏မျက်နှာကို ကြည့်လိုက်သည်။ ယခုတော့ သူ့မျက်လုံးတွေ အမြင်ကြည်လင်လာကြပြီ။

'ဟုတ်ပါတယ် မစ္စဖီးလ်ဒ်၊ အများကြီးကောင်းလာပါပြီ၊ မနက်ဖန်ဆိုရင် ပိုပြီးကောင်းလာမှာပါ'

သူကခေါင်းညိတ်သည်။ ထို့နောက် မျက်နှာညှိုးသွားသည်။ ဘာဘာရာကို လှမ်းကြည့်သည်။ သူ့မျက်နှာ တင်းမာလာသည်။

'သား ...... သားလေးကို မ ..မပြောပါနဲ့ ...နော်'

ဘာဘာရာက ခေါင်းညိတ်ပြလိုက်သည်။ 'မက် ..မက်သယူးကိုလဲ ...'ဘာဘာရာ ရင်ထဲဆို့တက်လာသည်။ 'ကျွန်မ ....ကျွန်မကို ...ကတိ ...ကတိပေးပါ ..'





'စိတ်ချပါ ဒက်ဖ်၊ ကတိပေးပါတယ်၊ မပြောပါဘူး၊ စိတ်ချပါ'

'ဟင့်အင်း ...ဟင့်အင်း' သူ့အသံ တိမ်ဝင်သွားပြန်သည်။ မျက်လုံးတွေ ပြန်မှိတ်သွားသည်။ ပြန်ပွင့်လာသည်။ 'ကျွန် ...ကျွန်မကို ကား ...ကားနဲ့တိုက်တာ ...ဘယ်...ဘယ်သူလဲ'

'ဩော် လောင်းအိုင်လင်းက ကလေကချေတစ်ယောက်ပါ၊ ရဲမေပြောတော့ သူအရက်မူးနေတယ်တဲ့၊ အဲဒီလူကတော့ ဒက်ဖ်က ကားလာတာမမြင်ဘဲ လမ်းဖြတ်ကူးတယ်လို့ ပြောတယ်'

သူ ခေါင်းကိုညိတ်ရန် ကြိုးစားသည်။ ချက်ချင်းပင် မျက်နှာရှုံ့မဲ့သွားသည်။ ဒဏ်ရာက နာကျင်ဟန်တူပါရဲ့။ အသက်ကိုလည်း မနည်းကြိုးစားရှူနေရသည်။

ဆရာမဝတ်ကင်းက လက်ပတ်နာရီကြည့်လိုက်သည်။ ဧည့်သည်ပြန်ရန် အချိန်တန်ပြီ၊ သို့သော် ဒက်ဖနီက စကားပြောချင်သေးပုံရသည်။ နှုတ်ခမ်းကလေးတွေ ရွရွလှုပ်နေသည်။

'သူ့ ..သူ့ကို ....'အသံပြတ်သွားသည် ဘာစကားမှ ထွက်မလာတော့။ ဘာဘာရာက အနားကကပ်ပြီး မေးလိုက်သည်။

'ဘယ်သူ့ကိုလဲ ဒက်ဖ်'

'ကား ...ကားဆရာကို ...ဘာ.... ဘာမှမ....မလုပ်ကြပါနဲ့ ....ပြော....ပြောပြပါ။ သူ့အပြစ်...မဟုတ်...မဟုတ် ...သူ...သူတို့ကို ပြော ...ပြောပြပါ...ကျွန်မ ...ကျွန်မ ပြောတယ် ...လို့၊ ပြော ...ပြောပြပါ' ဆရာမဝတ်ကင်း မျက်နှာကို ကြည့်ပြန်သည်။ 'ကျွန်မ ဘာမှ ..ဘာမှမမှတ် ...မမှတ်မိတော့ဘူး'

'ဟုတ်ပါတယ်၊ ဒီလိုပဲပေါ့'

ထို့နောက် သူ့မျက်နှာညှိုးသွားသည်။ မျက်လုံးပြာကြီးများတွင် မျက်ရည်တွေ ရွှန်းလာသည်။ 'ဥသြ ..ဥသြဆွဲသံလိုပဲ ...အဲဒါလောက်ပဲ ..မှတ်..မှတ်မိတော့ ...တယ်' မျက်လုံးတွေ ပြန်ပိတ်သွားသည်။ မျက်ရည်ဥများ၊ စီးကျလာသည်။ ဘာဘာရာက ကိုယ်ကိုကိုင်းပြီး လက်ကိုဆုပ်ကိုင်ထားလိုက်သည်။ သူ့မျက်လုံးတွေမှာလည်း မျက်ရည်တွေနှင့်။

'စကားမပြောပါနဲ့တော့ ဒက်ဖ်၊ စကားမပြောပါနဲ့တော့၊ စိတ်ကိုတင်းထားပါ၊ နေကောင်းသွားမှာပါ၊ သားလေးကို ချစ်ရင် မငိုပါနဲ့နော်'

မျက်လုံးတွေ ပြန်ပွင့်လာပြန်သည်။ ဘာဘာရာ၏ မျက်နှာကို အကြာကြီး စိုက်ကြည့်နေသည်။ ဆရာမဝတ်ကင်းက လက်ပတ်နာရီကို လက်ညှိုးထိုးပြရင်း ခေါင်းညိတ်ပြသည်။

'ခဏ နားလိုက်ပါဦး မစ္စဖီးလ်ဒ်၊ တော်တော်ကြာတော့မှ မစ္စဘာဘာရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက် ပြန်လာပါလိမ့်မယ်၊ စိတ်သက်သာအောင်သာ နေပါ၊ အပင်ပန်းခံပြီး ဘာမှ တွေးမနေပါနဲ့နော်'

သူက ခေါင်းခါပြသည်။ ထို့နောက် မျက်လုံးတွေ ပြန်မှိတ်သွားသည်။ သူ ပြန်လည်အိပ်ပျော်သွားပြီ။

မစ္စဘာဘရာနှင့်ဆရာမဝတ်ကင်းတို့ အခန်းထဲမှ ပြန်ထွက်လာကြသည်။ နှစ်ယောက်သား ဘေးချင်းယှဉ်ပြီး လျှောက်လာကြစဉ် ဆရာမက မစ္စဘာဘရာ၏ မျက်နှာကို ကြည့်လိုက်သည်။

'မစ္စဘာဘရာ ကျွန်မတို့ကို ဘာပြောစရာရှိပါသေးသလဲ၊ လူနာအကြောင်း သိသင့်တာတွေ သိထားရရင် အများကြီးကောင်းပါတယ်၊ ညတုန်းက သူကယောင်က တမ်းနဲ့ ခြောက်အိပ်မက်တွေ မက်နေတယ်'

'သူ မုဆိုးမဆိုတာ ဆရာမတို့ သိပြီးပြီးပဲ'

'ဟုတ်ပါတယ်'

ဆရာမဝတ်ကင်း သူ့စားပွဲသို့ ပြန်ထွက်သွားသည်။ ဘာဘရာက ကော်ဖီ စက်သို့ သွားပြီးကော်ဖီကြမ်းတစ်ခွက် သောက်သည်။ ပြီးတော့ ဆိုဖာခုံတန်းသို့ပြန်လာ သည်။ သက်မ တစ်ချက်ချကာ ဆိုဖာပေါ်သို့ ထိုင်ချလိုက်သည်။ တော်တော် စိတ်မော လူမော ဖြစ်နေသည်။

ဒက်ဖနီကားတိုက်ခံရကြောင်း သူ့သားကလေး အန်ဒရူးအား မပြောပါဘူးဟု ကတိပေးခဲ့မိတာ မှားသွားပြီ။ အန်ဒရူးအနေဖြင့် သူ့မေမေ အခုလို သေကောင်ပေါင်း လဲ အသည်းအသန် ဖြစ်နေတာကို သိခွင့်ရှိသည်။ တကယ်လို့ မဆိုကောင်း ဆိုကောင်း ဒက်ဖနီသေသွားလျှင် ဘယ်လိုလုပ်မည်နည်း။ ဒက်ဖနီသည် လွန်ခဲ့သော နှစ်များအ တွင်း စာအုပ်ရေးပြီး သားကလေးအတွက် ပိုက်ဆံတွေအများကြီးထောက်ပံ့ခဲ့သည်။ သို့သော် သားကလေးအနေဖြင့် သူ့မေမေထံမှ ပိုက်ဆံထက်ပိုသောအရာကို ရသင့် သည်။ သူတို့သားအမိက အမေတစ်ခု သားတစ်ခု။ လောကကြီးတွင် ချစ်ခင်မြတ်နိုးစရာ ဆို၍သည်နှစ်ယောက်သာရှိသည်။ တကယ်လို့များ ဒက်ဖနီသေသွားရင်ဖြင့် ဘုရား . . .ဘုရား . . . ။

သူ့အတွေးနှင့်သူ ဘာဘရာ တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ ပြတင်း ပေါက်မှ ကျော်ကာ အပြင်သို့လှမ်းကြည့်လိုက်သည်။ အပြင်တွင်ဆီးနှင်းတွေ တဖွဲဖွဲ ကျနေသည်။ ဆောင်းတွင်းမြင်ကွင်းသည် ဆီးနှင်းတွေဖုံးကာ မှုန်ဝါးနေသည်။ ဘာဘရာ ၏စိတ်သည်လည်း ဆောင်းတွင်းရှုခင်းလိုပင် ထိုင်းမှိုင်းဝေဝါးနေသည်။

ဒက်ဖနီထံတွင် ဘာဘရာ အတွင်းရေးမှူးဝင်လုပ်ပြီးနောက် ပထမနှစ်အတွင်း သူ့သားကလေးအကြောင်းကို ဒက်ဖနီ တစ်ခွန်းမှ မဟခဲ့။





ဒက်ဖနီသည် အောင်မြင်နေသော စာရေးဆရာမတစ်ယောက်။ လူတော သူတောမသွားဘဲ တစ်ယောက်တည်းသာ အနေများသည်။ အလုပ်ကိုအလွန်ကြိုးစား သည်။ ဘာဘရာက ဒက်ဖနီအကြောင်းကို ဤမျှသာသိရသည်။ သို့သော် ခရစ္စမတ် အကြိုညတွင် ဘာဘရာနောက်ကျခံပြီး အလုပ်လုပ်နေရစဉ် ဒက်ဖနီသည် သူ့အလုပ်ခန်း ထဲတွင် ထိုင်ငိုနေသည်ကို တွေ့ရသည်။ ထိုညတွင် ဒက်ဖနီက ဂျက်ဖ်အကြောင်း အေမီ အကြောင်းနှင့် သားကလေး အန်ဒရူးအကြောင်းတို့ကို ပြောပြ၍ အကြောင်းစုံသိခဲ့ရ သည်။ လင်နှင့်သမီးငယ်တို့ မီးလောင်သေဆုံးသည့်ညမှာပင် အန်ဒရူးကလေးကို ပဋိသန္ဓေ စွဲကပ်ခဲ့သည်။ နောက်ကိုးလကြာတော့ အန်ဒရူးကလေးကို မွေးဖွားသည်။ မိသားစုတစ်ယောက်မှမရှိ၊ ခင်ပွန်းလင်မရှိ၊ မိတ်ဆွေအပေါင်းအသင်းမရှိဘဲ တစ်ယောက် ထည်း ဆေးရုံတက်၍မွေးဖွားခဲ့သည်။ အသိမိတ်ဆွေတို့ကို အသိမပေးခြင်းမှာ သူတို့ကို မြင်လျှင် ဂျက်ဖ်ကိုသတိရမိမှာ စိုးသောကြောင့်ဖြစ်သည်။

အန်ဒရူးကလေးကိုမွေးတော့ သမီးကြီးအေမီကို မွေးတုန်းကနှင့်တခြားစီ အေမီ ကို မွေးတုန်းက ဂျက်ဖ်က ဒက်ဖနီ၏လက်ကို တင်းတင်းဆုပ်ကိုင်ထားသည်။ အေမီ ကလေးက တဝါးဝါးအော်ငိုရင်း အမိဝမ်းမှ ထွက်လာသည်။ မိဘနှစ်ပါးမှာ ဝမ်းသာ လွန်း၍ မျက်ရည်များတောင် ကျရှာသည်။

အန်ဒရူးကလေးကို မွေးတုန်းကတော့ ယင်းသို့မဟုတ် မိခင်ရောကလေးပါ တော်တော် ဒုက္ခရောက်ခဲ့သည်။ ဗိုက်နာပြီး သုံးဆယ့်ရှစ်နာရီကြာမှ ကလေး ဝမ်းက ကျွတ်သည်။ သို့သော် လွတ်လွတ်ကင်းကင်း ကျွတ်လာသည်မဟုတ်၊ ချက်ကြိုးငြိကာ ကလေးအသက် မရှူနိုင်အောင်ဖြစ်နေ၍ အရေးပေါ်ဗိုက်ခွဲမွေးခဲ့ရခြင်းဖြစ်သည်။

ကလေးအပြင်ရောက်လာတော့ တဝါးဝါးမငိုဘဲ စီစီသံကလေးသာ ထွက် သည်ဟု ဆရာဝန်ပြော၍သိသည်။ ကလေးက တစ်ကိုယ်လုံး ပြာနှမ်းနေသည်။ မေ့ဆေးပြေသွားသောအခါ ဒက်ဖနီမှာ အလွန်အားနည်းနေတုန်း ရှိသေးသည်။ သို့သော် လည်း ကလေးကို ကြည့်ချင်လွန်းသည်ဆို၍ သားဖွားဆရာမက ကလေးငယ် ကို ဒက်ဖနီ၏ ရင်ခွင်ပေါ်တင်ပေးသည်။ သားငယ်ကိုချီလိုက်ရတော့ ဝေဒနာအားလုံး ယူပစ်လိုက်သလို ချက်ချင်းပျောက်သွားကြသည်။ သူ့အဖို့လောကတွင် ဤသား ကလေးမှတစ်ပါး အခြားဘာမှ အရေးမကြီးတော့ သားကလေးက မျက်လုံးသေးသေး ကလေးဖြင့် မေမေ့မျက်နှာကို ကြည့်နေသည်။ ဂျက်ဖရီမှ ဂျက်ဖရီ ချွတ်စွတ်တူလှသည်။ သားကလေးအား အန်ဒရူးဂျက်ဖရီဖီးလ်ဟု နာမည်ပေးလိုက်သည်။ အမှန်တော့ ဖခင် နာမည်အတိုင်း ဂျက်ဖရီဖီးလ်ဟုပင်ပေးချင်သည်။ သို့ပေမယ့်သားကလေးအား 'ဂျက်ဖ်'ဟုခေါ်တိုင်း ဖခင်ကို သတိရမည်စိုး၍ 'အန်ဒရူး'ဟူ၍သာ အမည်ပေးလိုက်တော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စမတ်အကြိုည မီးလောင်ပြီးနောက် ခြောက်ပတ်ကြာတော့မှ သူ့မှာ ကိုယ်ဝန်ရှိနေပြီ ဆိုတာကို စတင်သိရှိခဲ့ရသည်။ ယင်းသို့သိလိုက်ရတော့ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ထိတ်လန့်သွားမိခဲ့ရသည်။ တစ်ချိန်တည်းတွင် ဝမ်းလည်း အကြီးအကျယ် သာမိသည်။ သူ့ဗိုက်ထဲတွင် ကလေးရှိနေပြီဆိုသောအသိကြောင့် ဘဝသည် ပျော်စရာ ကောင်းလာခဲ့ရသည်။ သေချင်စိတ်တွေ ပြယ်ပျောက်သွားရသည်။ အထီးကျန်ဘဝသည် ပြန်လည်လန်းဆန်းလာရသည်။ သားကလေးက ချောလည်းချောသည်။ ပါးကလေးတွေက ဖောင်းပြီးနှင်းဆီရောင်လွှမ်းနေသည်။ မျက်လုံးပြာကလေးတွေကတော့ အမေ့မျက်လုံး၊ သို့သော်အားလုံးခြုံကြည့်လျှင်ကား သူ့ဖေဖေမှ သူ့ဖေဖေ။

သူတို့သားအမိနှစ်ယောက်အတွက် တိုက်ကလေးတစ်ခု ငှားသည်။ ကလေးထိန်းခန်းတွင် ဂျက်ဖ်ရီ၏ ဓာတ်ပုံများ ချိတ်ဆွဲထားသည်။ သူ့ဖေဖေရုပ်က ဘယ်လိုပုံမျိုးဆိုတာကို တစ်နေ့သောအခါ သားကလေးသိနိုင်ရန်ဖြစ်သည်။ ဖေဖေ့ဓာတ်ပုံတွေ အပြင် အမဖြစ်သူ အေမီ၏ဓာတ်ပုံကိုလည်း ငွေရောင်မှန်ပေါင်ကလေးဖြင့် ချိတ်ဆွဲထားသည်။ အန်ဒရူးကလေးက အင်မတန်အကျင့်ကောင်းသည်။ ဝဝကစ်ကစ်နှင့် ကျန်းလည်း ကျန်းမာသည်။

သို့သော် တစ်နေ့တွင် မီးဖိုခန်းစားပွဲပေါ်က ခြင်းတောင်းကလေးထဲတွင် မလှုပ်မယှက် ငြိမ်နေတာတွေ့ရတော့ ဒက်ဖနီလက်ချပ်တီးကာ သားငယ်ကိုမြူသည် ကလေးက တုတ်တုတ်မျှမလှုပ် မိခင်ကို ပြုံးရုံသာပြုံးကြည့်နေသည်။ ဒက်ဖနီ ရုတ်တရက် ထိတ်ကနဲ ဖြစ်သွားသည်။ ဆရာဝန်ဆီသွားတော့ 'ကျွန်မသားကလေး တစ်ခုခုများ ဖြစ်နေသလားဒေါက်တာ' ဟု အမှတ်မထင်မေးကြည့်မိသည်။

ဆရာဝန်က ကလေးကို စစ်ဆေးစမ်းသပ်ကြည့်သောအခါ ကလေးသည် မွေးကတည်းက နားပင်းလာသူဖြစ်ကြောင်း သိရတော့သည်။

ဤသို့ဖြစ်ရသည့်အကြောင်းရင်းကို အတိအကျပြောရန် တော့မလွယ် ကလေးကိုယ်ဝန်ရှိပြီးနောက် မိခင်အနေဖြင့်ထိတ်လန့်မှု တစ်စုံတစ်ရာ ဖြစ်ခဲ့သောကြောင့်လား ဒါမှမဟုတ် ဒက်ဖနီ မီးလောင်ခံရတော့ ဆေးရုံတက်တော့ ထိုးဆေးစားဆေး လိမ်းဆေးတွေ များလွန်းလို့များ ယခုလိုဖြစ်သွားရတာလား။ ဒက်ဖနီသည် ဆေးရုံတွင် တစ်လကျော်ကျော် နေခဲ့ရသည်။ ထိုအချိန်က သူ့မှာ ကိုယ်ဝန်ရှိနေပြီဆိုတာ ဘယ်သူမျှ မသိ။ သို့သော် ဘယ်အကြောင်းကြောင့်ပင်ဖြစ်ဖြစ် ကလေးကတော့ တစ်သက်လုံး နားကြားတော့မည်မဟုတ်သည်မှာ သေချာသည်။

သူ့သားကလေး ယခုလို လူစဉ်မမီ ဖြစ်နေကြောင်းသိရတော့ ဒက်ဖနီမှာ ယူကျုံးမရဖြစ်မိသည်။ သားငယ်ကို ပို၍ပင်ချစ်လာမိသည်။ နေ့ပိုင်း ကလေးအိပ်နေချိန် မှတပါး တချိန်လုံး ကလေးအနားမှ တဖဝါးမှမခွါ။ မနက်ကျတော့လည်း ကလေး





မနိုးခင် သူ့အရင်နိုးအောင် ငါးနာရီခွဲလျှင် နှိုးစက်ချထားသည်။ သူက သားကလေး အတွက် လိုလေသေးမရှိအောင် ပြုစုယုယသည်။ သူ့မှာစားလည်းသားကလေးစိတ် အိပ်လည်းသားကလေးစိတ်၊ တစ်ခါတစ်ခါ သားကလေးကိုကြည့်ပြီး သနားစိတ်ဖြင့် မျက်ရည်များပင် ကျရှာသည်။ သူ့ခမျာ ဘယ်တော့မှ နားကြားတော့မည်မဟုတ်။ ကားဟွန်းသံနှင့် ခွေးမာန်ဖီသံများကိုလည်း မကြားနိုင်တော့ သို့သော်လည်း ဘယ်လိုပင် ဖြစ်ဖြစ် ဒက်ဖနီဘဝတွင် အဖော်ဆို၍ ဒီသားကလေးတစ်ယောက် ရလာသောကြောင့် တော်ပါသေးသည်။ သို့မဟုတ်လျှင် သူ့ဘဝသည် တစ်သက်လုံး ပျော်စရာကင်းမဲ့သော အထီးကျန်ဘဝဖြစ်နေမည်မှာ သေချာသည်။

ဒက်ဖနီသည် နေ့ရှိသ၍ သားကလေးတာဝန်များနှင့်သာ လက်မလည်အောင် အလုပ်ရှုပ်နေသည်။ ထို့ကြောင့်တဖြည်းဖြည်း အပြင်လောကနှင့် အဆက်ပြတ်လာသည် မိတ်ဆွေအပေါင်းအသင်းတွေဆီလည်း သွားမလည်နိုင်တော့၊ ရုပ်ရှင်လည်း သွားမကြည့်နိုင်တော့။

ခက်သည်က သားကလေးကို တခြားသူတွေနှင့်လွှဲမထားချင်။ သူတို့က ကလေးကို သူနားလည်သလို နားလည်ကြမည်မထင်။ ထို့ကြောင့်လည်း ကလေး တာဝန် မှန်သမျှ သူ့ပခုံးပေါ်တွင်သာ ပုံကျနေတော့သည်။ တစ်နေ့ကုန် ကလေးကိုသာ အရိပ်တကြည့်ကြည့်နှင့် ထိန်းသိမ်းပြုစုနေရသောကြောင့် ညကျတော့ စိတ်ပန်းကိုယ် နွမ်းဖြင့် ခြေကုန်လက်ပန်း ကျနေတတ်သည်။

မွေးကတည်းက နားမကြားသော ကလေးတွေအကြောင်း ရေးသားထားသော စာအုပ်ဟူသမျှ တစ်အုပ်မကျန် သူအကုန်ဖတ်သည်။ နယူးယောက်မြို့တွင်ရှိသမျှက လေးပါရဂူ ဆရာဝန်ကြီးများထံ သွားပြသည်။ သို့ပေမယ့် သူတို့လည်းဘာမျှမတတ် နိုင်ကြ။

'ခင်ဗျား ဒီလိုပဲ တစ်သက်လုံး ပြုစုသွားနိုင်မှာလား၊ တကယ်လို့ ခင်ဗျား သေသွားတဲ့အခါ ဘယ်လိုလုပ်မလဲ၊ ခင်ဗျားအနေနဲ့ သူ့ကို ဒီလိုအပိုင်စီးထားခွင့်မရှိဘူး။ ဒီလိုလုပ်နေရင် သူ့အနေနဲ့ အစစအရာရာ ခင်ဗျားကိုပဲ အားကိုးနေလိမ့်မယ်။ ခင်ဗျားကိုပဲ မှီခိုနေရလိမ့်မယ်၊ အမှန်ကသူ့သဘာဝအတိုင်း သူ့ဟာသူ လွတ်လွတ်လပ်လပ် နေနိုင် အောင် လုပ်ပေးရမယ်၊ အဲဒီလိုနေနိုင်အောင် ကလေးပြုစုရေး ကျောင်းက ကောင်းကောင်း လုပ်ပေးနိုင်တယ်၊ သူ ကြီးပြင်းလာတဲ့အခါ လူကောင်းတစ်ယောက်လို နေထိုင်ဆက်ဆံ တတ်လာအောင် လုပ်ပေးနိုင်တယ်'

'ကလေးကျောင်းပို့တော့ကော သူဘယ်တော့မှလူကောင်းလို ဖြစ်လာမှာလဲ၊ အသက်အစိတ်ရောက်မှလား၊ အသက်သုံးဆယ်ရှိမှလား၊ ကလေးကျောင်း ရောက်နေ တဲ့လူတွေ ကျွန်မတွေ့ဖူးပါတယ်၊ စကားပြန်နဲ့ စကားပြောနေကြတာပဲ၊ သူတို့က



www.burmeseclassic.com

www.burmeseclassic.com


နားကြားတဲ့လူတွေကို မယုံကြည်တော့တဲ့စိတ်တွေတောင် ဝင်နေကြတယ်၊ တချို့များ အသက်လေးဆယ်ပြည့်တောင် ကျောင်းကမထွက်နိုင်ကြသေးဘူး၊ ကျွန်မသားလေးကို အဲဒီလိုနေရာမျိုးပို့တော့ကော ဘာထူးမှာလဲ၊ ကျွန်မဘယ်တော့မှ မပို့နိုင်ဘူး'

အန်ဒရူးကလေးသည် သူ့မိခင်နှင့်ဆရာဝန်တို့အခြေအတင်ပြောနေကြသည်ကို တစ်လုံးမှနားမလည်။ မျက်လုံးကလေး အဝိုင်းသားဖြင့်သာ ထိုင်ကြည့်နေသည်။

သည်လိုနှင့်ပင် ဒက်ဖနီသည် သူ့စစ်ပွဲကိုသူတစ်ယောက်တည်း စိတ်ရှည်ရှည်ဖြင့် ဆက်လက်ဆင်နွှဲသည်။ သို့သော် အန်ဒရူးကလေး၏ အခြေအနေက ပို၍ကောင်းမလာ။ ပို၍သာဆိုးလာခဲ့သည်။

ကလေးက အသက်သုံးနှစ်ပြည့်ခဲ့ပြီ။ သို့သော် စကားလည်းမပြောတတ်သေး။ တစ်နေ့တွင် ဒက်ဖနီက သားကလေးကို ကစားကွင်းခေါ်သွားပြီ တခြားကလေးတွေနှင့်ကစားခိုင်းသည်။ သို့သော် အလုပ်မဖြစ်။ အခြားကလေးတွေက အန်ဒရူးကလေးအား အဖက်မလုပ်ကြ။ သူတို့နှင့်မတူသော သူစိမ်းတစ်ယောက်လို ဆက်ဆံကြသည်။

နောက်တစ်နေ့ကျတော့ အန်ဒရူးကလေးက တခြားကလေးတွေ ကစားနေကြသည်ကို ခုံတန်းများပေါ်မှထိုင်ကြည့်နေသည်။ သူ့မျက်လုံးတွေကလည်း မျက်ရည်တွေစီးကျလို့။ ကစားနေသောကလေးတွေကို ကြည့်လိုက်၊ သူ့မိခင်ကိုကြည့်လိုက်နှင့် သနားစရာကလေး။ သူ့ပုံကိုမြင်ရသည်မှာ' သား ဘာဖြစ်နေလို့လဲ မေမေ၊ သား ဘာအမှားလုပ်မိလို့လဲဟင်၊ သူတို့က သားကိုဘာဖြစ်လို့အဖက်မလုပ်ကြတာလဲ မေမေရယ် ဟူ၍ပြောချင်နေသည့် ပုံမျိုး။

ဒက်ဖနီ၏ရင်ထဲတွင် ဆို့နင်လာပြီ၊ သားကလေးဆီ ပြေးသွားကာ ပွေ့ဖက်ထားလိုက်သည်။ ပြီးတော့ သားအမိနှစ်ယောက် ဖက်ပြီးငိုကြသည်။

သည်တော့မှ 'ငါ့ဘာယ်လိုမှမတတ်နိုင်တော့' ဟူ၍ ဒက်ဖနီက ဆုံးဖြတ်ချက်ချလိုက်မိတော့သည်။

ထို့နောက်တွင်တော့ ဒက်ဖနီသည် သားငယ်အတွက် သင့်တော်သည့် ကလေးပြုစုထိန်းသိမ်းရေးကျောင်းသို့ လိုက်ရှာရတော့သည်။ သူ မလုပ်ချင်ဆုံးသော အလုပ်ကိုလုပ်ရတော့မည်မို့ သူ့ရင်ထဲတွင် ခဲဆွဲထားသလို လေးလံနေသည်။ သူ့ခန္ဓာကိုယ်ထဲမှ တစ်စုံတစ်ရာကို ဖြတ်တောက်ပေးလိုက်ရတော့မည်ကဲ့သို့ ခံစားရသည်။ နောက်ထပ် ဆုံးရှုံးမှုတစ်ခုကို ရင်ဆိုင်ရပြန်တော့သည်။ သို့သော် ဤကိစ္စမှာမလုပ်လျှင်မဖြစ် လုပ်ကိုလုပ်ရမည့် ကိစ္စဖြစ်သည်။ ဤကိစ္စကို မလုပ်လျှင် သားကလေး၏တစ်ဘဝလုံးကို ဖျက်ဆီးမစ်သလို ဖြစ်လိမ့်မည်။ သားကလေးကို စွန့်လွှတ်လိုက်ခြင်းသည် သူ့အနေဖြင့် အကောင်းဆုံး လက်ဆောင်ပေးလိုက်ခြင်းပင် ဖြစ်သည်။ ဤသို့တွေးမိသောအခါတွင်မှ သူ၏ပူလောင်နေသောရင်သည် အေးသွားသည်။





နောက်ဆုံးတော့ ကံအားလျော်စွာပင် ကလေးနှင့်သင့်တော်မည့် ကျောင်းတစ်ကျောင်းကိုတွေ့ရသည်။

ထိုကျောင်းသည် နယူးဟမ်းပရှိုင်းယားပြည်နယ်မှမြို့ကလေးတစ်မြို့တွင် ရှိသည်။ ကျောင်းပတ်ပတ်လည်တွင် စိမ်းလန်းသောသစ်ပင်များဖြင့် ဝိုင်းရံထားသည်။ လှပသော ရေကန်ကလေးတစ်ကန်လည်းရှိသည်။ ကျောင်းဝင်းထဲတွင် ချောင်းကလေးတစ်ချောင်းလည်း ဖြတ်စီးနေသည်။ ချောင်းထဲတွင် ကလေးတွေ ငါးမျှားနေကြသည်။ ကျောင်းသားများမှာ အသက်နှစ်ဆယ်အရွယ် အကြီးဆုံးဖြစ်သည်။ ဤအချက်ကို ဒက်ဖနီက အကြိုက်ဆုံးဖြစ်သည်။ ဤကျောင်းတွင် တခြားကျောင်းများမှာလို ကလေးများအား လူနာတစ်ယောက်လို မဆက်ဆံကြ။ သာမာန်ကျောင်းသားများလိုပင် ဆက်ဆံကြသည်။ သူတို့အား ကလေးတို့၊ ကျောင်းသားတို့၊ တပည့်တို့ဟူ၍သာ ခေါ်ဝေါ်ကြသည်။ ကလေးတွေအရွယ် ရောက်လာသောအခါ အများစုကို မိဘ သို့မဟုတ် အုပ်ထိန်းသူများထံသို့ ပြန်ပို့ကြသည်။ ကောလိပ်ဆက်တက်လိုက တက်နိုင်ရန် သို့မဟုတ် အလုပ်ဝင်လုပ်လိုက လုပ်နိုင်ရန်ဖြစ်သည်။

ဒက်ဖနီသည် ကျောင်းအုပ်ချုပ်ရေးမှူးအမျိုးသမီးကြီး မစ္စက်ကာတစ်နှင့်အတူ ကျောင်းဝင်းထဲ လျှောက်လာစဉ် ဆုံးရှုံးမှုဝေဒနာကို ထပ်မံခံစားရပြန်သည်။ သူ့သားကလေးသည် မိခင်နှင့်ခွဲကာ ဤကျောင်းတွင် နှစ်ပေါင်းများစွာနေနေရတော့မည်။ နှစ်ပေါင်းများစွာ ဆိုသည်မှာ ဆယ့်ငါးနှစ်လည်း ကြာချင်ကြာမည်။ အနည်းဆုံး ရှစ်နှစ် သို့မဟုတ် ဆယ်နှစ်လည်း ကြာချင်ကြာမည်။

ဤအတွေးကြောင့် သူ့ရင်ထဲတွင် နာကျင်လာသည်။

သူ့သားကလေးသည် သူ၏နောက်ဆုံးကလေးဖြစ်သည်။ နောက်ဆုံးအချစ်ဖြစ်သည်။ သူ့တစ်ဘဝလုံးတွင် သူနှင့်သွေးသားတော်စပ်သော နောက်ဆုံးလူသားကလေး ဖြစ်သည်။ ဤလောကတွင် သူ့တို့နှစ်ယောက်သာ ရှိသည်။ အမေတစ်ခု သားတစ်ခုသာရှိတော့သည်။

ယခု သူ့သားကလေးကို ဤကျောင်းတွင်အကြာကြီး ပို့ထားရတော့မည်။

တွေးရင်းတွေးရင်းနှင့် သူ့ပါးပြင်တွင် မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကျလာသည်။

အုပ်ချုပ်ရေးမှူး မစ္စက်ကာတစ်က သူ့လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ သူက မစ္စက်ကာတစ်ကိုဖက်ကာ ဝမ်းနည်းပက်လက်ရှိုက်ငိုနေတော့သည်။

'ဒီလုပ်ရပ်ဟာ ကလေးအတွက် အကောင်းဆုံးလုပ်လိုက်တာပဲ မစ္စက်ဖီးလ်ဒ်၊ ဒီလိုလုပ်ရတာဟာ မိခင်အတွက် ဘယ်လောက်ခံစားရလိမ့်မယ်ဆိုတာ ကျွန်မ[illegible] ကိုယ်ချင်းစာမိပါတယ်' ဆရာမကြီး၏ ညင်သာအေးဆေးသော စကားကြောင့် ဒက်ဖနီမျက်ရည် တိတ်သွားသည်'ဒါနဲ့မစ္စက်ဖီးလ်ဒ်က လောလောဆယ် အလုပ်လုပ်


www.burmeseclassic.com

www.burmeseclassic.com



နေပါသလား'

မစ္စက်ကာတစ် မေးခွန်းကြောင့် ဒက်ဖနီအထိတ်တလန့်ဖြစ်သွားသည်။

သူ့အနေဖြင့် ကလေးကျောင်းလခမှ မှန်မှန်ပေးနိုင်ပါ့မလားဟု သံသယဝင်၍ သည်လိုမေးတာလား။

တကယ်တော့ သူမှာ ပိုက်ဆံအလုံအလောက်ရှိပါသည်။ ရှိတဲ့ပိုက်ဆံကလေးကို ခြစ်ခြစ်ခြုတ်ခြုတ် ချွေချွေတာတာ သုံးစွဲခဲ့သည်။ သူ့အတွက် အဝတ်အစားပင် များများ စားစား ဝယ်မဝတ်ခဲ့။ သူ့မှာ ဂျက်ဖ်၏ အသက်အာမခံငွေတွေလည်း ရှိသေးသည်။ ထိုငွေများဖြင့် သားကလေးအတွက် အကုန်အကျခံမည် ကုန်ချင်သလောက် ကုန်ပါစေဟု ဆုံးဖြတ်ထားပြီးဖြစ်သည်။ ထို့ကြောင့်သူက ပြန်ပြောလိုက်သည်။

'ကျွန်မအလုပ်မလုပ်ပါဘူး ဆရာမကြီး၊ ကျွန်မမှာ ကျွန်မယောက်ျား ထားပစ်ခဲ့တဲ့ပိုက်ဆံတွေ အလုံအလောက်ရှိပါတယ်'

'အို ကျွန်မက အဲဒီကိစ္စအတွက်မေးတာမဟုတ်ပါဘူး မစ္စက်ဖီလ်း' မစ္စက်ကာတစ်က တကယ့်မေတ္တာစေတနာဖြင့် ပြုံးပြုံးပြောသည်။ 'ကျွန်မမေးတာက ကလေးကို ကျောင်းအပ်ပြီးရင် မိခင်ပါကလေးနဲ့အတူ တစ်လတန်သည် နှစ်လတန်သည် နေစေချင်တာကြောင့် အချိန်ပေးနိုင်ပါ့မလားလို့ သိချင်တဲ့အတွက်ပါ၊ တချို့မိဘတွေဆိုရင် အဲသလိုပဲ နေနေကြပါတယ်၊ ကျောင်းမှာ ကလေးနေသားကျတော့မှ မိဘတွေ ပြန်သွားကြပါတယ်၊ အခုလည်း မစ္စက်ဖီးလ်ရဲ့ သားကလေးက သိပ်ငယ်သေးတော့ မိဘနဲ့ ခွဲနိုင်ဦးမှာ မဟုတ်သေးဘူး၊ မစ္စက်ဖီးလ်နေနိုင်ဦးမယ်ဆိုရင် မြို့ထဲမှာ တည်းခိုခန်းကလေး တစ်ခုရှိပါတယ်၊ တော်တော်လဲ သပ်သပ်ရပ်ရပ်ရှိပါတယ်၊ ဩစတြီးယမ်း လင်မယားနှစ်ယောက် ဖွင့်ထားတာပါ'

'ကျွန်မသားလေးကို နေ့တိုင်းလာကြည့်လို့ ရမလား ဆရာမကြီး' ဒက်ဖနီက မျက်ရည်စမ်းစမ်းဖြင့်မေးလိုက်သည်။

'ပထမတော့ နေ့တိုင်းလာကြည့်နိုင်ပါတယ် ဒါပေမယ့် တဖြည်းဖြည်းနဲ့ မသိမသာ အဆက်ဖြတ်သွားရင် ပိုကောင်းပါတယ်၊ ကျောင်းပို့ပြီးမှ ကလေးက မိခင်ကို ပိုပြီး တွယ်ကပ်နေရင် ဘယ်ကောင်းပါ့မလဲ ပြီးတော့ ရက်ကြာလာတာနဲ့အမျှ ကလေးဟာ တခြားအဖော်တွေနဲ့ အလုပ်များလာမှာပါ၊ မိခင်နဲ့ ခဏခဏတွေ့ဖို့လည်း အချိန်သိပ်ရှိမှာ မဟုတ်ပါဘူး'

'ဒါဆိုရင် သားလေးဟာ ကျွန်မကို မေ့သွားမှာလားဟင်' ဒက်ဖနီက အားငယ်သံဖြင့်မေးလိုက်သည်။

နှစ်ယောက်စလုံး ခြေလှမ်းများ ရပ်သွားကြသည်။ မစ္စက်ကာတစ်က ဒက်ဖနီ၏ မျက်နှာကို ကြင်နာစွာကြည့်ရင်း





'မစ္စက်ဖီးလ်အနေနဲ့ သားလေးကို တစ်သက်လုံးစွန့်လွှတ်ရမှာ မဟုတ်ပါဘူး အခုလိုကျောင်းပို့ထားတာဟာ ကလေးအတွက် လိုအပ်တာကို အကောင်းဆုံးလုပ်ပေးတာပါ၊ ကလေးကြီးလာတဲ့အခါ လူစဉ်မီမီ ဖြစ်လာအောင် လုပ်ပေးတာပါ'

*

နောက်တစ်လအကြာတွင် ဒက်ဖနီနှင့်အန်ဒရူးတို့သားအမိ နှစ်ယောက်သည် နယူးအင်္ဂလန်တစ်ခွင်သို့ ကားဖြင့်လျှောက်လည်ကြသည်။ ဒက်ဖနီက ကားကို ဖြည်းဖြည်း ကလေးမောင်းသည်။

ဤအချိန်သည် သူတို့သားအမိနှစ်ယောက်လုံးအဖို့ ဘဝဟောင်း၏ နောက်ဆုံးအချိန်ဖြစ်သည်။ မကြာခင် သားအမိနှစ်ယောက် ခွဲခွာကြတော့မည်။ ထို့ကြောင့် ဒက်ဖနီက သားငယ်အား ကျောင်းသို့ချက်ချင်းမပို့သေးဘဲ တတ်နိုင်သမျှ အချိန်ဆွဲထားခြင်းဖြစ်သည်။ သူက သားငယ်ကို မခွဲနိုင်မခွာရက် ဖြစ်နေသည်။

တောဒေသတစ်ခွင် လျှောက်လည်ကြတော့ သဘာဝအလှကြောင့် ပို၍ပင် စိတ်ထဲတွင် ခံစားရသည်။ သစ်ရွက်တွေက အရောင်ပြောင်းနေကြပြီး ကုန်းမြင့်များပေါ်တွင် အနီရောင် အဝါရောင် သစ်ရွက်များဖြင့် ဖုံးလွှမ်းနေသည်။ ယာတောအိမ်ကလေးတွေကို အနှံ့အပြား မြင်နေရသည်။ သည်ရှုခင်းတွေ၊ ယာခင်း တွေ၊ စားကျက်ထဲမှ မြင်းတွေနဲ့ ဘုရားရှိခိုးကျောင်းကလေးတွေကို မြင်ရတော့ သူတို့သားအမိနှစ်ယောက် နေထိုင်သော တိုက်ခန်းကလေး၏ ပတ်ဝန်းကျင် သဘာဝအလှကို မြင်ယောင်လာသည်။

အန်ဒရူးကလေးက သူနှစ်သက်သော ရှုခင်းများနှင့် မြင်ကွင်းများကို လက်ညှိုးတထိုးထိုးဖြင့် ကရားရေလွှတ် တမေးတည်း မေးနေသည်။ သူ့အသံက စီစီ ကလေးသာထွက်သည်။

သို့သော် နားလုံးဝမကြားသော ကလေးတစ်ယောက် နားလည်အောင် မိခင်အနေဖြင့် ဘယ်စကားကို ဘယ်လိုပြောပြရပါမည်နည်း။

ဤလောကကြီးတွင် နေရာအနှံ့အပြား၌ လူတွေ အများကြီး ရှိသေးသည်၊ လေယာဉ်ပျံတွေ ရှိသလို၊ လန်ဒန်လို၊ ဆန်ဖရန်စစ္စကို လိုမြို့ကြီးတွေ အများကြီး ရှိသေးသည်ဟု ကလေးနားလည်အောင် ဘယ်လိုပြောပြရပါမည်နည်း။

ဒက်ဖနီသည် နယူးအင်္ဂလန်နယ်မှ ကြက်သွေးရောင် တောင်တန်း တောင်ကုန်းများပေါ်တွင် ကားကို ဖြည်းဖြည်းမောင်းလာရင်း သားလေး၏ အဖြစ်ကို တွေးကာ စိတ်မကောင်းဖြစ်နေမိသည်။

တကယ်တော့ အန်ဒရူးကလေးဟာ ပတ်ဝန်းကျင်လောကနှင့် လုံးဝ အဆက်ပြတ်နေတဲ့ သက်ရှိလူသား ကလေးတစ်ယောက်ပါလား။ သားလေးနားလည်အောင် မိမိအနေဖြင့် ဘာမှ ဟုတ်ဟုတ်ငြားငြား သင်မပေး နိုင်သေးပါကလား။



www.burmeseclassic.com

www.burmeseclassic.com



အန်ဒရူးကလေး အနှစ်သက်ဆုံး ပစ္စည်းများနှင့် ကစားစရာတွေကို ကားပေါ်တွင် အပြည့်တင်လာခဲ့သည်။ ဝက်ဝံရုပ် ဆင်ရုပ်နှင့် ရုပ်ပုံစာအုပ်တွေ အစုံပါသည်။ ရုပ်ပုံစာအုပ်တွေကို ကလေးက လှန်ကြည့်ရုံသာ လှန်ကြည့်နိုင်သည်။ သူ့ကိုဘယ်သူမှ ဖတ်မပြကြ။

ကားမောင်းလာရင်း ဒက်ဖနီက သည်အကြောင်းတွေးမိသည်။ တကယ်တော့ သားလေးအတွက် ငါလုပ်နေတာတွေဟာ ဘာမှမယ်မယ်ရရ မရှိသေးပါကလားဟု နှောင်တရမိ၏။ တကယ်လို့ သူ့ဖေဖေသာ အသက်ထင်ရှားရှိခဲ့ရင် သားကလေးအတွက် ငါ့ထက်အများကြီး လုပ်ပေးနိုင်မှာပဲ ဂျက်ဖ်က သိပ်ပြီးစိတ်ရှည်တာဟု တွေးမိပြီး ငိုချင်လာသည်။

သို့သော် တစ်ခုတော့ရှိသည်။ ဂျက်ဖ်က သားကလေးအတွက် အခြားကိစ္စတွေကို အများကြီး ဆောင်ရွက်ပေးနိုင်ပေမယ့် ကလေးကို ချစ်တဲ့နေရာမှာတော့ မိခင်ကို ဘယ်တော့မှ မီနိုင်မည်မဟုတ်သည်မှာ သေချာသည်။

ဒက်ဖနီက သူ့သားကလေးကို ငံ့ထားမတတ်ချစ်သည်။ သူ့သားကလေးသည် သူ့ဘဝ၊ သူ့အသက်၊ တကယ်လို့ သူ့နားရွက်နှစ်ဖက်ကို ဖြတ်ပေးလျှင်သူ့သားကလေး နားကြားလာမည်ဆိုပါက တကယ်ပင်ဖြတ်ပေးမည်သာဖြစ်သည်။ သူ့အချစ်က သည်အထိပင် ထုထည်ကြီးမားလှသည်။

သူတို့သားအမိသည် ကျောင်းသို့မရောက်ခင် တစ်နာရီခန့်တွင် လမ်းဘေးဆိုင်တစ်ဆိုင်သို့ဝင်ကာ အဆာပြေ မုန့်ဝယ်စားကြသည်။ ဒက်ဖနီကသားငယ်ကိုကြည့်ကာ စိတ်ချမ်းသာနေသည်။ အန်ဒရူးကလေးသည် မိခင်နှင့်အတူ ခရီးထွက်ရသည်ကို အလွန်ပျော်နေသည်။ အလွန်တက်ကြွနေသည်။ သူသည် ပါတ်ဝန်းကျင်တွင် မြင်မြင်သမျှကို စိတ်ဝင်စားနေသည်။ သဘောကျနေသည်။

ဒက်ဖနီသည် သားကလေးကို ကြည့်နေရင်းမှ ကျောင်းအကြောင်း ပြောပြချင်စိတ် ဖြစ်ပေါ်လာသည်။ သို့သော် လက်တွေ့ကျတော့ ဘယ်လိုမှ ပြောပြ၍ မဖြစ်နိုင်။ ထိုကျောင်းသည် ဘယ်လိုကျောင်းမျိုးဖြစ်ကြောင်း ထိုကျောင်းတွင် သားလေးကို ဘာကြောင့် ထားရကြောင်း၊ သားလေးကို မေမေဘယ်လောက်အထိ ချစ်ကြောင်း၊ သားလေးနှင့် ခွဲခွာနေရလျှင် မေမေ ဘယ်လောက် စိတ်မချမ်းသာ ဖြစ်လိမ့်မည် ဖြစ်ကြောင်း၊ သူ့သားလေး နားလည်အောင် သူဘယ်လိုလုပ်ပြီး ရှင်းပြနိုင်ပါမည်နည်း။

တကယ်ဆိုလျှင် သူ့အနေနှင့် သားကလေးအတွက် ရုပ်ပိုင်းဆိုင်ရာ အကူအညီများကိုသာ ပေးစွမ်းနိုင်သော်လည်း သူ၏ စိတ်ကူးများနှင့် ရင်တွင်းခံစားချက်များကိုမူ သူကဲ့သို့ပင် သားကလေး ခံစားနိုင်အောင် ဘယ်လိုနည်းနှင့်မျှ မစွမ်းဆောင်နိုင်ပါချေ။





မည်သို့ပင်ဆိုစေ မေမေက သူ့ကို အလွန်ချစ်သည်ဆိုတာကိုတော့ အန်ဒရူးလေးက သိပါလိမ့်မည်ဟု ဒက်ဖနီက ကောင်းစွာ ယုံကြည်သည်။

သို့သော် သူ့အား မိခင်နှင့်ခွဲပြီး ကျောင်းမှာထားပစ်ခဲ့သောအခါ အန်ဒရူးလေးက မည်သို့ထင်လိမ့်မည်နည်း။ သည်အကြောင်းကို ကလေးသဘောပေါက်အောင် ဘယ်လိုလုပ်ရှင်းပြနိုင်ပါမည်နည်း။

ဒက်ဖနီသည် တွေးရင်းတွေးရင်းဖြင့် ပို၍သာ စိတ်ညစ်လာမိသည်။ သူ့ရင်မှာ ပူလောင်လာသည်။ သားကလေးနှင့် မကြာခင် ခွဲရတော့မည်ဟူသော အသိဝင်လာတိုင်း သူ့ရင်ထဲတွင် လှိုက်၍လှိုက်၍ တက်လာမိသည်။

ယခုဆိုလျှင် ကျောင်းအုပ်ချုပ်ရေးမှူး မစ္စက်ကာတစ်သည် မြို့ထဲတွင် ဒက်ဖနီအတွက် တိုက်ခန်းကလေးတစ်ခု အဆင်သင့် ငှားထားပြီးဖြစ်သည်။ ဒက်ဖနီသည် ထိုအိမ်မှနေ၍ သူ့သားလေးထံသို့ နေ့တိုင်းသွားလည်နိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်သည်။

သားငယ်ထံသို့ နေ့တိုင်းသွားလည်နိုင်သော်လည်း သူတို့သားအမိဘဝသည် အတိတ်ဘဝနှင့်တော့ လုံးဝတူတော့မည်မဟုတ်။ ဟိုတုန်းကဆိုလျှင် သားအမိနှစ်ယောက် အတူတူ အိပ်ရာဝင်ကြသည်။ အိပ်ရာမှအတူတူ ထကြသည်။

ယခုမူ ထိုဘဝမျိုးကို ဘယ်တော့မှ ပြန်ရတော့မည်မဟုတ်။ သူ့အသက်တမျှချစ်ခင်သော သားကလေးနှင့် ခွဲခွာနေရခြင်းသည် ဒက်ဖနီအတွက် အကြီးမားဆုံး ဒုက္ခဆင်းရဲကြီး တစ်ရပ်ပင် ဖြစ်တော့သည်။ သို့သော် သူမခွဲခြင်သော်လည်း သားကလေးကောင်းကျိုးအတွက် အခြေအနေအရ ခွဲကိုခွဲရတော့မည်ဆိုသည်ကိုလည်း သူ့ရင်ထဲတွင် ကုံးတုံးချ လက်ခံထားပြီးဖြစ်လေသည်။

သူတို့သားအမိသည် နေမဝင်မီ ကျောင်းသို့ရောက်လာကြသည်။ အန်ဒရူးကလေးသည် သူတို့ဘယ်နေရာရောက်လာမှန်း စဉ်းစား၍မရသလို ပတ်ဝန်းကျင်ကို ကအံ့တသြ ကြည့်နေမိသည်။

သူက ဝေခွဲမရဟန်ဖြင့် မိခင်မျက်နှာကို လှည့်ကြည့်သည်။ ဒက်ဖနီက ခေါင်းညိတ်ပြီး ပြုံးပြလိုက်သည်။ အန်ဒရူးကလေးက တခြားကလေးတွေကို ကြည့်ပြီး နားမလည်နိုင်သလို ဖြစ်နေသည်။

သို့သော် ယခု သူမြင်နေရသော ကလေးများမှာ နယူးယောက်မြို့ ဗဟိုပန်းခြံထဲ၌ သူ့အမြဲတန်းတွေ့နေရသည့် ကလေးများနှင်မတူ ဆိုသည်ကိုတော့ သူသဘောပေါက်လိုက်မိသည်။ တချိန်တည်းတွင် ဤကလေးများသည် သူနှင့်ဘဝတူ ကလေးများပင် ဖြစ်ကြသည် ဟူသောအချက်ကိုလည်း ဗီဇအသိဉာဏ်ဖြင့် ချက်ခြင်းလက်ခံလိုက်သည်။

ကလေးတွေကစားနေကြသည် တစ်ယောက်ကိုတစ်ယောက် လက်ဟန်



www.burmeseclassic.com

www.burmeseclassic.com



ခြေဟန်ဖြင့် စကားပြောနေကြသည်။ သူ့အနားသို့ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။ အန်ဒရူးကလေးက စိတ်ဝင်စားစွာ ကြည့်နေမိသည်။ တအံ့တသြ ကြည့်နေမိသည်။

သူနှင့် သက်တူရွယ်တူ ကလေးများကို မြင်ရ၍ သူ့ရင်ထဲ နွေးထွေးသော ခံစားချက်တစ်ရပ်သည် ပထမဦးဆုံးအကြိမ် ထူးခြားစွာ ပေါ်ပေါက်လာသည်။

ထိုအခိုက် မိန်းကလေးတစ်ယောက်က သူ့အနားကပ်လာပြီး သူ့လက်ကို ဆုပ်ကိုင်သည်။ ပြီးတော့ သူ့ပါးလေးကို ညင်သာစွာ နမ်းရှုပ်လိုက်သည်။

ဒက်ဖနီမှာ မြင်ကွင်းကြောင့် ဝမ်းသာလွန်းသဖြင့် မျက်ရည်များတောင် စီးကျလာသည်။ သူ့သားကလေး မမြင်အောင် မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်သည်။

အန်ဒရူးကလေးသည် သူ့ကိုလာနမ်းသော ကလေးမလေးအား အံ့အားသင့်ဟန်ဖြင့် ငေးကြည့်နေသည်။ ဤတွင်မစ္စက်ကာတစ်က တပ်ကူဝင်လာသည်။ သူက ကလေး၏လက်ကို တယုတယကိုင်ကာ အခြားကလေးတွေ ကစားနေသည်ကို လျှောက်လှည့်ပြသည်။

ဒက်ဖနီသည် ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေရင်း အတိုင်းမသိ ဝမ်းသာကြည်နူးနေမိသည်။

သူသည် သားကလေးအတွက် အကောင်းဆုံးအလုပ်ကို လုပ်လိုက်ပြီ သားကလေးသည် သူ့ဘဝနှင့်စပ်ဟပ်သော ကမ္ဘာသစ်ထဲသို့ ရောက်ရှိသွားပြီ။

သူကအပျော်လုံးဆို့ကာ မြူးမြူးကြီးရပ်ကြည့်နေသည်။

အခြေအနေသည် မယုံကြည်နိုင်လောက်အောင်ပင် အပြောင်းလဲကြီး ပြောင်းလဲသွားသည်။

အန်ဒရူးကလေးသည် တခြားကလေးတွေနှင့်တစ်သားတည်း တစ်တာဝတည်း ဖြစ်သွားခဲ့ပြီ။ သူကတခြားကလေးဖွေ ခြေဟန်လက်ဟန်နှင့် စကားပြောနေသည်ကို ကြည့်ကာ ပြုံးလည်းပြုံးသည် ရယ်လည်းရယ်သည် ထို့နောက်တွင်မူ ပါးစပ်မှခပ်စီစီ အသံကလေးပြုကာ စောစောက မိန်းကလေးဆီသို့ လျှောက်သွားပြီး မိန်းကလေးအား နမ်းရှုပ်လိုက်သည်။

ခဏကြာတော့ ဒက်ဖနီက သားလေးအနီးသို့လျှောက်သွားကာ သူပြန်တော့မည်ဖြစ်ကြောင်း လက်ကိုဝှေ့ယမ်း ပြလိုက်သည်။

သို့သော် ကလေးက လုံးဝမငို။ မျက်နှာတစ်စက်ကလေးမှ မပျက်။ သူကား တခြားကလေးတွေနှင့် အဖွဲ့ကျသွားပြီ။ ဘဝတူတွေနှင့်တွေ့ရတော့ သူအလွန်ပျော်နေသည်။

ဒက်ဖနီသည် သားကလေးကိုဖက်ကာ အားစာင်းပြီး ပြုံးရှာသည်။ ထို့နောက်





သူ့မျက်လုံးများမှ မျက်ရည်တွေ သွန်ကျမလာမီတွင် သားကလေးအနားမှ ပြေးထွက်လာခဲ့သည်။

'သူ့သားကလေးကတော့ မိခင်မျက်နှာပေါ်မှ ကြေကွဲရိပ်ကို လုံးဝမမြင်လိုက်ရတော့။

ဒက်ဖနီသည် ကျောင်းဝင်းထဲမှ ကားမောင်း၍ ထွက်လာရင်း သူ့ဘယ်တော့မှ ဆုတောင်း မပြည့်ခဲ့သဖြင့် ဆုတောင်းရန် အလွန်ကြောက်နေမိသော ဘုရားသခင်ထံတွင် တိုးတိုးကလေး ဆုတောင်းလိုက်သည်။

'ကျွန်မသားလေးကို မေတ္တာတော် အနန္တနဲ့ စောင့်ရှောက်တော်မူပါဘုရား'

သည်တစ်ကြိမ်တွင်တော့ သူ့နှလုံးသားထဲမှ ဆုတောင်းသံကို ဘုရားသခင် ကြားကောင်းကြားတော်မူလိမ့်မည်ဟုလည်း ယုံကြည်မိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

အန်ဒရူးကလေးသည် ရက်သတ္တနှစ်ပတ်အတွင်း ဘဝသစ်နှင့် လုံးဝဥသုံ နေသားတကျ ဖြစ်သွားသည်။

ဒက်ဖနီမှာလည်း နယူးဟမ်းရှိုင်းယားပြည်နယ်က မြို့ကလေးတွင် တစ်သက်လုံး နေသွားရတော့မည်ကဲ့သို့ မှတ်ထင်မိသည်။ မစ္စက်ကာတစ်၏ အကူအညီနှင့် ငှားရမ်းနေထိုင်သော အိမ်ခန်းကလေးမှာ လုံလုံခြုံခြုံနှင့် သာတောင့်သာယာရှိသည်။ အိမ်ခန်းကလေးက ငယ်ပင်ငယ်သော်လည်း ဧည့်ခန်း၊ အိပ်ခန်း၊မီးဖိုခန်းများ အစုံပါဝင်သည်။ မီးလင်းဖို ကလေးမှာလည်း ဆောင်းဦးပေါက်ရာသီနှင့် အနေတော်ပင် ဖြစ်သည်။

ဒက်ဖနီသည် များသောအားဖြင့် ဤအိမ်ခန်းကလေးထဲတွင် နေထိုင်ရင်း စာဖတ်ခြင်း စာရေးခြင်းဖြင့်သာ အချိန်ကုန်သည်။ သူသည် အန်ဒရူးကလေး ကိုယ်ဝန်ရှိမှန်း သိကတည်းကပင် နေ့စဉ်မှတ်တမ်းတစ်ခု ထားရှိခဲ့သည်။ သူ့ဘဝ အခြေအနေ၊ သူ့အတွေးအမြင်နှင့် သူ့ခံစားချက်များကို ဆောင်းပါးတိုကလေးများ ပုံစံဖြင့်နေ့စဉ် မှတ်တမ်းထဲတွင် ရေးမှတ်ထားသည်။ ယင်းမှတ်တမ်းများကို သားအမိနှစ်ယောက် ဖတ်ပြီး မျှဝေခံစားကြရန် ရည်ရွယ်သည်။

ယခုနယူးဟမ်းရှိုင်းယားပြည်နယ်သို့ ရောက်လာတော့ နယူးအင်္ဂလန်နယ်



www.burmeseclassic.com

www.burmeseclassic.com


တွင် နေထိုင်ခဲ့စဉ်က ကဲ့သို့ပင် ညတာရှည်ပြီး အထီးကျန်နိုင်လှသည်။ ထို့ကြောင့် ညစဉ်ညတိုင်း နေ့စဉ်မှတ်တမ်းရေးခြင်းဖြင့် အထီးကျန်ဘဝကို ဖြေသိမ့်ရသည်။ နေ့အခါများတွင်တော့ နေရောင်တောက်ပကာ သာသာယာယာ ရှိလှသည်။ သူသည် ရှည်လျားသော သစ်တောလမ်းပေါ်တွင် တစ်ယောက်တည်းလမ်းလျှောက် ထွက်သည်။ စမ်းချောင်းကလေးများ ဘေးများဖြတ်လျှောက်ရင်း ဆီးနှင်းဖုံးနေသော တောင်တန်းများကို ကြည့်ကာ သားကလေးကို သတိရနေတတ်သည်။

ယခု သူရောက်ရှိနေသော နေရာမှာနယူးယောက် မြို့ကြီးနှင့်လုံးဝကွာခြားလှသည်။ မြို့ပြင်သို့ထွက်လိုက်လျှင် မြင်းဇောင်းများ၊ စားကျက်ထဲမှနွားများ၊ တောင်ကုန်းများနှင့် မြက်ခင်းပြင်များကိုသာ တစ်မျှော်တစ်ခေါ်မြင်နေရသည်။ ဤနေရာတွင် လူသူလေးပါး ကင်းရှင်းသည်။ ဆိတ်ငြိမ်တိတ်ဆိတ်နေသည်၊ သူတစ်ယောက်တည်း မလျှောက်ဘဲ သားကလေးနှင့်အတူ အေးအေးလူလူ လျှောက်သွားနေရလျှင် ဘယ့်ကလောက်စိတ်ချမ်းသာစရာ ကောင်းလိမ့်မည်နည်း။ တကယ်တော့ သားကလေးသည်သာလျှင် ဤဘဝတွင် သူ၏တစ်ဦးတည်းသော အဖော်ဖြစ်သည် မဟုတ်ပါလား။

သူသည် သားကလေးထံ နေ့စဉ်နေ့တိုင်း သွားလည်သည်။ ယင်းသို့ သွားလည်တိုင်းလည်း အမြဲတမ်း စိတ်ထိခိုက်ရသည်။

သားကလေးနှင့် နီးနီးကပ်ကပ်နေရသည့်တိုင်အောင် တစ်ယောက်တစ်နေရာစီ သီးခြားနေရသောကြောင့် သူ့အဖို့ အထီးကျန်ဘဝတွင် ရှိနေဆဲပင် ဖြစ်သည်။ ဤသို့ အထီးကျန်ဝေဒနာကို ခံစားရတိုင်းလည်း ကွယ်လွန်သူ ချစ်လင်ဂျက်ဖရီနှင့် သမီးငယ် အေမီတို့ကို အမြဲလိုလို သတိရမိသည်။ အေမီကလေးသာ အသက်ထင်ရှားရှိခဲ့လျှင် ရှစ်နှစ်သမီးအရွယ် ရှိပေရော့မည်။ သမီးကလေးအရွယ် မိန်းကလေးတွေကို မြင်ရတိုင်း သူ့မှာ ဆွေးတသသဖြင့် အပူလုံးကြွလာပြီး မျက်ရည်စမ်းစမ်းဖြင့် လှည့်ပြေးသွားလေ့ရှိသည်။

သမီးငယ်အေမီအား ဘယ်တော့မှ ပြန်မတွေ့နိုင်တော့။ သားကလေးအန်ဒရူး ရှိနေသေး၍ တော်ပါသေးသည်။ ယခုအခါ သူ့မှာ သားကလေးတစ်ယောက် အသက်ထင်ရှား ရှိနေသေးသည်။သားကလေးသည် သူ့ ကျောင်းတွင်အလွန်ပျော်နေပြီ။ ပျင်းစရာအချိန်မရလောက်အောင် အလုပ်တွေများနေပြီ။ သူ့အနေဖြင့် သားကလေး အတွက် အကောင်းဆုံးအလုပ်ကို လုပ်နေခြင်းဖြစ်သည်။ သည်လို တွေးမိပြန်တော့လည်း ဝမ်းနည်းစိတ်တွေ ပြယ်ပျောက်ကာ ဝမ်းသာကြည်နူးခြင်း ဖြစ်ပေါ်လာမိပြန်သည်။

သူသည် စိတ်ကူးရတိုင်း ကျောင်းသို့သွားသည်။ သူ့သားကလေး တခြားကလေးတွေနှင့် ကစားနေသည်ကို အုပ်ချုပ်ရေးမှူး ဆရာမကြီး မစ္စက်ကာတစ်နှင့်အတူ





ခပ်လှမ်းလှမ်းမှ ထိုင်ကြည့်ရင်း ကလေးတွေ အချင်းချင်း ခြေဟန်လက်ဟန်ဖြင့် စကားပြောနည်းကို လေ့လာနေတတ်သည်။

'မစ္စက်ဖီးလ်ဒ် အတွက်တော့ တော်တော်ကလေး ခက်ခဲနေလိမ့်မယ်၊ ကလေးတွေ အတွက်တော့ ဘာမှအခက်အခဲမရှိပါဘူး၊ သူတို့အဖို့တော့ ဘာမဆို သူ့အလိုအလျှောက် သဘာဝအတိုင်း အဆင်ပြေသွား တာပါပဲ၊ တကယ်တော့ ဒီကျောင်းရောက်လာတာ သူတို့အနေနဲ့ လွတ်လပ်တဲ့ ကမ္ဘာကိုရောက်လာတာပဲ မစ္စက်ဖီးလ်ဒ်'

'ဒါပေမယ့် သူတို့အတွက် တစ်သက်လုံး ဒီအခြေအနေမျိုးရှိနေနိုင်ပါ့မလား ဆရာမကြီး'

'ရှိနေနိုင်ပါတယ်၊ တစ်သက်လုံး ဒီလိုပဲရှိသွားမှာပါ၊ မှန်ကန်တဲ့ နည်းလမ်းနဲ့ ပြုပြင်သွားရင် သူတို့ကိုယ် သူတို့တခြားလူတွေလိုပဲ ယုံကြည်မှုရှိလာမှာပါ၊ တစ်နေ့ကျတော့ ကလေးက မစ္စက်ဖီးလ်ဒ်ကို ကျေးဇူးတင်ပါလိမ့်မယ်၊ ဒါနဲ့ မစ္စက်ဖီးလ်ဒ် နယူးယောက်ကို ပြန်သွားတဲ့အခါ ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ၊ အလုပ်ပြန်ဝင်ဖို့ စိတ်ကူးသလား'

'အဲဒါတော့ ကျွန်မ အတိအကျမပြောတတ်သေးဘူး ဆရာမကြီး၊ ကျွန်မ အလုပ်မလုပ်တာ တော်တော်ကြာသွားပါပြီ၊ ကျွန်မ အလုပ်ပြန်ဝင်ချင်ရင် သူတို့ကပြန်ပြီ လက်ခံပါ့မလား ဆိုတာ မပြောနိုင်သေးပါဘူး'

'ဒါနဲ့ကျွန်မ တစ်ခုမေးပါရစေ၊ အခုမစ္စက်ဖီးလ်ဒ်ရဲ့သားကလေးနဲ့ပတ်သက်ပြီး ရလာတဲ့အတွေ့အကြုံတွေ ခံစားချက်တွေကို မစ္စက်ဖီးလ်ဒ်လို တခြားအလားတူ မိဘတွေကို မျှဝေပေးချင်တဲ့ ဆန္ဒမဖြစ်ပေါ်မိဘူးလား'

'ဘယ်လိုမျှဝေ ပေးရမှာလဲ'

ဒက်ဖနီက အံ့ဩစွာပြန်မေးလိုက်သည်။ သည်လိုအတွေးမျိုးကို သူဘယ်တုန်းကမျှ မတွေးခဲ့ဖူး။

'ဩော် ကျွန်မဆိုလိုတာက ဒီလိုပါ၊ အခုလို နားမကြား ကလေးတွေကို ပြုစုပျိုးထောင်ရေးနဲ့ ပတ်သက်ပြီး စာအုပ်စာတမ်းတွေ လုံလုံလောက်လောက် မရှိသေးပါဘူး၊ မစ္စက်ဖီးလ်ဒ်ဟာ တက္ကသိုလ်မှာ သတင်းပညာနဲ့ ဘွဲ့ယူလာတဲ့ လူလဲဖြစ်တယ်၊ ပြီးတော့ ကောလင်းစ်မဂ္ဂဇင်းမှာလဲ ဝင်လုပ်ဖူးတယ်၊ အဲဒီတော့ ဒီဘာသာရပ်နဲ့ ပတ်သက်ပြီးတော့ ဘာလို့စာအုပ်တစ်အုပ် မရေးတာလဲ၊ စာအုပ်မရေးတောင်မှ အခန်းဆက် ဆောင်းပါးတွေရေးရင် မဖြစ်ဘူးလား၊ ဖြစ်နိုင်ရင်ကြိုးစားကြည့်စေချင်ပါတယ်'

ဒက်ဖနီက ခေါင်းညိတ်လိုက်ပြီး

'ဆရာမကြီးပေးတဲ့ အကြံဉာဏ် အလွန်ကောင်းပါတယ်'

'ကောင်းဆို ကျွန်မကတော့ ဒီကိစ္စကိုလက်တွေ့အကောင်အထည်ဖော်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် မစ္စက်ဖီးလ်ဒ်ဟာ အသင့်တော်ဆုံး ပုဂ္ဂိုလ်ပဲလို့ ထင်ပါတယ်'

ထိုနေ့ညနေက နေ့စဉ်မှတ်တမ်းကို ရေးသွင်းပြီးသည့်နောက် အိပ်ရာပေါ်တွင် လှဲရင်း မစ္စက်ကာတစ် ပေးသော အကြံဉာဏ်ကို ပြန်လည်စဉ်းစားနေမိသည်။ မစ္စက်ကာတစ် အကြံဉာဏ်က တကယ့်ကို ကောင်းမွန်သော အကြံဉာဏ်ပါပဲ။ ဤအချက်ကို ဒက်ဖနီက အကြွင်းမရှိ လက်ခံပါသည်။ သို့သော် သူသည်သူ့သားကလေးအကြောင်း နှင့်ပတ်သက်၍ ဘာမှမရေးချင်ပါ။ ယင်းသို့ရေးလျှင် သူ့သားကလေးအား လဲရာဖိ ထောင်းသလိုဖြစ်သွားမည်ကို သူကစိုးရိမ်သည်။ ဤ အကျိုးသက်ရောက်မှုကို ခံနိုင်ရန် သူ့မှာ အင်အားမရှိသေးပါ။ သတ္တိမရှိသေးပါ။ ခင်ပွန်းသည် ဂျက်ဖရီနှင့်သမီးငယ် အေမီတို့ဖြစ်ရပ်လိုပင် သားကလေးအန်ဒရူး၏ဖြစ်ရပ်ကလည်း ပူပူနွေးနွေးရှိနေပါသေး သည်။ ရင်နှင့်အမျှ ခံစားနေရတုန်း ရှိပါသေးသည်။ ထို့ကြောင့် ခင်ပွန်းသည်နှင့် သမီးငယ်တို့၏ဖြစ်ရပ်နှင့် ပတ်သက်၍လည်း သူဘာမှမရေးဖြစ်ခဲ့။

သို့သော် ခံစားချက်ကတော့ ရင်နှင့်အပြည့်ရှိနေသည်။ တစ်နေ့နေ့တွင် မလွှဲမသွေ ပွင့်အန်ထွက်လာနိုင်သည်။

သူသည် အထီးကျန်မှုဆိုးမဘဝကို သားကလေးနှင့်အတူ မျှဝေခံစား ကုန်လွန်စေခဲ့သည်မှာ လေးနှစ်လုံးလုံး ရှိခဲ့ပြီ။ သူအနီးကပ်ဆုံးအဖော်ဟူ၍ သားက လေးသာရှိသည်။ သူ့မှာတခြားလူတွေအတွက် အချိန်မပေးနိုင်။ တခြား လူတွေ၏သ နား ကြင်နာခြင်းကိုသူမလိုချင်။ တခြားယောကျ်ားတစ်ယောက်နှင့် တွဲဖို့ဆိုတာကတော့ ဝေလာဝေး။ ယင်းသို့လုပ်ခြင်းသည် ကွယ်လွန်သူ ချစ်လင်ကြီးနှင့်အတူ နေခဲ့ရသော ဘဝကို စော်ကားရာ ရောက်မည်ဟု ယူဆသည်။ ထို့ကြောင့် ဘယ်ယောကျ်ားနှင့်မျှ မတွဲဘဲ သားငယ်ကို ပြုစုရင်းဖြင့်သာ တစ်နှစ်ပြီးတစ်နှစ် အချိန်တွေ ကုန်လွန်သွားခဲ့ သည်။

ယခုအချိန်တွင်မူ သားကလေးမှာ ကလေးပြုစုရေးကျောင်းသို့ ရောက်နေပြီ။ သူအနေဖြင့် နယူးယောက်သို့ ပြန်ကာ ကိုယ့်အခန်းတွင် တစ်ယောက်တည်း စိတ်ကြိုက် နေနိုင်ပြီ။ သို့သော် သူကနယူးယောက်သို့ ပြန်ချင်စိတ်အလျှင်းမရှိတော့။ နယူးဟမ် ပရှိုင်းယားပြည်နယ်မှ အိမ်ကလေးတွင်ပင် သူ့ဘဝကို မြှုပ်နှံထားပေတော့မည်။

သူသည် မနက်တိုင်း ခရီးရှည်လမ်းလျှောက်ထွက်သည်။ တစ်ခါတစ် လမ်းဘေးရှိ ဩစတြီယန်း ထမင်းဆိုင်ကလေးတွင် ရပ်နားကာ နံနက်စာ ဝင်စားလေ့ ရှိသည်။ ဆိုင်ရှင်လင်မယားမှာ ပါးစပ်ဖွာသော်လည်း စိတ်ကောင်းရှိကြသည်။ ဆိုင်ရှင် မိန်းမကြီးနာမည်က ဟီလဒါအိုဘာမီးယား။ မစ္စက်အိုဘာမီးယားသည် ဒက်ဖနီရောက် လာတိုင်း သားကလေးအကြောင်းကို အမြဲတမ်း မေးတတ်သည်။ သူက ဒက်ဖနီ ဤမြို့သို့ ဘာကြောင့်ရောက်လာကြောင်းကို မစ္စက်ကာတစ်ထံမှ တစ်ဆင့်သိထားပြီ





ဖြစ်သည်။ ဤမြို့ကလေးတွင် လူကိုင်းပင် တစ်ယောက်အကြောင်းကို တစ်ယောက် သိနေကြသည်။ ဘယ်သူက ဘယ်သူနှင့် ဘယ်လိုပတ်သက်နေသည်။ ဤမြို့သို့ ဘာ ကြောင့် ရောက်လာရသည်။ ဘယ်တော့ ရောက်လာသည်၊ ဘယ်တော့ ပြန်သွားသည် စသည်တို့ကို တစ်ခုမကျန် သိနေကြသည်။ ဤသည်မှာ တောမြို့ကလေးများ၏ သဘာဝပင်ဖြစ်သည်။

ပြီးတော့လည်း ဤမြို့ကလေးတွင် ဒက်ဖနီလို ရောက်လာကြသူတွေ အများကြီး။ အများစုမှာ ထမင်းဆိုင်များ၊ တည်းခိုရိပ်သာများတွင် တည်းသည်။ တချို့လည်း ဒက်ဖနီကဲ့သို့ပင် သီးသန့်အိမ်ခန်းငှားကာ နွေရာသီတစ်လျှောက်လုံး နေထိုင်သွားကြသည်။ သူတို့သည် သားငယ်သမီးငယ်များပါ ခေါ်လာကြသည်။ အပျော်ခရီးထွက်သလို မိသားစုတစ်သိုက်တစ်ဝန်း ရောက်လာကြသည်။ သို့သော် ဒက်ဖနီကတော့ သူတို့နှင့်မတူ။ သူ့မှာ အဖော်တစ်ယောက်မျှ ပါမလာ။ သူတစ်ယောက် တည်းသာ ဖြစ်သည်။ သူက တခြားမိန်းမတွေနှင့်မတူ။ တည်ငြိမ်သည်။ ဣန္ဒြေရှိသည်။ ယဉ်ကျေးသိမ်မွေ့သည်။ သူ့အသက်က နှစ်ဆယ့်ရှစ်နှစ်သာ ရှိသေးသော်လည်း အရွယ် နှင့်မလိုက်အောင် ရင့်ကျက်နေသည်။ သူ့မျက်နှာကို သေသေချာချာ ကြည့်တော့မှ သူသည် လောကဓံတရား၏ အဖိအထောင်းကို ခံနေရသူတစ်ယောက်ဆိုတာ အကဲ ခတ်လို့ ရသည်။

'ဒီ ကလေးမကလေး အခုလို တစ်ယောက်တည်းဘာကြောင့် နေ နေရတယ် ဆိုတာ တော်စဉ်းစားမိသလား ဟင်'

တစ်နေ့တွင် မစ္စက်အိုဘာမီးယားက သူ့ယောကျ်ားကို မေးမိသည်။

'သူ့လင်နဲ့ကွာရှင်းပြတ်စဲထားလို့ ဖြစ်မှာပေါ့ရှင်မရဲ့၊ မင်းသိတဲ့အတိုင်း အိပ်ထောင်စုတစ်ခုမှာ အဲဒီလို မသန်မစွမ်းကလေးတစ်ယောက်ယောက် မွေးလာရင် အများအားဖြင့် လင်မယားကွဲတတ်တာ သဘာဝပဲ၊ ဒီကလေးမက သူ့သားကလေးကိုပဲ တဖွဖွ မှတ်နေလို့ လင်ကပစ်သွားတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့'

'ဟုတ်ပါရဲ့တော်၊ သူ့ခမျာ ကြည့်ရတာ သနားစရာ ကလေးပဲ'

အဘိုးကြီးက ပြုံးသည်။ သူ့မိန်းမက သည်လိုပဲ လူတိုင်းကို သနားတတ် သည်။ သူမျှား အပူကို သူ့အပူလုပ်တတ်သည်။

'သူ့ခမျာ သားကလေးကို အောက်မေ့နေတာ ဖြစ်လိမ့်မယ်၊ မစ္စက်ကာတစ် ကပြောတော့ ကလေးက တော်တော်ငယ်သေးတယ်ဆိုပဲ၊ သူ့မှာ ဒီကလေးတစ်ယောက် ပဲ ရှိသတဲ့၊ ဂရက်ချင်ကောလိပ်သွားတော့ မင်းလဲသူ့လိုပဲ ဆွေးကျန်ရစ်ခဲ့တာပဲ မဟုတ် လား'

'ဒါပေမယ့် သူ့အပြစ်က ကျွန်မအဖြစ်နဲ့မတူပါဘူးတော်၊ ဒါ့ထက်တော်



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးကို သေသေချာချာ ကြည့်မိရဲ့လားဟင်'

'ကြည့်မိပါတယ်၊ တော်တော်လှတဲ့ မျက်လုံးတွေပဲကွ'

အဘိုးကြီးက ဇနီးသည်၏ကျောကို ချစ်စနိုးတစ်ချက် ပုတ်လိုက်ပြီးနောက် ထင်းသယ်ရန် အပြင်သို့ထွက်သွားသည်။

*

'ကျေးဇူးတော်နေ့' ရောက်တော့ ဒက်ဖနီသည်ကျောင်းသို့သွားပြီး သူ့သား ကလေးအပါအဝင် ကလေးတွေနှင့်အတူ တပျော်တပါး ညနေစာ သွားစားသည်။

ညစာ စားပြီးသောအခါ အပျင်းပြေကစားကြသည်။ အန်ဒရူးကလေးက ခြေဟန်လက်ဟန်ပြကာ မျက်နှာထားတင်းတင်းဖြင့် သူ့ကိုကြည့်တော့ ဒက်ဖနီမှာ အလန့်တကြား ဖြစ်သွားသည်။ သူတစ်ခါမျှ မခံစားဖူးသော အားငယ်ဝမ်းနည်းခြင် ဝေဒနာကို ခံစားရသည်။ သားကလေးအား ဤကျောင်းသို့ပို့မိတာ အမှားကြီးမှားခဲ့ ဟုလည်းတွေးမိသည်။ အန်ဒရူးကလေးသည် သူ့သားမဟုတ်တော့။ အန်ဒရ ကလေးကို သူမပိုင်တော့။ ကျောင်းက ပိုင်သွားပြီ။ သူ ကျောင်းကို စိတ်နာလာသည် သားကလေးကိုလည်း ဒေါသထွက်သည်။ ထို့ကြောင့် သားကလေးအား ဒေါသမျက် ဖြင့်ကြည့်နေသည်။ သားအမိနှစ်ယောက်၏တင်းမာနေသော အခြေအနေကို ကျော အုပ်ချုပ်ရေးမှူးဆရာမကြီး မစ္စက်ကာတစ်က ကြားဝင်ဖျန်ဖြေပေးရသည်။ တကယ်တေ သူတို့သားအမိ ဤသို့ဖြစ်ရသည်မှာ အဆန်းမဟုတ်၊ ဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်သည် မစ္စက်ကာတစ်က ဒက်ဖနီအားရှင်းပြသည်။ အန်ဒရူးကလေးအတွက် အရာရာတို သည် လျင်မြန်စွာ ပြောင်းလဲနေသည်။ သို့သော် ဒက်ဖနီအတွက်မူ ပြောင်းလဲမှု နှေးနေ နေသည်။ နောက်ကျနေသည်။ သို့သော် ဘာမှပူစရာမလို။ ဤသည်မှာ သဘာဝ ဖြစ်သည်။ တစ်နေ့အချိန်တန်လျှင် သားအမိနှစ်ယောက်တို့၏ဆက်ဆံရေးသ ပြေပြစ်ကောင်းမွန်သွားမည်မှာ မလွဲကေန်ဖြစ်သည်ဟု မစ္စက်ကာတစ်က ရှင်းပြသ

ထိုနေ့က ညစာ စားချိန်ရောက်တော့ သားအမိနှစ်ယောက် လက်ဆွဲပြီး သောက်ခန်းသို့လာကြသည်။ အခြားကလေးများနှင့်မိတ်ဖွဲ့ကြသည်။ ညစာ မစားမီ အန်ဒရူးကလေးသည် လက်ဟန်ခြေဟန်ဖြင့် ဆုတောင်းမေတ္တာပို့သည်။ ဒက်ဖ သားကလေးအတွက် ဂုဏ်ယူမဆုံးဖြစ်ကာ ဝမ်းသာလွန်း၍မျက်ရည်ပင်လည်မိသ သားကလေးက သူ့မေမေကိုကြည့်ပြီး ပြုံးနေသည်။

စားသောက်ပြီးသောအခါ တခြားကလေးများနှင့်ကစားကြပြန်သ ကစား၍ညောင်းလာတော့ အန်ဒရူးကလေးက မေမေ့ရင်ခွင်ပေါ်လာထိုင်ပြီး မေ ကို ဖက်ထားသည်။ ခဏကြာတော့ အန်းဒရူးကလေး အိပ်ပျော်သွားသည်။ ဒက်ဖ သားကလေးအား တယုတယပွေ့ဖက်ကာ အသာအယာ လှုပ်သိပ်သည်။





ထို့နောက် သားငယ်အား အိပ်ခန်းသို့ ချီယူလာခဲ့သည်။ အဝတ်အစား လဲပေးပြီး အိပ်ရာပေါ်တွင် သိပ်လိုက်သည်။ ပြီးတော့ သားကလေး၏ နဖူးကလေးကို တစ်ချက်နမ်းရှုပ်ပြီးနောက် အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

အောက်ထပ်တွင် တခြားကလေးများ၏မိခင်များထိုင်နေကြသည်။ ဒက်ဖနီက သူတို့နှင့်စကားမပြောချင်တော့။ သူ့အခန်းကို ပြန်ရန်ကိုသာ စိတ်စောနေသည်။ သူ့ကို တစ်ကိုယ်တည်းသာ အေးအေးဆေးဆေး စိတ်ကူးနေချင်သည်။ သူ့ရင်ထဲမှ ခံစားချက်ကို နေ့စဉ်မှတ်တမ်းထဲတွင် ဖွင့်အန်ရင်းသာ အချိန်ဖြုန်း နေချင်သည်။

သူသည် ခါတိုင်း ပြန်နေကျ လမ်းအတိုင်း ကားမောင်း၍ ပြန်လာခဲ့သည်။

တစ်နေရာသို့ အရောက်တွင် ဖောက်ခန်အသံကြားလိုက်ရသဖြင့် သူ ရုတ်တရက်လန့်သွားမိသည်။ ကားကလေးသည် ရှေ့သို့အရှိန်ဖြင့် ဟပ်ထိုးသွားပြီးနောက် စက်ရပ်သွားသည်။

ကားဝင်ရိုး ကျိုးသွားပြီ။

ဒက်ဖနီတော်တော့်စိတ်ညစ်သွားသည်။ အဝေးပြေး ကားလမ်းမကြီးပေါ်တွင် မဟုတ်၍ တော်ပါသေးသည်။ သို့သော် လမ်းပေါ်တွင် ကားသွားကားလာ လုံးဝမရှိ။ ညကြီး သန်းခေါင်လမ်းပေါ်တွင် သူတစ်ယောက်တည်း ဖြစ်နေသည်။ သူ့ အိမ်ခန်းနှင့်လည်း ခုနစ်မိုင်လောက်ဝေးသေးသည်။ လရောင်တော့ရှိသည်။ လမ်းကို လင်းလင်းရှင်းရှင်း မြင်ရသည်။ သို့သော် အရိုးတွင်းမတတ် ချမ်းအေးလှသော ယခုလို အချိန်တွင် ခုနစ်မိုင်ခရီးကို ခြေကျင်လျှောက်သွားရမည်မှာ မိန်းမသားတစ်ယောက်အဖို့ အလွန်တရာ မလွယ်သော အလုပ်ဖြစ်သည်။ ဆီးနှင်းများ တဖွဲဖွဲကျနေရသည့်အထဲ လေကလည်း ဟူးဟူး တိုက်ခတ်နေသည်။ ကုတ်အင်္ကျီ ကော်လာနှစ်ဖက်ကို တင်းတင်းစေ့ပြီး လည်ပင်းလုံအောင် ဖုံးလိုက်သည်။ ဦးထုပ်နှင့်လက်အိတ် မပါလာသည်ကို နောင်တရမိသည်။ မျက်လုံးအစုံမှ ဆီးနှင်းတွေ စီးကျလာသည်။ ချမ်းလွန်းသဖြင့် ပါးတွေပင် ကျဉ်လာသည်။ ထုံကျဉ်နေသော လက်နှစ်ဖက်ကို ကုတ်အင်္ကျီအိတ်ထဲ ထည့်ပြီး ဆက်လျှောက်လာခဲ့သည်။

တနာရီလောက် လျှောက်လာပြီးသောအခါ ရှေ့တည့်တည့်မှ မီးရောင်တစ်ခုကို ရုတ်တရက်လှမ်းမြင် လိုက်ရသည်။ ကားတစ်စီး၏ရှေ့မီးဖြစ်ကြောင်း ချက်ချင်း သိလိုက်သည်။ သူအလွန်စိုးရိမ်သွားသည်။ အန္တရာယ်တစ်ခုခုများဖြစ်ရင်တော့ အကျိုး နည်းရချည်ရဲ့။ အကာလ ညအချိန်တွင် မြို့ပြင်လမ်းမပေါ်၌ မိန်းမသား ယောက်တည်း။ တစ်ခုခုဖြစ်လျှင် အကူအညီတောင်းစရာ ဆို၍ ဘယ်သူမှမရှိ။ ဟစ်၍ အသံပေးလျှင်လည်း မည်သူမှ ကြားနိုင်မည်မဟုတ်။ သူသည် ရှေ့လိုက် သော ယုန်ကလေး တစ်ကောင်ပမာ ကြောက်လန့်စွာဖြင့် လမ်းပေါ်တွင် ရပ်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှေ့မှမီးရောင်က သူ့ဆီသို့လာနေသည်။ ထို့နောက် ရုတ်တရက် သတိဝင်လာပြီး အနီးရှိ သစ်ပင်နောက်သို့ ပြေးဝင်လိုက်သည်။ သူ့ရင်သည် တဒိန်းဒိန်း ခုန်နေသည်။ ကိုယ့်ရင်ခုန်သံကိုပင် ကိုယ် ပြန်ကြားနေရသည်။

ကားဒရိုင်ဘာက သူ့ကိုမြင်များသွားပြီလား။ သူသစ်ပင်နောက်သို့ ပြေးဝင်ချိန်တွင် ကားက တော်တော်တော့ ဝေးသေးသည်။

ကားသည် တဖြည်းဖြည်းနီးလာသည်။ ကုန်တင်ကားဖြစ်သည်။

ကားက သစ်ပင်ရှေ့မှ ဖြတ်ကျော်သွားမလို လုပ်ပြီးတော့မှ ရုတ်တရက် ရပ်သွားသည်။

ဒက်ဖနီ အသက်ရှူရပ်သွားသည်။ ကြောက်စိတ်ဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

ကားတံခါးပွင့်လာပြီး ကားပေါ်မှ ဒရိုင်ဘာခုန်ဆင်းလိုက်သည်။

'ဟေး ဒီနားမှာ တစ်ယောက်ယောက်များ ရှိသလား'

ဒရိုင်ဘာက အော်၍ မေးလိုက်သည်။ ထို့နောက် ဘေးပတ်ပတ်လည်ကို လှည့်ကြည့်သည်။ သူ့အရပ်က တော်တော်ရှည်သည်။ ငါပုန်းနေတာ မှားများမှားသွားပြီလားဟု ဒက်ဖနီက တွေးမိသည်။ အအေးဒဏ်ကြောင့် ခြေလက်တွေလည်း ထုံကျဉ်နေပြီ။ ပုန်းနေရာက ထွက်ပြီး ကားကြုံလိုက်ပါရစေဟု ခွင့်တောင်းလိုက်ရင် ကောင်းမည်လား။ ဒါပေမယ့် ငါပုန်းနေခဲ့မိတာကို ဘယ်လိုလုပ် ရှင်းပြရပါ့မလဲ။ ရိုင်းရာကျ လိမ့်မယ်ထင်တယ်။ အို မထူးတော့ပါဘူး၊ ပုန်းလက်စနဲ့ ဆက်ပုန်းနေလိုက်တာပဲ ကောင်းပါတယ်လေ။

ဒရိုင်ဘာသည် ကားနားသို့ ဖြည်းဖြည်းလျှောက်သွားသည်။ ထို့နောက် ပခုံးတစ်ချက်တွန့်ကာ ကားပေါ်ပြန်တက်ပြီး မောင်းထွက်သွားသည်။

ဒက်ဖနီက သစ်ပင်နောက်မှ ပြန်ထွက်လာသည်။

တကယ်တော့ ငါမိုက်တာပဲ။ သူ့ကို အကျိုးအကြောင်း ပြောပြပြီး ကားကြုံ လိုက်သွားရင် သိပ်ကောင်းမှာပဲ။ ခုတော့ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေပြီ အိမ် အရောက်လမ်းလျှောက်သွားရတော့မယ်။

စင်စစ် သူက အကြောက်လွန်နေခြင်းဖြစ်သည်။ ကြောက်မည်ဆိုကလည်း ကြောက်စရာပင်။ အချိန်က အကာလ ညအချိန်ကြီး။ သည်အချိန်တွင် ဘယ်သူ့ကို ယုံနိုင်ပါမည်နည်း။ သူသည် မြို့ကြီးပြကြီးတွင် အကြာကြီး နေလာသူဖြစ်သည်။ တော ရပ် တောရွာကို စကျွမ်း။ တစ်ကိုယ်တည်း အနေများ၍ လူတွေကို ကြောက်သည်။ အထူးသဖြင့် သားကလေးအတွက် အမြဲတမ်းတွေးပူနေသည်။ သားကလေးအနေဖြင့် ဤလောကတွင် အားကိုးစရာဆို၍ သူတစ်ယောက်သာရှိသည်။ အကယ်၍ သူတစ်ခုခု





ဖြစ်သွားလျှင် သားကလေးအတွက် အကျိုးနည်းရချည်ရဲ့။

သူဆက်လျှောက်လာခဲ့သည်။ တစ်မိုင်လောက်ခရီးပေါက်လာပြီ။

သူ့နောက်ဘက် အဝေးဆီမှ ကားသံလိုလိုကြားလိုက်ရ၍ ထိတ်ခနဲ ခံစား လိုက်ရသည်။

လမ်းဘေးဆင်းပြေးပြီး ပုန်းနေလိုက်ရကောင်းမည်လားဟု စဉ်းစားမိသည်။ သည်တစ်ကြိမ်တွင်တော့ သူခေါင်းကို ခါယမ်းလိုက်သည်။ စိတ်ကိုတင်းပြီး လမ်းဘေး တွင် ရပ်စောင့်နေလိုက်သည်။ ကားက သူ့ဆီသို့ လာနေသည်။ သူ့အနီးရောက်တော့ ကားရပ်သွားသည်။ ကားရှေ့မီးလင်းသွားပြီး ကားပေါ်မှ ဒရိုင်ဘာဆင်းလာသည်။ လူပုံက တော်တော်ကြမ်းသည်။ ဆံပင်တွေကလည်း အဖြူရောင်သန်းနေပြီ။ ရင်အုပ် ကားကားနှင့်ပခုံးကလည်း အကျယ်ကြီး။ ကိုယ်ပေါ်တွင်တော့ သိုးသားရေအုတ်အင်္ကျီ ကြီးဝတ်လို့။ သူ့လက်နှစ်ဖက်ကို ကုတ်အင်္ကျီ အိတ်ထဲနှိုက်ထားသည်။

'ဟိုနောက်နားမှာ တွေ့ခဲ့တဲ့ ကားဟာ မင်းကားလား'

'ဟုတ် ... ဟုတ်ကဲ့ ... ကျွန်မ ကားပါ'

ဒက်ဖနီက မဝံ့မရဲပြုံးပြရင်း ပြန်ပြောလိုက်သည်။

ဒရိုင်ဘာက လက်နှစ်ဖက်ကို အင်္ကျီအိတ်ထဲမှ ထုတ်လိုက်သည်။ ကြောက်စရာ လက်ကြမ်းကြီးတွေ ပါကလား။

ဒက်ဖနီ တစ်ကိုယ်လုံး ကြက်သီးထသွားသည်။ သို့သော် သည်အချိန်မှတော့ ထွက်ပြေး၍ မဖြစ်နိုင်တော့။ ဒရိုင်ဘာသည် လူကောင်းသူကောင်း တစ်ယောက်ဖြစ်လျှင် သူ့အဖြစ်ကို ကြည့်ပြီး ပြုံးမိလိမ့်မည်။ အကယ်၍ လူဆိုးသူဆိုးတစ်ယောက် ဖြစ်လျှင် လည်း သူ့အနေဖြင့် ဘာမှမတတ်သာတော့။ အချိန်က သိပ်နောက်ကျသွားပြီ။ ဒရိုင်ဘာ ပြုံးသမျှ နရတော့မည်သာ။ ဖြစ်လာသမျှ ရင်စည်းခံရတော့မည်သာ။

'ဒါနဲ့ စောစောပိုင်းက မင်းအနားက ငါဖြတ်သွားသေးသလား၊ လမ်းပေါ်မှာ လူတစ်ယောက်ယောက်မြင်လိုက်မိသလိုပဲ၊ ဒါပေမယ့် ငါကားရပ်ပြီး ဘေးဘီကို ရှာကြည့်တော့လဲ ဘယ်သူမှ မတွေ့ဘူး၊ နောက် မင်းကားကို တွေ့တော့မှ မင်းကို ငါကျော်လာတာဖြစ်လိမ့်မယ်လို့ တွေးမိတာ' သူ့အသံက အသံသြကြီး။ သို့သော် ညင်သာသည်။ 'မင်းကားဝင်ရိုး ကျိုးသွားတာ ငါတွေ့ခဲ့တယ်၊ ငါ့ကားနဲ့လိုက်ခဲ့ပါ လား၊ ဒီလောက်ချမ်းတဲ့ အချိန်မှာ ညကြီးမင်းကြီး လမ်းလျှောက်သွားတာ မကောင်း ပါဘူး'

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တော်တော် ကြာကြာ ရပ်နေကြသည်။

ဒက်ဖနီက ဒရိုင်ဘာ၏ မျက်နှာကို အကဲခတ်နေသည်။ နောက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းညိတ်ပြလိုက်ပြီး

'ဟုတ်ကဲ့၊ ကျွန်မကားကြုံလိုက်ချင်ပါတယ်၊ ကျေးဇူးပါပဲ ရှင်'

ချမ်းလွန်း၍ သူ့အသံက တုန်နေသည်။ ဒရိုင်ဘာကတော့ ဒီကလေးမ ကြောက်လို့ တုန်နေတာဟု ထင်ကောင်းထင်လိမ့်မည်။

သို့သော် ဒက်ဖနီတစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေတာကတော့ အမှန်ပင်။ လက်တွေ တုန်နေ၍ ကားတံခါးကိုပင် မဖွင့်နိုင်အောင် ဖြစ်နေသည်။

ဒရိုင်ဘာက တံခါးဖွင့်ပေးသည်။ ဒက်ဖနီက ကားပေါ်တက်ပြီး ဒရိုင်ဘာ ဘေးမှ ထိုင်ခုံလပ်တွင် ထိုင်သည်။ ထို့နောက် ဒရိုင်ဘာက သူ့နေရာတွင် သူ ဝင်ထိုင် သည်။ သူက ဒက်ဖနီအားလှည့်မကြည့်ဘဲ ပြောသည်။

'မင်းကား အဝေးပြေးလမ်းမကြီးပေါ်မှာ မပျက်တာ ကံကောင်းတယ်၊ ဆ က်ခင် ကြိုတင်မသိဘူးလား'

'မသိပါဘူး၊ ဖောက်ခနဲ အသံမြည်ပြီး ရုတ်တရက် ဦးစိုက်ရပ်သွားတယ်၊ လောက်ပါပဲ'

ယခုအချိန်တွင်တော့ ဒက်ဖနီက စိတ်ချယုံကြည်သွားပြီ။ ကားထဲတွင် ထူးထူးခြားခြား မွှေးထွေးလာသည်။ ဒရိုင်ဘာက ဒက်ဖနီအား သိုးမွှေးလက်အိတ်တစ်စုံ ကမ်းပေးသည်။ ဒက်ဖနီက လှမ်းယူပြီး လက်အိတ်ကို ကောက်စွပ်လိုက်သည်။

ထို့နောက် ဒရိုင်ဘာက စက်နှိုးပြီး မောင်းထွက်လာခဲ့သည်။

နောက် ငါးမိနစ်ခန့်အကြာတွင် ဒရိုင်ဘာက ဒက်ဖနီအား လှည့်ကြည့်ကာ အသံသြကြီးဖြင့် မေးသည်။

'ကားပျက်တုန်းက ထိခိုက်ဒဏ်ရာရတာများ ရှိသေးသလား'

ဒက်ဖနီက ခေါင်းခါပြလိုက်သည်။

'ဟင့်အင်း၊ ဘာမှ မထိခိုက်ပါဘူး၊ ချမ်းတာတစ်ခုပါပဲ၊ အခုလိုသာ ကားကြုံ မတွေ့ခဲ့ရင် ကျွန်မတော့အိမ်ကို ပြန်ရောက်ဖို့ နောက်ထပ် နှစ်နာရီလောက် လမ်းလျှောက် ရဦးမှာ သေချာတယ်'

'မင်းနေတာက အဘွားကြီး လန်ကတ်စတာပိုင်တဲ့ အိမ်ခန်းမဟုတ်ဘူးလား'

'အဲဒါတော့ ကျွန်မ မသိပါဘူး၊ ကျွန်မက ဒေါ်ဆီလို့ခေါ်တဲ့ မိန်းမ တစ် ယောက်ဆီက တစ်ဆင့်ငှားတာပါ၊ ဒါပေမယ့် ကျွန်မကိုလူချင်းမဆုံဖူးပါဘူး၊ အိမ်ငှား ကြော်ငြာတွေ့တာနဲ့ စာတိုက်ကတစ်ဆင့် စာပေးစာယူလုပ်ပြီး ငှားတာပါ'

ဒရိုင်ဘာက ခေါင်းညိတ်သည်။

'ဟုတ်ပါတယ်၊ အဲဒါအဘွားကြီးလန်ကတ်စတင်ရဲ့သမီးပေါ့၊ အဘွားကြီးက မနှစ်ကဆုံးသွားရှာပြီ၊ သူ့သမီးက ဒီကိုပြန်မလာတာ နှစ်ပေါင်းနှစ်ဆယ်လောက် ရှိရော့





မယ် ထင်တာပဲ၊ သူကဘော့စတွန်မှာနေတာ၊ သူ့ယောကျ်ားကရွှေ့နေလို့ပြောတယ်၊ ဒါနဲ့ မင်းလဲဘော့စတွန်က လာတာပဲလား'

'မဟုတ်ပါဘူး၊ နယူးယောက်က လာတာပါ'

'အနားယူဖို့ လာတာလား'

ဒက်ဖနီက ပြန်မဖြေ။ သက်မတစ်ချက်သာ ချလိုက်သည်။ ဒရိုင်ဘာက အခြေအနေကို သဘောပေါက်သွားဟန်ဖြင့် လှက်ကာပြုပြီး တောင်းပန်သည်။

'စိတ်မရှိပါနဲ့၊ ငါမေးမိတာမှားရင် ခွင့်လွှတ်ပါ၊ ငါက ဒီမှာနေတာကြာပြီဆို တော့ ဒီဒေသက စရိုက်တွေအကျင့်ပါနေလို့ စပ်စုမိတာ၊ ငါမှားသွားတာ တောင်းပန် ပါတယ်၊ ဒီဒေသမှာက ဒီလိုပဲ လူသစ်တစ်ယောက်ယောက် ရောက်လာရင် သိပ်ပြီး စပ်စုချင်ကြတာ၊ တကယ်ဆိုတော့ မင်းဒီမှာပဲ ဘာပဲလာလုပ်လုပ် ငါနဲ့ဘာမှ မဆိုင် ပါဘူး၊ ငါ့အလုပ်လဲမဟုတ်ပါဘူး၊ ငါမေးမိတာ စိတ်မကောင်းပါဘူး'

ဒရိုင်ဘာ၏စကားကို ကြားရတော့ ဒက်ဖနီစိတ်ချမ်းသာသွားသည်။ ဒရိုင်ဘာက စိတ်ကောင်းရှိသည်။ အကြင်နာတရား ရှိသည်။ ထို့ကြောင့် သူက ယောကျ်ားတန်မဲ့ စပ်စပ်စုစု မေးခွန်းထုတ်နေသော်လည်း ဒက်ဖနီက စိတ်မဆိုးမိ။

ဒက်ဖနီ ပြုံးပြီး ပြန်ပြောသည်။

'ကိစ္စမရှိပါဘူးရှင်၊ ရပါတယ်၊ တောင်းပန်နေစရာ မလိုပါဘူး၊ ကျွန်မက ကျွန်မသားကလေးအတွက် ဒီကိုရောက်လာတာပါ၊ သူ့ကို ကျွန်မကျောင်းပို့ထားလို့ပါ၊ ဟိုးဝပ် ကျောင်းကိုပို့ထားလို့ပါ'

ဒက်ဖနီ စိတ်ထဲကတော့ 'နားမကြားကလေးသူငယ် ပြုစုရေးကျောင်းကို ပို့ထားလို့ပါ' ဟု ပြောလိုက်ချင်ပါသည်။ သို့သော် ထိုစကားကို သူပါးစပ်မှပြောမထွက်။

ဒရိုင်ဘာက ဒက်ဖနီ၏ မျက်နှာကို လှည့်ကြည့်သည်။ တကယ်တော့ ဟိုးဝပ် ကျောင်းဆိုတာ ဘယ်လိုကျောင်းမျိုးဆိုသည်ကို သူသိပြီးသား၊ သူသာမဟုတ်၊ တစ်မြို့ လုံးအသိ။ သို့သော် ဤမြို့မှမြို့သူမြို့သားတွေက ဟိုးဝပ်ကျောင်းကို အထင်မသေးကြ။ နားမကြားသော ကလေးတစ်ယောက်အား ဟိုးဝပ်ကျောင်းသို့ ပို့ခြင်းကို သူတို့က သိက္ခာကျစရာဟုလုံးဝမထင်။ ထို့ကြောင့်သည့်လို ကိစ္စမျိုးကို လျှို့ဝှက်ထားစရာဟူ၍ လည်း လုံးဝမထင်။

'ကလေးက ဘယ်အရွယ်ရောက်ပြီလဲ၊ ငါကမစပ်စုပါဘူးပြောပြီးမှ စပ်စုနေမိ ပြန်ပြီလားမသိဘူး'

သူ့အသံတွင် ရင်းနှီးမှုပါသည်။ စေတနာပါသည်။

'ရပါတယ်ရှင်၊ ကျွန်မအဲဒီလို မထင်ပါဘူး ကျွန်မသားလေးက လေးနှစ်သား အရွယ် ရှိနေပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာမျက်လုံးကို ပင့်လိုက်သည်။ ပြီးတော့ ဒက်ဖနီ၏ မျက်နှာကို ကြည့်သည်။ ဒက်ဖနီ၏ ဘဝကိုသူနားလည် ခံစားမိသည့်ဟန်မျိုး။

'ဩော် ကလေးက တော်တော်ငယ်သေးတာပဲ၊ ဒီအရွယ်မှာ မအေနဲ့ခွဲနေရမယ် ဆိုရင် ဘယ်လွယ်ပါ့မလဲ'

အင်း တော်တော် ထူးဆန်းတာပဲ။ သူ့စကားကြားရတော့ စိတ်ချမ်းသာလိုက်တာ။ ဒက်ဖနီက သူ့ကို မေးခွန်းတွေထုတ်ချင်စိတ်ပေါ်လာမိသည်။ သူ့နာမည် ဘယ်သူလဲ။ သူ့မှာရော ကလေးတွေရှိသလား။

သူတို့နှစ်ယောက်သည် ချက်ချင်းပင် တစ်ကားတည်းစီး တစ်ခရီးတည်းသွား မိတ်ဆွေများ ဖြစ်သွားကြတော့သည်။

ခဏကြာတော့ ဒက်ဖနီ၏ အိမ်ခန်းရှေ့တွင် ကားရပ်သွားသည်။ ဒရိုင်ဘာက ဒက်ဖနီအား ကားပေါ်မှဆင်းရန် တံခါးဖွင့်ပေးသည်။ ဒက်ဖနီသည် လက်အိတ်ကို ပြန်ပေးရန် လုံးဝသတိမရ။ သူက ဒရိုင်ဘာအားပြုံးကြည့်နေရင်းမှ 'အများကြီးကျေးဇူးတင်ပါတယ်ရှင်၊ ရှင်နဲ့သာမတွေ့ရင် ကျွန်မတော့ အိမ်ရောက်အောင် အကြာကြီး လမ်းလျှောက်ရမှာပဲ' ဟု ပြောလိုက်သည်။

ဒရိုင်ဘာက ပြန်၍ ပြုံးပြသည်။

'ပထမအကြိမ် ကတည်းကသာ ငါ့ကိုယုံခဲ့ရင် မင်းအနေနဲ့ တစ်မိုင်လောက် လမ်းလျှောက်ရ သက်သာသွားမှာပဲ'

ဒက်ဖနီက ရှက်ပြုံးကလေး ပြုံးရင်း ရယ်နေသည်။

'ကျွန်မ မှားသွားပါတယ်၊ တောင်းပန်ပါတယ်၊ တကယ်တော့ ကျွန်မပုန်းနေရာက ထွက်လာမလို့ လုပ်နေပါပြီ' ဒက်ဖနီက စကားဆက်ရမည်ကို ရှက်သလိုလို ဖြစ်နေမိသည်။ ပြီးတော့မှ 'ဒါပေမယ့် ... ဒါပေမယ့် ... ကျွန်မစိတ်ထဲက ကြောက်သလိုလို ဖြစ်မိတာနဲ့ ...'

ဒက်ဖနီ အမှန်အတိုင်းဝန်ခံသည်ကို ဒရိုင်ဘာက သဘောကျသွားသည်။ သူက ပြုံးပြီးဒက်ဖနီအား အိမ်တံခါးဝကို ခေါ်လာသည်။

'ဟုတ်ပါတယ်၊ မင်းလုပ်တာ မမှားပါဘူး၊ မတော်လို့ မကောင်းတဲ့လူနဲ့ တွေ့နေရင် ဘယ်လိုလုပ်မလဲ၊ ဒီဒေသမှာက တစ်ချို့လူပေ လူရှုပ်ကလေးတွေရှိတယ်၊ အမှန်ကတော့ ခုခေတ်မှာနယူးယောက်မြို့မှာသာ မဟုတ်ပါဘူး၊ နေရာတိုင်းမှာလိုလို လူပေလူရှုပ်တွေ ရှိကြတာပါပဲ၊ အခုလို မင်းနဲ့ မမျှော်လင့်ဘဲ တွေ့ရပြီး အိမ်ကိုလိုက်ပို့ရတာငါ ဝမ်းသာပါတယ်'

'ကျွန်မလဲ အများကြီးဝမ်းသာပါတယ်၊ ကျေးဇူးလဲတင်ပါတယ်'

သူ့ကို အိမ်ပေါ်ခေါ်ပြီး ကော်ဖီလေး ဘာလေးတိုက်လိုက်ရ ကောင်းမလား။





ကိုမဖြစ်သေးပါဘူး ထင်တယ်။ အချိန်က ကိုးနာရီတောင်ထိုးနေပြီ။ ငါက တစ်ယောက်တည်းနေရတာ၊ ပြီးတော့ သူနဲ့ငါနဲ့က ခုမှ တွေ့ကြရတဲ့ လူတွေ သူ့နာမည်ကိုတောင် သိရသေးတာမဟုတ်ဘူး။

'မင်း ဒီမှာရှိနေတုန်း အကူအညီလိုအပ်ရင် ပြောပါ၊ အားနာစရာမရှိပါဘူး' သူက သူ့လက်ကြမ်းကြီးကို ကမ်းပေးသည်။ နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြသည်။ 'ငါ့နာမည် ဂျွန်ဖောင်းလားလို့ ခေါ်ပါတယ်'

'ကျွန်မနာမည်က ဒက်ဖနီဖီးလ်ဒ်ပါ'

'တွေ့ရတာ ဝမ်းသာပါတယ်'

ဒက်ဖနီက တံခါးကို သော့ဖွင့်သည်။ ဖောင်းလားက လက်ကိုဝှေ့ယမ်းပြပြီး ကားဆီသို့ပြန်လျှောက်သွားသည်။ ခဏကြာတော့ သူကားပေါ်တတ်ပြီး မောင်းထွက်သွားသည်။

ဒက်ဖနီက အိမ်ခန်းဝတွင် တစ်ယောက်တည်း ရပ်ကျန်ရစ်သည်။

သူ့ကို အိမ်ပေါ်မဖိတ်လိုက်ရတာ မှားတာပဲ၊ အနည်းဆုံးတော့ စကားပြောဖော်ရတာပေါ့။

သည်ညတွင် နေ့စဉ်မှတ်တမ်းရေးခြင်းကိုပင် ဒက်ဖနီစိတ်မဝင်စားနိုင်တော့။ သူ့မျက်စိထဲတွင် ကြမ်းတမ်းသော မျက်နှာ၊ ဖြူဖွေးသောဆံပင်များနှင့် သန်မာသော လက်ကြီးများကိုသာ မြင်ယောင်နေပြီး ဂျွန်ဖောင်းလားအကြောင်းကိုသာ တချိန်လုံး တွေးနေမိတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

ဒက်ဖနီသည် နောက်တစ်နေ့နံနက်တွင် ဩစတြီယန်း တည်းခိုရိပ်သာနှင့် ထမင်းဆိုင်ကလေးသို့သွားပြီး ဆိုင်ရှင် အဒေါ်ကြီး မစ္စက်အိုဘာမီးယားနှင့်အပျင်းပြေ အာလာပသလ္လာပစကားပြောသည်။ နံနက်စာကို ထိုဆိုင်မှာပင် ဝယ်စားလိုက်သည်။ ထို့နောက် မနေ့ညကလမ်းပေါ်တွင် ဖျက်ကျန်ခဲ့သော သူ့ကားကလေးနှင့်ပတ်သက်၍ ဘယ်လိုလုပ်ရမည်ဆိုသည်ကို ဆိုင်ရှင်အဘိုးကြီးမစ္စတာဖရန့်နှင့်တိုင်ပင်သည်။ အဘိုးကြီးက မြို့ထဲမှ ဝပ်ရှော့တစ်ခုကို ညွှန်သည်။

သို့ဖြင့် ဒက်ဖနီသည် အဘိုးကြီးညွှန်လိုက်သော ဝပ်ရှော့သို့လာခဲ့သည်။ ဝပ်ရှော့တွင် အကျိုးအကြောင်း ပြောပြတော့ ဝပ်ရှော့ဆရာက ဒက်ဖနီ၏ ကားကလေးကို ထရပ်ကားဖြင့် သွား၍ဆွဲယူရန် အလုပ်သမား လူငယ်တစ်ယောက်အားနိုင်းသည်။ လမ်းပြရန် ဒက်ဖနီပါလိုက်လာသည်။

ကားပျက်သောနေရာသို့ရောက်သောအခါ ထိုနေရာတွင် ကားကိုမတွေ့ရတော့။ လမ်းဘေးဗွက်ထဲတွင် ကားဘီးရာများကိုသာ တွေ့ရတော့သည်။

'မမကားကို တစ်ယောက်ယောက်လာယူသွားတာကတော့ သေချာသယ်ဗျ။ မမကများ လာယူဖို့ ပြောထားသလား'

www.burmeseclassic.com



'ဟင့်အင်း၊ မမဘယ်သူ့ကိုမှ ပြောမထားပါဘူး၊ တစ်ယောက်ယောက်များ လာခိုးသွားတာလားကွယ်'

'အဲဒါလဲ ဖြစ်နိုင်တာပဲ၊ ဒါပေမယ့် ပိုပြီးသေချာအောင် တခြားဝပ်ရှော့တွေမှာ အလျှင်သွားကြည့်ပါဦး၊ မမအတွက်တစ်ယောက်ယောက်ကလာယူပြီး ဝပ်ရှော့သွားပို့ထားတာလဲဖြစ်နိုင်တယ်'

'အဲဒါတော့ လုံးဝမဖြစ်နိုင်ဘူး၊ ဒီမြို့မှာ မမအသိလဲ တစ်ယောက်မှမရှိပါဘူး' ပြောရင်းဆိုရင်းမှ ဂျွန်ဖောင်းလားကို သွား၍သတိရမိသည်။ သို့သော် သူလည်း ဖြစ်နိုင်စရာ အကြောင်းမရှိ။ သူတို့နှစ်ယောက်က တစ်ကြိမ်တွေ့ဖူးရုံသာရှိသေးသည်။ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးကြသေးသည်မဟုတ်။ 'ဒါနဲ့ ဒီမြို့မှာ မောင်လေးတို့ဝပ်ရှော့အပြင် တခြားဝပ်ရှော့ ဘယ်နှစ်ခုရှိသေးသလဲ ဟင်'

'တခြားဝပ်ရှော့ နှစ်ခုရှိသေးတယ် မမ'

'ဒါဆို ဟုတ်ပြီ၊ အဲဒီဝပ်ရှော့တွေကို မမသွားကြည့်မယ်၊ ပြီးတော့ ရဲကို တိုင်မယ်'

မနေ့ညတုန်းက ဂျွန်ဖောင်းလားပြောခဲ့တဲ့စကားကို သတိရမိသည်။ ဒီမြို့ထဲမှာ တချို့လူပေလူရှုပ်ကလေးတွေ ရှိသတဲ့။ ကေန္တသူတို့လက်ချက်ပဲ ဖြစ်မည်။

သူတို့နှစ်ယောက် ထရပ်ကားပေါ်တက်ပြီး မြို့ထဲဝင်လာခဲ့ကြသည်။ ပထမဆုံးတွေ့ရသော ဝပ်ရှော့ရှေ့တွင် ကားရပ်လိုက်သည်။

ဒက်ဖနီသည် ကားပေါ်မှ မဆင်းခင်ကပင် သူ့ကားကလေးကို လှမ်းမြင်လိုက်ရသည်။ လူငယ်ကလေးနှစ်ယောက်က ကားကို ပြင်နေကြသည်။

'ဒါ ခင်ဗျားကားလား' လူငယ်တစ်ယောက်က မေးသည်။

'ဟုတ်ပါတယ်၊ မမ ကားပါပဲ'

'ကားက တော်တော်ပျက်နေတယ်၊ မနက်ဖြန်မှပြင်လို့ပြီးမယ်၊ မစ္စတာ ဖောင်းလားကတော့ ဒီနေ့နေ့လယ်အပြီး ပြင်ပေးပါလို့ ပြောသွားတာပဲ'

'ဩော် ဟုတ်လား၊ ဒါနဲ့ သူဘယ်အချိန်က လာပို့သွားသလဲ'

'အခုမနက် ခုနစ်နာရီလောက်က လာပို့သွားတယ်၊ သူ့ကားကြီးနဲ့ ဆွဲယူလာတာ'

'သူ့ကို မမဘယ်မှာ သွားတွေ့နိုင်မှာလဲကွယ်၊ ကျေးဇူးပြုပြီး မမကို လမ်းညွှန်ပါဦး'

လူငယ်ကလေးက ခေါင်းကို ခါယမ်းလိုက်ပြီး

'သူ ဘယ်မှာနေမှန်းတော့ မသိဘူးဗျ၊ ဒါပေမယ့် အလုပ်လုပ်တာကတော့ အင်ဒါဆင်သစ်ခုတ်စခန်းမှာပဲ'





'ကျေးဇူးတင်ပါတယ် မောင်လေးရယ်'

ဒက်ဖနီသည် ဝပ်ရှော့ထဲမှ ပြန်ထွက်ပြီး လမ်းမဘက်သို့ လျှောက်လာစဉ် ထရပ်ကားတစ်စီး ဟွန်းသံပေးကာ သူ့ဘေးတွင် ထိုးရပ်လိုက်သည်။

ဒက်ဖနီက ဝမ်းသာစွာဖြင့် ကားဆရာကို ပြုံးကြည့်လိုက်သည်။

'ကျွန်မတော့ မစ္စတာဖောင်းလားကို ကျေးဇူးတင်လို့ ဆုံးနိုင်စရာ မရှိတော့ပါဘူး၊ အခုလို ကျွန်မအပေါ်မှာ စေတနာထားတာ ...'

'ကဲ ကျေးဇူးတင်မနေနဲ့၊ ကားကြုံလိုက်ဦးမှာလား၊ တက်ပါ၊ ဒီတစ်ခါတော့ သစ်ပင်နောက်ဝင်ပုန်း မနေတော့ပါဘူးနော်' ဖောင်းလားက ရယ်ပြီး ပြောသည်။

ဒက်ဖနီက ကားပေါ်ဝင်ထိုင်ပြီး ဖောင်းလား၏ မျက်နှာကိုစောင်းကြည့်ရင်း

'ဒီလိုပြောတာတော့ မတရားဘူး၊ ကျွန်မက အစတော့ ကြောက်မိတာပေါ့'

'ဟုတ်ပါတယ်၊ မင်းဘာကို ကြောက်နေတယ်ဆိုတာ ငါသိပါတယ်၊ တကယ်တော့ ကြောက်လဲကြောက်စရာပါပဲ၊ ငါ့ရုပ်ကလဲ ကြောက်စရာ ရုပ်ကြီးမဟုတ်လား၊ ဒါပေမယ့် ငါကမင်းကြောက်အောင် ဘာမှမလုပ်ပါဘူး'

'ကျွန်မ သစ်ပင်နောက်ဝင်ပုန်းတဲ့အချိန်မှာ မစ္စတာဖောင်းလားကို လုံးဝ မမြင်ရသေးဘူး၊ ကျွန်မ ကြောက်တာကတော့ အခုမှမဟုတ်ပါဘူး၊ ကျွန်မ သားလေးမွေးပြီးကတည်းက ကျွန်မကြောက်တတ်လာခဲ့တာပဲ၊ သားလေးမှာ အားကိုးစရာဆိုလို့ ကျွန်မတစ်ယောက်တည်းသာရှိတော့ တကယ်လို့များ ကျွန်မတစ်ခုခုဖြစ်သွားခဲ့ရင်ဆိုတဲ့ စိုးရိမ်စိတ်က အမြဲတမ်းဖိစီးနေတော့တာပဲ'

ဖောင်းလားသည် ဘာမှမပြောဘဲ အတန်ကြာမျှ ငြိမ်နေသည်။ ပြီးတော့မှ

'မင်းက ယောကျ်ားနဲ့ ပြတ်စဲ ထားတာလား'

ဒက်ဖနီက ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်သည်။

'မဟုတ်ပါဘူး၊ ကျွန်မယောကျ်ားက ဆုံးသွားတာပါ'

'ဩော် ကြားရတာ ငါစိတ်မကောင်းပါဘူး'

ဒက်ဖနီ၏အခန်းရှေ့တွင် ကားရပ်သွားသည်။ 'ဒါနဲ့ အိမ်ပေါ်တတ်ပြီး ကော်ဖီမလေး ဘာလေးသောက်ပါဦးလား မစ္စတာဖောင်းလား'

'ကောင်းသားပဲ၊ ငါက တနင်္လာနေ့အထိ အားနေတယ်၊ ဒီရက်အတွင်းဘာအလုပ်မှမရှိပါဘူး'

သူတို့နှစ်ယောက်အခန်းထဲသို့ ဝင်လာကြသည်။ ကုတ်အင်္ကျီများကို ချွတ်ပြီး တံခါးဝဘေးမှ အင်္ကျီချိတ်တွင် ချိတ်ထားလိုက်ကြသည်။ ဒက်ဖနီသည် မီးဖိုခန်းထဲသို့ အပြေးကလေးဝင်သွားပြီး မနက်က ကျန်နေသောကော်ဖီကို ပြန်နွေးသည်။ ဖောင်းလားက မီးဖိုခန်းတံခါးဝတွင် ရပ်ပြီး ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝပ်ရှော့က ကလေးတွေက ပြောတယ်၊ မစ္စတာဖောင်းလားက သစ်ခုတ်စခန်းမှာ အလုပ်လုပ်တယ်ဆို' ဒက်ဖနီက ကော်ဖီပန်းကန်များကို ကြောင်အိမ်ထဲမှ ထုတ်ယူရင်း နောက်ပြန်လှည့်ကာ မေးလိုက်သည်။

'ဟုတ်ပါတယ်၊ ငါ အဲဒီမှာ လုပ်ပါတယ်'

ဒက်ဖနီက ဖောင်းလား၏ မျက်နှာကိုစိုက်ကြည့်နေသည်။ အဖြစ်ကတော့ တော်တော်ဆန်းသည်။ ဤလူကြီးသည် မနေ့ညက သူ့ကိုကားကြုံခေါ်လာခဲ့သည်၊ ယခုမီးဖိုခန်းထဲ ရောက်နေပြီ။ တကယ်တော့ ဤသစ်ခုတ်သမားကြီးမှာ လူစိမ်းတစ်ယောက်သာဖြစ်သည်။ သို့သော် ဒက်ဖနီက သည်လူကြီးကို သဘောကျနေသည်၊ သူ့အိမ်ပေါ်သို့ သည်လူကြီး ရောက်နေသည်ကို ဝမ်းသာနေသည်။ စိတ်ထဲကတော့ ကြောက်သလိုလို ဖြစ်နေမိသည်။ တကယ်တော့ သည်လူကြီးကို ကြောက်ခြင်း မဟုတ်၊ သူ့ကိုယ်သူကြောက်နေမိခြင်းသာ ဖြစ်သည်။

ဖောင်းလားက ဒက်ဖနီ၏အတွင်းစိတ် အခြေအနေကို အကဲခတ်မိသည်၊ သို့ဖြင့် ဧည့်ခန်းသို့ပြန်လာပြီး ဆိုဖာပေါ်တွင် ထိုင်စောင့်နေလိုက်သည်။

ခဏကြာတော့ ဒက်ဖနီက ကော်ဖီပန်းကန်များကို စားပွဲပေါ်လာချသည်။

'ငါမီးမွှေး လိုက်ရမလား' ဖောင်းလားက မေးလိုက်သည်။

'အို နေပါစေ၊ မမွှေးပါနဲ့၊ သိပ်မအေးလှပါဘူး၊ ကျွန်မက အေးပေမယ့် မီး… လေ့ မရှိပါဘူး'

'ဒီလိုဆိုရင်လဲ ရပါတယ်၊ ငါက မင်းချမ်းမြား ချမ်းနေမလားလို့ပါ၊ ဒါ… မင်းက မီးကိုကြောက်တတ်တယ် ထင်တယ်'

'ကျွန်မယောကျ်ားနဲ့ သမီးလေးတို့က မီးလောင်ပြီး ဆုံးသွားကြပါတယ်'

'အို ဖြစ်မှဖြစ်ရလေ၊ မင်းရော မီးလောင်ခံရသေးသလား၊ သားကလေးရော…'

ဒက်ဖနီက သက်မတစ်ချက်ချလိုက်သည်။

'အဲဒီတုန်းက ကျွန်မက ကိုယ်ဝန်နဲ့၊ ဒါပေမယ့် ကိုယ်ဝန်ရှိနေမှန်း မသိဘူး… မီးလောင်ဒဏ်ရာကြောင့် ကျွန်မဆေးရုံတတ်ရတော့ ကျွန်မကို စားဆေး ထိုးဆေး… အမျိုးမျိုးနဲ့ ကုသကြတယ်၊ ဆေးရုံမှာ နှစ်လလောက် ကုသခံခဲ့ရတယ်၊ အဲဒီတော့… ကျွန်မမှာ ကိုယ်ဝန်ရှိနေမှန်းသိရတော့တယ်၊ ဒါပေမယ့် အချိန်ကနှောင်းသွားပြီ စားဆေး… ထိုးဆေးတွေ အမျိုးမျိုးနဲ့ ကုသတာကြောင့် ကျွန်မကတော့ လူကောင်းပကတိပြန်ဖြစ်… လာခဲ့ပါရဲ့၊ ဒါပေမယ့် ကျွန်မသားကလေးကတော့ နားမကြားဘဲ မွေးလာခဲ့ပါတယ်…'

'ဒါပေမယ့် မင်းတို့သားအမိ နှစ်ယောက်စလုံး အသက်မသေဘဲ ရှင်လာ… ကြတာ သိပ်ပြီးကံကောင်းတာပေါ့၊ အင်း လူ့ဘဝဟာ တော်တော်လဲ ဆန်းကြယ်… တယ်၊ ကြုံရတဲ့ဖြစ်ရပ်တွေဟာ တစ်ခါတလေ ဘယ်လိုမှကျိုးကြောင်းညီညွတ်မှု မရှိ…





ဘယ်လိုမှ လက်ခံနိုင်စရာမရှိဘူး ဒက်ဖနီ၊ ငါ့အဖြစ်ကလဲ မင်းအဖြစ်နဲ့ အတူတူပါပဲ၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က နှင်းတွေကျနေတဲ့ ညတစ်ညမှာ ကားတိုက်ခံရပြီး ငါ့မိန်းမ ဆုံးသွားရှာတယ်၊ သူက သိပ်ပြီးစိတ်ကောင်းရှိတဲ့ မိန်းမ၊ တစ်မြို့လုံးက သူ့ကို ခင်ကြတယ်' သူသည် အတိတ်ကို ပြန်ပြောင်းသတိရကာ မျက်လုံးတွေ ရီဝေလာသည်။ 'တွေးကြည့်ရင် တော်တော်စိတ်နာစရာ ကောင်းတယ်၊ လောကမှာ စိတ်ကောင်းမရှိတဲ့လူတွေ ဒုနဲ့ဒေးရှိနေကြတာပဲ၊ ငါ့မိန်းမလို စိတ်ကောင်းရှိတဲ့ လူကိုမှ ကြမ္မာဆိုးကဘာကြောင့် ရက်ရက်စက်စက် နှိပ်စက်ရတာလဲ'

'ကျွန်မ ယောကျ်ားဆုံးတုန်းကလဲ ကျွန်မအဲဒီအတိုင်းပဲ ခံစားခဲ့ရပါတယ်၊ ကျွန်မတို့ အိမ်ထောင်ရေးဟာ သိပ်ပြီး ပျော်စရာကောင်းခဲ့ပါတယ်'

'အဲဒီအချိန်မှာ အိမ်ထောင်သက် ဘယ်လောက်ရှိပြီလဲ'

'လေးနှစ်ခွဲ ရှိပါပြီ'

ဖောင်းလားက ခေါင်းညိတ်လိုက်သည်။

'ငါ့မိန်းမနာမည်က ဆော်လီတဲ့၊ သူဆုံးတော့ အိမ်ထောင်သက် ဆယ့်ရှစ်နှစ်ရှိနေပြီ တို့နှစ်ယောက်က ဆယ့်ကိုးနှစ်အရွယ်မှာ လက်ထပ်ခဲ့ကြတာ၊ ကလေးအရွယ်တွေပဲ ရှိပါသေးတယ်၊ တို့လင်မယားက တော်တော် ရုန်းကန်ခဲ့ကြရတယ်၊ ထမင်းငတ်မယ့် ဘဝမျိုးတောင် ရောက်ခဲ့သေးတယ်၊ နောက်တော့ ပြေလည်လာတယ်၊ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြတယ်၊ တကယ်တော့ သူဟာ ငါ့ဘဝရဲ့ တစ်ခြမ်းလို့တောင်ပြောလို့ရတယ်၊ သူရုတ်တရက် ဆုံးသွားတော့ ငါ့မှာ ရူးမတတ် ခံစားခဲ့ရတယ်'

'ကျွန်မလဲ ဂျက်ဖ်ဆုံးတုန်းက တစ်နှစ်လောက် ရူးမတတ်ခံစားရတာပါပဲ၊ သားလေးမွေးဖွားလာတော့မှပဲ ဘဝမှာနေသာထိုင်သာ ရှိလာခဲ့ပါတယ်၊ သားလေးကို ပြုစုနေရတာနဲ့ပဲ အတိတ်ကိုပြန်တွေးဖို့ အချိန်မရခဲ့သလောက်ပါပဲ၊ ဒါပေမယ့် တစ်ခါတလေတော့လဲ ညညကျစိတ်က အတိတ်ကို ပြန်ရောက်သွားတတ်ပါတယ်၊ ဒါနဲ့ မစ္စတာဖောင်းလားမှာ သားသမီးရှိသေးလား'

'မရှိပါဘူး၊ တို့လင်မယားက ကလေးမလိုချင်ကြဘူး၊ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်၊ ဒါပေမယ့် ဆော်လီဆုံးသွားပြီးတော့မှ ငါက သားသမီးလိုချင်တဲ့ စိတ်တွေ ပြန်ပေါ်လာမိတယ်၊ မင်းမှာ သားကလေးတစ်ယောက် ကျန်ရစ်တာသိပ်ကံကောင်းတာပေါ့'

'အဲဒါတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် … ဒါပေမယ့် …'

'မင်းက မင်းသားလေးရဲ့ လက်ရှိ အဖြစ်မှန်တွေကို တွေးပြီး သိပ်ပူနေသလား'

'အမှန်အတိုင်းပြောရရင် ကျွန်မ ပူမိပါတယ်၊ အမြဲတမ်းမဟုတ်ပေမယ့်တောင်မှ



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏတွေးပြီး ပူမိပါတယ်၊ သူ့ခမျာ တစ်သက်လုံး နားပင်းကလေးဘဝနဲ့'

'ဒီလိုလဲ ဟုတ်သေးပါဘူး ဒက်ဖနီ၊ အဆိုးဘက်ကိုချည်းပဲ မကြည့်ပါနဲ့၊ အကောင်းဘက်လဲ လှည့်တွက်ပါဦး၊ လူ့ဘဝဆိုတာ ဒုက္ခ သုက္ခရောပြွမ်းနေတဲ့ ဌာန တစ်ခုပါ၊ အဆင်ပြေနေတဲ့အာဝတိုင်းလဲ အကောင်းဆုံးဘဝ မဟုတ်ပါဘူး'

'ဒါပေမယ့် ကျွန်မသားလေးရဲ့ဘဝက သိပ်ကိုဆိုးရွာပါတယ်၊ ကျွန်မ သူ့ကို ဒီဘဝမျိုးမမြင်ချင်ပါဘူး'

'ဒါတော့ ဟုတ်တာပေါ့၊ ဘယ်သူကကော မြင်ချင်ပါ့မလဲ၊ ဒါပေမယ့် နောက် တော့ သူ့ဟာသူ အဆင်ပြေသွားပါလိမ့်မယ်၊ ဒါနဲ့ မင်းသားလေးနဲ့အတူ မနေတဲ့အချိန် မှာ မင်း ဘာလုပ်သလဲ'

'ခုအထိတော့ ဘာမှမလုပ်သေးဘူး၊ အလျင်ကတော့ ကျွန်မ မဂ္ဂဇင်းတိုက် တစ်တိုက်မှာ လုပ်ပါတယ်၊ ကြာတော့ ကြာပါပြီ'

'အဲဒီအလုပ်ကို သဘောကျသလား'

'ဟုတ်ကဲ့၊ အဲဒီတုန်းကတော့ သဘောကျခဲ့ပါတယ်၊ ဒါပေမယ့် အခုအချိန် မှာတော့ ကျွန်မ မပြောတတ်တော့ဘူး၊ အဲဒီတုန်းက ကျွန်မတို့လင်မယား ညားခါစဆို တော့ ပျော်စရာလဲကောင်းပါတယ်၊ ကျွန်မ အသက်ကလဲ ငယ်ပါသေးတယ်'

'အခု အသက်ဘယ်လောက်ရှိပြီလဲ၊ နှစ်ဆယ့်ငါးလား၊ နှစ်ဆယ့်ခြောက်လား'

'နှစ်ဆယ့်ကိုးနှစ်ပါ'

'အများကြီး အရွယ်ရှိသေးတာပဲ၊ ငါဆိုရင် ငါးဆယ့်နှစ်နှစ်တောင်ရှိနေပြီ၊ ငါ့အသက်နဲ့စာရင် နှစ်ဆယ့်ကိုးနှစ်ဆိုတာ ကလေးအရွယ်ပဲဆိုပါတော့'

သူက ကော်ဖီလက်ကျန်ကို မော့သောက်လိုက်ပြီးနောက် ထိုင်ရာမှ ထရပ် လိုက်သည်။ ပြီးတော့ တစ်ခန်းလုံးကို တစ်ချက် လှည့်ကြည့်လိုက်ပြီးနောက်

'မင်း ဒီနေရာမှာ နေရတာ ပျော်ရဲ့လား'

'ပျော်ပါတယ်၊ တစ်သက်လုံး နေသွားရကောင်းမလားလို့တောင် စိတ်ကူးမိ ပါတယ်'

'မင်းဒီမှာ ဘာအတွက်လာနေတာလဲ၊ မင်းအတွက်လား၊ သားကလေး အတွက်လား'

ဒက်ဖနီက အဲဒါတော့ ကျွန်မမပြောတတ်ဘူးဟု ဖြေလိုက်ချင်သည်။ တကယ်တော့ သူ့ပြောတတ်ပါသည်။ သားကလေးအတွက် ဖြစ်သည်။ သူ့မျက်လုံး များက အဖြေပေးနေကြသည်။

ဖောင်းလားက ဆက်ပြောသည်။

'မင်းအနေနဲ့ နယူးယောက်ကို ပြန်သွားဖို့ ကောင်းတယ်၊ ဒီမှာ အချိန်ဖြုန်း





နေလို့ အလကားပဲ၊ ဟိုပြန်သွားရင် မင်းနဲ့အဆင့်အတန်းတူ လူတွေနဲ့ တွေ့ရမယ်၊ မင်းဘဝ ငြီးငွေ့စရာကြီးပဲ၊ ဒီအတိုင်းသာ ဆက်နေသွားရင် မင်းမကြာခင် အိုစာသွားလိမ့် မယ်၊ မင်းအရွယ်နဲ့ လုပ်စရာတွေ အများကြီး ရှိသေးတယ်၊ အများကြီး လုပ်ပေးနိုင် သေးတယ်'

'ကျွန်မတော့ ဘာမှ မဆုံးဖြတ်တတ်သေးဘူး၊ ဘဝမှာဘာလုပ်မယ် ဘာ ဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်လဲ အတိအကျ ဘာမှ မရှိဘူး၊ ကြီးကြီးကျယ်ကျယ် ဖြစ်ဖို့လဲ မမျှော်လင့်ဘူး၊ ကျွန်မ ဒီမှာနေရင် ဘာလို့ အကျိုးမရှိရမှာလဲ'

'မင်း ဒီမှာဘာလုပ်နေမှာလဲ၊ ဘာအလုပ်ရှိသလဲ၊ သားကလေးဆီ သွားလည် လိုက်၊ တစ်ယောက်တည်း လမ်းလျှောက်ထွက်လိုက်၊ ကားပျက်လိုက်၊ ဩစတြီးယန်း ထမင်းဆိုင်ကလေးသွားပြီး ညစာ စားလိုက်နဲ့ပဲ အချိန်ဖြုန်းနေတော့မှာလား၊ စိတ်ကူးမလွဲ ပါနဲ့ ကလေးမ၊ မင်းက အဲဒါတွေလုပ်ပြီး အချိန်ဖြုန်းနေရမယ့်လူစားမျိုးမဟုတ်ပါဘူး၊ မင်းက အဲဒီထက် တန်ဖိုးရှိတဲ့လူပါ'

'ကျွန်မက အဲဒီထက် တန်ဖိုးရှိတယ် ဟုတ်လား၊ ဘာကြောင့်ပါလိမ့်'

'ဘာကြောင့်လဲဆို မင်းက အသိဉာဏ်လဲရှိတယ်၊ လှလဲ လှတယ်၊ အရွယ်လဲ ရှိသေးတယ်' ဒက်ဖနီ၏ မျက်နှာတွင် ရှက်သွေးဖြာသွားသည်။ ဖောင်းလားက ပြုံးလိုက် ပြီး 'ကဲ ငါ မိန့်ခွန်းခြွေနေတာ မင်းလဲ နားငြီးလှရောပေါ့၊ ငါ့ကို ခွင့်ပြုဦး၊ ဝပ်ရှော့ သွားပြီး မင်းကားအခြေအနေကြည့်လိုက်ဦးမယ်'

'အို မသွားပါနဲ့ မစ္စတာဖောင်းလား၊ ကျွန်မပဲ သွားလိုက်ပါ့မယ်၊ မစ္စတာ ဖောင်းလားကို သက်သက်ဒုက္ခပေးသလို ဖြစ်နေပြီ၊ အားနာစရာ ကောင်းလိုက်တာ'

ဖောင်းလားက တံခါးဝတွင် ရပ်ကာ ဒက်ဖနီအား ပြုံးကြည့်ရင်း

'ဘာမှ အားနာစရာမရှိဘူး၊ ငါက မင်းကိုခင်လို့ တမင် စေတနာပိုနေတာ၊ ဒါနဲ့ငါမင်းကို ညစာဖိတ်ကျွေးချင်တယ်၊ အဆင်ပြေတဲ့ တစ်ညနေမှာ အဲဟိုဩစတြီးယန်း ထမင်းဆိုင်မှာ သွားစားကြရင် မကောင်းဘူးလား၊ ဘာမှ မစိုးရိမ်ပါနဲ့၊ ငါမိန့်ခွန်းမပြော ပါဘူး၊ ငါက အလကားအချိန်ဖြုန်းနေတဲ့ မိန်းမချောကလေးတွေ ကြည့်ချင်လို့ပါ'

'ကောင်းပါတယ်၊ ကျွန်မလိုက်စားပါ့မယ်'

'ဒါဖြင့် ဟုတ်ပြီ၊ မနက်ဖြန် ညနေဆို သိပ်များစောနေမလား'

'မစောပါဘူး၊ ကောင်းပါတယ်'

'ငါ ခြောက်နာရီခွဲမှာ လာခေါ်မယ်'

ဖောင်းလားက ခေါင်းညိတ်ပြုံးပြလိုက်ပြီးနောက် အခန်းထဲမှ ထွက်သွား သည်။

ဒက်ဖနီက တံခါးကိုပြန်ပိတ်ကာ ပြတင်းပေါက်နား သွားရပ်ပြီး အောက်သို့



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်သည်။

ဖောင်းလားက လက်ကို ဇော့ယမ်းကာ နှုတ်ဆက်ရင်း ကားမောင်းထွက်သွားသည်။

ဒက်ဖနီသည် ပြတင်းပေါက်ဝတွင် ရပ်ကာလှမ်းမပေါ်သို့ မျှော်ကြည့်ရင်း ဖောင်းလားအကြောင်းကို တွေးကျန်ရစ်ခဲ့သည်။

* * *

## အခန်း ( ၈ )

စနေနေ့ညနေ ခြောက်နာရီခွဲတိတိတွင် ဖောင်းလားရောက်လာသည်။ ခါတိုင်းဝတ်နေကျ သိုးသားရေကုတ်အင်္ကျီကြီးကို ဝတ်လာသည်။ သို့သော် သည်တစ်ကြိမ်တွင်တော့ ဘလေဇာအင်္ကျီ၊ ရှပ်အင်္ကျီနှင့် လည်စည်းများပါအကျအန ဝတ်စားလာသည်။ အဝတ်အစားတွေက အကောင်းစားမဟုတ်သော်လည်း သူနှင့်တော့ တော်တော်လိုက်ဖက်သည်။ ယောကျ်ားပီသသော သူ့ရုပ်သွင်ကြောင့် လူကလည်း ခန့်ချော‌ချောနေသည်။ တကယ်တော့ သူသည် ဒက်ဖနီနှင့်အတူ ညစာစားပွဲသွားရန် ရှိုးအပြည့်နှင့် ဝတ်စားလာခြင်းဖြစ်သည်။

'အံမယ် အမိဏာသိပ်ပြီး လှနေပါလား' သူက ဒက်ဖနီကိုကြည့်ပြီး ချီးမွမ်းနေသည်။ ဒက်ဖနီသည် စကပ်အဖြူကို ဝတ်ထားသည်။ အပြာရောင်ဆွယ်တာအင်္ကျီမှာ သူ့မျက်လုံးအရောင်နှင့်ဟပ်နေသည်။ အပေါ်ကတော့ သိုးမွေးကုတ်အင်္ကျီကို ဝတ်ထားသည်။ ဆံပင်ကိုတော့ နောက်တွဲထုံးထားသည်။ 'မင်းက ဆံပင်ကို ဒီလိုပဲ အမြဲတမ်းနောက်တွဲထုံးသလား' သူက ရှက်ပြုံးပြုံးပြီး စိတ်ဝင်တစားမေးသည်။

ဒက်ဖနီက ချက်ချင်း မဖြေသေးဘဲ ခေတ္တတုံ့ဆိုင်းနေသည်။ ပြီးတော့မှ ခေါင်းကို ခါရမ်းရင်း



www.burmeseclassic.com

www.burmeseclassic.com



'မှထုံးပါဘူး၊ အနဲ့နောက်ပိုင်းမှ ဒီလိုထုံးတာပါ'

ဟုတ်ပါသည်။ ဟိုတုန်းကတော့ သူ့ဆံပင် ကုပ်ဝဲကလေးပါ။ ဂျက်ဖရီ အလွန်ကြိုက်သောပုံစံပေါ့။ ထိုအချိန်က အတိတ်မှာ ကျန်ခဲ့ပါပြီ။

'ငါက မိန်းကလေးတွေ ဆံပင်နောက်တွဲထုံးတာကို သဘောကျတယ်' သူက သဲ့သဲ့ကလေးရယ်ရင်း ပြောသည်။ 'ငါက ရွှေရောင်ဆံပင်ရှိတဲ့ မိန်းမချောကလေးတွေကို မြင်ရင် အရူးအမူးဖြစ်မိတတ်တယ်၊ အဲဒါတော့ မင်းကို ကြိုတင်သတိပေးပါရစေ'

သူက နောက်သလို ပြောင်သလိုဖြင့် ပြောသည်။ သို့သော် သူ့စိတ်ထဲက တကယ်မှု၍ ပြောကြောင်းကို သူ့မျက်လုံးတွေက သက်သေခံနေကြသည်။

ဖောင်းလားနှင့်အတူ အိမ်ပေါ်မှ ဆင်းလာတော့ ဒက်ဖနီ၏ စိတ်ထဲတွင် ကျေနပ်နေသည်။ ပျော်နေသည်။ သူ့ဘေးတွင် သည်လူကြီးရှိနေသောကြောင့် သူ့ကိုယ်သူလည်း လုံခြုံစိတ်ချမိသည်။ ဤအချက်ကို ဒက်ဖနီက သိသိသာသာပင် ခံစားမိသည်။ တကယ်တော့ ဖောင်းလား၏ ကျားကျားလျားလျား ထွားထွားကျိုင်းကျိုင်းနှင့် ယောကျာ်းပီသသော ရုပ်သွင်ကြောင့်လည်း ဖြစ်မည်။ ဒါမှမဟုတ် သူ့အား ဖခင်တစ်ယောက်လို ဟန်ပန်မူရာမျိုးဖြင့် ဖောင်းလားက ဆက်ဆံနေသောကြောင့်လည်း ဖြစ်နိုင်သည်။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ဘက်က သတိတော့ ရှိရမည်ဟု ဒက်ဖနီ တွေးမိသည်။

နှစ်ယောက်သား ကားပေါ်တက်ပြီး ထမင်းဆိုင်သို့ ထွက်လာခဲ့ကြသည်။ သူတို့နှစ်ယောက်တွဲလာသည်ကို မြင်လိုက်ရတော့ ဆိုင်ရှင် လင်မယားက အံ့အားသင့်နေကြသည်။ သို့သော် သူတို့အား ပျူပျူငှာငှာ ဆီးကြိုပြီး အရေးတယူ နေရာထိုင်ခင်းတော့ ချပေးကြသည်။

'ဒါနဲ့ ဒီသူငယ်မက ဟိုလူကြီးနဲ့ ဘယ်လိုလုပ်ပြီး တွေ့ကြတာလဲ မသိဘူး၊ ရှင်သိသလားဟင်'

ထမင်းဆိုင်ရှင်မက မီဖိုခန်းထဲ ရောက်တော့ လင်ဖြစ်သူအား စပ်စပ်စုစု မေးလိုက်သည်။

'ငါမသိပါဘူးကွာ၊ မင်းကရော ဘာလို့သိချင်ရတာလဲ၊ သူတို့ဟာ သူတို့ ဘယ်လိုပဲ တွေ့တွေ့ မင်းအလုပ် မဟုတ်ပါဘူး'

'ဟုတ်ပါတယ်၊ ကျွန်မအလုပ်မဟုတ်ဘူးဆိုတာ ကျွန်မလဲသိပါတယ်၊ ဒါပေမယ့် ဖောင်းလားက သူ့မိန်းမဆုံးသွားပြီး ကတည်းက ကျွန်မတို့ဆိုင်လာပြီး ဘယ်တော့မှ စားသောက်လေ့မရှိလို့ ကျွန်မက မေးကြည့်တာပါ'

'ဒီစကားမျိုး မပြောပါနဲ့ ဟီလဒါရယ်၊ သူတို့က သူငယ်နပ်စားလေးတွေ မဟုတ်ပါဘူး၊ လူကြီးတွေပါ၊ သူတို့အလုပ် သူတို့လုပ်ကြပါစေ၊ မိန်းမချောချောကလေး





တစ်ယောက်ကို ညစာဖိတ်ကျွေးရမယ်ဆိုရင် ဖောင်းလားသာ မဟုတ်ဘူး၊ လူတိုင်းကျွေးချင်မှာပေါ့ကွ'

'ကျွန်မကလဲ မနာလိုလို့မေးတာ မဟုတ်ပါဘူး ရှင်၊ ထူးထူးဆန်းဆန်းမို့ မေးမိတာပါ'

'ကဲ ဒါဆိုရင် မင်းပါးစပ်ပိတ်တော့၊ သူတို့ကို ကော်ဖီသာ သွားချပေးချေတော့'

ဆိုင်ရှင် ဖရန့်က ဇနီးသည်၏ ကျောကုန်းကို အသာပုတ်ကာ ပြောလိုက်ပြီးနောက် တခြားဧည့်သည်များအတွက် လိုအပ်သည်များ လုပ်ကိုင်ပေးရန် စားသောက်ခန်းသို့ ပြန်ထွက်လာခဲ့သည်။

ခဏကြာတော့ ဂျွန်ဖောင်းလားနှင့်ဒက်ဖနီတို့နှစ်ယောက်သား ကော်ဖီသောက်ရင်း စကားပြောနေကြသည်ကို မြင်ရသည်။ ဖောင်းလားက ရယ်စရာတွေ ပြောနေသည်။ ဒက်ဖနီက သဘောကျကာ ကလေးတစ်ယောက်ပမာ တခစ်ခစ်ရယ်နေသည်။

'ဒါနဲ့ မစ္စတာဖောင်းလားအနေနဲ့ အခုလုပ်နေတဲ့ အလုပ်မှာ ပျော်ရဲ့လားဟင်'

ဒက်ဖနီက ဖောင်းလားကို တော်တော်စိတ်ဝင်စားလာသည်။ ထို့ကြောင့် ကိုယ်ရေးကိုယ်တာကိစ္စကိုပင် အရဲစွန့်၍ စပ်စုလိုက်မိသည်။ ဖောင်းလားက အသိဉာဏ်လည်း ရှိသည်။ စာလည်းတော်တော်ဖတ်ပုံရသည်။ ပြီးတော့ လောကကြီးအကြောင်းကိုလည်း ကောင်းကောင်းသိနားလည်သည်။ သို့သော် သူသည် နယူးအင်္ဂလန်နယ်က တောရွာကလေးတွင်ပင် နေနေသည်။ သူသည် ကာယစွမ်းအားဖြင့် အသက်မွေးရသော အလုပ်သမားဘဝကိုလည်း အလွန်မြတ်နိုးသည်။

'အင်း ပျော်ပါတယ်၊ ဒီအလုပ်က ငါနဲ့သိပ်ပြီး သင့်တော်တယ်၊ ငါက ရုံးခန်းထဲက ပန်ကာအောက်မှာ ထိုင်လုပ်ရတဲ့ အလုပ်မျိုးကို လုံးဝမကြိုက်ဘူး၊ ငါ့အနေနဲ့ ရုံးလုပ်ငန်းမှာ ဝင်လုပ်မယ်ဆိုရင် အချိန်မရွေးလုပ်လို့ ရပါတယ်၊ ဆော်လီရဲ့ အဖေက ဘဏ်လုပ်ငန်းလုပ်နေတာ၊ သူက ငါ့ကိုသူ့လုပ်ငန်းထဲ ဝင်လုပ်စေချင်တယ်၊ ဒါပေမယ့် ငါက မလုပ်ချင်ဘူး၊ ငါ့သဘာဝနဲ့ မကိုက်ဘူး၊ အခုအလုပ်ကမှ ငါနဲ့ပိုပြီး သင့်လျော်တယ်၊ တစ်နေ့လုံး ကျွင်းပြင်ထဲမှာ လုပ်ရတယ်၊ လေကောင်းလေသန့်ရတယ်၊ ဘဝတူလူသားတွေနဲ့ဆက်ဆံရတယ်၊ ကိုယ့်လက် ကိုယ့်ခြေကို အသုံးချပြီး ချွေးထွက်သံယိုလုပ်ရတယ်' သူက ပြုံးလိုက်ပြီးနောက် 'တကယ်တော့ ငါဟာ ကိုယ့်လက်ကိုယ့်ခြေနဲ့ လုပ်ကိုင်ရတဲ့ အလုပ်သမားဘဝကို ပင်ကိုက မြတ်နိုးတဲ့လူတစ်ယောက်ပါ မစ္စက်ဖီးလ်ဒ်'

နှစ်ယောက်သား စားရင်းသောက်ရင်း စကားပြောရင်းဖြင့် တော်တော်ရင်းနှီးလာကြသည်။ တစ်ယောက်သဘောထား တစ်ယောက်နားလည်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညစာ စားပြီးနောက် အချိုပွဲတွင် ထိုင်ကြပြန်သည်။

နှစ်ယောက်စလုံး စကားတစ်ခွန်းမှ မပြောဘဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။

ဖောင်းလားက ဒက်ဖနီအား အကြာကြီးစိုက်ကြည့်နေသည်။

အတော်ကလေးကြာတော့မှ ဒက်ဖနီ၏ လက်ကို ဆုပ်ကိုင်ကာ ပြောသည်။

'တို့နှစ်ယောက်က အများကြီး စွန့်လွှတ်ရခဲ့တဲ့လူတွေပါ ဒက်ဖနီ၊ ဒီအချက်မှာ မင်းနဲ့ငါသိပ်ပြီး တူညီကြတယ်၊ ဒါပေမယ့် တို့မှာ စိတ်ဓာတ်မကျဘူး၊ ဘဝကို အရှုံးမပေးဘူး၊ အားမာန်အပြည့်ရှိနေဆဲပဲ၊ အသက်ရှင်နေဆဲပဲ၊ တို့နှစ်ယောက်စလုံး အသက်ရှင်ရပ်တည်နေတုန်းပဲ'

'ကျွန်မအနေနဲ့ကတော့ တစ်ခါတစ်လေသိပ်ပြီး စိတ်ဓာတ်ကျမိပါတယ် မစ္စတာ ဖောင်းလား'

ဒက်ဖနီက သူ၏ဘဝမှန်ကို ဖွင့်ဟဝန်ခံလိုက်ရ၍ ရင်ထဲပေါ့သွားသလို ခံစားရမိသည်။

'မင်းစိတ်ဓာတ်မကျပါဘူး၊ မင်းကိုယ်မင်း သတိမထားလို့ပါ'

'တစ်ခါတစ်ရံ ကျွန်မကိုယ်ကျွန်မ သံသယဝင်မိပါတယ်၊ ဒီအတိုင်းသာ ဆိုရင် ကျွန်မဘဝဟာ ရေစုန်မျောတော့မှာပဲလို့ တွေးမိတယ် မစ္စတာဖောင်းလား'

'အဲဒီအတွေးကို ဖျောက်ပစ်လိုက်စမ်းပါ၊ မင်းဘဝဘယ်တော့မှ ရေစုန်မမျောနိုင်ပါဘူး၊ သို့သော် မင်းအနေနဲ့ တစ်ခုတော့လုပ်ရလိမ့်မယ်၊ ကိုယ့်အဖြစ်ကို ကိုယ်တွေးပြီး ကြိတ်ခံမနေပါနဲ့၊ အထီးကျန်အဖော်မဲ့ဘဝမှာပဲ နစ်မွန်းမနေပါနဲ့၊ စိတ်ကိုတင်းပြီး ရုန်းထွက်လိုက်စမ်းပါ၊ ဒါနဲ့ မင်းခင်ပွန်း ဆုံးပြီးတဲ့ နောက်ပိုင်းမှာ ချစ်သူတစ်ယောက်မှ မရှိခဲ့ဘူးလား၊ ဒီလို မေးမိတာစိတ်မရှိပါနဲ့နော်'

ဒက်ဖနီက ရှက်ပြုံးကလေး ပြုံးရင်း

'ကိစ္စမရှိပါဘူး၊ မေးနိုင်ပါတယ်၊ ကျွန်မမှာ ဘယ်ချစ်သူမှမရှိပါဘူး၊ တကယ်တော့ကျွန်မခင်ပွန်းဆုံးပြီးကတည်းက အခုအကြိမ်ဟာ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ ကျွန်မပထမဆုံး တွဲတဲ့အကြိမ်ပါပဲ'

'မင်းလို မိန်းမချောတစ်ယောက်အနေနဲ့ အလကားကုန်လွန်သွားတဲ့ အချိန်တွေ နှမြောစရာကောင်းလိုက်တာ'

'ကျွန်မကတော့ အဲဒီလို မထင်ပါဘူး၊ ကျွန်မမှာ အလကားဖြုန်းပစ်စရာ အချိန်မရှိပါဘူး၊ ကျွန်မသားကလေးအတွက် ပေးစရာအချိန်တောင်မလောက်ဘူးလို့ ထင်နေမိတယ်၊ သားကလေးသာမရှိခဲ့ရင် ကျွန်မဘာလုပ်ရမယ်ဆိုတာ မတွေးတတ်သလောက်ပါပဲ'





ဖောင်းလားက မျက်လုံးကို မှေးကြည့်ပြီး

'ငါတော့ မင်းအနေနဲ့ အရေးပါတဲ့ အလုပ်တစ်ခုခုကို လုပ်သင့်တယ်လို့ ထင်တယ်'

ဒက်ဖနီက ခေါင်းကို ခါယမ်းပြီး ရယ်ပစ်လိုက်သည်။

'ဘယ်လိုအလုပ်ပါလိမ့်၊ ပြည်သူ့ကိုယ်စားလှယ်အရွေးခံဖို့ ပြောတာလား'

'ဒါကတော့ မင်းဆန္ဒအပေါ် တည်တာပဲ၊ မင်းက အရွေးခံချင်တဲ့ ဆန္ဒရှိရင် အရွေးခံပေါ့၊ ဒါပေမယ့် ငါဆိုလိုတာက အဲဒါမဟုတ်ပါဘူး၊ မင်းရဲ့အတွင်းသန္တာန်ထဲမှာ နက်နက်ရှိုင်းရှိုင်း ကိန်းအောင်းနေတာ တစ်ခုရှိတယ် ဒက်ဖနီ၊ အဲဒါကို ငါသတိထားမိတယ်၊ အဲဒါကို မင်းအနေနဲ့ လက်တွေ့အကောင်အထည်ဖော်ရမယ်၊ အပြင်ကို ထုတ်ပြရမယ်'

ဖောင်းလား၏ စကားကြောင့် ဒက်ဖနီအံ့အားသင့်သွားမိသည်။ သူကလည်း ဤအချက်ကို မကြာခဏ တွေးမိခဲ့သည်။ သူသည် အတွင်းခံစားချက်ကို ဖွင့်အန်သည့်သဘောဖြင့် နေ့စဉ်မှတ်တမ်းများ မပြတ်ရေးနေခဲ့သည်။ ဤအကြောင်းကို ဖောင်းလားအား ဖွင့်ပြောလိုက်ရမည်လားဟု စိတ်ကူးမိသည်။ သို့သော် သူမပြောရဲ။ သူ့ကို အလကားစိတ်ကူးယဉ်နေသူဟု ဖောင်းလားကထင်သွားမှာကို စိုးရိမ်သည်။ ဖောင်းလားက ဆက်ပြောသည်။ 'တို့အညောင်းပြေ လမ်းလျှောက် ထွက်ကြရအောင်လား' နှစ်ယောက်သား စားပွဲမှထကာ ထမင်းဆိုင်အပြင်သို့ ထွက်လာကြသည်။ ဆိုင်ရှင်မစ္စက်အိုဘာမီးယားက သူတို့နှစ်ယောက်ကို စိတ်ဝင်စားစွာဖြင့် ရပ်ကြည့်ကျန်ရစ်သည်။ 'မင်းကို ဒီမြို့က လူတွေခင်နေကြပြီ သိလား' လမ်းလျှောက်လာရင်း ဖောင်းလားက ပြောသည်။ 'မစ္စက်အိုဘာမီးယားက မင်းကို တော်တော်ခင်နေပုံရတယ်'

'ကျွန်မလဲ သူ့ကို မြင်မြင်ချင်း ခင်မိပါတယ်'

နှစ်ယောက်သား စကားမပြောတော့ဘဲ ဘေးချင်းယှဉ်ကာ တော်တော်ကြာကြာ လျှောက်လာကြသည်။ လမ်းပေါ်တွင် လူသူကင်းပြတ်နေသည်။ ဒက်ဖနီ၏ လက်အိတ်စွပ်ထားသောလက်ကို ဖောင်းလားက ဆုပ်ကိုင်လိုက်သည်။

'ဒါနဲ့ အန်ဒရူးကလေးကို ငါဘယ်တော့ တွေ့ရမှာလဲ'

တကယ်ဆိုသော် ဖောင်းလားအနေဖြင့် ဤမေးခွန်းမေးရန် အချိန်အလွန်စောနေသေးသည်။ သူနှင့်ဒက်ဖနီနှင့်တွေ့ဆုံရင်းနှီးရသည်မှာ နှစ်ရက်မျှသာ ရှိသေးသည်။ သို့သော် ထိုနှစ်ရက်ကာလအတွင်းမှာပင် ဖောင်းလားသည် ဒက်ဖနီ၏ဘဝထဲသို့ ဝင်ရောက်လာခဲ့ပြီ။ ရှေ့အဖို့တွင် သူတို့နှစ်ယောက် ဘယ်လိုစခန်းသွားကြမည်ကိုတော့ မသိ။ သို့သော် သူ့ဘဝထဲသို့ ဖောင်းလားဝင်ရောက်လာခြင်းကိုတော့ ဒက်ဖနီက သဘောကျနေသည်။ ဝမ်းသာနေသည်။ သူ့ကိုယ်သူလည်း နှစ်ပေါင်းများစွာ အကျဉ်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်နေရာမှ ရုတ်တရက် လွတ်မြောက်လာသူ တစ်ယောက်ပမာ ထင်မိသည်။

သူက ဖောင်းလား၏ အားမာန်အပြည့်ရှိသော မျက်နှာကို ဘေးစောင်းလှည့်ကြည့်လိုက်သည်။ ဤပုဂ္ဂိုလ်သည် သူ့ဘဝနှင့်မည်သို့ ဆက်စပ်လာမည်ဆိုသည်ကိုတော့ သူမပြောတတ်။ သို့သော် သူ့အတွက် မိတ်ဆွေကောင်းတစ်ယောက်ဖြစ်လိမ့်မည်ဆိုတာကိုတော့ သေချာပေါက်ပြောလို့ရသည်။

'မနက်ဖြန်ဆိုရင် ဘယ်လိုနေမလဲ၊ ကျွန်မ ညနေပိုင်းသွားမလို့၊ ရှင် လိုက်နိုင်ပါ့မလား'

'လိုက်နိုင်ပါတယ်၊ ငါ လိုက်ခဲ့မယ်'

ထို့နောက်တွင် သူတို့နှစ်ယောက် ထရပ်ကားဆီသို့ ခပ်ဖြည်းဖြည်း ပြန်လျှောက်လာခဲ့ကြသည်။

ဖောင်းလားက ဒက်ဖနီအား အိမ်သို့လိုက်ပို့သည်။ အိမ်ရောက်တော့ ဒက်ဖနီက အိမ်ပေါ်တက်ပါဦးဟု မဖိတ်။ ဖောင်းလားကလည်း ဖိတ်လိမ့်မည်ဟု မမျှော်လင့်။

ဒက်ဖနီက အိမ်ရှေ့တံခါးကို ပိတ်ရင်း လက်ကို ဇော့ရမ်းပြသည်။

ဖောင်းလားက ကားပေါ်ပြန်တက်ပြီး မောင်းထွက်လာခဲ့သည်။

သူသည် တစ်လမ်းလုံး ဒက်ဖနီ အကြောင်းကိုသာ တွေးလာခဲ့သည်။

* * *

## အခန်း ( ၉ )

ဒက်ဖနီနှင့်ဖောင်းလားတို့ ကျောင်းသို့ရောက်သွားချိန်တွင် အန်ဒရူးကလေးသည် ကျောင်းခြံဝတွင် ရပ်စောင့်နေသည်။ သူနှင့်အတူ ဆရာနှစ်ယောက်နှင့်တခြားကလေးတွေလည်း ရှိနေကြသည်။

သူ့သားကလေး၏ မျက်လုံးများတွင် သံသယရိပ်များ ပေါ်လွင်နေသည်ကို ဒက်ဖနီချက်ချင်းအကဲခတ်လိုက်မိသည်။ တကယ်တော့ ဖောင်းလား၏သန်မာထွားကျိုင်းသော ခန္ဓာကိုယ်ကြီးကို ကြည့်ပြီး ကလေးက လန့်နေပုံရသည်။

ဒက်ဖနီသည် သားကလေးကို ပွေ့ဖက်ကာ တယုတယနမ်းသည်။ သားအမိနှစ်ယောက်ပါးချင်းအပ်ကာ တစ်ယောက်ကိုတစ်ယောက်ပွေ့ဖက်ထားကြသည်။

ထို့နောက် ကိုယ်ချင်းခွာကာ ဖောင်းလားနှင့်မိတ်ဆက်ပေးသည်။

ဖောင်းလားသည် သူ၏ရင်းနှီးသော မိတ်ဆွေတစ်ယောက်ဖြစ်ကြောင်း ဒက်ဖနီက ခြေဟန်လက်ဟန်ဖြင့် သူ့သားကလေးအား ပြောပြသည်။

ဖောင်းလားက ကလေး၏ခေါင်းတွင် ဒူးထောက်ထိုင်လိုက်သည်။ သူက ဒက်ဖနီလိုခြေဟန်လက်ဟန်ပြ ဘာသာစကားကို မပြောတတ်။ သို့သော်လည်း သူ၏မျက်နှာအမူအရာကို ကလေးကမိနစ်ပိုင်းအတွင်းမှာပင် နားလည်သွားပုံရသည်။ အန်ဒရူး


www.burmeseclassic.com

www.burmeseclassic.com



ကလေးသည် ဆုတ်ဆိုင်းဆိုင်းဟန်ဖြင့် ဖောင်းလား၏အနားသို့ ကပ်လာသည်။ ဖောင်းလားက စကားမပြောဘဲလက်တစ်ဖက်ဖြင့် လှမ်းကာ ကလေးငယ်၏လက်ကို ဆုပ်ကိုင်လိုက်သည်။ ထို့နောက် သူကအသံသြကြီးဖြင့် အေးအေးညင်သာစွာ စကားပြောသည်။ ကလေးက သူ့အား မျက်တောင်မခတ် အကဲခတ်စိုက်ကြည့်နေသည်။ ပြီးတော့ သူက ဖောင်းလား၏ စကားကိုနားလည်ဟန်မျိုးဖြင့် ခေါင်းကလေးကို တညိတ်ညိတ်လုပ်နေသည်။

အန်ဒရူးကလေးနှင့် ဖောင်းလားတို့ တစ်ယောက်ကိုတစ်ယောက် နားလည်သွားကြပြီ။ ဒက်ဖနီအလွန် ဝမ်းသာနေသည်။

ထို့နောက် အန်ဒရူးကလေးသည် ဘာစကားမှမပြောဘဲ ဖောင်းလား၏ လက်ကိုဆွဲကာ သစ်ပင်အောက်သို့ ခေါ်သွားသည်။ နှစ်ယောက်သား သစ်ပင်အောက်မှာထိုင်ပြီး 'ပြော' ကြသည်။ အန်ဒရူးကလေးက ခြေဟန်လက်ဟန်ဖြင့် ပြောသည်။ ဖောင်းလားက ပါးစပ်ဖြင့် ပြောသည်။ သူတို့နှစ်ယောက်ကား မိနစ်ပိုင်းအတွင်းတွင်ပင် ရင်းနှီးခင်မင်သွားကြပြီ။

ဒက်ဖနီက ခပ်လှမ်းလှမ်းမှ ရပ်ကြည့်ရင်း ဝမ်းနည်းဝမ်းသာ ဖြစ်နေမိသည်။ သားကလေး၏ ဒုက္ခိတဘဝကို တွေးပြီး ဝမ်းနည်းခြင်း ဖြစ်ရသည်။ သူအသက်တမျှ ချစ်သော သားကလေးအား ဖောင်းလားက နားလည်သည့်အတွက် ဝမ်းသာခြင်း ဖြစ်ရသည်။

ဖောင်းလားနှင့်အန်ဒရူးတို့သည် လက်ချင်းတွဲကာ အပြုံးကိုယ်စီဖြင့် ဒက်ဖနီဆီသို့ ပြန်လျှောက်လာကြသည်။ ထို့နောက် သုံးယောက်သား ပျော်ရွှင်မဆုံး တပြုံးပြုံးနှင့်ကစားကြသည်။ တဟားဟားနှင့် ရယ်မောကြသည်။

ခဏကြာတော့ ညစာစားချိန် ရောက်လာသည်။ ဒက်ဖနီက ဖောင်းလားအား ကျောင်းတွင်းကျောင်းပြင် လှည့်လည်ပြီး လိုက်လံပြသသည်။ ဒက်ဖနီက သူ့အနေဖြင့် သားလေးအတွက် ကောင်းသော အလုပ်ကို လုပ်ခဲ့ပြီးပြီဟုတွေးကာ သူ့ကိုယ်သူ ဂုဏ်ယူမိသည်။

အန်ဒရူးကလေး၏ အိပ်ခန်းမှ ပြန်ထွက်လာရင်း ဖောင်းလားက ဒက်ဖနီ၏ မျက်နှာကို နွေးထွေးသော အပြုံးဖြင့် ကြည့်လိုက်သည်။

'တကယ်တော့ မင်းလုပ်ရပ်ဟာ အလွန်ချီးကျူးစရာကောင်းတဲ့ လုပ်ရပ်ပဲ ဒက်ဖနီ' ဒက်ဖနီ၏မျက်နှာတွင် နှင်းဆီရောင် သန်းသွားသည်။ ဖောင်းလားက ဒက်ဖနီ၏ ပခုံးကိုဆုပ်ကိုင်ကာ သူ့အနီးသို့ ဆွဲကပ်လိုက်သည်။ ဒက်ဖနီ၏ရင်ထဲတွင် သိမ့်ခနဲခံစားလိုက်ရပြီး မျက်လုံးအစုံကို မှိတ်ထားလိုက်မိသည်။ 'ဟုတ်ပါတယ်၊ ငါ တကယ်ပြောတာပါ၊ မင်းဟာ တော်တော်သတ္တိရှိတဲ့ မိန်းမတစ်ယောက်ပဲ၊ မင်းလုပ်ရပ်





က သိပ်လှတဲ့လုပ်ရပ်၊ ကလေးအတွက်ရော မင်းအတွက်ရော အလွန်ကောင်းတဲ့ လုပ်ရပ်ပဲ၊ ဒါကြောင့်လဲ မင်းကို ငါချစ်မိတာပဲ' ဒက်ဖနီက ခဏမျှရပ်ပြီး ဖောင်းလား၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ သူဘာယ်စကားပြန်ပြောရမည်ကို မတွေးတတ်အောင် ဖြစ်နေမိသည်။ ဖောင်းလားက ပြုံးနေသည်။ ပြီးတော့ ဒက်ဖနီ၏ နဖူးပြင်နုနုကို ကုန်းနမ်းလိုက်သည်။ 'ဘာမှ မစိုးရိမ်ပါနဲ့ကွယ်၊ မင်းကို ငါအကျိုးယုတ်အောင် ဘာယ်တော့မှ မလုပ်ပါဘူး ကလေးရယ်'

'ကျေးဇူးတင်ပါတယ် မစ္စတာဖောင်းလား'

ဤစကားကို သူဘာကြောင့် ပြောလိုက်မိကြောင်း သူမသိတော့။ တစ်ဆက်တည်းတွင် သူက ဖောင်းလား၏ခါးကို လက်နှစ်ဖက်ဖြင့် ဖက်ထားလိုက်မိသည်။ တကယ်တော့ သူ့အနေဖြင့် ဖောင်းလားပြောသလိုပြောမည့် လူတစ်ယောက်အလွန်အမင်း လိုအပ်နေသည်။ သူသည် သားကလေးကို ပစ်မထားကြောင်း၊ သားကလေးနှင့် ပတ်သက်၍ သူလုပ်ခဲ့သမျှ လုပ်ရပ်တွေအားလုံးမှန်ကန်ကြောင်း ပြောပြရန် လူတစ်ယောက် တကယ်လိုအပ်နေသည်။ 'အများကြီးကျေးဇူးတင်ပါတယ် မစ္စတာဖောင်းလား'

ဖောင်းလားက ဒက်ဖနီ၏ ပခုံးနှစ်ဖက်ကို တင်းတင်းကလေး ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ လှေကားအတိုင်း အောက်ထပ်သို့ ပြန်ဆင်းလာခဲ့ကြသည်။

အန်ဒရူးကလေးနှင့်တကွ တခြားကျောင်းသားကလေးများ ညစာ စားရန် အဆင်သင့်ဖြစ်နေကြပြီ။ ဒက်ဖနီနှင့် ဖောင်းလားတို့ ပြန်ချိန်ရောက်ပြီ။

အန်ဒရူးကလေးက သူ့မိခင်နှင့်ဖောင်းလားတို့အား ကြည့်ကာ ပါးစပ်မှ တစ်စုံတစ်ရာကိုပြောသည်။ ဒက်ဖနီက သားကလေးကို ဖက်ပြီးရင်ခွင်ထဲ ဆွဲကပ်ထားလိုက်သည်။ သူ့မျက်လုံးများတွင် မျက်ရည်တွေ ဝိုင်းလာသည်။ ပြီးတော့ သူ့ပါးစပ်ကို ကလေး၏ပါးနားသို့ ကပ်ကာ ညင်သာစွာ ပြောလိုက်သည်။

'သားကို မေမေ အများကြီး ချစ်ပါတယ် သားရယ်'

ဒက်ဖနီက သူ့ပါးစပ်လှုပ်၍ စကားပြောတာကို သားကလေး မြင်အောင် ကလေးကို ရင်ခွင်မှပြန်ခွာလိုက်သည်။ သို့သော် ကလေးက မိခင်ရင်ခွင်ထဲ ပြန်ဝင်ကာ ရှုံ့ရှုံ့ဝါးဝါးဖြင့် တစ်စုံတစ်ရာ ပြောသည်။ တကယ်တော့ သူက 'သားကလဲ မေမေ့ကို အများကြီးချစ်ပါတယ် မေမေရယ်' ဟု ပြောလိုက်ခြင်းပင် ဖြစ်သည်။

ထိုအခိုက် အုပ်ချုပ်ရေးမှူးမစ္စက်ကာတစ်ရောက်လာသည်။ သူက ပြုံးပြီး ကလေး၏ပါးပြင်ကို ချစ်စနိုးပွတ်ရင်း ညစာ စားချိန်တန်ပြီဖြစ်ကြောင်း အရိပ်လက္ခဏာ ပြလိုက်သည်။ ပထမတွင် အန်ဒရူးကလေးသည် ခဏကြာမျှ ဇဝေဇဝါဖြစ်နေသည်။ ပြီးတော့မှ ခေါင်းညိတ်ပြီး ပြုံးသည်။ သူ ညစာ သွားစားပါမည်ဟူသော အရိပ်လက္ခဏာ ပြန်ပြသည်။ ထို့နောက် ဖျက်ခနဲလက်ကို မြှောက်ကာ မိခင်ဖြစ်သူအား ဆက်ခနဲနမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖောင်းလားအား ရင်းနှီးစွာ တစ်ချက်ကြည့်လိုက်ပြီးနောက် နေရာမှ ပြန်ထွက်သွားသည်။

'သွားကြတော့မှာလား၊ ဒါမှမဟုတ် ခဏစောင့်နေချင်သေးသလား' ဖောင်းလားက ဒက်ဖနီအား အတင်းဆွဲခေါ်လိုသော ဆန္ဒမရှိ။ ဒက်ဖနီ ခံစားနေရသော ဝေဒနာကို သူကိုယ်တိုင်လည်း ကိုယ်ချင်းစာပြီး မြီးမြီးမြက်မြက် ခံစားနေရသောကြောင့် ဖြစ်သည်။ ဒက်ဖနီက သားကလေးအား မျက်တောင်မခတ် လှမ်းကြည့်နေရင်းမှ ခေါင်းကို ဖြည်းဖြည်းညိတ်ပြလိုက်သည်။ ပြီးတော့ ကျေးဇူးတင်သော အမူအရာဖြင့် ဖောင်းလား၏မျက်နှာကို မော်ကြည့်လိုက်သည်။

'ဟုတ်ပြီနော်'

'ဟုတ်ပြီ၊ ကျွန်မတို့ ပြန်ကြစို့'

ဖောင်းလားက ဒက်ဖနီနောက်မှ လိုက်ထွက်လာခဲ့သည်။ ယခုလို အခြေအနေမျိုးတွင် သူ့အဖို့အာရုံအပြောင်းအလဲ ရရန် ကူညီစောင့်ရှောက်မည့်သူ တစ်ယောက် ရှိလာခြင်းအတွက် ဒက်ဖနီအလွန်ဝမ်းသာမိသည်။ ကျောင်းဝင်းအပြင်သို့ ရောက်တော့ ညနေခင်း လေအေးက မျက်နှာကို လာတိုးသည်။ ဒက်ဖနီသည် စိတ်လိုလက်ရ ပြေးလိုက်ချင်စိတ်ပင် ပေါက်လာမိသည်။ ယခုအချိန်တွင် သားကလေးအား ခွဲခွာလာခဲ့ ရပေမယ့် သူ့စိတ်ထဲတွင် ယခင်ကလို ဆို့ဆို့နင့်နင့် မခံစားရတော့။ သူ့ဘဝသည် ယခင်ကာလများကလို ထိုင်းမှိုင်းလေးလံနေခြင်း မရှိတော့။ ရှင်သန်တက်ကြွလာခဲ့ပြီ ဖြစ်သည်။ သူသည် ကားဆီသို့ မြူးမြူးရွှင်ရွှင် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့သည်။ ဖောင်းလားက သူ့ဘေးမှ အမီလိုက်၍ လျှောက်လာသည်။

'ကလေးက အန့်မတန့်တော်တဲ့ ကလေးပဲ၊ သူ့အတွက် မင်း အကောင်းဆုံး လုပ်ပေးထားတာပဲ'

ဖောင်းလားက ကားကို စက်နှိုးလိုက်ရင်း ဒက်ဖနီအား လှည့်ကြည့်က ဂုဏ်ယူစွာဖြင့် ပြောလိုက်သည်။

'သူ့အဖြစ်ကိုက အဲဒီလို ဖြစ်လာတာကိုး၊ ကျွန်မအနေနဲ့ ထူးထူးခြားခြား ဘာမှလုပ်ပေးတာ မဟုတ်ပါဘူး'

'ဘယ့်နှယ် ပြောပါလိမ့်၊ သူ့အတွက်မင်းလုပ်ပေးတာ အလွန်ထူးခြားတာပေါ့ ဒါကို မင်းမေ့ထားလို့ ဘယ်ရမလဲ' ဖောင်းလားက ကားကို မောင်းထွက်လာသည်။ သူ့စကားကြောင့် ဒက်ဖနီ၏ မျက်နှာတွင် ဝမ်းသာရိပ်မြင်ရ၍ သူလည်းဝမ်းသာမိသည်။

'ဒါနဲ့ တို့ ဟိုထမင်းဆိုင်ပဲ ပြန်သွားပြီး ညစာ စားကြရင် မကောင်းဘူးလား ဟင်၊ စိတ်ထဲမှာ တော်တော် ပျော်နေမိတယ်၊ အောင်ပွဲ အထိမ်းအမှတ်ကလေး တစ်ခုခု လု လိုက်ရ ကောင်းမလားလို့ စိတ်ကူးမိလို့ပါ'

သူက ဒက်ဖနီဘက်သို့ လှည့်ကြည့်လိုက်သည်။ နှစ်ယောက်သား မျက်





ချင်းဆုံကာ စေ့စေ့ကြည့်နေကြသည်။ သူတို့နှစ်ယောက်အကြားတွင် ခိုင်မြဲသော နှောင်ကြိုးချည်နှောင်မိကြပြီ။ ဒက်ဖနီက သူ့ဘဝထဲသို့ ဖောင်းလားဝင်ရောက်လာသောကြောင့် ကျေးဇူးတင် ဝမ်းသာမဆုံးဖြစ်မိသည်။ ဖောင်းလားက သူ့အား အန့်ဒရူးကလေးနှင့် တွေ့ဆုံပေးသောကြောင့် ဝမ်းသာမိသည်။

'ဒီလိုလုပ်ရင် မကောင်းဘူးလား၊ ကျွန်မတို့ထမင်းဆိုင် ပြန်မသွားဘဲ ကျွန်မ အိမ်ခန်းကိုပဲ ပြန်ကြမယ်လေ၊ ကျွန်မကိုယ်တိုင် ချက်ပြီးညစာကျွေးမှာပေါ့'

'အမိက ကောင်းကောင်းချက်တတ်လို့လား၊ ကျုပ်က အချက်အပြုတ် ကောင်းရင် အရမ်းစားတဲ့ အကောင် နော'

နှစ်ယောက်စလုံး ရွှင်မြူးစွာ ရယ်လိုက်ကြသည်။

'အီတာလျံ ခေါက်ဆွဲ ကြော်ကျွေးမယ်လေ၊ မကြိုက်ဘူးလား ဟင်'

'ဘယ့်နှယ် ပြောပါလိမ့်၊ အလွန် ကြိုက်ပေါ့၊ ဒါနဲ့ ခေါက်ဆွဲတစ်မျိုးပဲ ကျွေးမှာလား'

'ဒါဆို အမဲပြုတ်ကြော်ရော၊ လက်သုပ်ရော လုပ်ကျွေးမယ်လေ'

'ဟာ အတိုင်းထက် အလွန်ပေါ့'

'ဟင်းအမည်တွေ များလွန်းတော့ ရှင့်အနေနဲ့ သိပ်ပြီး အကုန်အကျ များနေ မိမှာမယ် နော်'

'များပါစေ၊ ကိစ္စမရှိဘူး၊ ငါ့မှာ အလုပ်လုပ်လို့ စုထားတဲ့ပိုက်ဆံ တော်တော် များများရှိပါတယ်'

'ဒါနဲ့ ရှင့်အလုပ်က တော်တော်အန္တရာယ် များမှာပဲနော်'

'တစ်ခါတလေတော့ ဟုတ်ပါတယ်၊ အမြဲတမ်းတော့ မဟုတ်ပါဘူး၊ တို့ အလုပ်သမားတွေက ကိုယ့်အလုပ်ကို ကိုယ် နားလည်ကြတယ်၊ ကျွမ်းကျင်ကြတယ်'

ဒက်ဖနီက ညင်သာစွာ ခေါင်းညိတ်လိုက်သည်။

တိုက်ခန်းရှေ့တွင် ကားရပ်သွားသည်။ ကားပေါ်မှ ဆင်းကာ အိမ်ခန်းထဲသို့ လျှောက်ဝင်လာကြသည်။

နောက်နာရီဝက်ခန့် အကြာတွင် သူတို့နှစ်ယောက်စလုံး မီးဖိုခန်းထဲတွင် အလုပ်များ နေကြတော့သည်။ ဖောင်းလားက အမဲသားပြုတ်ကြော်ချက်သည်။ ဒက်ဖနီက ခေါက်ဆွဲကြော်သည် လက်သုပ် သုပ်သည်။

ဖောင်းလားက မီးလင်းဖိုဘက်သို့ ခဏလေးလှည့်ကြည့်ကာ တွေးနေတတ် သည်။ သူဘာတွေ တွေးနေကြောင်း ဒက်ဖနီက အလိုလိုသိသည်။

'မီးဖိုချင်ရင် ဖိုပါ မစ္စတာဖောင်းလား ရပါတယ်၊ ကျွန်မကို ဘာမှ အားနာ ပါနဲ့၊ ဒီအခန်းက မီးလင်းဖိုနဲ့ဆိုရင် သိပ်ဟန်ကျတာ'



www.burmeseclassic.com

www.burmeseclassic.com



'နေပါစေ၊ မလိုပါဘူး၊ မီးလင်းဖို မရှိလဲ ဟန်ကျပြီးသားပါ'

'ဒီသာ ဖိုပါ၊ ရပါတယ်၊ ပိုကောင်းပါတယ်'

'မင်း စိတ်မချမ်းသာ ဖြစ်တာကို ငါမမြင်ချင်ဘူး ဒက်ဖနီ'

'ဒီအတွက်မပူပါနဲ့၊ အခုအချိန်မှာ အတိတ်ကို ပြန်တွေးနေစရာ မလိုတော့ပါဘူး'

ဖောင်းလားက စားပွဲမှထသွားပြီး မီးလင်းဖိုကို မီးမွှေးသည်။ ထင်းတွေ ထည့်သည်။ မကြာမီတွင် မီးတောက်လာပြီး တစ်ခန်းလုံး နွေးထွေးသွားသည်။

ဒက်ဖနီသည် မီးလင်းဖိုကို အကြာကြီး ထိုင်ကြည့်နေသည်။ ကြမ္မာဆိုးဝင့်ခဲ့သော ခရစ္စမတ်ညကို သတိရမိသည်။ တနင်္ဂနွေနေ့ညများတွင် ဂျက်ဖရီနှင့်အတူ မီးဖိုဘေးတွင်ထိုင်ရင်း သတင်းစာဖတ်နေခဲ့ကြသည့် နေ့ရက်များကို ပြန်လည်သတိရလာသည်။

ဖောင်းလားက စားပွဲမှ ကျော်ကာ ဒက်ဖနီ၏လက်ကို ဆုပ်ကိုင်လိုက်သည်။ အန်ဒရူးကလေးဆီသွားလည်ကြတုန်းက သူ့ပခုံးကို ဖောင်းလားက ဖက်ထားခဲ့သည်ကို ဒက်ဖနီက ပြန်တွေးမိသည်။ ဖောင်းလား၏အနားတွင် နေရသည်မှာ လုံခြုံမှုရှိလေစွ။ နွေးထွေးလေစွ။

'ဆရာမကြီး ဘာတွေ တွေးနေတာလဲ၊ မင်း ရုပ်ကြည့်ရတာ သိပ်ပျော်နေသလိုပဲ'

ဖောင်းလားက ကျီစယ်နောက်ပြောင်သလို ပြောလိုက်သည်။

အို ကျွန်မက မစ္စတာဖောင်းလားအကြောင်း တွေးနေတာပါ၊ ဟို ညတုန်းက လမ်းပေါ်မှာ ကျွန်မကို ကားကြုံခေါ်လာခဲ့တာ အများကြီးကျေးဇူးတင်ပါတယ်'

ဖောင်းလားက ပြုံးလိုက်သည်။

'မင်းသာ သစ်ပင်နောက်မှာ ပုန်းမနေရင် ပထမအခေါက်ကတည်းက ငါ ကားပေါ်ဆွဲတင်မှာပေါ့' နှစ်ယောက်သား ရယ်လိုက်ကြသည်။ ဒက်ဖနီက ကော် ပူပူနှစ်ခွက် သွားယူသည်။ 'မင်းက အချက်အပြုတ် တော်တော်ကောင်းတာပဲ'

'ကျေးဇူးတင်ပါတယ်၊ ရှင်လဲ ကောင်းပါတယ်၊ အမဲပြုတ်ကြော်တွေက စားစရာတွေပဲ'

ဖောင်းလားက မျက်နှာခပ်ညှိုးညှိုးဖြင့် ပြုံးလိုက်ပြီး

'ငါက အချက်အပြုတ်အလေ့အကျင့် အများကြီးရှိခဲ့တာ၊ ကိုယ့်ထမင်း ကိုယ်ချက်စားလာခဲ့တာ ဆယ့်ငါးနှစ်တိတိ ရှိခဲ့ပြီ'

'ရှင် ဘာဖြစ်လို့ နောက်ထပ် အိမ်ထောင်မပြုတာလဲ ဟင်'

'ငါအိမ်ထောင်ပြုချင်စိတ် မရှိတော့ဘူး၊ ငါသဘောကျတဲ့ အိမ်ထောင်ရှ





လောင်းကိုလဲ လုံးဝမတွေ့ခဲ့လို့ပါ' သူက 'အခုတော့ တွေ့ရပါပြီ' ဟုပြောလိုက်ချင်သည်။ သို့သော် သူ့ပါးစပ်မှ ပြောလို့မထွက်။ ဒက်ဖနီ စိတ်ထိခိုက်သွားမည်ကို စိုးရိမ်သည်။ 'ငါ့ အနေနဲ့တော့ ထပ်ပြီး အိမ်ထောင်ပြုဖို့ သိပ်မကောင်းတော့ပါဘူး၊ ဒါပေမယ့် မင်းအနေနဲ့တော့ ပြုသင့်တယ်၊ မင်းမှာက အရွယ်ရှိသေးတယ်'

ဒက်ဖနီက မှိုင်တွေတွေဟန်ဖြင့် ခေါင်းကိုခါယမ်းပြီး ဖောင်းလား၏ မျက်နှာကို မော့ကြည့်လိုက်သည်။

'ကျွန်မကတော့ အဲဒီလို မထင်ဘူး၊ ဘဝမှာ လွန်ခဲ့ပြီးတဲ့အရာကို ဘယ်လိုမှ ပြန်မရနိုင်တော့ဘူး၊ ပြန်ပြီး ဖန်တီးယူလို့ မရနိုင်တော့ပါဘူး၊ ဒါမျိုးဆိုတာက တစ်သက်မှာ တစ်ကြိမ်သာ ရနိုင်တဲ့ အရာမျိုးပါ မစ္စတာဖောင်းလား'

'အဲဒါလဲ အဲဒါပေါ့လေ၊ ဒါပေမယ့် တခြားအတွေ့အကြုံဆိုတာလဲ ရှိသေးတာပဲ၊ အတွေ့အကြုံတစ်ခုဟာ တခြားအတွေ့အကြုံတစ်ခုနဲ့ မတူနိုင်ပါဘူး'

'ဘာလို့ မတူရမှာလဲ၊ အခုပဲ ကြည့်လေ မစ္စတာဖောင်းလားရဲ့ ဘဝနဲ့ ကျွန်မရဲ့ ဘဝဟာ ဘာထူးသလဲ၊ အတူတူပဲ မဟုတ်လား'

'မတူပါဘူး၊ မင်းက ငါ့ထက်ပိုပြီး ကံကောင်းပါတယ်'

'ဟင် ကျွန်မက ပိုပြီး ကံကောင်းတယ် ဟုတ်လား၊ ဘာကြောင့်ပါလိမ့်ရှင်'

'မင်းမှာက အန်ဒရူးကလေး ရှိသေးတယ်၊ ငါ့မှာ မရှိတဲ့ကလေးတွေကို မြင်တိုင်း စိတ်မချမ်းမသာဖြစ်နေရတယ်'

'နောက်မကျသေးပါဘူးရှင်'

'ငါက အသက်ကြီးပြီ ဒက်ဖနီ၊ ငါ့အသက်က ငါးဆယ့်နှစ်နှစ်ကြီးတောင် ရှိသွားပြီ၊ ငါအိုသွားပြီ၊ ကလေးဖခင်ဖြစ်ဖို့ ကောင်းတဲ့ အရွယ် မဟုတ်တော့ပါဘူး'

ဒက်ဖနီက ဖောင်းလား၏ စကားကို ပြုံး၍သာ နားထောင်နေသည်။ တကယ်တော့ သူက ဖောင်းလားကို အဘိုးကြီးတစ်ယောက်လို မမြင်။ သူ့ဘဝတွင် တစ်ခါမျှ မတွေ့ဖူးသော မိတ်ဆွေကောင်း တစ်ယောက်လိုသာ မြင်သည်။ ဖောင်းလားနှင့် တွေ့ရတော့မှ သူကိုယ်တိုင်လည်း အားမာန်တွေ ပြည့်လာမိသည်။ တကယ့်ကို မိန်းမ ပီပီသသ ဖြစ်လာခဲ့သည်။

နှစ်ယောက်သား ဘာစကားမှ ဆက်မပြောဘဲ ဆိုဖာခုံရှည်ပေါ်တွင် ထိုင်ကာ မီးလင်းဖိုကိုသာ စိုက်ကြည့်နေကြသည်။ ဖောင်းလားနှင့်အတူတူထိုင်နေရသည်ကို ဒက်ဖနီ အလွန်ပျော်နေသည်။ သူနှင့်အတူ စကားပြောနေရသည်မှာ သက်တောင့်သက်သာ ရှိသည်။ အေးအေးတည်ငြိမ်သည်။ ပျော်စရာလည်းကောင်းသည်။ သူ၏ ချိုးကျသော မျက်နှာကို မီးရောင်တွင် မြင်ရသည်မှာ ကျက်သရေ ရှိလှသည်။

'ကျွန် ...'



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဖနီက ရုတ်တရက်ခေါ်လိုက်သည်။ ရှေ့ကိုဘာဆက်ပြောရမှန်းတော့မသိ။ သို့သော် နောက်အခါနေ့စဉ်မှတ်တမ်းတွင်တော့ သူ့ခံစားချက်ကို ဖွင့်ဟမှတ်တမ်းတင်နိုင်ကောင်းတင်နိုင်ပေလိမ့်မည်။

'ပြောပါ ဒက်ဖနီ'

သို့ပေမယ့် ဒက်ဖနီက ဘာပြောရမှန်းမသိ။ ပြောစရာ စကားလုံးရှာမရဖြစ်နေသည်။ အတန်ကြာတော့ သူက လေသံတိုးတိုးဖြင့် ဆက်ပြောသည်။

'ရှင်နဲ့ တွေ့ရတာ ကျွန်မသိပ်ပြီး ဝမ်းသာမိတယ် ဂျွန်'

ဖောင်းလားက ဖြည်းဖြည်းကလေးခေါင်းညိတ်သည်။ ဒက်ဖနီခံစားရသလိုသူလည်း ခံစားနေရသည်။ သူတို့နှစ်ယောက်၏ အကြားတွင် စိတ်ချမ်းသာခြင်းနှင့်နားလည်ခြင်းတို့သည် စမ်းရေပမာ တသွင်သွင် စီးဆင်းနေကြသည်။

ဖောင်းလားက ဒက်ဖနီ၏ ပခုံးကို သိုင်းဖက်ထားလိုက်သည်။ ဒက်ဖနီသည် နွေးထွေးခြင်းကိုလည်း ခံစားရသည်။ အားမာန်လည်း ပြည့်လာသလို ထင်ရသည်။ ဖောင်းလား၏ လက်မောင်းများ၊ လက်များ၏ အတွေ့အထိသည် အားမာန်အပြည့်ရှိသည်။ သူ့ရုပ်သွင်လိုပင် အားရှိသည်။ သူကား တစ်သက်လုံး သစ်ပင်တော့တောင်များကြားတွင် နေထိုင်လာခဲ့ရသူမဟုတ်ပါလား။

သူက ဒက်ဖနီ၏ မျက်နှာကို ငုံ့ကြည့်လိုက်သည်။ ဒက်ဖနီ ငိုနေပြီ။ ပါးပြင်တွင် မျက်ရည်များ ဖြိုင်ဖြိုင်စီးကျလာသည်။ ဖောင်းလားက စိုးရိမ်တကြီးဖြင့် ဒက်ဖနီအား သူ့အနီးသို့ ဆွဲကပ်လိုက်သည်။

'ဝမ်းနည်းနေလို့လား အချစ်ရယ်၊ ဘာဖြစ်လို့ ငိုရတာလဲကွယ်'

သူ့အသံက လေးနက်သည်။ ညင်သာနူးညံ့သည်။

ဒက်ဖနီက ခေါင်းကို အသာခါယမ်းရင်း

'ဝမ်းနည်းလို့ မဟုတ်ပါဘူး၊ သိပ်ပြီး ဝမ်းသာလွန်းလို့ပါ' သူက ဖောင်းလား၏မျက်နှာကို မော့ကြည့်ပြီး 'ရှင်ကတော့ ကျွန်မကို အရူးမလေးလို့ ထင်မှာပဲ၊ ကျွန်မမရူးပါဘူး၊ အခုမှ ကျွန်မဘဝအသက်ပြန်ဝင်လာတာပါ၊ ကျွန်မဟာနှစ်ပေါင်းများစွာ တစ်ဝက်သေနေခဲ့တဲ့လူပါ၊ ကျွန်မ တွေးမိခဲ့တယ်' သူက ဆက်ပြောရန် စကားရှာမရဖြစ်နေသည်။ ခဏကြာတော့မှ 'ကျွန်မကိုယ် ကျွန်မ တွေးမိခဲ့ပါတယ်၊ ကျွန်မဟာဂျက်ဖ်တို့ သားအဖနဲ့အတူ သေသွားရင် သိပ်ကောင်းမှာပဲလို့ တွေးမိခဲ့ပါတယ်၊ တကယ်တော့ ကျွန်မဟာ သားလေးအတွက်ကြောင့်သာ အသက်ရှင်နေခဲ့တာပါ၊ သူ့အတွက်ကြောင့်သာ အခုအထိ အသက်ရှင်နေခဲ့တာပါ ဂျွန်'

ယခုတော့ သူ့အတွက်ပါ သူအသက်ပြန်ရှင်လာခဲ့ပြီဖြစ်သည်။

ဖောင်းလားက စကားမပြောဘဲ ဒက်ဖနီ၏ မျက်နှာကိုသာ အကြာကြီး





စိုက်ကြည့်နေသည်။

အတန်ကြာတော့မှ

'အခုအချိန်မှာ မင်းအနေနဲ့ အသက်ရှင် ရပ်တည်ပိုင်ခွင့် အပြည့်အဝ ရှိလာပါပြီ ဒက်ဖနီ၊ မင်းအနေနဲ့ သူများအတွက် ပေးဆပ်စရာရှိတာတွေကို အကုန်လုံး ပေးဆပ်ခဲ့ပြီးပါပြီ' သူက ဒက်ဖနီ၏ နှုတ်ခမ်းနှစ်လွှာကို ဖွဖွကလေးနမ်းသည်။ ဒက်ဖနီ တစ်ကိုယ်လုံး တသိမ့်သိမ့်တုန်လှုပ်သွားသည်။ ဖောင်းလား၏ အပွေ့အဖက် အတွေ့အထိကြောင့် အသက်ပင် မရှူနိုင်အောင်ဖြစ်နေမိသည်။ ဖောင်းလားက ဒက်ဖနီ၏ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ညှပ်ကာ တစိမ့်စိမ့်ကြည့်နေသည်။ 'ငါ့ဘဝ တစ်လျှောက်လုံး မင်း ဘယ်များသွားနေခဲ့တာလဲ အချစ်ရယ်' သူက ပြောရင်းဆိုရင်း ထပ်နမ်းပြန်သည်။ ဒက်ဖနီက ဖောင်းလား၏ လည်ပင်းကို ပြန်ဖက်ပြီး နှစ်ကိုယ့်တစ်ကိုယ် ပူးကပ်ထားလိုက်သည်။ သူ့တစ်ဘဝလုံး သည်အတိုင်းပင် မခွဲစတမ်းနေသွားချင်သည်။ ဘယ်တော့မှ မခွဲစတမ်းနေသွားချင်သည်။

ဖောင်းလားက ဒက်ဖနီ၏မျက်နှာကို ကြည့်ကာ လေသံအေးအေးဖြင့် တိုးတိုးပြောသည်။

'မင်း စိတ်မချမ်းသာဖြစ်မယ့် အလုပ်မျိုးကို ငါမလုပ်ချင်ပါဘူး အချစ်ရယ်၊ ငါက အသက်ကြီးလှပြီ၊ မင်းအပေါ်မှာ ငါအခွင့်ကောင်းမယူချင်ပါဘူး'

ဒက်ဖနီက ခေါင်းကို ခါယမ်းရင်း ဖောင်းလားအား ဖက်ထားလိုက်သည်။ ပြီးတော့ တစ်ချက်နမ်းကာ ခေါင်းမှဆံပင်ညှပ်ကလစ်တွေကို တစ်ချောင်းပြီး တစ်ချောင်းဖြုတ်နေသည်။ ကလစ်တွေ အားလုံးဖြုတ်ပြီးသောအခါ ဆံပင်ကိုပခုံးပေါ်သို့ ဖြန့်ချလိုက်သည်။ ဖောင်းလားက ဒက်ဖနီ၏ ဆံပင်အုပ်ထဲသို့ လက်ထိုးကာ ပွတ်သပ်ကစားနေသည်။

ထို့နောက်တွင်တော့ ဒက်ဖနီ၏ တစ်ကိုယ်လုံးကို သိုင်းကျုံးပွေ့ဖက်ကာ တရိုက်မက်မက်ဖြင့် အဆက်မပြတ် နမ်းနေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

'အလို ဒါတွေက ဘာတွေများပါလိမ့်'

နောက်တစ်နေ့ နံနက်ခြောက်နာရီတွင် မီးဖိုခန်းထဲ၌ နံနက်စာပြင်ဆင်နေကြရာမှ ဒက်ဖနီ၏သားရေဖုံး နေ့စဉ်မှတ်တမ်းနှစ်အုပ်ကို လက်ထဲတွင်ကိုင်ရင်း ဖောင်းလားက မေးလိုက်ခြင်းဖြစ်သည်။

ဒက်ဖနီက ပြုံးကြည့်ကာ

'ဩော် ဒါတွေလား၊ ကျွန်မရေးထားတဲ့နေ့စဉ် မှတ်တမ်းတွေပါ'

'အားတဲ့အခါ ငါဖတ်ကြည့်ချင်တယ်၊ ဖြစ်ပါ့မလား'

'ဖြစ်ပါတယ်၊ ဖတ်ချင်ရင် ဖတ်ကြည့်ပါ' ဒက်ဖနီက ကြက်ဥပန်းကန်နှင့် ဝက်ပေါင်ခြောက်ပန်းကန်များကို စားပွဲပေါ်တင်လိုက်သည်။ 'ဒါပေမယ့် အလကားဟာတွေပါ၊ ကျွန်မပျင်းပျင်းရှိတိုင်း စိတ်ထဲမှာပေါ်လာတာတွေ လျှောက်ရေးထားတာ'

'ဘယ့်နှယ်အလကား ဟာတွေရမှာလဲ၊ မင်းက အလကားအမျိုးသမီး တစ်ယောက်မှမဟုတ်တာပဲ'

'ကဲပါ ဒါတွေ ထားလိုက်စမ်းပါ၊ စားမှာသာ စားစမ်းပါ'

'ငါကတော့ မင်းနဲ့နေရတာပျော်လွန်းလို့ ဒီနေ့အလုပ်တောင် မသွားချင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါလဲကောင်းတာပဲ၊ မသွားချင်ရင်လဲ မသွားပါနဲ့တော့၊ ကျွန်မ စပါယ်ရှယ် ကျွေးမွေးပြုစုပါ့မယ်'

'အင်း အဖြစ်ကတော့ မလွယ်ပါလားဗျာတို့၊ ငါတော့ မင်းကြောင့် အဖတ်ဆယ်မရအောင်ပျက်စီးပါပြီ ဒက်ဖနီ' သူက ယင်းသို့ ပြောရင်းအားရပါးရ ရယ်နေသည်။

ဒက်ဖနီက သူ့ကို တင်းကျပ်စွာပွေ့ဖက်ထားရင်းမှ တိုးတိုးညင်သာ ပြန်ပြောလိုက်သည်။

'တကယ်တော့ တရားခံကရှင်ပါ ဂျွန်၊ ရှင့်ကြောင့် ကျွန်မပျက်စီးရတာပါ၊ ရှင်နဲ့နေရတာ ကျွန်မဘယ်လို စိတ်ချမ်းသာမှန်းမသိဘူး သိလား၊ ကျွန်မတသက်မှာ ဒီလိုတစ်ခါမှ မပျော်ဖူးဘူး၊ ဒါကိုတော့ ရှင်မမေ့စေချင်ဘူး'

'စိတ်ချပါ၊ ငါမမေ့ပါဘူး၊ တစ်နေ့လုံး သတိရနေမှာပါ၊ ဒီတော့ ငါအလုပ်က အပြန်မှာ ဈေးဝင်ဝယ်လာခဲ့မယ်၊ ပြီးတော့ တို့နှစ်ယောက်ညနေစာ ကောင်းကောင်း ချက်စားကြမယ် ဟုတ်လား၊ ဘယ့်နှယ့်လဲ သဘောကျတယ် မဟုတ်လား'

'သိပ်ကျပေါ့ ရှင်ရယ်'

'ဒါနဲ့ မင်းအိမ်မှာ တစ်ယောက်တည်းရှိနေတုန်း ဘာလုပ်နေမှာလဲ'

ဒက်ဖနီက မျက်တောင်ကလေးများ တဖျပ်ဖျပ်ခတ်ကာ ခေတ္တမျှ စဉ်းစားနေသည်။ ထို့နောက် ပြုံးလိုက်ပြီး

'အင်း ကျွန်မ ဘာလုပ်ရမှာလဲ၊ ဘာလုပ်ရမှာလဲ ဆိုတော့ နေ့စဉ်မှတ်တမ်း ဆက်ရေးရင် ကောင်းမယ်ထင်တယ်'

'သိပ်ကောင်းတာပေါ့၊ ရေးဖြစ်အောင် ရေးထားပါ၊ ငါပြန်လာရင် ဖတ်ကြည့်ရအောင်၊ ကဲ ဒီတော့ ငါသွားလိုက်ဦးမယ်နော် ချစ်ချစ်'

ဖောင်းလားသည် အိမ်ပေါ်မှ ဆင်းသွားပြီးကားပေါ်သို့ တက်ကာ မောင်းထွက်သွားသည်။ ဒက်ဖနီက ပြတင်းပေါက်မှ လက်ဇော့ယမ်းပြရင်း ရပ်ကြည့် ကျန်ရစ်သည်။

ဖောင်းလားမရှိတော့ တစ်ယောက်တည်းနေရတာ ပျင်းစရာ ကောင်းလှသည်။ အချိန်ကုန်အောင် ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ အန်ဒရူးကလေးဆီ သွားလည်ရကောင်းမည်လားဟု တွေးမိသည်။ သို့သော် မနေ့ကပဲ သွားခဲ့ပြီးပြီမို့ သည်နေ့ ဆက်သွားရန် မလိုအပ်ဟု ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် အိမ်မှာပဲနေပြီး သန့်ရှင်းရေး လုပ်သည်။ ပြီးတော့ နေ့စဉ်မှတ်တမ်းရေးရန် စားပွဲတွင် ဝင်ထိုင်သည်။ နေ့စဉ် မှတ်တမ်း ရေးပြီးနောက် နေ့လယ်စာ စားသည်။ နေ့လယ်စာစားပြီးတော့ လုပ်စရာအလုပ်မရှိတော့။ သို့သော် သည်နေ့တစ်မနက်လုံး သူ့ခေါင်းထဲတွင် အတွေးတစ်ခုဝင်ကာ မရိုးမရွခံစားနေခဲ့ရသည်။ ထူးထူးခြားခြား တစ်ခုခုလုပ်ချင်သည့် ဆန္ဒတွေ တဖွားဖွား





ဖြစ်ပေါ်နေသည်။ သို့နှင့်စားပွဲတွင် ပြန်ထိုင်ကာ သူ့ဆန္ဒကို လက်တွေ့အကောင်အထည် ဖော်တော့သည်။ သူသည် ဝတ္ထုတိုတစ်ပုဒ်ကို စာရွက်ပေါ်တွင် တကယ်ရေးချနေတော့သည်။

ခေါင်းထဲတွင်ပေါ်လာသော စိတ်ကူးစိတ်သန်းများသည် စာရွက်ပေါ်တွင် စာလုံးများ၊ စာကြောင်းများနှင့် စာပိုဒ်ဘဝသို့ ကူးပြောင်းလာကြသည်။ စာရွက်တစ်ရွက်ပြီး တစ်ရွက် ဆက်တိုက် ရေးချသွားသည်။ မကြာမီတွင်ပင် ဝတ္ထုတိုတစ်ပုဒ်လုံး ရေးပြီးသွားသည်။ သူသည် ရေးပြီးသွားသော စာမျက်နှာတစ်ဒါဇင်လောက်ကို စိုက်ကြည့်ရင်း သူ့ကိုယ်သူအံ့ဩနေမိသည်။ သည်အလုပ်မျိုးကို သူ့တစ်သက်တွင် သည်တစ်ကြိမ်သာ လုပ်ဖူးသေးသည်။

ညနေကျတော့ ဖောင်းလား ပြန်ရောက်လာသည်။ ဒက်ဖနီသည် မီးခိုးရောင် ဝတ်စုံနှင့်အနီရောင်ဆွယ်တာကို ဝတ်ထားသည်။

'အချစ်က တယ်လဲလှနေပါလား၊ ဒါနဲ့ ဒီနေ့တစ်နေ့လုံး ဘာတွေလုပ်ဖြစ်သေးသလဲ ဟင်'

'အလုပ်ကတော့ အများကြီးဖြစ်ပါတယ်၊ ဒါပေမယ့် တစ်နေ့လုံး အစ်ကိုကြီးကိုပဲ သတိရနေမိတာပဲ'

သူပြောတာ တကယ်မှန်သည်။ ဖောင်းလားသည် သူ့ဘဝတွင် မရှိမဖြစ်သည့် လူတစ်ယောက်ဖြစ်နေပြီ မဟုတ်ပါလား။ တစ်နည်းဆိုသော် ဖောင်းလားသည် သူ့ဘဝတွင် ခွဲလို့မရသည့်အစိတ်အပိုင်း တစ်ခုလိုဖြစ်နေပြီ မဟုတ်ပါလား။

ဖောင်းလားဈေးမှ ဝယ်လာသော ပစ္စည်းများဖြင့် နှစ်ယောက်သား ညစာ ချက်ပြုတ်ကြသည်။ ညစာစားသောက်ရင်း ဖောင်းလားက သစ်ခုတ်စခန်းမှ အတွေ့အကြုံကို ပြောပြသည်။ ပြီးတော့ မီးလင်းဖိုဘေးတွင် ထိုင်ကြသည်။ သည်တော့မှ ဒက်ဖနီက သူနေ့လယ်က ရေးထားသော ဝတ္ထုတို စာမူကိုထုတ်ပြသည်။ ဖောင်းလားက ဝတ္ထုတိုကို စိတ်ဝင်စားစွာဖြင့် ဖတ်သည်။

'ဟာ တကယ်ကောင်းတဲ့ ဝတ္ထုပဲ ဒက်ဖ်'

ဖောင်းလားက တကယ်လည်း ဂုဏ်ယူဝမ်းသာစွာဖြင့် ချီးကျူးလိုက်သည်။

'မြှောက်မနေပါနဲ့၊ အမှန်အတိုင်းပဲ ပြောစမ်းပါ၊ တော်တော်လဲ ချာသေးတဲ့ လက်ရာလို့ပြောစမ်းပါ'

'တကယ်ပါ၊ ငါမြှောက်ပြောတာ မဟုတ်ပါဘူး၊ တကယ်ကောင်းလို့ ကောင်းတယ်လို့ပြောတာပါ'

'ဒါ ကျွန်မ ပထမဆုံး စမ်းရေးကြည့်တာပဲ၊ စိတ်ထဲ ရေးချင်စိတ်ပေါ်လာတာနဲ့ ကောက်ရေးလိုက်တာ၊ ဘယ်ကရောက်လာမှန်းတောင် မသိတော့ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဖောင်းလားက ဒက်ဖနီ၏ ပိုးသားလိုအိနေသော ရွှေရောင်ဆံပင်များကို လက်နှင့်အသာပုတ်ရင်း

'ဘယ်က ရောက်လာရမှာလဲ၊ ဒီနေရာက ရောက်လာတာပေါ့၊ မင်းရဲ့ ဒီ ဦးနှောက်ထဲက ထွက်လာတာပေါ့၊ မင်း ခေါင်းထဲမှာ တခြား ဒီထက်ကောင်းတဲ့ ဝတ္ထုတွေ တစ်ပုံကြီးရှိသေးတယ် သိရဲ့လား'

ဒက်ဖနီသည် သူယခင်က လုံးဝသတိမထားခဲ့သော ရတနာသိုက်တစ်ခု၏ တံခါးကို သွား၍ ခေါက်မိခဲ့ပြီ။ သူအလွန်ပျော်ရွှင်မိသည်။ ဝတ္ထုတိုရေးသားခြင်းကို နေ့စဉ်မှတ်တမ်း ရေးရသည်ထက် ပို၍ သဘောကျနေမိသည်။

ထိုညက သူတို့နှစ်ယောက် မီးလင်းဖိုဘေးတွင် ထိုင်ကာ ပျော်ရွှင်မဆုံး တပြုံးပြုံးဖြင့် ချစ်တင်းနှောကြသည်။ သူတို့နှစ်ယောက်၏ ဘဝသည် နှစ်ကိုယ်တစ်ဘဝ ဖြစ်သွားခဲ့ပြီ။ တစ်ယောက်ကိုတစ်ယောက် ပါးစပ်မှ ဖွင့်ဟမပြောသော်လည်း အချင်းချင်း နားလည်စွာပင် အသည်းချင်း သန္ဓာန်ခဲ့ကြပြီ။

မနက်ကျတော့ ဖောင်းလားသည် သီချင်းကလေးတညည်းညည်းဖြင့် အလုပ်သို့ ထွက်သွားသည်။

ဒက်ဖနီသည် စားရေးစားပွဲတွင် ထိုင်ကာ နောက်ထပ် ဝတ္ထုတိုတစ်ပုဒ်ကို ရေးပြန်သည်။

သည်ဝတ္ထုက မနေ့ကရေးခဲ့သော ဝတ္ထုနှင့်မတူ။ တစ်မူတဘာသာ ကွဲပြား ခြားနားသည်။

ညကျတော့ ဖောင်းလားက ဖတ်ကြည့်ပြီး ထင်မြင်ချက်ပေးသည်။ ပထမ ဝတ္ထုတိုထက် ပိုကောင်းနေသည်။

'မင်းတော့ တကယ်ကို စာရေးဆရာမတစ်ယောက်ဖြစ်သွားပြီ ဒက်ဖ်၊ ငါ တကယ်ပြောတာပါ၊ မင်းမှာ ကိုယ်ပိုင်ဟန်ရှိတယ်၊ ကိုယ်ပိုင်အတွေးအခေါ်လဲ ရှိတယ်၊ အားမလျှော့ဘဲ ဆက်သာ ကြိုးစားပေတော့'

*

သည့်နောက်ပိုင်းတွင်တော့ ဖောင်းလားသည် ဒက်ဖနီ၏ အိမ်ခန်းသို့ မပြတ်ရောက်လာ တော့သည်။ စနေ၊ တနင်္ဂနွေနေ့များတွင် ဖောင်းလားက ဒက်ဖနီ၏ နေ့စဉ်မှတ်တမ်း များကို ဖတ်သည်။ ဒက်ဖနီကတော့ တစ်နေ့လျှင် ဝတ္ထုတိုတစ်ပုဒ် မှန်မှန်ရေးသည်။ တစ်ပုဒ်ထက် တစ်ပုဒ်ပို၍ ကောင်းလာသည်။ လက်ရာမြောက်လာသည်။ သို့သော် ဝတ္ထုတိုတိုင်းပင် တစ်မျိုးစီ ကောင်းကြသည်ချည်း ဖြစ်သည်။ ဝတ္ထုတို ပုဒ်ရေ များလာ သည်နှင့်အမျှ ကိုယ်ပိုင်ဟန်တစ်ခုကိုလည်း သီးသီးသန့်သန့်တည်ထောင် လာနိုင်ခဲ့ပြီ။

'ဝတ္ထုတိုလောက်နဲ့ရောင့်ရဲမနေဘဲလုံးချင်းတစ်ပုဒ်လောက်ရေးကြည့်ပါလား ဒက်ဖ်'





တစ်နေ့တွင် ဖောင်းလားက အလေးအနက်အမှုအရာဖြင့် အဆိုပြုသည်။

'ဘာအကြောင်း ရေးရမှာလဲ'

'အဲဒါတော့ ငါမသိဘူး၊ မင်းခေါင်းထဲပေါ်လာတာရေးပေါ့၊ မင်းမှာ ရေးစရာ တွေရှိပါတယ်၊ ရေးရင် တကယ်ဖြစ်မှာပါ'

'ကျွန်မတော့ ကိုယ့်ကိုယ်ကိုယ် မယုံကြည်သေးဘူး၊ လုံးချင်းရေးတာက ဝတ္ထုတိုရေးတာနဲ့ မတူဘူး'

'ဒါ ဘာမှမဆိုင်ပါဘူး၊ ရေးသာ ရေးကြည့်စမ်းပါ၊ ဘာလို့မဖြစ်ရမှာလဲ၊ မင်းမှာ အချိန်တွေ တစ်ပုံကြီး ရှိပါတယ်'

ဖောင်းလားပြောတာမှန်ပါသည်။ သူ့မှာ အချိန်တွေပိုနေသည်။ အန်ဒရူး ကလေးဆီ သွားလည်တာကလွဲပြီး တခြားဘာအလုပ်ရှိသေးလို့လဲ။ သူသည် သား ကလေးထံသို့ တစ်ပတ်တွင် နှစ်ကြိမ်သွားလည်သည်။ ဖောင်းလားကတော့ တစ်ပတ် တစ်ကြိမ်မှန်မှန် လိုက်သွားသည်။ ယခုအချိန်တွင် အန်ဒရူးကလေးသည် ဖောင်းလား အား ဦးကြီးတစ်ယောက်ပမာ အလွန်ခင်မင်နေပြီ။ သူတို့နှစ်ယောက် 'အဖွဲ့ကျ' နေကြ ပြီ။ ဖောင်းလားက အန်ဒရူးကလေး၏ ခြေဟန်လက်ဟန်ပြ ဘာသာစကားကို ကောင်း စွာနားလည်နေပြီ။ ကျောင်းသို့သွားလည်တိုင်း ဖောင်းလားသည် အန်ဒရူးကလေးနှင့် အတူကစားသည်။ ရယ်ရယ်မောမောနှင့်စကားပြောကြသည်။ ဖောင်းလားက ကလေး ကိုအလွန်ချစ်နေမိပြီ။ ဒက်ဖနီက သားငယ်နှင့်ဖောင်းလားတို့ကိုကြည့်ပြီး ဝမ်းသာမဆုံး တပြုံးပြုံးဖြစ်နေသည်။ အတိတ်မှ ကြေကွဲစရာ ဖြစ်ရပ်တွေကို မေ့မေ့ပျောက်ပျောက် ဖနေ၍ ရလာသည်။ ဖောင်းလားနှင့်တွေ့ဆုံသိကျွမ်းရသည့်နေ့မှစ၍ သူ့ဘဝသည် အ ပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့သည်။ သူသည် စိတ်တည်ငြိမ်မှုကိုလည်း ရလာခဲ့ ပြီ။ စိတ်ပျော်ရွှင်မှုကိုလည်း ရလာခဲ့ပြီ။

အန်ဒရူးကလေးအားလည်း မကြာခဏဆိုသလို အိမ်သို့ခေါ်လာပြီး သုံးလေး နာရီခန့် အိမ်မှာနေစေပြီးမှ ကျောင်းသို့ ပြန်ပို့ကြသည်။ အန်ဒရူးကလေး လာလည် သည့်အခါတိုင်း ဖောင်းလားနှင့်အတူ ထင်းသယ်ကြသည်။ ဖောင်းလားက ထင်းချောင်း ကလေးတွေကို ကစားစရာအရုပ်ကလေးတွေ လုပ်ပေးတော့ ကလေးက အလွန်သဘော ကျသည်။ ပြီးတော့ သူတို့သုံးယောက် မီးဖိုခန်းဝင်ပြီး မုန့်လုပ်ကြသည်။ ကုလားထိုင် အဟောင်းတစ်လုံးကို ဖောင်းလားနှင့်အန်ဒရူးကလေးတို့နှစ်ယောက် ဆေးပြန်သုတ်ကြ သည်။ သည်လိုနှင့်အန်ဒရူးကလေးသည် တစ်နေ့ထက် တစ်နေ့ ကိုယ့်ကိုယ်ကိုယ် အားကိုးစိတ်တိုးပွားလာသည်။ ဒက်ဖနီမှာလည်း သားကလေးနှင့်ဆက်ဆံရာတွင် ပို၍ နားလည်မှုရှိလာခဲ့သည်။

တစ်ကြိမ်တွင် ဒက်ဖနီက သားကလေးနှင့် ခြေဟန်လက်ဟန်ဖြင့် စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ရာတွင် များများယွင်းယွင်း ခြေဟန်လက်ဟန် ပြမိသဖြင့် ကလေးက တခစ်ခစ်နှင့် ရယ်သည်။ ပြီးတော့ ဖောင်းလားဘက်သို့လှည့်ကာ သူ့မေမေ၏အမှားကို ခြေဟန်လက်ဟန်ဖြင့်ပြောပြသည်။ ဖောင်းလားနှင့်အန်ဒရူးကလေးတို့ တစ်ယောက်ကိုတစ်ယောက် အလွန် ခင်မင်နေကြပြီ။ နှစ်ယောက်အတူ လမ်းလျှောက်ကြသည်။ တောစပ်တွင် ယုန်ကလေးတွေနှင့်သမင်ကလေးတွေကို မြင်လျှင် နှစ်ယောက်သားရပ်ပြီး ကြည့်နေကြသည်။ ကျောင်းသို့ပြန်ချိန်ရောက်သောအခါ အန်ဒရူးကလေးက ဖောင်းလား၏ ပေါင်ပေါ်မှာ ထိုင်ပြီး ကားလက်ကိုင်ဘီးကို ကိုင်ကစားရင်း တပြုံးပြုံးနှင့်လိုက်လာသည်။ ဒက်ဖနီက ဘေးမှ ထိုင်ကြည့်ကာ အလွန်ကြည်နူးနေမိသည်။

ဒက်ဖနီသည် သူ့ဘဝကိုတွေးပြီး အလွန်စိတ်ချမ်းသာနေသည်။ သူ၏ နေ့စဉ်ဘဝအတွေ့အကြုံများကို ဇာတ်လမ်းဆင်ကာ ဝတ္ထုတိုတွေတစ်ပုဒ်ပြီး တစ်ပုဒ်ရေးထုတ်သည်။

သူသည် ဖေဖော်ဝါရီလထဲတွင် လုံချင်းဝတ္ထုကို စတင်ရေးသားသည်။ ဖောင်းလားအလုပ်သွားနေတုန်း တစ်နေကုန်ထိုင်ရေးသည်။ ညကျတော့ ရေးပြီးသမျှကို ဖောင်းလားက ဖတ်ကြည့်ပြီး ဝေဖန်ချက်ပေးသည်။ အကြံဉာဏ်ပေးသည်။ ချီးကျူးစကားပြောသည်။ ဖောင်းလားကတော့ ဒက်ဖနီတွင် စာရေးဆရာဖြစ်နိုင်သော အရည်အချင်းတွေ အပြည့်အဝရှိသည်ဟု တကယ့်ကို ယုံကြည်နေပြီ။

'အစ်ကိုကြီးက အားပေးလို့သာ ကျွန်မအခုလို ရေးဖြစ်တာပါ၊ နို့မဟုတ်ရင် ရေးဖြစ်မှာ မဟုတ်ဘူး၊ ဟိုတုန်းက ဆိုရင် ကျွန်မကိုယ်ကျွန်မ ဒီလိုရေးနိုင်လိမ့်မယ်လို့လဲ လုံးဝမထင်ခဲ့ဘူး'

'ဘာလို့ မရေးနိုင်ရမှာလဲ၊ မင်းမှာ အရည်အချင်းတွေ အပြည့်အဝရှိနေတာပဲ၊ တကယ်တော့ ငါက ဘာမှမတတ်နိုင်ပါဘူး၊ မင်းကိုယ်တိုင်တော်လို့ အခုလို ဖြစ်လာတာပါ'

'တကယ်တော့ ဒီကိစ္စမှာ အစ်ကိုကြီးတရားခံပဲ၊ အစ်ကိုကြီးသာ အားမပေးရင် ကျွန်မ အခုလိုရေးဖြစ်မှာ မဟုတ်ဘူး'

ဒက်ဖနီက ဖောင်းလား၏ လက်ထဲမှ သစ်တော်သီးတစ်စိတ် လှမ်းယူကာ ဖောင်းလားအား ရွတ်ခနဲ နမ်းလိုက်သည်။ ဒက်ဖနီသည် သူ့ပထမဆုံး ရေးခဲ့သော ဝတ္ထုတိုကို နှစ်ဆန်းစကတည်းကပင် 'ကောလင်း' မဂ္ဂဇင်းတိုက်သို့ ပို့ခဲ့ပြီး မဂ္ဂဇင်းတိုက်မှ ပြန်ကြားချက်ကို စောင့်မျှော်နေခဲ့သည်။

မတ်လထဲတွင် မဂ္ဂဇင်းတိုက်မှ ပြန်ကြားချက်ရောက်လာသည်။ ဝတ္ထုတိုက မဂ္ဂဇင်းတွင်ဖော်ပြရန် ရွေးချယ်လိုက်ပြီ ဖြစ်ကြောင်း၊ စာမူခဒေါ်လာ ၅၀၀ ပေးမည်ဖြစ်ကြောင်း တာဝန်ခံအယ်ဒီတာ အယ်လီဆင်ဘဲယားက အကြောင်းပြန်ကြားလိုက်ခြင်း





ဖြစ်သည်။

'အစ်ကိုကြီး ကျွန်မဝတ္ထုတို သူတို့ရွေးလိုက်ပြီ ကျွန်မတော့ ယုံတောင် မယုံနိုင်သလောက်ပဲ'

ဖောင်းလား အလုပ်မှပြန်လာတော့ ဒက်ဖနီက ရှမ်ပိန်အရက်တစ်ပုလင်း၊ ဈေးမှတ်တစ်စောင်နှင့် အယ်လီဆင်၏ ပြန်ကြားစာတို့ကို ကိုင်ကာ တံခါးဝမှ ဝမ်းသာအားရ ဆီးကြိုပြောသည်။

'ဟာ ဟုတ်လား၊ တော်တာပဲ ဒက်ဖ်၊ ဝမ်းသာလိုက်တာကွယ်၊ ငါအများကြီးဂုဏ်ယူပါတယ်'

ထိုညတွင် နှစ်ယောက်သား ဝမ်းသာခြင်း အထိမ်းအမှတ်အဖြစ် အရက်ပုလင်း ဖေါက်ကာ ဂုဏ်ပြုပွဲကလေး ကျင်းပကြသည်။ မိုးလင်းခါနီးမှ ပွဲသိမ်းပြီး အိပ်ရာဝင်ကြသည်။

ကောလင်းမဂ္ဂဇင်းမှသူ၏ ပထမဆုံး ဝတ္ထုကို ဝယ်လိုက်သောကြောင့် ဒက်ဖနီ အလွန်အားတက်သွားသည်။ ရေးလက်စ လုံးချင်းဝတ္ထုရှည်ကို အားသွန်ကာ ကြိုးစားပမ်းစား ဆက်ရေးရာ ဇူလိုင်လထဲတွင် လုံးဝပြီးစီးသွားလေသည်။

သူသည် စာမူတစ်ထပ်ကြီးကို လက်ထဲတွင် ကိုင်ကာ အံ့သြဝမ်းသာဖြစ်နေမိသည်။

'ကဲ စာမူတော့ ပြီးသွားပြီ၊ အဲဒီတော့ ကျွန်မ နောက်ထပ် ဘာလုပ်ရမှာလဲ'

စာမူပြီးစီးသွား၍ သူ့စိတ်ထဲတွင် ဝမ်းနည်းချင်သလို ခံစားရသည်။ လုပ်နေကျ အလုပ်တစ်ခု ပြုတ်သွားသလို ထင်မိသည်။

'နောက်ထပ် ဆက်လုပ်ရမှာကတော့ စာမူကို ရောင်းပေးဖို့ စာမူပွဲစားရှာဖို့ပေါ့ ဒက်ဖ်၊ တခြားလူ သွားရှာနေစရာ လိုသေးသလား၊ ကောလင်း မဂ္ဂဇင်းတိုက်က အယ်လီဆင်နဲ့ပဲ ဆက်သွယ်ပါလား၊ မနက်ဖြန် သူ့ဆီဖုန်းဆက်လိုက်ရင် ပြီးနေတာပဲ'

ဟု ဖောင်းလားက အကြံပေးသည်။

သို့သော် ဒက်ဖနီက အယ်လီဆင်နှင့်မဆက်သွယ်ချင်။ သူ့အကြောင်းကို အယ်လီဆင် မသိစေချင်။ သူဘာအလုပ်မှ မည်မည်ရရမလုပ်ဘဲ သားကလေးနှင့်သာ အချိန်ဖြုန်းနေသည်ကိုလည်း အယ်လီဆင်က သဘောမကျ။ အယ်လီဆင်မှာ ဒက်ဖနီ၏ အလုပ်ရှင်ဖြစ်ခဲ့ဖူး၍ ဒက်ဖနီအပေါ်တွင် စေတနာရှိသည်။ ဒက်ဖနီအား နယူးယောက်သို့ ပြန်လာပြီး မဂ္ဂဇင်းတိုက်တွင် အလုပ်ပြန်ဝင်စေချင်သည်။

သို့သော် ဒက်ဖနီက နယူးဟမ်းပရှိုင်းယားမှ သူ့အိမ်ခန်းကို စက်တင်ဘာလကုန်အထိ ငှားထားပြီး၍ နယူးယောက်သို့ မလာနိုင်သေးကြောင်း ပြန်ပြောခဲ့သည်။ စက်တင်ဘာလ ကုန်ဆုံးပြီးနောက်တွင်လည်း သူ နယူးယောက်သို့ ပြန်မသွားချင်သေး။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနေဖြင့် သည်နေရာမှ ဘယ်ကိုမှ ထွက်ခွာမသွားချင်သေး။ ဖောင်းလားကိုလည်း မခွဲနိုင်မခွာရက် ဖြစ်နေပြီ။ ဖြစ်နိုင်လျှင် သည်နေရာတွင်ပင် တစ်သက်လုံး နေသွားချင်သည်။

ဖောင်းလားကတော့ သူ့အားနယူးယောက်သို့ ပြန်သွားရန်စကားစပ်မိတိုင်း တိုက်တွန်းခဲ့သည်။ သည်နေရာသည် ဒက်ဖနီအတွက် ပင်္ခိုရှုပဒေသမဟုတ်။ နယူးယောက်မြို့ကြီးသာလျှင် ဒက်ဖနီအတွက် နေရာမှန်ဖြစ်သည်။ နယူးယောက်သို့ ပြန်သွားလျှင် သူနှင့်ဂုဏ်ရည်တူ အဆင့်အတန်းတူ အသိုင်းအဝန်းနှင့် ပေါင်းသင်းဆက်ဆံရမည်။ ထိုက်ထိုက်တန်တန် အလုပ်တစ်ခုကိုလည်း အချိန်မရွေးရနိုင်သည်ဟု ဖောင်းလားက ဆိုသည်။ ဒက်ဖနီအနေဖြင့် သည်နေရာတွင် အညတရသစ်ခုတ်သမား တစ်ယောက်နှင့် အတူနေပြီး အချိန်ဖြုန်း မနေသင့်ဟု ဖောင်းလားက ရိုးသားစွာ ယူဆသည်။ သို့သော် တကယ်ဆိုတော့ သူကလည်းဒက်ဖနီအား သည်နေရာက ထွက်မသွားစေချင်။ ဒက်ဖနီကလည်း သွားချင်စိတ် မရှိ။

'ဒီစာမူကို ကျွန်မ အယ်လီဆင်ကိုမပေးချင်ဘူး အစ်ကိုကြီး၊ စာမူပွဲစားပဲ ရှာချင်တယ်'

'ဒါဆို နယူးယောက်ကိုသွားပေါ့၊ အဲဒီမှာစာမူပွဲစားတွေ တစ်ပုံကြီး ရှိမှာပေါ့'

'နယူးယောက်သွားရင် အစ်ကိုကြီးပါ လိုက်ခဲ့မှ ဖြစ်မယ်'

'မရူးစမ်းပါနဲ့အချစ်ရယ်၊ ငါလိုက်စရာ မလိုပါဘူး၊ ဒီကိစ္စ မင်းတစ်ယောက်တည်း လုပ်လို့ဖြစ်ပါတယ်'

'ဟင့်အင်း ကျွန်မတစ်ယောက်တည်း လုပ်လို့မဖြစ်ဘူး၊ ကျွန်မ ဘာပဲလုပ် လုပ် အစ်ကိုကြီးပါမှဖြစ်မယ်၊ အဲဒါကို အစ်ကိုကြီး စဉ်းစားမိရဲ့လား'

မှန်သည်။ စဉ်းစားမိပါသည်။ သို့သော် ယခုကိစ္စကို ဒက်ဖနီတစ်ယောက်တည်း လုပ်လို့ ဖြစ်နိုင်ကြောင်း နှစ်ယောက်စလုံး သိကြပါသည်။ ဒက်ဖနီမှာ စွမ်းအားတွေ အရည်အချင်းတွေ အများကြီးရှိပါသည်။ သူလုပ်ချင်လျှင် ဘာကိုမဆို လုပ်နိုင်သော အရည်အချင်းတွေ ရှိပါသည်။

'ငါက နယူးယောက်လိုက်ပြီး ဘာလုပ်ရမှာလဲ' သူက နယူးယောက်သို့ မရောက်သည်မှာ နှစ်ပေါင်းနှစ်ဆယ်တိတိ ရှိခဲ့ပြီ။ သွားချင်စိတ်လည်း လုံးဝမရှိ။ သူ နယူးအင်္ဂလန်နယ်မှ တောတောင်တွေကြားတွင် နေရသည်ကိုပင် ပျော်နေသည်။ 'စိတ်ကူးမလွဲပါနဲ့ ဒက်ဖ်၊ မနက်ဖြန် အယ်လီဆင်ကိုသာ ဖုန်းဆက်လိုက်ပါ၊ သူ ဘာ ပြောမလဲဆိုတာ သိရတာပေါ့'

သို့သော် ဒက်ဖနီက ဖောင်းလား၏စကားကို နားမထောင်။ နောက်တစ်ရက် မနက်တွင် အယ်လီဆင်ထံသို့ ဖုန်းမဆက်။ သူကစာမူကို ဆောင်းဦးပေါက်အ





ဘယ်မှမပို့ဘဲထားချင်သေးသည်။ နောက်တစ်ခေါက်ပြန်ဖတ်ပြီး ပြင်ဆင်သင့်တာတွေကို ပြန်ပြင်ချင်သေးသည်။

*

အချိန်တွေတဖြည်းဖြည်း ကုန်လွန်လာခဲ့သည်နှင့်အမျှ အန်ဒရူးကလေးလည်း အများကြီးပြောင်းလဲလာခဲ့ပြီ။ ယခုအခါ သူ့အသက်က ငါးနှစ်ပင် ပြည့်ခဲ့ပြီ။

လာမည့်ဩဂုတ်လထဲတွင် ကျောင်းအုပ်ဆရာမကြီး မစ္စက်ကာတစ် ဦးဆောင်ပြီး တစ်ကျောင်းလုံး စခန်းချလှေလှော်ရေး ခရီးထွက်ဖို့ စီစဉ်ထားသည်။ ကျောင်းသားမိဘများလည်း လိုက်ပါကြမည်။ ထို့ကြောင့် ဒက်ဖနီလည်း လိုက်သွားရန် ဆုံးဖြတ်ထားသည်။ လှေလှော်ရေးခရီးကာလမှာ လေးရက်ကြာမည်ဖြစ်သည်။ ဒက်ဖနီက ဖောင်းလားကိုပါ လိုက်စေချင်သည်။ သို့သော် ဖောင်းလားက မလိုက်နိုင်။ သူတို့ သစ်ခုတ်စခန်းသို့ ကောလိပ်ကျောင်းသားကလေးများ လာရောက် လေ့လာကြမည်ဖြစ်၍ လုပ်ငန်းခွင်အတွင်း လိုက်လံပြသရန် ရှိသောကြောင့်ဖြစ်သည်။

'ဒါဆို အစ်ကိုကြီး တကယ်မလိုက်နိုင်ဘူးပေါ့ ဟုတ်လား'

'တကယ်မလိုက်နိုင်လို့ပါဒက်ဖ်၊ ငါက သိပ်လိုက်ချင်တာပေါ့၊ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ၊ မင်းပဲ လိုက်သွားလိုက်ပါ၊ ဟိုကျရင် အဖော်တွေအများကြီး တွေ့မှာပါ၊ ပျော်စရာလဲ သိပ်ကောင်းမှာပဲ'

'အစ်ကိုကြီး မပါရင် ကျွန်မက ပျော်မှာမဟုတ်ဘူး'

ဒက်ဖနီက ကလေးမကလေးတစ်ယောက်လို နှုတ်ခမ်းစူပြီးပြောသည်။ ဖောင်းလားက သဘောကျပြီး ရယ်နေသည်။ သူက ဒက်ဖနီ၏ ကလေးဆန်သော စရိုက်ကလေးကိုလည်း အလွန်ချစ်သည်။

ဩဂုတ်လတတိယပတ်တွင် ကိုယ်စွပ် အိပ်ရာလိပ်များ၊ ရွက်ထည်တဲများနှင့် ခြင်းများကိုယ်စီဖြင့် ဒက်ဖနီတို့ စခန်းချ လှေလှော်ရေးခရီး ထွက်ကြသည်။ တောထဲတောင်ထဲတွင် ခရီးသွားရသည်မှာ ကလေးများအတွက် အတွေ့အကြုံသစ်ဖြစ်၍ အလွန်ပျော်ကြသည်။ ရောက်လေရာရာတွင် စူးစမ်းစရာတွေ၊ လေ့လာစရာတွေချည်း ပြည့်နှက်နေသည်။

ဒက်ဖနီကတော့ သူ့သားကလေး၏ လှုပ်ရှားမှုမှန်သမျှကို မှတ်တမ်းတင်ရန် နေ့စဉ်မှတ်တမ်းစာအုပ် တစ်အုပ် ယူလာခဲ့သည်။ သို့သော် လက်တွေ့တွင်ကား သားကလေးအကြောင်းကို အနည်းအကျဉ်းသာ ရေးဖြစ်ပြီး ဖောင်းလားအကြောင်းတွေကိုသာ အများဆုံးရေးနေမိတော့သည်။ သူသည် ဖောင်းလားကိုသာ ကာချိန်လုံး သတိရနေမိသည်။ သူတို့နှစ်ယောက်အဖို့ ယခုအကြိမ်သည် ကိုးလတာအတွင်း ပထမဆုံးအကြိမ်ခွဲခွာဖူးခြင်းဖြစ်သည်။ ဒက်ဖနီးမှာနေဖြင့် ချစ်မြတ်နိုးသောသူများနှင့်



www.burmeseclassic.com

www.burmeseclassic.com

သေကွဲကွဲခဲ့ဖူးပြီဖြစ်၍ ဖောင်းလားနှင့်ကွဲကွာရမည်ကိုလည်း အလွန်စိုးရိမ်မိသည်။ တစ်နေ့တွင် ဖောင်းလားနှင့်မလွဲမသွေ ကွဲကွာရမည်ကို နိမိတ်ပြသော အိပ်မက်ဆိုးများပင် မကြာခဏမက်တတ်သည်။

'ကိုယ့်အတွက် ဘာမှ မစိုးရိမ်ပါနဲ့ အချစ်ရယ်၊ ကိုယ်ဘာမှ မဖြစ်နိုင်ပါဘူး၊ ကိုယ်က အဘိုးကြီးဆိုပေမယ့် သံမဏိအဘိုးကြီးပါ'

ဒက်ဖနီက သူ့ အိပ်မက်အကြောင်းစိုးရိမ်တကြီး ပြောပြတော့ ဖောင်းလားက ရယ်ကာမောကာဖြင့် နှစ်သိမ့်စကားဆိုသည်။

'အစ်ကိုကြီးက မစိုးရိမ်နဲ့ဆိုပေမယ့် ကျွန်မက စိုးရိမ်မိတယ် အစ်ကိုကြီးရယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီးသာ တစ်ခုခုဖြစ်သွားရင် ကျွန်မတော့ ဘယ်လိုမှ နေ့လို့ရတော့မှာ မဟုတ်ဘူး'

'ကဲပါ ဒီအကြောင်းတွေးမနေပါနဲ့တော့၊ ကလေးတွေနဲ့ လေ့လာရေးခရီးထွက်ဖို့ကိစ္စသာ စဉ်းစားတော့၊ ခရီးကတော့ တကယ်ပျော်စရာကောင်းမှာပါ၊ ဟိုရောက်ရင် အတွေ့အကြုံမှန်သမျှ နေ့စဉ်မှတ်တမ်းတင်ဖို့တော့ မမေ့ပါနဲ့နော်'

သူ့စကားကြားရသည်မှာ အမြဲတမ်းစိတ်ချမ်းသာစရာ ကောင်းသည်။ ဒါကြောင့်လည်း ဒက်ဖနီက သူ့ကို မခွဲနိုင်မခွာရက် ဖြစ်နေရပြီ။ ခရီးထွက်လာပေမယ့် သူ့ကိုသာ နေ့တိုင်း သတိရနေမိသည်။ သားကလေးနှင့်အတူ တောထဲတွင် လမ်းလျှောက်ခြင်း၊ ကစားခြင်းများ မပြုလုပ်သော အချိန်များတွင် ဖောင်းလားနှင့်ပတ်သက်သည့် ခံစားချက်များကို နေ့စဉ်မှတ်တမ်းတွင် တစ်နေ့မလပ် ရေးသားသည်။

လေးရက်မြောက်သောနေ့တွင် သူတို့ လေ့လာရေးခရီးမှ ပြန်လာခဲ့ကြသည်။ ခရီးပန်းပေမယ့် အတွေ့အကြုံသစ်၊ အပြောင်းအလဲသစ်ကြောင့် ပျော်ရွှင်ခဲ့ကြရသည်။ ကလေးတွေရော မိဘတွေပါအားလုံး ပျော်နေကြသည်။

ကျောင်းကို ပြန်ရောက်တော့ သားကလေးကို နှုတ်ဆက်ပြီးနောက် အထုပ်အပိုးများကို ကားပေါ်တင်ကာ ကျောင်းဝင်းထဲမှ မောင်းထွက်လာခဲ့သည်။ ဖောင်းလားနှင့် ပြန်တွေ့ချင်စိတ်က အလွန်ပြင်းပြနေသည်။

အိပ်ခန်းသို့ရောက်တော့ ဖောင်းလားကို မတွေ့ရ။ စားသောက်ခန်းတွင် ပန်းကန်ခွက်ယောက်များ ပုံနေသည်။ အိပ်ရာပေါ်တွင်လည်း ခေါင်းအုံးတွေ၊ စောင်တွေ ဖရိုဖရဲနှင့်။ သူအပြင်ထွက်သွားတာဖြစ်မည်။ သူပြန်ရောက်လာလျှင် အားလုံး သပ်သပ်ရပ်ရပ်နှင့် နေသားတကျဖြစ်အောင် ပြင်ထားရမည်။ ပထမဦးဆုံး မီးဖိုခန်းထဲဝင်ကာ ပန်းကန်ခွက်ယောက်များကို ဆေးကြောသည်။

အပြင်မှ တံခါးခေါက်သံပေါ်ထွက်လာသည်။ လက်နှစ်ဖက်တွင် ဆပ်ပြာမြှုပ်များပေပေရေရေနှင့်ပင် ထလာခဲ့ပြီး တံခါးကို ဖွင့်လိုက်သည်။ ဖောင်းလား၏ မိတ်ဆွေ





ဟယ်ရီ။

'ဩော် ဟယ်ရီပါလား၊ ဘာကိစ္စများပါလိမ့်' ဒက်ဖနီက ပြုံးပြီးမေးလိုက်သည်။

'မင်းဘယ်တုန်းက ပြန်ရောက်သလဲ' ဟယ်ရီက မျက်နှာတည်တည်ဖြင့် ပြန်မေးသည်။ သူ့မျက်လုံးများတွင် ညှိုးရိပ်သန်းနေသည်။

'ကျွန်မ ခုနကပဲ ပြန်ရောက်တယ် ဟယ်ရီ'

'ဒက်ဖနီ မင်းကို ငါစကားတစ်ခွန်း ပြောချင်တယ်'

ဟယ်ရီ၏ လေသံရော မျက်နှာအမူအရာပါ ထူးဆန်းနေပါလား။

'ပြောပါ ဟယ်ရီ၊ ဘာပြောချင်လို့လဲ' လက်နှစ်ဖက်မှ ဆပ်ပြာမြှုပ်များကို ဂျင်းဘောင်းဘီတွင် သုတ်ပစ်လိုက်ပြီးနောက် ဟယ်ရီရှေ့သို့ တိုးလာသည်။ 'ဘာများပြောမလို့လဲ ဟယ်ရီ'

'အေးအေး ဆေးဆေးထိုင်ပြီး ပြောကြတာပေါ့ဗျာ'

ဟယ်ရီက ဧည့်ခန်းထဲဝင်လာပြီး ကုလားထိုင်တွင် ဝင်ထိုင်သည်။ ဒက်ဖနီလည်းနောက်မှ ဝင်လိုက်လာသည်။

'ဘာကိစ္စများလဲ ဟယ်ရီ၊ ဘာဖြစ်လို့လဲ ဟင်'

'ဝှါန် ဆုံးသွားပြီ ဒက်ဖနီ၊ မင်းတို့ ခရီးထွက်နေတုန်း ဆုံးသွားတာ'

'ဟင် ... ဘုရား ... ဘုရား ...'

မျက်စိအောက်တွင် တစ်ခန်းလုံး ချာချာလည်သွားသည်။

ဝှါန်ဆုံးသွားပြီ ... ဝှါန်ဆုံးသွားပြီ ... ဆုံးသွားပြီ ... ဟင့်အင်း ... ဟင့်အင်း ... လုံးဝမဖြစ်နိုင်ဘူး ... မဖြစ်နိုင်ဘူး ... ။

'မဟုတ်ဘူး ...၊ မဟုတ်ဘူး ...၊ သူ ... သူ ... မဆုံးဘူး'

ဒက်ဖနီက အော်ပြောရင်း ရှိုက်ကာ ရှိုက်ကာငိုနေသည်။ ဟယ်ရီက သူ့ကို ကြည့်ရင်း စကားဆက်မပြောရဲအောင် ဖြစ်နေမိသည်။ ဒက်ဖနီကလည်း ဆက်မကြားချင်တော့။ သည်လိုစကားတွေကို သူကြားခဲ့ဖူးပြီ။ ထပ်ကြားရတော့လည်း ဘာမှထူးလာတော့မည်မဟုတ်။ လဲရာ ဖိထောင်းခံရသလိုသာ ရှိတော့မည်။ သို့သော် ဟယ်ရီက သူ့စကားကို ဆက်ပြောသည်။ ဒက်ဖနီသည် နားနှစ်ဖက်ကို လက်ဝါးနှင့်ပိတ်ပြီး နေရာမှ ထွက်ပြေးချင်စိတ်ပင် ပေါ်မိသည်။

'မင်းတို့ ခရီးထွက်တဲ့နေ့မှာပဲ သူ့တို့သစ်ခုတ်စခန်းမှာ မတော်တဆ အန္တရာယ်ဖြစ်ပြီး ဆုံးသွားတာ၊ ကောလိပ်ကျောင်းသားလေးတွေက သစ်လုံးတွေကို ကြိုးနဲ့ချည်ပြီး ချတော့ လက်ကိုင်ပြုတ်သွားပြီး သစ်လုံးတွေ သူ့အပေါ် ပြိုကျလို့ ...'

ဟယ်ရီမှာ ပြောရင်း ဆို့နင့်သွားပြီး စကားမဆက်နိုင်ဘဲ ဖြစ်နေသည်။ ဒက်ဖနီက မျက်လုံးအဝိုင်းသားနှင့် ဟယ်ရီ၏ မျက်နှာကို ကြောင်ကြောင်ကြီး ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါသူ့ခမျာ ဘာမှ မသိခဲ့ရှာဘဲ တစ်ခါတည်း ပွဲချင်းပြီး ... '

ဟယ်ရီက သူ့စကားကို မဆက်နိုင်တော့ဘဲ တစ်ဆို့သွားသည်။ ဒက်ဖနီကား ဟယ်ရီ့မျက်နှာကိုသာ စိုက်ကြည့်မြဲ စိုက်ကြည့်နေဆဲ။ သူ့ဘာစကားမှ ပြန်မပြောနိုင်။ ငိုင်ပြီး တွေတွေကြီးဖြစ်နေရင်းမှ အန်ဒရူးကလေး၏ မျက်နှာကို ကွက်ခနဲသွားမြင်မိသည်။ ကလေးကို ဘယ်လိုပြောရပါ့မလဲ' ဘယ်လိုရှင်းပြရမလဲ။

'ရွှံ့နံ့ရဲ့ အဖြစ်ဆိုးကြောင့် 'ကျွန်တော်တို့အားလုံးပဲ အကြီးအကျယ် စိတ်မကောင်းဖြစ်ကြရတယ် ဒက်ဖ်နီ၊ ကျွန်တော်တို့ သူ့အလောင်းကို သွားသယ်ပြီး တင့်တင့်တယ်တယ်ပဲ သင်္ဂြိုဟ်လိုက်ကြပါတယ်၊ သူ့မှာက ဆွေမျိုးသားချင်း တစ်ယောက်မှ ရှိတာမဟုတ်ဘူး၊ မင်းအနေနဲ့ ဘယ်လိုဆန္ဒရှိတယ် ဆိုတာကိုလဲ မသိကြတော့ ... '

'အို ရပါတယ် ဟယ်ရီ၊ ကျွန်မက ကိစ္စမရှိပါဘူး၊ သူ့အတွက် ရှင်တို့လုပ်လိုက်တာအားလုံးကောင်းပါတယ်'

သည့်စကားထက်အပြင် သူက တခြားဘာများ ပြောစရာရှိပါဦးမည်နည်း။ ပြောစရာရှိသော်လည်း ပြော၍မထွက်တော့။ ဖောင်းလားနှင့်ပတ်သက်သော ခံစားချက်အားလုံးသည် သူ့ရင်ထဲတွင် ဆို့ကျပ်နေကြသည်။

ဟယ်ရီပြန်သွားသောအခါမှ ဒက်ဖနီ၏ မျက်နှာပေါ်သို့ မျက်ရည်တွေ တရဟောသွန်ကျ လာကြတော့သည်။ တစ်ခန်းလုံးကို မျက်စိကစားကြည့်လိုက်သည်။ ပြီးတော့ ကုလားထိုင်တွင် အရုပ်ကြိုးပြတ်ထိုင်ချလိုက်သည်။

သူသေသွားပြီ၊ သေသွားပြီ၊ သူဘယ်တော့မှ ပြန်မလာနိုင်တော့ဘူး။

သူပြောခဲ့သောစကားကို ကြားယောင်လာမိသည်။

မင်းမှာ ကိုယ်ပိုင်အရည်အချင်းတွေ ရှိတယ်။ မင်းလုပ်ချင်ရင် ဘာမဆိုလုပ်လို့ဖြစ်နိုင်ပါတယ် ဒက်ဖ်။

သို့သော် ဒက်ဖနီကတော့ သူ့အရည်အချင်းကိုသူမယုံ။ ဖောင်းလားရှိနေမှ သူ့ဘဝပြည့်စုံမည်ဟုထင်သည်။ ဖောင်းလား၏ အကူအညီရမှ သူ့အလုပ်ကို သူလုပ်နိုင်မည်ဟု ယုံကြည်သည်။

ဩော် ... အစ်ကိုကြီး အစ်ကိုကြီး၊ အဖြစ်ဆိုးလှချည်လား ... အစ်ကိုကြီးရယ်။

ဆို့နင့်စွာ တိုးတိုးညည်းရင်း သူ့မျက်နှာကိုသာ မြင်ယောင်နေမိသည်။ သူနှင့်အတူ မီးလင်းဖိုဘေးတွင် ထိုင်ကာ တစ်ယောက်အကြောင်း တစ်ယောက် ရင်ဖွင့်ပြောပြခဲ့ကြတာတွေကို ပြန်လည်သတိရမိသည်။ သူက သူ့မိန်းမ ဘယ်လို ဆုံးသွားကြောင်း၊ ဒက်ဖနီက သူ့ခင်ပွန်းနှင့်သမီးလေးတို့ ဘယ်ပုံ ဆုံးသွားခဲ့ကြောင်းတို့ကို အပြန်အလှန်





ပြောပြခဲ့ကြတာတွေကို မြင်ယောင်လာမိသည်။

ညနေပိုင်းကျတော့ တောထဲတွင် တစ်ယောက်တည်း လမ်းလျှောက်ထွက်သည်။ မိုးကောင်းကင်ကို မျှော်ကြည့်ရင်း မျက်ရည်ဖြိုင်ဖြိုင်ကျလာသည်။ သူ့ကိုသာ သတိရနေသည်။ သူ၏ ကျယ်ပြန့်သောပခုံးများ၊ သန်မာသော လက်များနှင့် နက်ရှိုင်းသော အသံတို့ကို မြင်ယောင် ကြားယောင်နေသည်။

ကောင်းကင်တစ်ပြင်လုံး တဖြည်းဖြည်း မှောင်မည်းလာသည်။ ဒက်ဖနီသည် ကောင်းကင်ကို မော့ကြည့်ရင်း အကြာကြီး ရပ်နေမိသည်။ စီးကျလာသော မျက်ရည်များကို အင်္ကျီလက်ဖြင့် သုတ်ပစ်လိုက်သည်။ ပြီးတော့ ခေါင်းညိတ်ရင်း တိုးတိုးပြောလိုက်သည်။

'အစ်ကိုကြီးရယ် သွားတော့၊ သွားတော့၊ အစ်ကိုကြီးကို ကျွန်မအများကြီး ချစ်ပါတယ် အစ်ကိုကြီးရယ်၊ အစ်ကိုကြီး ကောင်းရာသုဂတိသို့ လားပါစေလို့ ကျွန်မ ဆုတောင်းလိုက်ပါတယ် အစ်ကိုကြီးရယ်'

တောင်စွယ်သို့ဆင်းသွားသော နေဝန်းကြီးကို ငိုရင်းတန်းလန်းဖြင့် ခေတ္တစိုက်ကြည့်နေသေးသည်။ ထို့နောက် ဦးညွှတ်အလေးပြုလိုက်ပြီးနောက် အိမ်ဘက်သို့ တစ်လှမ်းချင်း ပြန်လျှောက်ခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

နောက်နေ့နံနက် အရုဏ်မတက်မီတွင် အိပ်ရာမှနိုးလာသည်။ နှစ်ယောက်အိပ်ခုတင်ကြီးသည် အလွန်ကျယ်ဝန်းနေသည်ကို ရုတ်တရက် သတိရမိသည်။ ခုတွင်ပေါ်တွင် လှဲရင်း ဖောင်းလားအကြောင်းကိုပင် တွေးနေမိသည်။ သည်ခုတင်ကြီးပေါ်တွင် နှစ်ယောက်အတူ ဘေးချင်းကပ်၍ အိပ်ခဲ့သော နေ့ရက်များကို တန့်နံ့သတိရနေသည်။

ပြတင်းပေါက်များမှ နေရောင်ဝင်လာပြီ။ အိပ်ရာမှ ထချင်စိတ်လုံးဝမရှိ။ ဖြစ်နိုင်လျှင် တစ်သက်လုံးမထဘဲ သည်အတိုင်းပဲ နေလိုက်ချင်တော့သည်။ တစ်ကိုယ်လုံးတုံ့ကျဉ်နေသလိုထင်မိသည်။ ကြောက်စိတ်လည်းမရှိတော့။ စိုးရိမ်စိတ်လည်းမဖြစ်တော့။ ပူဆွေးဝမ်းနည်းခြင်းသာလျှင် တငွေ့ငွေ့ဖြစ်ပေါ်နေတော့သည်။

သူမရှိတော့ဘူး။ သူသေသွားပြီ။ သူဘယ်တော့မှ ပြန်မလာနိုင်တော့ဘူး။ ကားလေးကိုဘယ်လို ပြောရပါ့။

မွန်းတည့်ချိန်လောက် ရောက်တော့မှ ကိုယ့်ကိုယ်ကို အနိုင်နိုင်အားတင်းကာ အိပ်ရာမှထသည်။ ခုတင်ပေါ်မှ ဆင်းလိုက်တော့ ခေါင်းထဲမိုက်ခနဲ ဖြစ်သွားသည်။ နံရံကိုထိန်းပြီး ခေတ္တရပ်နေလိုက်သည်။

ထို့နောက် ရေချိုးခန်းထဲဝင်လာပြီး ရေချိုးပစ်လိုက်သည်။ ရေချိုးပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဘောင်းဘီနှင့် ဖောင်းလား၏ ရုပ်အင်္ကျီကိုဝတ်သည်။ ရှူးဖိနပ်စီးသည်။

ပြီးတော့ ကားပေါ်တက်ပြီး အန်ဒရူးကလေးထံသို့ မောင်းထွက်လာခဲ့သည်။ ခေါင်းထဲတွင် ရီဝေနေဆဲ ရှိသေး[illegible]သည်။ စိတ်ရောကိုယ်ရော လေးလံကာ ခံစားချက်ကင်းမဲ့နေသလို ဖြစ်နေသည်။

ကျောင်းဝင်းကစားကွင်းထဲတွင် ဘောလုံးတစ်လုံးနှင့် ကစားနေသော အန်ဒရူးကလေးကိုမြင်လိုက်ရတော့ သတိပြန်ဝင်လာပြီး ငိုမိပြန်တော့သည်။

ဒက်ဖနီသည် သားကလေးအား ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေသည်။ ဝမ်းနည်းစရာ စိတ်ကူးများ ကြိုးစားပြီး မောင်းထုတ်သည်။ မျက်ရည်များကို သုတ်ပစ်လိုက်သည်။ သို့သော် မျက်ရည်တွေက စီးကျမြဲ စီးကျလာသည်။ အန်ဒရူးကလေးက ဘေးသို့ လှည့်ကြည့်ရင်း မိခင်ဖြစ်သူကို မြင်သွားသည်။ မျက်မှောင်ကြုတ်၍ ကြည့်သည်။ လက်ထဲမှ ဘောလုံးကိုပစ်ချပြီး မိခင်ဖြစ်သူထံသို့ ဖြည်းဖြည်းလျှောက်လာသည်။ သူ့မျက်နှာက မကောင်း။

ဒက်ဖနီက မြက်ခင်းပေါ်ဒူးထောက်ထိုင်ချကာ သားကလေးကို ပွေ့ဖက်ထားလိုက်သည်။ မျက်ရည်တွေ စီးကျနေသည့်ကြားမှ ကြိုးစားပြီး ပြုံးပြလိုက်သည်။

'သားနေကောင်းတယ်နော်' ဒက်ဖနီက ခြေဟန်လက်ဟန်ဖြင့်မေးလိုက်သည်။ သားကလေးက ဘာမှပြန်မပြော။ မိခင်ဖြစ်သူ၏မျက်နှာကိုသာ စိုက်ကြည့်နေသည်။

'သားကို မေမေ တစ်ခုပြောစရာရှိတယ်၊ စိတ်မကောင်းစရာပဲ သားရယ်' အန်ဒရူးကလေး၏မျက်လုံးများ ပြူးကျယ်သွားသည်။ မိခင်ဖြစ်သူ၏ အမူအရာကိုကြည့်ပြီး အံ့သြသွားပုံရသည်။ ဒက်ဖနီက ဆက်ပြောသည်။ 'သားတို့ မေမေတို့ ရှိ၊ ထွက်နေတုန်း ဂျွန်သေသွားရှာပြီ သားရယ်၊ မတော်တဆ ထိခိုက်မိပြီး ဆုံးသွားတာ၊ မေမေလဲ မနေ့ကမှ သိရတယ်၊ သူ့ကို သားတို့ မေမေတို့ ဘယ်တော့မှ မတွေ့ရတော့ဘူး သားရယ်'

'သားတို့သူ့ကို တစ်သက်လုံး မတွေ့ရတော့ဘူးပေါ့နော်'

'ဟုတ်တယ် သား၊ တစ်သက်လုံး မတွေ့ရတော့ဘူး၊ ဒါပေမယ့် သားတို့ မေမေတို့က သူ့ကို အမြဲ သတိရနေကြမှာပါ၊ သားဖေဖေကို ချစ်သလို သူ့ကိုလ အမြဲတမ်း ချစ်နေကြမှာ'

'သားက ဖေဖေ့ကိုမှ မမြင်ဖူးတာ' အန်ဒရူးကလေးက လက်ဟန်ခြေဟန်ဖြင့် ပြောသည်။ 'သားက ဦးကြီးဂျွန်ကို သိပ်ချစ်တာ'

'မေမေလဲ ချစ်ပါတယ် သားရယ်' ဒက်ဖနီ၏ မျက်နှာပေါ်သို့ မျက်ရည်တွေ စီးကျလာပြန်သည်။ 'သူ့ကိုမေမေလဲ ချစ်ပါတယ် သား၊ သားကိုလဲ မေမေအများကြီး ချစ်ပါတယ်'





သားအမိနှစ်ယောက် ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်ကြသည်။ အန်ဒရူးကလေးက ရှိုက်၍ ရှိုက်၍ ငိုသည်။ ဒက်ဖနီလည်း မျက်ရည်မဆည်နိုင်ဘဲ တရှုံ့ရှုံ့ဖြင့် ငိုပြန်တော့သည်။ အတော်ကလေးကြာတော့မှ နေရာမှ ထကာ နှစ်ယောက်သား လက်ဆွဲပြီး လမ်းလျှောက်ကြသည်။ တစ်ယောက်မှ စကားမပြော။ ကိုယ့်အတွေးနှင့် ကိုယ် ငြိမ်နေကြသည်။

'သူ မရှိတော့ မေမေဒီမှာ ဆက်နေဦးမှာလားဟင်'

အန်ဒရူးကလေးက ရုတ်တရက် ကောက်ကာငင်ကာမေးလိုက်သည်။

'နေမှာပေါ့ သားရယ်၊ သူမရှိတော့ပေမယ့် သားလေးရှိသေးတာပဲ၊ သားလေး အတွက် မေမေနေရဦးမှာပေါ့'

သို့သော် သည်စကားသည် အပြည့်အဝမမှန်ဆိုသည်ကို သူတို့နှစ်ယောက်စလုံး သိကြသည်။ လွန်ခဲ့သော ခြောက်လအတွင်း အန်ဒရူးကလေးသည် တဖြည်းဖြည်းနှင့် အမှီအခိုကင်းလာသည်။ မိခင်နှင့်ကင်း၍ ကျောင်းတွင် နေပျော်လာပြီ။ အမှန်ဆိုသော် ထိုကာလအတွင်း ဒက်ဖနီအနေဖြင့် နယူးဟမ်းပရှိုင်းယားတွင် တဆက်တည်း နေလာခဲ့သည်မှာ ဖောင်းလားနှင့် မခွဲနိုင်သောကြောင့်လည်း ဖြစ်သည်။ သို့သော် ယခု ဖောင်းလား မရှိတော့သော်လည်း သူ့အနေဖြင့် သည်နေရာမှ ထွက်မသွားနိုင် ဖြစ်နေပြန်သည်။ အန်ဒရူးကလေးအတွက် နေရဦးမည်။ သူကလည်း အန်ဒရူးကလေးကို မခွဲနိုင်။ အန်ဒရူးကလေးနှင့် ခွဲခွာပြီး ဘယ်နေရာမှ သွား၍ မဖြစ်။

သည်လိုနှင့်ပင် နွေရာသီကုန်သွားခဲ့သည်။ ဒက်ဖနီသည် ဖောင်းလားအား တစ်နေ့မှ မမေ့နိုင်သေး။ ငိုတော့ မငိုတော့။ သို့သော် နေ့စဉ်မှတ်တမ်းကား ဆက်မရေးဖြစ်။ အစာကိုလည်း တို့ကနန်း ဆိတ်ကနန်းသာ စားသည်။ သားကလေးထံသို့ မှန်မှန်သွားလည်သည်မှလွဲ၍ ဘယ်ကိုမှမထွက်။ အိမ်တွင်းအောင်းရင်းသာ အချိန်ကုန်သည်။

တစ်နေ့တွင် မစ္စက်အိုဘာမီးယား ရောက်လာသည်။ ဒက်ဖနီ၏ အဖြစ်ကိုမြင်ရတော့ သူအလွန်စိတ်မကောင်းဖြစ်မိသည်။ ဒက်ဖနီသည် အအိပ်ပျက် အစားပျက်ပြီး ကိုယ်အလေးချိန် ဆယ့်နှစ်ပေါင်တိတိ ကျသွားသည်။ မျက်ကွင်းတွေညိုကာ မျက်နှာ လည်း ဟောက်ပက်ကလေးဖြစ်နေသည်။ ဩစတြီးယန်းအဘွားကြီးက ဒက်ဖနီအား ကြင်နာစွာဖြင့် ပွေ့ဖက်ကာ နှစ်သိမ့်စကားပြောသည်။ သို့သော် ဒက်ဖနီက မျက်ရည် မကျတော့။ မတုန်မလှုပ်နှင့် ကျောက်ရုပ်ကြီးလိုသာ ရပ်နေသည်။ သူ့တွင် ဘာခံစားချက် မှ မရှိတော့။ သူသည် ခံစားချက်မရှိဘဲ အသက်ရှင်နေသူတစ်ယောက်လို ဖြစ်နေသည်။ အန်ဒရူးကလေး အတွက်သာ မဟုတ်လျှင် သူ့အနေဖြင့် အသက်ရှင်နေရန်ပင် မလိုတော့သလို အခြေအနေမျိုးသို့ ရောက်နေသည်။ တကယ်ဆိုလျှင် ယခု



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် အန်ဒရူး ကလေးအဖို့ မိခင်၏အကူအညီမလိုအပ်တော့။ သူ့ကိုယ်သူကောင်းကောင်းကြီး ရပ်တည်နိုင်ပြီ ဖြစ်သည်။ သူ့အဖို့ အားကိုးစရာ ကျောင်းရှိနေပြီ ဖြစ်သည်။

ကျောင်းအုပ်ဆရာမကြီး မစ္စက်ကာတစ်ကလည်း ဒက်ဖနီအား သားကလေးထံသို့ အလာလျှော့ရန် အကြံပေးသည်။

'စိတ်ကူးမလွဲပါနဲ့ တူမရယ်၊ နယူးယောက်ကိုသာ ပြန်သွားပါ' မစ္စက်အိုဘာမီးယားကလည်း လက်ဖက်ရည်ပွဲနှင့်ဧည့်ခံရင်း ဤသို့တိုက်တွန်းသည်။ 'အဲဒီမှာက တူမကြီးမှာ မိတ်ဆွေအပေါင်းအသင်းတွေ ရှိတယ်မဟုတ်လား၊ တူမအနေနဲ့ ဒီမှာ နေလို့ အကျိုးမထူးပါဘူး၊ စိတ်ညစ်စရာတွေသာ ပိုကြုံလာနိုင်တယ်၊ ဒါကိုတော့ အန်တီ သေချာပေါက် ပြောနိုင်ပါတယ်'

ဒက်ဖနီကလည်း သေချာပေါက်ပြောနိုင်ပါသည်။ သို့သော် သူက နယူးယောက်သို့ ပြန်မသွားချင်။ သည်နေရာသည်အိမ်ကလေးတွင်ပင် ဆက်လက် နေသွားချင်သည်။ ဖောင်းလားနှင့်အတူ နေခဲ့ကြသော ဤအိမ်ကလေးကို သူမခွဲနိုင်မခွာရက် ဖြစ်နေသည်။

'ကျွန်မ ဘယ်မှမသွားချင်ဘူး၊ ဒီနေရာမှာပဲ တစ်သက်လုံး နေသွားချင်တယ် အန်တီ'

'ဒါပေမယ့် တူမအတွက် အကျိုးမရှိနိုင်ပါဘူး၊ ဒီမှာနေရင် ရှေးဟောင်းနှောင်းဖြစ်တွေကိုပဲ အမြဲတမ်းသတိရနေလိမ့်မယ်'

အောက်တိုဘာလထုတ် ကောလင်းမဂ္ဂဇင်းတွင် ဒက်ဖနီ၏ ပထမဆုံးဝတ္ထုတို ပါလာသည်။ တာဝန်ခံအယ်ဒီတာ အယ်လီဆင်က မဂ္ဂဇင်းလက်ဆောင် တစ်အုပ်နှင့်အတူ 'နယူးယောက်ကို ဘယ်တော့ပြန်လာမှာလဲ' ဟု စာတိုကလေးတစ်စောင်လည်း ရေးလိုက်သည်။

ဒက်ဖနီကတော့ နယူးယောက်သို့ တစ်သက်လုံး မပြန်ချင်တော့။ သို့သော် လကုန်ခါနီးကျတော့ ဘောစတွန်မှ သူ့ထံသို့ စာတစ်စောင်ရောက်လာသည်။ သူ ငှားထားသော အိုက်ခန်းပိုင်ရှင်ထံမှ စာဖြစ်သည်။ စာတွင် အိမ်ငှားကာလ ကုန်ဆုံး၍ အိမ်ခန်းကိုလည်း ရောင်းချလိုက်ပြီ ဖြစ်ကြောင်း ထို့ကြောင့် နိုဝင်ဘာလ ပထမပတ်တွင် အိမ်ခန်းရှိ သူ့ပစ္စည်းများကို အပြီးအပိုင် ပြောင်းပေးစေလိုကြောင်း ပါရှိသည်။

နယူးယောက်မှ သူ့တိုက်ခန်းတွင် ဘာဘာရာတစ်ယောက် ရှိနေသေးသည်ဟု အကြောင်းပြစရာလည်း မရှိတော့။ ဘာဘာရာလည်း အောက်တိုဘာလဆန်းကပင် ပြောင်းရွှေ့သွားခဲ့ပြီ။ ထို့ကြောင့် သူ့အနေဖြင့် နယူးယောက်ပြန်ရန်မှတစ်ပါး အခြားဘယ်မှသွားစရာမရှိတော့။ နယူးယောက်တွင် အခန်းသစ်ငှား၍ နေလျှင်ဖြစ်နိုင်သည်။ သို့သော် သူက နယူးယောက်ကိုလည်းသံယောဇဉ်မရှိတော့။





လောလောဆယ်တွင် သူသည် သားကလေးထံသို့ တစ်ပတ်လျှင် တစ်ခေါက်စီ မှန်မှန် သွားလည်နေသည်။ ကလေးက ယခင်ကလို သူ့ကို သိပ်ပြီး ဂရုမစိုက်တော့။ သူ့ဘာသာသူ လွတ်လပ်စွာပင် နေသည်။ သူ့ကိုယ်သူ အားကိုးလာပြီ။ မကြာမီကလေးကပင် မစ္စက်ကာတစ်ကလည်း ပြောခဲ့သည်။ ယခုအချိန်တွင် အန်ဒရူးကလေးအနေဖြင့် မိခင်အပေါ်မှာထက် ကျောင်းအပေါ်မှာ ပို၍ အာရုံစိုက်ရမည့် အချိန်အရွယ်သို့ ရောက်လာပြီ။ ဒက်ဖနီက ကလေးနှင့်ခဏခဏလာတွေ့လျှင် ကလေး၏ စိတ်အာရုံက မိခင်အပေါ် ပြန်လည်လာမည်။ မိခင်ကို တမ်းတမ်းစွဲ ဖြစ်နေပြီးကျောင်းကို စိတ်မဝင်စားဘဲ ဖြစ်လာနိုင်သည်ဟု မစ္စက်ကာတစ်က ဆိုသည်။ သို့သော် အဖြစ်မှန်ကတော့ ကလေးထက် မိခင်ကပိုကဲနေသည်။ သူက သားကလေးကို မခွဲနိုင်မခွာရက် ဖြစ်နေသည်။

နောက်ဆုံးတော့ဒက်ဖနီသည် လုပ်သင့်သော အလုပ်ကို မလွှဲမရှောင်သာ လုပ်ရတော့သည်။ သူ့ပစ္စည်းများနှင့် ဂျွန်၏ အဝတ်အစားများကို ထုပ်ပိုးပြီး ကားပေါ်တင်သည်။ ပြီးတော့ အိမ်ခန်းကလေးကို နောက်ဆုံးအကြိမ်အဖြစ် လှည့်ပတ်ကြည့်သည်။ လည်ချောင်းထဲတွင် ဆို့ကျပ်လာသည်။ ဆိုဖာပေါ်တွင် ထိုင်ချပြီး အသံတိတ်ကျိတ်ငိုနေသည်။ သူ့မှာ အဖော်မရှိတော့။ ဂျွန်လည်းဆုံးသွားပြီ။ သူဘယ်တော့မှ ပြန်မလာနိုင်တော့။ မပြန်လမ်းသို့ ရာသက်ပန် ထွက်ခွာသွားခဲ့ပါပြီ။

အိမ်ခန်းတံခါးကို ညင်ညင်သာသာ ပြန်ပိတ်လိုက်သည်။ တံခါးပေါင်ကို မှီကာ ရပ်နေသည်။ သူ့ပါးပြင်ကို တံခါးပျဉ်နှင့် ကပ်ထားသည်။ စိတ်အာရုံက အတိတ်သို့ ပြန်ရောက်သွားသည်။ ဂျွန်နှင့်အတူ နေခဲ့ရသော ပျော်စရာနေ့ရက်များကို ပြန်လည်သတိရသည်။

ခြေလှမ်းဖြည်းဖြည်းဖြင့် သူ့ကားကလေးဆီသို့ လျှောက်လာခဲ့သည်။ ဂျွန်၏ အရပ်ကားကြီးကိုတော့ ဟယ်ရီအား ပေးပစ်ခဲ့ပြီ ဖြစ်သည်။

ကျောင်းရောက်တော့ အန်ဒရူးကလေးသည် သူ့အဖော်တွေနှင့် အလုပ်များနေသည်ကို တွေ့ရသည်။

ဒက်ဖနီက သားငယ်ကို တယုတယနမ်း၍ နှုတ်ဆက်သည်။ ကျေးရွာတော်နေ့မတိုင်မီ တစ်ခေါက်လာလည်ဦးမည်ဟု ကတိပေးသည်။ သူသည် ဩစတြီးယန်းကမင်းဆိုင်တွင်ပင် တည်းခိုနေဦးမည်ဟု ပြောသည်။

ဒက်ဖနီပြန်ထွက်သွားပြီးနောက် မစ္စက်ကာတစ်က အန်ဒရူးကလေးအား ဂျွန့်အကြောင်းကို ဘာတစ်ခွန်းမှ မပြောပြ။ သူက အကြောင်းစုံကိုသိသည်။ ဂျွန်အတွက်လည်းအလွန်ပင် စိတ်မကောင်းဖြစ်မိသည်။

နယူးယောက်သို့ ခုနစ်နာရီတိတိ မောင်းလာရသည်။ မြို့ထဲဝင်လာတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ထူးထူးခြားခြားစိတ်လှုပ်ရှားမှုလုံးဝမရှိ။ ပထမဆုံး အင်ပိုင်ယာစတိတ် အဆောက်အအုံကြီးကို မြင်ရသည်။

သူမမြင်ချင်သော အဆောက်အအုံများကို မြင်ရပြီ။ သူမနေချင်သော နေရာသို့ ရောက်ခဲ့ပြီ။ ဤနေရာတွင် သူ့မှာ ကိုယ်ပိုင်အိမ်မရှိ။ လူမရှိသော အငှားအိမ်ခန်းကလေး သာရှိသည်။

အိမ်ခန်းကလေးက ခြေရာမပျက် သပ်သပ်ရပ်ရပ်ရှိနေဆဲပင်။ ဘာဘာရာက သူထွက်မသွားခင် အိမ်ခန်းကို သေသေချာချာ လှည်းကျင်း သန့်ရှင်းထားခဲ့သောကြောင့် ဖြစ်သည်။

ဒက်ဖနီသည် လက်ဆွဲသေတ္တာကို ခုတင်ပေါ်ပစ်တင်လိုက်ပြီးနောက် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

အိပ်ခန်းထဲတွင် သူ့ကို အမြဲတမ်း ခြောက်လှန့်နေသည့် တစ္ဆေတွေ အများကြီး ရှိနေသေးသည်။

အတိတ်ကို ပြန်ပြောင်းသတိရမည့် ပစ္စည်းတွေ အများကြီး ရှိနေသေးသည်။ အန်ဒရူးကလေးကစားခဲ့သော ကစားစရာပစ္စည်းများနှင့် သူဖတ်ခဲ့သော စာအုပ်များ ရှိနေသည်။ သူအနှစ်သက်ဆုံး ပစ္စည်းတွေကိုသာ ကျောင်းသို့ယူသွားသည်။ သူမကြိုက်တော့သော ပစ္စည်းတွေကို သူ့အခန်းထဲမှာပင် ထားပစ်ခဲ့သည်။

ဒက်ဖနီကလည်း သည်အိမ်ခန်းကို မကြိုက်တော့။ ဤအိမ်ခန်းမှာနေလျှင် သူမမြင်ချင်သော အရာတွေကိုနေ့စဉ်မြင်နေရတော့မည်။ နယူးဟမ်းပရှိုင်းယားနယ်က အိမ်ကလေးနှင့်တော့ အကွာကြီးကွာလှပါဘိ။

တချိန်တုန်းက သည်အိမ်ခန်းကလေးကို သူနှင့်အန်ဒရူးကလေးတို့အတွက် သီရိဂေဟာကလေးဖြစ်အောင် အလှဆင်ထားမည်ဟု စိတ်ကူးခဲ့ဖူးသည်။ သို့ပေမယ့် ယခုတော့ ထိုစိတ်မျိုးလုံးဝမရှိတော့။ သူ့အတွက် သားကလေးနှင့်အတူ မနေရသော ဘဝသည် ရွှေဘုံနန်းနှင့် နေရသော်လည်း ဘာအဓိပ္ပာယ်ရှိတော့မည်နည်း။ သို့သော် သူသည် အိမ်ခန်းသို့ ရောက်လာပြီးနောက် ပထမပတ်တွင် ကြမ်းခင်းကော်ဇောများကို သန့်ရှင်းရေးလုပ်သည်။ ခန်းဆီးလိုက်ကာတွေကို အသစ်လဲသည်။ သစ်ပင် ပန်းပင်တွေ ဝယ်ပြီး အိမ်တွင်း အိမ်ပြင် အလှဆင်သည်။

သို့သော် နောက်ပိုင်းတော့ ထိုအရာတွေကို သူလှည့်၍ပင် မကြည့်မိတော့။ အားအားရှိလျှင် လမ်းလျှောက်ထွက်ခြင်းဖြင့်သာ တစ်နေ့တာကိုကုန်လွန်စေတော့သည်။

ဤသို့ဖြင့် တဖြည်းဖြည်းနှင့် နယူးယောက်မြို့တွင် နေသားထိုင်သား ကျလာခဲ့သည်။

တကယ်တော့ နှစ်သစ်ဦးတွင် နယူးယောက်မြို့သည် အလွန်သာယာသည်။





အအေးဓာတ်လွန်ကဲသော်လည်း ရွှေရောင်ဆမ်းသော နေရောင်နုကြောင့် တစ်လောကလုံး အလှတွေ ဖုံးနေသည်။ သို့သော် သူက ထိုအရာတွေကို ကြည်နူးစရာဟု မမြင်။ နေ့စဉ် နေ့တိုင်း အိပ်ရာမှ နိုးလာလျှင် ဘာမှ လုပ်စရာမရှိ ဖြစ်နေသည်။ ဝေါင်စင်းစင်း ငူတူတူ ကြီး ဖြစ်နေသည်။

သူ့အနေဖြင့် တစ်သက်လုံးဆည်အတိုင်းချည်း နေသွား၍ မဖြစ်၊ အလုပ် တစ်ခုခုတော့ ရှာကို ရှာရမည်ဆိုတာကို တွေးမိသည်။ သို့သော် အလုပ်လည်း လုပ်ချင် စိတ်မရှိ။ အလုပ် မလုပ်ပေမယ့် သူ့အဖို့ ပူစရာတော့ မရှိ။ တော်တော်ကြာကြာထိုင် စားနိုင်လောက်အောင် ပိုက်ဆံတော့ အတော်အတန်ရှိပါသေးသည်။ သို့သော် နှစ်ဆန်း လာရင်တော့ အလုပ်တစ်ခုခုရအောင် ရှာရမည်ဆိုတာကို အမြဲတမ်းသတိရနေသည်။ ရေးပြီးသားစာမူကိုလည်း စားရေးစားပွဲ အံဆွဲထဲ သိမ်းထားသည်။ ကောလင်းမက္ကဇင်း အယ်ဒီတာအယ်လီဆင်ထံပို့ရန်လည်း စိတ်မကူး။

သို့သော် တစ်နေ့တော့ အယ်လီဆင်နှင့်မမျှော်လင့်ဘဲ ဆုံမိသည်။ သားကလေးအတွက် အဝတ်အစားသွားဝယ်ရင်း ကုန်ပဒေသာတိုက်တစ်ခုတွင် ဆုံမိကြခြင်း ဖြစ်သည်။

'ဟလို ဒက်ဖ်၊ ညည်း ဘာလာလုပ်တာလဲဟင်'

သားကလေးအတွက် အဝတ်အစားကလေးတွေ လာဝယ်တာပါ'

သူ့ရုပ်သွင်က တော်တော်အိုစာနေသည်။ လွန်ခဲ့သော နှစ်များအတွင်း သည်သူငယ်မ ဘာတွေများဖြစ်ခဲ့သလဲဟု အယ်လီဆင်က တွေးနေမိသည်။

'ကလေးက နေထိုင်ကောင်းပါတယ်နော်'

အယ်လီဆင်က စိုးရိမ်တကြီးအမူအရာဖြင့် မေးနေသည်။

'ကောင်းပါတယ်'

'ညည်းကရော'

'အများကြီး ကောင်းပါတယ်'

'ဒက်ဖ်' အယ်လီဆင်က ဒက်ဖနီ၏ ပခုံးပေါ်လက်တင်လိုက်သည်။ 'ညည်း အနေနဲ့ ဒီသားကလေးအပေါ် ဒီအထိ သံယောဇဉ် ကြီးနေတာ မဟုတ်သေးဘူးကွယ်'

'အဲဒါကို ကျွန်မလဲ စဉ်းစားမိပါတယ်၊ သူကလဲ ကျောင်းမှာ ပျော်နေပါပြီ'

'ဒါနဲ့ ညည်းဘယ်တုန်းကပြန်ရောက်တာလဲ'

'နှစ်ပတ်လောက် ရှိပါပြီ၊ ကျွန်မ ဖုန်းဆက်ဖို့ စိတ်ကူးမိပါသေးတယ်၊ အလုပ်တွေ များနေတာနဲ့ ...'

'စာရေးနေလို့လား' မျှော်လင့်သံဖြင့်မေးသည်။

'မဟုတ်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ညည်းရေးနေတယ်ဆိုတဲ့ စာအုပ်က ဘယ်အခြေအနေရောက်နေပြီလဲ၊ ကိုယ့်ဆီပို့မယ်ဆို၊ မပြီးသေးဘူးလား'

'ပြီးပါပြီ၊ ဒါပေမယ့် ကျွန်မ ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်၊ စာမူကိုယ်စားလှယ်ရှာဖို့အတွက် အန်တီ့ဆီတောင် ဖုန်းဆက်မလို့ စိတ်ကူးနေတာ၊ မအားသေးတာနဲ့'

'ဪ ဟုတ်လား၊ ဒါနဲ့ အဲဒီစာမူ ကိုယ်ဖတ်ကြည့်ရမလား'

'ရပါတယ်၊ ကျွန်မယူလာခဲ့ပါ့မယ်'

'မနက်ဖြန် ဆုံကြရအောင်လေ၊ နေ့လယ်စာ စားရင်းနဲ့ပေါ့'

'အို အဲဒါ... အဲဒါတော့မ...မဖြစ်နိုင်သေးဘူးထင်တယ်၊ ဖြည်းဖြည်းပေါ့ ...'

'ဖြည်းဖြည်းတွေ ဘာတွေလုပ်မနေနဲ့ ဒက်ဖ်' အယ်လီဆင်က ဒက်ဖနီ၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ 'ဒီမယ် ဒက်ဖ်၊ ကိုယ် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ညည်းအခြေအနေဟာ လုံးဝမကောင်းဘူး၊ ရုပ်ကလဲ မနှစ်ကထက် အံများကြီးကျသွားတယ်၊ ညည်း ဒီအတိုင်းနေလို့ မသင့်ဘူး၊ ကိုယ့်ကိုယ်ကို နှိပ်စက်နေဖို့ မသင့်တော်ဘူး၊ အားတင်းစမ်းပါကွယ်၊ လူဘောင်ထဲ ဝင်စမ်းပါ၊ လူတွေကို ရှောင်နေတာ အဓိပ္ပာယ်မရှိပါဘူး၊ ညည်းအနေနဲ့ လင်နဲ့သမီးကိုလည်း စွန့်လွှတ်ခဲ့ရပြီ၊ သားကလေးကိုလဲ ကျောင်းပို့လိုက်ရပြီ၊ အဲဒီတော့ ဘာထူးတော့လဲ၊ လောကမှာ တစ်ယောက်တည်းရှိတော့တာပဲ၊ ကိုယ်လုပ်ချင်တာ စိတ်လွတ်ကိုယ်လွတ်လုပ်လို့ ရနိုင်ပြီပဲ၊ အဲဒီတော့ လုပ်စမ်းပါ ဒက်ဖ်၊ ဖြစ်အောင် လုပ်စမ်းပါ၊ ညည်းလုပ်ရင် ဘာမဆိုဖြစ်နိုင်လို့ ပြောနေတာပါ၊ ကဲ ဒီတော့ကိုယ်တို့နှစ်ယောက် နေ့လယ်စာစားရင်း ပြောစရာရှိတာတွေ ဆက်ပြောကြရအောင် ဟုတ်လား'

'ကျွန်မ ဒီအကြောင်းတွေ ဘာမှမပြောချင်တော့ဘူး အန်တီ' ဒက်ဖနီက ယင်းသို့ ပြောပြီးရှောင်ထွက်သွားမလို လုပ်သည်။ သို့သော် ... 'လုပ်စမ်းပါ အချစ်ရယ်၊ မင်းလုပ်ရင် ဖြစ်ပါတယ်၊ မင်းလုပ်နိုင်ပါတယ်၊ လုပ်ကို လုပ်ရမှာပဲ' ဟူ၍ ဂျွန်ပြောခဲ့သော စကားကို ရုတ်တရက် သတိရမိသဖြင့် ခြေလှမ်းများ ပြန်ရပ်သွားသည်။ ဂျွန်က ဒက်ဖနီ၏ အရည်အချင်းအပေါ်မှာလည်း ယုံကြည်မှုရှိသည်။ စာမူအပေါ်မှာလည်း စိတ်ဝင်စားမှု ရှိသည်။ စာမူကို စာအုပ်ဖြစ်ရန် မကြိုးစားဘဲ ချောင်ထိုးထားလျှင် ဂျွန်၏ ယုံကြည်မှုနှင့် စေတနာကို လျစ်လျူရှုရာရောက်မည်။ ထို့ကြောင့် သူက စကားကို ကမန်းကတန်း ပြင်ပြောလိုက်သည်။ 'ကောင်းပြီလေ၊ ကောင်းပါပြီ၊ ကျွန်မတို့ နေ့လယ်စာစားရင်း ဆုံကြတာပေါ့၊ ဒါပေမယ့် ကျွန်မတော့ စာမူကိစ္စ ဘာမှ မပြောချင်ဘူး၊ စာမူကိုယ်စားလှယ်ရအောင် အန်တီကပဲ အကြံပေးပါ'

*

နောက်နေ့တွင် 'ဗိုးဒအော' ဟိုတယ်၌ ဆုံကြသည်။ အယ်လီဆင်က အလွန်စိတ်အား





ထက်သန်နေသည်။ သူက တချိန်လုံး ဒက်ဖနီ၏ အတွင်းစိတ်ကိုသာ အကဲခတ်နေသည်။ သို့သော် ဒက်ဖနီကတော့ ဘာမှ ပြောင်းလဲမှုမရှိ။ လာရင်းကိစ္စကိုသာ ဦးစားမပေးထားပြီး ပြောဆိုနေသည်။ အယ်လီဆင်က တွေ့သင့်သော စာမူကိုယ်စားလှယ်တွေ အမည်စာရင်းကို တင်ပြသည်။ စာမူကို ယူသည်။ သူဖတ်ကြည့်ပြီး နောက်တစ်ပတ် အကြာတွင် ပြန်ပေးမည်ဟု ပြောသည်။

နောက်တစ်ပတ်အတွင်း ပြန်တွေ့ကြသောအခါ အယ်လီဆင်မှာ အလွန် စိတ်တက်ကြွနေသည်။ လွန်ခဲ့သော သုံးလေးနှစ်အတွင်း သူဖတ်ခဲ့ရသော စာမူများ အနက် ဒက်ဖနီ၏ စာမူသည် အကောင်းဆုံးဟု ချီးကျူးစကားပြောသည်။ ဒက်ဖနီမှာ သူ့စာမူကောင်းကြောင်း ချီးကျူးခံရ၍ အမူအရာပျက်လောက်အောင် စိတ်လှုပ်ရှားမှု မရှိသော်လည်း အတွင်းစိတ်ကတော့ တော်တော် ကျေနပ်မိသည်။

ထို့နောက် အယ်လီဆင်က စာမူအရောင်းအဝယ်လုပ်ပေးရန် ကိုယ်စားလှယ် အမည်ကို ပြောသည်။ တနင်္လာနေ့ကျတော့ ဒက်ဖနီက စာမူကို ကိုယ်စားလှယ်ထံ သွားပို့သည်။ သို့သော် စိတ်ပါလက်ပါတော့ မရှိလှ။ ဂျွန်၏မျက်နှာကို ထောက်ထား၍ တစ်ကြောင်း၊ အယ်လီဆင်က စိတ်အားထက်သန်စွာ တိုက်တွန်းလွန်း၍တစ်ကြောင်း တို့ကြောင့်သာ သွားပို့ရခြင်းဖြစ်သည် စာမူကို စာမူကိုယ်စားလှယ်၏ ရုံးခန်းတွင် ထားပစ်ခဲ့ပြီး ပြန်လာခဲ့သည်။ စိတ်ထဲကတော့ လပေါင်းများစွာ ကြာမှ ရွေးမည် မရွေးသည်ကို ပြန်စာရလိမ့်မည်ဟု ဆုံဖြတ်ထားလိုက်သည်။

နောက်လေးရက်အကြာတွင် သားကလေးဆီသို့သွားရန် အထုပ်အပိုးတွေ ပြင်နေတုန်း သူ့ထံ တယ်လီဖုန်းလာသည်။ စာမူကိုယ်စားလှယ် မစ္စအိုင်းရစ်ထံမှ ဆက်ခြင်းဖြစ်သည်။ လာမည့်တနင်္လာနေ့တွင် စာမူကိစ္စနှင့်ပတ်သက်၍ တွေ့ချင်သည်ဟု ဆိုသည်။

'ဒါနဲ့ကျွန်မစာမူကို ရှင်ဘယ်လို သဘောရသလဲ'

'ဘယ်လိုသဘောရသလဲ ဟုတ်လား၊ အမှန်အတိုင်းပြောရမှာလား၊ ရှင့်စာမူ ကျွန်မတော့ သိပ်ကြိုက်နေပြီ။ အယ်လီဆင်ပြောတာ သိပ်မှန်တာပဲ၊ သူ့ကို ရှင့်စာမူ ပေးပစ်ခဲ့တဲ့ နေ့မှာပဲ သူက ကျွန်မကို ဖုန်းဆက်ခေါ်ပြီး စာမူကို ပေးတယ်၊ သုံးလေးနှစ်အတွင်း ကျွန်မဖတ်ဖူးခဲ့သမျှထဲမှာ အကောင်းဆုံး စာမူပဲ၊ ရှင်တော့ တကယ့်ကို တော်မြင့်တဲ့ စာရေးဆရာဖြစ်ပြီ ဒက်ဖနီ'

သုံးလတာ ကာလအတွင်း လုံးဝမပြုံး မရယ်ခဲ့သော ဒက်ဖနီ၏မျက်နှာတွင် ယခုတော့ အပြုံးရိပ်တွေ သန်းလာခဲ့ပြီ။ ဝမ်းသာလွန်း၍မျက်ရည်ပင်စို့မိသည်။ စိတ်တက်ကြွ၍ ထွက်လာသော မျက်ရည်၊ ရင်ထဲပေါ့သွား၍ ထွက်လာသော မျက်ရည်၊ သို့သော် တချိန်တည်းတွင် ဝမ်းနည်းစိတ်ကလည်း ထက်ကြပ်မကွာ ဝင်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စာမူ အောင်မြင်မှုကို မျှဝေခံစားရန် ငှါနံ့တစ်ယောက် မရှိတော့သောကြောင့် စိတ်မကောင်းဖြစ်မိခြင်း ဖြစ်သည်။

'ဒီတော့ ကျွန်မတို့ တနင်္လာနေ့ နေ့လယ်စာစားရင်း ဆုံကြရအောင်'

'မဖြစ်ဘူး ထင်တယ်၊ ကျွန်မမြို့ထဲသွားစရာကိစ္စရှိတယ်၊ နောက်မှစိတ်ပြောင်းသွားပြီး .... 'ကောင်းပြီးလေ၊ ဘယ်မှာတွေ့ကြမှာလဲ'

အယ်လီဆင်ပြောထားချက် အိုင်းရစ်က ဒက်ဖနီအကြောင်းကို အားလုံးသိထားပြီ။

'လီစင်နေးဟိုတယ်မှာတွေ့မယ်၊ မွန်းလွဲ တစ်နာရီတိတိမှာ'

'ဟုတ်ပြီ၊ ကျွန်မလာခဲ့ပါမယ်'

'ဒါဆို ကောင်းပြီ၊ ဒါနဲ့ ဒက်ဖနီ'

'ဟုတ်ကဲ့ ပြောပါ'

'ဘြော် တခြားမဟုတ်ပါဘူး၊ စာမူအောင်မြင်တဲ့ အတွက် ဂုဏ်ယူတယ်ဆိုတာ ပြောချင်လို့ပါ'

ဒက်ဖနီသည် ဖုန်းကို ပြန်ချပြီးနောက် ခုတင်ပေါ်တွင် ထိုင်ချလိုက်သည်။ သူ့ဒူးတွေ တုန်နေသည်။ ရင်တွေခုန်နေသည်။ သူတို့ စာမူကို သဘောကျသွားပြီ။ ငှါနံ့ကြောင့် ရေးဖြစ်တဲ့ စာအုပ် အောင်မြင်သွားပြီ။

သည်အတွေးကြောင့် ဒက်ဖနီ ဝမ်းသာနေမိသည်။ စာအုပ်တိုက်တစ်တိုက်က စာမူကို ဝယ်ယူလိုက်ပြီ ဖြစ်ကြောင်း သိရသောအခါ ပို၍ဝမ်းသာမိတော့သည်။

* * *

အခန်း(၁၂)

ကျေးရူးတော်နေ့ အထိမ်းအမှတ်အဖြစ် အန်ဒရူးကလေးနှင့် အထူးညစာစားပွဲကျင်းပ စားသောက်ရသည်မှာ အလွန်ပင်ပျော်စရာကောင်းသည်။

သို့သော်လည်း ထိုနေ့ညက ဩစတြေးယန်း ထမင်းဆိုင်ကလေးမှ ခုတင်ပေါ်တွင် ဒက်ဖနီမှာ အိပ်မပျော်ဘဲ မျက်လုံးတွေ ကြောင်နေသည်။ သူ့စိတ်သည် ဂနာမငြိမ်ဖြစ်နေသည်။ စိတ်အာရုံသည် ဟိုရောက်သည်ရောက်ဖြစ်နေသည်။

မနှစ်တုန်းက မောင်မဲမဲ လမ်းမကြီးပေါ်တွင် ကားပျက်ပြီး တစ်ယောက်တည်း ကြောက်ကြောက်လန့်လန့် ဖြစ်နေစဉ် ငှါနံ့ဖောင်လားက ကားကြုံခေါ်လာခဲ့သော ဖြစ်ရပ်ကို မေ့မရအောင် ဖြစ်နေသည်။ ခြောက်သယောင်းနေသော သူ့ဘဝ သည် ထိုနေ့မှစ၍ ပြန်လည် စိုပြေလန်းဆန်း လာခဲ့သည်။ ယခုတော့ ထိုဘဝသည် ပျောက်ဆုံးသွားခဲ့ပြီ။ သူ့အဖို့ မုန်းစရာ နှစ်သစ် ဆန်းလာခဲ့ပြန်ပြီ တကယ်တော့ ခရစ္စမတ်ပွဲတော်လိုပင် ကျေးဇူးတော်နေ့ ပွဲတော်သည်လည်း မုန်းစရာ ကောင်းလှတော့သည်။ ချစ်ခင်လေးစားရာ ကောင်းလှသော ငှါနံ့။ သူမရှိဘဲ ပျော်ရသော ဘဝသည် စင်စစ်တော့ အဘယ်မှာလျှင် ပြည့်ပြည့်ဝဝ ပျော်စရာ ကောင်းပါမည်နည်း။

ယခုနှစ်သစ်ကူးတွင် အန်ဒရူးကလေးလည်း သူ့လိုပင် ခံစားနေရလိမ့်မည်မှာ



www.burmeseclassic.com

www.burmeseclassic.com



သေချာသည်။ တစ်ခါတစ်ခါတွင် ကလေးမှာ မှိုင်တွေတွေ ဖြစ်နေတတ် သည်။ သူ့မျက်လုံးကလေးတွေက ရီဝေနေတတ်သည်။ သူ့နှုတ်ခမ်းကလေးတွေက ရွရွကလေး လှုပ်နေသည်။ ဂျွန်အကြောင်းကို မိခင်ထံမှာ မေးချင်သောကြောင့် ဖြစ်ပေလိမ့်မည်။ သူတို့ သားအမိ နှစ်ယောက်လုံးပင် ဂျွန်ကို တဆွေးမြေ့မြေ့ သတိ ရနေကြဆဲ ဖြစ်သည်။ ထို့ကြောင့်ပင် ဒက်ဖနီသည် ဂျွန်နှင့်သူတို့ နေထိုင်ခဲ့ကြသော အိမ်ကလေးရှေ့မှ ဖြတ်မလျှောက်မိရန် အမြဲတမ်း သတိထားခဲ့သည်။ သို့သော် သူ့အကြောင်းကိုတော့ သတိမရဘဲမနေနိုင် ဂျွန်ကို သတိရတိုင်းတွင်လည်း အန်ဒရူးကလေးနှင့် အစားထိုးပြီး မေ့ပစ်သည်။ အန်ဒရူးအကြောင်းကိုသာ လွှဲဖယ် တွေးတောနေမိတော့သည်။

သည်တစ်ကြိမ် သားကလေးအား နှုတ်ဆက်ပြီး ခွဲခွာရသောအခါ ထူးထူးခြားခြား စိတ်ထိခိုက်ခြင်းတော့ မဖြစ်မိ။ လာမည့် ခရစ္စမတ်နေ့တွင် သားကလေးအား ပြန်တွေ့ရဦးမည် ဟူသော အတွေးကြောင့်ပင် ဖြစ်မည်။

ဒက်ဖနီသည် အိမ်သို့မပြန်မီ တောလမ်း တစ်ခွင်တစ်ပြင်တွင် တစ်ယောက်တည်း လမ်းလျှောက်နေမိသည်။ သည်နေရာကား ဂျွန်၏အရိုးပြာများ ကြဲလွှင့်ခဲ့သော အမှတ်တရနေရာပင်ဖြစ်သည်။ သူသည် လမ်းလျှောက်ရင်း ဂျွန်နှင့် စကားပြောမိသည်။ သူ့စကားကို ဘယ်သူမှမကြား ဆိုတာတော့ သူသိပါသည်။ သူက ဂျွန်အား သူ့စာမူကိစ္စကို ပြောပြသည်။ အန်ဒရူးကလေးအကြောင်း ကိုပြောပြသည်။ ထို့နောက် နက်ရှိုင်းသော လျှို့မြောင်ထဲသို့ လှမ်းကြည့်လိုက် သည်။ ပြီးတော့ မိုးကောင်းကင်သို့ မော့ကြည့်လိုက်ပြီး နှုတ်ခမ်းလှုပ်ရုံမျှ တိုးတိုး ကလေးစကားပြောသည်။ 'ချော်ဂျွန်ရယ်၊ ရှင့်ကိုကျွန်မ အခုအထိမမေ့နိုင်သေး ပါလား မောင်ရယ်'

ဂျွန်ပြော်ခဲ့သော စကားများသည် ဒက်ဖနီ၏ ဦးနှောက်ထဲသို့ ပဲ့တင်ဝင်ရောက်လာကြသည်။ ဂျွန်ကလည်း ရောက်လေရာဘဝမှ သူ့ကိုအောက်မေ့နေလိမ့်မည်မှာ သေချာသည်။

ကားပေါ်ပြန်တတ်ပြီး နယူးယောက်သို့ မောင်းထွက်လာခဲ့လေသည်။

ထိုညတွင် သူသည် အိပ်ရာပေါ်တတ်လိုက်သော အရုပ်ကြိုးပြတ် ခြေကုန်လက်ပန်း ကျသွားသည်။

မနက်ကျတော့ အိပ်ရာမှထပြီး အဖြူရောင် သားမွေးဝတ်စုံနှင့် အနက်ရောင်ကုတ်အကျီကို ဝတ်သည်။ ဖိနပ်ကတော့ ညှပ်ဖိနပ်။ ရာသီဥတုက အလွန်အေးသည်။ သူ နောက်ဆုံအကြိမ် နေ့လယ်စာစား ထွက်ခဲ့သော နေ့မှတွက်လျှင် နှစ်ပေါင်း တစ်ထောင်လောက်ပင် ကြာသွားပြီဟု ထင်မိသည်။ ယခု သူ့ဝတ္ထုစာမူ ကိစ္စအတွက် စာမူကိုယ်စားလှယ် အမျိုးသမီးတစ်ယောက်နှင့် တွေ့ဆုံရန်ကိစ္စမှာ အထူးအဆန်းလို ဖြစ်နေသည်။ စာရေးဆရာများ၏ နေ့လယ်စာစားပွဲအကြောင်း ဆောင်းပါးများကို





ကောလင်းမဂ္ဂဇင်းတွင် ဖတ်ဖူးသည်။ သို့သော် ယခုအချိန်တွင် သူ့ကိုယ်သူ စာရေးဆရာ တစ်ယောက်ဟု သတ်မှတ်ရန် မလုံမလဲခံစားမိသည်။

'ဒက်ဖနီပဲနော်၊ ကျွန်မက အိုင်းရစ်မက္ကာသီပါ'

စာမူကိုယ်စားလှယ် အမျိုးသမီးက ဆံပင်နီနီနှင့် ယဉ်ကျေးသိမ်မွေ့သည်။ နှစ်ယောက်သား စားပွဲသို့ လျှောက်လာကြစဉ် ပုံကျကျလက်သည်းညှပ် ထားသော သူ့လက်ချောင်းများတွင် စွပ်ထားသည့် လက်စွပ်ကျောက်များက အရောင်တဖျပ်ဖျပ် တောက်နေသည်။

သူတို့သည် နေ့လယ်စာစားရင်း စာမူကိစ္စဆွေးနွေးကြသည်။ အချိုပွဲ တွင်ထိုင်သောအခါ ဒက်ဖနီက နောက်ထပ်ရေးမည့် စာမူအကြောင်း စတင်ပြောပြသည်။ ဇာတ်လမ်းအကျဉ်းချုပ်ကို ဂျွန်နှင့်လည်းဆွေးနွေးခဲ့ပြီးဖြစ်သည်။ ဂျွန်က သဘောကျသည်။ ရေးဖြစ်အောင်ရေးရန်လည်း တိုက်တွန်းသည်။ ယခုလည်း မစ္စအိုင်းရစ်က ဇာတ်လမ်းအကျဉ်းချုပ်ကိုပင် ကြိုက်ပြီးသားဖြစ်နေပြီ။ ဒက်ဖနီက ကျေနပ်စွာဖြင့် ပြုံးမိသည်။ နားထဲတွင်လည်း ဂျွန်ပြောခဲ့သော စကားကို ကြားယောင်လာမိသည်။ ရေးစမ်းပါ ဒက်ဖ်။ ရေးသာ ရေးစမ်းပါ။ မင်းရေးနိုင်ပါတယ်။

စားသောက်ပြီးကြသောအခါ ရေးပြီးသားစာမူနှင့် နောက်ထပ်ရေးမည့် စာမူများအတွက်နာမည်ပါ တစ်ခါတည်း ရွေးလိုက်ကြသည်။ ပထမ စာမူနာမည် မှာ 'ဟေမာန်ဦး'။ နယူးဟမ်းပရှိုင်းယားနယ်တွင် ရေးခဲ့သောစာမူ။ အသက်လေး ဆယ့်ငါးနှစ်အရွယ်တွင် ခင်ပွန်းသည်နှင့် သေကွဲ ကွဲခဲ့ရသော မိန်းမတစ်ယောက်။ လောကဓံ လှိုင်းဂယက်ထဲမှာ ဘယ်ပုံ ရုန်းကန်လှုပ်ရှားပြီး သက်ရှင် ရပ်တည်လာခဲ့ရသည့် အကြောင်း။ ဇာတ်လမ်းပါအကြောင်းရပ်ကို ဒက်ဖနီက ကောင်းစွာသိထားပြီးဖြစ်သည်။ အိုင်းရစ်ကလည်း 'အဲဒီစာအုပ်ထွက်လာရင် ကျိန်းသေပေါက်စွံမှာပဲ' ဟု ကြိုတင်ဟောကိန်းထုတ်သည်။

နောက်ထပ် ရေးမည့်ဝတ္ထုနာမည်က 'အာဂါသာ'။ နာမည်က ရိုးရိုးလေး ပင် ဖြစ်သည်။ ဇာတ်လမ်းက စစ်ကြီးပြီးနောက် ပါရီမြို့တော်တွင် ရုန်းကန်လှုပ်ရှား ရသော မိန်းမပျိုကလေးတစ်ယောက် အကြောင်း။ သည်ဇာတ်လမ်းကို မူလက ဝတ္ထုတိုအဖြစ် ရေးခဲ့ပြီးဖြစ်သည်။ ဒက်ဖနီက မကျေမနပ်သေး၍ ဝတ္ထုရှည် အဖြစ် ပြည့်ပြည့်ဝဝ ရေးချင်နေသည်။ ဇာတ်လမ်းအကျဉ်းချုပ်ကို မကြာခင် ရေးပေးမည် ဟု ကတိပေးသည်။ ပြီးတော့မှ နှစ်ယောက်သား အသေးစိတ် ဆွေး[illegible]ရန် [illegible]သောတူသည်။

ထိုနေ့ညနေတွင် ဒက်ဖနီသည်စာရေးစားပွဲတွင်ထိုင်ကာ မျက်စိအောက်မှ [illegible]မှက်လွှတ်များကို စိုက်ကြည့်နေသည်။ ခေါင်းထဲသို့ စိတ်ကူးတွေ ဝင်လာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



စာရွက်ပေါ်တွင် ချရေးသည်။ သို့ဖြင့် သန်းခေါင်လောက်ကျတော့ ဇာတ်လမ်းတစ်ခုလုံး၏ ပုံကြမ်းကို ရေးသားပြီးစီးသွားသည်။

ခရစ္စမတ်ပွဲတော် ပြီးဆုံး၍ သားကလေးထံမှ ပြန်ရောက်လာသော အချိန်တွင်ကား ဇာတ်လမ်းအကျဉ်းချုပ်ကို အချောသပ်ရေးသားပြီး ဖြစ်နေသည်။

ဇာတ်လမ်းအကျဉ်းချုပ်ကို အိုင်းရစ်ထံသွားပြသည်။ အိုင်းရစ်က ဖတ်ကြည့်သည်။ သဘောကျသည်။ မြန်မြန်ပြီးအောင်သာ ရေးပါတော့ဟု တိုက်တွန်းသည်။

ဒက်ဖနီ အလွန်အားတက်သွားပြီ။

နောက်သုံးလအတွင်း အပြင်မထွက်ဘဲ အိမ်တွင်းအောင်းကာ နေ့မအားညမနေ ကြိုးစားပမ်းစားရေးသည်။ တကယ်တော့ သည်ဝတ္ထုက ရေးရ မလွယ်လှ။ သို့သော် သူက ခက်ခက်ခဲခဲ ရေးရသည်ကိုပင် ပျော်နေမိသည်။ ဝတ္ထုရေးရင်း စိတ်ပါဝင်စားလွန်းသဖြင့် တယ်လီဖုန်းလာသည်ကိုပင် ထ၍ နားမထောင်မိ သည်အထိ ဖြစ်သည်။

သို့သော် ဧပြီလတစ်နေ့တွင်တော့ စာရေးနေရာမှထပြီး အညောင်းအညာဆန့်ရင်း ညည်းညည်းညူညူဖြင့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

'ဒက်ဖနီလား'

'ဟုတ်ပါတယ်'

'ကျွန်မ အိုင်းရစ်ပါ၊ သတင်းကောင်းပေးမလို့၊ ဟားဘားနှင့်ဂျန်း စာအုပ်တိုက်က ဖုန်းဆက်ခေါ်တယ်'

'အဲဒီတော့ ... ' ဒက်ဖနီ၏ ရင်တွေ တဒိန်းဒိန်းခုန်နေသည်။ စာမူသတင်းနားစွင့် မျှော်နေခဲ့ရသည်မှာ လေးလပင် တိုင်ခဲ့ပြီ။ သူက ကြာလွန်းလှသည် ဟု ထင်ခဲ့သည်။ အိုင်းရစ်ကတော့ သည်းခံပြီးစောင့်ရန် ပြောခဲ့သည်။ 'သူတို့ ဘာပြောလဲ စာမူကို ကြိုက်တယ်လို့ပြောလား'

'ကြိုက်ရုံတင်ဘယ်ကမလဲ၊ စာမူခ ဒေါ်လာ နှစ်သောင်းခွဲတောင် ပေးဖို့ သဘောတူလိုက်ပြီ'

ဒက်ဖနီသည် ပါးစပ်ဟောင်းလောင်းနှင့် တယ်လီဖုန်းကို စိုက်ကြည့်နေမိသည်။

'တကယ်ပြောတာလား အိုင်းရစ်'

'တကယ်ပြောတာပေါ့'

'အို ဘုရားရေ' သူ့မျက်နှာတစ်ပြင်လုံး အပြုံးပန်းပွင့်သွားသည်။ ပြတင်းပေါက်မှကျော်ကာ နေရောင်လွှမ်းသော အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။





'ကျေးဇူးအများကြီးတင်ပါတယ် အိုင်းရစ်၊ ကျေးဇူးအများကြီးတင်ပါတယ်၊ ဒီတော့ ကျွန်မ ဘာဆက်လုပ်ရမှာလဲ ဟင်'

'လာမယ့်အင်္ဂါနေ့ စာတိုက်က အယ်ဒီတာနဲ့ နေ့လယ်စာ စားရမယ်၊ လေးရာသီဟိုတယ်မှာ၊ ရှင်တော့ တကယ်အောင်မြင်သွားပြီ ဒက်ဖနီ'

သူ့အသက်က သုံးဆယ့်တစ်နှစ်သာ ရှိသေးသည်။ သုံးဆယ့်တစ်နှစ်တွင် ပထမဆုံးဝတ္ထုစာအုပ် ထုတ်ဝေနိုင်ပြီး စာရေးဆရာမဖြစ်ခဲ့ပြီ။ နာမည်ကျော် စာအုပ်တိုက်ကြီးမှ တာဝန်ခံအယ်ဒီတာက အရေးတယူဖိတ်ခေါ်ပြီး နေ့လယ်စာ ကျွေးရသည့်အဆင့်သို့လည်း ရောက်ခဲ့ပြီ။

သူသည် အင်္ဂါနေ့တွင် ချိန်းထားသည့်အတိုင်း နေ့လယ်ဆယ့်နှစ်နာရီတိတိတွင် ဟိုတယ်သို့ရောက်သွားသည်။ သည်ပွဲအတွက် တမင်ဝယ်ထားသော နာမည်ကျော် ရှယ်နယ်ဖက်ရှင်တိုက်ချုပ် ပန်းရောင်ဝတ်စုံသစ်ကို အချိုးကျကျ ဝတ်ဆင်လာခဲ့သည်။

စာအုပ်တိုက်မှ အယ်ဒီတာမှာ အမျိုးသမီးဖြစ်နေသည်။ အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားရုပ်ပေါက်နေသည်။ ပြုံးတော့လည်း ခပ်တည်တည်ပြုံးသည်။ သို့သော် စားသောက်ပြီးသောအခါတွင်ကား သူတို့ နှစ်ယောက် လေပေးဖြောင့်နေကြတော့သည်။ ဒက်ဖနီအနေဖြင့် အယ်ဒီတာအမျိုး သမီးထံမှ ပညာတွေ အများကြီးရသည်။ ဝတ္ထုစာအုပ် ထုတ်ဝေရေးလောကအကြောင်း ဗဟုသုတစုံ သိမှတ်ရသည်။

သူတို့သည် ရေကန်နားမှ ကျောက်းသလင်းခန်းမသို့ ပြောင်းထိုင်ကြ သည်။ သူတို့အနားတွင် စားပွဲထိုးတွေ ပျားပန်းခတ်မျှ အလုပ်ရှုပ်နေကြသည်။ ဒက်ဖနီက ဒုတိယစာအုပ်အကြောင်း စတင်ပြောပြသည်။

နောက်တစ်လခန့်ကြာသောအခါ ဒုတိယစာအုပ် ဇာတ်လမ်းအကျဉ်း ချုပ်ကို လက်ခံလိုက်ပြီး ဖြစ်ကြောင်း စာအုပ်တိုက်မှ အကြောင်းကြားသည်။ ဇူလိုင်လ နောက်ဆုံးပတ်တွင် စာမူအပြီးသတ်ပြီးနောက် စာအုပ်တိုက်သို့ ပို့လိုက်သည် ပြီးတော့ သားကလေးနှင့် တစ်လခန့် အပန်းဖြေနေထိုင်ရန် နယူးဟမ်းပရှိုင်း ယားနယ်သို့ ထွက်လာခဲ့သည်။

ပထမဆုံးဝတ္ထုသည် ထိုနှစ်ခရစ္စမတ်ကာလအတွင်း ထွက်လာသည် ထိုဝတ္ထုကို ကွယ်လွန်သူ ဂျွန်အား ရည်ညွှန်းထားသည်။ စာဖတ်ပရိသတ်လက်ခံမှု အတန်အသင့်ရရှိသည်။ သို့သော် ဒက်ဖနီကျော်ကြားမှုရလာသော ဝတ္ထုကတော့ ဒုတိယဝတ္ထုပင် ဖြစ်သည်။ ထိုဝတ္ထုကို နွေဦးပေါက်တွင် ထုတ်ဝေသည်။ ထွက် ထွက်ချင်း ရောင်းမလောက်အောင် စွံသောကြောင့် နယူးယောက်တိုင်း သတင်းစာကြီး၏ 'ရောင်းမလောက် ရောင်းတိုင်းစွံ' စာရင်းတွင် ထိပ်ဆုံးမှ ဖော်ပြခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန့်ချုပ်ဝတ္ထုဖုံးအပြင် အဖုံးပါးစက္ကူဖုံး စာအုပ်အဖြစ် ထုတ်ဝေ၍ စာမူခ ဒေါ်လာ တစ်သိန်းပင် ထပ်ရလိုက်သေးသည်။

'အခုလို အောင်မြင်မှုရလာတော့ စိတ်ထဲမှာ ဘယ်လိုခံစားရသလဲ ဒက်ဖ်'

အယ်လီဆင်က ဝမ်းသာလွန်းသဖြင့် မိခင်စိတ်ဖြင့် ဂုဏ်ယူစွာ မေးသည်။ သူက ဒက်ဖ်နီ၏ သုံးဆယ့်နှစ်နှစ်မြောက်မွေးနေ့အတွက် နေ့လယ်စာစားပွဲဖြင့် ဂုဏ်ပြု ကျွေးမွေးခြင်း ဖြစ်သည်။ 'ဒါပေမယ့် ကုန်ကျစရိတ်ကိုတော့ နာမည်ကျော် စာရေး ဆရာမကြီးက ကျခံရလိမ့်မယ်နော် ဟဲ... ဟဲ... ' အယ်လီဆင်က ရင်းနှီးစွာ နောက်သည်။ 'ဒါနဲ့ နောက်ထပ် ဘာစာအုပ် ရေးနေသေးသလဲ ဟင်'

တတိယမြောက် စာအုပ်မှာ ရေးသားဆဲ ဖြစ်သည်။ သို့သော် မပြီးခင်ကပင် စာအုပ်တိုက်က ဝယ်ယူထားပြီးပြီ။ လာမည့်နွေရာသီတွင် ထုတ်ဝေရန်ပင် စီစဉ်ထားပြီး ဖြစ်သည်။

'စာအုပ်နာမည်ကို 'ရန်ခုန်သံ' လို့ပေးထားတယ်'

'နာမည်ကလေးတော့ ကြိုက်သွားပြီ ဒက်ဖ်'

'ဇာတ်လမ်းလဲ ကြိုက်မှာပါ'

'ကြိုက်မှာပါ၊ ဇာတ်ပရိသတ်ကလဲ ကြိုက်မှာ သေချာတယ်'

'ဒီစာအုပ်အတွက်တော့ ကျွန်မတစ်မျိုးကြီးဖြစ်နေမိတယ် အန်တီ၊ အတော်က လေး စိတ်လှုပ်ရှားနေမိတယ်၊ သူတို့က အဲဒီစာအုပ်အတွက် ကျွန်မကို နယ်လှည့်ပြီး ကြော်ငြာခိုင်းဖို့ လုပ်နေကြတယ်'

'ဒါ သိပ်ကောင်းတာပေါ့'

'ဒါပေမယ့် ကျွန်မဘာပြောရမှာလဲ၊ ကျွန်မလုံးဝ စဉ်းစားလို့ မရဘူး'

'ဘာစဉ်းစားမရစရာရှိသလဲ၊ ကိုယ့်အကြောင်းကိုယ် ပြောပေါ့၊ အဲဒါ စာဖတ် ပရိသတ် အသိချင်ဆုံးပဲ မဟုတ်လား၊ သူတို့က ညည်းအကြောင်း၊ ငါ့ကို တမေးတည်း မေးနေကြတယ်'

'အဲဒီတော့ အန်တီက ဘယ်လိုပြောလိုက်သလဲ၊ လင်သေ သမီးဆုံးပြီး အမှု လုံးဆို့နေတဲ့ မုဆိုးမ ကလေးတစ်ယောက်လို့ ပြောလိုက်သလား၊ ဒီအကြောင်းတော့ ကျွန်မ လုံးဝပြန်မဖော်ချင်ဘူး အန်တီ'

'ဒါဆို ညည်းစာအုပ်တွေ ဘယ်လိုစိတ်ကူးရပြီး ဘယ်ပုံရေးတယ်ဆိုတာ ပြော ပေါ့၊ အဲဒါလဲ တစ်မျိုးစိတ်ဝင်စားစရာ ကောင်းတာပဲ' အယ်လီဆင်က ခစ်ခနဲ တစ်ချက် ရယ်လိုက်ပြီး 'ဒါမှ မဟုတ်လဲ ညည်းဘယ်သူ ဘယ်သူတွေနဲ့ ရည်းစား ဖြစ်ခဲ့တယ် ဆိုတာ စီကာပတ်ကုံး ပြောပြပေါ့ ဟဲ... ဟဲ...၊ ဒါနဲ့ အန်ဒရူးကလေး တစ်ယောက် ဘယ်လို နေသေးသလဲ၊ နေကောင်းရဲ့လား'





'ကောင်းပါတယ်၊ အများကြီး ကောင်းတယ်၊ ချောလဲသိပ်ချောလာတာပဲ'

'သူ့အခုအထိ ကျောင်းမှာပဲ ရှိသေးသလား'

'ဟုတ်ပါတယ်၊ ကျောင်းမှာပဲ ရှိနေသေးတယ်၊ ဒါပေမယ့် သိပ်မကြာ တော့ပါဘူး၊ နောက်တစ်နှစ် နှစ်နှစ်လောက်ဆိုရင် ကျောင်းထုတ်ပြီး ကျွန်မဆီပဲ ခေါ်ထား မယ်လို့ စိတ်ကူးထားတယ်'

'အဲဒီစိတ်ကူးကို ကောင်းတယ်လို့ ဆိုနိုင်ပါ့မလား'

'ကြည့်ကြသေးတာပေါ့၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး အပြန်အလှန် ငြင်းစရာတော့ ရှိပါတယ်၊ ကျွန်မစိတ်ကူးထားတာက သူ့ကို ပြုပြင်ရေးကျောင်းက ပြန်ခေါ်ပြီး ရိုးရိုး ကျောင်းမှာ ပြောင်းထားရင် ကောင်းမလားလို့ပါ'

'အဲဒါဆိုရင် ညည်းအတွက် အနှောင့်အယှက်မဖြစ်နိုင်ဘူးလား' အယ်လီ ဆင်က အပိုကြီး။ ကလေးကိစ္စကို သူမသိ။ ကိုယ်အသက်တမျှချစ်ရတဲ့ သားကလေး အတွက်ကြောင့် မိခင်ဖြစ်သူအတွက် ဘာဖြစ်လို့ အနှောင့်အယှက် ဖြစ်ရမှာလဲ။ သားအမိ နှစ်ယောက်စလုံးအတွက် ဘဝစိုပြည်မှုတောင် ပို၍ရလာနိုင်သည် မဟုတ်လား တစ်ယောက်တည်း နေတာထက်တော့ အလုပ်ပိုလာနိုင်သည်ပေါ့။' သို့သော် ဘယ် လောက်ပင် အလုပ်ပိုလာပိုလာ ဒက်ဖနီကတော့ လုံးဝမပင်ပန်းပါ။ 'ကလေး . . ဒါ ပြောလိုက်ပါတော့၊ နယ်လှည့် ခရီးထွက်တော့ ဘယ်တွေထွက်မယ့် စိတ်ကူးထားသလဲ'

'အတိအကျတော့ မသတ်မှတ်ရသေးပါဘူး၊ မစ်ဝက် ဘယ်လယ်ဖိုနီးယား တော့စတွန် ဝါရှင်တန် ... အစုံ ရောက်မှာပေါ့'

'ကောင်းတယ်၊ ကောင်းတယ်၊ သိပ်ကောင်းတာပဲ'

'ကျွန်မအတွက်တော့ ကောင်းမှာမဟုတ်ဘူး တစ်မြို့ပြီး တစ်မြို့ လျှောက်ပြော နေရတာနဲ့ စားချိန် အိပ်ချိန်တောင် ရမယ်မထင်ဘူး'

*

နေ့လယ်စာ စားပြီးတော့ အိမ်သို့ တန်းပြန်လာသည်။ စားပွဲတွင် ဝင်ထိုင်ပြီး စာ ဆက်ရေးသည်။ နေ့လည်းမအား ညလည်းမအား နေ့တိုင်းရေးသည်။ အန်ဒရူး ကလေးထံ သွားလည်သောနေ့မှတစ်ပါး တစ်နေ့မှ စာရေးပျက်သည်မရှိ။

စာရေးရတာကို သူအလွန်ပျော်နေသည်။ စာမရေးခင်က သူ့ဘဝသည် ပျင်းနေသည်။ ယခုတော့ ဘဝမှာ နေပျော်လာသည်။ စိတ်ချမ်းသာခြင်းကို ရရှိသည်။ ကိုယ်အာရုံ တစ်ခုလုံးသည် ဇာတ်လမ်းထဲမှာ မြုပ်နေသည်။ ဇာတ်ကောင်တွေနှင့် ရောထွေးလှုပ်ရှားနေသည်။ သူ့ရင်ထဲက ခံစားချက်များကို သန်းပေါင်း များစွာသော စာဖတ်ပရိသတ်များအား မျှဝေပေးကမ်းရသည်ကို ကြည်နူးမဆုံး ဖြစ်မိသည်။ သူ့ဘဝတွင် အလုပ်မှတစ်ပါး အခြားကိုးကွယ်ရာမရှိတော့။ အလုပ် သည်ပင် အသက်၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သည်ပင် ပျော်ရွှင်မှု၊ အလုပ်သည်ပင် စည်းစိမ်ဥစ္စာ။

ဤသို့ဖြင့် သုံးဆယ့်သုံးနှစ်မြောက် မွေးနေ့မတိုင်မီကလေးတွင် သူ၏ တတိယမြောက် စာအုပ်ထွက်လာပြန်သည်။ ဝတ္ထုနာမည်က 'အပါချီ'။ နယူးယောက်တိုင်း သတင်းစာကြီး၏ 'အရောင်းရဆုံး စာအုပ်စာရင်း' တွင် နံပါတ်တစ် ချိတ်သည်။

ဒက်ဖနီကား ဝတ္ထုသုံးအုပ်တည်းဖြင့် ကမ္ဘာကျော် စာရေးဆရာမကြီး ဖြစ်ခဲ့ပြီ။

* * *

## အခန်း ( ၁၃ )

သူ့အခြေအနေ ဘယ်လိုနေသေးသလဲ ဆရာမ'

ဘာဘာရာက စိုးရိမ်တကြီးဖြင့် သူနာပြုဆရာမအား မေးလိုက်သည်။ အကယ်တော့ မေးစရာပင်မလို။ လူနာ၏ ရုပ်သွင်ကိုတစ်ချက်ကြည့်ရုံမျှဖြင့် အခြေအနေကို သိသာနိုင်သည်။ ဘာမှပြောင်းလဲမှုမရှိ။ နဂိုအတိုင်းပင် ရှိနေသည်။ လူနာသည် တုတ်တုန်မျှ မလှုပ်ဘဲ ပိတ်ပိတ်သား ငြိမ်သက်နေသည်။ အသက်ရှိ နေသေးသည်ဟုပင် မယုံကြည်နိုင်စရာ အခြေအနေမျိုး ဖြစ်သည်။

သူ့လို အားမာန်ပြည့်ဝသော အမျိုးသမီးတစ်ယောက် ယခုလို လူနာ ခုတင်ပေါ်တွင်စန့်စန့်ကြီး လဲလျောင်းကာ အသက်မရှိတော့သလို ဖြစ်နေသည်ကို ဘာဘာရာက လုံးဝမယုံကြည်နိုင်အောင် ဖြစ်နေမိတော့သည်။

ဒက်ဖနီသည်ကိုယ်တိုင်လည်း အားမာန်ရှိသည်။ သူတစ်ပါးကိုလည်း အားမာန်ရှိအောင် စွမ်းဆောင်နိုင်သည်။ သူသည် သားကလေးအန်ဒရူးအားလည်း အားမာန်တွေပေးခဲ့သည်။ ဘာဘာရာအတွက်လည်း အားမာန်တွေပေးခဲ့သည်။ အကယ်တော့ သူသည် ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမကလေးဘဝ ရောက်ခဲ့ရသော် လည်း ကြုံလာသမျှ လောကဓံ လှိုင်းတံပိုးများကို ခါးစည်းခံလာခဲ့သော အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်။

သူနာပြုဆရာမပြန်ထွက်သွားသည်။ ဘာဘာရာက မျက်စိကိုမှိတ်ပြီး အတိတ်ကာလကို ခဏပြန်တွေးကြည့်သည်။ ဒက်ဖနီနှင့် စတင်တွေ့ဆုံခဲ့ရသည့် နေ့ကို ပြန်လည်သတိရမိသည်။

ထိုအချိန်က သူသည် ဒုက္ခိတမိခင်အိုကြီးနှင့် အတူနေကာ ဘဝအခက် အခဲကို အလူးအလိမ့် ခံစားနေရချိန်ဖြစ်သည်။

သူသည် နံနက်ပိုင်း ဈေးဝယ်သွားပြီးနောက် အိမ်သို့ ပြန်လာသည်။ ဝက်စ်ဆိုက် ရပ်ကွက်မှ အပေါ်ဆုံးတိုက်ခန်းကျဉ်းကလေးသို့ တက်လာရသည်မှာ ခြေကုန်လက်ပန်းကျကာ မောဟိုက်နေသည်။

ဒက်ဖနီသည် ဘာဘာရာအား စာမူကိုယ်စားလှယ်မှတစ်ဆင့် ဆက်သွယ်သိရှိခဲ့ရခြင်းဖြစ်သည်။ ဘာဘာရာ၏ လက်ရှိအလုပ်က လက်နှိပ်စက်စာရေးမ။ လက်နှိပ်စက်စာရေးမလစာဖြင့် စားဝတ်နေရေး မပြေလည်၍ အပိုဝင်ငွေ ရအောင် စာမူတွေလက်ခံပြီး အိမ်တွင် အချိန်ပို လက်နှိပ်စက် ရိုက်နေရသည်။

ဘာဘာရာသည် ဈေးမှဝယ်လာသော ရက်လွန် ဟင်းသီးဟင်းရွက်များနှင့် မလတ်ဆတ်သော အသားများကို လက်နှစ်ဘက်ဖြင့် ပိုက်ကာ ဒယီးဒယိုင်ဖြင့် တံခါးကို တွန်းဝင်လာသည်။

ဒက်ဖနီက သူ့အား အခန်းထဲတွင် ထိုင်စောင့်နေသည်။ ဒက်ဖနီ၏ မျက်နှာက တည်ကြည်လေးနက်သည်။ ဝတ်စားဆင်ယင်ပုံကလည်း ကျက်သရေ ရှိလှသည်။ သူ့ကိုကြည့်ရသည်မှာ စိတ်ရွှင်လန်းစရာ ကောင်းလှသည်။ ဘာဘာရာသည် ဒက်ဖနီအား မြင်လျှင်မြင်ချင်း အားကိုးမိသည်။ ဘဝတံခါးပိတ် နေသော သူ့အတွက် တံခါးပွင့်သွားသလိုထင်မိသည်။ အသက်ရှူကျပ်နေသော သူ့အတွက် လတ်ဆတ်သော လေကောင်းလေသန့်ကိုရှူရှိုက်လိုက်ရသလိုလည်း ထင်မိသည်။

အမျိုးသမီးနှစ်ယောက် မျက်လုံးချင်းဆုံမိကြသည်။ ဘာဘာရာက ရှက်စိတ်ကြောင့် မျက်နှာနီမြန်းသွားသည်။ သူ့တို့အခန်းသို့ တစ်သက်လုံး ဘယ်သူ တစ်ယောက်မျှ မလာဖူး။ အလုပ်ပိုအတွက် လက်နှိပ်စက်ရိုက်ရန် စာမူတွေကိုလည်း စာအုပ်တိုက်များသို့ ကိုယ်တိုင် သွားယူရသည်။

'ငါ့အတွက် ဆန်ဝယ်ခဲ့ရဲ့လား ဘာဘာရာ၊ ညည်းက အမြဲတမ်းတလွဲ တွေပဲ ဝယ်လာတတ်လို့ မေးရတာတော့'

ဘာဘာရာက ဒက်ဖနီအား နှုတ်ဆက်မည်ဟု လုပ်တုန်း နေ့စဉ် ကြားနေကျ စကားကို ကြားလိုက်ရသည်။ သူ့မိခင်ကြီးမှာ အမြဲတမ်း စိတ်တိုနေသည်။ သူ့ကို အမြဲတမ်း ဆူပူ ကြိမ်းမောင်းသည်။





'ဝယ်ခဲ့ပါတယ် မေမေ၊ မေမေက ဒီမှာ ဘာလာလုပ်နေရတာလဲ၊ အထဲဝင်ပြီး သွားလှဲနေပါလား၊ ဒီမှာ ကျွန်မ ... '

'ကော်ဖီကော ပါလာရဲ့လား'

'ပါပါတယ် မေမေ ပါပါတယ်'

အဘွားကြီးက ဘာဘာရာချထားသော အိတ်ကလေးနှစ်လုံးထဲ လက်နှိုက်ရင်း ဟိုစမ်းသည်စမ်း စမ်းနေသည်။ ဘာဘာရာကတော့ အပေါ်အင်္ကျီကို ချွတ်ရင်း လက်တွေတုန်နေမိသည်။

'မေမေ ကျေးဇူးပြုပြီး အထဲသွားနေပါလား နော်'

ဘာဘာရာက ဒက်ဖနီအား တောင်းပန်မျက်နှာဖြင့် ကြည့်လိုက်သည်။ ဒက်ဖနီက ဘယ်လိုမှ မခံစားရသည့် အမူအရာဖြင့် ပြုံးပြသည်။ သို့သော် သူ့စိတ်ထဲတွင်တော့ ဘာဘာရာနှင့် အမေအိုကြီးတို့ကိုကြည့်ပြီး တစ်မျိုးကြီး ခံစားရသည်။ ခဏကြာတော့ အဘွားကြီးသည် နောက်ဖေးခန်းသို့ ဝင်သွားသည်။

သည်တော့မှ ဒက်ဖနီက သူလာရင်းကိစ္စကို ဘာဘာရာအား ပြောပြပြီး လက်နှိပ်စက်ရိုက်ရန် စာမူတွေကို အပ်သည်။

လက်နှိပ်စက်ရိုက်ပြီးစာမူများ တစ်ပတ်အတွင်း ပြန်ရောက်လာသည်။ လက်ရာက အလွန်ကောင်းသည်။ သေသပ်သည့်အပြင် အမှားအယွင်းလည်း လုံးဝကင်းသည်။ ယခုကဲ့သို့ ဒုက္ခိတအမေအိုကြီးနှင့် နေရသည့်အထဲက ယခုလို လက်ရာကောင်းမျိုး လုပ်ကိုင်နိုင်သည်ကို ဒက်ဖနီက အံ့သြမိသည်။ ပါးစပ် ကလည်း ထုတ်ဖော် ချီးကျူးသည်။

နောက်ပိုင်းတွင်တော့ ဒက်ဖနီက ဘာဘာရာအား အလုပ်တွေ တစ်ကြိမ်ထက် တစ်ကြိမ် ပိုပေးလာသည်။ စာမူကြမ်းများ ပြင်ထားသော စာမူများနှင့် ဇာတ်လမ်း အကျဉ်းချုပ်များကို ရိုက်ခိုင်းသည်။ သည်လိုနှင့်ဒက်ဖနီနှင့် ဘာဘာရာတို့မှာ မိတ်ဆွေရင်းချာ ဖြစ်လာကြသည်။

နောက်တော့ အလုပ်ပိုတွင်အောင် ဆိုပြီး ဒက်ဖနီက ဘာဘာရာအား သူ့အခန်းသို့ခေါ်ပြီး လုပ်ခိုင်းသည်။

ဤသို့ဖြင့် ဘာဘာရာက သူ၏ဘဝဇာတ်လမ်းကို ဒက်ဖနီအား ရင်ဖွင့် ပြောပြဖြစ်တော့သည်။

ဘာဘာရာ ကိုးနှစ်သမီး အရွယ်တွင် ဖခင်ဆုံးသွားသည်။ မိခင်ကြီးက သမီးကလေး လူရာဝင်ရေးအတွက် မုဆိုးမဘဝဖြင့် ရုန်းကန်လှုပ်ရှားရင်း အကောင်းဆုံး ကျောင်းတွင် ထားပေးသည်။ အထက်တန်းအောင်တော့လည်း ကောလိပ်ကျောင်းသို့ တက်ပို့သည်။ ဘာဘာရာသည် စမစ်ကောလိပ်မှ ဂုဏ်ထူး ဖြင့်ဘွဲ့ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကံဆိုးချင်တော့ ထိုအချိန်တွင် မိခင်ကြီး ရုတ်တရက်လေဖြတ်ပြီး ဒုက္ခိတဘဝသို့ ရောက်သွားရှာသည်။ သို့ဖြင့် ဘာဘာရာက မိခင်ကြီးအား စောင့်ရှောက်လုပ်ကျွေးရန် အလုညှ်ရောက်လာခဲ့ရသည်။ သူတို့သားအမိသည် နှစ်နှစ်တိတိ စားရမဲ့ သောက်ရမဲ့ ဘဝဖြင့် မသေရုံတမယ် ရပ်တည်ခဲ့ကြရသည်။ နောက်တော့ ဘာဘာရာ အလုပ်ရသည်။ ရှေ့နေနှစ်ယောက်ထံတွင် လက်နှိပ်စက်စာရေးမ အဖြစ် လုပ်ကိုင်ရသည်။ ညကျတော့ ဒုက္ခိတမိခင်ကြီးကို မအိပ်မနေပြုစုရသည်။ သူ့မှာအားလပ်ချိန်ဟူ၍ မရှိသလောက်ဖြစ်သည်။ အလုပ်ပင်ပန်းလွန်းသဖြင့် သူသည် အမြဲတမ်းလိုလို မောဟိုက်နေသည်ဟု ဒက်ဖနီအား ပြောပြသည်။

ဘဝအခြေအနေ ပြေလည်လာအောင် အိမ်ထောင်ပြုမည်ဟု စဉ်းစားပြန်တော့လည်း ကောလိပ်ကျောင်းတုန်းက ရင်းနှီးခဲ့သော သူ့ချစ်သူက သူ့ဒဏ်ကို မခံနိုင်။ သူကလည်း ချစ်သူ၏ တောင်းဆိုချက်ကို မလိုက်လျောနိုင်။ သူ့ချစ်သူက မိခင်ကြီးကို ခွဲပြီး သူ့နောက်လိုက်ခဲ့ရမည်ဟု ပြောတော့ ဘာဘာရာခမျာ ရှိုက်ကြီး တငင်ငိုရှာသည်။ သူတို့ အိမ်ထောင်ပြုလျှင် မိခင်ကြီး၏စရိတ်ကို မခံနိုင်။ ဘိုးဘွားရိပ်သာ ပို့မည် ဆိုပြန်တော့လည်း မိခင်ကြီးက သူ့ကိုမပို့ရန် မျက်နှာငယ်ကလေးဖြင့် တောင်းပန်ရှာသည်။ တကယ်တော့ ဘာဘာရာက ဘယ်အခြေအနေမျိုးပင် ရောက်ရောက် မိခင်ကြီးအား မခွဲနိုင်။ သူ့မိခင်ကြီးသည် နေ့ရောညပါ မအိပ်မနေ အလုပ် နှစ်မျိုးလုပ်ကာ သမီးကလေးအား ပညာသင်ပေးခဲ့သည်။ သည် ကျေးဇူးတရားတွေကို ဘာဘာရာ အနေဖြင့် တစ်သက်မေ့၍ ရနိုင်ပါမည်လား။

မိခင်ကြီး၏ အဆုံးမရှိသော ကျေးဇူးတွေကို ပြန်ဆပ်ရမည်။ ကျေးဇူးရှင် မိခင်ကြီးအား သေတပန်သက်တဆုံး လုပ်ကျွေးသွားရမည်။

ထို့ကြောင့်လည်း လွန်ခဲ့သော နှစ်နှစ်တိတိ ဒုက္ခိတမိခင်ကြီးအား မညည်းမညူ စောင့်ရှောက် လုပ်ကျွေးလာခဲ့ခြင်းဖြစ်သည်။ ထိုနှစ်နှစ် ကုန်ဆုံးချိန်တွင်ပင် သူ့အလုပ်ရှင် ရှေ့နေတစ်ယောက်က ဇနီးသည်ကို ပစ်ထားပြီး ဘာဘာရာအား ပိုးပန်းလာသည်။ သူက ဘာဘာရာ ရုန်းကန်နေရသော ဘဝကိုသိသည်။ ဘာဘာရာကို သနားမိသည်။ ဘာဘာရာက ဉာဏ်လည်းထက်သည်။ စိတ်ကောင်း လည်းရှိသည်။ ထို့ကြောင့်လည်း သူက ဘာဘာရာအား ဈွဲလမ်းမိခြင်းဖြစ်သည်။ ဘာဘာရာမှာ အသက် နှစ်ဆယ့်ငါးနှစ်မျှသာ ရှိသေးသော်လည်း သူ့ရုပ်သွင်၊ သူ့အပြော၊ သူ့အပြုအမူတွေက တကယ့် အဘွားအိုကြီး တစ်ယောက်နှင့်တူနေသည်။

သူ့အလုပ်ရှင်ရှေ့နေက သူ့တို့အိမ်ခန်းသို့ ခဏခဏ လာလည်သည်။ အကြောင်းမရှိအကြောင်းရှာကာ အဘွားကြီးကျေနပ်မည့် စကားတွေကို ပြောသည်။ နောက်တော့ ဘာဘာရာအား အပြင်ထွက်လည်ရန် ခေါ်တော့သည်။ အဘွားကြီးက





သမီးဖြစ်သူအား အတန်တန်တားသည်။ သို့သော်လည်း ရှေ့နေ၏ အဆွယ်ကောင်းမှုကြောင့် ဘာဘာရာမှာ မစွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်းငြိ၊ ဖြစ်ရတော့သည်။ သူက မိခင်ကြီးအား အကြောင်းအမျိုးမျိုးပြပြီး ရှေ့နေနှင့် အပြင်ထွက်လည်သည်။ သည်ကာလ သည်နေ့ရက်တွေကတော့ ဘာဘာရာ၏ ဘဝတွင် နေသာသော နေ့ရက်များပင် ဖြစ်တော့သည်။

သို့သော် များစွာမကြာလိုက်ပါ၊ သူတို့ အဆက်အသွယ် ဖြစ်ကြပြီး နောက် ခြောက်လခန့်အကြာ ခရစ္စမတ်ပွဲတော် မကိုင်မီကလေးတွင် သူ့ချစ်သူ ရှေ့နေက သူ့ ဇနီးဟောင်းဆီ ပြန်သွားရတော့မည်ဟု ပြောလာတော့သည်။ ဇနီးဟောင်း ဖြစ်သူသည် လောလောဆယ်တွင် အလွန်အကျပ်အတည်းကြုံနေရကြောင်း၊ သားသမီးတွေကလည်း အကြီးအကျယ် ဒုက္ခပေးနေကြကြောင်း ... ။

'ငါ့မှာ တာဝန်ရှိတယ် ဘာဘာရာ၊ သူတို့ဒါစ်တွေကို ပစ်ထားလို့ မဖြစ် ဘူး၊ ငါ့အနေနဲ့ နေရာဟောင်းကို ပြန်ကိုပြန်သွားရမယ်၊ ငါ့ကို ဘယ်လိုမှ မအော့က်မေ့ပါနဲ့ ကွယ်၊ ဒုက္ခရောက်နေသူတွေကို ငဲ့ညှာရတဲ့အတွက် ဒီလို ဖြစ်ရတာပါ'

သူက မျက်နှာညှိုးငယ်စွာဖြင့် တောင်းပန်ရှာသည်။ ဘာဘာရာကတော့ ဘာမှပြန်မပြော။ သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း မချိပြုံးသာ ပြုံးနေရှာသည်။ ပြုံးနေရင်းမှ မျက်နှာပေါ်သို့ မျက်ရည်တွေ စီးဆင်းကျလာကြသည်။ အတန်ကြာတော့မှ . .

'ရှင်အစတုန်းက ကျွန်မကို ပြောခဲ့တဲ့စကားတွေသတိရသေးရဲ့လား၊ ဘာမဆို ကျွန်မသဘောကျ ဖြစ်စေရမယ်လို့ ရှင်ပြောခဲ့တယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ အဲဒီတုန်းက ငါတကယ်လဲပြောခဲ့တယ်၊ ငါတကယ် ရိုးသားစွာနဲ့ အမှန်အတိုင်း ပြောခဲ့တာပဲ၊ ဒါပေမယ့် ဘာဘာရာ မင်းစဉ်းစားကြည့်စမ်းပါ၊ အခုတော့ အခြေအနေတွေက တစ်မျိုးဖြစ်နေကြပြီ၊ ဂျော်ဂျီနဲ့ ငါဟာ ငယ်လင်ငယ်မယားပါ၊ မင်းအဖြစ်က ဆင်ခြင်တုံတရားမရှိတဲ့ နေ့စဉ်နဲ့အမျှ သမီးအပေါ် နွဲ့ဆိုး ဆိုးနေတဲ့ ဒုက္ခိတ မိခင်ကြီးအတွက် ငဲ့နေရတဲ့ဘဝ၊ မင်းဘဝကို မင်းကြိုက်သလို ဖန်တီးနိုင်တဲ့ အခွင့်အရေးရှိပါတယ်၊ ငါ့အနေနဲ့ဆိုရင်လဲ ငါ့ဘဝ ဟာ ဂျော်ဂျီယာရဲ့ဘဝ ဖြစ်နေတယ်၊ ငါ့အနေနဲ့ နှစ်ပေါင်းနှစ်ဆယ့်နှစ်နှစ်တိတိ ပေါင်းသင်းလာခဲ့တဲ့ မိန်းမတစ်ယောက်ကို ကျောက်ခဲသလဲလို လွယ်လွယ်နဲ့ လွှင့်ပစ်လို့ မဖြစ်နိုင်ဘူး ဘာဘာရာ'

ဤသို့ဖြင့် သူသည် နောက်နေ့တွင် မယားကြီးထံ ပြန်သွားပြီး ဘာဘာရာနှင့် လုံးဝ အဆက်ဖြတ်လိုက်တော့သည်။

ဘာဘာရာသည် နှစ်ဆန်းတွင် အလုပ်ကနုတ်ထွက်လိုက်သည်။ နောက် နှစ်ပတ်ကြာတော့ သူ့မှာ ကိုယ်ဝန်ရှိနေပြီဆိုတာ သိရသည်။ အပြင်မထွက်ဘဲ အခန်းအောင်းပြီး တစ်ပတ်တိတိ စဉ်းစားသည်။ ခေါင်းအုံးပေါ်တွင် မျက်ရည် အိုင်ထွန်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ငိုသည်။ ဘာဘရာက ရှေ့နေကြီးသည် သူ့ကိုတကယ်ချစ်သည် ဟုထင်ခဲ့သည်။ တစ်နေ့နေ့တွင် မယားကြီးနှင့် အပြီးအပိုင် ကွာရှင်းပြီး သူ့ကို တရားဝင် လက်ထပ်လိမ့်မည်ဟုလည်း ယုံကြည်ခဲ့သည်။

ယခုတော့ သူ့ကိုပစ်သွားခဲ့ပြီ။ ကိုရွှေကျေး အစာဝတော့ ဌာနပြန်ပြေးသွားခဲ့ပြီ။ ယခုသူဘာလုပ်ရမှာလဲ။ သူ့အနေဖြင့် ယခုအခြေအနေမျိုးတွင် ကလေးတစ်ယောက်ကို ဘယ်လိုမှ မစောင့်ရှောက်နိုင်။ သူယုံကြည်သော ကိုယ်ကျင့်တရားတွေကို ဘေးချိတ်ပြီး ကိုယ်ဝန်ကို ဖျက်ချရကောင်းမည်လား။ ဒါကိုတော့ သူလုံးဝမလုပ်နိုင်။ လုံးဝမလုပ်ရဲ။

နောက်ဆုံးကြံရာမရတော့ ရှေ့နေကြီးထံ တယ်လီဖုန်းဆက်ပြီး ချိန်းလိုက်သည်။ နေ့လယ်စာစားရင်း သူတို့တွေ့ကြသည်။ ရှေ့နေကြီး၏အမူအရာတွေက ယခင်ကနှင့်လုံးဝမတူတော့။ အလုပ်သဘောဆန်လွန်းနေသည်။

'မင်း နေကောင်းရဲ့လား' ဘာဘရာက ခေါင်းညိတ်သည်။ ခံပြင်းစိတ်ကြောင့် သူ့မျက်နှာက တင်းမာနေသည်။ 'မင်း အမေကော'

'ကောင်းပါတယ်၊ ဒါပေမယ့် ဆရာဝန်ကတော့ သူ့နှလုံးရောဂါ စိုးရိမ်ရတယ်လို့ ပြောတယ်၊ ရှင့်ကို ကျွန်မအရေးကြီးတဲ့စကားပြောစရာရှိတယ်'

'ဩော် ဟုတ်လား၊ ဘာလဲ၊ မင်းဆီ နောက်ဆုံးချက်လက်မှတ် မရောက်လို့လား'

သူနှင့်ဘာဘရာတို့လမ်းခွဲကြပြီးနောက် ဘာဘရာအနေဖြင့် အလုပ်မှနုတ်ထွက်ခြင်းသည် အကောင်းဆုံးဆိုတာ သူတို့နှစ်ယောက်စလုံးပင် သဘောတူကြသည်။ ထို့ကြောင့် ရှေ့နေကြီးက သူ့အပြစ်အတွက် လျော်ကြေးပေးသည့်သဘောဖြင့် ဘာဘရာအား ရှေ့နေလုပ်ငန်းမှလစဉ် မှန်မှန်ထောက်ပံ့ကြေး ပေးခဲ့သည်။ သေနာကြီး၊ ပိုက်ဆံကိစ္စမဟုတ်ဘူး၊ ကျွန်မရဲ့ဘဝကိစ္စ၊ ရှင့်ရဲ့ကလေးကိစ္စ၊ သိရဲ့လား သေနာကြီးရဲ့ဟု ဘာဘရာက စိတ်ထဲက ကျိန်ဆဲလိုက်သည်။

'ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ'

သူက တဲ့တိုးကြီးပင် ပြောလိုက်သည်။

'အင်း ဒီလိုဆိုမလွယ်ဘူး၊ ပြဿနာတော့တက်လာနိုင်တာပဲ' သူက စိတ်ကိုထိန်းပြီး သံမှန်ဖြင့်ပြောသည်။ သို့သော် သူစိတ်လှုပ်ရှားနေကြောင်း မျက်လုံးများက ဖော်ပြနေကြသည်။ 'သေကောသေချာရဲ့လား၊ ဆရာဝန်နဲ့ သွားတွေ့ပြီးပြီလား'

'တွေ့ပြီးပြီ'

'ငါ့ကလေးဆိုတာက တကယ်ဟုတ်ရဲ့လား'

ဘာဘရာ၏ ပါးပြင်ပေါ်သို့ မျက်ရည်တွေစီးဆင်းလာကြသည်။





'အဖြစ်မှန်ကို ရှင်သိပါတယ်၊ မသိချင်ယောင် ဆောင်မနေပါနဲ့၊ ရှင်က လွဲပြီး ကျွန်မ ဘယ်သူနဲ့မှ မအိပ်ဖူးပါဘူး'

'ငါ တောင်းပန်ပါတယ် ဘာဘရာ၊ စိတ်မရှိပါနဲ့၊ ငါက ... '

'ရှင်က တစ်ကိုယ်ကောင်းသမားပါ၊ အိုင်တွေ့လို့ ခြေဆေးပြီး ထွက်ပြေးသွားတဲ့လူ'

သူက ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။ အတန်ကြာတော့မှ လေသံမအေးအေးနှင့်ပြောသည်။

'ငါ့မှာ အသိတစ်ယောက်တော့ ရှိပါတယ်၊ ဒီကိစ္စကို ... '

သူဆက်ပြောမည့် စကားကို ကြိုတွေးမိပြီးဘာဘရာ၏ ရင်ထဲတွင် နင့်ခနဲခံစားလိုက်ရသည်။

'အို မဖြစ်ဘူး၊ မဖြစ်ဘူး၊ ကျွန်မ ဒါမျိုးကို လုံးဝမလုပ်နိုင်ဘူး' ဘာဘရာက ရှိုက်ကာရှိုက်ကာ ငိုနေသည်။

'ဒီမှာ ဘာဘရာ၊ စိတ်လိုက်မာန်ပါ မပြောပါနဲ့၊ စိတ်ကိုငြိမ်ငြိမ်ထားပြီး သဘာဝကျကျ တွေးကြည့်စမ်းပါ၊ အဲဒီနည်းအပြင် ဘာမှလုပ်စရာမရှိတော့ဘူး' သူက အိတ်ထဲမှ စာရွက်တစ်ရွက်ယူပြီး တစ်စုံတစ်ယောက်၏ နာမည်နှင့် နေရပ်လိပ်စာကို ရေးသည်။ ပြီးတော့ ဒေါ်လာတစ်ထောင်တန်ချက်လက်မှတ် တစ်စောင် ရေးသည်။ လိပ်စာစာရွက်နှင့် ချက်လက်မှတ်ကို ဘာဘရာအား ကမ်းပေးသည်။ 'ကဲ ဒီနံပါတ်အတိုင်း ဖုန်းဆက်ပြီး သွားပါ၊ ငါက လွှတ်လိုက်တယ်လို့ ပြောပါ'

'ဟင် ဒါက ဘာလဲ၊ ရှင်က ကော်မရှင်ခရလို့ ဒီအလုပ်ကို လုပ်တာလား' ဘာဘရာက သူ့ရှေ့တွင်ထိုင်နေသော ရှေ့နေကြီးအား နာကြည်းစွာဖြင့် စိုက်ကြည့်နေလိုက်သည်။ ဤပုဂ္ဂိုလ်ကြီးသည် သူအထင်ကြီးခဲ့သော ယုံကြည်ကိုးစားခဲ့သော၊ သူ့ဘဝကို ကယ်တင်နိုင်မည်ဟု ထင်ခဲ့သော ပုဂ္ဂိုလ်မျိုး လုံးဝမဟုတ်ပါကလား။ 'ရှင့်မိန်းမဆိုရင် ရှင်ဒီလိုပဲ လွှတ်မှာလားဟင်'

သူက ဘာဘရာအား မျက်နှာသေကြီးနှင့်ကြည့်နေသည်။ ပြီးတော့မှ

'မနှစ်က ငါ့သမီးကို ဒီလိုပဲ လွှတ်ခဲ့တယ်'

ဘာဘရာက မျက်လွှာချကာ ခေါင်းကို တွင်တွင်ခါလိုက်သည်။

'ဝမ်းနည်းပါတယ်ရှင်'

'ငါလဲ ဝမ်းနည်းပါတယ် ဘာဘရာ' သူက ထိုင်ရာမှ ထရပ်လိုက်ပြီး ဘာဘရာအား ငုံ့ကြည့်ရင်း 'စိတ်ကူးမလွဲပါနဲ့ ဘာဘရာ၊ ငါပြောသလိုသာ မြန်မြန်သွားလုပ်ပါ၊အချိန်ဆွဲမနေပါနဲ့ မြန်မြန်သာ သွားလုပ်လိုက်ပါ မင်းဘာမှမဖြစ်စေရပါဘူး အားလုံး အဆင်ပြေသွားမှာပါ'

www.burmeseclassic.com



ဘာဘရာက ထိုင်နေရင်းမှ မော့ကြည့်လိုက်သည်။

'ကျွန်မ ရှင်ပြောသလို မလုပ်ဘူးဆိုရင် ...'

'အို မင်းဘာတွေ လျှောက်ပြော နေတာလဲ' သူ့အမူအရာ သွေးရူး သွေးတန်း ဖြစ်သွားသည်။

'ကျွန်မ ပြောနေတာ ရှင်းရှင်းကလေးပါ၊ ကျွန်မကလေးကို ဖျက်မချဘဲ မွေးမယ်ဆိုရင် ဘယ်လိုလဲလို့ မေးနေတာပါ'

'ဪ ဒီလိုလား၊ ဒီလိုဆိုရင် မင်းသဘောပဲ၊ မင်းတာဝန်ပဲ'

'ဘာလဲ ရှင်နဲ့ လုံးဝမဆိုင်ဘူးလို့ ဆိုချင်တာလား'

'ဟုတ်တယ်၊ ငါနဲ့လုံးဝမဆိုင်ဘူး၊ တကယ်ဆိုရင် ဒီကလေးဟာ ငါ့ရင်သွေး ဆိုတာတောင် သေချာသေးတာ မဟုတ်ဘူး၊ အခု ငါပေးတဲ့ ငွေတစ်ထောင်ဟာ ငါ့ဆီက မင်း နောက်ဆုံးရတဲ့ ပိုက်ဆံလို့ မှတ်ပါ'

'ဪ ရှင်က ဒီလိုကိုး' ဘာဘရာက စားပွဲပေါ်မှ ချက်လက်မှတ်ကို ကောက်ယူပြီး အစိတ်စိတ်အမြွာမြွာ ဆွဲဆုတ်ပစ်လိုက်သည်။ ပြီးတော့ သူ့ဆီ ကမ်းပေးလိုက်ရင်း 'ပိုက်ဆံပေးတာ အများကြီး ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မအတွက် မလိုပါဘူးရှင်'

ဘာဘရာသည် လိုင်ရာမှ ဆတ်ခနဲထပြီး မှိုတယ်ထဲမှ ခပ်မြန်မြန် ကလေး ပြန်ထွက်လာခဲ့သည်။

သူ တစ်လမ်းလုံး ငိုလာခဲ့သည်။ ထိုနေ့ညတွင် သူ့အခန်းထဲသို့ မိခင်ကြီး အတင်းဝင်လာပြီး ဆူပူကြိမ်းမောင်းတော့သည်။

'ဘာလဲ ညည်းကိုသူပစ်သွားပြီ မဟုတ်လား၊ ခုတော့ သူ့မယားကြီးဆီ ပြန်သွားပြီပေါ့ ဟုတ်လား၊ အစကတည်းက ငါမပြောဘူးလား၊ ဒီလူဟာ လူကောင်း မဟုတ်ပါဘူးလို့၊ ကဲ ခုတော့ဘယ့်နှယ်ရှိစ၊ ဒီလောက်တောင် လင်လို ချင်တဲ့ လင်ငတ်မ သိရော မဟုတ်လား'

'အို မေမေရယ်၊ ဘာမှလာပြောမနေပါနဲ့၊ သွားစမ်းပါ၊ သမီး တစ်ယောက် တည်း အေးအေးဆေးဆေး နေပါရစေ၊ သွားစမ်းပါ၊ သမီးတောင်းပန်ပါတယ်'

ဘာဘရာသည် ခုတင်ပေါ်တွင် လှဲအိပ်ကာ မျက်လုံးကို စုံမှိတ်ထားလိုက် သည်။

'ညည်းက ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား၊ အို ဘုရားရေ၊ လက်စသတ်တော့ ဒီအထိတောင် ဖြစ်နေပြီကိုး၊ ဘုရား ...ဘုရား ...၊ ညည်းမှာ ကိုယ်ဝန် ရှိနေပြီ မဟုတ်လားဟင်၊ ဟောကောင်မ ငါမေးနေတာ မကြားဘူးလား၊ ပြောစမ်းပါ၊ ပြောစမ်းပါအေ'





အဘွားကြီးသည် ခုတင်နားသို့ လျှောက်လာပြီး ဘာဘရာရှေ့တွင် ရပ် နေသည်။

ဘာဘရာက ခုတင်ပေါ်တွင် ထထိုင်ကာ မိခင်ကြီး၏ မျက်နှာကို မော့ ကြည့်ရင်း

'ဟုတ် ... ဟုတ်ပါတယ် ... မေ ... မေမေ'

'အလို ဘုရားသခင် ကြည့်မနေပါနဲ့၊ ညည်းအဖြစ်က ဆိုးလှချည်လား၊ အမိုက်မရဲ့၊ ကြည့်စမ်း လင်ကောင်မပေါ်ဘဲ ကိုယ်ဝန်ရသတဲ့၊ ကျော်မကောင်း ကြား မကောင်း ရှက်စရာကောင်းလှတယ် တိရစ္ဆာန်မရဲ့၊ ညည်းလူပုံအလယ်မှာ ဘယ်လို လုပ်ပြီး မျက်နှာပြတော့မှာလဲဟဲ့၊ ဘယ်လိုမျက်နှာပြတော့မှာလဲ ဟင်း၊ ငါ စိတ်ဆင်းရဲ လိုက်တာ၊ သေသာ သေလိုက်ချင်တော့တယ် ဟင်း'

အဘွားကြီးက ဘာဘရာအနီးသို့ ကပ်လာပြီး ပါးကိုဖြန်းခနဲ တစ်ချက် ရိုက်လိုက်သည်။

ဘာဘရာသည် ခံစားချက်ကြောင့် ရုတ်တရက်ဒေါသပေါက်ကွဲသွားပြီး

'အို အမေဘာတွေလာပြောနေတာလဲ၊ သွားစမ်းပါ၊ ကျွန်မ ဘာစကားမှ မကြားချင်ဘူး'

အဘွားကြီးက ဘာဘရာအား နောက်ထပ်တစ်ချက် ရိုက်လိုက်ပြန်သည်။ ဘာဘရာ ခုတင်ပေါ်လဲကျသွားပြီး ကြုံ့ကြုံ့ပါအောင် ရှိုက်ငိုနေသည်။

မအေကြီးနှင့်သမီးဖြစ်သူတို့ နှစ်ပတ်လောက်ကြာတော့မှ စကားပြောသည်။ မအေကြီးက ပြောပြန်တော့လည်း သမီးဖြစ်သူ စိတ်ချမ်းသာဖည့်စကားကိုမပြော။ လဲရာ ဗိထောင်းသည့် စကားမျိုးကိုသာ ပြောသည်။

'ညည်း ဘဝတော့ ရေစုန်မျောပြီ ဘာဘရာ၊ ညည်း ဘာဂုဏ်သိက္ခာမှ မရှိတော့ဘူး၊ အလုပ်လဲ တစ်သက်လုံး ရတော့မှာ မဟုတ်ဘူး'

ဘာဘရာကလည်း တခြားကိစ္စထက် အလုပ်အတွက်သာ ပူ၍မှုမိသည်။ ရှေ့နေလုပ်ငန်းမှ ထွက်လိုက်ပြီးကတည်းက ဘာအလုပ်မှ ရှာ၍ မရသေး။ အလုပ် လက်မဲ့ လူဦးရေကလည်း လွန်ခဲ့သော နွေရာသီမှစ၍ တစ်နေ့တခြား တိုးသည်ထက် တိုးလာသည်။ သူသည် စမစ်ကောလိပ်မှ ဂုဏ်ထူးနှင့်ဘွဲ့ရထား ပေမယ့် အလကားဘွဲ့ ဖြစ်နေသည်။ ဘာအလုပ်မှ ရှာ၍မရ။ သည်ကြားထဲ သူ့ဗိုက် ကလည်း တစ်နေ့ထက် တစ်နေ့ကြီး၍ ကြီး၍လာခဲ့ပြီ။

နောက်ဆုံးမတတ်သာတော့ သူမလုပ်ချင်ဆုံး အလုပ်ကိုပင် ရွတ်မှိတ်ပြီး လုပ်လိုက်ရတော့သည်။

ထို့နောက်တွင်တော့ မိခင်နှင့် သမီးတို့ကြားတွင် တင်းမာမှုပေါ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



လာတော့သည်။ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်နိုင် ဖြစ်လာကြသည်။ ဘာဘာရာက အိမ်ခန်းပြောင်းရန် စီစဉ်သည်။ သို့သော် ထိုရက်အတွင်း မိခင်ကြီး ဒုတိယအကြိမ် ရုတ်တရက် လေဖြတ်ပြန်သဖြင့် မပြောင်းဖြစ်တော့။ ဘာဘာရာ၏ အပြင်းပြဆုံးဆန္ဒကတော့ ကိုယ်ပိုင်အခန်းဖြင့်သာ တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ်နေချင်သည်။ သူ့မှာ အလုပ်မရှိသော်လည်း အလုပ်လက်မဲ့ထောက်ပံ့ကြေးတော့ မှန်မှန်ရနေသည်။ သူက အလုပ်မှ ထုတ်ပစ်ခံရသူအဖြစ် လိမ်၍ မှတ်ပုံတင်ထားသည်။ ဒါကို သူ့ချစ်သူဟောင်းရှေ့နေကြီးကလည်း သဘောတူသည်။ မိခင်ကြီးကတော့ ဖခင်အတွက် မိသားစုပင်စင် ရသည်။ ယင်းဝင်ငွေ နှစ်မျိုးဖြင့်ပင် သားအမိနှစ်ယောက် ရပ်တည်နေကြခြင်းဖြစ်သည်။ သို့သော် တစ်လတစ်လ အလျှဉ်မမီ၊ မငတ်ရုံတမယ် စားသောက်နေထိုင်ကြရသည်။

သည်လိုနေရင်းဖြင့် ဘာဘာရာသည် မိခင်ကြီး၏ ရောဂါကို ကြိုးစားပြုစုသည်။ ခြောက်လခန့်ကြာတော့ အခြေအနေ တော်တော်ကောင်းလာသည်။ သို့သော် မိခင်ကြီးကတော့ ဘာဘာရာအား ဘယ်တော့မှ ခွင့်မလွှတ်နိုင်အောင် ဖြစ်နေသည်။

နောက်များမကြာမီတွင် ဘာဘာရာအလုပ်ရသည်။ ရှေ့နေလုပ်ငန်းတစ်ခုတွင်ပင် ဖြစ်သည်။ သည်တစ်ကြိမ်တွင်တော့ သူ့အနေဖြင့် အချစ်ရေးပြဿနာ မပေါ်တော့။ သူ့ဘဝတွင် ယောကျ်ားအပေါင်းအသင်းလည်း တစ်ယောက်မျှ မရှိတော့။ သူ၏ တစ်ဦးတည်းသော အပေါင်းအသင်းမှာ မိခင်ကြီးသာ ဖြစ်သည်။ ကောလိပ်တုန်းက မှတ်ဆွေအပေါင်းအသင်းတွေနှင့် တဖြည်းဖြည်း အဆက်ပြတ်ကုန်သည်။ သူတို့က ဖုန်းဆက်ကြသော်လည်း ဘာဘာရာက ပြန်မဆက်ချင်။ သူတို့က ချစ်သူကိုယ်စီနှင့်။ အများစုမှာ အိမ်ထောင်သည်တွေ ဖြစ်ကုန်ကြပြီ။ သားသမီးတွေပင် ရနေကြပြီ။

သူကတော့ မယားကြီးရှိသူ တစ်ယောက်နှင့်ချစ်ခဲ့သည်။ ကိုယ်ဝန်ရ၍ ဖျက်ချခဲ့ရသည်။ အလုပ်ကလည်း လက်နှိပ်စက်စာရေးမ။ အလုပ်က ပြန်လာရတော့လည်း ဒုက္ခိတမိခင်အိုကြီးအား အချိန်ပြည့်ပြုစုစောင့်ရှောက်နေရသူ။ သည်ကြားထဲ ပိုက်ဆံပြတ်လျှင် မိခင်ကြီး၏အဆူအပူ အကြိမ်းအမောင်းကို အမြဲတမ်းခံနေရသေးသည်။

သည်လိုနေရင်းမှ တစ်နေ့တွင် သူတို့လုပ်ငန်းမှတခြားလက်နှိပ်စက် စာရေးမတစ်ယောက်က သူ့အား အပိုဝင်ငွေရအောင် စာမူပွဲစား လုပ်ငန်းများနှင့် ဆက်သွယ်ဖို့ အကြံပေးသည်။ အကြံပေးချက်အတိုင်း ဘာဘာရာက သွားရောက် ဆက်သွယ်ရာမှ ဒက်ဖနီနှင့် တွေ့ကြသည်။ ဘာဘာရာက လက်နှိပ်စက်စာရေးမ လုပ်လာတာ ဆယ်နှစ်ရှိပြီ။ အလုပ်ပင်ပန်း၍ အသားအရေမရှိ။ ပိန်လှီလှသည်။ အသက်ကတော့





သုံးဆယ့်ခုနစ်နှစ်။ တချိန်တုန်းကဆိုလျှင် သူသည် အရုပ်အမောင်း ထွားထွားကျိုင်းကျိုင်းဖြင့် တော်တော်ချောသော အားကစား အမျိုးသမီး ကလေးတစ်ယောက်။ ကောလိပ်တုန်းကလည်း အမျိုးသမီးအားကစားအသင်း ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ဝိမ္ဗာဘွဲ့ကိုလည်း နိုင်ငံရေးသိပ္ပံ ဂုဏ်ထူးဖြင့် ရခဲ့သည်။

ယခုတော့ လက်နှိပ်စက်စာရေးမအဖြစ်ဖြင့် လေးထပ်တိုက်ပေါ်မှ အခန်းကျဉ်းကလေးထဲတွင် တကိုယ်ကုန်းနှင့်မအိပ်မနေ အလုပ်လုပ်နေရသည်။ သည်ကြားထဲတွင် အမြဲတမ်းအပြစ်ရှာပြီး ဆူပူကြိမ်းမောင်းနေသော ရောဂါသည် မိခင်ကြီးကိုလည်း ပြုစုရသေးသည်။ မိခင်ကြီးက ဘာဘာရာလုပ်သမျှ ဘာမဆို အပြစ်သာ မြင်နေသည်။ ဘာဘာရာအနေဖြင့် စိတ်ဓာတ်တွေကျပြီး တက်တက်ကြွကြွ မရှိတာကိုလည်း မိခင်ကြီးက တဖျစ်တောက်တောက် အပြစ်တင်သည်။ တကယ် တော့ ဘာဘာရာ စိတ်ဓာတ်ကျအောင် အမြဲတမ်း ဆူဆူပူပူ လုပ်နေတာက သူ။

ဒက်ဖနီနှင့်တွေ့ရတော့ ဒက်ဖနီက ဘာဘာရာကို တော်တော် စိတ်ဝင်စားမိသည်။ သို့သော် သူက ကိုယ်ရေးကိုယ်တာဖြစ်ရပ်များကို မမေးရဲ။ ကိုယ်ရေး ကိုယ်တာနှင့် ပတ်သက်လျှင် ဘာဘာရာကလည်း အလွန် လျှို့ဝှက်သည်။ အလွန် သိုသိပ်သည်။

သို့သော် တစ်ညတွင်တော့ ဘာဘာရာက လက်နှိပ်စက်ရိုက်ပြီးသား စာမူတွေကို လာပေးရင်း ရောက်တတ်ရာရာ ထွေရာလေးပါး ပြောဆိုနေကြရာမှ စကားစပ်မိပြီး ကိုယ်ရေးကိုယ်တာတွေကို နှစ်ယောက်သား အပြန်အလှန် ရင်ဖွင့် ဖြစ်ကြတော့သည်။ ဒက်ဖနီ၏ အလုပ်ကို ဘာဘာရာ လုပ်လာခဲ့သည်မှာ တစ်နှစ်တာမျှ ရှိခဲ့ပြီ။ သည်တော့မှ တစ်ယောက်အကြောင်း တစ်ယောက်ရင်းရင်းနှီးနှီး မေးမြန်းဖြစ်ကြခြင်းဖြစ်သည်။

ဘာဘာရာက သူ့အလုပ်ရှင်ရှေ့နေကြီးနှင့် အဆက်ဖြစ်ခဲ့ပုံ၊ ကိုယ်ဝန် ဖျက်ချခဲ့ရပုံနှင့် ဒုက္ခိတမိခင်ကြီးနှင့် နေရပုံတို့ကို စီကာပတ်ကုံးပြောပြသည်။ စိတ်မချမ်းသာစရာကောင်းလှသော ဇာတ်လမ်းရှည်ကြီးကို ဒက်ဖနီက ငြိမ်ပြီး နားထောင်နေသည်။ ဘာဘာရာ ပြောပြီးတော့ ဒက်ဖနီက သူ့ဇာတ်လမ်းကို ပြောပြ သည်။ သူက ဂျက်ဖ်၊ အေမီနှင့် အန်ဒရူးကလေးတို့အကြောင်းကို ပြောပြသည်။ နှစ်ယောက်သား ဒက်ဖနီ၏ အခန်းကြမ်းပြင်တွင် ထိုင်ကာ စကားကောင်းနေ လိုက်ကြသည်မှာ အရုဏ်တက်ချိန်ပင် တိုင်သွားသည်။

ယခုဒက်ဖနီအား ဆေးရုံပေါ်က လူနာခုတင်ပေါ်တွင် မလှုပ်မယှက် ပက်လက်ကြီး မြင်လိုက်ရတော့ ဘာဘာရာမှာ ကိုယ့်မျက်လုံး ကိုယ်မယုံကြည်နိုင်အောင်ပင် ဖြစ်ရသည်။

ဘာဘာရာ၏ဘဝကို သိရတော့ဒက်ဖနီက ကိုယ်ချင်းစာ၍ စိတ် မကောင်း ဖြစ်မိသည်။ သည်အတိုင်းသာ မိခင်ကြီးနှင့်ဆက်နေသွားလျှင် မိမိဘဝ ပျက်မွန်း



www.burmeseclassic.com

www.burmeseclassic.com



သည်ထက် နစ်မွန်းရုံသာ ရှိတော့သည်ဟု ဒက်ဖနီက ပြောသည်။

သူတို့နှစ်ယောက် အတော်ကလေး 'ထွေ' နေကြပြီ။ ဒက်ဖနီက ဘာဘရာအား လက်ညှိုးငေါက်ငေါက်နှင့် ပြောနေသည်။

'အဘွားကြီးကိစ္စ ဘေးချိတ်ထားလိုက်စမ်းပါ၊ ရှင့်ဘဝရပ်တည်မှုရဖို့က အဓိက မဟုတ်လား'

'ဒက်ဖ် ပြောတာ ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မ ဒီအခြေ အနေနဲ့ ဘာဖြစ်လိုလုပ်နိုင်ပါ့မလဲ၊ မေမေက လုံးဝလမ်းလျှောက်လို့ ရတာမဟုတ်ဘူး နှလုံးရောဂါလဲ ရှိတယ်၊ ဒီကြားထဲ လေဖြတ်တာလဲ သုံးကြိမ်တောင် ရှိသွားပြီ ဒက်ဖ်'

'ဒါဆို သူ့ကို လူအိုရိပ်သာ ပို့လိုက်ပါလား၊ ရှင် မတတ်နိုင်ဘူးလား'

'တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် ကြိုးစားပြီးလုပ်ရင် တတ်နိုင် ပါတယ်၊ ဒါပေမယ့် သူ့ကိုရိပ်သာပို့ရင် သတ်သေမယ်ပြောနေတော့ ဘယ်လိုလုပ်မလဲ၊ ကျွန်မအပေါ်မှာ မေမေ့ကျေးဇူးတွေ အများကြီးရှိတယ် ဒက်ဖ်၊ ကျွန်မကို ဘွဲ့ရတဲ့အထိ သူ နေ့မအား ညမအား အလုပ်လုပ်ပြီး ပညာသင်ပေးခဲ့တယ်'

'အခုတော့ သူက ရှင့်ဘဝကို ဖျက်ဆီးနေတယ် မဟုတ်လား၊ ဒီတော့ ရှင် ဘာငဲ့နေစရာလိုတော့လဲ၊ ကိုယ့်အတွက်လဲ ကိုယ်ပြန်ကြည့်ဦးမှပေါ့'

'ဘာ ... ကိုယ့်အတွက် ဟုတ်လား၊ ကျွန်မမှာ ကိုယ့်အတွက်ရယ်လို့ ဘာမှ အားကိုးစရာမရှိတော့ပါဘူး'

'ဘာလို့မရှိရမှာလဲ၊ ရှိရမှာပေါ့' ဘာဘရာက ဒက်ဖနီ၏ မျက်နှာကို မော့ကြည့် လိုက်သည်။ သူက ဒက်နီ၏စကားကို ယုံကြည်ချင်ပါသည်။ သို့သော် ကိုယ့်တက်လမ်းကို ကိုယ်ရှာရန် စဉ်းစားလိုက်တိုင်း ပျက်ခဲ့ရပေါင်းများလှပါပြီ။ 'ရှင်ကသာ ဆန္ဒရှိရင် ဘာမဆို လုပ်နိုင်ပါတယ်၊ လုပ်လို့ဖြစ်ပါတယ်'

သည်စကားကို နယူးဟမ်းပရှိုင်းယားနယ်မှာရှိစဉ်မှာ သူ့ကို ဂျွန်က ပြောခဲ့ခြင်းဖြစ်သည်။ သူက ဘာဘရာအား ဂျွန်အကြောင်းကို ပြောပြသည်။ ဘာဘရာအား ပထမဆုံးအကြိမ်ပြောပြခြင်းဖြစ်သည်။ ယခုအချိန်တွင်တော့ သူတို့ နှစ်ယောက်ကြားတွင် လျှို့ဝှက်ချက်ဆိုတာ မရှိတော့။ နောက်ပိုင်းတွင်တော့ နှစ်ယောက်သား အန်ဒရူးကလေး အကြောင်းကို အပ်ကြောင်းထပ်အောင် ပြောမဆုံး ဖြစ်နေကြတော့သည်။ အန်ဒရူးကလေးသည် ဒက်ဖနီအတွက် အရာခပ်သိမ်း ဖြစ်သည်။ အားမာန်လည်း ဖြစ်သည်။ အသက်လည်း ဖြစ်သည်။

'ရှင့်မှာ သားကလေးကျန်ရစ်သေးတာ အများကြီးဖြေသာပါတယ် ဒက်ဖ်'

ဘာဘရာက ဒက်ဖနီ၏ဘဝကို အားကျမိသည်။ သူ့ကလေးကို မွေးခဲ့လျှင် ယခုအခါ ဆယ်နှစ်အရွယ်ပင်ရှိပေရော့မည်။ သူက ကလေးအကြောင်းကို မကြာခဏ





သတိရသည်။ သတိရတိုင်းလည်း ဝမ်းနည်းပက်လက်ဖြစ်ရသည်။

'ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ဒါပေမယ့် တကယ်တမ်းကျတော့ ရှင် တွေးကြည့်ရမ်း၊ သားလေးဟာ ပြုပြင်ရေးကျောင်းမှာ၊ ကျွန်မက တစ်ယောက်တည်း၊ အားကိုစရာ ဘယ်သူမှ မရှိဘူး၊ ကိုယ့်ဘဝကိုယ် ထိန်းကျောင်းနေရတဲ့ ဘဝ'

သြော် တကယ်တော့ ဒက်ဖနီ၏ ဘဝလည်း ငါ့ဘဝထက် ပိုမသာပါကလား ဟု ဘာဘရာ တွေးမိသည်။ ဒက်ဖနီမှာ သားကလေးရှိသည်။ အလုပ်ရှိသည်။ ဒါပေမယ့် သူသည် အထီးကျန်ဖြစ်သည်။ ဂျွန်ဆုံးပြီးကတည်းက သူ ဘယ် ယောကျာ်းနှင့်မှ အဆက်အဆံမရှိခဲ့။ ယောကျာ်းတွေကို အတတ်နိုင်ဆုံး ရှောင်ခဲ့သည်။ သူ့ကို ကြိုက်သော ယောကျာ်းတွေ တစ်ပုံကြီးရှိသည်။ ဂျက်ဖ်၏ မိတ်ဆွေတွေထဲက လည်းရှိသည်။ စာမူ ကိုယ်စားလှယ် မိတ်ဆက်ပေး၍ တွေ့ရသော စာရေးဆရာ တစ်ယောက်လည်း ရှိသည်။ စာအုပ်လောက ပါတီပွဲများတွင် တွေ့ရသော ပုဂ္ဂိုလ်တွေ လည်း အများကြီး။ သို့သော် ၎င်းတို့အား သူက လုံးဝ အတွယ်မခံခဲ့။ သည်တော့ သူ့ ဘဝသည်လည်း ဘာဘရာ၏ဘဝလိုပင် အထီးကျန် ဘဝဖြစ်သည်။ သူတို့ နှစ်ယောက် သည် ဘဝချင်းတူကြသည်။ ထို့ကြောင့်လည်း တစ်ယောက်အပေါ် တစ်ယောက် ခင်မင်မိကြသည်။ ဒက်ဖနီက ဘာဘရာအပေါ် တွင် သူများတွေထက်ပို၍ ယုံကြည်မှုရှိသည်။ သူတို့နှစ်ယောက် မကြာခဏ အပြင်ထွက်ပြီး နေ့လယ်စာ စားကြသည်။ စနေနေ့များတွင် ကုန်ပဒေသာ ကိုက်သို့ ဈေးဝယ်ထွက်ကြသည်။

'ဒါနဲ့ ရှင်ကိုယ့်ဘဝကိုယ် ပြန်စဉ်းစားမိရဲ့လား ဒက်ဖ်၊ ကျွန်မတော့ ရှင့်ကို ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်နေတယ်'

တစ်နေ့တွင် ကုန်တိုက်ထဲပစ္စည်းတွေ လျှောက်ကြည့်နေရင်းမှ ဘာဘရာက ဒက်ဖနီအား ပြောလိုက်သည်။

'ဒါက အဆန်းမဟုတ်ပါဘူးလေ'

ဒက်ဖနီက ပြုံးပြီး ပြန်ပြောသည်။

'ကျွန်မ တကယ်ပြောနေတာ၊ ရှင်က အရွယ်လဲ ရှိသေးတယ်၊ လှလဲလှတယ်၊ ကြိုက်တဲ့ယောကျာ်း ခေါင်းခေါက် ရွေးနိုင်တဲ့ အခြေအနေရှိတယ်၊ ဒါနဲ့ တောင်များ ရှင်က တချိန်လုံးကျွန်မနဲ့ပဲ ဘာလို့ အချိန်ဖြုန်းနေတာလဲ ဟင်'

'ရှင်က ကျွန်မ မိတ်ဆွေပဲ၊ ရှင့်ကို ကျွန်မခင်တယ်၊ ကျွန်မ ဘယ်ယောကျာ်း ကိုမှ မခင်ဘူး'

'အဲဒါကြောင့် ကျွန်မပြောတာပေါ့၊ ရှင့်ကို ဘယ်လိုမှ နားမလည်နိုင်ဘူး လို့'

'ဘာ နားမလည်နိုင်စရာရှိသလဲ၊ ကျွန်မဘဝလောက်မှ မပြည့်စုံတဲ့ လူတွေ မှ မနေဘူး' သည်စကားကို ပြောမိပြီးမှ အဘက်ဘက်မှ မပြည့်စုံသော ဘာဘရာ၏



www.burmeseclassic.com

www.burmeseclassic.com

ဘဝကို တွေးမိပြီး ဒက်ဖနီ စိတ်မကောင်း ဖြစ်မိရသည်။

'ဟုတ်ပါတယ်၊ ရှင်ပြောတာ ကျွန်မသဘောပေါက်ပါတယ်၊ ဒါပေမယ့် ဒီအကြောင်းလောက်နဲ့တော့ ရှင် အထီးကျန်ဘဝနဲ့ မနေသင့်ပါဘူး'

'ကျွန်မ အနေနဲ့တော့ ဂျက်ဖ်နဲ့ နေခဲ့ရတဲ့ဘဝမျိုး၊ ဂျွန်နဲ့ နေခဲ့ရတဲ့ ဘဝမျိုးကို တစ်သက် ဘယ်တော့မှ မရနိုင်တော့ပါဘူး၊ ပထမတန်းစားကို ရခဲ့ဖူးပြီးတဲ့ နောက်တော့ ဒုတိယတန်းစားကို ဘာလို့ စဉ်းစားနေရဦးမှာလဲ'

'ဒါလဲ လုံလောက်တဲ့အကြောင်းမဟုတ်သေးဘူး'

'ကျွန်မ အတွက်တော့ လုံလောက်ပါတယ်၊ သူတို့လို ယောကျ်ားမျိုးနဲ့ နောက်ထပ် ဘယ်တော့မှ မတွေ့နိုင်တော့ပါဘူး'

'သူတို့လိုတော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ ဒါပေမယ့် တခြားသင့်တော်တဲ့ တစ်ယောက်ယောက်ပေါ့၊ ဒါဆို ရှင်က နောက်အနှစ် ငါးဆယ်လုံးလုံး ဒီအတိုင်းပဲ တစ်ကိုယ်တည်း နေသွားတော့မှာလား'

ဘာဘရာက သူ့ဘဝကိုတော့ ဒက်ဖ[illegible]က် အဓိပ္ပာယ်ရှိသည်ဟု ယူဆသည်။ သူက သူ့ဘဝကို မိခင်ကြီးအပေါ်တွင် လုံးဝမြှုပ်နှံထားသည်။ သူက အရေးမကြီး။ မိခင်ကြီးသာ အရေးကြီးသည်။ သို့သော် သူတို့၏ ဘဝနှစ်ခုကို တကယ် ယှဉ်ကြည့်တော့ ဒက်ဖနီ၏ဘဝက ပိုသာနေသည်ဟု ထင်သည်။ ဒက်ဖနီက အသက်လည်း ငယ်သေးသည်။ ရုပ်ရည်လည်းချောမောသည်။ ဒက်ဖနီအား ပထမဆုံး စတင်တွေ့ကတည်းက ဘဝတွင် တကယ်အောင်မြင်မှုရနိုင်သည့် အမျိုးသမီး တစ်ယောက်ဟု သူက မှတ်ချက်ချခဲ့သည်။

အလားတူပင် ဒက်ဖနီကလည်း ဘာဘရာ၏ ဘဝသည် ရေစုန်မမျောသေး။ မျှော်လင့်ချက် အများကြီး ရှိသေးသည်ဟု ယုံကြည်သည်။ ထို့ကြောင့်လည်း သူက ဘာဘရာအား စိတ်ဓာတ်ပြောင်းပြီး အားမာန်တက်လာအောင် မကြာခဏ ဆွပေးလေ့ ရှိသည်။

'ဒါနဲ့ ရှင် ဘာလို့ အိမ်မပြောင်းသေးတာလဲ ဘာဘရာ'

'ဘယ်ကိုပြောင်းရမှာလဲ၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ဒက်ဖ်ရယ်၊ ဒီအမေ ကြီးကိုပစ်ပြီး ကျွန်မဘယ်လိုမှ ပြောင်းလို့မဖြစ်ပါဘူး'

'အမေအိုကြီးကို ရိပ်သာပို့လိုက်ပါ'

သည်အကြောင်းစကားစပ်မိတိုင်း သူတို့နှစ်ယောက်ကြားတွင် အမြဲပ ပြဿနာဖြစ်ခဲ့ရသည်မှာ အရှေ့ပိုင်း ဖြဲလမ်း၌ ဒက်ဖနီတိုက်ခန်း ဝယ်ပြီးသည် အထိပ ဖြစ်သည်။ ထိုတိုက်ခန်းကို ဝယ်ယူပြီးနောက် ဒက်ဖနီက ဘာဘရာအား ဝမ်းသ အယ်လ် ပြောပြသည်။ ပြီးမှ သူတို့နှစ်ယောက်အကြားတွင် လိပ်ခဲတည်းလည်





ဖြစ်နေသော ယင်းပြဿနာကို အစပြန်ကောက်သည်။

'အလိုလေး မဖြစ်နိုင်ပါဘူး၊ လုံးဝမဖြစ်နိုင်ပါဘူး ဒက်ဖ်ရယ်'

'ဖြစ်ပါတယ်၊ ဖြစ်ကို ဖြစ်ရမယ်'

'ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ကျွန်မ ရိပ်သာစရိတ် ဘယ်လိုလုပ် တတ်နိုင်ပါ့မလဲ'

'ကျွန်မ ပြောတာကိုလဲ ဆုံးအောင် နားထောင်စမ်းပါဦး'

ဒက်ဖနီက ဘာဘရာအား သူ့ထံတွင် အချိန်ပြည့် အလုပ်လုပ်ရန် ပြောသည်။ စားဝတ်နေရေးအဆင်ပြေအောင် လစာကောင်းကောင်းပေးမည် ဟုလည်း ကတိပေးသည်။

'ဟင် ရှင့်ဆီမှာ ကျွန်မအချိန်ပြည့်လုပ်ရမယ် ဟုတ်လား၊ ရှင် တကယ် ပြောတာလား ဒက်ဖ်၊ တကယ်ပြောတာလားဟင်'

ဘာဘရာ၏ မျက်လုံးတွေတလက်လက်အရောင်တောက်လာသည်။

'တကယ်ပြောတာပါ၊ ဒါပေမယ့်ရှင့်ကို ကျွန်မကကူညီတာလို့ မယူဆ ရဘူး၊ ရှင့်ကိုကျွန်မလိုအပ်လို့ ဒီလိုလုပ်ရတာ၊ ရှင်နဲ့သာအတူတွဲပြီး လုပ်ရရင် ကျွန်မအတွက်လဲ ပိုပြီးအဆင်ပြေတာပေါ့၊ ကျွန်မကတော့ မဖြစ်နိုင်ဘူးဆိုတဲ့ အဖြေကို လုံးဝမလိုချင်ဘူး'

ဘာဘရာမှာ ဝမ်းသာလုံးဆို့သွားသည်။ တချိန်တည်းတွင် ဝမ်းနည်းခြင်းလည်း ဖြစ်မိသည်။ သူ့မိခင်ကြီးကိစ္စ ဘယ်လိုစဉ်းစားမည်နည်း။

'ကျွန်မကတော့ လောလောဆယ် ဘာမှမပြောတတ်တော့ဘူး ဒက်ဖ်၊ ကျွန်မ စဉ်းစားကြည့်ပါဦးမယ်'

'ရှင့်အတွက် ကျွန်မက ကြိုတင်စဉ်းစားထားပြီးပါပြီ' ဒက်ဖနီက ပြုံးပြီး ပြောသည်။ 'ရှင့်အမေကြီးနဲ့ မခွဲနိုင်ရင်တော့ ရှင့်ကို ကျွန်မ အလုပ်မပေးနိုင်ဘူး၊ စည်းကမ်းကတော့ နည်းနည်းတင်းကျပ်လိမ့်မယ်၊ ရှင့်အနေနဲ့ စဉ်းစားကြည့်ပေါ့'

ဘာဘရာသည် ဒက်ဖနီ၏ ကမ်းလှမ်းချက်ကို တစ်လတိတိ အလူးအလိမ့် စဉ်းစားပြီးနောက် လက်ခံရန်ဆုံးဖြတ်သည်။ ထိုနေ့က ဒက်ဖနီက ဘာဘရာအား မျက်ပြင်းပြင်း နှစ်ခွက်တိုက်ပြီး သူ့အခန်းကို တက္ကစီဖြင့် ပြန်ပို့သည်။

အိမ်ရောက်တော့ ဘာဘရာ ကားပေါ်မှအဆင်းတွင် ဒက်ဖနီက အားပေး စကား ပြောသည်။

'ဒါရှင့်အတွက် ပြောနေတာ၊ ရှင်စိတ်ကူးမလွဲပါနဲ့၊ ရှင့်အမေကြီးအတွက် ရှာတွေ့နိုင်သမျှ ကျေးဇူးဆပ်ခဲ့ပြီးပြီပဲ၊ ဒီထက် ပိုပြီး ရှင်ဘာတတ်နိုင်ဦးမှာလဲ'

တကယ်တော့ အဖြေကို ဘာဘရာသိပြီးဖြစ်ပါသည်။ သူသည် အမှောင် ထဲတွင် နှစ်ပေါင်းများစွာ နေခဲ့ရပြီးမှ သူ့ဘဝအတွက် အလင်းရောင်ကို ပထမဆုံး



www.burmeseclassic.com

www.burmeseclassic.com



အကြိမ် တွေ့ရှိရခြင်း ဖြစ်သည်။ ဤအခွင့်အရေးကို အမြန်ဆုံး အကောင်အထည် ဖော်ရန် ဆုံးဖြတ်လိုက်သည်။

သူသည် အပေါ်ထပ်ရှိ သူတို့အခန်းသို့ ပြေးတက်လာခဲ့ပြီးနောက် သူ ပြောင်းတော့မည့်အကြောင်း မိခင်ကြီးအား အချိန်မဆိုင်းဘဲ ပြောပြလိုက်တော့သည်။ သူ့မိခင်ကြီးက ယမ်းပုံမီးကျဖြစ်ပြီး သူ့ကိုအမျိုးမျိုးဆူပူသည်။ ကျိန်စာတိုက်သည်။ ကြိမ်းမောင်းသည်။ ခြိမ်းခြောက်သည်။ သို့သော် ဘာဘရာ ဘာမှ မမှုတော့။ သူ့စိတ်ကို သူ တုံးတုံးချ ဆုံးဖြတ်လိုက်ပြီ။

သို့ဖြင့် နောက်ဆုံးမိခင်ကြီးမှာ ဘယ်လိုမှမနေသာတော့ဘဲ နောက် တစ်လအကြာတွင် လူအိုရိပ်သာသို့ ပြောင်းရွှေ့ရတော့သည်။ လူအိုရိပ်သာ ရောက် သွားတော့ အဘွားကြီးက ပျော်နေသည်။ သို့သော် ဘာဘရာကိုတော့ ဖွင့်ဟ ဝန်မခံ။ ရိပ်သာတွင် သူနှင့်သက်တူရွယ်တူဘဝတူများနှင့် တွေ့ရသည်။ သူတို့ အချင်းချင်း တစ်ယောက်အကြောင်း တစ်ယောက် ရင်ဖွင့်ရသည်ကို အလွန်ကျေနပ် နေကြသည်။ ဘာဘရာ၏ မိခင်ကြီးကတော့ တစ်ကိုယ်ကောင်းဆန်သော သူ့သမီးအကြောင်းကို တွေးမိတိုင်း ရင်ထုမနာဖြစ်နေတော့သည်။

မကြာမီတွင်ပင် ဒက်ဖနီသည် အိမ်ခန်းသစ်သို့ ပြောင်းရွှေ့သည်။ ဘာဘရာ က ဒက်ဖနီ၏ အိမ်ခန်းဟောင်းသို့ ပြောင်းလာခဲ့သည်။ သူ့ကိုယ်သူ ထောင်မှ လွတ်လာသော အကျဉ်းသားလိုထင်မိသည်။ ယခုမှ လွတ်လပ်မှုကို တကယ် ရရှိတော့သည်။ သူသည် ဝမ်းသာပျော်ရွှင်၍ မဆုံးနိုင်တော့။

နံနက်အိပ်ရာမှ နိုးတော့ စိတ်ရွှင်လန်းစွာဖြင့် ထလာသည်။ လွတ်လပ်မှ အရသာကို ပြည့်ပြည့်ဝဝခံစားရသည်။ နေရောင်လွှမ်းသော မီးဖိုဆောင်တွင် ကော်ဖီ ဖျော်သည်။ ကော်ဖီသောက်ပြီးတော့ အိပ်ရာပေါ်တွင် ခြေပစ်လက်ပစ် လှဲအိပ်လိုက် သည်။ တစ်လောကလုံးကို သူပိုင်သလို ခံစားမိသည်။

သူသည် နံနက်ဆယ်နာရီတွင် ဒက်ဖနီ၏ တိုက်ခန်းသို့သွားကာ ည ငါးနာရီအထိ စာမူတွေကို လက်နှိပ်စက်ရိုက်သည်။ ပြန်လာတော့လည်း အလုပ်တွေ ယူလာခဲ့သေးသည်။ ညစာ စားသောက်ပြီးတော့ အလုပ်စားပွဲတွင် ဝင်ထိုင်က ည၌နက်သန်းခေါင်အထိ ဆက်လုပ်သည်။ ယခင်က အန်ဒရူးကလေး၏ အခန်း သူက သူ့ရုံးခန်းအဖြစ် ပြောင်းလဲပစ်လိုက်သည်။

'ရှင့်မှာ အိမ်မှာလုပ်စရာ တခြားအလုပ်မရှိဘူးလား၊ အဲဒါတွေ ဘာ ယူသွားမှာလဲ၊ ဒီမှာပဲ ထားပစ်ခဲ့ပေါ့၊ မနက်ကျတော့ ဆက်လုပ်ရင် ရတာပဲ'

ဘာဘရာက ဒက်ဖနီ၏အခန်းတွင် အလုပ်ချိန်သိမ်းပြီးတော့လည်း အခန်းတွင် ညပိုင်းဆက်လုပ်ရန် အလုပ်တွေယူသွားတိုင်း ဒက်ဖနီက အမြဲတ





ဟန့်တားတတ်သည်။ သူတို့နှစ်ယောက်ကစိတ်တူသဘောတူ တကယ်လည်း အတွဲမိ ကြသည်။ သို့သော် နှစ်ယောက်စလုံးပင် ဘယ်သူမှ ဗုံမှန် ဘဝအခြေအနေတွင် မရှိကြ။ ဂထီးကျန့်ဘဝတွင် အလုပ်ကိုသာ ဖိလုပ်နေကြသည်။ ဘာဘရာ၏ တစ်ခုတည်းသော ဆန္ဒမှာ ဒက်ဖနီအား အစွမ်းကုန် ကျေးဇူးဆပ်လိုခြင်းပင် ဖြစ်သည်။ ဒက်ဖနီက သူ့အား ဂဝအကျဉ်းထောင်မှ ဆွဲထုတ်ခဲ့သည့်ကျေးဇူး တရားကို တစ်သက်ဆပ်မကုန်နိုင်ဟု ယူဆသည်။ ဒက်ဖနီကတော့ သည်အချက် ကို အကောင်းဟုမမြင်၊ အဆိုးဟုသာ ကင်သည်။ ဘာဘရာအနေဖြင့် သူ့အပေါ်တွင် ကျေးဇူးတင်လွန်းတော့ ကြာလျှင် အလုပ်သမားတစ်ယောက်လို မဟုတ်တော့ဘဲ အစေခံတစ်ယောက်လို ဖြစ်သွားမည်ကို ဒက်ဖနီက စိုးရိမ်မိသည်။

'ကျွန်မကို ရှင့်အမေလို ဆက်ဆံ မနေပါနဲ့ ဘာဘရာရယ်'

ဒက်ဖနီ၏အလုပ်စားပွဲတွင် နေ့လယ်စာဗန်းကို ဘာဘရာက တရိုတသေ လာချပေးသောအခါ ဒက်ဖနီမှာ အားတောင့်အားနာ ဖြစ်ကာ ကျီစယ်ဟန်ဖြင့် ပြောခဲ့ဖူး သည်။

'အို ကိုယ့်ဘာသာကိုယ် အသာနေစမ်းပါ ဒက်ဖ်၊ ကျွန်မအတွက် ဘာမှ မပင်ပန်းပါဘူး'

'ကျွန်မက ပင်ပန်းမှာကြောက်လို့ ပြောတာမဟုတ်ပါဘူး၊ ရှင်က တစ်သက်လုံး ပူများအကျိုးအတွက် အနစ်နာခံလာရတဲ့ လူတစ်ယောက်၊ အဲဒီတော့ တစ်သက်လုံး ပိုလိုချည်း လုပ်မနေပါနဲ့၊ ကိုယ့်ကိုယ်ကိုလဲ စိတ်ချမ်းသာ အောင်နေပါဦး၊ ကိုယ့်ကိုယ်ကို သာ ဂရုစိုက်ပါ'

'ကျွန်မ ဂရုစိုက်ပါတယ်၊ ပြီးတော့ ကိုယ့်အလုပ်နဲ့ကိုယ်လဲ သိပ်ပြီး ပျော်နေပါ တယ်၊ တကယ်တော့ လူတစ်ယောက်အနေနဲ့ သူ့ရင်ထဲ ဘယ်လောက်ပဲ မီးတောက် နေနေ အလုပ်ကတော့ လုပ်ရမှာပဲ'

ထိုအခါ ဒက်ဖနီမှာ စိတ်မသက်သာစွာပြုံးပြပြီးနောက် သူ့စားပွဲတွင် များထိုင်ကာ လက်နှိပ်စက်ကိုသာ တဖြောင်းဖြောင်းရိုက်နေတော့သည်။ သူသည် ထိုအချိန်မှစ၍ အလုပ်စားပွဲတွင် ထိုင်ခဲ့ရာ မနက်သုံးနာရီ လေးနာရီအထိပင် ဖြစ်သည်။

ဘာဘရာ တစ်ရေးနိုးလာ၍ ဒက်ဖနီကို မြင်လိုက်ရတော့ အံ့အားသင့် သွားမိသည်။

'ရှင် ဒီအတိုင်းချည်း တစ်သက်လုံး အလုပ်တွေ ကျုံးလုပ်နေတော့မှာလား ကဲ' ဘာဘရာက ဒက်ဖနီအား မျက်လုံးအကျယ်သားနှင့် ကြည့်ပြီးပြောသည်။ ဒက်ဖနီသည် တစ်ညလုံး မရပ်မနားကြိုးစားလုပ်နေခဲ့သည်။ ကော်ဖီသောက်ချိန် အိပ်သာတက်ချိန်လောက်သာ နားခဲ့သည်။ 'ဒီအတိုင်းသာ လုပ်နေရင်တော့



www.burmeseclassic.com

www.burmeseclassic.com

ရှင့်ကျန်းမာရေး ထိခိုက်လိမ့်မယ်'

'ကိစ္စမရှိပါဘူး၊ မထိခိုက်ပါဘူး ဘာဘာရာ၊ အလုပ်လုပ်ရတာကိုပဲ ကျွန်မမှာ သိပ်ပြီး စိတ်ချမ်းသာနေပါတယ်'

သို့သော် တကယ်ကျတော့ ဒက်ဖနီကို ကြည့်ရသည်မှာ စိတ်ချမ်းသာနေသူတစ်ယောက်နှင့်လားလားမျှ မတူပါ။ သားကလေးနှင့် သွားတွေ့ချိန်မှ တစ်ပါး သူ့တွင် ပျော်ရွှင်ချမ်းမြေ့သော အချိန်ဟူ၍ မရှိခဲ့။ သည်အချက်ကို ညှိုးလျှသော သူ့မျက်လုံးများက သက်သေခံနေကြသည်။ သူ အလွန် ချစ်မြတ်နိုးသောသူများနှင့် သေကွဲကွဲခဲ့ရခြင်း၊ ရှင်ကွဲကွဲခဲ့ရခြင်း ဒုက္ခကို သူခံစားနေရဆဲပင် ဖြစ်သည်။ သည်အချက်ကို သူက ထုတ်ဖော်မပြောသော်လည်း ဘာဘာရာက ကောင်းကောင်းသိသည်။ နေ့တိုင်း မြင်နေရသည်။

တစ်ခါတစ်ရံ ဒက်ဖနီသည် သူ့အလုပ်ခန်းထဲတွင် တစ်ယောက်တည်း ရှိနေသောအခါ ပြတင်းပေါက်နားတွင် ထိုင်ကာ အပြင်သို့ ငေးကြည့်နေတတ် သည်။ သူ့စိတ်က အဝေးသို့ရောက်နေသည်။ နယူးဟမ်းပရှိုင်းယားနယ်သို့ ရောက်နေသည်။ ဒါမှမဟုတ်လည်း ဂျက်ဖ်နှင့်အတူ ပျော်ရွှင်စွာနေခဲ့ရသော နေ့ရက်များကို သတိရနေသည်။ သမီးလေးအေမီကို မြင်ယောင်နေသည်။

ဤသည်မှာ ဒက်ဖနီ၏ ဘယ်သူမှ မမြင်ရသော ရုပ်ပုံလွှာတစ်ခြမ်း ဖြစ်သည်။ သူများတွေမမြင်နိုင်အောင်လည်း သူက အစွမ်းကုန် လျှို့ဝှက်သိုသိပ် ထားသည်။ သို့သော် သူ၏အတွင်းစိတ် ခံစားချက်အား ဘာဘာရာကိုတော့ ဖွင့်ဟ ပြောပြသည်။ ဂျက်ဖ်၊ အေမီနှင့် ဂျွန်တို့အကြောင်းကို တသသပြန်ပြောပြသည်။အထူးသဖြင့် သားကလေး အန်ဒရူးအကြောင်းကို အပြောဆုံးဖြစ်သည်။ သို့သော် ယခုအခါ သူ့ဘဝက ပြောင်းလဲခဲ့ပြီ။ အန်ဒရူးကလေးအိမ်မှာ ရှိစဉ်က ဘဝနှင့် မတူတော့။ သူ့မှာ အလုပ်ရှိနေပြီ။ အောင်မြင်မှုရနေပြီ။ ထုတ်ဝေသူတွေ၊ စာပေ သမားတွေ၊ စာမူကိုယ်စားလှယ်တွေနှင့်လက်မလည်အောင် ဆက်ဆံနေရပြီ။ သူ့တွင် ပင်ကိုစီးပွားရေး စွမ်းရည်ရှိသည်။ စီးပွားရေးလုပ်ရာတွင် ဦးနှောက်ကောင်း သည်။ သူ့အလုပ်ကို အကောင်းဆုံး လုပ်နိုင်သည်။ ကလောင်ကလည်း ထက် သည်။ ပရိသတ်ကိုဆွဲဆောင်နိုင်သော စွမ်းရည် အပြည့်အဝရှိသည်။

စာရေးဆရာအလုပ်နှင့် ပတ်သက်၍ သူအမုန်းဆုံးအလုပ် တစ်ခုကတော့ စာအုပ် အရောင်းဖွံ့ရေးအတွက် ကြော်ငြာဟောပြောရခြင်းနှင့် တယ်လီဗီးရှင်း တွေ့ဆုံခန်း ရိုက်ကူးရခြင်းတို့ပင် ဖြစ်သည်။ သူက သူ့အကြောင်းကို လူတွေမသိစေချင်။ အန်ဒရူးကလေးအကြောင်း မေးမြန်းကြတာကိုလည်း မကြိုက်။ အဲဒါတွေ အားလုံးမှ အန်ဒရူးကလေးကို ကာကွယ်ထားချင်သည်။ သူ့ကိုယ်ရေးကိုယ်တာ ဘဝနှင့်ပတ်သက်၍





လူတွေကို မျှဝေခံစားစေလိုသော အရာဟူ၍ တစ်ခုမျှမရှိ။ သူ့စာအုပ်တွေသည် သူတို့ အကြောင်းကို သူတို့ပြောကြလိမ့်မည်။ ကြိုက်တဲ့လူတွေ ဖတ်ကြလိမ့်မည်ဟု ထင်သည်။ သို့သော် ထုတ်ဝေသူက ယင်းသို့မထင်။ ကြော်ငြာအရေးကြီးသည်ဟုသာ ထင်သည်။

ချီကာဂိုမြို့သွားပြီး တယ်လီဗီးရှင်း စာအုပ်ကြော်ငြာပွဲလုပ်ဖို့ ထုတ်ဝေသူ က တိုက်တွန်းသောအခါ ဤကိစ္စပေါ်လာပြန်သည်။ ဒက်ဖနီက ဘယ်လိုမှ စကား မပြန်။ အင်းမလုပ် အဲမလုပ် နှုတ်ပိတ်နေသည်။

သူတို့ကို ဘယ်လိုအကြောင်းပြန်လိုက်ရမှာလဲ ဒက်ဖ်၊ မနက်ဖြန် ချီကာဂို သွားမှာလား ဟင်'

ထုတ်ဝေသူက ဘာဘာရာကိုသာ တစ်မနက်လုံး တယ်လီဖုန်းဆက်ပြီး မနားတမ်း မေးနေသည်။ ဘာဘာရာက သူတို့အား အကြောင်းပြန်ကြားရဖို့ ရှိနေသည်။

'စကားတစ်ခွန်းတည်းနဲ့ ပြန်ပြောရရင်တော့ ... ' ဒက်ဖနီက လည်ပင်းကို လက်နှင့်ပွတ်သပ်ရင်း ပြုံး၍ ပြောသည်။ လွန်ခဲ့သော ညက သူညဥ့်နက်အောင် စာရေး ခဲ့သည်။ မနက်ကျတော့ အိပ်ရေးပျက်ပြီး ပင်ပန်းနေသည်။ သို့သော် သူက ပင်ပန်းသည် မထင်။ စာအုပ်ကတော်တော်ရေးလို့ ကောင်းနေသည်။ သူသည် အလုပ်တွင် အမြဲတမ်း စိတ်ဝင်စားသည်။ စာရေးနေရတာ စိတ်ချမ်းသာသည်။ လက်ညောင်းတာ၊ ခက်ကြော တက်တာကို လုံးဝဂရုမစိုက်။ 'မသွားနိုင်ဘူးလို့ ပြောလိုက်ရုံပဲ ဘာဘာရာ၊ ကျွန်မ ချီကာဂို မသွားချင်ဘူး၊ ဒါနဲ့ ဟားဘား စာအုပ်တိုက်က ဂျော့မားဒေါက်ဆီ ဖုန်းဆက် စမ်းပါ၊ ဒီကိစ္စက တော်တော်အရေး ကြီးသလား၊ မသွားရင် မဖြစ်ဘူးလားလို့ မေးကြည့် စမ်းပါ'

သို့သော် ဒက်ဖနီကတော့ အဖြေကို သိပြီးသား။ စာအုပ်က ဘယ်လောက် ကောင်းကောင်း ကြော်ငြာမောင်းတော့ ခတ်ရသေးသည်။ စီးပွားရေးလုပ်ငန်းတွင် ကြော်ငြာသည် အရေးအကြီးဆုံး မဟုတ်လား။

ငါးမိနစ်လောက်ကြာတော့ ဘာဘာရာပြန်လာပြီး သရော်ပြုံးကလေးဖြင့် ပြောသည်။

'သူ ဘာပြောတယ်ဆိုတာ ရှင်တကယ်သိချင်သလား ဒက်ဖ်'

'ဟင်အင်း မသိချင်ဘူး'

'ကျွန်မ တွေးမိပြီးသားပါ၊ ဒါနဲ့ရှင်ဘာဖြစ်လို့ မအိပ်မနေအလုပ်လုပ်နေ ရတာလဲ ဟင်၊ တကယ်တော့ ရှင်တစ်သက်လုံး ထွက်ပြေးနေလို့ မရပါဘူးဒက်ဖ်'

'ကျွန်မ ထွက်ပြေးနေတာ မဟုတ်ပါဘူး ဘာဘာရာ၊ ကျွန်မ သက်မွေးဝမ်း ကျောင်း အလုပ်တစ်ခု လုပ်နေတာပါ၊ ဒါက တစ်မျိုးပါ'

'ရှင်လဲ ကျွန်မလိုပဲ ဖြစ်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်မှာပေါ့၊ ဒါပေမယ့် ကောင်းတဲ့အလုပ်ပါ၊ ရည်မှန်းချက်နဲ့လုပ်တဲ့ အလုပ်ပါ'

သူက သားကလေးအတွက် လုပ်နေခြင်းဖြစ်သည်။ သားကလေး၏ အနာဂတ် အဆင်ပြေဖို့အတွက် လုပ်နေခြင်း ဖြစ်သည်။

'ဒီအကြောင်းတွေ ကျွန်မသိပြီးသားပါ၊ ရှင့်မှာ အန်ဒရူးကလေးအတွက် လုံလောက်နေပါပြီ၊ ပူစရာမရှိတော့ပါဘူး၊ ရှင့်အတွက်သာ လုပ်ဖို့ လိုတော့တယ်၊ အဲဒါကို ရှင်ဘာဖြစ်လို့မစဉ်းစားတာလဲ'

'ကျွန်မ စဉ်းစားပါတယ်'

'ဟင် စဉ်းစားပါတယ် ဟုတ်လား၊ ဘယ်တုန်းက စဉ်းစားလို့လဲ'

'မနက်က မျက်နှာသစ်ရင်း ဆယ်စက္ကန့်လောက် စဉ်းစားပါတယ်' သူက စကားကို လှီးလွှဲပြောကာ နောက်လိုက်သည်။ 'ဒါဆို သူတို့က ကျွန်မကို ချီကာဂိုကို သွားစေချင်တာပေါ့ ဟုတ်လား'

'ရှင်က ရေးလက်စ စာအုပ်ခဏ ထားပစ်ခဲ့လို့ မဖြစ်နိုင်ဘူးလား'

'ဖြစ်ချင်ရင် ဖြစ်နိုင်ပါတယ်'

'ဒါဖြင့် ကျွန်မတို့ သွားကြမှာပေါ့ ဟုတ်လား'

'ဒါတော့ ကျွန်မ မပြောတတ်သေးဘူး' သူက မျက်မှောင်ကြုတ်ကာ ပြတင်းပေါက် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ပြီးတော့မှ ဘာဘာရာဘက်သို့ ပြန်လှည့်လျက် . . . 'ဒါမျိုးတွေ ကျွန်မမလုပ်ချင်ဘူး ဘာဘာရာ၊ ဘယ်တော့မှ မလုပ်ချင်ဘူး'

'ဘာဖြစ်လို့လဲ၊ ရှင့်အတွင်းရေးတွေ ပေါက်ကြားမှာ ကြောက်လို့လား'

'အမှန်အတိုင်းပြောရရင် ဟုတ်ပါတယ်၊ ကျွန်မက အတိတ်ကိုပြန်ပြီး မတူးဖော်စေချင်တော့ဘူး၊ တကယ်တော့ ကျွန်မရဲ့ အတွင်းရေးဟာ ကျွန်မနဲ့သာ ဆိုင်ပါတယ်၊ ဘယ်သူမှ သိဖို့မလိုပါဘူး၊ ဒါကို ရှင်လဲ သဘောပေါက်ပါတယ်'

ဟုတ်ပါတယ်၊ ကျွန်မ သဘောပေါက်ပါတယ်၊ ဒါပေမယ့် လူတစ်ယောက်ရဲ့ အတွင်းရေးဆိုတာ အမြဲတမ်းဖုံးထားလို့ ရတာမျိုး မဟုတ်ပါဘူး ဒက်ဖ်၊ ဖုံးထားတာက ပေါ်လာရင်ပိုဆိုးတတ်တယ်'

'ကျွန်မကတော့ ဖုံးကို ဖုံးထားချင်တာပဲ၊ ကျွန်မက ဘယ်သူတစ်ဦး တစ်ယောက်ရဲ့ သနားခြင်းကိုမှ မလိုချင်ဘူး၊ ကျွန်မသားလေးကိုလဲ အသနားခံ လူသားကလေးတစ်ယောက် မဖြစ်စေချင်ဘူး၊ ကျွန်မတို့ သားအမိအတွက် အဲဒါတွေ မလိုအပ်ပါဘူး'

'ကျွန်မကတော့ အဲဒီလိုမထင်ဘူး ဒက်ဖ်၊ ရှင့်ဘဝအတွင်းရေးကို စာဖတ်





ပရိသတ်တွေက သိချင်နေကြတယ်၊ သူတို့ သိရလို့လဲ ရှင့်မှာ အကျိုးမယုတ်နိုင်ပါဘူး၊ ပိုပြီးတောင် အကျိုးရှိလာနိုင်သေးတယ်၊ အဲဒီလိုပဲ ကျွန်မ ယုံကြည်ပါတယ်'

မှန်ပါသည်။ ဘာဘာရာကဒက်ဖနီထံ စာဖတ်ပရိသတ်ထံမှ ရေးသားသော စာတွေကို ပြန်ကြားနေရသူမို့ စာဖတ်ပရိသတ် ဆန္ဒကို သူသိသည်။

'စာဖတ်ပရိသတ်က ကျွန်မကို ပိုချစ်လာတာ ကျွန်မ မလိုချင်ဘူး၊ ကျွန်မ စာအုပ်တွေကိုသာ ချစ်စေချင်တယ်'

'ဒီနှစ်ခုက အတူတူပါပဲ၊ ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်ဆို မဟုတ်လား'

ဒက်ဖနီက ခေါင်းတစ်ချက်ညိတ်ကာ ထိုင်ရာမှထရပ်လိုက်သည်။ သက်ပြင်း တစ်ချက် မှုတ်ထုတ်ရင်း ပြောသည်။

'ရှင်ပြောတာလဲ ဟုတ်ပါတယ်၊ ကျွန်မအနေနဲ့ တခြား ရွေးစရာလမ်း မရှိတော့ပါဘူး၊ ကျွန်မက ငြင်းလိုက်ရင် သူတို့က ကျွန်မအပေါ် အထင်လွဲသွားနိုင်တယ်၊ မနှစ်ကုန်းကတည်းက ကျွန်မကို တယ်လီဗီးရှင်း တွေ့ဆုံခန်းလုပ်ဖို့ ကြိုးစားခဲ့တာ၊ အဲဒီတော့ ရှင်ရော လိုက်မှာလား၊ ချီကာဂိုမှာ ကုန်တိုက်တွေပေါ့ တယ်လို့ ပြောတယ်၊ ဈေးဝယ်လို့ သိပ်ကောင်းမှာပဲ'

'အဲဒီမှာ ညအိပ်ရမှာလား'

'အိပ်ရမှာပေါ့'

'ရှင် ဆယ်နာရီက တယ်လီဗီးရှင်း ဝင်ရမယ်၊ အဲဒီတော့ မနက်ပိုင်း ကတည်းက သွားမှာလား၊ နေ့လယ်မှ သွားမှာလား၊ စောစောရောက်သွားရင် နားနားနေနေနဲ့ ညစာစားပြီးမှ စတူဒီယိုကို သွားနိုင်တာပေါ့'

'ဟုတ်ကဲ့ ကောင်းပါပြီ အမေကြီးရယ်'

'ဟုတ်ကဲ့ ကြားရတာ ဝမ်းသာလှပါတယ် သမီးရယ်'

နှစ်ယောက်သား ပျော်ရွှင်စွာ ရယ်နေကြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

ဒက်ဖနီနှင့်ဘာဘာရာတို့သည် ကိုးနာရီခွဲတိတိတွင် စတူဒီယိုသို့ ရောက်လာကြသည်။ ဒက်ဖနီက အညိုရောင်ဖျော့ဖျော့ပိုးသားဝတ်စုံကို ဝတ်ထားသည်။ ဆံပင်ကမြိုးရိုးနောက်တွဲထုံး။ နားနှစ်ဖက်တွင်တော့ ပုလဲနားကပ်နှင့်။ ကာတီးယားတိုက်မှ ပါ်စောစောက ဝယ်ထားသော ဥဿဖယားလက်စွပ်ကလည်း အရောင်တဖျပ်ဖျပ်တောက်လျက်။ သူ့ရုပ်သွင်က တည်ငြိမ်စွာ လှနေသည်။ အောင်မြင်နေသော အမျိုးသမီးတစ်ယောက်၏ ရုပ်သွင်မျိုး။ ဝတ်စားဆင်ယင်မှုက ပလွားမှုမရှိ၊ ပကတိ ဣန္ဒြေရနေသည်။ ဤကား ဒက်ဖနီ၏ပုံမှန် ရုပ်သွင်ပင် ဖြစ်သည်။

ဘာဘာရာကတော့ ထုံးစံအတိုင်း အပြာဆံင်နေဗီဝတ်စုံကိုဝတ်လာသည်။ ဒက်ဖနီက ဘာဘာရာအား ဆယ့်လေးနှစ်သမီးကလေးကျနေတာပဲဟု အမြဲတမ်းစလေ့ရှိသည်။ သို့သော်လည်း သူ့ဆင်ယင်ထုံးဖွဲ့မှုကလည်း သေသေသပ်သပ်နှင့် ပုံစံကျသည်။ ဖြောင့်စင်းနေသော မဟူရာဆံပင်များက ပခုံးတစ်ဖက်တစ်ချက်သို့ အုပ်၍ကျနေသည်။ သူ့ရုပ်သွင်မှာ မိခင်ကြီးနှင့် ခွဲခွာလာစဉ်ကလို မဟုတ်တော့။ ယခုအခါ ပို၍ရှိုလန်းဆန်းလာသည်။ သူသည် တစ်နေ့ထက် တစ်နေ့ ပိုမို၍ ချစ်စရာကောင်းလာသည်ကို ဒက်ဖနီသတိပြုမိသည်။ သူ့ကို ကြည့်ရသည်မှာ အသက်သုံးဆယ့်ခုနစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



အရွယ် အမျိုးသမီးတစ်ယောက်နှင့်မတူ။ စမိစ်ကောလိပ်မှ တက္ကသိုလ် ကျောင်းသူတစ်ယောက်နှင့် ပို၍ တူနေသည်။ ပြီးတော့ သူ့မျက်လုံးများကလည်း အရောင်တောက်ကာ အမြဲတမ်းကြည်လင်နေသည်။

ဧည့်ကြိုအမျိုးသမီးကလေး တစ်ယောက်က သူတို့အား ခေတ်မီဧည့်ခန်းမကြီးထဲသို့ ခေါ်လာသည်။ ဧည့်ခန်းထဲတွင် သားနားသော အရက်ကောင်တာလည်း ရှိသည်။

ဘာဘာရာက ကိုယ်ကိုကိုင်းပြီး ဒက်ဖနီအား လေသံဖြင့် တိုးတိုးပြောလိုက်သည်။

'မျက်နှာကို သိပ်လဲ အပေါ်မော့မထားနဲ့ သူတို့က ရှင့်ကို ကိုက်မစားပါဘူး'

'ရှင်ပြောနိုင်လို့လား'

တကယ်တော့ ဒက်ဖနီက တယ်လီဗီးရှင်းကင်မရာရှေ့ မရပ်မီတွင် အမြဲတမ်း ရှိုးတိုးရှန့်တန့်ဖြစ်တတ်သည်။ ဒါကြောင့်မို့လည်း ဘာ့ဘာရာအား ခေါ်လာခဲ့ခြင်း ဖြစ်သည်။ ဘယ်သွားသွား မိတ်ဆွေရင်းတစ်ယောက်ပါလာလျှင် အင်မတန်ကောင်းသည်။ လေယာဉ်ပေါ်တွင် အပျင်းပြေ စကားပြောလို့လည်း ရသည်။ ဟိုတယ်တွင် နေရာအခက်အခဲ ရှိလျှင်လည်း ကူညီဖြေရှင်းပေးဖော် ရသည်။ သည်ကိစ္စမျိုးတွင် ဘာဘာရာက အလွန်တော်သည်။ အရာရာတွင် အားကိုးရသည်။ သူပါလျှင် ပစ္စည်းပျောက်မှာကိုလည်း မစိုးရိမ်ရ။ စားသောက်ချိန် ရောက်လျှင်လည်း စားစရာတွေ အချိန်မီရောက်လာသည်။ ဖတ်ရှုစရာ သတင်းစာ၊ မဂ္ဂဇင်းနှင့်စာအုပ်စာတမ်း ဆိုလျှင်လည်း လိုလေသေးမရှိစေရ။ သတင်းစာဆရာတွေနှင့် ဘယ်အချိန်တွင် တွေ့ဆုံခွင့်ပေးသင့်သည် ဆိုတာကိုလည်း သူကောင်းစွာသိသည်။ အဝတ်အစား ဆိုလျှင်လည်း အချိန်မီ ခေါက်ရိုးကျ မီးပူတိုက်ပြီးသား။ ဘာ်ဘာရာကား သည်ကိစ္စမျိုးတွင် အံ့သြစရာကောင်းလောက်အောင် ကျွမ်းကျင်ပါပေသည်။

'ရှင် အရက်နည်းနည်းလောက် သောက်ချင်သလား'

ဒက်ဖနီက ခေါင်းခါပြလိုက်သည်။

'အမှန်က ကျွန်မအရက်သောက်ပြီးမှ တီဗီရိုက်ဖို့ကောင်းတာ၊ ဒါမှ တစ်ခါတည်း ကမ္ဘာကျော်သွားမှာ'

နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။ ဒက်ဖနီက ကုလားထိုင်တွင် ဝင်ထိုင်သည်။

'မစ္စဖီးလ်ဒ်' ထုတ်လုပ်ရေး လက်ထောက်က တံခါးဝမှ ခေါင်းပြူကြည့်သည်။ 'ပထမဆုံး ရိုက်ကွင်း ဝင်ရပါမယ်'

'ဘုရားရေ အဲဒါမှ ဒုက္ခပဲ'





'မစ္စတာကွန်ရှိုင်းက မစ္စဖီးလ်ဒ်အတွက် အလကား အချိန်ပုပ် မခံချင်လို့ပါ'

တယ်လီဗီးရှင်း ရိုက်တိုင်း သည်အတိုင်းပဲ အမြဲတမ်းကြုံရသည်။ သူများတွေ ဘယ်လိုသရုပ်ဆောင်ကြသည်ကို နားနားနေနေဖြင့် အကဲခတ်ကြည့်ရန် အချိန်ပင်မရ။ သို့သော် သည်ညတွင် သူ့ကို ဦးစားပေးပြီး ပွဲထုတ်လိုက်ကြသည် ဆိုတာကိုတော့ သတိထားမိပြီး ဖြစ်သည်။

'ကျွန်မကို ဒီလောက်ထိ ကြီးကြီးကျယ်ကျယ် လုပ်တာတော့ ကျွန်မ သဘောမကျဘူး'

ဒက်ဖနီက ဘာဘာရာအား တိုးတိုးကလေးပြောသည်။ သူ့လက်ဝါးတွေက ချွေးထွက်လာသည်။ ဘာဘာရာက လေသံဖြင့် အားပေးစကားပြောသည်။

'လုပ်စမ်းပါ၊ ရှင်ဖြစ်ပါတယ်'

'ဘယ်လောက်တောင် ကြာမှာလဲ မသိဘူး'

'အဲဒါတော့ သူတို့က ဘာမှမပြောဘူး၊ မနေ့က ဖုန်းဆက်တော့ ကျွန်မ မေးကြည့်သေးတယ်၊ ဒါပေမယ့် ကျွန်မအထင်တော့ ဆယ့်ငါးမိနစ်ထက် ပိုမယ် မထင်ပါဘူး'

ဒက်ဖနီသည် ခေါင်းတစ်ချက်ညိတ်ကာ စိတ်ကို တင်းလိုက်သည်။

ခဏကြာတော့ တံခါးဝတွင် ထုတ်လုပ်ရေး လက်ထောက် ပြန်ပေါ်လာသည်။ ဒက်ဖနီအား သူနှင့်လိုက်ခဲ့ရန် မျက်ရိပ်ပြသည်။

'ကိုင်း သွားလိုက်ဦးမယ် ကလေးရယ်'

ဒက်ဖနီက နောက်ပြန်လှည့်ကာ ဘာဘာရာအား လှမ်းပြောလိုက်သည်။

'သွားသာသွားပါ၊ ရှင်ကောင်းကောင်းဖြစ်ပါတယ်'

ဒက်ဖနီက မျက်လုံးဝင့်ပြပြီးနောက် အပြင်သို့ လိုက်ပါသွားသည်။ ဘာဘာရာက ဒက်ဖနီသရုပ်ဆောင်ပုံကို မော်နီတာပေါ်တွင် ကြည့်ရန် ဝိုင်အရက်ခွက်ကိုင်ကာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ထုတ်လုပ်ရေး လက်ထောက်က ဒက်ဖနီအား တယ်လီဗီးရှင်းစက်ရှေ့သို့ ခေါ်လာပြီး ကုလားထိုင်တွင် ထိုင်ခိုင်းသည်။ ပြီးတော့ စကားပြောခွက်ကို ဒက်ဖနီ၏ အင်္ကျီလည်ပင်းတွင် ချိတ်လိုက်သည်။ မိတ်ကပ်ပညာသည် အမျိုးသမီး ပြေးလာပြီး မျက်နှာကို ပေါင်ဒါဖို့ပေးသည်။ ဆံပင်အနေအထားနှင့် တခြား အလှခြယ်ထားသော နေရာများက ပြုပြင်စရာမလိုဘဲ အချိုးကျနေသည်။ မိတ်ကပ်အမျိုးသမီးက ခေါင်းညိတ်ပြီး ပြန်ထွက်သွားသည်။ ထုတ်လုပ်ရေး လက်ထောက်က နားကြပ်ကိရိယာများကို နားသားတကျ ညှိပြီးနောက် ဒက်ဖနီအား တိုးတိုးပြောပါသည်။ 'မစ္စတာကွန်ရှိုင်း လာနေပါပြီ၊ သူက ဟိုနေရာမှာ ထိုင်လိမ့်မယ်' ကုလားထိုင်ကို လက်ညှိုးထိုးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



'သူက ပထမဆုံး စက္ကန့်၉၀ အရင်ပြောမယ်၊ ပြီးတော့ မစ္စဖီးလ်ဒ်ကို ပရိတ်သတ်နှင့် မိတ်ဆက်ပေးမယ်' ဒက်ဖနီက စားပွဲပေါ်မှ သူ့စာအုပ်နှစ်အုပ်ကို တစ်ချက်စောင်းကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ ယခင်ကဆိုလျှင် သူတို့ဘာအကြောင်း ပြောမယ်ဆိုသည်ကို ကြိုတင်အသိပေးထားလေ့ရှိသည်။ သို့သော် ယခုတော့ မစ္စတာကွန်ရှိုင်းက တစ်မျိုးထွင်ထားသည်။ သူက အလွန်တီကျသည်။ ဒါကိုပင် ဒက်ဖနီက အကြောက်ဆုံးဖြစ်သည်။ 'ရိုက်ကွင်းမှာ ရေဖန်ခွက် ယူဦးမှာလား ... မစ္စဖီးလ်ဒ်'

'ဟုတ်ကဲ့ ကျေးဇူးပါပဲ'

ဒက်ဖနီ အာတွေခြောက်နေသည်။ နံဘေးတစ်ဖက်တစ်ချက်တွင်လည်း ချွေးတွေစို့နေပြီ။ မစ္စတာကွန်ရှိုင်း ဝင်လာသည်။ အပြာနုရောင်ရှပ်အင်္ကျီ၊ အနက်ရောင်ဝတ်စုံနှင့် အနီရောင်လည်စည်းတို့ကို ဝတ်ဆင်ထားသည်။ အသက်ကလေးဆယ်ကျော် ငါးဆယ်နီးပါး ရှိရော့မည်။ လူချောလူခန့်တစ်ယောက် ဖြစ်သည်။ သူ့မျက်လုံးတွေက အေးစက်စက်နိုင်သည်။ သို့သော် အရောင်တော့ တောက်သည်။

'ဒက်ဖနီ ... နော်'

'ဟုတ်ပါတယ်' ပြုံးပြလိုက်သည်။

'အခုလို လာရောက်ချီးမြှင့်တာ သိပ်ကောင်းပါတယ်၊ နယူးယောက်မှာ ရာသီဥတု ဘယ်လိုများနေသလဲ'

'သာယာပါတယ်ရှင်'

မစ္စတာကွန်ရှိုင်း ကုလားထိုင်တွင် ဝင်ထိုင်သည်။ ကင်မရာရှုထောင့် အနေအထားကို စောင်းကြည့်လိုက်သည်။ သူ့ဘာမှ မပြောနိုင်မီ ထုတ်လုပ်ရေးလက်ထောက်က ဝမ်း၊ တူး၊ သရီးဟူ၍ အော်ကာ မီးနီပြတော့သည်။ ကင်မရာက မစ္စတာကွန်ရှိုင်း၏ မျက်နှာတည့်တည့်သို့ ရွေ့လာသည်။ သူက ပြုံးလိုက်သည်။ အမေရိကန်မတွေ အားလုံး ရင်တုန်ပန်းတုန်ဖြစ်ရမည့် ရှုမ္ဘက်ပြုံး။

ထို့နောက် သူကစတင်၍စကားပြောသည်။ ယနေ့ညတယ်လီဗီးရှင်းအစီအစဉ်နှင့် ပြည်သူတွေရှုမြင်ရမည့် ပုဂ္ဂိုလ်နှင့် မိတ်ဆက်ပေးသည်။ တခြားအစီအစဉ်တွေ အတိုင်းပင် ဖြစ်သည်။ တယ်လီဗီးရှင်းရိုက်မည့်ပုဂ္ဂိုလ်ကို ခေါ်လာ သည်။ သူတို့လိုချင်သလို သရုပ်ဆောင်ခိုင်းသည်။ ပြီးတော့ ဦးဆောင်မေးမြန်း သည့်ပုဂ္ဂိုလ်က သူ့ကို ပရိသတ်အထင်ကြီးစေမည့် စကားတွေနှင့် အမေးအဖြေ လုပ်ပြီးနောက် ကျေးဇူးတင်စကားပင် တစ်ခွန်းမပြောဘဲ ပြန်လွှတ်လိုက်တတ် ကြသည်။

'အင်း ...' ဒီတော့ ဒီကနေ့ည အစီအစဉ်မှာ တယ်လီဗီးရှင်းပရိသတ်များ ရှုမြင်ကြရမယ့်ပုဂ္ဂိုလ်ကတော့ နာမည်ကျော်အမျိုးသမီးစာရေးဆရာမ တစ်ယောက် ဖြစ်ပါတယ်၊ သူရေးတဲ့ဝတ္ထုတွေ အားလုံးလိုလိုကို စာဖတ်ပရိသတ်တွေ ဖတ်ပြီး





ကြပါလိမ့်မယ်၊ အထူးသဖြင့် အမျိုးသမီးပရိသတ်တွေ ဖတ်ဖူးကြပါတယ်' သူက မတွေ့ရပ်ပြီး ပြုံးလိုက်သည်။ ထို့နောက် ကော်ဖီစားပွဲပေါ်မှ စာအုပ်တစ်အုပ်ကို ကောက်ယူလိုက်သည်။ ပြုံးပြီးကင်မရာဘက်သို့ ပြန်လှည့်ရင်း 'ဒါပေမယ့် အဲဒီစာအုပ်တွေ ရေးထုတ်နေတဲ့စာရေးဆရာမရဲ့ ဘဝဇာတ်လမ်းကိုတော့ စာဖတ်ပရိသတ်အများစု အနေနဲ့ ဖတ်ဖူးကြလိမ့်မယ်လို့ ကျွန်တော်မထင်ဘူးခင်ဗျ၊ သူ့အကြောင်း ရေးသားထားတဲ့ သတင်းဆောင်းပါးတွေကို ဖတ်ရှုပြီး သိရသလောက်ပြောရရင်တော့ဖြင့် အခုပရိသတ်များရှေ့မှောက် ရောက်ရှိနေတဲ့စာရေးဆရာမ ဒက်ဖနီဖီးလ်ဒ်ဟာ သူ့ရဲ့ကိုယ်ရေးကိုယ်တာ အတွင်းရေးနဲ့ပတ်သက်ပြီး အလွန့်အလွန် ပိုသိပ်လျှို့ဝှက်သူ ဖြစ်ပါတယ် ...' သူက ပြုံးလိုက်ပြန်သည်။ ကင်မရာက ဒက်ဖနီဘက်သို့ ဖြည်းဖြည်းကလေး လှည့်လာသည်။ 'အခုလို ချီကာဂိုကို လာ ရောက်ပြီး ကျွန်တော်တို့နဲ့ တရင်းတနှီး လာရောက်တွေ့ဆုံ မိတ်ဖွဲ့တဲ့အတွက် စာရေးဆရာမ ဒက်ဖနီဖီးလ်ဒ်ကို ကျေးဇူးတင်လို့ မဆုံးပါဘူး'

'ကျွန်မကလဲ အများကြီးကျေးဇူးတင်ပါတယ် ရှင်'

ဒက်ဖနီက ရှက်ပြုံးကလေး ပြုံးလိုက်သည်။

'ဒါနဲ့ ဆရာမက နယူးယောက်မှာပဲ နေတယ်နော်' သိလျက်သားနှင့် မေးသော မေးခွန်းဖြစ်သည်။

'ဟုတ်ပါတယ်' (ပြုံးလျက်)

'အခု ဆရာမနောက်ထပ် ဝတ္ထုတစ်ပုဒ်ရေးနေတယ်လို့ သိရပါတယ်'

'ဟုတ်ကဲ့၊ ရေးနေပါတယ်၊ စာအုပ်နာမည်က အသည်းအသက်နှင့် ချစ်ရသူများ တဲ့'

'သိပ်လှတဲ့နာမည်ကလေးပါပဲ' သူက ဒက်ဖနီ၏ မျက်နှာကို စူးစိုက်ကြည့်ရင်း 'ဆရာမရဲ့ပရိသတ်တွေ အလွန်ကြိုက်မယ့်နာမည်ပါပဲ၊ အဲဒီ စာအုပ်အတွက် အချက်အလက်တွေ ဘယ်ပုံဘယ်နည်း ရှာဖွေသုတေသနပြုပါသလဲ၊ သိပါရစေလား'

'ကျွန်မစာအုပ်က သုတစာပေဝင် ကျမ်းစာအုပ်မဟုတ်ပါဘူး၊ ရသစာပေ အမျိုးအစားဝင် ဝတ္ထုစာအုပ်ပါ'

'ဪ ... ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဒါနဲ့ ... ဆရာမလို အလွန်ချောတဲ့ အမျိုးသမီး တစ်ယောက်အဖို့ ချစ်သူတွေတော့ ဝိုင်းဝိုင်းလည်နေမှာပဲနော် ... ဟဲ ... ဟဲ'

'ဟိုတုန်းကတော့ အဲဒီလို ပြောလို့ရပါတယ်၊ ဒါပေမယ့် ခုတော့အဲဒီလို မဟုတ်တော့ပါဘူးရှင်'

ယခုတော့ သူရဲလာပြီ။ ရှက်လည်း လုံးဝမရှက်တော့။

'ဆရာမက မုဆိုးမလို့ သိရပါတယ်၊ အဲဒါဟုတ်ပါသလား ခင်ဗျား' ဒက်ဖနီက



www.burmeseclassic.com

www.burmeseclassic.com



သည်မေးခွန်းမျိုးကို လုံးဝမမျှော်လင့်ခဲ့။ သူ ရုတ်တရက် အလွန်ခံပြင်း သွားမိသည်။ သည်လူက ဒီမေးခွန်းကို သိရက်သားနှင့် တမင်မေးခြင်းဖြစ်သည်။ သူက ခေါင်းညိတ်ပြလိုက်သည်။ 'ဪ ...ဟုတ်ကဲ့၊ အခုလိုသိရတာ အများကြီး စိတ်မကောင်းပါဘူး ခင်ဗျား၊ ဒါပေမယ့် ...' သူ့အသံက ကရုဏာသံပါသည်။ 'ဒါကြောင့်မို့လို့လဲ ဆရာမ စာအုပ်တွေက ခံစားချက် အပြည့်ပါပြီး ပရိသတ် လက်က မချနိုင်ဖြစ်ရတာကိုး၊ ဆရာမဟာ ချစ်တဲ့လူတွေနဲ့ ကွေကွင်းရတဲ့ဝေဒနာ ဇာတ်လမ်းတွေကိုပဲ အများဆုံး ရေးနေတာ တွေ့ရပါတယ်၊ ဆရာမ သမီးလေးတစ်ယောက် ဆုံးခဲ့တယ်ဆိုတာ ဟုတ်ပါသလား ခင်ဗျား'

ဒက်ဖနီ၏ မျက်လုံးအစုံတွင် မျက်ရည်များဝိုင်းလာသည်။ သို့သော် သူက စိတ်ကို ထိန်းပြီး ပြန်ပြောလိုက်သည်။

'ကျွန်မဟာ ကျွန်မရေးတဲ့စာအုပ်တွေနဲ့ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ အတွင်းရေးတွေကို ရောထွေးပြီး ဘယ်တော့မှ ဆွေးနွေးလေ့ မရှိပါဘူး ရှင်'

'ဆွေးနွေးတာကောင်းပါတယ်၊ ဒါမှ စာဖတ်ပရိသတ်အတွက် ပိုပြီး အဓိပ္ပာယ် ရှိနိုင်ပါတယ်'

'ကျွန်မ ဝတ္ထုတွေ အဓိပ္ပာယ်ရှိနေရင် ...'

မစ္စတာကွန်ရှိုင်းက ကြားဖြတ်ပြီး

'ဒါပေမယ့် ဆရာမအကြောင်းကို ဘာမှမသိရရင် ဆရာမစာအုပ်တွေကို ပရိသတ်စိတ်ဝင်စားမှု ရှိသင့်သလောက် ရှိမလာနိုင်ပါဘူး၊ ဒါနဲ့ ဆရာမရဲ့ခင်ပွန်းနဲ့ သမီးလေးတို့က မီးလောင်ခံရလို့ သေဆုံးသွားကြတယ်ဆိုတာ ဟုတ်ပါသလား'

'ဟုတ်ကဲ့ ... ဟုတ်ပါတယ်'

ဒက်ဖနီက သက်မချလိုက်သည်။

'ဒါနဲ့ အပါချိုဝတ္ထုထဲက ဇာတ်ဆောင်ဟာဆရာမရဲ့ ခင်ပွန်းပဲလား ခင်ဗျား' ဒက်ဖနီက ခေါင်းခါလိုက်သည်။ အမှန်က ထိုဝတ္ထုမှာ ဂျွန်အကြောင်းကို အခြေခံ၍ ရေးထားခြင်းဖြစ်သည်။ 'ဇာတ်ဆောင်က တော်တော်စွဲစရာကောင်းတာပဲ၊ အမေရိကန် အမျိုးသမီးတွေအားလုံး သူ့ကို ချစ်မိကြလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်၊ ဒီဝတ္ထုကို ရုပ်ရှင်ရိုက်ရင် အလွန်ကောင်းမှာပဲ ခင်ဗျ'

'ဟုတ်ကဲ့၊ အဲဒီလို ယူဆတာ ဝမ်းသာစရာကောင်းပါတယ် ရှင်'

'ရုပ်ရှင်ရိုက်ဖို့ အခြေအနေများရှိပါသလား'

အခုထိတော့ မရှိသေးပါဘူး၊ ဒါပေမယ့် စာမူကိုယ်စားလှယ်ကတော့ ရုပ်ရှင်ကုမ္ပဏီတွေက လာကြလိမ့်မယ်လို့ ယူဆပါတယ်'

'စကားမစပ် မေးပါရစေဦး၊ ဆရာမအသက် ဘယ်လောက်ရှိပါပြီလဲ ခင်ဗျ'





ဒက်ဖနီက သိမ့်သိမ့်ကလေး ရယ်လိုက်ပြီး

'ကျွန်မအသက်ကို အမှန်အတိုင်း ပြောရမှာလား ရှင်၊ အဲဒါဆိုရင်တော့ ကျွန်မအသက် သုံးဆယ့်သုံးနှစ်ထဲ ဝင်ပါပြီ'

'ဟင် ... ဟုတ်ရဲ့လား၊ ဆရာမရုပ်က အသက်ထက်အများကြီး နုနေသလိုပဲ၊ ကျွန်တော်ကတော့ နှစ်ဆယ်လောက်ပဲ မှန်းတယ် ခင်ဗျ' ကွန်ရှိုင်း၏ သည်လို အသုံးအနှုန်း ကလေးတွေကို အမျိုးသမီးပရိသတ်က အလွန်သဘောကျကြသည်။ 'ဒါနဲ့ဆရာမ ပထမအိမ်ထောင်ပျက်ပြီးကတည်းက နောက်ထပ်လုံးဝအိမ်ထောင် မပြုရသေးပါဘူးနော်၊ မုဆိုးမဘဝရောက်တာ ဘယ်လောက်ကြာပါပြီလဲ'

'ခုနစ်နှစ်ပါ'

'အင်း ... မိန်းမသားတစ်ယောက်အဖို့ တော်တော်တော့ ခံစားရစရာပဲ၊ အခု လောလောဆယ်မှာ ဟို ...ယောကျ်ား မိတ်ဆွေ ... ဟိုဒင်း ... ချစ်သူပဲ ဆိုပါတော့လေ၊ ရှိများ ရှိနေပါသလား'

ဒက်ဖနီ ဒေါသထွက်သွားသည်။ သံကုန်အော်ဟစ်ပြီး ပါးကိုသာ တအား ပစ်ရိုက်လိုက်ချင်မိသည်။ သူတို့က အမျိုးသားစာရေးဆရာများဆိုလျှင် သည်လို မေးခွန်းမျိုး ဘယ်တော့မှ မမေးကြ။ သို့သော်အမျိုးသမီး စာရေးဆရာမတွေ ကျတော့ သူတို့၏ သားကောင်လို သဘောထားပြီးပေါက်တတ်ကရ မေးချင်ရာမေးကြသည်။ အမျိုးသမီးတွေကို သူတို့က ပြည်သူပိုင်ပစ္စည်းလို့များ ထင်နေသလားမသိ။

သို့သော် ဒက်ဖနီက ပြုံးလိုက်ပြီး

'အခု လောလောဆယ်တော့ ဘယ်သူမှ မရှိသေးပါဘူး ရှင်'

ကွန်ရှိုင်းက လှပစွာ ပြုံးလိုက်သည်။

'ကျွန်တော်တော့ အဲဒီလို မထင်မိဘူးခင်ဗျ၊ ဒီလောက်လှပတဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ အထီးကျန်ဘဝဆိုတာ လုံးဝမရှိနိုင်ပါဘူး၊ ပြီးတော့ ဆရာမက ဟို ဟိုစာအုပ် ... ဘာတဲ့ ... အဲ ... အသည်းအသက်နှင့် ချစ်ရသူများ ဆိုတာကိုလဲ ရေးနေတယ် မဟုတ်လား' ဒက်ဖနီက ခေါင်းညိတ်ပြလိုက်သည်။ 'အဲဒီစာအုပ်က ဘယ်တော့လောက်ထွက်မှာပါလဲ၊ ဆရာမရဲ့ စာဖတ်ပရိသတ်တွေ ကတော့စာအုပ်ထွက်မယ့်ရက်ကို အသက်တောင်မရှူနိုင်လောက်အောင် စောင့်မျှော်နေကြမှာ သေချာပါတယ်'

'ဒီလောက်လဲ မဖြစ်နိုင်ပါဘူး ထင်ပါတယ်၊ စာအုပ်က လာမယ့်နှစ်ဆန်း လောက်မှ ထွက်ပါလိမ့်မယ်'

'ကျွန်တော်တို့က စောင့်မျှော်နေကြမှာပဲ ခင်ဗျ၊ ပြီးတော့ မေးစရာတစ်ခု ကျန်ပါသေးတယ်၊ ဆရာမပြီးရင် နောက်ထပ် ဆွေးနွေးမယ့် ပုဂ္ဂိုလ်ကလဲ စာရေး ဆရာ ဖြစ်နေပါတယ်၊ ဒါပေမယ့် ... ဆရာမနဲ့တော့ လိုင်းမတူပါဘူး၊ သူက ကျွမ်းစာ



www.burmeseclassic.com

www.burmeseclassic.com

အုပ်တွေရေးတဲ့ ပုဂ္ဂိုလ်ဝါ၊ မကြာမီက သူရေးခဲ့တဲ့ စာအုပ်က တော်တော်နာမည်ကြီးပါတယ်၊ စိတ်ဓာတ်ချို့ယွင်းနေတဲ့ ကလေးတွေအကြောင်းပါ' ဒက်ဖနီ၏မျက်နှာတွင် သွေးဆုတ်သွားသည်။ သို့သော် သည်းခံပြီး ဆက်နားထောင် နေလိုက်သည်။ 'နယူးယောက်က ကောလင်းမဂ္ဂဇင်းတိုက်မှ ကျွန်တော်မိတ်ဆွေ တစ်ယောက်ရှိပါတယ်၊ ဆရာမမှာလဲ အဲဒီလိုကလေးတစ်ယောက် ရှိတယ်ဆိုတာ သူပြောလို့သိရပါတယ်၊ ဒါကြောင့်မို့ အဲဒီလိုကလေးတစ်ယောက်ရဲ့ မိခင်တစ်ယောက်အနေနဲ့ အဲဒီအကြောင်းကို နည်းနည်းပြောစေချင်ပါတယ် ခင်ဗျ၊ အားလုံးအတွက် အကျိုးရှိနိုင်ပါတယ် ဆရာမ'

ဒက်ဖနီက ကွန်ရှိုင်း၏မျက်နှာကို မုန်းတီးစွာဖြင့် စိုက်ကြည့်လိုက်သည်။ သို့သော် ကွန်ရှိုင်း၏မျက်နှာကိုကြည့်နေရင်းမှ သူ့စိတ်ကအယ်လီဆင်ဆီသို့ ရောက်သွားသည်။ အယ်လီဆင်ပြောတာဖြစ်ရမည်။ သူ့အတွက် ဘာအကျိုးထူး ရှိလို့များ ဒီအကြောင်း သူက ပြောရတာလဲ။

'ဒါပေမယ့်ကျွန်မသားလေးက စိတ်ဓာတ်ချို့ယွင်းနေတဲ့ ကလေး မဟုတ်ပါဘူးရှင်'

'ဩော် ...ဟုတ်ကဲ့၊ ကျွန်တော်အမှတ်မှားသွားတာ ဖြစ်နိုင်ပါတယ်၊ ဒါနဲ့ ...ကလေးက အင်္ဂါတစ်ခုခု ချို့ယွင်းနေတာလား ခင်ဗျား'

'မဟုတ်ပါဘူး၊ အဲဒီလိုမဟုတ်ပါဘူး' ဒက်ဖနီအသံ ကျယ်လာသည်။ မျက်လုံးတွေလည်း မီးတောက်လာသည်။ ဒီလူက ဒီအကြောင်းမေးရအောင် သူနှင့် ဘာဆိုင်သနည်း။ သူ့မှာ ဒီလိုမေးနိုင်ခွင့်ရှိလို့လား။ 'ကျွန်မသားကလေးက နားလေးတာပါ၊ အခုပြုပြင်ရေးကျောင်းမှာ ရှိပါတယ်၊ သူ့မှာ သိသိသာသာ ဘာချို့ယွင်းချက်မှ မရှိပါဘူး၊ သာမန် သူလိုကိုယ်လိုပါပဲ၊ ပုံမှန် အခြေအနေရှိတဲ့ ကလေးပါ'

'ဒီလိုကြားရတာ ဝမ်းသာပါတယ် ဆရာမ၊ ပြီးတော့ အသည်းအသက်နှင့်ချစ်ရသူများစာအုပ်ရေးနေတယ်ဆိုတာ သိရလို့လဲ အများကြီးဝမ်းသာမိပါတယ်၊ ကဲ ... အားတော့နာပါရဲ့၊ အချိန်စေ့သွားပါပြီ၊ ဒါပေမယ့် နောက်တစ်ကြိမ် ဆရာမချီကာဂို ရောက်လာတဲ့အခါမှာလဲ ဒီလိုပဲ တယ်လီဗီးရှင်းမှာ တွေ့ဆုံဆွေးနွေးခွင့်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ် ခင်ဗျား'

'ဟုတ်ကဲ့ ...ကျွန်မလဲ အဲဒီလိုပဲ မျှော်လင့်ပါတယ် ရှင်' ဒက်ဖနီက သွားချင်းကြိတ်ပြီး ပြုံးပြလိုက်သည်။

ပြီးတော့ ပရိသတ်အတွက် သီးသန့် ပြုံးလိုက်သည်။ ဒက်ဖနီနှင့် ဆွေးနွေးခန်းပြီးဆုံး၍ စီးပွားရေး ကြော်ငြာကဏ္ဍ ရိုက်ကူးပြန်သည်။ ဒက်ဖနီသည် ဒေါသစိတ်ကို ထိန်းချုပ်ပြီး သူ့အင်္ကျီတွင် ချိတ်ထားသော မိုက်ကရိုဖုန်းကို ဖြုတ်လျက် မစ္စတာ ကွန်ရှိုင်းအား ကမ်းပေးသည်။ 'ကျွန်မကိုမေးခဲ့တဲ့ မေးခွန်းအတွက် မစ္စတာကွန်ရှိုင်းအနေနဲ့





ဘယ်လိုအကြောင်းပြမယ် ဆိုတာ၊ ကျွန်မတော့ လုံးဝမတွေးတတ်ဘူး'

'ဘာအကြောင်းပြစရာလိုလို့လဲ၊ ကျုပ်က အမှန်တွေကို မေးတာပဲ'

သူက ခပ်တည်တည်ဖြင့် ပြောသည်။ သည်အချိန်တွင် သူက ဒက်ဖနီကို ဂရုစိုက်စရာမလိုတော့။ သူက သူ့ကိုယ်သူ့ရယ်၊ တယ်လီဗီးရှင်းပရိသတ်ရယ်၊ ကုမ္ပဏီပိုင်ရှင်ရယ် ... ဒါပဲ ဂရုစိုက်သည်။

'ဘာပဲပြောပြော မထူးပါဘူး၊ အတူတူပါပဲ၊ တကယ်တော့ မစ္စတာ ကွန်ရှိုင်းအနေနဲ့ ဘယ်သူ့ကိုပဲ ဖြစ်ဖြစ် ဒီလိုမေးခွန်းမျိုးမေးနိုင်တဲ့ အခွင့်အရေး မရှိပါဘူး'

'လူတွေက ဒါမျိုးမှ သိချင်ကြတယ်ဗျ'

'လူတွေမှာလဲ အဲဒါမျိုးသိနိုင်တဲ့ အခွင့်အရေးမရှိပါဘူး၊ ကျွန်မ တစ်ခု မေးမယ်၊ မစ္စတာကွန်ရှိုင်းအနေနဲ့ ဘယ်သူ့ကိုမှ မပြောချင်တဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စဆိုတာ မရှိဘူးလား၊ ကိုယ်သာ သိအပ်တဲ့ လျှို့ဝှက်ချက်ဆိုတာ မရှိတော့ဘူး လား'

'ဒီမယ် ... မစ္စဖီးလ်ဒ်၊ ဒီအစီအစဉ်မှာ ကျုပ်က မေးမြန်းသူလား၊ ခင်ဗျားက မေးမြန်းသူလား'

ထိုအခိုက် ဒက်ဖနီ၏အနီးသို့ နောက်အစီအစဉ်တွင် ဆွေးနွေးမည့်ပုဂ္ဂိုလ် ရောက်လာသည်။ ဒက်ဖနီက ကုလားထိုင်မှထကာ ကွန်ရှိုင်းအား ခေတ္တရပ်ကြည့်နေသည်။ လက်ဆွဲနှုတ်ဆက်ခြင်း လုံးဝမလုပ်။

'မစ္စတာ ကွန်ရှိုင်း ... ရှင် တော်တော် ကံကောင်းပါတယ်'

ယင်းသို့ပြောလိုက်ပြီးနောက် ဧည့်ခန်းမသို့ ခပ်သွက်သွက်ကလေး လျှောက်လာသည်။ ထို့နောက် ဘာဘရာအားပြန်ရန် မျက်ရိပ်ပြကာ စတူဒီယိုထဲမှ ထွက်လာကြသည်။ နောက် နှစ်နာရီအကြာတွင် ဒက်ဖနီနှင့်ဘာဘရာတို့သည် နယူးယောက်သို့ ပျံသန်းမည့်လေယာဉ်ပေါ်သို့ ရောက်နေကြပြီ။ လေယာဉ်မှာ နောက်ဆုံးအခေါက်ဖြစ်သည်။ နံနက်နှစ်နာရီတွင် လာဂွါဒီယာ လေဆိပ်သို့ ရောက်သည်။ နှစ်နာရီခွဲကျတော့ ဒက်ဖနီ သူ့အိမ်ခန်းသို့ ပြန်ရောက်သည်။ ဘာဘရာကလည်း သူ့အခန်းသို့ အငှားကားဖြင့် ပြန်သွားသည်။

ဒက်ဖနီသည် ၆၉ လမ်းရှိ သူ့အိမ်ခန်း၏ အိမ်ရှေ့တံခါးကို ပိတ်လိုက် သည်။ အိပ်ခန်းထဲသို့ တန်းဝင်လာသည်။ မီးကိုမပိတ်ဘဲ ခုတင်ပေါ် လှဲချလိုက်ပြီး ရှိုက်၍ ရှိုက်၍ ငိုလေတော့သည်။

သူသည် လွန်ခဲ့သော ညတုန်းက သူ၏ဒုက္ခသုက္ခအားလုံး၊ သူ့ တစ်ဘဝလုံးကို လူပုံအလယ်တွင် အထုပ်ဖြေပြလိုက်ရသလို ခံစားမိသည်။ ကွန်ရှိုင်း အနေဖြင့် ဂျွန်အကြောင်းကိုတော့ လုံးဝသိပုံမပေါ်။ အယ်လီဆင်အား ဂျွန်အကြောင်း ဘာမှ မပြောမိခဲ့တာ ကံကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



တစောင်းပြန်ကာ ပက်လက်လှန်အိပ်ရင်း အခန်းမျက်နှာကြက်ကို စိုက်ကြည့်နေမိသည်။ အန်ဒရူးကလေး၏ မျက်နှာကို မြင်ယောင်လာသည်။

အန်ဒရူးကလေးအနေနှင့် ကျောင်းမှာပဲနေနေ နယူးယောက်သို့လာပြီး မိခင်နှင့်ပင် နေနေဘာမှ အကြောင်းမထူးတော့။ သူ့အကြောင်းလူတွေ သိကုန်ပြီ။ သူ့အကြောင်း လူတွေပြောကြတော့မည်။ အထူးသဖြင့် အယ်လီဆင်လိုလူစား မျိုးတွေက အန်ဒရူးကလေးအား စိတ်ဓာတ်မမှန်သူ၊ အင်္ဂါချို့ယွင်းသူ၊ ဒုက္ခိတကလေး ဆိုပြီး ကရုဏာ သက်သယောင်ဖြင့် အတင်းပြောကြတော့မည်။

သည်အတွေးကြောင့် ဒက်ဖနီကျောစိမ့်သွားမိသည်။ သူ့အသည်းနှလုံး ကို ကျောက်ဆောင်တွင် ကိုင်ပေါက်သလို ခံစားရသည်။

မကြာမီတွင် အိပ်မောကျသွားသည်။ အဝတ်အစားပင် မလဲနိုင်ရှာတော့။

ထိုညက သူအိပ်မက်မက်သည်။ အိပ်မက်ထဲတွင် ဂျက်ဖ်နှင့် ဂျွန်တို့ကို တွေ့ရသည်။

ိမြည်သံကြောင့် လန့်နိုးလာခဲ့သည်။ ရုတ်တရက် တစ်ကိုယ်လုံး းမိသည်။

ဘုရား ... ဘုရား ...၊ သားကလေးများ တစ်ခုခုဖြစ်နေပြီလား မသိ၊ ဘုရားသခင် ကျေးဇူးကြောင့် လွဲပါစေ၊ ဖယ်ပါစေ။

* * *

အခန်း ( ၁၅ )

'ဒက်ဖနီနေကောင်းတယ်နော်' တစ်ဖက်မှ အိုင်းရစ်၏ အသံ။ ဒက်ဖနီ၏ ဟယ်လီဗီးရှင်း ဆွေးနွေးခန်းကို သူကြည့်ပြီးပြီ။

'ကျွန်မအသက်တော့ ရှည်မှာပါ၊ ဒါပေမယ့် အဲဒီအလုပ်တော့ ထပ်မလုပ်တော့ဘူး၊ ဒီအကြောင်း မားဒေါက်ကို ကျွန်မကိုယ်စား ပြောပြလိုက်ပါ၊ ရှင်မပြောရင် ကျွန်မကိုယ်တိုင် ပြောရလိမ့်မယ်၊ ကြိုက်သလိုလုပ်ပါ၊ ကျွန်မနောက်ထပ် ဘယ်တော့မှ လူ့ပွဲအလယ်ထွက်ပြီး ကိုယ့်ကိုယ်ကိုမကြော်ငြာတော့ဘူး'

'ဒီလိုလဲ မတွေးပါနဲ့ဦးလေ၊ ဒီတစ်ကြိမ်မကောင်းရင် နောက်တစ်ကြိမ် ပိုကောင်း ...'

'ကောင်းကောင်း မကောင်းကောင်း ကျွန်မတော့ ဘယ်တော့မှ တယ်လီဗီးရှင်း မရိုက်တော့ဘူး၊ ကျွန်မ အပြီးအပိုင် ဆုံးဖြတ်လိုက်ပြီ၊ ကျွန်မစာအုပ်တွေက ဒီအတိုင်း ရောင်းလဲ ရပါတယ်၊ ကျွန်မကိုယ် ကျွန်မ ဆင်ဖြူတော်မှီပြီး ကြော်စုပ်ချင်တဲ့ လူစားမျိုးတွေ ရဲ့ ခေါင်းပုံဖြတ်တာ မခံဘဲနဲ့လဲ ကျွန်မစာအုပ်တွေ ရောင်းရပါတယ်'

သူ့အမိက စိတ်အထိခိုက်ရဆုံးကတော့ သားကလေးကိစ္စပင် ဖြစ်သည်။ မှက သူ့သားကလေးကိစ္စကို တချိန်လုံးဖုံးဖိသိုသိပ်လာခဲ့သည်။ သူတို့က မညှာ



www.burmeseclassic.com

www.burmeseclassic.com



မတော်ရက်ရက်စက်စက်ဖွင့်ချလိုက်ကြသည်။ သူတို့လုပ်ပုံကိုတွေးပြီး သူယခုတိုင် ရင်တွေ တုန်နေမိသေးသည်။ သည်အကြောင်းကို တွေးမိတိုင်း အယ်လီဆင်ကိုသာ အသေသတ် ချင်တော့သည်။

ခံပြင်းစိတ်ကို ချုပ်တည်းပြီး အိုင်းရစ်၏စကားကို အာရုံစိုက်လိုက်သည်။ အိုင်းရစ်က လေးရာသီစားတော်ဆက်တွင် နေ့လယ်စာစားကြရန် ဖိတ်ခေါ်သည်။ ဒက်ဖနီက ငြင်းသည်။

'ဘာ ပြဿနာရှိလို့လဲ'

'ဘာ ပြဿနာမှ မရှိပါဘူး၊ သတင်းကောင်းပြောချင်လို့ပါ၊ ကျွန်မက လူချင်း ဆုံပြီး ပြောချင်လို့ပါ၊ ဟိုကိစ္စခဏ မေ့ထားလိုက်စမ်းပါ ရှင်၊ ကျွန်မရုံးခန်း လာခဲ့မှာလား'

'ကျွန်မဆီ လာခဲ့ပါလား၊ ကျွန်မအပြင်ထွက်ချင်စိတ်မရှိဘူး' အမှန် အတိုင်း ပြောရလျှင် ဒက်ဖနီသည် ဘယ်သူနှင့်မှမတွေ့ဘဲ အိမ်ခန်းအောင်း၍သာ နေလိုက်ချင် သည်။ တွေ့ချင်လျှင်လည်း သားကလေးဆီသာ ပြေးသွားပြီး အားရပါးရ ပွေ့ဖက် ထားလိုက်ချင်သည်။

'ကောင်းပါတယ်၊ ဆယ့်နှစ်နာရီမှာ ကျွန်မလာခဲ့ပါ့မယ်၊ ဒါပဲနော်'

'ကောင်းပြီ၊ ဒါနဲ့ စောစောက ကျွန်မပြောတဲ့ကိစ္စ မားဒေါက်ကို ဖုန်း ဆက်ဖို့လဲ မမေ့နဲ့ဦး'

သို့သော် အိုင်းရစ်က ယင်းကိစ္စကို ခေတ္တဘေးချိတ်ထားရန် ဆုံးဖြတ် ထားပြီးဖြစ်သည်။

'ဟုတ်ပြီ၊ ကျွန်မမကြာခင် ရောက်လာမယ်'

ယခုဆယ်နာရီ ရှိပြီ။

ဒက်ဖနီသည် ခြေအိတ်မချွတ်ဘဲ မီးဖိုခန်းထဲဝင်လာသည်။ ဘာဘရာ အိမ်ရှေ့တံခါး ဖွင့်သံကြားရသည်။

'အံမယ် ... ဆရာမကြီးက ဒီနေ့မနက်စောစောတော့်ချောနေပါလား'

ဘာဘရာက ရွှင်မြူးစွာ ပြောသည်။

ဒက်ဖနီက ကော်ဖီအိုးကို စားပွဲပေါ်တင်ရင်း ပြုံးပြသည်။ ဘာဘရာက လက်ဆွဲအိတ်ကို စားပွဲပေါ်ချထားလိုက်သည်။

'ညက အိပ်ပျော်ရဲ့လား ဒက်ဖ်'

'အင်း နည်းနည်းတော့ ပျော်ပါတယ်'

ဘာဘရာက ကော်ဖီပူပူကို တစ်ကျိုက်သောက်လိုက်ပြီးနောက် '

'ဟိုနေ့ညက ကိစ္စအတွက် ကျွန်မစိတ်မကောင်းပါဘူး ဒက်ဖ်'

'ကျွန်မလဲ အတူတူပါပဲ၊ နောက်ဘယ်တော့မှမလုပ်တော့ဘူး၊ မားဒေါက်





ကို အဲဒီအတိုင်းပြောလိုက်ပါလို့ ကျွန်မအိုင်းရစ်ဆီ ဖုန်းဆက်လိုက် ပြီးပြီ'

'သူက ပြောမှာ မဟုတ်ပါဘူး'

'သူ မပြောရင် ကျွန်မ ပြောမယ်'

'ဒါနဲ့ အယ်လီဆင့်ကိစ္စ ဘယ်လို သဘောရသလဲ၊ ဘာလုပ်မှာလဲ'

ဒက်ဖနီ၏ မျက်နှာတင်းမာသွားသည်။

'အမှန်အတိုင်းသာဆိုရင် ကျွန်မသူ့ကို သတ်ချင်တယ်၊ ကျွန်မသူနဲ့ ဘယ် တော့မှ စကားမပြောတော့ဘူး'

'သူလုပ်ပုံက တော်တော် မကောင်းတာ'

'သူ့ကို ကျွန်မတခြားကိစ္စတွေအားလုံး အတွက်ခွင့်လွှတ်နိုင်ပါတယ်၊ ဒါပေမယ့် သားကလေးအကြောင်း ပြောတာကိုတော့ ဘယ်တော့မှ ခွင့်မလွှတ် နိုင်ဘူး'

'ဒါနဲ့ အိုင်းရစ်က ဘာကိစ္စတဲ့လဲ'

'မသိဘူး၊ သတင်းကောင်းပြောစရာရှိလို့ လို့တော့ပြောတာပဲ၊ ကြော်ငြာ ရိုးထွက်တဲ့ကိစ္စပဲ ရှိမှာပေါ့၊ ကျွန်မကတော့ အပြတ်ပဲ ပြောလိုက်တော့မယ်'

'ကျွန်မလဲ အဲဒီလိုပဲ သဘောရတယ်၊ ဒါနဲ့ဖုန်းဆက်စရာများရှိသေးသလား၊ ကျွန်မဆက်လိုက်မယ်လေ'

ဒက်ဖနီက ဖုန်းနံပါတ်စာရင်းပေးခဲ့ပြီးနောက် ရေချိုးခန်းထဲဝင်သွား သည်။

နောက် ငါးမိနစ်အကြာတွင် အိုင်းရစ်ရောက်လာသည်။ ဆယ့်နှစ်နာရီပင် မထိုးသေး။

'အားပါး ... ကိုယ်တို့ ဆရာမကြီးက တယ်ချောနေပါလား'

အိုင်းရစ်က ဒက်ဖနီနှင့်ပတ်သက်လျှင် အားလုံးစိတ်ဝင်စားသည်။

ဒက်ဖနီသည် အဖြူရောင်သားမွေးကုတ်အင်္ကျီနှင့်အဖြူရောင်ဆွယ်တာ ကို ဝတ်ထားသည်။

သူက တခြားစာရေးဆရာမတွေလို အဝတ်အစားဖြင့် ရှိုးမထုတ်။ သူ့ ပင်ကို ဟန်အတိုင်း ရိုးရိုးကလေးပင် ဝတ်ဆင်သည်။ သို့သော်လည်း ဘာပဲဝတ်ဝတ် သူ့ ရုပ်သွင်ကတော့ တစ်မူထူးခြားနေသည်သာ ဖြစ်သည်။ ယင်းထူးခြားချက်ကြောင့်ပင် တစ်ခါတစ်ရံသူ့ကို အသက်ထက်အိုစာနေသည်ဟု ထင်မှတ်ရသည်။ သို့သော် ထူးသည်မှာ ဒက်ဖနီ၏ 'ဟန်' ပင် ဖြစ်သည်။ တကယ်တော့ သူ့အိုရုပ် ပေါက်နေခြင်းမှာ အံ့ဩစရာမဟုတ် တစ်လျှောက်လုံး ပူဆွေးသောကနှင့် နပန်းလုံးလာခဲ့ရသော ဘဝ မဟုတ်လား။ ယင်းသို့ ဘဝနာခဲ့ခြင်းကြောင့်လည်း သူသည် ဘဝအသိတိုး လာခဲ့ရခြင်း ဖြစ်သည်။ ရင့်ကျက်မှုရလာခဲ့သည်။ သူတစ်ပါးအပေါ်ကြင်နာစိတ်များ တိုးပွားလာ ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ ...ဆိုပါဦး၊'ဘယ်လိုသတင်းကောင်းမျိုးလဲ'

သူတို့စားပွဲတွင် ဝင်ထိုင်ကြသည်။ ဒက်ဖနီက ကော်ဖီကရားကိုင်၍သည်။ အိုင်းရစ်က မိခင်တစ်ယောက်လေသံမျိုးဖြင့် တည်ငြိမ်စွာ ပြောသည်။ ဒက်ဖနီ၏ မျက်လုံးများကို ကြည့်ကာ သူက ဒက်ဖနီ၏ဘဝကို ကောင်းကောင်းကြီး သိခဲ့ပြီ။ ဒက်ဖနီအလွန် ပင်ပန်းနေပြီ။

'ရှင်က ဒီလိုဘာကြောင့် ပြောရတာလဲ'

'ပြောနိုင်တာပေါ့၊ ရှင့်ရုပ်က တစ်နေ့တခြားပိန်လာတာကိုး၊ ရှင့်မျက်လုံးတွေက ဝန်ခံနေတယ်၊ ရှင့်ရုပ်က အသက် ၁၅၀ အရွယ်လောက်ထင်ရတယ်'

'ဟုတ်ပါတယ်၊ ကျွန်မအသက် ၁၅၂ နှစ်တိတိ ရှိနေပြီ၊ လာမယ့် စက်တင်ဘာလဆိုရင် ၁၅၂ နှစ်တိတိ ပြည့်ပြီ'

'ကျွန်မက လေးလေးနက်နက်ပြောနေတာပါ ဒက်ဖနီ'

'ကျွန်မလဲ လေးလေးနက်နက် ပြောနေတာပါ'

'ကဲပါ၊ ဒီအကြောင်း ထားလိုက်ပါတော့၊ အလုပ်ကိစ္စပဲ ပြောကြမယ်၊ အခုရေးနေတဲ့ စာအုပ်ဘယ်အခြေအနေ ရောက်ပြီလဲ'

'အခြေအနေကောင်းပါတယ်၊ နောက်တစ်လလောက်တော့ ကြာဦးမယ်'

'အဲဒီ စာအုပ်ပြီးရင် ဘာလုပ်မှာလဲ၊ ဘာအစီအစဉ် ရှိသလဲ'

'သားလေးဆီ သွားပြီးအနားယူမယ်လို့ စိတ်ကူးထားတယ်၊ ရှင်သိပါ တယ်၊ ကျွန်မသားကလေးက လူစဉ်မမီတဲ့ကလေး မဟုတ်လား'

သူကနာကြည်းစွာဖြင့် တမင် ရွဲ့ပြောလိုက်သည်။

'ဒီကိစ္စသိပ်ပြီးလဲ အလေးအနက်မထားပါနဲ့ ဒက်ဖနီရယ်၊တယ်လီဗီးရှင်း တို့ သတင်းစာတို့ဆိုတာက ဒါမျိုးတွေ လုပ်နေကျပဲ မဟုတ်လား'

'ဒါပေမယ့် ကျွန်မနဲ့ ကျွန်မသားလေးတို့ရဲ့ အတွင်းရေးကိုတော့ အဲဒီလို မပြောသင့်ပါဘူး၊ ကဲ ထားလိုက်ပါတော့၊ မားဒေါက်ဆီ ဖုန်းဆက်ဖြစ်သလား'

'မဆက်ဖြစ်သေးဘူး၊ နောက်တော့ ကျွန်မဆက်လိုက်ပါ့မယ်'

'ရှင်မဆက်ရင်တော့ ကျွန်မကိုယ်တိုင်ဆက်ရမှာပဲ၊ ကျွန်မဒီနေ့မနက်က ပြောခဲ့တဲ့စကားပြောတာပါ'

'ကောင်းပါပြီ၊ စိတ်ချပါ၊ ကျွန်မဆက်ဖြစ်အောင် ဆက်လိုက်ပါ့မယ်၊ ကဲ လောလောဆယ် အလုပ်ကိစ္စပြောကြရအောင်၊ ရှင်တော့ တော်တော်ကံကောင်း တာပဲ ဒက်ဖနီ'

'ဘယ်လို ကောင်းတာလဲ'

'အနောက်ဘက် ကမ်းခြေမှာ ရုပ်ရှင်ရိုက်မယ့်ကိစ္စလေ၊ သူတို့က ရှင် ရေးတဲ့





အပါချီဝတ္ထုကို သိပ်ကြိုက်နေကြတယ်၊ မနေ့က ရှင်ပြန်သွားပြီးတဲ့နောက် ကွမ်စတော့ ရုပ်ရှင်ကုမ္ပဏီက ကျွန်မဆီဖုန်းဆက်တယ်၊ ရှင့်ဝတ္ထုဝယ်ချင်တယ်တဲ့၊ သူတို့က ဝတ္ထု ဝယ်ရုံတင်မကဘူး၊ ဇာတ်ညွှန်းပါ ရေးခိုင်းချင်တယ်တဲ့'

ဒက်ဖနီသည် ဘာမှမပြောဘဲ အတော်ကြာကြာငြိမ်၍ ထိုင်နေသည်။ ပြီးတော့မှ

'ကျွန်မရေးနိုင်မယ်လို့ ရှင်ထင်သလား၊ ကျွန်မက တစ်ခါမှ ရေးဖူးတာ မဟုတ်ဘူး'

'ရှင် မလုပ်နိုင်တာဘာမှ မရှိပါဘူး ဒက်ဖနီ၊ ရှင်ကသာ လုပ်ချင်တဲ့ ဆန္ဒရှိမယ် ဆိုရင် ပြောတာပါ'

ပြန်ပြောခဲ့တာ စကားကို သတိရမိပြီး ဒက်ဖနီ ပြုံးလိုက်သည်။

'ကျွန်မကိုယ်ကျွန်မ ယုံကြည်တဲ့ဆန္ဒရှိချင်ပါတယ်'

'ကျွန်မ ယုံကြည်ပါတယ်၊ သူတို့ကလဲ ယုံကြည်တယ်၊ သူတို့က ပိုက်ဆံလဲ လိုက်ထိုက်တန်တန်ပေးမှာ၊ ဒီအလုပ်ကို ရှင်က လက်ခံမယ်ဆိုရင် သူတို့ဆီမှာ သွားလုပ် ရမယ်၊ စားသောက်နေထိုင်ရေး စရိတ်လဲ သူတို့က ခံမယ်'

'ဘယ်လို ... ဘယ်လို ... ဘာတွေ ခံမှာတဲ့လဲ'

'အိမ်ခန်းရမယ်၊ စားစရိတ်၊ ညှော်ခံစရိတ်ရမယ်၊ အိမ်ဖော် တစ်ယောက် ရမယ်၊ ကားတစ်စီးနဲ့ ဒရိုင်ဘာတစ်ယောက် ရမယ်'

ဒက်ဖနီက ပန်းကန်ပြားတွေကို စိုက်ကြည့်နေသည်။ ခဏကြာတော့မှ အိုင်းရစ်၏ မျက်နှာကို မော့ကြည့်ကာ

'ဒီအလုပ် ကျွန်မ မလုပ်နိုင်ဘူး'

'ဘာလို့ မလုပ်နိုင်ရမှာလဲ အိုင်းရစ် အံ့သြသွားသည်။ 'စဉ်းစားပါဦး ဒက်ဖနီ၊ ပါဟာရတောင့်ရခဲတဲ့ အခွင့်အရေးကြီးပါ'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မက ဝတ္ထုစာအုပ်ကိုပဲ ရောင်းချင်တယ်၊ ဇာတ်ညွှန်းမရေးချင်ဘူး'

'ဘာလို့ မရေးချင်တာလဲ'

'ကျွန်မလက်ခံလိုက်ရင် အဲဒီမှာ ဘယ်လောက်ကြာမှာလဲ'

'ဇာတ်ညွှန်းရေးတာကတော့ အလွန်ဆုံးတစ်နှစ်ပေါ့၊ ဒါပေမယ့် သူတို့က ရုပ်ရှင်ရိုက်တော့လဲ ရှင်ပါ ရှိနေစေချင်တယ်၊ လိုအပ်တာတွေ အကြံပေးနိုင်အောင် ပေါ့'

'အင်း... တစ်နှစ် ...၊ တစ်နှစ်ကြီးများတောင် ...၊ အဆင်မသင့်ရင် တစ်နှစ် ထက်တောင် ပိုသွားနိုင်သေးတယ်၊ ကျွန်မသားကလေးကို အဲဒီလောက် အထိ မခွဲနိုင်ဘူး အိုင်းရစ်'



www.burmeseclassic.com

www.burmeseclassic.com



'ကလေးက ကျောင်းမှာ သူ့ဟာသူနေတာပဲဥစ္စာ၊ ဘာပူစရာရှိလို့လဲ'

'ပူစရာမရှိပေမယ့် ကျွန်မက သူ့ဆီတစ်ပတ်တစ်ကြိမ် အမြဲတမ်းသွားချင်တယ်၊ ကျွန်မလောစ်အိန်ဂျယ်လိကို ပြောင်းရင် သူ့ဆီမသွားနိုင်တော့ဘူး'

'ဒါဖြင့်လဲ သူ့ကိုပါ တစ်ပါတည်း ခေါ်သွားပေါ့'

'ဒါလဲ မဖြစ်နိုင်သေးဘူး၊ ကျွန်မကတော့ သိပ်ခေါ်ချင်တာပေါ့၊ ဒါပေမယ့် သူ့အနေနဲ့ ကျောင်းကိုခွဲခွာဖို့ အချိန်မရောက်သေးဘူး'

'ဟိုမှာလဲ သူ့ကို ကျောင်းပို့ထားလိုက်ရင် ဖြစ်ပါတယ်'

'ကျောင်းသစ်ပြောင်းရင် သားလေးအတွက် အခြေအနေဆိုးသွားလိမ့် မယ်၊ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ နောက်နှစ်နှစ် သုံးနှစ်ဆိုရင်တော့ ဖြစ်ချင်ဖြစ်နိုင်တယ်၊ လောလောဆယ်တော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ ကျွန်မတကယ်ပဲ စိတ်မကောင်းပါဘူး အိုင်းရစ်၊ ကျွန်မအခြေအနေကိုသာ သူတို့ကိုပြောပြလိုက်ပါတော့'

'ကျွန်မတော့ မပြောချင်ဘူး ဒက်ဖနီ၊ ကျွန်မအမြင်ကို ပြောရရင် ဒီအလုပ်ကို ငြင်းတာရှင်မှားတာပဲ၊ ဒီကိစ္စက ရှင့်အနာဂတ်လုပ်ငန်း အောင်မြင်ရေးအတွက် သိပ်ပြီးအရေးကြီးတယ်၊ ကိုယ့်လုပ်ငန်းအတွက် အကျိုးရှိမယ်ဆိုရင် တခြားကိစ္စတွေကို စွန့်လွှတ်သင့် စွန့်လွှတ်ရမှာပဲ၊ အဲဒီတော့ ပြန်ပြီးစဉ်းစားကြည့်ပါဦး၊ တနင်္လာနေ့အထိ ကျွန်မ စောင့်ပါ့မယ်၊ အဲဒီတော့မှ အဖြေအတိအကျပေးပါ၊ ဟုတ်လား'

'တနင်္လာနေ့လဲ ကျွန်မ အဲဒီအဖြေပဲ ပေးမှာပဲ'

'မဟုတ်သေးဘူး ဒက်ဖနီ၊ ဒီလုပ်ငန်းကို ရှင်ငြင်းမယ်ဆိုရင် ရှင်ဟာ အမှားကြီးတစ်ခုကို ပြုလုပ်မိတာနဲ့အတူတူ ဖြစ်သွားလိမ့်မယ်၊ ဒါဟာ ရှင့်အတွက် ပထမအဆင့်တက်လမ်းပဲ၊ ရှင်အခုလို လွယ်လွယ်နဲ့ ငြင်းပယ်လိုက်ရင် နောက်တော့ နောင်တအများကြီး ရနိုင်တယ်'

'အဲဒီတော့ ကျွန်မသားကလေးကို ဘယ်လိုရှင်းပြရမှာလဲ၊ သူ့ထက် ကျွန်မအလုပ်က ပိုအရေးကြီးတယ်လို့ ပြောရမှာလား၊ ခုနစ်နှစ်သားအရွယ်သာ ရှိသေးတဲ့ကလေးက ကျွန်မတို့လို သဘောပေါက်နိုင်ပါ့မလား'

'ရှင် ပြောပြရင် ဖြစ်နိုင်ပါတယ်၊ ကလေးနားလည်အောင် ပြောရင် ဖြစ်ပါတယ်၊ ပြီးတော့ ရှင်လဲ အားတဲ့အချိန်မှာ သူ့ဆီလေယာဉ်နဲ့ ပြန်သွားပြီး နှစ်ရက်တန်သည် သုံးရက်တန်သည် သွားနေလို့ ရပါတယ်'

'ကျွန်မ အလုပ်မအားလို့ မသွားနိုင်ရင် ဘယ်လိုလုပ်မလဲ၊ သူ့ဆီ ဖုန်းဆက်လို့လဲ မရဘူး၊ အဲဒီလိုဆိုရင် ဘယ်လိုလုပ်မလဲ၊ မဖြစ်နိုင်ပါဘူး အိုင်းရစ်၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး'

'ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်ပါဦး ဒက်ဖနီ'





အိုင်းရစ်ပြန်သွားပြီးနောက် ဤကိစ္စကို ဘာဘာရာနှင့်ဆက်လက် တိုင်ပင်သည်။

'ဒါနဲ့ အခြေအနေပေးမယ်ဆိုရင် ရှင်လိုက်သွားဖို့ စိတ်ကူးသလား ဒက်ဖ်'

ဘာဘာရာက မေးသည်။

'အမှန်အတိုင်းပြောရရင် ကျွန်မ ကျိန်းသေမပြောနိုင်သေးဘူး ဘာဘာရာ၊ ကျွန်မကိုယ်ကျွန်မ ဇာတ်ညွှန်းရေးနိုင်မယ်လို့လဲ မယုံကြည်နိုင်သေးဘူး၊ ပြီးတော့ ဟောလိဝုဒ်မှာ တစ်နှစ်လောက်အထိ နေဖို့ဆိုတာကလဲ ကျွန်မစရိုက်နဲ့ ဘယ်လိုမှ မကိုက်နိုင်ဘူး' သူက သူ့အိမ်ခန်းကလေးကို မျက်လုံးကစားကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်မှုတ်ထုတ်ရင်း ...

'သားလေးကို ကျွန်မအဲဒီလောက်အကြာကြီး ဘယ်လိုမှ မခွဲနိုင်ဘူး၊ သူ့ဆီသွားလည်ဖို့ဆိုတာလဲ အမြဲတမ်းဘယ်လိုမှ ဖြစ်နိုင် မှာမဟုတ်ဘူး'

'ရှင်က သူ့ဆီမသွားနိုင်ရင် ကလေးကို ရှင့်ဆီလေယာဉ်နဲ့ခေါ်ယူရင် ရတာပဲ၊ ကျွန်မက ပြန်ပို့ပေးရင်လဲ ဖြစ်တာပဲ'

ဘာဘာရာမှာ အန်ဒရူးကလေးကို တစ်ကြိမ်မျှ မမြင်ဖူးသော်လည်း သူ့ရင်သွေးကလေးပမာ သံယောဇဉ်ရှိနေသည်။ ဒက်ဖနီက ပြုံးလိုက်ပြီး

'ရှင်ပြောတာ သဘောကျစရာပဲ၊ ကျေးဇူးတင်ပါတယ်'

'ဒါဆို ဒီအပတ်ရှင်သွားရင် ဒီကိစ္စမစ္စက်ကာတစ်နဲ့တိုင်ပင်ကြည့်ပါလား'

မစ္စက်ကာတစ်နှင့်တိုင်ပင်နေလို့ကော ဘာအကြောင်းထူးမည်နည်း။ သူကကာနားလည်မည်နည်း။ သူလည်း နားမလည်နိုင်။ ဘာဘာရာလည်း နားမလည်နိုင်။ သားကလေး မွေးပြီးနောက် နားမကြားကြောင်းလပိုင်းအတွင်း သိရသောအခါ မိခင်ဖြစ်သူအနေဖြင့် ဘယ်လိုခံစားရလိမ့်မည်ဆိုသည်ကို သူတို့ နားမလည်နိုင်။ ကလေးအား ပြုပြင်ရေးကျောင်းပို့ရေးကိစ္စနှင့်ပတ်သက်၍ ဆရာ ဝန်တွေနှင့် အခြေအတင်စကားများခဲ့ရသည့်ဖြစ်ရပ်ကို သူတို့နားမလည်နိုင်။

နယူးဟမ်းပရှိုင်းယားနယ်ရှိ ပြုပြင်ရေးကျောင်းသို့ ကလေးအားသွားပို့ရန် ပစ္စည်းတွေသိမ်းဆည်းထုပ်ပိုးချိန်တွင် မိခင်ဖြစ်သူအနေဖြင့် ဘယ်လိုခံစားရမည်ဆိုသည်ကို သူတို့နားလည်နိုင်ပါမည်လား။ ဗျူန်တစ်ယောက် ရုတ်တရက်သေဆုံးပြီဆိုတာကို သားကလေးအား ပြောပြသောအခါ ဒက်ဖနီရော၊ သားကလေးပါမည်သို့ခံစားကြရမည်ဆိုတာကို သူတို့နားလည်နိုင်ပါမည်လား။ သူတို့ဘယ်လိုမှ နားမလည်နိုင်။

ယခုလည်း သားကလေးအား တစ်နေရာတွင်ထားပစ်ခဲ့ပြီး မိခင်က မိုင် ၃၀၀၀ ကျော်ဝေးသော အစ်နေရာတွင်သွားနေရမည်ဆိုလျှင် သူတို့သားအမိ ဘယ်လိုခံစား



www.burmeseclassic.com

www.burmeseclassic.com

ရမည်ဆိုသည်ကို သူတို့နားလည်နိုင်ပါမည်လား။ သူတို့ဘယ်လိုမှ နားမလည်နိုင်။ ဘယ်တော့မှလည်း နားမလည်နိုင်။

ထို့ကြောင့် ဒက်ဖနီအနေဖြင့် ထွေထွေထူးထူးစဉ်းစားနေစရာ မလိုတော့။ သူ့ဘဝတွင် သားကလေးသာ အဓိက။ အချိန်ရတိုင်းသားကလေးနှင့် မကြာခဏ သွားတွေ့ဖို့သာ အရေးကြီးသည်။

သူသည် စိတ်ကိုတုံးတုံးချဆုံးဖြတ်လိုက်ပြီးနောက် ခရီးဆောင်လက်ဆွဲ သေတ္တာထဲ အဝတ်အစားတွေ ကောက်ထည့်သည်။ ပြီးလျှင်သေတ္တာကို ကားပေါ် တင်ကာ သားကလေးနှင့်တွေ့ရန် တစ်ယောက်တည်း ကားမောင်း၍ ထွက်လာခဲ့ တော့သည်။

* * *

အခန်း ( ၁၆ )

ငါးနာရီနှင့် ရောက်လာခဲ့သည်။

နွေဆောင်းကာလ ညနေပိုင်းအချိန်တွင် ဟိုးဝပ်ကျောင်းဝင်းအတွင်းသို့ ကားကလေးကိုမောင်းဝင်လာခဲ့သည်။

ဒက်ဖနီသည် နယူးဟမ်းပရှိုင်းယားနယ်သို့ ရောက်လာသည့်အခါတိုင်း အမြဲတမ်းစိတ်လှုပ်ရှားရသည်။ သားကလေးကြောင့်ချည်း မဟုတ်၊ ဂျွန်ကြောင့် လည်းဖြစ်သည်။ ဂျွန်နှင့်အတူနေခဲ့ရသော နေ့ရက်များကို ဘယ်တော့မှ မမေ့နိုင် အောင်ဖြစ်နေသည်။

တစ်ကျောင်းလုံး မီးတွေထိန်ထိန်လင်းနေသည်။ မကြာမီတွင် အန်ဒရူး ကလေးကို တွေ့ရတော့မည်။ လက်ပတ်နာရီကို ကြည့်လိုက်သည်။ အချိန်မီပင် ဖြစ်သည်။ သားကလေးနှင့်အတူ ညနေစာစားချိန်အမီ ရောက်လာခဲ့သည်။

ဧည့်ခန်းမထဲသို့ဝင်လာတော့ ကျောင်းအုပ်ဆရာမကြီးမစ္စက်ကာတစ်နှင့် အဆင်သင့်တွေ့ရသည်။ ဒက်ဖနီကို မြင်လိုက်ရတော့ မစ္စက်ကာတစ်သည် ဝမ်းသာပုံလည်းရသည်။ အံ့ဩမိပုံလည်းရသည်။

'ဒီအပတ်ညည်းလာလိမ့်မယ်လို့ အန်တီ လုံးဝမထင်ဘူး ဒက်ဖနီ'


www.burmeseclassic.com

www.burmeseclassic.com

နှစ်ကြာလာတော့ သူတို့သည် မိတ်ဆွေရင်းချာသဖွယ် ခင်မင်နေကြပြီ။ မစ္စကိုကာတစ်က ဒက်ဖနီအား တူမတစ်ယောက်လိုပင် ရင်းရင်းနှီးနှီးခေါ်ဝေါ်ဆက်ဆံ သည်။ ဒက်ဖနီသည် သူ့စာအုပ်တွေ ထွက်တိုင်း မစ္စကိုကာတစ်ထံသို့ ပို့ပေးသည်။ မစ္စကိုကာတစ်က ဒက်ဖနီ၏ စာအုပ်တွေကို အလွန်ကြိုက်သည်။

'ကျွန်မတို့ ချာတိတ်အခြေအနေ ဘယ်လိုရှိသလဲ အန်တီ'

'မြင်ရင် မှတ်တောင် မှတ်မိမှာ မဟုတ်ဘူး'

မစ္စကိုကာတစ်က ပြုံးပြီး ပြောသည်။

'သူ့ဆံပင်တွေ ခေါင်းတုံးပြောင် ညှပ်လိုက်ပြီလား'

နှစ်ယောက်စလုံး ရယ်ကြသည်။

'မညှပ်ပါဘူး၊ နဂိုအတိုင်းပါပဲ၊ သူ့ဆံပင်က အရုပ်မဆိုးပါဘူး၊ ဒါပေမယ့် ဒီလထဲမှာ အရပ်ကတော့ နှစ်လက်မလောက် ပိုရှည်လာတယ်၊ ရုတ်တရက်ထွားလာတာပဲ၊ ညည်းတော့ အဝတ်အစားသစ်တွေ ဝယ်ပေးဖို့သာ လုပ်ပေတော့'

'အင်း ... စာမူခရလို့သာ တော်သေးတာပေါ့၊ ဒါနဲ့ အခု သူဘယ်မှာလဲ အန်တီ'

မစ္စကိုကာတစ်က လှေကားဆီသို့ လက်ညှိုးထိုးပြသည်။ အန်ဒရူး ကလေး လှေကားမှ ဆင်းလာသည်။ သူသည် အညိုရောင်ဖျော့ဖျော့ဇင်းသား ဘောင်းဘီနှင့် အနီရောင်ဖလန်နယ် ရှပ်အကျီတို့ကို ဝတ်ထားသည်။ ခြေထောက်တွင်တော့ ကောင်းဘွိုင်ဘွတ်ဖိနပ်ကြီးစီးလို့။

'ဟေး သားလေး၊ နေကောင်းတယ်နော်'

ဒက်ဖနီက ဝမ်းသာစွာဖြင့် လှမ်းခေါ်လိုက်ပြီး လှေကားရင်းသို့ လျှောက်လာသည်။

အန်ဒရူးကလေးက ပြုံးပြပြီး

'ကောင်း ... ကောင်းပါတယ် ... မေမေ၊ မေမေ ... မေမေရော နေကောင်းတယ် ...နော်'

အန်ဒရူးကလေးစကားပြော၍ ဒက်ဖနီဝမ်းသာအံ့သြခြင်း ဖြစ်သည်။ စကားကသိပ်တော့ မပီသေး။

သားအမိနှစ်ယောက် အားရပါးရ ပွေ့ဖက်နမ်းရှုပ်ကြသည်။

'သားလေးကို မေမေ အောက်မေ့လို့ လာခဲ့တာသားရယ်၊ ဒါနဲ့ အခု သားကျောင်းမှာ ဘာတွေလုပ်ရသလဲ ဟင်'

'သားက ဟင်းခင်းစိုက်တယ် မေမေရဲ့' သူက ပြုံးပြီး ပြောသည်။ 'သားစိုက်တဲ့အပင်က ခရမ်းချဉ်တောင် နှစ်လုံးသီးနေပြီ၊ နွေဘက်ရောက်လာရင် ပန်းတွေလဲ





စိုက်ဦးမယ်'

'အံမယ် သားကလဲတယ်ဟုတ်ပါလား၊ ဥယျာဉ်မှူးကြီး လုပ်တော့မယ် ပေါ့လေ၊ မေမေ ဝမ်းသာလိုက်တာ သားရယ်'

ထို့နောက် သားအမိနှစ်ယောက် လက်ချင်းဆွဲကာ စားသောက်ခန်းထဲ ဝင်လာကြသည်။ စားပွဲတွင် ဘေးချင်းကပ်ထိုင်ကြသည်။ တခြားကလေးတွေနှင့် အတူ ကြက်ကြော်၊ ပြောင်းဖူးနှင့် ခရမ်းချဉ်သီးဟင်းများကို မြိန်ရှက်စွာ စားသောက် ကြသည်။ စားသောက်ရင်း ရယ်စရာတွေပြောပြီး ရယ်ကြသည်။ သူတို့အားလုံး ပျော်ရွှင်နေကြ သည်။

အိပ်ရာဝင်ချိန်ရောက်တော့ ဒက်ဖနီက သားကလေးအားအိပ်ရာပေါ်တွင် သိပ်ပေးခဲ့ပြီးနောက် အောက်ထပ်သို့ ပြန်ဆင်းလာသည်။

အောက်ထပ်တွင် မစ္စကိုကာတစ်က စောင့်နေသည်။

'ရက်အားမှာ အေးအေးဆေးဆေးအနားယူဖြစ်ရဲ့လား ဒက်ဖ်'

မစ္စကိုကာတစ်၏ မေးခွန်းကြောင့် ဒက်ဖနီတစ်မျိုး ခံစားလိုက်ရသည်။ တကယ်တော့ မစ္စကိုကာတစ်သည် ကေနှတယ်လီဗီးရှင်း တွေ့ဆုံခန်းကို မြင်ခဲ့ ရပြီး ဖြစ်သည်။

'သိပ်မနားရပါဘူး အန်တီ၊ မနေ့ကတော့ ချီကာဂိုတောင် ရောက်ခဲ့သေး တယ်' ဆက်မပြောဖြစ်ဘဲ နှုတ်ဆွံ့သွားသည်။

'ဩော် ဟုတ်သားပဲ၊ ဒါနဲ့ ဒီလူလုပ်ပုံကတော့ တော်တော့်ကို ဆိုးဝါး တာပဲ ကွယ်'

'အန်တီ တယ်လီဗီးရှင်း ဆွေးနွေးခန်းကြည့်ဖြစ်တာပေါ့'

'ကြည့်ဖြစ်ပါတယ်၊ ဒါပေမယ့် နောက်ဆိုရင်တော့ ဒီလူစီစဉ်တဲ့ တွေ့ဆုံ ခန်းတွေကို ဘယ်တော့မှ မကြည့်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ တကယ့် ယုတ်မာတဲ့ လူပဲ'

'အန်တီပြောတာမှန်ပါတယ် အန်တီ၊ ကျွန်မလဲ နောက်ကို ဒီလို ဘယ်တော့မှ မလုပ်တော့ဘူးလို့ စာမူပွဲစားကို ပြောလိုက်ပြီးပါပြီ၊ သူတို့ယောကျ်ား တွေကျတော့ အဲဒီလိုမေးခွန်းမျိုး ဘယ်တော့မှမမေးဘူး၊ မိန်းမတွေကျတော့မှ အနိုင်ကျင့်ပြီး တမင်မေး ကြတာ၊ ကျွန်မသားကလေးအကြောင်းနဲ့ပတ်သက်လို့ ပြောတာ ကျွန်မစိတ်မချမ်းသာ အဖြစ်ရဆုံးပဲ'

'ဒါတွေ ဂရုစိုက်မနေပါနဲ့ ဒက်ဖနီ၊ အမှန်တရားကို ညည်းသိပါတယ်၊ ကြာ တော့လဲ သူတို့က မေ့သွားကြမှာပါ'

'သူတို့က မေ့ချင်လဲ မေ့သွားကြမှာပဲ၊ မမေ့ချင်လဲ မမေ့ဘဲနေမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူများအတွင်းရေးဖော်ပြီး အပုပ်ချဖို့ ချောင်းနေကြတဲ့ လူတွေကတော့ဘယ်တော့မှ မေ့မှာမဟုတ်ဘူး၊ နောက်ဆယ်နှစ်လောက် ကြာတဲ့အခါ အတိတ်ကိုပြန်ဖော်ပြီး ရေးလားချွတ်လား လုပ်ကြမှာသေချာတယ်'

'အင်း ညည်းအလုပ်ကလဲ လွယ်ကူတဲ့ အလုပ်မဟုတ်ပါလား၊ ဒါပေမယ့် လုပ်ရကျိုးတော့နပ်ပါတယ်လေ'

'ဒါပေမယ့် တစ်ခါတစ်လေတော့လဲ'

ဒက်ဖနီက ပြုံးပြီး ပြောသည်။ သို့သော် သူ့မျက်လုံးများတွင် ညှိုးငယ်ရိပ်များပေါ်နေသည်ကို မစ္စက်ကာတစ်က သတိပြုမိသည်။

'ဘာဖြစ်လို့လဲ၊ ပြဿနာများ ရှိလို့လား'

'အို မရှိပါဘူး၊ ထွေထွေထူးထူးပြဿနာမရှိပါဘူး၊ ဒါပေမယ့် ကျွန်မ အန်တီ့ဆီက အကြံဉာဏ်တော့ တောင်းစရာရှိတယ်၊ ဒီအပတ်ရက်အားကျတော့မှ အဲဒီကိစ္စ အန်တီ့ကို ပြောပြပါ့မယ်'

'ဘာလဲ၊ အဲဒီကိစ္စက စောင့်ရဦးမှာလား၊ အခုပြောလို့ကော မဖြစ်ဘူးလား၊ ပြောလို့ဖြစ်ရင် ပြောပါ၊ လာပါ၊ အေးအေးဆေးဆေးထိုင်ပြီး ပြောကြတာပေါ့'

ဆရာမကြီးက သူ၏ကိုယ်ပိုင် သီးသန့်ခန်းဘက်သို့ လက်ညှိုးထိုးပြရင်း ပြောသည်။ ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။

မစ္စက်ကာတစ်၏ အခန်းက သူ့လိုပင် သေးသေးကလေးနှင့်သပ်သပ်ရပ်ရပ်ရှိသည်။ အခန်းထဲတွင် ရှေးဟောင်းအမေရိကန်ပစ္စည်းတွေနှင့် ပြည့်နေ သည်။ နယူးဟမ်းပရှိုင်းယားနယ်ရှခင်း ပန်းချီကားများလည်း ချိတ်ဆွဲထားသည်။ စားပွဲနိမ့်ကလေးပေါ်တွင် ပန်းအိုးတစ်အိုးတင်ထားသည်။ သူ့အခန်းက ကျောင်း ဆရာမတစ်ယောက်၏ အခန်းနှင့်တကယ်တူသည်။ သို့သော်သန့်သန့်ရှင်းရှင်းနှင့် သဘောကျစရာကောင်းသည်။ ဒက်ဖနီက အခန်းထဲမှ ပစ္စည်းတွေကို မျက်လုံးကစား ကြည့်နေမိသည်။ သည်အခန်းကလေးကိုလည်း သူက ကျောင်းခန်းတစ်ခန်းလိုပင် ထင်မိသည်။

မစ္စက်ကာတစ်က ဒက်ဖနီအား ကော်ဖီငှဲ့ပေးသည်။

'ကဲဆိုပါဦး၊ ဘာပြောစရာရှိလို့လဲ၊ အန်ဒရူးကလေး ကိစ္စလား'

'ဟုတ်ကဲ့၊ သူနဲ့လဲ သွယ်ဝိုက်ပြီး ပတ်သက်နေတဲ့ကိစ္စပါပဲ၊ ဒီလိုပါ အန်တီ၊ ကျွန်မရေးတဲ့အပါချီဝတ္ထုစာအုပ်ကို ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းချက်ရထားပါတယ်၊ ကုမ္ပဏီက ကွမ်စတော့ကုမ္ပဏီပါ၊ အဲဒါသူတို့ ကမ်းလှမ်းချက်ကို ကျွန်မ လက်ခံရင် ကျွန်မ အနေနဲ့ လော့စ်အိမ်ဂျယ်လိမှာ တစ်နှစ်လောက် သွားနေရမယ်၊ အဲဒါ ကျွန်မက လက်မခံနိုင်အောင် ဖြစ်နေလို့ပါ'

'ဘာလို့ မဖြစ်နိုင်ရမှာလဲ'





'သားလေး အတွက်ကြောင့်ပေါ့'

'သူက ဘာဖြစ်လို့လဲ၊ ဘာလဲ ညည်းက သူ့ကို အဲဒီက ကျောင်း တစ်ကျောင်းမှာ ပြောင်းအပ်ချင်လို့လား'

မစ္စက်ကာတစ် မျက်နှာပျက်သွားသည်။ သူက ကလေးအတွက် စိတ်မကောင်းဖြစ်မိသည်။ ကျောင်းပြောင်းလျှင် အခက်တွေ့နိုင်သည်။ ဟိုးဝပ်ကျောင်းကတော့ ကလေးအတွက် သူ့အိမ်သူ့ရာ ဖြစ်နေပြီ မဟုတ်လား။

'ကျောင်းပြောင်းရင် သားလေးအတွက် ပြဿနာတွေ အများကြီးတွေ့နိုင်တယ် အန်တီ၊ တကယ်လို့ ကျွန်မအဲဒီသွားဖြစ်ရင် သူ့ကိုခေါ်မသွားပါဘူး၊ ဒီမှာပဲ ထားခဲ့ရမှာပဲ၊ ဒါပေမယ့် အဲဒီလို လုပ်လို့ကော ဖြစ်ပါ့မလား၊ သူ့အနေနဲ့ အားငယ်မနေနိုင်ဘူးလား'

'ညည်းက ကလေးသဘောပေါက်အောင် ရှင်းပြနိုင်ရင်တော့ မဖြစ်နိုင်စရာမရှိပါဘူး၊ အလုပ်ကိစ္စအတွက် အရေးကြီးလို့ သွားရတာပါ၊ သိပ်မကြာပါဘူးလို့ ပြောပြရမှာပေါ့၊ တကယ်လို့ ကလေးက ညည်းကို သိပ်တွေ့ချင်တယ်ဆိုရင် အန်တီတို့က သူ့ကိုလေယာဉ်ပေါ်တင်ပေးလိုက်ရင် ဖြစ်ပါတယ်၊ ဒါမှမဟုတ် ညည်း ခဏပြန်လာရင်လဲ အဆင်ပြေတာပေါ့'

'ကျွန်မတော့ ခဏခဏလာနိုင်မယ်မထင်ဘူး၊ ကျွန်မ သိရသလောက် ဆိုရင် ရုပ်ရှင်ရိုက်ပြီဆိုရင် ပြန်လာဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် ခုနက အန်တီပြောသလို သူကျွန်မဆီ လာနိုင်ရင်တော့ သိပ်ကောင်းတာပေါ့၊ အဲဒီလိုလုပ်ရင် ဖြစ်နိုင်ပါ့မလား အန်တီ'

'မဖြစ်နိုင်စရာ မရှိပါဘူး၊ ကလေးကလဲ ငယ်တော့တာမှ မဟုတ်တာ၊ သူ့ကိုယ်သူထိန်းကျောင်းနိုင်တဲ့ အရွယ်ရောက်နေပြီပဲ၊ ဒါနဲ့ သူလေယာဉ်ပျံစီး ဖူးသလား'

ဒက်ဖနီက ခေါင်းခါပြသည်။ 'လေယာဉ်ပျံစီးရရင် သူသဘောကျမှာ ပါ'

'သူ့အနေနဲ့ အတွေ့အကြုံသစ် ဖြစ်ရတော့ ကြောက်နေမှာလဲ စိုးရိမ် ရသေးတယ် အန်တီဘာပဲ ဖြစ်ဖြစ် သားလေးကတော့ ကျွန်မကို အရင်ကလို ခဏခဏတွေ့ရမှာ မဟုတ်တော့ဘူး'

'ညည်းကသာ ညည်းသားလေးကို ခဏခဏလာတွေ့နေတာပါ၊ တခြား မိဘတွေအများစုက ခဏခဏလာမတွေ့ကြပါဘူး၊ ညည်းက သူတို့ထက် ကံကောင်းတယ်လို့တောင် ပြောနိုင်တယ်၊ တခြားလူတွေဆိုရင် လင်ကိစ္စ၊ မယားကိစ္စ၊ သားရေးသမီးရေးကိစ္စ၊ အလုပ်ကိစ္စတွေရှိနေလို့ ခဏခဏမလာနိုင်ကြဘူး၊ ဒါကြောင့် ညည်းနဲ့ အန်ဒရူးကလေးတို့က ပိုကံကောင်းတာပေါ့'

'အဲဒီတော့ ... တကယ်လို့ ကျွန်မအဲဒီကို သွားမယ်ဆိုရင် ...'



www.burmeseclassic.com

www.burmeseclassic.com

'ရတာပေါ့၊ ကလေးက သူ့အခြေအနေ သူပြင်ယူလိမ့်မှာပေါ့၊ ပြင်လဲ ပြင်ရမှာပဲ၊ ပထမတော့ အန်တီသဘောပေါက်ပါတယ်၊ ဒါပေမယ့် နောက်ပိုင်း ကျတော့ ညည်းတို့သားအမိ နှစ်ယောက်စလုံးအတွက် အကျိုးရှိလာမှာပါ၊ သိပ် ကောင်းတဲ့ အတွေ့အကြုံသစ်တစ်ခုဖြစ်လာမှာပဲ၊ သွားရင် ဘယ်တော့လောက် သွားရမှာလဲ'

'အမြန်ဆုံးသွားရမယ်၊ တစ်လအတွင်း အရောက်သွားရမယ်'

'ဒါဆို အချိန်အများကြီး ရပါသေးတယ်၊ ဒီကြားထဲ လိုအပ်တာတွေ ပြင်ဆင်နိုင်တာပေါ့၊ အန်တီအနေနဲ့ စိတ်မကောင်းဖြစ်မိတာ တစ်ချက်ကတော့ ညည်းကို ပြင်ဆင်နိုင်ခွင့် မပေးနိုင်တာပဲ'

'အန်တီ ဘာကို ပြောတာလဲ'

'သြော် အန်တီက ဒီကျောင်းက ထွက်သွားရတော့မှာကို ပြောတာပါ၊ အန်တီအငြိမ်းစားယူရတော့မယ်လေ'

'ဟင် တကယ်ပြောတာလား' ဒက်ဖနီ၏ ရင်ထဲတွင် ဒိုင်းခနဲ မြည်သွားသည်။ 'တကယ်ပြောတာလား ဟင် အန်တီ'

'တကယ် ပြောနေတာပါ ဒက်ဖနီ'

'ဟင် အန်တီက ဘာလို့ သွားရမှာလဲ၊ ဒီမှာက အန်တီ ရှိမှ ... '

မစ္စက်ကာတစ်က သိမ့်သိမ့်ကလေးရယ်လိုက်ပြီး

'ကျေးဇူးတင်ပါတယ် ဒက်ဖနီ၊ ဒါပေမယ့် အန်တီက မသွား မဖြစ်တော့ဘူး၊ သွားရမယ့်အကြောင်းတွေကလည်းရှိနေပြီ၊ အန်တီက အသက်ကြီးလာပြီ ဒီကျောင်း ကြီးကို အန်တီ့ထက်နုပျိုတဲ့ အားမာန်အပြည့်နဲ့ တက်တက်ကြွကြွအုပ်ချုပ်နိုင်မယ့် လူလက်ကို လွှဲပြောင်းပေးရတော့မယ်'

'ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ဒီလိုကြားရတာသိပ်ပြီး စိတ်မကောင်း ဖြစ်မိ တယ် အန်တီ'

'စိတ်မကောင်းမဖြစ်ပါနဲ့ တူမရယ်၊ ကျောင်းအတွက်ပိုကောင်းလာမှာပါ၊ အန်တီက အဘွားကြီးဖြစ်သွားပြီ'

'အန်တီက ဒီလောက်လဲ မအိုသေးပါဘူး'

'အိုပါပြီ၊ အန်တီ့အသက်က ၆၂ နှစ်တောင်ရှိသွားပြီ၊ ဒီအသက်အရွယ် ဆို လူအိုစာရင်းဝင်ပြီပေါ့၊ အန်တီ့ကို ညည်းတို့က လက်တွန်းလှည်းနဲ့ တွန်းထုတ် ရတဲ့ အရွယ်ထိနေလို့ဘယ်ကောင်းပါ့မလဲ၊ ဒီအချိန်ဟာ အချိန်ကောင်းပါပဲ'

'ဒါပေမယ့် အန်တီက ကျန်းကျန်းမာမာကြီးပဲ ရှိသေးတာပဲဟာ၊ ဒီလိုဆို အန်တီ့နေရာဘယ်သူလာမလဲဟင်၊ အဲဒီလူက အန်တီ့လို တော်ပါ့မလား ဟင်'

'အဲဒီလိုပြောလို့မဖြစ်ဘူး ဒက်ဖနီ၊ အန်တီ့အရင်က လုပ်သွားတဲ့ အမျိုး





သမီးက သူ့နေရာဘယ်သူမှ အစားထိုးလို့ မရနိုင်ဘူးဆိုပြီး သူ့ကိုယ်သူအထင် ကြီးခဲ့တယ်၊ ဒါပေမယ့် နောက်ဆယ့်ငါးနှစ်လောက်ကြာတော့ သူ့ကို ဘယ်သူမှ သတိ မရကြတော့ပါဘူး၊ ဒါဟာ အင်မတန် သဘာဝကျပါတယ်၊ ဒီကျောင်းကြီး ကို အုပ်ချုပ် နိုင်ဖို့က စိတ်အားထက်သန်တဲ့ စိတ်ကူးကောင်းတဲ့ လူငယ် လူရွယ် တွေလိုတယ်၊ ဒါမှ အကြံသစ် ဉာဏ်သစ်နဲ့ ဒီ့ထက် ထိုးတက်အောင်မြင်အောင် လုပ်နိုင်မယ်၊ အဲဒီလို အရည်အချင်းရှိတဲ့ လူတော်တစ်ယောက်တော့ ရထားပြီ၊ သူက လောလောဆယ် နယူးယောက်မြို့က ဆွဲ့အနားမကြားကျောင်းကို အုပ်ချုပ် နေတယ်၊ အဲဒီက ခွင့်တစ်နှစ် ယူလာပြီး ဒီကျောင်းမှာ အစမ်းသဘောလုပ်ကြည့်ဖို့ စီစဉ်ထားတယ်၊ သူက နယူးယောက်ကျောင်းမှာ ရှစ်နှစ်တိတိ လုပ်ခဲ့ပြီး ညည်း သူ့ကိုတွေ့ရပါလိမ့်မယ်၊ မနက်ဖြန် သူရောက်လာလိမ့်မယ်၊ ဒီကလုပ်ငန်း အခြေ အနေတွေလေ့လာဖို့ လာမှာ'

'အခုလို ကျောင်းအုပ်ကြီးအပြောင်းအလဲကြောင့် ကလေးတွေအတွက် အခက် အခဲမတွေ့နိုင်ဘူးလား အန်တီ'

'အန်တီတော့ အဲဒီလိုမထင်ပါဘူး၊ ဒီကကျောင်းအုပ်ချုပ်ရေး အဖွဲ့ဝင် လူကြီးတွေကလဲ ဆရာကြီးအသစ်တွေနဲ့ ရင်းနှီးပြီးသားပါ ပြီးတော့ သူတာဝန် ယူရမယ့် ကာလကလဲ အစမ်းသဘောနဲ့ တစ်နှစ်တာတည်းပဲ၊ သူ့နာမည်က မက်သယူးဒိန်းတဲ့၊ သူက ဒီလုပ်ငန်းအတွက် အရည်အချင်းအပြည့်အဝရှိတဲ့ လူတော် လူကောင်း တစ်ယောက်ပါ၊ မနှစ်တုန်းက ညည်းရေးတဲ့ ဝတ္ထုစာအုပ် တစ်အုပ်တောင် အန်တီက သူ့ကို ပေးလိုက်သေးတယ်၊ သူလဲ စာရေးဆရာ တစ်ယောက်ပဲ၊ သုံးအုပ်တောင် ထုတ်ဝေ ခဲ့ပြီးပြီ၊ ညည်းတို့နှစ်ယောက်ဟာ ဝါသနာ တူတွေပဲ၊ မနက်ဖြန် သူနဲ့မိတ်ဆက်ပေးမယ်'

မစ္စက်ကာတစ်က ထိုင်ရာမှ ထရပ် လိုက်ပြီး ပြုံးလျက် 'ကဲ ... အန်တီက တူမကြီးကို မိခင်ပုံစံနဲ့ လက်ချာပေးနေမိ တာတော့ ခွင့်လွှတ်ပါ၊ တူမကြီးတော်တော် ပင်ပန်းနေ တယ်၊ အိပ်ရေးဝအောင် အိပ်လိုက်ပါဦး'

ဒက်ဖနီက မစ္စက်ကာတစ်ရှေ့သို့ လျှောက်သွားသည်။ တစ်ခါမျှ မလုပ်ဖူး သောအလုပ်ကို လုပ်သည်။ သူက ဆရာမကြီးအား လက်နှစ်ဖက်ဖြင့် သိုင်းဖက် လိုက်သည်။

'ကျွန်မတို့တော့ အန်တီ့ကိုသိပ်ပြီး အောက်မေ့နေတော့မှာပဲ အန်တီ'

မစ္စက်ကာတစ်က ဒက်ဖနီ၏ လက်များကို အသာခွာလိုက်သည်။

'အန်တီကလဲ တူမကြီးတို့ကို အမြဲတမ်းသတိရနေမှာပဲကွယ်၊ အလွမ်းပြေ သဘောနဲ့ အန်တီခဏခဏလာလည်ပါ့မယ်' သူ့မျက်လုံးများတွင် မျက်ရည် တွေ စို့လာကြသည်။

ထို့နောက် လူချင်းခွဲကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဖနီသည် သူ့ကားကလေးကို မောင်းပြီး ဩစတြီးယန်း ထမင်းဆိုင်ကလေးသို့ လာခဲ့သည်။

ဆိုင်ရှင် အဒေါ်ကြီးမစ္စက် အိုဘာမီးယားက ဒက်ဖနီအား အိပ်ခန်းကို လိုက်ပြသည်။ အိပ်ရာဘေးတွင် ချောကလက်ကော်ဖီပူပူ ထည့်ထားသောခွက် ဗူးတစ်ဘူးနှင့် မုန့်များ ချထားပြီးနောက် အဒေါ်ကြီးပြန်ထွက်သွားသည်။

ဤမြို့ကလေးမှ လူတွေက ဒက်ဖနီကို ခင်ကြသည်။ သူတို့က ဒက်ဖနီသည် နာမည်ကျော်အမျိုးသမီးတစ်ယောက်၊ လေးစားထိုက်သော အမျိုးသမီးတစ်ယောက်ဟု ယူဆကြသည်။ ဒက်ဖနီရယ်၊ ဂျွန်ရယ်၊ အန်ဒရူးကလေးရယ်... သုံးယောက်သား လမ်းလျှောက်ထွက်တာကြည့်ပြီး သူတို့က အလွန်သဘောကျကြသည်။ ဒက်ဖနီကလည်း သူတို့ကို အလွန်ခင်မင်မိသည်။ ဟန်ဆောင်မှု ကင်းသော လူသားဆန်သော လူတွေဟု သူကထင်သည်။

ဒက်ဖနီသည် တစ်ချက်သန်းဝေကာ ခုတင်ပေါ် တက်ထိုင်သည်။ ချောကလက်ကော်ဖီ တစ်ခွက်ငှဲ့ပြီး သောက်သည်။

ထို့နောက် အိပ်ခန်းမီးကို ပိတ်လိုက်ပြီးနောက် အိပ်ရာပေါ်လှဲအိပ်လိုက်သည်။ ငါးမိနစ်ခန့်အကြာတွင် အိပ်ပျော်သွားသည်။

သူသည် နောက်နေ့နံနက်တွင် အခန်းထဲသို့ နေရောင်ဝင်လာသည်အထိ အိပ်ရာပေါ်တွင် နည်းနည်းကလေးမျှ မလှုပ်မရှားဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့လေသည်။

* * *

အခန်း ( ၁၇ )

နောက်တစ်နေ့သည် စနေနေ့။

ဩစတြီးယန်းထမင်းဆိုင်ကလေးတွင်ပင် နံနက်စာ စားသည်။ ထို့နောက် ကျောင်းသို့ ထွက်လာခဲ့သည်။ ကျောင်းဥယျာဉ်ထဲတွင် ကလေးတွေ ကစားနေကြသည်။ ဒက်ဖနီသည် မလှမ်းမကမ်းမှ ရပ်ပြီး ကြည့်နေသည်။ အန်ဒရူးကလေးသည် တခြားကလေးများနှင့်ကစားရင်း အလွန်ပျော်နေသည်။ သူ့မိခင်ကိုပင် သတိမထားမိ။ ဒက်ဖနီက သူပြန်သွားလျှင် သားကလေးတော့ လွမ်းကျန်ရစ်မှာပဲဟု ထင်ခဲ့သည်။ ယခုမူ ယင်းအခြေအနေမျိုး အရိပ်အယောင် မျှပင် မတွေ့ရ။ ကလေးက ကျောင်းပျော်နေပြီ။ တခြားအဖော်တွေနှင့် နေသားကျနေပြီ။

အန်ဒရူးကလေးကျောင်းမှ အပြီးအပိုင်ထွက်ရသော အချိန်တွင် အဖော်မဲ့ပြီး ပျင်းနေလိမ့်မည်ဟု တွေးကာ ဒက်ဖနီက ကြိုပြီး စိုးရိမ်နေတော့သည်။ သို့သော် တစ်ဖက်က လှည့်တွေးကြည့်ပြန်တော့လည်း စိုးရိမ်စရာ မရှိကြောင်း တွေ့ရသည်။ ယိုအချိန်တွင် သူ့သားကလေးက ကြီးလာပြီ။ အသက်ကြီးလာသည် နှင့်အမျှ အတွေးအမြင်နှင့်အသိဉာဏ်လည်း ပြောင်းလဲလာမည်။ အဆင့်မြင့် ပညာတွေကို သင်ယူရမည်။ မိတ်ဆွေသစ်တွေနှင့်တွေ့ရမည်။ ထိုမိတ်ဆွေသစ်များသည် သူ့လိုမဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com



နားကြားသော မိတ်ဆွေသစ်များ ဖြစ်ကြသည်။

ဒက်ဖနီသည် ကလေးတွေ ကစားနေကြသည်ကို စောင့်ကြည့်ရင်း မစ္စက်ကာတစ်ကို မျှော်နေသည်။ မစ္စက်ကာတစ်နှင့် ယမန်နေ့က ကိစ္စကို ထပ်မံ ဆွေးနွေးချင်သေးသည်။

ခဏကြာတော့ တစ်နေရာတွင် မစ္စက်ကာတစ်ကို လှမ်းမြင်ရသည်။ သို့သော် သူတစ်ယောက်တည်းမဟုတ်၊ တခြားယောကျ်ား တစ်ယောက်နှင့် စိတ်ဝင် စားစွာရပ်၍ စကားပြောနေကြသည်။ ထိုသူမှာ အရပ်သွယ်သွယ်နှင့် ရုပ်ရည်ချောမောသူ တစ်ယောက်ဖြစ်သည်။

ဒက်ဖနီက ထိုသူအား လှမ်းကြည့်နေသည်။ ထိုသူကလည်း ဒက်ဖနီဘက်သို့ လှည့်ကြည့်သည်။ မစ္စက်ကာတစ်က ဒက်ဖနီအား မြင်သွားပြီး သူ့တို့ ထံသို့လာရန် မျက်ရိပ်ပြလိုက်သည်။

'ဒက်ဖနီ ဒါက ဒီကျောင်းမှာ ကျောင်းအုပ်ကြီးလုပ်ဖို့ရောက်လာတဲ့ မက်သယူးဒိန်းပါ၊ သူက အန်ဒရူးကလေးရဲ့ မိခင်မစ္စဖီးလ်ဒ်ဆိုတာပဲ ဒိန်း'

ဒက်ဖနီက လက်ကိုကမ်းပေးရင်း

'တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ မစ္စတာဒိန်းနောက်ဆုံးရေးတဲ့ စာအုပ် ကျွန်မ သိပ်ကြိုက်ပါတယ်'

မက်သယူးဒိန်းက ပြုံးလိုက်သည်။ သူက အသက်လေးဆယ်ရှိပြီ ဖြစ်သော်လည်း သူ့အပြုံးကြောင့် အသက်ထက် နုပျိုသွားသလို ထင်ရသည်။

'ကျွန်တော်လဲ ခင်ဗျားရေးတဲ့ စာအုပ်တွေ အားလုံးကြိုက်ပါတယ်'

'ဟင် ဒါဆို မစ္စတာဒိန်း ကျွန်မစာအုပ်တွေ အားလုံး ဖတ်ပြီးပြီပေါ့ ဟုတ်လား'

ဒက်ဖနီသည် ဝမ်းလည်းသာမိသည်။ အံ့လည်းအံ့သြမိသည်။

မက်သယူးဒိန်းကတော့ ပြုံးပြုံးကြီး လုပ်နေသည် ပြီးတော့မှ

'ဟုက်ကဲ့၊ တစ်အုပ်မကျန် ဖတ်ပြီးပါပြီ၊ တခြားသန်းပေါင်း များစွာသောစာဖတ်ပရိသတ်တွေလိုပဲ၊ ကျွန်တော်လဲ ခင်ဗျားရဲ့ ပရိသတ်တစ်ယောက်ပါ'

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။

'အခုလိုကြားရတာ ဝမ်းသာပါတယ်ရှင်၊ ကျေးဇူးလဲတင်ပါတယ်၊ မစ္စတာဒိန်းက ဒီကျောင်းမှာ ကျောင်းအုပ်ကြီးအသစ်အနေနဲ့ တစ်နှစ်တာ ဆောင်ရွက် မယ်ဆိုတာ မစ္စက်ကာတစ်ပြောပြလို့ ကျွန်မသိရပါတယ်၊ ဝမ်းသာ ဂုဏ်ယူပါတယ် မစ္စတာဒိန်း။ ကလေးတွေအတွက် အများကြီးအကျိုးရှိလိမ့်မယ်လို့ ကျွန်မ ယုံကြည် ပါတယ်'

'ကျွန်တော့်အတွက်လဲ အများကြီး အကျိုးရှိမှာပါ၊ ကျွန်တော်က ဒီကျောင်းမှာ တစ်နှစ်တည်းလုပ်မယ်ဆိုလို့ ကျောင်းသားမိဘတွေက စိုးရိမ်နေကြမှာပါတယ်၊ ဘာမှ





စိုးရိမ်စရာမရှိပါဘူး၊ မစ္စက်ကာတစ်က မကြာခဏ လာရောက်ပြီး ကျွန်တော်တို့ကို ကူညီနေမှာပါ၊ ကျွန်တော်တို့အတွက် အတွေ့အကြုံသစ်တွေ အများကြီးရနိုင်ပါတယ်၊ ကျွန်တော်တို့မှာ တစ်ယောက်ဆီက တစ်ယောက် လေ့လာစရာတွေ အများကြီး ရှိနေပါတယ်၊ ကျွန်တော်တို့က အစီအစဉ်သစ်တွေ စမ်းသပ်လုပ်ကိုင်ဖို့လဲ စီမံချက်တွေ ရေးဆွဲထားပါတယ်၊ နယူးယော့က်ကျောင်းနဲ့ ဒီကျောင်းတို့အပြန်အလှန် ဖလှယ်ရေး စီမံချက်တွေ ပါဝင်ပါတယ်'

'ဘယ်လို ဖလှယ်ရေးစီမံချက်တွေပါလိမ့်'

'ဩော် ဒီလိုပါ၊ နယူးယောက်ကျောင်းက ကလေးတွေက အသက်ကြီးပါတယ်၊ ဒီကျောင်းက ကလေးတွေက အသက်ငယ်ကြတယ်၊ ဒါကြောင့် မစ္စက်ကာတစ်နဲ့ ကျွန်တော်တို့ အစီအစဉ်တစ်ခုဆွဲထားကြတယ်၊ အဲဒီအစီအစဉ်က တခြားမဟုတ်ပါဘူး၊ နယူးယောက်က ကျောင်းသူကျောင်းသားတချို့ကို ဒီကျောင်း ခေါ်လာပြီး တစ်ပတ်နှစ်ပတ်ဆိုသလို ဒီကျောင်းက ကျောင်းသူ ကျောင်းသားတွေနဲ့ ရောထားမယ်၊ ဒီကျောင်းက ကျောင်းသူကျောင်းသားတချို့ ကိုလဲ နယူးယောက်ကျောင်းကို ပို့ထားမယ်၊ ဒီလိုလုပ်ခြင်းအားဖြင့် သူတို့အချင်း ချင်းညီအစ်ကို မောင်နှမရင်းချာလို ခင်မင်မှုတွေ တိုးပွားလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ဒီက ကလေးတွေက သီးခြားလို ဖြစ်နေကြတယ်၊ ပြင်ပနဲ့ အဆက် အသွယ်ပြတ်နေတယ်၊ အဲဒီအခြေအနေကို ပြောင်းလဲပေးဖို့ ကျွန်တော်တို့က ကြိုး စားကြည့်တာပဲ၊ အဓိကအချက်ကတော့ ကလေးတွေ တိုးတက်မှုရလာဖို့၊ သူတို့ လေးတွေကို နားကြားတဲ့ လောကထဲကို ပြန်သွင်းပေးဖို့ ရည်ရွယ်တာဖြစ်တယ်၊ ဒါကြောင့်မို့လို့ နယူးယောက်ကျောင်းမှာ ဒီကိစ္စကို အလေးအနက်ထားပြီး လုပ်နေပါတယ်၊ ကလေးတွေကို ခြေဟန်လက်ဟန်ပြ ဘာသာစကားထက် နှုတ်ခမ်း လှုပ်တာကို ကြည့်ပြီး နားလည်နိုင်တဲ့ဘာသာစကားကို အဓိကထားပြီး လေ့ကျင့် ပေးနေတယ်၊ဒါမှ သူတို့ တစ်တွေနားကြားသူတွေ ကြားထဲ ပြန်ဝင်လာတဲ့ အခါ သူတို့ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေကို နားလည်နိုင်ကြမယ်၊ တကယ်ဆိုရင် နားကြားတဲ့လူတွေဟာ ခြေဟန်လက်ဟန် ဘာသာစကားကို နားလည်တဲ့လူ အလွန် ရှားပါတယ်၊ ကျွန်တော်တို့က နားမကြားတဲ့ကလေးတွေ ကို သူတို့လောကထဲမှာသာ ပိတ်လှောင်မနေစေချင်ဘူး'

ဒက်ဖနီလည်း သည်အကြောင်းကို မကြာခဏတွေးမိခဲ့သည်။ သူက မက်သယူးဒိန်အား ရှင်လန်းစွာ ကြည့်လိုက်သည်။ သည်နည်းကို မြန်မြန်သင် ပေးနိုင်လျှင် အန်ဒရူးကလေးသည် ကျောင်းမှမြန်မြန်ထွက်နိုင်မည်မှာ သေချာသည်။

'မစ္စတာဒိန်းရဲ့စိတ်ကူးတွေကို ကျွန်မလဲသဘောကျပါတယ်၊ ဒါကြောင့်မို့လို့လဲ မစ္စတာဒိန်းရေးတဲ့စာအုပ်တွေကို ကျွန်မကြိုက်တာပဲ၊ ဒါဟာ တကယ်ဖြစ်နိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အချက် တွေပါ၊ စိတ်ကူးယဉ်စိမ်ကိန်း မဟုတ်ပါဘူး'

'တကယ်တော့ ကျွန်တော်က စိတ်ကူးယဉ်ကြည့်တာပါ မစ္စဖီးလ်ဒ်၊ ဖြစ်နိုင်ရင် တစ်နေ့ကျတော့ နားမကြားတဲ့ ကလေးတွေရော၊ နားကြားတဲ့ ကလေး တွေပါရော ထားတဲ့ ကျောင်းတစ်ကျောင်း ဖွင့်မယ်လို့တောင် စိတ်ကူးယဉ်နေပါ တယ်။ ဒါပေမယ့် ဒီလုပ်ငန်းက ကြာဦးမှာပါ'

'ဖြစ်နိုင်ရင် အလွန်ကောင်းတဲ့ စိတ်ကူးပါရှင်'

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရပ်နေကြ သည်။ တစ်ယောက်ကို တစ်ယောက် အလွန်လေးစားနေကြပြီ။ သူတို့အနီးတွင် ရပ်နေသော မစ္စက်ကာတစ်ကိုပင် သတိမထားမိသည်အထိ ဖြစ်သည်။

မက်သယူးဒိန်းသည် လွန်ခဲ့သော နှစ်ရက်က ဒက်ဖနီ၏ တယ်လီဗေးရှင်း ဆွေးနွေးခန်းကို ကြည့်ခဲ့သည်။ ဒက်ဖနီအကြောင်းကို သူအများကြီး တွေးနေမိခဲ့ သည်။ သို့သော် ဒက်ဖနီနှင့်ပါတ်သက်၍ သူမရှင်းတာတွေ အများကြီး ရှိနေသေးသည်။

သို့သော် ဒက်ဖနီ၏ ဆွေးနွေးခန်းနှင့် ပါတ်သက်၍ သူ ဘဝင်မကျခဲ့ သည်မှာတော့ အမှန်ပင်။ သူက ဒက်ဖနီနှင့် စောစောက ရင်းနှီးခဲ့လျှင် ဤကိစ္စမျိုး ကို လုံးဝ တားခဲ့မိမည်သာ ဖြစ်သည်။

'ဒါနဲ့ . . . ဟိုတစ်နေ့ညက တယ်လီဗေးရှင်း ဆွေးနွေးခန်း မစ္စတာဒိန်း ကြည့်လိုက်မိမှာပေါ့'

'ဟုတ်ကဲ့ ကြည့်လိုက်ပါတယ် မစ္စဖီးလ်ဒ် လုပ်သွားတာ အလွန်တော် ပါတယ်'

ဒက်ဖနီက ခေါင်းကို ခါရမ်းလိုက်သည်။

'ကျွန်မအဖို့တော့ ငရဲပြည်ရောက်ခဲ့ရသလိုပါပဲ'

'တကယ်တော့ သူတို့အနေနဲ့ အဲဒီလိုလုပ်ပိုင်ခွင့် မရှိပါဘူး'

'ဒါပေမယ့် သူတို့ကတော့လုပ်တာပဲ၊ နောက်ဆိုရင်ဒါမျိုး ကျွန်မတစ်သက်လုံး မလုပ်တော့ပါဘူး၊ ဒီကိစ္စမနေ့ညကတောင် ဆရာမကြီးကို ပြောဖြစ်ပါသေးတယ်'

'ဒီလူတွေက ဒီလိုပဲလား'

'အားလုံးလိုလို ဒီအတိုင်းပါပဲ၊ သူတို့က လူတစ်ယောက်ရဲ့ လုပ်ရပ်ကို မသိ ချင်ဘူး၊ အဲဒီလူရဲ့ အတွင်းရေး လျှို့ဝှက်ချက်ကိုသာ နှိုက်ချင်ကြတယ်'

'ဟုတ်ပါတယ်၊ တော်တော်လဲ စိတ်မချမ်းမြေ့စရာ ကောင်းတဲ့ အပြုအမူပဲ' သူက တကယ်ကိုယ်ချင်းစာစိတ်ဖြင့် ပြောသည်။ 'တကယ်တော့ မစ္စဖီးလ်ဒ်ရဲ့ ကိုယ်ရေး ကိုယ်တာ ကိစ္စထက် မစ္စဖီးလ်ဒ်ရေးတဲ့စာအုပ်တွေကတော့ ပိုပြီးအရေးကြီးတာပဲ၊ အဲဒီ ကိစ္စကျွန်တော် ပြောမလို့ပဲ၊ မစ္စဖီးလ်ဒ်ရဲ့ စာအုပ်တွေဖတ်ပြီး မစ္စဖီးလ်ဒ်နဲ့ ပတ်သက်လို့





တစ်စုံတစ်ရာကို ကျွန်တော်ခံစားနားလည် တာထက် ကျွန်တော့်ကိုယ် ကျွန်တော် ပိုပြီး နားလည်လာတယ် လို့တောင်ပြောနိုင်ပါတယ်၊ ကျွန်တော့်အနေနဲ့ မစ္စဖီးလ်ဒ်လို ဆုံးရှုံးမှုတွေနဲ့ မကြုံခဲ့ရပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့အားလုံးဟာ ကိုယ့်အတိုင်းတာနဲ့ ကိုယ် ဆုံးရှုံးမှုတွေနဲ့ ကြုံဖူးရတဲ့ လူတွေချည်းပါပဲ၊ ကျွန်တော်ကိစ္စကို ပြောရရင် မကြာမီက ကျွန်တော်မိန်းမနဲ့ ကွာရှင်းပြီးတဲ့ အချိန်မှာပဲ မစ္စဖီးလ်ဒ်ရဲ့ ပထမဆုံး စာအုပ်ကို ဖတ်မိပါတယ်၊ အဲဒီစာအုပ်ဟာ ကျွန်တော့်အတွက်တော့ တစ်စုံတစ်ခုသော အတိုင်းအတာ အထိ အဓိပ္ပာယ်ရှိတာပဲ၊ အဲဒီစာအုပ်ကို ကျွန်တော်နှစ်ကြိမ်တိတိ ဖတ်ပါတယ်၊ ကျွန်တော် ဖတ်ပြီးတော့ ကျွန်တော့်မိန်းမဆီ ပို့လိုက်တယ်'

သူ့စကားများကို ဒက်ဖနီထိထိခိုက်ခိုက်ခံစားရသည်။ မိမိရေးသားသော စာအုပ်များကြောင့် တစ်စုံတစ်ယောက်အတွက် အကျိုးရှိကြောင်း သိရ၍လည်း အလွန် ဝမ်းသာကြည်နူးခြင်း ဖြစ်ရသည်။

ထိုအခိုက် အန်ဒရူးကလေးသည် သူတို့ထံပြေးလာသည်။ ဒက်ဖနီက သား ကလေးအား ပြုံးရွှင်စွာဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ ပြီးတော့မှ မက်သယူး ဘက်သို့ လှည့်လျက်

'မစ္စတာဒိန်း၊ ဒါ ကျွန်မသားလေး အန်ဒရူးပဲ၊ သားလေး ... ဟောဒါက မစ္စတာဒိန်းတဲ့'

'အခုလိုတွေ့ရတာ အများကြီးဝမ်းသာပါတယ် အန်ဒရူး၊ သားတို့ကျောင်းကို ဦးဦးအများကြီးသဘောကျပါတယ်' မက်သယူးက ခြေဟန်လက်ဟန်ဖြင့်ရော စကားနှင့်ရော ပြောသည်။

'ဦးဦးက မေမေ့မိတ်ဆွေလား'

အန်ဒရူးကလေးက အံ့ဩရိပ်ဖြင့် ပြန်မေးသည်။ မက်သယူးက ဒက်ဖနီအား တစ်ချက်စောင်းကြည့်ပြီး ပြုံးပြလိုက်သည်။

'ဟုတ်ပါတယ်၊ သား မေမေရဲ့ မိတ်ဆွေဆိုလဲ မမှားပါဘူး၊ ဦးဦးက ဆရာမ ကြီးဆီလာလည်တာကွယ့်၊ နောက်လဲ အပတ်တိုင်း လာလည်မယ်'

'ဦးဦးက လူကြီးပဲ၊ ဒီကျောင်းလာဖို့ မလိုပါဘူး'

'ဟုတ်တာပေါ့'

'ဦးဦးက ကျောင်းဆရာလား ဟင်'

'ဦးဦးက ဆရာမကြီးလိုပဲ၊ နယူးယောက်မြို့က ကျောင်းမှာ ကျောင်းအုပ်ကြီး လုပ်နေတာ'

အန်ဒရူးကလေးက ခေါင်းညိတ်သည်။ ပြီးတော့ သူ့မိခင်ဘက်သို့ လှည့်သွား သည်။ သူ့မေမေကို ဖတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မေမေက သားတို့နဲ့အတူ နေလယ်စာ စားမလားဟင်'

'စားမှာပေါ့ သားရဲ့'

ဒက်ဖနီသည် မက်သယူးနှင့် မစ္စက်ကာတစ်တို့အား နှုတ်ဆက်ပြီးနော [illegible] သားကလေးနောက်သို့လိုက်လာခဲ့သည်။ အန်ဒရူးကလေးသည် ဝမ်းသာပျော်ရွှင်စွာ [illegible] ခုန်ပေါက်မြူးထူးလာသည်။ သူ့မိတ်ဆွေများအား လက်တပြပြဖြင့် အလွန်ကြည်နူး [illegible] သည်။ သို့သော် ဒက်နီ၏စိတ်ကတော့ ကျောင်းအုပ်ဆရာကြီးသစ်ဆီသို့ ရောက် [illegible] သည်။ သူက တော်တော်စိတ်ဝင်စားစရာကောင်းသော ပုဂ္ဂိုလ်တစ်ယောက်ဟု မှတ် [illegible] ချမိသည်။

နောက်တစ်ကြိမ်မက်သယူးအားလက်ထဲတွင် စာရွက်စာတမ်းတွေ တစ် [illegible] ကြီးပိုက်ပြီး လျှောက်လာတုန်း ခန်းမဆောင်ထဲတွင် ဆုံမိကြသည်။ မစ္စက်ကာတ [illegible] ပြောပြချက်အရ သူသည် စာအလွန်ဖတ်သည်ဟု သိရသည်။ ပေးစာများ၊ ဖိုင်တွဲ [illegible] အစီရင်ခံစာများ၊ စာရင်းမှတ်တမ်းများနှင့်စာအုပ်များကို တွေ့သမျှအကုန် ဖတ်သ [illegible] ကလေးတွေကိုလည်း အလွန်ချစ်ခင်တတ်သည်။ မိမိအလုပ်ကို အလွန်လေးစား [illegible] လုပ်ငန်းတွင် အသေးစိတ် စိတ်ဝင်စားသူဟု ဆိုသည်။

'သားလေးနဲ့နေရတာ ပျော်ရဲ့လား မစ္စဖီးလ်ဒ်'

မက်သယူးကမေးသည်။

'ဟုတ်ကဲ့၊ ပျော်ပါတယ်၊ ဒါနဲ့ မစ္စတာဒိန်းကြည့်ရတာ အိမ်စာတွေတစ်ပုံ [illegible] ပိုက်လာသလို ပါပဲလား'

'ဟုတ်တယ် ခင်ဗျား၊ ကျွန်တော်က လူသစ်ဆိုတော့ ဒီကျောင်းအကြေ [illegible] လေ့လာစရာတွေအများကြီး ကျန်ပါသေးတယ်' သူ့အသံက အေးဆေးညင်သ [illegible] သည်။

'ကျွန်မလဲ မစ္စတာဒိန်းဆီက လေ့လာစရာတွေအများကြီး ရှိပါသေး [illegible] ဒါနဲ့ မစ္စတာဒိန်း ဒီလုပ်ငန်းထဲဘယ်လိုက ဘယ်လိုရောက်လာတာပါလဲ'

'ကျွန်တော့်ညီမက မွေးကတည်းက ဆွံ့အနားမကြားဘူး၊ ကျွန်တော် [illegible] အမြွှာမောင်နှမတွေ၊ ကျွန်တော်က ညီမလေးကို သိပ်ပြီးသံယော [illegible] ကြီးပါ [illegible] ညီမလေးက နားမကြားပေမယ့် ကျွန်တော်လက်ဟန် ခြေဟန်ပြတာကို နားလည် [illegible] ဒါကြောင့်မို့လို့ ကျွန်တော်တို့ မောင်နှမနှစ်ယောက် တစ်ယောက်ကို တစ်ယော [illegible] ချစ်ကြတယ်၊ နောက်တော့ ကျွန်တော်တို့မိဘတွေက ညီမလေးကို ကျောင်းပို့လိုက် [illegible] အဲဒီကျောင်းက ဒီကျောင်းလိုမျိုး မဟုတ်ဘူး၊ လွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်လော [illegible] ကျောင်းမျိုးတွေပေါ့၊ ကလေးတစ်ယောက်အနေနဲ့ တစ်သက်လုံးကျောင်းမှာပဲ [illegible] ရတဲ့ကျောင်းမျိုးပေါ့၊ အဲဒီကျောင်းပို့တော့လဲ ညီမလေးအခြေအနေက ဘာမှ [illegible]





[illegible]ပါဘူး၊ သူတို့ကလဲဘာမှ အထွေအထူးသင်မပေးကြဘူး၊ နားမကြားတဲ့ ကလေး [illegible]ယောက်တစ်နေ့မှာ လူလောကထဲ ပြန်ဝင်နိုင်အောင် ဘာမှလုပ်မပေးနိုင်ဘူး။

'အဲဒီမှာ ကျွန်တော်က မနေနိုင်တော့ဘဲ ကြားဝင်ရတော့တာပေါ့၊ ညီမလေး [illegible] ကျေးဇူးတင်ရမှာပဲ၊ ကျွန်တော်က သူ့ကို ကျောင်းကထွက်ပြေးဖို့ပြောတော့ သူက [illegible] ရှာ ရှုရှုသဘောတူရှာတယ်၊ အဲဒီတုန်းက ကျွန်တော်က တက္ကသိုလ်ဆင်းပြီး ဘွဲ့ရ [illegible] ဒါနဲ့ ကျွန်တော်တို့ မောင်နှမနှစ်ယောက် မက္ကဆီကိုကို တစ်နှစ်လောက် သွားနေကြ [illegible]ယ်၊ ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝတုန်းက နွေရာသီကျောင်းပိတ်ရက် [illegible]တွင်း ဆောက်လုပ်ရေးဘက်မှာ ဝင်လုပ်လို့ရတဲ့ ပိုက်ဆံတွေစုထားတဲ့အတွက် [illegible] ကျွန်တော်တို့ မောင်နှမအတွက် ငွေရေးကြေးရေးလဲ အဆင်ပြေပါတယ်၊ အဲဒီမှာ [illegible] ကျွန်တော်က သူ့ကို စကားပြောတတ်အောင် သင်ပေးတယ်၊ နှုတ်ခမ်းလှုပ်တာကြည့်ပြီး [illegible] ပြားလူဘာပြောတယ်ဆိုတာ နားလည်အောင် သင်ပေးတယ်'

'တစ်နှစ်လောက်ရှိတော့ ကျွန်တော်တို့ပြန်လာကြတယ်၊ မိဘတွေကို ရှင်းပြ [illegible]ယ်၊ ညီမလေးက အရွယ်ရောက်နေပြီ၊ သူလုပ်ချင်တာ လုပ်ပိုင်ခွင့်ရှိနေပြီ၊ သူတို့က [illegible] ကျွန်တော်ပြောတာနားမလည်ဘူး၊ ညီမလေးကိုလဲ မသန်မစွမ်းဒုက္ခိတကလေး တစ် [illegible]ယောက်လိုပဲ သဘောထားကြတယ်၊ မသိနားမလည်တဲ့ ဒုက္ခိတမကလေးကို ဖြား [illegible]ယောင်းသိမ်းသွင်းမှုနဲ့ ကျွန်တော့်ကို ဖမ်းဆီးဖို့တောင် လုပ်လိုက်ကြသေးတယ်၊ [illegible] ခြေအနေက အဲဒီလောက်ဆိုးပါတယ်၊ ဒါပေမယ့် ညီမလေးရော ကျွန်တော်ကပါ [illegible] ကြဘူး၊ ကျွန်တော်တို့မောင်နှမ နှစ်ယောက် စိတ်တူကိုယ်တူလက်တွဲပြီး ရုန်းထွက် [illegible]ကြတယ်'

'အခု သူ ဘယ်လိုဖြစ်နေသလဲ၊ ဘယ်ရောက်နေသလဲ' ဒက်ဖနီ သိချင်ဇောဖြင့် [illegible]လောကလေးမေးလိုက်သည်။

မက်သယူးက ပြုံးလိုက်ပြီး

'သူ နယူးယောက်ကျောင်းမှာရှိတယ်၊ အဲဒီမှာဆရာမလုပ်နေတယ်၊ ကျွန်တော် [illegible]မှာလာလုပ်နေတုန်း သူကနယူးယောက်ကျောင်းကို တာဝန်ယူအုပ်ချုပ်နေမှာ၊ သူ့မှာ [illegible]ထောင်ရှိပါတယ်၊ ကလေးလဲ နှစ်ယောက်ရှိတယ်၊ နှစ်ယောက်စလုံး နားကြားကြ [illegible]တယ်၊ သူ့ယောကျ်ားက ဆရာဝန်ပါ၊ ကျွန်တော့်ညီမလေးက သိပ်တော်တယ်၊ [illegible]ဖီးလ်ဒ်တွေ့ရရင် ခင်သွားမှာပါ'

'ဟုတ်ပါတယ်၊ ကျွန်မ သူနဲ့ သိပ်ပြီး ခင်ချင်ပါတယ်'

'ခင်ရပါလိမ့်မယ်၊ သူက မစ္စဖီးလ်ဒ်ရေးတဲ့ စာအုပ်တွေကို သိပ်ကြိုက်တယ်၊ [illegible]ဖီးလ်ဒ်နဲ့တွေ့ရကြောင်း သူ့ကို ကျွန်တော် ပြောပြလိုက်ပါ့မယ်'

'ကျွန်မသူနဲ့ တွေ့ချင်တယ် မစ္စတာဒိန်း'



www.burmeseclassic.com

www.burmeseclassic.com



'တွေ့ရမှာပါ၊ သူဒီကို လာပါလိမ့်မယ်၊ မစ္စဖီးလ်ဒ်လဲ ဒီကိုမကြာမကြာ လာ လည်တတ်တယ်လို့ မစ္စက်ကာတစ်ပြောလို့ သိရတယ်၊ အဲဒါဆိုအတော်ပဲပေါ့၊ တစ်နေ့ တော့ ဆုံရပါလိမ့်မယ်၊ ဒါနဲ့ အေးအေးဆေးဆေးထိုင်ပါဦး မစ္စဖီးလ်ဒ်'

သူတို့နှစ်ယောက် ခန်းမဆောင်ထဲ မတ်တပ်ရပ်ပြီး စကားပြောနေကြသည်မှာ နာရီဝက်ခန့်ပင် ရှိသွားပြီ။

ဒက်ဖနီက ခေါင်းညိတ်သဘောတူလိုက်သည်။

နှစ်ယောက်သား ဧည့်ခန်းစားပွဲတွင် ဝင်ထိုင်ကြသည်။

'ဒါနဲ့ ကျွန်မကို ဒက်ဖနီလို့ပဲ ရင်းရင်းနှီးနှီးခေါ်စေချင်ပါတယ်'

'ဟုတ်ကဲ့ ကောင်းပါတယ် ကျွန်တော့်ကိုလည်း မက်လို့ပဲ ခေါ်ပါ' ဒက်ဖနီက ပြုံးပြီးခေါင်းညိတ်လိုက်သည်။ 'ခင်ဗျားကြည့်ရတာ ပြဿနာတစ်ခုခု ရှိသလိုပဲ၊ ကျွန်တော့်ဟာ ကျွန်တော်ခန့်မှန်းကြည့်တာပါ၊ ပြဿနာရှိရင် ရင်းရင်းနှီးနှီးပြော ကျွန်တော် တတ်နိုင်တဲ့ဘက်က ကူညီပါရစေ'

ကျေးဇူးတင်ပါတယ် မက်၊ ကျွန်မကြုံနေရတဲ့ ပြဿနာကို မနေ့ည
တိုင်ပင်ပါသေးတယ်'

'အန်ဒရူးကလေးနဲ့ ပတ်သက်တဲ့ ပြဿနာများလား'

ဒက်ဖနီ ခေါင်းညိတ်ပြပြီး

'ဟုတ်ပါတယ်၊ ကျွန်မ ဟောလိဝုဒ်သွားပြီး ရုပ်ရှင်ရိုက်ဖို့ရှိတယ်၊ အဲဒီအတွက် ကျွန်မ အဲဒီမှာ တစ်နှစ်လောက် သွားနေရမယ်'

'ဒီတော့ ကလေးကိုပါ ခေါ်သွားမှာလား'

သူက စိုးရိမ်စိတ်ဖြင့် မေးသည်။ ဒက်ဖနီက ခေါင်းခါပြလိုက်သည်။

'ဟင့်အင်း ခေါ်မသွားပါဘူး၊ သူ့ကို ဒီမှာပဲ ထားခဲ့ဖို့ စိတ်ကူးထားပါတယ် ဒါပေမယ့် အဲဒါက ပြဿနာပဲ၊ ကလေးက ကျွန်မနဲ့ မကြာခဏမတွေ့နိုင်တော့ဘူ အဲဒါဆိုရင် သူခံနိုင်ရည်ရှိပါ့မလား၊ အမှန်အတိုင်း ပြောရရင် သူ့ထက်ကျွန်မက ပို လိမ့်မယ်၊ အဲဒါ ကျွန်မဘယ်လိုမှ မဆုံးဖြတ်တတ်အောင် ဖြစ်နေတယ် မက်'

'အင်း ပြဿနာက မလွယ်တဲ့ ပြဿနာပါလား၊ အန်ဒရူးကလေးအတွက် သိပ်မခက်ပါဘူး၊ သူ့ဟာသူ အခြေအနေအရ ပြင်ယူလိမ့်မယ်၊ ဆိုတာက ခင်ဗျားအတွက် ပိုဆိုးတာ၊ အန်ဒရူးကလေးကို ကျွန်တော်ကူညီလို့ ရတယ်၊ သူက ခဏတော့ စိတ် မှာပဲ၊ ဒါပေမယ့် နောက်တော့ သူ့ဘာသာသူနားလည်သွားမှာပါ၊ ကျွန်တော်က သူ အားလုံးကို အလုပ်တွေအများကြီးပေးထားမယ်၊ ဒါမှ တခြားစိတ်ရောက်ဖို့ အချိန်မ ဖြစ်မှာ၊ သူတို့ကို လေ့လာရေးခရီး ထွက်ခိုင်းမယ်၊ တခြားပြင်ပကမ္ဘာထဲကို ပြန်ခေါ်ရမယ် ဒီမှာက တသီးတခြားဖြစ်နေကြတာ' ဒက်ဖနီကခေါင်းညိတ်သည်။ 'ကလေးနဲ့ တွေ့





ကိစ္စကတော့ ကျောင်းပိတ်ရက်တွေမှာ ခင်ဗျားက လေယာဉ်နဲ့ လိုက်လာရင် ဖြစ်ပါတယ်'

'အဲဒီလိုလုပ်ရင် ကလေးက လက်ခံမယ်လို့ ရှင် ထင်သလား'

'မှန်ကန်တဲ့ ကြိုတင်ပြင်ဆင်မှုတွေနဲ့ လုပ်ရင် လက်ခံမှာပဲ၊ ဒါမှလဲ သူ့ကိုယ် သူအားကိုးလာမှာ၊ သူ့ကို လေယာဉ်ပျံစီးခိုင်းရမယ်၊ လေ့လာရေးခရီး ထွက်ခိုင်းရမယ်၊ လွတ်လွတ်လပ်လပ်လုပ်ချင်တာ လုပ်ခိုင်းရမယ်၊ အပြင်လောကနဲ့ ဆက်သွယ်ပေးရမယ်'

ဒက်ဖနီက ဖြည်းဖြည်း ခေါင်းညိတ်သည်။

'ဒါပေမယ့် ကလေးက သိပ်ငယ်သေးတယ်'

'မငယ်တော့ပါဘူး၊ ခုနှစ်နှစ်တောင် ရှိနေပြီပဲ၊ တကယ်လို့ သူသာ နားကြားတဲ့ ကလေးဖြစ်မယ်ဆိုရင် ခင်ဗျားက သူ့ကို တစ်ယောက်တည်းလေယာဉ်ပျံ စီးခိုင်းဖို့တောင် ဘာမှတွက်နေမှာမဟုတ်ဘူး၊ သူ့ကို ဘာဖြစ်လို့ တသီးတခြားဆက်ဆံချင်ရတာလဲ၊ ကလေးက အလွန်သွက်လက်ချက်ချာတဲ့ ကလေးပါ' သည်စကားတွေကြားရတော့ ဒက်ဖနီရင်ထဲတွင် ပေါ့သွားသလို ထင်ရသည်။ သူနှင့်သားကလေးတို့ကြားတွင် ကာဆီးထားသော နံရံကြီး ပြိုပျက်သွားသလိုထင်မိသည်။ မက်သယူးက ဆက်ပြောသည်။ 'ပြီးတော့ ခင်ဗျားအနေနဲ့ စိတ်ချမ်းသာနေတယ်၊ ကိုယ့်အလုပ်ကို ကောင်းကောင်း မွန်မွန် လုပ်နေတယ်ဆိုတာကိုလဲ ကလေးက ယုံကြည်သွားဖို့ အရေးကြီးတယ်၊ သူ့ကို တစ်သက်လုံး ဖက်တွယ်ထားဖို့ ကိစ္စတော့ လုံးဝ စိတ်မကူးပါနဲ့၊ ဖြစ်လဲ လုံးဝမဖြစ်နိုင် ပါဘူး၊ တကယ်လို့ ခင်ဗျားလာတွေ့မယ် ဆိုရင် ခုနစ်နာရီ ရှစ်နာရီထက် ပိုမကြာပါဘူး၊ ပြဿနာတစ်စုံတစ်ရာပေါ်ရင် ခင်ဗျားကို ဖုန်းဆက်ခေါ်လိုက်မယ်၊ ခင်ဗျား လေယာဉ်နဲ့ ချက်ချင်းလိုက်လာနိုင်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်လေဆိပ်မှာ လာကြိုလို့တောင် ရပါသေးတယ်၊ လေဆိပ်က ဒီကို နှစ်နာရီဆို ရောက်ပါတယ်၊ တကယ်ကျတော့ နယူး ယောက်ကလာရတာနဲ့ သိပ်မထူးပါဘူး'

မက်သယူးက 'ပြဿနာတစ်ခုကို အလွယ်တကူနှင့် ဖြေရှင်းနိုင်သူ တစ်ယောက်ပါလား။ ဒါကြောင့်လည်း သူ့ညီမလေးပြဿနာကို အောင်မြင်စွာ ဖြေရှင်း ပေးနိုင်ခဲ့တာပေါ့။

ဒက်ဖနီက သည်အကြောင်းတွေးပြီး ပြုံးလိုက်မိသည်။

'ရှင်ပြောတာတွေက သိပ်ပြီး လွယ်ကူလွန်းပါတယ်'

'ဟုတ်ပါတယ်၊ လွယ်လဲတကယ်လွယ်ပါတယ်၊ ခင်ဗျားဘက်ကသာ အဆင် ပြေဖို့လိုပါတယ်၊ ခင်ဗျား ဘာလုပ်ချင်သလဲ၊ ဘယ်လိုဆုံးဖြတ်ချင်သလဲ၊ ခင်ဗျားလုပ်ချင် တာပေါ်မှာ အခြေခံပြီး ဆုံးဖြတ်ချက်ချရမှာပဲ၊ အဲဒါဆိုရင် မခက်ပါဘူး၊ လွယ်ပါတယ်၊ အန်ဒရူးကလေးလဲ တစ်နေ့ကျတော့ သူလုပ်ချင်တာတွေကို သူ့ဘာသာ ဆုံးဖြတ်လာပါ လိမ့်မယ်၊ သူ့ဘဝအတွက် သူဆုံးဖြတ်ပါစေ၊ လွတ်လွတ်လပ်လပ်ဆုံး ဖြတ်ခွင့်ပေးပါ၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားက သူ့အတွက်ဝင်ပြီး ဆုံးဖြတ်နေတာ နေရာတိုင်းမှာ အကျိုးမရှိနိုင်ဘူး၊ ဒီသဘောတွေကို သူ့ကိုငယ်ငယ်ကတည်းက အချိန်မီသင်ပေးပါ၊ ခင်ဗျား ဟောလိဝုဒ်ကို တကယ်သွားချင်သလား၊ အဲဒီမှာတစ်နှစ်တိတိတကယ်သွားနေချင်သလား၊ ဒါဟာ စဉ်းစားရမယ့်အဓိက အချက်တွေပဲ၊ အန်ဒရူးက အဓိကမဟုတ်ပါဘူး၊ အန်ဒရူးကလေး ကိုငဲ့ပြီး ခင်ဗျားဘဝအတွက် အရေးကြီးတဲ့အလုပ်ကို မစွန့်လွှတ် သင့်ပါဘူး၊ ဒီလိုအခွင့် အရေးမျိုးဆိုတာ အမြဲတမ်းမလာနိုင်ပါဘူး၊ ခင်ဗျားသွားချင်တဲ့စိတ်ရှိရင် သွားသာသွား ပါ၊ သူ့ကို အကျိုးအကြောင်းရှင်းပြပါ၊ သူ့ဟာသူပြုပြင်ယူပါစေ၊ ကျွန်တော်လဲ ခင်ဗျား ကို ကူညီပါ့မယ်'

'ကျွန်မ စဉ်းစားချင်ပါသေးတယ်'

'စဉ်းစားပါ၊ ကောင်းပါတယ်၊ ဒီကိစ္စ ကျွန်တော်တို့ မနက်ဖြန် ဆက်ဆွေးနွေး ကြသေးတာပေါ့၊ ဒီကိစ္စအန်ရူးကလေး ကို ပြောပြရင်တော့ သူက စိတ်ဆိုးမှာ သေချာ တယ်၊ အဲဒါကို ခင်ဗျားအနေနဲ့ ခံနိုင်ရည်ရှိဖို့ လိုလိမ့်မယ်၊ တကယ်တော့ မိခင်နဲ့ခွဲနေရ မယ်ဆိုရင် ဘယ်ကလေးမဆို မကြိုက်ပါဘူး၊ စိတ်ဆိုးမှာ ကျိန်းသေပဲ၊ အဲဒီလို စိတ်ဆိုး တာဟာလဲ သဘာဝပဲဆိုတာ သိထားပါ၊ ပုံမှန်အတိုင်း တုံ့ပြန်ခြင်းဆိုတာ သိထားပါ၊ တကယ်တော့ မိဘလုပ်ရတာလွယ်တဲ့အလုပ်မဟုတ်ပါဘူး၊ ကျွန်တော့်ညီမလဲ ဒီအတိုင်း ပဲကြုံနေရတာပဲ၊ သူ့မှာက အမြွှာပူးသမီးလေးနှစ်ယောက် မွေးထားတာ၊ အခုဆိုရင် ဆယ့်လေးနှစ်သမီးအရွယ်တွေ ရှိနေကြပါပြီ၊ ခုနစ်နှစ်အရွယ်ကလေးကိုတောင် ထိန်း တာမလွယ်ဘူးဆိုရင် အဲဒီအရွယ်တွေ ဘယ်လိုနေမလဲဆိုတာ စဉ်းစားလို့သာ ကြည့်ပါ တော့'

'ဒါနဲ့ ရှင့်မှာ သားသမီးတစ်ယောက်မှ မရှိဘူးလား မက်'

'မရှိပါဘူး' သူ့မျက်နှာ ညှိုးသွားသည်။ နယူးယောက်ကျောင်းက ကလေး ၁၄၆ ယောက်အပြင် တခြားကလေးတစ်ယောက်မှ မရှိပါဘူး၊ ကျွန်တော့်မိန်းမကကလေး မလိုချင်ဘူး၊ သူကလဲ နားကြားတဲ့လူ မဟုတ်ဘူး'

ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။ 'ပြီးတော့ သူက ကျွန်တော့်ညီမနဲ့ စရိုက် ချင်း စိတ်ဓာတ်ချင်းအလွန်ကွာတယ်၊ သူ့ကလေးတွေ မွေးလာရင်နားမကြားတဲ့ ဆွံ့အ ကလေးတွေ မွေးလာမှာကို သိပ်ပြီး ကြောက်နေတယ်၊ နောက်ဆုံးတော့ ဒီအကြောင်း နဲ့ပဲ ကျွန်တော်တို့ ပြဿနာဖြစ်ကြတာပါပဲ၊ သူက နယူးယောက်မှာ ဖက်ရှင်စံပြမယ် လုပ်တယ်၊ တော်တော်လဲ သွက်ပါတယ်၊ သူ့ကို ကျွန်တော်က ပြုပြင်သင်ကြားပေးရင် ဆုံခဲ့ကြတာ၊ သူ့မိဘတွေက သူ့ကိုကစားစရာအရုပ်ကလေးလိုပဲ သဘောထားကြတယ်၊ သူအရွယ်ရောက်လာချိန်မှာ ကျွန်တော့်လိုစိတ်ကူးယဉ်တဲ့ အစ်ကိုတစ်ယောက် မရှိ တာကံဆိုးတာပဲ၊ သူက သူ့နားမကြားတာကို သိပ်ပြီး အားငယ်တယ်၊ ဒါကြောင့်မို့လို့





အန်ဒရူးကလေးကို တခြားကလေးတွေလိုပဲဆက်ဆံဖို့ ကျွန်တော်ကပြောရတာ၊ သူ့ကို ကသီးတခြားဆက်ဆံမနေပါနဲ့၊ သာမန်ကလေးတစ်ယောက်လို အမြဲတမ်းသဘော ထားပါ၊ ဆက်ဆံပါ၊ အဲဒီလိုမဆက်ဆံရင် ခင်ဗျားက သူ့ကိုချစ်ရာမရောက်ဘဲ နှစ်ရာ ရာရောက်သွားလိမ့်မယ်'

သူတို့နှစ်ယောက်အတန်ကြာသည်အထိ ငြိမ်နေကြသည်။ ကိုယ့်အတွေးနှင့် ကိုယ် ငြိမ်နေကြခြင်းဖြစ်သည်။ မက်သယူးက ဒက်ဖနီအား နာရီပိုင်းအတွင်း စဉ်းစား စရာတွေတစ်ပုံကြီး ပေးလိုက်ပြီ။ သူက ဒက်ဖနီ၏ဘဝကို စာနာစိတ်အပြည့်ဖြင့် နားလည်သည်။ မိတ်ဆွေကောင်း တစ်ယောက်ရပြီဟု ဒက်ဖနီက တွေးလိုက်သည်။ နောက်ဆုံး ဒက်ဖနီက ပြောသည်။

'ဟုတ်ပါတယ်၊ ရှင်ပြောတာတွေ အားလုံးမှန်ပါတယ် မက်၊ ဒါပေမယ့် သူ့ကို ခွဲခွာသွားရမှာကို ကျွန်မ ကြောက်နေမိတယ်'

'လောကမှာ တွေးကြောက်မယ်ဆိုရင် ကြောက်စရာတွေအများကြီးပေါ့ ဒက်ဖနီ၊ ကိုယ်လုပ်ခဲ့တဲ့ ကောင်းတဲ့အလုပ်တွေကို တွေးကြည့်စမ်းပါ၊ အဲဒါတွေဟာ တစ်ခုမှ လွယ်လွယ်ကူကူဖြစ်လာခဲ့တာ မရှိပါဘူး၊ အခက်အခဲကြားက အောင်မြင်လာ ကာချည်းပါပဲ၊ ဒါပေမယ့် ကောင်းတာလုပ်ရင်း ရုန်းကန်ရတာ တန်ဖိုးရှိပါတယ်၊ အခု ခင်ဗျားအနေနဲ့ ရုပ်ရှင်ရိုက်မယ့်ကိစ္စဟာလဲ ကောင်းတဲ့လုပ်ငန်းပါ၊ ကိုယ့်အလုပ် အောင် မြင်ရေးအတွက် အခြေခံလှေကားထစ်လဲ ဖြစ်ပါတယ်၊ ဒါနဲ့ သူတို့က ဘယ်ဝတ္ထုရုပ်ရှင် ရိုက်မှာလဲ'

'အပါချီ'

'သိပ်ကောင်းတယ်၊ ကျွန်တော့်အကြိုက်ဆုံး ဝတ္ထုပဲ'

'ကျွန်မလဲ ကြိုက်ပါတယ်'

ထို့နောက် မက်သယူးက စားပွဲပေါ်မှ စာရွက်စာတမ်းပုံကြီးကို ကောက်ယူပြီး ထိုင်ရာမှ ထရပ်လိုက်သည်။

'ခင်ဗျားညစာစားသွားဦးမှာလား' ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။ 'ပြီး တော့မှ ကော်ဖီသောက်ရင်း တွေ့ကြသေးတာပေါ့၊ ကျွန်တော်တော့ အပေါ်ထပ်သွားပြီး အိမ်စာတွေ သွားလုပ်လိုက်ဦးမယ်'

'ကောင်းပါပြီ မက်၊ နောက်မှ တွေ့ကြသေးတာပေါ့၊ အခုလို ကျွန်မအပေါ် စာနာနဲ့ ရှင်းပြတာတွေကို အများကြီး ကျေးဇူးတင်ပါတယ် ရှင်'

'ရပါတယ်၊ အကူအညီလိုရင် အချိန်မရွေး ကူညီဖို့အသင့်ပါပဲ၊ ကျွန်တော့် ဘက်က အကူအညီတောင်းရင်တော့ မှန်တာတွေရမှာပဲ၊ ကျွန်တော်ဘယ်လိုထင်တာ၊ ကျွန်တော်ဘယ်လိုခံစားရတာတွေပေါ့၊ ဟိုရောက်သွားတဲ့အခါ အဲဒါတွေပြန်ပြီး သတိရ



www.burmeseclassic.com

www.burmeseclassic.com

ပါ၊ ကလေးအတွက်လဲ ဘာမှ မပူပါနဲ့၊ ကျွန်တော်အမြဲတမ်းဆက်သွယ်ပါ့မယ်၊ လိုအပ်ရင် ခင်ဗျားကို လှမ်းခေါ်ပါ့မယ်၊ ခင်ဗျားလေယာဉ်နဲ့ လိုက်လာလို့လဲ ရတယ်၊ ဒါမှမဟုတ် ကလေးကို လေယာဉ်ပေါ်တင်ပေးလိုက်ရင်လဲ ဖြစ်ပါတယ်'

ဒက်ဖနီက ခေါင်းညိတ်ပြလိုက်သည်။

မက်သယူးသည် လှေကားအတိုင်းတက်သွားပြီး ထောင့်ကွေ့တွင် ပျောက်ကွယ်သွားသည်။

သူငါ့စိတ်များ သိနေသလား။ သူဘယ်လိုလုပ်သိတာလဲ။ အင်း တော်တော်တော့ အံ့သြစရာကောင်းတာပဲ။

ဒက်ဖနီသည် ယင်းသို့ တွေးရင်းမှ ကစားခန်းမကြီးဘက်သို့ လျှောက်လာခဲ့သည်။

အန်ဒရူးကလေးကို မြင်လိုက်ရသောအခါ သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

သည်ကလေးကို သူဘယ်လိုလုပ်ပြီး ခွဲနိုင်ပါမည်နည်း။ ကလေးက ငယ်လည်း ငယ်သေးသည်။ ပြီးတော့ တစ်ဦးတည်းသော သားကလေး။ ဆွံ့အနားမကြားတဲ့ သားကလေး။

ထိုနေ့ညတွင်လည်း သြစတြီးယန်းထမင်းဆိုင်ကလေးတွင်ပင် အိပ်သည်။ အိပ်ရာပေါ်လှဲလိုက်တော့ သားကလေးအကြောင်းကိုပင် တချိန်လုံး တွေးနေမိပြန်သည်။ သူ့အဘက်ဘက်က တွေးကြည့်သည်။ မိခင်ဝတ္တရား၊ မိခင်တာဝန်နှင့် မိခင်မေတ္တာတို့ကို အလေးအနက် ထား၍လည်းတွေးကြည့်သည်။ စိတ်အပြောင်းအလဲ ရရှိမှု၊ တိုးတက်အောင်မြင်လိုမှုနှင့် ဘဝနောင်ရေးကိစ္စတို့ကိုလည်း တွေးကြည့်သည်။

တွေးသာ တွေးကြည့်သော်လည်း ဘယ်ဘက်ကို ရွေးချယ်ရမှန်း မဆုံးဖြတ်တတ်။ သူ့စိတ်သည် လမ်းနှစ်ခွတွင် ယောင်ချာချာ ဖြစ်နေသည်။

ထိုအခိုက် တယ်လီဖုန်းမြည်သံ ရုတ်တရက် ပေါ်ထွက်လာသည်။ ရင်တမ... ဖြင့် ဖုန်းကို ကောက်ကိုင်လိုက်သည်။ တစ်ဘက်မှ ဖုန်းဆက်သူမှာ မက်သယူး။

ဘုရား ... ဘုရား၊ သားလေးများ တစ်ခုခု ဖြစ်နေပြီလား။

'မပူပါနဲ့၊ ခင်ဗျားသားလေးဘာမှ မဖြစ်ပါဘူး၊ တကယ်လို့ သူတစ်ခုခုဖြစ်ရ... မစ္စက်ကာတစ်က ဆက်မှာပေါ့၊ သူက တရားဝင်ကျောင်းအုပ်ဆရာမကြီးပဲ၊ ကျွန်တော်... တရားဝင်အလုပ်လက်မခံရ သေးပါဘူး၊ သူလေးပတ်လောက်တော့ ကြာဦးမှာပါ၊ အ... ကျွန်တော်ဆက်တာက ကျွန်တော် စိတ်ကူးရတာကလေးပြောပြချင်လို့ပါ၊ ခင်ဗျ... ပြန်သွားပြီးတော့ ခင်ဗျားအကြောင်း ကျွန်တော်တွေးနေမိတယ်၊ တွေးရင်း တွေးရ... စိတ်ကူးတစ်ခု ပေါ်လာတယ်၊ တကယ်လို့ ခင်ဗျား ဟောလိဝုဒ်မှာနေတုန်း အလုပ်က... ကြောင့် မအားလပ်လို့ ကလေးဆီမလာနိုင်ရင် လုံးဝမလာပါနဲ့၊ ကလေးကို ကျွန်တော...





...သားစုဆီ ကျွန်တော်ခေါ်သွားပါရစေ၊ ကျွန်တော့် တူမလေးတွေကလဲ အန်ဒရူး...လေးကို တွေ့ရရင် မောင်လေးတစ်ယောက် ရောက်လာသလို တဖူးဖူး မှုတ်နေကြ... အဲဒါကိုတော့ ကျွန်တော့်ကို အထူးအခွင့်အရေး အနေနဲ့ ခွင့်ပြုစေ ချင်ပါတယ်၊ ...ရူးကလေးကလဲ ပျော်မှာပါ၊ ကျွန်တော့်ညီမ မာသာဆိုရင်လဲ သိပ်ဝမ်းသာမှာပါပဲ၊ ... ခင်ဗျားဘယ်လို သဘောရသလဲ'

'ကျွန်မတော့ လောလောဆယ် ဘယ်လိုမှ မဆုံးဖြတ်တတ်တော့သလိုပဲ မက်၊ ...မရင်ထဲမှာ ခံစားချက်တွေနဲ့ တလှိုက်လှိုက် ဖြစ်နေပါတယ်'

'ဘာမှ ဖြစ်မနေပါနဲ့၊ စိတ်ကို အေးအေးသာ ထားပါ၊ မနှစ်တုန်းက ကျွန်တော့်...ကျောင်းက ကလေး ၄၃ယောက်ကို ခရစ္စမတ်ညစာစားပွဲအတွက် ကျွန်တော် ခေါ်သွား...တယ်၊ မာသာကိုယ်တိုင် ချက်ပြုတ်ကျွေးတယ်၊ သူ့ယောကျ်ားကလဲ ပန်းခြံထဲမှာ ...လေးတွေနဲ့ ဘောလုံးကန်တယ်၊ အလွန် ပျော်စရာ ကောင်းတာပဲ'

'ကျွန်မတော့ ရှင့်ကို ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး'

'ကျေးဇူးတင်မနေပါနဲ့၊ အန်ဒရူးကလေးကိုသာ ခေါ်သွားခွင့်ပြုပါ'

ဒက်ဖနီက ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။ ခဏကြာတော့မှ

'မက် ကျွန်မအတွက် မလွယ်ဘူး မက်၊ ကျွန်မသားလေးကို မခွဲနိုင်ဘူး၊ ...မက ဒီသားလေးတစ်ယောက်တည်း ...'

'ဒါကို ကျွန်တော် သိပါတယ် ဒက်ဖနီ၊ ခင်ဗျား ဘယ်နည်းနဲ့မှ သဘောတူမှာ...ဘူးဆိုတာ ကျွန်တော် ကြိုတွေးပြီးသားပါ' သူ့အသံက ညင်သာလှသည်။ ...မယ့် ဘာမှ မစိုးရိမ်ပါနဲ့ ဒက်ဖနီ၊ ကလေးက ဟိုရောက်ရင် သိပ်ပြီး ပျော်နေမှာပါ၊ ...ရဲတင် မဟုတ်ပါဘူး၊ သူ့အတွက် အကျိုးလဲ ရှိမှာပါ၊ မာသာက ကလေးတွေကို ...ယ်ရာမှာ အလွန်တော်တဲ့ ဆရာမတစ်ယောက်ပါ၊ အဲဒီတော့ သဘောတူလိုက်...ပါ ဒက်ဖနီ၊ သဘောတူလိုက်စမ်းပါ ဟုတ်လား'

'ဟုတ်ကဲ့၊ ကျွန်မ သဘောတူချင်ပါတယ်'

'တူချင်ရင် တူလိုက်စမ်းပါ၊ ဒါနဲ့ ခင်ဗျားနယူးယောက်ကို ဘယ်တော့ ပြန်မှာ... ကျွန်တော့်ညီမနဲ့ မိတ်ဆက်ပေးချင်တယ်၊ ခင်ဗျား နောက်အပတ်ဒီကို လာရင်တော့ ...တွေ့ရမှာပဲ'

'ကျွန်မ အချိန်ရရင်တော့ လာဦးမှာပဲ'

'လာဖြစ်အောင် လာပါ၊ ကဲ မနက်ကျတော့ ထပ်တွေ့ကြသေးတာပေါ့၊ ကွ...ကျလေးရှင်း ဒက်ဖနီ'

'ဘာအတွက် ဂုဏ်ပြုရတာလဲ'


www.burmeseclassic.com

www.burmeseclassic.com



'ခက်ခဲတဲ့ ဆုံးဖြတ်ချက်ကို ချနိုင်တဲ့အတွက်ပေါ့၊ ပြီးတော့ ကျွန်တော် ကိုယ့်ဘက်ယက်တတ်တဲ့ လူဗျ၊ ကျွန်တော် အလွန်ကြိုက်တဲ့ဝတ္ထုစာအုပ် ရုပ်ရှင်မှ တော့မယ်ဆိုလို့လဲ သိပ်ပြီး ဝမ်းသာဂုဏ်ယူမိတယ်လေ'

ဒက်ဖနီက ရယ်လိုက်သည်။

တစ်ဖက်မှ တယ်လီဖုန်းပြန်ချသွားသည်။

ထိုညတွင် သူနှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။

* * *

အခန်း ( ၁၈ )

'ဟုတ်ပါတယ် သားလေးရယ်၊ နည်းနည်းတော့ ကြာသလိုထင်ရတာပေါ့၊ ါပေမယ့် ကျောင်းပိတ်ရက်ကျတော့ သားလေးက မေမေ့ဆီလာနိုင်ပါတယ်၊ ကယ်လ်လီ ိုးနီးယားပြည်နယ်မှာ သားလေးနဲ့ မေမေတို့သိပ်ပြီး ပျော်ကြမှာပါ၊ မေမေလဲ အချိန်ရ ိုင်း သားလေးဆီ လေယာဉ်ပျံနဲ့ လာပါ့မယ်၊ စိတ်ချပါ သားလေးရယ်၊ မေမေ တကယ် ာမှာပါ၊ မေမေ ကတိပေးပါတယ်' ဒက်ဖနီက အန်ဒရူးကလေးအား ခြေဟန်လက်ဟန် ိုင်ပျာပျာသလဲ ပြောနေသည်။ သို့သော် အန်ဒရူးလေးက မိခင်မျက်နှာကိုပင် လှည့် ကြည့်ဘဲ တစ်ဘက်သို့သာ လှည့်နေသည်။ သူ့မျက်လုံးများတွင်လည်း မျက်ရည် တွေရှိလို့။

'အို ... မငိုပါနဲ့သားရယ်၊ မငိုပါနဲ့နော်၊ မေမေ တောင်းပန်ပါတယ် သားရယ်' က်ဖနီက သားငယ်အား မငိုရန် တောင်းပန်သည့်ကြားမှ သူကိုယ်တိုင်လည်း စိတ်ကို ထိန်းနိုင်ဘဲ မျက်ရည်တွေ ဝဲလာသည်။ သူတို့သားအမိသည် ကျောင်းဥယျာဉ်ထဲတွင် ိုင်ပြီး ပြောနေကြခြင်းဖြစ်သည်။ အန်ဒရူးကလေးက မိခင်ကိုကျောခိုင်းပြီး ရပ်နေသည်။ ါင်းကို ငုံ့ထားသည်။ သူ့ပခုံးကလေးတွေ တသိမ့်သိမ့် လှုပ်နေသည်။ ဒက်ဖနီက ားငယ်အား ငွေ့ဖက်လျက် သူ့ဘက်သို့ အသာဆွဲကပ်လိုက်သည်။ ကလေးက

www.burmeseclassic.com

ူးရူးဝါးဝါးအသံပြုပြီး ရှန်းကန်သည်။ ဒက်ဖနီအသည်းတွေ ကြွေမွသွားတော့မတ
ခံစားရသည်။ 'အို ... သားလေးရယ်၊ မေမေ စိတ်မကောင်းဘူးကွယ်'

ဒက်ဖနီ ဘယ်လိုမျှ ချော့လို့မရ။ ကလေးက ပေကပ်ပြီးတင်းခံနေသ
သူတို့ကတော့ ပြောကြသည်။ 'ကလေးက သူ့ဘာသာသူပြုပြင်သွားလိမ့်မယ်'
နတော့ သူ့ကို ဘယ်လိုမှချော့လို့ မရပါလား။ သားအမိနှစ်ယောက်စလုံး အသည်း
မှည့်ဖြစ်ရပ်မျိုးပါလား။ သူ့ခမျာ သည်လိုဘာကြောင့်ဖြစ်ရတာလဲ။ တရားခံက
ငါပဲ။ ငါက ရုပ်ရှင်ရိုက်ချင်လို့၊ နာမည်ကြီးချင်လို့ ငါ့သားကလေး အခုလို စိတ်ဆ
ရတာ။

ဒက်ဖနီသည် သားကလေးအားတွင် ထိုင်ကာကြံရာမရ ဖြစ်နေသည်။ အ
အမင်းစိတ်ညစ်နေသည်။ မိမိကိုယ်ကျိုးကိုသာ အဓိကထားပြီး ဆုံးဖြတ်ခဲ့မိသ
အတွက် သူ့ကိုယ်သူလည်း အလွန်မုန်းတီးမိသည်။

သူသွားလို့ မဖြစ်တော့။ သားလေးကို ခွဲပြီး ဘယ်မှမသွားနိုင်တော
ကလေးက မိခင် မရှိလျှင်မဖြစ်။ မိခင်၏မျက်နှာကို မြင်ချင်သည်။ မိခင်၏မေတ္တာ
လိုချင်သည်။

သူက သားကလေးအား ပွေ့ဖက်လိုက်သည်။ ကလေးက အဖက်မ
ခံတင်းရုန်းထွက်သည်။ စိတ်ပျက်လက်ပျက်ဖြင့် သားကလေးအား ရပ်ကြည့်နေသ

ထိုအခိုက် မက်သယူးထွက်လာသည်ကို မြင်ရသည်။ မက်သယူးက သူ
သားအမိအား ရပ်ကြည့်နေသည်။ ဘာစကားမှ မပြော။ အန်ဒရူးကလေး၏ အမူအ
ကိုကြည့်ပြီး အခြေအနေမှန်ကို ရိပ်မိလိုက်ပြီ။ သူ ဖြည်းဖြည်း လျှောက်လာသ
ဒက်ဖနီအား ပြုံး၍ ကြည့်သည်။

'တဖြည်းဖြည်းနဲ့ သူအဆင်ပြေသွားပါလိမ့်မယ် ဒက်ဖနီ၊ ကျွန်တော် ပြောရ
စကားကိုသာ သတိရပါ၊ ဒီလိုအခြေအနေမျိုးမှာ ဒီလိုတုံ့ပြန်မှုမျိုးကို ကလေးတို
ပြကြမှာပဲ၊ နားကြားတဲ့ကလေးလဲ ဒီအတိုင်းပဲ တုံ့ပြန်မှာပဲ'

'သူက နားကြားတဲ့ကလေးမှ မဟုတ်ဘဲ'

သူ့မျက်လုံးတွေက စူးရှသည်။ သူ့အသံက မာသည်။ 'သူက ထူးခြား
ကလေးတစ်ယောက်ပဲ'

ဒက်ဖနီက မက်သယူးအား အပြတ်ပြောပစ်လိုက်ချင်သည်။ သို့သေ
ပြောမည့်စကားက ပါးစပ်မှ ထွက်မလာ။ တကယ်တော့ မက်သယူးတွက်တာ လ
မှားနေပြီ။ သူ့အကြံပေးချက် လိုက်နာမိတာ မှားသွားပြီ။

'ဟုတ်ပါတယ်၊ သူက ထူးခြားတဲ့ ကလေးတစ်ယောက်ပါ၊ အတူတူပါ
တခြားကလေးတွေလဲ သူ့အခြေအနေနဲ့သူ ထူးခြားကြတာပါပဲ၊ ထူးခြားတယ်ဆို





စကားမှန်တယ်၊ ကွဲပြားတယ်ဆိုတာ မမှန်ဘူး၊ ဒါပေမယ့် ခင်ဗျားပြောနေပုံက သူ့ကို
တခြားကလေးတွေနဲ့မတူဘဲ ကွဲပြားနေသလိုပြောနေတယ်၊ ခင်ဗျားက သူ့ရှို့ယွင်းချက်
ကို ဖော်ထုတ်နေသလို ဖြစ်နေတယ်၊ ဒီလိုလုပ်လို့မဖြစ်ဘူး ဒက်ဖနီ၊ ခုနစ်နှစ်သားအရွယ်
ဘယ်ကလေးပဲဖြစ်ဖြစ် မိခင်နဲ့ခွဲရမှာကို ဘယ်လိုမှ လက်ခံနိုင်မှာမဟုတ်ဘူး၊ ဒါဟာ
သဘာဝပဲ၊ တခြားမိဘတွေ ရင်ဆိုင်နေရတဲ့ ပြဿနာဆိုရင် ခင်ဗျားထက် အများကြီး
ဆိုးပါတယ်၊ ဒါတောင်မှ သူတို့က ဒီလိုကိစ္စမျိုးကို ပြေလည်အောင် ဖြေရှင်းနိုင်ကြတယ်၊
ခင်ဗျားအနေနဲ့ ဒီကိစ္စမှာ ဒီလိုဖြစ်နေရင် ကလေးအတွက် အနာဂတ်သိပ်ဆိုးသွားလိမ့်
မယ်၊ အဲဒါကို ခင်ဗျား လက်ခံနိုင်ပါ့မလား'

ဒက်ဖနီသည် မက်သယူး၏ မျက်နှာကို စေ့စေ့ကြည့်ပြီး သံကုန်သာ အော်
ဟစ်လိုက်ချင်တော့သည်။

လက်စသတ်တော့ မက်သယူးက ဘာမှ နားလည်တဲ့လူ မဟုတ်ပါကလား။
အဆုံးစွန်ပြောရလျှင် မိခင်တစ်ယောက်အနေဖြင့် သူ၏တစ်ဦးတည်းသော သားကလေး
အပေါ်တွင် ဘယ်လိုတာဝန်ဝတ္တရားမျိုး ရှိသည်ဆိုတာကိုပင် နားမလည်ပါကလား။

မက်သယူးက ဒက်ဖနီ၏ မျက်နှာကိုစေ့စေ့ကြည့်နေသည်။ ဒက်ဖနီ စိတ်ထဲ
ဘယ်လိုခံစားချက်တွေဖြစ်ပေါ်နေသည်ကို သူစိတ်မှန်းဖြင့်သိနေပြီ။ သူက ပြုံးသည်။

'အားလုံးပြေလည်သွားမှာပါ၊ လုပ်သင့်တာကိုသာ ဆက်လုပ်ပါ၊ ကျွန်တော့်
ကို မုန်းချင်လဲ မုန်းပါ၊ ကျွန်တော်ကတော့ မှန်တာကိုပဲ ပြောမှာပဲ၊ ခင်ဗျားဘက်က
နည်းနည်းကလေးသည်းခံပြီး အောင့်ထားနိုင်ရင် အားလုံး ပြေလည်သွားမှာပါ'

အန်ဒရူးကလေးက သူ့မိခင်ကို တစ်လှည့်မက်သယူးကိုတစ်လှည့် ကြည့်နေ
သည်။ သူက သူတို့နှုတ်ခမ်းလှုပ်ပုံကို ကြည့်ပြီး အဓိပ္ပာယ်ဖော်နေသည်။ ဒက်ဖနီက
သားကလေးဘက်သို့ မျက်နှာညှိုးငယ်စွာဖြင့် ပြန်လှည့်လိုက်သည်။ ပြီးတော့ ခြေဟန်
လက်ဟန်နှင့်ရော စကားနှင့်ပါ ပြောပြန်သည်။

'မေမေလဲ လုံးဝမသွားချင်ပါဘူး သားရယ်၊ ဒါပေမယ့် အလုပ်ကိစ္စအတွက်
အရေးကြီးလို့ သွားဖို့သင့်တယ်လို့ ထင်တယ်လေ၊ မေမေ့စာအုပ်ကို သူတို့က ရုပ်ရှင်
ရိုက်ကြမယ်၊ အဲဒါကြောင့် ဟောလိဝုဒ်ကို သွားမလို့ပါ'

'မေမေ ဘာဖြစ်လို့ သွားချင်ရတာလဲ'

အန်ဒရူးကလေးက လက်ဟန်ခြေဟန်ဖြင့် မေးသည်။

'ဒီအလုပ်က စိတ်ဝင်စားစရာလဲ ကောင်းတယ်၊ မေမေ့လုပ်ငန်း အတွက်လဲ
အကျိုးရှိတယ်၊ အဲဒါကြောင့် မေမေသွားချင်တာပါ သားလေးရယ်' တစ်သက်တာ
ဘဝရည်မှန်းချက်ကို ခုနစ်နှစ်သားကလေး သဘောပေါက်အောင် သူ ဘယ်လိုရှင်းပြ
နိုင်ပါမည်နည်း။ 'မေမေ ကတိပေးပါတယ် သားရယ်၊ မေမေအဲဒီ သွားနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

သားလေးနဲ့ မေမေတို့မကြာမကြာတွေ့ကြရမှာပါ၊ သားကလဲ မေမေ့ဆီလာနိုင်တယ်၊ မေမေကလဲ သားဆီလာနိုင်တယ်၊ အရင်လိုတော့ အပတ်တိုင်း ဘယ်တွေ့နိုင်တော့မလဲ ကွယ်၊ ဒါပေမယ့် ဒါကတစ်သက်လုံး မဟုတ်ပါဘူး၊ နောက်တော့လဲ သားနဲ့ မေမေတို့ တစ်သက်လုံးအတူတူ နေသွားကြရမှာပါ သားရယ်'

အန်ဒရူးကလေး၏ မျက်လုံးတွေ အရောင်တောက်လာကြသည်။

'ဒီလိုဆို သားလေးယာဉ်ပျံစီးပြီး လာရမှာလား ဟင်'

'ဒါပေါ့ သားရဲ့၊ သားက လေယာဉ်ပျံအကြီးကြီးစီးပြီး မေမေ့ဆီ လာရမှာပေါ့'

အန်ဒရူးကလေးက ခေါင်းကိုငုံ့ကာ မြေကြီးကို စိုက်ကြည့်နေသည်။ ထို့နောက် မြေကြီးကို ခြေထောက်နှင့်တစ်ချက် ကန်ပစ်လိုက်သည်။ မိခင်၏ မျက်နှာကို မော့ကြည့်သည်။ သူဘာတွေစိတ်ကူးနေမှန်း ဒက်ဖနီ မစဉ်းစားတတ်။ သို့သော် သူ့အမူအရာကတော့ စောစောကထက် ပျော့ပျောင်းလာပြီ။

'သားတို့ ဝေါ့ဒ္ဒနေဥယျာဉ်ကိုရော သွားလို့ ရမှာလား'

'အဲမယ်လေး သိပ်သွားလို့ ရတာပေါ့ သားရယ်' ဒက်ဖနီက ပြုံးလိုက်သည်။ 'အဲဒီမှာ သားလေးကြည့်ချင်တာတွေ အများကြီးပဲ၊ သားလေးရောက်လာတဲ့အခါ ရုပ်ရှင်ရိုက်တာကိုလဲသွားကြည့်လို့ရတယ်' ဒက်ဖနီသည် အန်ဒရူးကလေးဘေးတွင်ဒူးထောက်ထိုင်ချလိုက်သည်။ ပြီးတော့ သားကလေးအား လက်နှစ်ဖက်ဖြင့် သိုင်းဖက်လိုက်ပြီး

'အို သားလေးရယ်၊ မေမေတော့ သားလေးကိုသိပ်ပြီး အောက်မေ့နေတော့မှာပဲ သားရယ်၊ သားလေးကို မေမေ အများကြီး ချစ်ပါတယ် သားရယ်၊ ဟိုမှာ မေမေအလုပ်တွေပြီးပြီးချင်း သားလေးဆီကို ပြန်လာပြီး သားလေးနဲ့လာနေပါ့မယ်နော်၊ ပြီးတော့ မစ္စတာဒိန်းကလဲ ပြောတယ်၊ သားလေးကို နယူးယောက်ကို ခေါ်သွားမယ်တဲ့၊ အဲဒီမှာ သူ့ညီမနဲ့ သမီးလေးတွေ ရှိတယ်၊ သူတို့က သားလေးကိုတွေ့ရရင် သိပ်ခင်ကြမှာတဲ့၊ ဒါဆိုရင် သားလေးရော၊ မေမေပါ အလုပ်တွေ ရှိနေပြီပေါ့ ဟုတ်လား၊ ဒီလိုနဲ့ပဲ အချိန်တွေ မြန်မြန်ကုန်သွားမှာပါ သားရယ်'

သူက တကယ်ပင် အချိန်တွေ မြန်မြန်ကုန်သွားစေချင်သည်။ သူသည် သားလေးနှင့်ခွဲခွာချင်စိတ်လုံးဝမရှိ။ သို့သော်လည်း မခွဲခွာ၍ မဖြစ်ဆိုသည်ကိုလည်း စိတ်ထဲက အလိုလိုသိနေသည်။ ဤအလုပ်ကား သူ့အတွက်အရေးကြီးသည်။ သူ အလွန်လုပ်ချင်နေသော အလုပ်။ သူအနှစ်နှစ်အလလကပင် မျှော်လင့်နေခဲ့သော အလုပ်။ သို့သော် သည်အလုပ်ကို သွားလုပ်ရမည်က မလွယ်လှ။ သူ့အဖို့ ရင်နှင့်အမျှခံစားရသည်။ သားကလေးက တစ်ဖက်၊ အလုပ်ကတစ်ဖက် ... ထိုနှစ်ဖက်တို့လွန်ဆွဲနေကြသည်။ ထိုနှစ်ဖက်ကြားတွင် ဒက်ဖနီက ထွန့်ထွန့်လူး ခံစားနေရသည်။

လွန်ခဲ့သော ညက မက်သယူးပြောခဲ့သောစကားကို သတိရမိသည်။ လောက





မှာ ကောင်းတဲ့အလုပ်မှန်သမျှ ခက်ခက်ခဲခဲလုပ်ရတာ ချည်းပဲတဲ့။ ယခုလည်း ယင်းအတိုင်း ဖြစ်နေပြီ။ သူ့အတွက်ရော သားကလေးအတွက်ပါ ခက်နေပြီ။

သို့သော်လည်း အန်ဒရူးကလေး၏ မျက်နှာကို အကဲခတ်ကြည့်လိုက်တော့ အားတတ်စရာ တွေ့ရသည်။ ကလေးကမိခင်နှင့်ခွဲခွာရတာကို မကြိုက်သော်လည်း ယခုအချိန်တွင် တစ်စုံတစ်ရာကို သူသဘောပေါက်သွားပြီ။ သူ့အမူအရာတွေ တည်ငြိမ်သွားပြီ။

'သားလေးကို မေမေဘယ်လောက် ချစ်တယ်ဆိုတာကို သားလေးသိရဲ့လား ဟင်'

'ဘယ်လောက် ချစ်သလဲ'

ဒက်ဖနီ၏ မျက်လုံးများတွင် မျက်ရည်တွေ ဝဲလာကြသည်။

'ဟောဒီလောက် ဟောဒီလောက် ချစ်တာပေါ့ သားရယ်' သူက လက်နှစ်ဖက်ကို ဆန့်ကားပြလိုက်သည်။ ပြီးတော့ လေသံကလေးဖြင့် ... 'မေမေ့အသက်လောက် ချစ်ပါတယ် သားလေးရယ်'

မက်သယူးသည် ရပ်ကြည့်နေရာမှ ပြန်လှည့်ထွက်သွားသည်။

သူတို့သားအမိကတော့ ဥယျာဉ်ထဲတွင် စကားပြောကျန်ရစ်ကြသည်။ အန်ဒရူးကလေးစိတ်ဝင်စားသည့်အကြောင်း၊ ဒက်ဖနီသွားရမည့် ခရီးအကြောင်းနှင့် သူမကြာမီပြန်လာမည့် အကြောင်းတို့ကို ပြောကြသည်။ ထို့နောက်ဒက်ဖနီက သူသည် ကယ်လီဖိုးနီးယားသို့ နောက်တစ်လကြာမှ သွားရမည်ဖြစ်ကြောင်း၊ ထိုရက်များအတွင်း သားကလေးထံသို့ မကြာခဏ လာလည်မည်ဖြစ်ကြောင်းတို့ကို ပြောပြသည်။ ပြီးတော့ အန်ဒရူးက လိုက်လာရမည့်အချိန်၊ ဟိုရောက်လျှင် ဘယ်နေရာတွေ သွားလည်ကြမည်၊ ဘာတွေလုပ်ကြမည်စသည်တို့ကို သားအမိနှစ်ယောက်တိုင်ပင်ကြသည်။

'ဟို ရောက်ရင် မေမေသားဆီစာရေးမှာလား ဟင်'

ကလေးက မျက်နှာသုန်မှုန်စွာဖြင့် မေးသည်။ ဒက်ဖနီမှာ ရင်ထဲ နင့်သွားရပြန်သည်။ သားလေးက အလွန်ငယ်သေးသည်။ ကယ်လီဖိုးနီးယားပြည်နယ်ဆိုတာ သူ့အဖို့ တခြားဂြိုဟ်ကမ္ဘာ တစ်ခုလိုအလှမ်း ကွာဝေးလှပေလိမ့်မည်။

'အို ရေးမှာပေါ့ သားရဲ့၊ မေမေ ရေးပါ့မယ်၊ နေ့တိုင်း မေမေ ရေးပါ့မယ်၊ သားလေးကရော မေမေဆီစာတွေ အများကြီး ရေးမှာလား ဟင်'

အန်ဒရူးကလေးက သူ့မိခင်ကို ပြုံးပြပြီး

'သား မေမေ့ဆီ စာရေးဖို့မမေ့အောင် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်' ဟု နောက်လိုက်လေသည်။ သည်စကားကြားရတော့ ဒက်ဖနီမှာ ရင်ဝယ် တသိမ့်သိမ့်



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးမိရလေသည်။

ထိုနေ့ညတွင် နယူးယောက်ကို ပြန်ရောက်လာသောအခါ ဒက်ဖနီသည် သူ့ကိုယ်သူမြင့်မားလှသော တောင်ကြီးတစ်လုံးကို တက်ခဲ့ရသူလို ခံစားရသည်။

သူသည် အဝတ်အစားများကို နေသားတကျပြန်လည်သိမ်းဆည်းပြီးနောက် ဘာရယ်လို့မဟုတ်ဘဲ အခန်းထဲ ဟိုဟိုသည်သည် လျှောက်ကြည့်လိုက်သည်။ မင်ဟတ်တန်နယ်မြေတစ်ခွင်တွင် လျှပ်စစ်မီးရောင်များဖြင့် ထိန်ထိန်လင်းနေသည်။ သူ့စိတ်အာရုံသည် သားကလေးဆီသို့ ပြန်ရောက်သွားသည်။ ထို့နောက် သူ့လုပ်ရပ်ကို ပြန်တွေးမိပြန်သည်။ သူ့ရင်ထဲမှာ တော်တော် လှုပ်ရှားနေသည်။ လွန်ခဲ့သော သုံးရက်အတွင်း သူ့လုပ်ရပ်များသည် သူ့ဘဝတွင် စိတ်အလှုပ်ရှားဆုံးဖြစ်သည်။ သူ့မျှော်မှန်းချက်တွေ အကောင်အထည်ပေါ်လာတော့မည်။ သူ့စိတ်ကူးတွေ တကယ်ဖြစ်လာတော့မည်။ သူ၏ အပါချီဝတ္ထုကို ရုပ်ရှင်ရိုက်ရန် ကမ္ဘာကျော် ဟောလိဝုဒ်ရုပ်ရှင်မြို့တော်သို့ သွားရ

င်းပေါက်ဝတွင် ရပ်နေရင်းမှ ရုတ်တရက် ပြုံးလိုက်မိသည်။

ဖြစပေါ်လာမိသည်။ တကယ်ဖြစ်လာတော့မှာပါလား။ နောက်ဆုံးတော့ ရည်မှန်းချက်အောင်မြင်တော့မှာပါလား။

'ဘုရားသခင် ကျေးဇူးတော်ပါပဲ'

သူက တိုးတိုးကလေး ရေရွတ်လိုက်သည်။ ထို့နောက် အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။ ခုတင်ပေါ်သို့တက်သည်။ ခေါင်းရင်းမှ မီးလုံးကို လှမ်းပိတ်လိုက်သည်။

* * *

အခန်း ( ၁၉ )

'ကဲ ... သူငယ်မ၊ ဘာမှ လုပ်မနေနဲ့တော့ ဦးထုပ်ဆောင်းတော့'

နောက်နေ့ နံနက်တွင် ဘာဘရာရောက်လာလျှင် ရောက်လာချင်း ဒက်ဖနီက ပြုံးရယ်ကာ ဆီးပြောလိုက်သည်။

'ဘာလုပ်မလို့လဲ'

'ခရီးသွားမလို့ပေါ့'

'ဘယ်ကိုလဲ'

'ကယ်လီဖိုးနီးယားကိုပေါ့ သူငယ်မရဲ့'

'ဟင် တကယ်ပြောတာလား ဒက်ဖ်'

ဘာဘရာက အံ့သြစွာဖြင့် ပြန်မေးသည်။

'တကယ်ပြောတာပေါ့'

'ဒါဆို ကလေးကို ဘယ်လိုလုပ်မလဲ'

ဘာဘရာ မမေးချင်သော မေးခွန်းကိုပင် မေးလိုက်မိသည်။

'ကျွန်မ သူ့ဆီ သွားပြီးပြောပြခဲ့ပြီးပြီ၊ ပထမတော့ သူ သိပ်မကျေနပ်ချင်ဘူး၊ ဒါပေမယ့် ဖြစ်တော့ဖြစ်မယ်ထင်တာပဲ' ထို့နောက် သူက မစွက်ကာတစ် ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com

တာတွေကို ပြန်လည်ပြောပြသည်။ ကျောင်းအုပ်ကြီးအသစ်အကြောင်းကိုလည်း ပြောပြသည်။

'သားလေးက ကျွန်မဆီလာချင်ရင် လေယာဉ်ပျံနဲ့ လာနိုင်တယ်၊ ကျွန်မလဲ သူ့ဆီ လေယာဉ်နဲ့ ပြန်လာလို့ရပါတယ်၊ ပြီးတော့ မက်သယူးကလဲ သားလေးကို နယူးယောက် အလည်ခေါ်သွားမလို့တဲ့၊ အဲဒီမှာ သူ့ညီမရှိတယ်၊ သူ့ညီမကလဲ နယူးယောက်ကလေးသူငယ် ပြုပြင်ရေးကျောင်းက ဆရာမကြီးပဲ၊ မက်သယူးက သားကလေး တို့ကျောင်းမှာ ကျောင်းအုပ်ဆရာကြီးလုပ်မယ်'

'အမယ် ရှင်က ခုမှသိရသေးတဲ့ လူတစ်ယောက်ကို မက်သယူးတွေ ဘာတွေ တောင်ခေါ်နေပါရောလား' ဘာဘာရာက စလိုက်သည်။

'ကေ့နဲ့ ဒီလူက တော်တော်ချော'ဲ့ လူပျိုကြီးနဲ့တူတယ်'

'ဟုတ်တယ် သိပ်ချောတာပဲ၊ ဒါပေမယ့် မိတ်ဆွေတစ်ယောက်လိုခင်တာပါ ဘာဘာရာ ရှင်ထင်သလို မဟုတ်ရသေးပါဘူး'

'ဟင်း ... ထားလိုက်စမ်းပါ၊ အလကား စကားတွေပြောမနေပါနဲ့ ရှင်က ရှင့်သားလေးကိုတောင် အဲဒီလူနဲ့ ယုံယုံကြည်ကြည် အပ်လိုက်ပြီးပြီပဲဟာ၊ ရှင်က သူစိမ်းတစ်ယောက်ကိုတော့ ယုံကြည်တယ်ပေါ့လေ၊ ကျွန်မကျတော့ ကလေးဆီ တစ်ခေါက်မှတောင် ခေါ်မသွားသေးဘူး၊ ဒါကြောင့် ဒီလူက တော်တော်ချောတဲ့ ကိုလူချောဖြစ်ရမယ်လို့ ကျွန်မပြောတာပါ၊ နို့မဟုတ်ရင် ရှင်က ဒီလောက်အဖြစ် သည်းနေမှာမဟုတ်ဘူး'

'ဟုတ်တယ်၊ သူက သိပ်ပြီးချောတာပဲ၊ ကျွန်မတွေ့ဖူးသမျှ ယောကျ်ားတွေထဲမှာ အချောဆုံး အခန့်ဆုံး လူတစ်ယောက်ပဲ၊ ဒါပေမယ့် ကျွန်မက အဲဒါကြောင့် သူ့ကို စိတ်ဝင်စားတာတော့ မဟုတ်ပါဘူး ဘာဘာရာ'

ဒက်ဖနီက ပြောပြီးရယ်နေသည်။

'ဒါဖြင့် ရှင်က ဘာကြောင့် စိတ်ဝင်စားရတာလဲ'

'သူ့အကြောင်း နောက်မှပဲ ပြောကြတာပေါ့ လောလောဆယ် ကျွန်မတို့ အကြောင်းပဲ ပြောကြရအောင်'

'ကျွန်မတို့အကြောင်း ...'

ဘာဘာရာက ကြောင်သွား ပြန်သည်။ အင်း ... သည်မနက်တော့ အားလုံး ပြောင်းပြန်တွေချည်းဖြစ်နေကြပါရောလား။

'ဒါနဲ့ ကျွန်မ ကယ်လ်ဖိုးနီးယားသွားရင် ရှင်လိုက်နိုင်ပါ့မလား၊ ကျွန်မကတော့ လိုက်ခဲ့စေချင်တယ်'

'ရှင် တကယ် ပြောနေတာလား ဒက်ဖ်'





ဘာဘာရာလက်ထဲတွင် စာအိတ်တွေ တစ်ပွေ့ကြီးပိုက်ရင်း ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

'ကျွန်မ အဲဒီလိုက်ပြီး ဘာလုပ်ရမှာလဲ'

'ကျွန်မကို ကူညီလုပ်ပေးဖို့ပေါ့ ဒီမှာ လုပ်ရသလို လုပ်ပေးဖို့ပေါ့၊ အဲဒီတော့ ရှင်လိုက်မလား၊ မလိုက်ဘူးလား၊ ဒါပဲပြောပါ'

'ကျွန်မ ဘယ်တော့ ပစ္စည်းတွေ ထုပ်ပိုးရမလဲ၊ မနက်ဖြန်ဆိုရင် သိပ်များ စောနေဦးမှာလား'

နှစ်ယောက်စလုံး နှစ်ခြိုက်စွာ ရယ်လိုက်ကြသည်။

'ကျွန်မကတော့ လောလောဆယ် သွားလို့မရသေးဘူး၊ အနည်းဆုံး တစ်လ လောက်တော့ကြာဦးမယ် ပထမဆုံး ဒီမှာလုပ်စရာရှိတာတွေ ပြီးစီးအောင် လုပ်သွားရမယ်၊ ပြီးတော့ဒီနေ့ညနေကျတော့ အိုင်းရစ် မက္ကာသီဆီ သွားကြမယ်၊ ရှင်လဲလိုက်ခဲ့ပါ၊ ဒါမှ ကျွန်မတို့ပြောကြတာတွေအားလုံး ရှင်လဲသိရမယ်၊ အဲဒါတွေ ပြီးသွားရင် နောက်လ ထဲကျတော့ ကျွန်မတို့ သွားနိုင်ပြီ တစ်လတောင် ကျန်သေးတယ်ဆိုတော့ ဒီမှာ လုပ်စရာ တွေ လုပ်ဖို့အများကြီး အချိန်ရပါသေးတယ်'

'အဲဒီတော့ အိမ်ခန်းကို ဘယ်လိုလုပ်ထားခဲ့မှာလဲ'

'ဒီအတိုင်းပဲထားခဲ့မှာပေါ့၊ ကျွန်မသားလေးဆီ ပြန်လာတဲ့အခါမှာ ဒီမှာပဲ ဝင်တည်းနိုင်တာပေါ့၊ ကုမ္ပဏီက ဟိုကအိမ်ခန်းခပေးရမှာပါ၊ ဒီတော့ အိမ်လခ နှစ်မျိုး ကုန်စရာမရှိတော့ဘူးပေါ့၊ ပြီးတော့ ကျွန်မက ကျွန်မခုတင်ပေါ်မှာ သူစိမ်းလူ တက်အိပ် တာမကြိုက်ဘူး'

သူက ခပ်တည်တည်ပြောတော့ ဘာဘာရာက ရယ်သည်။

**

နေ့လယ်ပိုင်းကျတော့ နှစ်ယောက်သား ပလာဇာဟိုတယ်တွင် နေ့လယ်စာ စားကြသည်။ ခရီးထွက်ရမည့် အထိမ်းအမှတ်အဖြစ် အရက်ခွက်ကိုမြှောက်ကာ ဂုဏ်ပြုဆုတောင်းကြသည်။

ထို့နောက် စာမူ ကိုယ်စားလှယ် အိုင်းရစ်မက္ကာသီထံသို့ လာခဲ့ကြသည်။ စာမူ ကိစ္စ ခရီးထွက်မည့်ကိစ္စတွေကို ပြောကြသည်။

ညနေ လေးနာရီခွဲတွင် အိုင်းရစ်၏ ရုံးခန်းမှ ပြန်ထွက်လာခဲ့ကြသည်။

အိမ်အပြန် အငှားကားစီးလာရင်း ဒက်ဖနီအလွန် စိတ်လှုပ်ရှားနေသည်။

'ဒါနဲ့ ကျွန်မ ဒီအလုပ်ကို တကယ်လုပ်နိုင်မယ်လို့ထင်သလား ဘာဘာရာ ရုပ်ရှင်ဇာတ်ညွှန်းရေးမယ့်ကိစ္စ ပြောတာပါ'

'ရှင့်ဟာ ရှင်တွက်ကြည့်ရင် သိပါတယ်၊ ဘာမှမခက်ပါဘူး၊ ဇာတ်ညွှန်း



www.burmeseclassic.com

www.burmeseclassic.com



ရေးတာလဲ ဝတ္ထုရေးတာနဲ့ အတူတူပဲ၊ သူတို့ ပြောတာသာ သေသေချာချာ နားထောင်ပါ သူတို့ ဘယ်လိုဖြစ်စေချင်တယ်ဆိုတာ ရှင့်ကို ပြောပြပါလိမ့်မယ်'

'အေးလေ ဟိုရောက်တော့မှပဲ အခြေအနေကြည့်ပြီး စခန်းသွားရတော့မှာပေါ့'

ဘာဘာရာက ဒက်ဖနီ၏ လက်ကို တစ်ချက်ပုတ်လိုက်ရင်း ...

'ဘာမှ တွေးပူမနေပါနဲ့ ဒက်ဖ် ရှင်ကောင်းကောင်း လုပ်နိုင်ပါတယ်'

'အဲဒီလိုပဲ မျှော်လင့်ရတော့မှာပေါ့ ဘာဘာရာရယ်'

ဘာပဲဖြစ်ဖြစ် သူ့အနေနှင့် ကြိုးတော့ကြိုးစားရပေတော့မည်။

နောက်တစ်နေ့တွင် ဒက်ဖနီသည် သားကလေးထံသို့ လာခဲ့ပြန်သည်။

အန်ဒရူးကလေး အခြေအနေက ထင်တာထက် အလွန်ကောင်းနေသည်။ ဒက်ဖနီ ခရီးထွက်မည့်ကိစ္စနှင့် ပတ်သက်၍ တစ်ခွန်းနှစ်ခွန်းမျှသာ စကားဟပြီးနောက် ကျန်အချိန်များတွင် ဝေါ့ဒ်စွနေဥယျာဉ်ကြီးအကြောင်းနှင့် ရုပ်ရှင်ရိုက်မည့် အကြောင်းများကိုသာ ပြောနေသည်။ သူ့သားကလေးက သည်ပြဿနာကို သည်လောက်မြန်ဆန် စွာ လက်ခံနိုင်သည့်အတွက် ဒက်ဖနီက ဝမ်းလည်းသာမိသည်။ အံ့လည်း အံ့သြမိသည်။ ကလေးတွေဟာ တော်တော်စိတ်ပြေ လွယ်တာပဲဟု တွေးနေမိသည်။

ညနေစာ စားရင်း သည်အကြောင်းကို မက်သယူးအား ပြောပြသည်။

'ကျွန်တော်က သူ့ကို စည်းရုံးထားတာလို့ ပြောရင် ခင်ဗျားက ကျွန်တော့်ကို ပါးရိုက်မှာလား'

မက်သယူးက ပြုံးပြီးပြောသည်။ ဒက်ဖနီရယ်နေသည်။

သည်တစ်ကြိမ်တွင် ဒက်ဖနီတော်တော်ပျော်နေပုံရသည်။ စိတ်ရောကိုယ်ရော လန်းဆန်းနေသည်။ အရွယ်ကလည်း ယခင်တစ်ခေါက်ကထက် ပို၍ နုလာသလိုထင်ရသည်။ ရွှေရောင်ဆံပင်အုပ်ကြီးကို ပခုံးပေါ် ဖြန့်ချထားပြီး အပြာရောင် ဂျင်းဘောင်းဘီနှင့် စပျစ်သီးရောင် ကောင်းဘွိုင်ရှပ်အကျႌကို ဝတ်ထားသည်မှာ တစ်မျိုးတစ်ဘာသာလှနေတော့သည်။

'ဟုတ်တယ်၊ ကျွန်မ စိတ်မထင်ရင် ရိုက်ချင်ရိုက်မိလိမ့်မယ်၊ ရှင် ကြပ်ကြပ် သတိထားပါနော်'

'ကျွန်တော်တော့ ခင်ဗျားနဲ့ စကားပြောရတာ ကြောက်တောင် ကြောက်လာပြီ ဒက်ဖနီ'

နှစ်ယောက်စလုံးရယ်ကြသည်။ ယခုအချိန်တွင်တော့ သူတို့နှစ်ယောက် အလွန်ရင်းနှီးသွားကြပြီ။ သူတို့အကြားတွင် ဘာအဟန့်အတားမှ မရှိတော့။

နှစ်ယောက်သား ရောက်တတ်ရာရာ ဆက်ပြောကြသည်။ ထို့နောက် မက်သယူးက နယူးယောက်ကျောင်းအကြောင်းကို ပြောပြသည်။ ဒက်ဖနီကလည်း





ရုပ်ရှင်ရိုက်သွားရန်အတွက် ကြိုတင်အစီအစဉ်များကို ပြောပြသည်။ စကားပြောကောင်းကောင်းဖြင့် အချိန်ကုန်လို့ ကုန်မှန်းပင် သတိမထားမိကြ။ ညစာ စားသောက်ပြီးတော့ မစ္စက်ကာတစ်က အလုပ်လုပ်စရာတွေ ရှိသေးသည်ဆိုပြီး အခန်းထဲမှ ထွက်သွားသည်။

ကျောင်းသားကလေးတွေ အိပ်ရာဝင်သွားကြပြီ။ ဒက်ဖနီနှင့် မက်သယူးတို့သည် ဧည့်ခန်းမီးလင်းဖိုရှေ့တွင် ထိုင်ကာ စကားကောင်းနေကြဆဲဖြစ်သည်။ အချိန်စောသေး၍ ဒက်ဖနီက တည်းခိုရိပ်သာသို့ မပြန်ချင်သေး။ ပြီးတော့ မက်သယူးနှင့် စကားပြောရတာကို သူအလွန်ပျော်နေသည်။ သူတို့နှစ်ယောက်က ခံစားချက်ရောပါသနာ ပါတူကြသည်။

'ကျွန်တော်တော့ ခင်ဗျား အကြောင်းတွေးပြီး အံ့တောင် အံ့သြနေမိတယ် ဒက်ဖနီ၊ တကယ်ပြောတာပါ၊ ခင်ဗျား ဒီအခြေအနေနဲ့စာအုပ်တွေ ရေးနိုင်တာ တစ်ကယ် အံ့သြစရာပဲ'

မက်သယူးက သူအကြိုက်ဆုံး အမ္ဗါချိဝတ္ထုကို အထူးသဖြင့် ရည်ရွယ်ပြီး ပြောခြင်းဖြစ်သည်။ ဒက်ဖနီက သူ့ကိုကြည့်ပြီး ပြုံးပြုံးကြီးနှင့် အလွန်သဘောကျနေသည်။

'ရှင် ဘယ်လိုပြောလိုက်တာလဲ မက်၊ ရှင်ကိုယ်တိုင်လဲ သုံးအုပ်ကြီးများတောင် ရေးခဲ့ပြီးပြီပဲ၊ ရှင်ကရော အဲဒီစာအုပ်တွေ ဘယ်လိုရေးခဲ့သလဲ'

'ကျွန်တော်စာအုပ်တွေက ဝတ္ထုတွေမှ မဟုတ်တာ၊ ကျမ်းစာအုပ်တွေပဲ အဲဒီစာအုပ်တွေ ရေးရတာ ကျွန်တော့်အတွက် ဘာမှမခက်ပါဘူး၊ ကျွန်တော် အသေးစိတ်သိထားတဲ့ အကြောင်းတွေကို ရေးရတာ၊ အဲဒါတွေရေးရတာ ပြောရလောက်အောင် မခက်ပါဘူး'

'ဘာလို့ မခက်ရမှာလဲ၊ ကျွန်မ စာအုပ်တွေထက် အပုံကြီး ခက်တာပေါ့၊ ရှင့် စာအုပ်တွေက ရှင် တစ်ကယ်သိထားတာတွေကို အမှန်အတိုင်း ရေးထားကာ၊ ရှင့် စာအုပ်တွေကိုဖတ်ပြီး လူပေါင်းများစွာ အကျိုးရှိပါတယ် မက်၊ ကျွန်မစာအုပ်တွေကျတော့ မဟုတ်တာတွေကို အဟုတ်လုပ်ပြီး လူတွေမယုံ ယုံအောင် စိတ်ကူးနဲ့ ရေးထားတာတွေပါ၊ ဒီစာအုပ်တွေက ဖတ်သူအတွက် ပျော်ရွှင်မှုပေးရုံကလွဲပြီး ထွေထွေထူးထူး အကျိုးမပြုပါဘူး'

သူ့ စာအုပ်တွေအကြောင်းနှင့်ပတ်သက်လာလျှင် ဒက်ဖနီက အမြဲတမ်း နှိမ့်ချပြီး ပြောတက်သည်။ ဒါကိုပဲ မက်သယူးက အလွန်သဘောကျနေသည်။ ဒက်ဖနီနှင့် စကားပြောရလျှင် သူ့ကို နာမည်ကျော်စာရေးဆရာမကြီးတစ်ယောက်ဟု မည်သူကမျှ ထင်မည်မဟုတ်။ သူသည် ပင်ကိုအားဖြင့် သွက်လက်သည်။ ဉာဏ်ထက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှင်ရွှင်မြူးမြူးရှိသည်။ သို့သော် ထိုအရာတွေကို သူကအပြင်သို့ ထုတ်မပြ။

'ခင်ဗျား ပြောတာမဟုတ်သေးဘူး ဒက်ဖနီ၊ ခင်ဗျားစာအုပ်တွေက ပျော်ရွှင်မှု ပေးရုံသက်သက်မဟုတ်ပါဘူး၊ ကျွန်တော့်ကိုယ်တွေ့ပြောရရင် ခင်ဗျားရေးတဲ့ ဝတ္ထု စာအုပ်တစ်အုပ်ဖတ်ပြီး ကျွန်တော်အသိတရားတွေ အများကြီးရခဲ့ဖူးတယ်၊ လူတွေ အကြောင်း၊ လူမှုဆက်ဆံရေးအကြောင်း၊ အထူးသဖြင့် မိန်းမတွေအကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော် မသိသေးတာတွေ အများကြီးသိခဲ့ရတယ်၊ ခင်ဗျားက အထီး ကျန်ဘဝထဲ ဝပ်နေပြီးတော့ ဒီအကြောင်းတွေ ဒီလောက် ဘာကြောင့်သိတာတုံး'

'ရှင်က အဲဒီလို ဘာဖြစ်လို့ ထင်ရတာလဲ၊ ကျွန်မအထီးကျန်ဘဝထဲ ဝပ်နေ တယ်လို့ ထင်တာကို ပြောတာပါ'

'ခင်ဗျားပဲ ပြီးခဲ့တဲ့အပတ်တုန်းက ကျွန်တော့်ကို ပြောပြတာပဲ မဟုတ်လား'

'ဟင် ဟုတ်လား၊ ကျွန်မတကယ်ပြောခဲ့မိသလား' သူက ပခုံးနှစ်ဖက်တွန့်ပြီး ပြုံးလိုက်သည်။

'ဒါဆို ကျွန်မ စကားတွေ သိပ်ကျွံခဲ့မိပြီပေါ့၊ ကျွန်မက သားလေးပေါ် အရွယ် ကြီးပြီး ခေါကပ်နေတာ ဒါကြောင့်လဲ သိပ်ပြီး အလုပ်တွေဖိလုပ်နေမိတာ'

'သားလေးကို တရားခံ ဆွဲမထည့်ပါနဲ့ဗျာ'

'မထည့်ပါဘူး၊ ကျွန်မက အဲဒီလို အမြဲတမ်းမပြောတတ်ပါဘူး' သူ ပြုံးလိုက်ပြီး 'တခြားလူတွေက ပြဿနာ ထင်လာတော့မှ ပြောတတ်တာပါ၊ ရှင် လူတွေကို ပြောတာပေါ့'

'ဒါဆို တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော်က ခင်ဗျားကို ပြဿနာတင် နည်းနည်းကလေးမှ စိတ်မကူးပါဘူး'

'ဘယ်နှယ့်မတင်ရမှာလဲ၊ အခုပဲ တင်ပြီးပြီပဲဟာ ဒါနဲ့ ရှင့်အကြောင်း မေးရဦးမယ်၊ ရှင်က အခုလက်ရှိ ရှင့်ဘဝကို ပြည့်စုံနေပြီလို့ ထင်သလား'

'အဲဒီလို ထင်မိတဲ့ အခါတွေလဲ ရှိပါတယ်'

မက်သယူးက အမှန်အတိုင်း ဝန်ခံရန် ဝန်လေးနေသည်။ 'ကျွန်တော့်မိန်း ကွာရှင်းပြီးတဲ့နောက် တော်တော်ကြာကြာအထိ ကျွန်တော် အိမ်ထောင်ရေးကို တွေး ကြောက်နေမိခဲ့တာတော့အမှန်ပါ'

'အဲဒီတော့ ... အခုရော'

'အဲဒါတော့ ကျွန်တော်မပြောတတ်တော့ဘူး၊ ကျွန်တော့်မှာ အလုပ်တွေ သိပ်ပိနေတော့ အဲဒါတွေ စဉ်းစားဖို့လဲ အချိန်မရှိဘူး၊ ဘဝကိစ္စထက် အလုပ်ကို ပိုအရေးကြီးနေတယ်' သူက ပြုံးလိုက်ပြီး 'အဲဒီတော့ ကျွန်တော့်အတွက် ဘဝကြင်ဖော် ဖြစ်မယ့် ဖူးစာရှင်မျိုးကို ဒီတစ်ဝိုက်မှာတော့ နောက်နှစ်လဲ တွေ့ဦးမယ်မထင်ပါဘူး'





'တွေ့နိုင်ပါတယ် ရှင်၊ တွေ့နိုင်ပါတယ်၊ ရှင်ကမရှာသေးလို့ မတွေ့ရသေးတာ ပါ၊ ဖူးစာရှင်က ရှိနေပြီးသားပါ'

'ဟင် ... ဘယ်သူတုံးဗျာ၊ တကယ် ပြောတာလား ဟင်'

'ဘယ်သူရမှာလဲ ရှင့်၊ ဟို ထမင်းဆိုင်ရှင် အဒေါ်ကြီးပေါ့၊ မစ္စက် အိုဘာမီးယား လ၊ ရှင်ကသာ ယူမယ်ဆိုရင် သူက သူ့ယောကျ်ားကို ကွာပစ်မလို့တဲ့'

နှစ်ယောက်စလုံး အားရပါးရ ရယ်လိုက်ကြသည်။

ထို့နောက် မက်သယူးက ဒက်ဖနီ၏ မျက်နှာကို အလေးအနက် စိုက်ကြည့် နေသည်။ သူ အတွေးနက်နေသည်။ ဂျွန်ဖောင်းလားအကြောင်းကို မစ္စက်ကာတစ် ပြောပြ၍ သူသိရပြီးပြီ။ သို့သော် ထိုအကြောင်းကို ဒက်ဖနီအား မမေးရဲသလိုဖြစ်နေမိ သည်။ အားနာနေမိသည်။ နောက်ဆုံးတော့ သူက သွယ်ဝိုက်သောနည်းဖြင့် မေးလိုက် သည်။

'ဒါနဲ့ ခင်ဗျားရော နောက်ထပ်ကြိုးစားကြည့်ဖို့ ဆန္ဒ မရှိတော့ဘူးလား'

ဒက်ဖနီ၏ မျက်နှာညှိုးသွားသည်။ သူ့ရင်ထဲတွင် တစ်စုံတစ်ရာကို ကျိတ်၍ ခံစားနေရကြောင်းသိသာသည်။

'ဟင့်အင်း မရှိတော့ပါဘူး၊ ကျွန်မနောက်ထပ်မကြိုးစားချင်တော့ဘူး မက် ကျွန်မလိုချင်တာအားလုံး ကျွန်မရခဲ့ပြီးပါပြီ၊ နှစ်ကြိမ်တောင်မှ ရခဲ့ပြီးပါပြီ' ဒက်ဖနီက သူ့အတွင်းရေး လျှို့ဝှက်ချက်များကို သည်မျှလွယ်လွယ်ကူကူ ဖွင့်ပြောလိုက်ခြင်း အတွက် သူ့ကိုယ်သူပင် အံ့သြမိသည်။ 'ရခဲ့ပြီးတဲ့အရာကို နောက်ထပ်လိုချင်သေးရင် ကျွန်မအနေနဲ့ အလွန်မှားလိမ့်မယ် လောဘကြီးရာလဲ ရောက်မယ်၊ မိုက်မဲရာလဲ ကျလိမ့် မယ်။ တကယ်တော့ ကျွန်မခင်ပွန်းနဲ့အတူ ရှိခဲ့တုန်းက တစ်ကြိမ်ရခဲ့ဖူးပြီးတဲ့အရာကို နောက်ထပ်ဘယ်တော့မှ မရနိုင်တော့ဘူးလို့ထင်ပါတယ်၊ ဪ နောက်ထပ် တစ် ယောက်တော့ တွေ့ခဲ့ဖူးပါသေးတယ်၊ အလွန်ခြားနားတဲ့ အတွေ့အကြုံလို့ပြောရင် ရပါတယ်၊ ကျွန်မ ဘဝမှာ အလွန်ထူးခြားတဲ့ ယောကျ်ားနှစ်ယောက်နဲ့ ကြုံခဲ့ဖူးတာကို ပြောလိုတာပါ။ ဒါကြောင့် ကျွန်မအနေနဲ့ နောက်ထပ် ဘာကိုမှ တောင်းဆိုနေစရာမရှိတော့ ပါဘူး'

'ဒါဆို ဒီကိစ္စကို ခင်ဗျား လုံးဝစွန့်လွှတ်လိုက်ပြီဆိုပါတော့၊ အဲဒီလိုသာဆိုရင် ကျန်တဲ့အချိန်တွေကို ဘယ်လိုကုန်လွန်စေမှာလဲ၊ နောက်ထပ် နှစ်ပေါင်းငါးဆယ် လောက်ဆယ်ကို ဘယ်လို အသုံးချမှာလဲ'

သူက ဒက်ဖနီ၏ အထီးကျန် ဘဝကို ကိုယ်ချင်းစာမိသည်။ ဒက်ဖနီလို ငယ်ရွယ်သေးသော အမျိုးသမီး တစ်ယောက်အနေဖြင့် လင်ယောက်ျားကောင်း တစ် ယောက် နောက်ထပ်ယူသင့်သေးသည်ဟု သူက ယူဆသည်။ ဒက်ဖနီက တော်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားမာန်ရှိသည်။ အသက်လည်းငယ်သေးသည်။ အသိဉာဏ်လည်းရှိသည်။ ထိုသို့သော အရည်အချင်းများနှင့် ပြည့်စုံသည့် အမျိုးသမီးတစ်ယောက်သည် အထီးကျန်ဘဝဖြင့် လုံးဝမနေသင့် မနေအပ်၊ မနေထိုက်။

ဒက်ဖနီက အစိမ်းပွာယ်ပါပါဖြင့်ပြုံးပြီး မက်သယူးအား ကြည့်လိုက်သည်။

'ကျွန်မမှာ အလုပ်ပိုတွေလုပ်ဖို့ အချိန်မရှိပါဘူး သားလေးတစ်ယောက်တာဝန်နဲ့ပဲ လက်မလည်နိုင်အောင် ဖြစ်နေပြီ သူက ကျောင်းကထွက်ပြီး အိမ်ပြန်ရောက်လာရင် အလုပ်တွေ ပိုတောင် များလာဦးမယ်'

'ဟော ... ခင်ဗျားက သားကလေးကိုပဲထပ်ပြီး တရားခံလုပ်လာပြန်ပြီ' သူကတည်ငြိမ်စွာဖြင့် ပြောသည်။ 'ကလေးအတွက် ဘာမှပူစရာမရှိပါဘူး အရွယ်ရောက်လာရင် သူ့ဘာသာသူ တာဝန်ယူလာမှာပါ၊ ဒါကြောင့် ကလေးအတွက်ဆိုတဲ့အကြောင်းကြောင့်တော့ ကိုယ့်ဘဝကို စတေးခံတာမျိုး မလုပ်သင့်ပါဘူး'

'ကျွန်မက ကျွန်မဘဝကို စတေးခံနေတာမဟုတ်ပါဘူး၊ ဒါပေမယ့် သူအိမ်ပြန်လာရင် ကျွန်မမှာ တာဝန်တွေ အများကြီး ပိုလာမယ်ဆိုတာတော့ ကျွန်မ ယုံကြည်ပါတယ်'

မက်သယူးက ပြုံးလိုက်သည်။

'ခင်ဗျားတို့ သားအမိနှစ်ယောက်စလုံး တစ်နေ့ကျတော့ စိတ်ချမ်းသာကြမှာပါ ဒက်ဖနီ သိပ်အကြာကြီး စောင့်မနေရတော့ပါဘူး'

ဒက်ဖနီက သက်မ တစ်ချက်ချလိုက်ပြီးနောက်

'အဲဒီလို ကျိန်းသေပေါက် ဖြစ်လာမယ်ဆိုတာ သိရရင်တော့ သိပ်ကောင်းတာပေါ့ရှင်၊ ဒါပေမယ့် ဘယ်တော့မှ ကောင်းလာမယ်ဆိုတာက ကြိုသိဖို့ လွယ်တာမဟုတ်ဘဲ'

'ကျွန်တော့် ညီမလေးတုန်းကလဲ ကျွန်တော်အဲဒီလိုပဲ ထင်ခဲ့မိတယ်၊ သူ ပြုပြင်ရေးကျောင်းမှာ ဆယ့်ငါးနှစ်လုံးလုံး နေခဲ့ရတာ၊ အခု ဒီကျောင်းလို ကျောင်းမဟုတ်ဘူး၊ တော့်တော့ကို အခြေအနေ ဆိုးပါတယ်၊ အခုအချိန်မှာတော့ အဲဒီလို ကျောင်းမျိုးတွေ မရှိတော့ပါဘူး၊ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်'

ဒက်ဖနီက အသံတိတ် ခေါင်းညိတ် ထောက်ခံလိုက်သည်။ ခဏကြာတော့ ထိုင်ရာမှ ထရပ်လိုက်သည်။ ပြန်ဖို့ အချိန်တန်ပြီ။

'ခင်ဗျားနဲ့ အခုလို စကားပြောရတာ အများကြီး စိတ်ချမ်းသာပါတယ် ဒက်ဖနီ' မက်သယူးက ဒက်ဖနီအား တံခါးဝအထိ လိုက်ပို့ရင်း ပြောလိုက်သည်။ ထို့နောက် ဘယ်လိုမှ မမျှော်လင့်သော စကားတစ်ခွန်းပါးစပ်မှ လွတ်ခနဲထွက်သွားသည်။ 'ခင်ဗျား ဟောလိဝုဒ်ကို ပြောင်းသွားရင်တော့ အန်ဒရူးကလေးတစ်ယောက်





ခင်ဗျားကို အောက်မေ့လွမ်းဆွတ်နေမှာ မဟုတ်ပါဘူး'

သည်စကားကြောင့် နှစ်ယောက်စလုံး အံ့အားသင့်သွားကြသည်။ မက်သယူးက ထိုစကားကိုပြောရန် လုံးဝရည်ရွယ်ချက်မရှိ။ သို့သော် ဒက်ဖနီနှင့် ခွဲရတော့မည်ဟူသောအသိ ရုတ်တရက်ဝင်ရောက်လာသောအခါ ထိုစကားလည်း နှုတ်ခမ်းဖျားမှ အလိုလို ထွက်သွားတော့သည်။

တကယ်လို့ အခန်းထဲတွင် မီးရောင်သာ ထိန်ထိန်လင်းနေမည်ဆိုလျှင် ဒက်ဖနီ၏ မျက်နှာတစ်ပြင်လုံး ရှက်သွေးလွှမ်းသွားသည်ကို သူ မြင်ကောင်းမြင်ရလိမ့်မည်ဖြစ်သည်။

ဒက်ဖနီက သေးသွယ် ပျော့ပျောင်းသည့် သူ့လက်ကလေးကို ကမ်းပေးလိုက်သည်။ မက်သယူးက သူ့လက်ဖြင့် ဆွဲဆုပ်ထားလိုက်သည်။

'ကဲ ကျေးဇူးပါပဲ မက်၊ ကျွန်မ ဟိုသွားနေတုန်း ရှင်ဒီမှာ ကျွန်မသားလေးနဲ့ အတူရှိနေမယ်ဆိုတာ သိရတာကိုပဲ ကျွန်မဝမ်းသာလို့ မဆုံးတော့ပါဘူး၊ ကျွန်မ ရှင့်ဆီကို မကြာမကြာဖုန်းဆက်ပြီး သားလေး အခြေအနေကို မေးပါ့မယ်'

မက်သယူးက ခေါင်းညိတ်လိုက်သည်။ သူ့အမူအရာက မသိမသာ ပျက်နေသည်။ သို့သော် သူ့အနေဖြင့် သည်ထက်ပို၍ တောင်းဆိုနိုင်ခွင့်မရှိ။ သူက ဒက်ဖနီ၏ သားလေးလာနေသောကျောင်း၏ ကျောင်းအုပ်ဆရာကြီးတစ်ယောက်။ ကျောင်းအုပ်ဆရာကြီးပီပီ သိက္ခာကိုတော့ ထိန်းရပေဦးမည်။

'ဟုတ်ကဲ့ ဆက်သာ ဆက်ပါ အချိန်မရွေးဆက်နိုင်ပါတယ်၊ ကျွန်တော့်ကို ဘာမှ အားနာစရာမရှိပါဘူး'

ဒက်ဖနီက ပြုံးပြရင်း 'ဂွတ်နိုက်' ဟု တိုးတိုးကလေး နှုတ်ဆက်ကာ ထွက်လာခဲ့သည်။

*

ဒက်ဖနီသည် ကားကို ဖြည်းဖြည်း မောင်းကာ တည်းခိုရိပ်သာသို့ ပြန်လာရင်း မက်သယူးအကြောင်းကို စဉ်းစားလာသည်။ သူက တော်တော်ခင်စရာကောင်းသည်။ ဟိုးဝပ်ကျောင်းသို့ သူရောက်လာတာ ကလေးတွေအတွက် အလွန်ကံကောင်းသည်။ သို့သော် ဒက်ဖနီက မက်သယူးအပေါ်တွင် ထို့ထက်ပို၍ စိတ်ဝင်စားနေမိပြီ။ သည်အချက်ကို သူက ဖွင့်ဟဝန်ခံခြင်းတော့ မပြု။ သို့သော် မက်သယူးအပေါ်တွင် သူ၏ စိတ်ဝင်စားမှုသည် သာမန်အဆင့်ထက် ပိုတာကတော့ အမှန်ပင်။

သူက မက်သယူးအကြောင်းကို ယခုထက် ပို၍ သိချင်သည်။ မက်သယူးနှင့် အကြာကြီး ထိုင်၍ စကားပြောချင်သည်။ ဂျွန်ဆုံးပြီးကတည်းက သည်လိုခံစားချက်မျိုးကို သူမရခဲ့တော့။ သို့သော် ယင်းအခြေအနေမျိုးသို့ နောက်ထပ်ရောက်သွား၍



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ဆိုတာကိုတော့ သူက သတိပြုမိသည်။ နောက်ထပ် ဘယ်သူနှင့်မျှ မရင်းနှီးချင်တော့။ ဆုံးရှုံးမှုကြီး နှစ်ကြိမ် ကြုံခဲ့ရပြီ။ သည်မျှနှင့်ပင် တော်လောက်ပြီ။

မက်သယူးသည် သူ့အတွက်ရော သားလေးအတွက်ပါ အရေးပါသော ပုဂ္ဂိုလ် တစ်ယောက်တော့ ဖြစ်လာနိုင်သည်။ သို့သော် ယင်းအချက်မှာ သူ၏လုပ်ငန်း တာဝန် သဘောသက်သက်သာ ဖြစ်သည်။ ထို့ကြောင့် မိမိအနေဖြင့်လည်း သူ့အပေါ်တွင် လုပ်ငန်းသဘောထက် ပို၍ နယ်ကျော်ပြီး ရင်းနှီးအောင် မလုပ်သင့်။ ယင်းအခြေအနေသို့ ရောက်အောင် မကြိုးစားသင့်။ မိမိသည် လူငယ်ကို ချစ်ခဲ့ဖူးပြီ။ ချစ်သူတွေနှင့်သေကွဲကွဲခဲ့ရဖူးပြီ။ ထို့ကြောင့် နောက်ထပ် သည်အဖြစ်မျိုးနှင့် ထပ်မံ၍ မကြုံသင့်တော့။

ထို့ကြောင့် မိမိဘဝတွင် သားကလေးမှလွဲပြီး တခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ သံယောဇဉ်မထားသင့်တော့။ ထို့ကြောင့် မိမိ၏အချစ်အားလုံးကို သားကလေးအပေါ်တွင်သာ စုပုံထားတော့မည်။ သားကလေးအတွက်သာ အသက်ရှင်နေတော့မည်။

* * *

## အခန်း ( ၂၀ )

ဒက်ဖနီသည် ခရီးမထွက်မီ နောက်ဆုံးသောကြာနေ့တွင် တစ်အိမ်လုံးကို တံခါးပိတ်လိုက်သည်။ အထုပ်အပိုးတွေ ထုတ်ပိုးပြင်ဆင်သည်။ ခရီးထွက်ရန် အားလုံးအဆင်သင့်ဖြစ်နေပြီ။

နောက်ဆုံး သားကလေးနှင့်တွေ့ရန်သာ ကျန်တော့သည်။ စနေ၊ တနင်္ဂနွေ နှစ်ရက်တိတိ သားကလေးနှင့် အချိန်ဖြုန်းမည်။ တနင်္ဂနွေနေ့ညတွင် နယူးယောက်သို့ ပြန်လာပြီး ကားကိုဂိုထောင်ထဲသွင်း၍ သော့ခတ်ထားလိုက်မည်။ တနင်္လာနေ့နံနက်တွင် ဘာဘာရာနှင့်အတူ ကယ်လ်ဖိုးနီးယားသို့ လေယာဉ်စီးမည်။ ဟိုရောက်လျှင် ဘီဗာလီကုန်းမြင့်ဟိုတယ်တွင်တည်း၍ သင့်တော်သော အိမ်ကလေးတစ်လုံးရှာမည်။ တစ်ပတ်အတွင်း ဇာတ်ညွှန်းစရေးမည်။ စာချုပ်အရ ဇာတ်ညွှန်းအပြီး ရေးရမည့်ကာလမှာ နှစ်လ ဖြစ်သည်။ သည်အတိုင်းဆိုလျှင် သူသည် အိပ်မပျော်သောညများနှင့် ရင်ဆိုင်ရတော့မည်ဟု သေချာနေတော့သည်။

သူသည် ဟမ်းပရှိုင်းယားနယ်သို့ ကားမောင်း၍ထွက်လာရင်း တစ်လမ်းလုံး ယင်း အကြောင်းတွေကို စဉ်းစားလာခဲ့သည်။ တည်းခိုရိပ်သာတွင်လည်း တစ်ညလုံး မှတ်စုတွေ ရေးသည်။ နောက်တစ်နေ့ မနက်ကျတော့ သားကလေးနှင့် သွားတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း သားကလေးနှင့်အတူ နေ့လယ်စာစားသည်။ နေ့လယ်ပိုင်းတွင် သားအမိနှစ်ယောက်စကားပြောရင်း အချိန်ကုန်သည်။ ညနေပိုင်းကျတော့ ညစာစားကြသည်။

သည်တော့မှ မက်သယူးနှင့်တွေ့ရသည်။ မက်သယူး၏မျက်နှာမှာ သုန်သုန်မှုန်မှုန်ဖြစ်နေသည်။ များစွာ ရွှင်လန်းမှု မရှိ။

'ရှင့်ကြည့်ရတာ ပြီးခဲ့တဲ့တစ်ပတ်အတွင်း တော်တော်အလုပ်များခဲ့တဲ့ပုံပဲ'

ဒက်ဖနီက ကော်ဖီသောက်ရင်း ပြောလိုက်သည်။ မက်သယူးက သူ့ခေါင်းပေါ်မှ အညိုရောင်ဆံပင်များကို လက်နှင့်ထိုးဖွရင်းညည်းသည်။

'အလွန် အလုပ်များခဲ့တာပေါ့ဗျာ တနင်္လာနေ့ကတည်းက နယူးယောက်ကျောင်းမှာ အဓိကပြဿနာကြီးလေးခုပေါ်လို့ ရှင်းပေးခဲ့ရသေးတယ်၊ ကျွန်တော် ဒီကျောင်းမှာ လေ့လာသူအဖြစ် သက်တမ်းကုန်သွားပါပြီ၊ လာမယ့်သောကြာနေ့ကစပြီး ...င်လုပ်ရတော့မယ်၊ မစ္စက်ကာတစ်က နောက်လာမယ့် တနင်္လာနေ့ ...သွားတော့မယ်၊ အဲဒီအချိန်မှာကျွန်တော်ဘာမှ မဖြစ်ရင်တော့ ...း‌တယ်ဆိုရမှာပေါ့ဗျာ'

'ကျွန်မလဲ ဘယ်လိုနေဦးမယ် မသိဘူး မက်၊ သူတို့က ဇာတ်ညွှန်းကို အချိန်နှစ်လပေးထားတယ်၊ ကျွန်မတော့အခုကစပြီး ခေါင်းကိုက်နေပြီ၊ ဘယ်လိုကဘယ်လိုစရေးရမှန်းတောင် စဉ်းစားလို့မရသေးဘူး၊ ကျွန်မစားပွဲမှာထိုင်ပြီး စမ်းရေးကြည့်မလို့ ကြိုးစားကြည့်ပါတယ် ခေါင်းထဲက ဘာမှထွက်မလာဘူး'

'ကျွန်တော်လဲ စာအုပ်တစ်အုပ် စရေးတိုင်းအဲဒီလိုပဲဖြစ်တာပဲ၊ နောက်တော့လဲ မှတ်မိတ်ရေးချရင်းနဲ့ပဲ ရေးဖြစ်သွားတာပဲ၊ ခင်ဗျားလဲဖြစ်မှာပါ၊ အဲဒီရောက်သွားရင် အားလုံးပြေလည်သွားမှာပါ'

'ဟိုရောက်တော့ ချက်ချင်းရေးဖြစ်မှာ မဟုတ်သေးဘူးရှင့်၊ ရောက်ရောက်ချင်း သဲကြီးမဲကြီး အိမ်ခန်းလိုက်ရှာရဦးမှာ'

'အိမ်မရခင် ခင်ဗျား ဘယ်မှာနေမလဲ'

'ဘီဗလီကုန်းမြင့်ဟိုတယ်မှာ၊ ကျွန်မ မစ္စက်ကာတစ်ကို ဖုန်းနံပါတ်တွေ အားလုံး ပေးထားတယ်'

'အင်း ... ခင်ဗျားဘဝကလဲ ဘဝကြမ်းပါပဲလား ဆရာမရယ်'

'ဟုတ်တယ်၊ ဘဝကြမ်းကို လျှောက်လှမ်းရတော့မယ်' ဒက်ဖနီကပြုံးပြီး ပြောသည်။

ထို့နောက် ဒက်ဖနီသည် တည်းခိုရိပ်သာသို့ ပြန်လာခဲ့သည်။

နောက်တစ်နေ့သည် တနင်္ဂနွေနေ့။

ထုံးစံအတိုင်း ဒက်ဖနီသည် နံနက်ပိုင်းတွင် သားကလေးနှင့်အတူ ဘုရား





ရှိခိုးကျောင်းသို့သွား၍ ဝတ်ပြုကြသည်။ ထို့နောက်ကျောင်းသို့ ပြန်လာပြီး သားအမိနှစ်ယောက်စကားပြောရင်း အချိန်ဖြုန်းကြသည်။ ရသမျှအချိန်ပိုင်းကလေးတွင် အန်ဒရူးကလေးနှင့်အတူနေရသည်မှာ တန်ဖိုးရှိလှသည်။ ကလေးကလည်း မိခင်အပေါ်တွင် ယခင်အကြိမ်များကထက် ပို၍တွယ်ကပ်နေသည်။ ဒက်ဖနီကလည်း သားကလေးအား ပွေ့ဖက်ပြီး ဆံပင်ကလေးတွေကို ပွတ်ကစားလိုက်၊ ပါးကလေးကို နမ်းလိုက်ဖြင့် ချစ်မဝနိုင်အောင် ဖြစ်နေသည်။ ယခုအချိန်တွင် သူ့အဖို့ သားကလေးနှင့်ပတ်သက်သမျှအရာ အားလုံးပို၍ထူးခြားနေသည်။ ပို၍တန်ဖိုးရှိနေသည်။

ဒက်ဖနီ ပြန်ခါနီးကျတော့မှ မက်သယူးရောက်လာသည်။ ဒက်ဖနီက သားကလေးကို ပွေ့ဖက်ထားသည်။ မက်သယူးက အခြေအနေကို နားလည်စွာဖြင့် စကားတစ်ခွန်းမှ မပြောဘဲ ရပ်ကြည့်နေသည်။ ဒက်ဖနီ၏ မျက်လုံးများမှ မျက်ရည်တွေစီးကျလာသည်။ အမေတစ်ခုသားတစ်ခု ဘဝမို့ သူတို့သားအမိအဖြစ်က မလွယ်လှပါတကား။ သို့သော် အန်ဒရူးကလေးအနေဖြင့်တော့ မကြာခင်တွင် မြေဖျောက်နိုင်ပါလိမ့်မည်။ ဒက်ဖနီအတွက်သာ မသက်သာလှပါ။ သူသာလျှင် အများဆုံးခံစားရလိမ့်မည်။

'ခင်ဗျားတို့သားအမိ ဘာတွေဖြစ်နေကြတာလဲ' မက်သယူးက သူတို့အနီးသို့ လျှောက်လာပြီး မေးလိုက်သည်။ 'ကလေးက အခြေအနေကောင်းပါတယ် ဒက်ဖနီ သူမကြာခင် အလွမ်းပြေသွားမှာပါ၊ ခင်ဗျားထွက်သွားလို့ သူငိုကျန်ရစ်ပေမယ့်လဲ ပူစရာမရှိပါဘူး'

ဒက်ဖနီက လည်ချောင်းထဲတွင် ဆို့နေသော အလုံးကြီးကို မျိုချရင်း ခေါင်းညိတ်လိုက်သည်။

ထို့နောက် သက်မချလိုက်ပြီး

'ဟုတ်ပါတယ်၊ သူကတော့ ပြေလည်သွားမှာပဲ၊ ဒါပေမယ့် ... ကျွန်မအနေနဲ့'

'ဟုတ်ပါတယ်၊ ခင်ဗျား ရင်ထဲမှာခံစားနေရတာကို ကျွန်တော် ကိုယ်ချင်းစာမိပါတယ်'

သူက ဒက်ဖနီ၏ လက်မောင်းပေါ်တွင် သူ့လက်ကို အသာတင်လိုက်ပြီး 'သိပ်လဲ တွေးပြီးပူမနေပါနဲ့ ဒက်ဖနီ၊ ကျွန်တော်ဆီသာ အချိန်မရွေးဖုန်းဆက်ပါ၊ ကျွန်တော်က ကလေးအခြေအနေကို အသေးစိတ် ပြန်ပြောပါ့မယ်၊ စိတ်ချပါ၊ ကျွန်တော် ကတိပေးပါတယ်'

'ကျေးဇူးတင်ပါတယ် မက်'

ဒက်ဖနီက မျက်ရည်စက်လက်ဖြင့် ပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com

သားကလေး၏ခေါင်းကို လက်ဖြင့် အသာအယာပွတ်သပ် ကစားနေသည်။ ကိုယ်ကိုကိုင်းပြီး သားကလေးအား အိပ်ရာဝင်ချိန်တန်ပြီဟု တိုးတိုးကလေးပြောသည်။

ထိုညက ဒက်ဖနီသည် သားကလေးနှင့်အတူ အိပ်ရာထဲတွင် အကြာကြီး နေနေသည်။ သားကလေးအား ချော့သိပ်ရင်း ဟောလိဝုဒ်အကြောင်းကို ပြောပြသည်။ သားကလေးလာလျှင် လျှောက်လည်ကြမည့် နေရာတွေကို ပြောပြသည်။ ဟိုရောက်တော့ သားကလေးအား တချိန်လုံး သတိရနေမည်ဖြစ်ကြောင်း ပြောပြသည်။

ဤတွင် အန်ဒရူးကလေးသည် ရဇဘာရက်ဝမ်းနည်းလာပြီး ရှိုက်ကာရှိုက်ကာ ငိုပါလေတော့သည်။ သူက မိခင်အား တင်းတင်းဖက်ပြီး လက်ဟန်ခြေဟန်ဖြင့် ပြောနေသည်။

'မေမေ့ကို သား အောက်မေ့နေမှာပဲ မေမေ'

'မေမေလဲ သားလေးလိုပဲ မျှော် သားရယ်'

ဒက်ဖနီ၏ မျက်နှာပေါ်တွင် မျက်ရည်တွေ စီးကျလာကြသည်။ 'ဒါပေမယ့် သားလေးဆီကို မေမေမကြာခင် ပြန်လာဦးမှာပါ သားရယ်'

ဒက်ဖနီက မျက်ရည်စမ်းစမ်းဖြင့် ပြုံးပြသည်။ ကလေးကလည်း ပြန်၍ ပြုံးပြသည်။

မကြာမီတွင် အန်ဒရူးကလေး အိပ်ပျော်သွားသည်။ ဒက်ဖနီသည် ရင်ထဲတွင် မချိမ္ဆာဖြင့် အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။

ဧည့်ခန်းဆောင်ထဲမှ ကုလားထိုင်တွင် မက်သယူးထိုင်နေသည်။

'သူ အိပ်သွားပြီလား'

'ဟုတ်ကဲ့'

ဒက်ဖနီ၏ မျက်လုံးတွေ မို့အစ်နေသည်။ ဝမ်းနည်းရိပ် ပေါ်လွင်နေသည်။ သူက ပြုံးပင်မပြုံး။

မက်သယူးက ဘာစကားမှမပြောတော့ဘဲ တံခါးဝအထိ ဒက်ဖနီ့နောက်မှ လိုက်လာသည်။

ဒက်ဖနီသည် အန်ဒရူးကလေးအား အိပ်ရာထဲမပို့ခင်ကတည်းကပင် မစ္စက်ကာတစ်အား နှုတ်ဆက်ခဲ့ပြီးဖြစ်သည်။ တည်းခိုရိပ်သာရှိ အဝတ်အစားများကိုလည်း အားလုံးသိမ်းဆည်းပြီး ကားပေါ်တင်လာခဲ့ပြီးပြီ။ နယူးယောက်သို့ တန်းပြန်ရန်မှတစ်ပါး ဘာမှလုပ်စရာမရှိတော့။

မက်သယူးသည် ကားအနီးအထိ ဒက်ဖနီနောက်မှ လိုက်လာသည်။

ဒက်ဖနီသည် ကားတံခါးကို ဖွင့်သည်။ အပြာရောင် မျက်လုံးမို့ကြီးများဖြင့် မက်သယူးအား လှည့်ကြည့်သည်။ မက်သယူးက ဒက်ဖနီ၏ပခုံးနှစ်ဖက်ကို အသာ





ဆုပ်ကိုင်လိုက်သည်။

'စိတ်ချပါ၊ ကလေးအတွက် ဘာမှနောက်ဆံတင်းမနေပါနဲ့၊ ကျွန်တော်တို့အားလုံး ကလေးကိုချစ်ကြပါတယ်၊ အထူးဂရုစိုက်ပါ့မယ်'

သူတို့က ယခင်ကလည်း အထူးဂရုစိုက်ခဲ့ကြသည်ပင်။ သို့သော် ယခုအချိန်တွင်တော့ ပို၍ထူးခြားသည်။ ကလေးကို တာရှည်တာမျှောထားခဲ့ပြီး မိခင်ဖြစ်သူက တစ်နေရာသို့ သွားနေရမည်ဖြစ်သည်။ ဒက်ဖနီအဖို့ ယခုအချိန်သည် ပို၍ စိတ်ထိခိုက်ရဆုံး အချိန်ဖြစ်သည်။ သူသည် သူ့ကိုယ်သူ အသက်တစ်ထောင် အရွယ်လောက် အိုစာသွားသည်ဟု ထင်မိသည်။

မက်သယူး၏ မျက်လုံးညိုကြီးများကို မော့ကြည့်လိုက်သည်။ ပြီးတော့ သူက ပြောသည်။

'ကျွန်မ သားလေးကို ရှင်တို့အများကြီး ဂရုစိုက်ကြမယ်ဆိုတာ ကျွန်မ သိပါတယ် ဒါပေမယ့် ကျွန်မရင်ထဲ ဘယ်လိုခံစားရမှန်း မသိတော့ဘူး၊ ကျွန်မချစ်တဲ့ခင်တဲ့လူတွေနဲ့ ကျွန်မ ခွဲခွာသွားရတော့မယ်၊ ကျွန်မဘဝမှာတော့ အမြဲတမ်းခွဲခွာ နေခဲ့ရတာချည်းပါပဲ'

မက်သယူးက ခေါင်းညိတ်သည်။

'ဟုတ်ပါတယ် ဒက်ဖနီ၊ ဒီအချိန်ဟာ ခင်ဗျားအတွက် စိတ်ထိခိုက်ရဆုံးအချိန် ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်၊ ဒါပေမယ့် မကြာပါဘူး၊ အချိန်တွေကုန်မှန်းမသိကုန်သွားပါလိမ့်မယ်၊ အခု အချိန်မှာတော့ တစ်နှစ်ဆိုတဲ့အချိန်ဟာ တစ်သက် လောက်ကြာမယ်လို့ထင်လိမ့်မယ်၊ ဒါပေမယ့် တစ်ကယ်ကျတော့သိပ်မကြာပါဘူး ခဏလေးပါ'

ဒက်ဖနီက ပြုံးသည်။ လူ့ဘဝက တယ်လည်း ဆန်းကြယ်လှပါကလား။

'ကျွန်မ ပြန်လာတဲ့အခါကျတော့ ရှင်လဲ ဒီမှာ တာဝန်ပြီးဆုံးပြီပေါ့နော်၊ အဲဒီအချိန်ကျတော့ ရှင်လဲ ရှင့်နေရာ ပြန်သွားရတော့မှာပေါ့'

'ဒါပေါ့၊ အဲဒီအချိန်ကျတော့ ကျွန်တော်တို့လဲ အတွေ့အကြုံ အသိတရားတွေ အများကြီးရနေပြီပေါ့၊ အဲဒီလိုလဲ တွက်ကြည့်ဦးမှပေါ့'

ဒက်ဖနီက ခေါင်းကိုခါယမ်းလိုက်သည်။ ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီးကျလာကြသည်။

'ဟင့်အင်း ကျွန်မကတော့ အဲဒီလိုမတွက်မိဘူး၊ ကျွန်မသားလေးကို ဒီကျောင်းကို စပြီးခေါ်လာတုန်းက အဖြစ်တွေကိုပဲ ပြန်ပြီးမြင်ယောင်နေမိတယ် မက်'

'အဲဒီ အဖြစ်တွေက အတိတ်မှာ ကျန်ရစ်ခဲ့ပါပြီ ဒက်ဖနီ၊ အဝေးကြီးမှာ ကျန်ရစ်ပြီးပါပြီ'

www.burmeseclassic.com


ဒက်ဖနီက ခေါင်းညိတ်သည်။ အဲဒီ အချိန်ဟာ ဂျွန်နဲ့ စတင်တွေ့ဆုံခဲ့ရတဲ့ အချိန်ပေါ့။ ဩော် ... လူ့ဘဝဆိုတာ နောက်ဆုံးတော့ 'တစ်ယောက်ဆင်း တစ်ယောက်တက် နှုတ်ဆက် ထွက်ခွာ' နေရတဲ့သံသရာကြီးပါကလား။ မက်သယူးက ကိုယ်ကို ကိုင်းပြီး ဒက်ဖနီ၏ပါးပြင်ကို မွေး၍ နှုတ်ဆက်သည်။ 'ကံကောင်းပါစေ ဒက်ဖနီ၊ ကျွန်တော့်ဆီ ဖုန်းဆက်ဖို့လဲ မမေ့ပါနဲ့'

'ကျွန်မ ဆက်ပါ့မယ်' သူက မက်သယူး၏ မျက်နှာကို မော့ကြည့်လိုက်ပြန်သည်။ ရုတ်တရက်စိတ်ရှုပေါက်လာပြီး မက်သယူး၏ တစ်ကိုယ်လုံးကို ပြေးဖက်လိုက်ချင်စိတ်ပင် ပေါ်လာမိသည်။ ယောကျ်ားသား တစ်ယောက်၏ ရင်ခွင်ထဲသို့ ဝင်ကာ ရင်ငွေ့လှုံပြီး မှီခိုအားထားရာ ရှာလိုက်ချင်သော စိတ်။ 'ကိုယ့်ကိုယ်ကိုယ်လဲ ဂရုစိုက်ပါ၊ သားလေးကိုလဲ ဂရုစိုက်ပါ မက်' ထို့နောက် ကားပေါ်လှမ်းတက်လိုက်သည်။ ကားတံခါးပေါက်မှ ကျော်ကာ မက်သယူးအား ကြည့်နေသည်။ 'ကျွန်မအပေါ် စေတနာနဲ့ကူညီခဲ့ တာတွေအားလုံးအတွက် ကျေးဇူးတင်ပါတယ် မက်၊ ကဲ ကံကောင်းပါစေ၊ သွားတော့မယ်နော်'

'ကောင်းပါပြီ ဒက်ဖနီ၊ ကျွန်တော်လဲ ကိုယ့်ကိုယ်ကိုယ် ကံကောင်းပါစေလို့ပဲ ဆုတောင်းနေပါတယ်ဗျာ' သူက ရွှင်လန်းစွာ ပြုံးလိုက်သည်။

'ခင်ဗျားလဲ ကိုယ့်ဝတ္ထုကို ရုပ်ရှင်ရိုက်ပြီး အောင်မြင်ကျော်ကြားပါစေလို့ ဆုတောင်းလိုက်ပါတယ်၊ ခင်ဗျားအောင်မြင်မှာပါ၊ ကျွန်တော် တကယ် ယုံကြည်ပါတယ် ဒက်ဖနီ'

ဒက်ဖနီ ပြုံးလိုက်သည်။

ပြီးတော့ ကားကို စက်နှိုးသည်။ ကားကလေးသည် တဖြည်းဖြည်း ဘီးလိမ့်လာသည်။ ဒက်ဖနီက လက်ကို ဝှေ့ယမ်းပြသည်။ မက်သယူးကလည်း ပြန်၍ ဝှေ့ယမ်းပြသည်။

ထို့နောက်တော့ ကားကလေးသည် တဖြည်းဖြည်းနှင့် အမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ကွယ် သွားတော့သည်။

မက်သယူးသည် နေရာတွင် အကြာကြီးရပ်ကာ တမျှော်မျှော်ဖြင့် ကြည့်ကျန်ရစ်လေသည်။

* * *

...ကိုယ်ကိုယ် တခြားကမ္ဘာတစ်ခုကိုရောက်လာရသလိုထင်မိတယ်၊ ကျွန်မသားလေး ...ပုံးတောင်လောက်ဝေးတဲ့ တခြားတစ်နေရာ ရောက်နေတယ်၊ အဲဒါကျွန်မ ဘာလုပ် ...လဲ'

'ဘာလုပ်ရမှာလဲ၊ ပိုက်ဆံရအောင် အလုပ်လုပ်ရမှာပေါ့၊ ကျွန်မ ပြောတာ ...ဟုတ်ဘူးလား'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မကိုယ် ကျွန်မ နိုင်ငံခြား စစ်တပ် ...ဝင်လာတဲ့လူလို ထင်နေတယ်'

'အဲဒီတော့ လုပ်စရာရှိတာ မြန်မြန်ပြီးအောင်လုပ်ပေါ့၊ မြန်မြန်ပြီးရင် မြန်မြန် ...ရမယ် မဟုတ်လား'

'ဟုတ်တယ် ဒီအကြံ မဆိုးပါဘူး'

ထို့နောက် ဒက်ဖနီသည် ထိုင်ရာမှ ထကာ အထုပ်အပိုးတွေ သိမ်းဆည်း ...သည်။ နာရီဝက်ခန့်ကြာတော့ နေသာထိုင်သာ ရှိသွားသည်။

ဘာဘရာက ရုပ်ရှင်ကုမ္ပဏီသို့ ဖုန်းဆက်သည်။ သူတို့ ကောင်းမွန် ချောမော ...ရောက်ရှိလာကြပြီဖြစ်ကြောင်း သတင်းပို့လိုက်သည်။

ထို့နောက် နှစ်ယောက်သား ရေကူးကန်သို့သွားပြီး ရေကူးကြသည်။ ပြီးတော့ ...စားကြသည်။ ညစာစားပြီးတော့ ပိုလို ကစားပွဲသွားကြည့်ကြသည်။ ရုပ်ရှင် ...သား မင်းသမီးများ၊ ဖက်ရှင်စံပြမယ်များ၊ ကုန်သည်ကြီးများနှင့် မှောင်ခိုမူးယစ် ...ပါးရောင်းသူများ စသည့် လူမျိုးစုံ တွေ့ရသည်။ ဆယ်နာရီကျတော့ အိပ်ရာဝင်ကြ ...သည်။

ဘာဘရာကတော့ ပျော်ပျော်ရွှင်ရွှင်ဖြင့် မကြာမီတွင် အိပ်ပျော်သွားသည်။ ...နက်မှာမှ လုပ်ရမည့်အလုပ်ကိစ္စကို တွေးရင်း တော်တော်နှင့်အိပ်မပျော်နိုင်။

နောက်တစ်နေ့ နံနက်တွင် ရုပ်ရှင် ကုမ္ပဏီသို့သွား၍ လုပ်ငန်းဆိုင်ရာကိစ္စ ...ပြောကြသည်။ နေ့လယ်ပိုင်းတွင် ဟိုတယ်သို့ ပြန်ရောက်ကြသည်။ ဒက်ဖနီသည် ...မှ စိတ်လန်း လူလန်းဖြစ်သွားသည်။ ရုပ်ရှင်ကုမ္ပဏီက ဘယ်လိုဇာတ်ညွှန်းမျိုး ...သည်ကို ကွဲကွဲပြားပြား သိလာခဲ့ရသည်။ သူစိတ်ကူး ရလာခဲ့ပြီ။ ထို့ကြောင့် ...ဆွဲမနေတော့ဘဲ ထိုနေ့တွင်ပင် အလုပ်စတင်ရန် ဆုံးဖြတ်လိုက်သည်။

ဘာဘရာမှာလည်း လုပ်စရာ အလုပ်တွေရှိသည်။ သူသည် အိမ်ငှား ...လုယ် ကုမ္ပဏီများသို့ သွားရောက်ပြီး အိမ်တစ်လုံး အမြန်ရှာအောင် ရှာရမည်။ ...က်ဖနီ၏ စာမူကိုယ်စားလှယ် အိုင်းရစ်မက်ဒေါက်ထံသို့လည်း ဖုန်းဆက်သည်။ ...အတွက် တစ်စုံတစ်ရာ သတင်းပို့စရာရှိလျှင် ဖုန်းဆက်ရန်ပြောလိုက်သည်။

ညနေပိုင်းတွင် ဒက်ဖနီ အလုပ်စားပွဲတွင် ဝင်ထိုင်သည်။ နယူးယောက်မှ


www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်စေပြန်ထွက်သွားသည်။

'ဘာလဲ ဒက်ဖ် ချော့ကလက်မစားချင်ဘူးလို့ ပြောတာလား' ဘာဘာ တမင်နောက်လိုက်သည်။

'အို ... အဲဒါ ပြောတာမဟုတ်ပါဘူး၊ ဒီမှာ ဒါတွေအားလုံး ကြည့်ပါ သိပ်ပြီး ခမ်းနားလွန်းနေတယ်၊ ကျွန်မက ဒါတွေဘာလုပ်ရမှာလဲ၊ ကျွန်မအ ဒီလောက် ကြီးကျယ်နေစရာမလိုအပ်ပါဘူး၊ ကျွန်မက စာရေးဆရာမတစ်ယော ဒါတွေမလိုအပ်ပါဘူး၊ ဒါတွေက ကျွန်မနဲ့လုံးဝမဆိုင်ပါဘူး'

'မဆိုင်ရင် ဘာမှ ပြောမနေနဲ့ပေါ့ရှင် လုပ်စရာရှိတာသာ ဆက်လုပ်ပေါ့ လုပ်ရမှာက စားပွဲမှာထိုင်ပြီး ဓာတ်ညွှန်းရေးဖို့ပဲ မဟုတ်လား၊ ရှင် အိမ်မှာတု လုပ်သလိုပဲ ဆက်လုပ်ပေါ့၊ တခြားဟာတွေဘာမှ အာရုံစိုက်မနေပါနဲ့၊ အဲဒါတွေ အ ဧဘာချိတ်ထားလိုက်ပါ၊ အဲဒါတွေက အပေါ်ယံဟန်ဆောင်မှုတွေပါ ဒက်ဖ်'

'မဟုတ်ဘူး ဘာဘာရာ၊ ဟန်ဆောင်မှုတွေ မဟုတ်ဘူး၊ ဟောဟိုမှာ ဟိုလူတွေကို ကြည့်လိုက်ပါလား၊ ပွဲနေပွဲထိုင် ဝတ်ကောင်းစားလှတွေနဲ့ချည်းပဲ၊ ဒါ သူတို့ တကယ်ထင်နေကြတာ'

'ဒီနေရာက သာမန်နေရာ မဟုတ်ဘူး ဒက်ဖ်၊ ဟိုတယ်ပါ၊ ဟိုတယ်ဆိုတေ ကြီးကျယ်ခမ်းနားမှ ဖြစ်မှာပေါ့၊ ပြီးတော့ ဒီလူတွေအားလုံးလဲ မြို့သားတွေမဟု ဘူး၊ တောသားတွေချည့်ပါပဲ၊ အဲဒီတော့ဒါတွေဘာမှဂရုစိုက်မနေပါနဲ့၊ စိ အေးအေးထားပြီး လုပ်စရာရှိတာသာလုပ်စမ်းပါ'

ဘာဘာရာက ဖန်ခွက်ထဲသို့ ရှမ်ပိန်အရက်ငှဲ့ထည့်သည်။ ဒက်ဖနီက ရောင်နှင့် အစိမ်းရောင်ပန်းကွက်ဖော် ဆိုဖာကုလားထိုင်ရှည်ကြီးတွင် ဝင်ထိုင် သည်။

'ဒီအတိုင်းဆို ကျွန်မ အလုပ်လုပ်လို့ရမှာမဟုတ်ဘူး၊ ဒါတွေက ကျ ဘာမှ မဆိုင်ဘူး၊ အဲဒီတော့ ကျွန်မအိမ်ပြန်တာပဲ ကောင်းလိမ့်မယ် ဘာဘာရာ'

'ဘာ ... အိမ်ပြန်မယ် ဟုတ်လား၊ မပြန်ရဘူး၊ ဘယ်နည်းနဲ့မှ မပြန် ရှင်ဘာမှ ပြောမနေနဲ့၊ ပျော်ပျော်နေပြီး ကိုယ့်အလုပ်သာ လုပ်စမ်းပါ၊ ကျွန်မက ဘ တောင် လျှောက်မလည်ရသေးဘူး၊ ပြန်လို့ဘယ်ဖြစ်မလဲ၊ ဒါနဲ့ ရှင် တစ်ခုခုစားမ

'မစားဘူး၊ အန်ချင်တယ်'

'အို ... ဒက်ဖ်ရယ်၊ ဘယ်လိုဖြစ်နေရတာလဲကွယ်၊ ကျွန်မ တောင်းပန်ပါ ဒီလို မလုပ်စမ်းပါနဲ့၊ ပေးလာတဲ့ အခြေအနေကိုလက်ခံပြီး ပျော်ပျော်နေစမ်းပါ'

'ဘာကို ပျော်ရမှာလဲ၊ ဘာအတွက်ပျော်ရမှာလဲ၊ အခု ကျွန်မက စ လက်မှတ်ထိုးခဲ့ပြီ၊ ဘာလုပ်ရမှန်းလုံးဝမသိသေးဘူး၊ လုပ်လဲမလုပ်တတ်ဘူး၊ ကျွန်မ





'အံမယ်လေး ခမ်းနားလှချည့်လား ဘာဘာရာရယ်'

ဒက်ဖနီက ဘာဘာရာဘက်သို့ လှည့်ပြီး ခပ်မြှုံးမြှုံးကလေး ပြောလိုက်သည်။ ဘာရာက ပြုံးပြီး

'ဒါ ဟောလိဝုဒ် ဒက်ဖ်၊ ဟောလိဝုဒ်မှာ ခမ်းနားလွန်းတယ်ဆိုတာ မရှိဘူး၊ လုံးဒီအတိုင်းချည်းပဲ'

ဘာဘာရာ ပြောသည့်အတိုင်း တကယ်ပင် မှန်နေသည်။ ဘီဗာလီကုန်းမြင့် ဟိုတယ်ရောက်တော့ ပို၍ ခမ်းနားတာတွေကို တွေ့ရသည်။ ပန်းရောင် ဆေးသုတ်ထား ဟိုတယ်ကြီးသည် စိမ်းလန်းသော စွန်ပလွံပင်များ အလယ်တွင် ခမ်းနားစွာ ရှိသည်။ ဟိုတယ် ခန်းမဆောင်ထဲတွင်လည်း တည်းခိုသူများဖြင့် ရှုပ်ယှက်ခတ် သည်။ ဖင်ကျပ်ဂျင်းဘောင်းဘီ၊ ပိုးသား ရှပ်အင်္ကျီနှင့် ရွှေဆွဲကြိုးများ ဝတ်ဆင်ကာ ဖြင့် ပိန်းတန်းဖိနပ် စီးထားသော အမျိုးသမီးများသည် ခန်းမဆောင်ထဲတွင် လိမ်နေကြသည်။ အမျိုးသားများမှာလည်း အဖိုးတန် အီတာလျံ ဝတ်စုံများကို နားစွာ ဝတ်စားထားကြသည်။ ဟိုတယ်စေများဆိုလျှင် ပန်းစည်းတွေ၊ ပန်းခြင်း တစ်ပွေ့တစ်ပိုက်ဖြင့်လည်းကောင်း၊ သားရေလက်ဆွဲသေတ္တာများကို ဟိုဟို သည် သယ်မရင်းဖြင့်လည်းကောင်း မနားတမ်းအလုပ်ရှုပ်နေကြသည်။

'မစ္စဖီးလ်ဒ် ပါလား ခင်ဗျား'ဟိုတယ်စေကမေးသည်။ ဒက်ဖနီက ခေါင်းညိတ် လိုက်သည်။ 'ကျွန်တော်နဲ့လိုက်ခဲ့ပါ ခင်ဗျား၊ တည်းခိုရမယ့်တိုက်ခန်း အဆင်သင့် ထားပြီးပါပြီ'

ဟိုတယ်စေက ဒက်ဖနီတို့၏ အထုပ်အပိုးများကို လက်တွန်းလှည်းပေါ် ကာ ရေကူးကန်အနီးမှ ယူလာခဲ့သည်။ ရေကူးကန် တစ်ဝိုက်တွင် အမျိုးသမီး ရန်များနှင့် ရှပ်ရှင်လုပ်သူလောင်းများ ဖြင့် ပြည့်နှက်နေသည်။ သူတို့သည် အရက်ဖြူများနှင့် မာတီနီအရက်များ သောက်နေကြသည်။

ဘည်းခိုရမည့် တိုက်ကလေးတွင် အိပ်ခန်းလေးခန်း၊ ရေချိုးခန်း သုံးခန်းနှင့် ရေခဲသေတ္တာတစ်လုံး ရှိသည်။ ရေခဲသေတ္တာထဲတွင် စားသောက်စရာများနှင့် ရှမ်ပိန် အရက်ပုလင်းများ အဆင်သင့်ထည့်ထားသည်။ ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက် စွန်ပလွံပင်များကို မြင်နေရသည်။ စားပွဲပေါ်တွင် နှင်းဆီပန်းခြင်းကြီးတစ်ခြင်း တွေ့ရသည်။ ပြီးတော့ ချော့ကလက်တစ်ဘူး။ ချော့ကလက်ဘူးပေါ်တွင် ကဖြန်မှ တွေ့ကြမည်' ဟူသော ကွမ်စတော့ရုပ်ရှင်ကုမ္ပဏီမှ စာတန်းကတ်ပြားတစ်ခု ဆွဲထားသည်။

ဒက်ဖနီက ဘာဘာရာအား ရုတ်တရက်လှည့်ကြည့်လိုက်ပြီး

'မဖြစ်ဘူး ဘာဘာရာ၊ ကျွန်မတော့ လုံးဝမဖြစ်ဘူး' သူ့အသံက မာနေသည်။



www.burmeseclassic.com

www.burmeseclassic.com

'အခန်း ( ၂၁ )

လေယာဉ်သည် လော့စ်အိန်ဂျယ်လိလေဆိပ်သို့ ဆင်းသက်ကာ ပြေး
ပေါ်တွင် တဝီဝီမြည်ရင်း ပြေးနေသည်။ ခဏကြာတော့မှ ဂိတ်ဝဆီသို့ ဦးတည် ဘီး
လာပြီး စက်ရပ်သွားသည်။

ဘာဘာရာသည် စိတ်လှုပ်ရှားစွာဖြင့် ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သ
ဒက်ဖနီက ပြုံးကြည့်နေသည်။ ဘာဘာရာနှင့် ခရီးသွားရသည်မှာ ကလေးငယ်
ယောက်နှင့် သွားရသည်နှင့်အလွန်တူသည်။ သူက တွေ့မြင်သမျှကို သဘော
သည်။ နယူးယောက်မှ လော့စ်အိန်ဂျယ်လိသို့ လာခဲ့သည်ကို သူအလွန်ပျော်နေ

ဒက်ဖနီကတော့ အခါတိုင်းထက် ထူးထူးခြားခြားတည်ငြိမ်နေသည်။ သူ
သားလေးအတွက် လေယာဉ်ပေါ်တွင်ပင် ပို့စကဒ်သုံးခု ရေးပို့ခဲ့ပြီးပြီ။ ယခုတော့ သူ
အာရုံသည် သားလေးထံတွင်မရှိတော့။ သည်အချိန်မှစပြီး ဘဝသစ်စတင်ခဲ့ ပါပ
ဟူသော အတွေးက သူ့ကို လွှမ်းမိုးထားသည်။

ကွမ်စတေ့ ရုပ်ရှင်ကုမ္ပဏီမှ ဒက်ဖနီအား ကြိုဆိုရန် တမင် ငှားထား
ကားသမားက ဂိတ်ဝတွင် အသင့်ကြိုနေသည်။ သူ့လက်ထဲတွင်လည်း 'ဒက်ဖနီမိ
ဟူသော အမည်ရေးထားသည့် ကတ်ပြားကို ကိုင်လျက်။





ယူလာသော လက်နှိပ်စက်ဖြင့် အလုပ်စတော့သည်။

ဘာဘာရာကတော့ ရေကူးကန်ဘက်ထွက်သွားသည်။ တစ်နာရီလောက် ကြာ
တော့ သူပြန်လာသည်။ ဒက်ဖနီမှာ စားပွဲတွင်ထိုင်ကာ တဖြောက်ဖြောက်နှင့် လက်နှိပ်
စက် ရိုက်ကောင်းနေတုန်း ရှိသေးသည်။ ဘာဘာရာက မီးဖွင့်ပေးလိုက်သည်။ ဒက်ဖနီ
သည် အလုပ်တွင် အလွန်စိတ်ဝင်စားနေသဖြင့် မီးထဖွင့်ရန်ကိုပင် သတိမရဖြစ်နေ
သည်။

'အာ...' ဒက်ဖနီက အလုပ်ရပ်ကာ အပျင်းဆန့်လိုက်သည်။ 'အို ရှင်ပြန်လာ
ပြီလား၊ ဘယ့်နယ့်လဲ ရေကူးရတာ ပျော်စရာကောင်းရဲ့လား'

'သိပ်ကောင်း၊ ဒါနဲ့ ဆာပြီလား၊ ဘာစားမလဲ'

'ဩော် အင်း၊ နေပါဦး၊ ဖြည်းဖြည်းပေါ့'

ဘာဘာရာက ဒက်ဖနီအလုပ်လုပ်နေသည်ကို ထိုင်ကြည့်နေသည်။ သူအလုပ်
တွင် တကယ်စိတ်ဝင်စားနေသည်။ ဘေးမှ ထိုင်ကြည့်နေသူပင် သူ့ကိုကြည့်ပြီး စိတ်
ဝင်စားနေမိသည်။

ရှစ်နာရီထိုးသောအခါ ဘာဘာရာက နှစ်ယောက်စာ ညစာ မှာလိုက်သည်။
ညစာရောက်လာတော့ သူက ဒက်ဖနီ၏ ပခုံးကို အသာပုတ်ပြီး

'ကဲ ... တော်တော့အမိ၊ စားသောက်ချိန်တန်ပြီ'

'ဟုတ်ကဲ့ ၊ ဟုတ်ကဲ့ ခဏလေးပါ'

သူ့ 'ခဏလေးပါ' က တစ်နာရီလောက် အမြဲတမ်းကြာတတ်သည်။ နယူး
ယောက်မှာတုန်းကလည်း သည်အတိုင်းချည်းဖြစ်သည်။ အလုပ်တွင် စိတ်ဝင်စားနေပြီ
ဆိုလျှင် စားသောက်ချိန်ကို လုံးဝ သတိမရတော့။ ထိုအခါမျိုးတွင် ဘာဘာရာက ညစာ
ဗန်းယူလာပြီး အလုပ်စားပွဲတွင်ပင် အတင်းကျွေးရသည်။

'ကဲ ခဏလေးတွေ ဘာတွေ လုပ်မနေနဲ့၊ တစ်နေ့တည်းလုပ်ရမယ့် အလုပ်
မဟုတ်ဘူး ဒက်ဖ်၊ စားသောက်ချိန်မှာတော့ စားလိုက်ဦး'

'ကောင်းပါပြီတော်၊ ကောင်းပါပြီ' ထိုင်ရာမှ ထကာ သက်ပြင်းတစ်ချက်
မှုတ်ထုတ်ပြီးနောက် အလုပ်ရပ်လိုက်သည်။ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။
ပခုံးနှစ်ဖက်ကို ပွတ်သပ်ကာ ပြန်ထိုင်သည်။ ဘာဘာရာအား ပြုံးကြည့်ရင်း

'အင်း ခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်'

'ဘယ့်နှယ့်လဲ၊ အလုပ်ဖြစ်ရဲ့လား'

'မဆိုးပါဘူး၊ စိတ်သစ် လူသစ် ဖြစ်သွားသလိုပဲ'

ညစာ စားပြီးတော့ ဆက်လုပ်ပြန်သည်။ မနက် နှစ်နာရီမှ အလုပ်ရပ်သည်။
နောက်နေ့ မနက် ခုနစ်နာရီတွင် အိပ်ရာမှ ထသည်။ အလုပ်စားပွဲတွင် ထိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

လက်နှိပ်စက်သံကြောင့် ဘာဘာရာ အိပ်ရာမှ နိုးလာသည်။

'ညက အိပ်သေးသလား၊ ဒက်ဖ်'

တစ်ခါတလေဒက်ဖနီ တစ်ညလုံးမအိပ်ဘဲ အလုပ်လုပ်တတ်မှန်းသိ၍မေးခြင်း ဖြစ်သည်။

'အိပ်ပါတယ် နှစ်နာရီလောက်ပဲ လုပ်တာပါ'

'အင်း ... ကိုယ့်ဆရာမကြီးတော့ တကယ်ကို လုပ်နေပြီပေါ့၊ ဟုတ်လား'

'မနေ့က စိတ်ကူးမိတာတွေ ခေါင်းထဲမှာ ပူပူနွေးနွေး ရှိနေတုန်းမို့လို့ပါ ဘာဘာရာ'

ပြီးတော့ သူတစ်နေ့လုံး ဆက်ရေးသည်။

ဘာဘာရာကတော့ အိမ်ရှာရန် ထွက်သွားသည်။ နေ့လယ်စာ တစ်ယောက်တည်းစားသည်။ ပြီးတော့ ရေကူးကန်ဘေးတွင် သွားထိုင်သည်။ ထို့နောက် ဟိုတယ်သို့ ပြန်လာပြီး ဒက်ဖနီထံသို့ စာဖတ်ပရိသတ်များထံမှ ပေးစာများကို ပြန်ကြားသည်။

ထိုညတွင် သူတို့နှစ်ယောက်ညစာကို အခန်းထဲမှာပင် မှာစားလိုက်ကြသည်။ ဒက်ဖနီအား ဘာဘာရာ ပြုစုဆက်ဆံပုံများက မိခင်တစ်ယောက်၏ ပြုစုနေပုံမျိုးနှင့်တူသည်။ သူက ယင်းသို့ လုပ်နေရသည်ကို ပျော်နေသည်။ မိခင်အိုကြီးနှင့်အတူ အကြာကြီးနေခဲ့ရ၍ အကျင့်ပါနေခြင်းဖြစ်သည်။ ဒက်ဖနီကလည်း ဘာဘာရာ၏ ပြုစုမှုတွေကို သာယာနေသည်။ သူ့အလုပ်တွင်လည်း အလွန်စိတ်ဝင်စားနေသည်။ ဒက်ဖနီလို ပါရမီရှင် အနုပညာသမားတစ်ဦး၏ အနားတွင် နေရသည်ကို ဘာဘာရာကလည်း ဝမ်းသာမဆုံး။

*

စဟုတ္တနေ့တွင် ဒက်ဖနီသည် မစ္စက်ကာတစ်ထံသို့ ဖုန်းဆက်၍ အန်ဒရူးကလေးအကြောင်းကို မေးသည်။ ကလေးမှာ လုံးဝအခြေအနေမပျက်ဘဲ ကျန်းမာပျော်ရွှင်နေကြောင်း မစ္စက်ကာတစ်က ပြန်ပြောသည်။

ပြီးတော့ နယူးဟမ်းပရှိုင်းယားသို့ ပြန်ရောက်လျှင် သူ့အိမ်သို့လည်း လာလည်ရန် မစ္စက်ကာတစ်က ဖိတ်ခေါ်သည်။

မစ္စက်ကာတစ်မှာ ဟိုးဝပ်ကျောင်းတွင် နောက်တစ်ရက်သာ နေရတော့မည် ဖြစ်သည်။ ဒက်ဖနီက ဆုမွန်ကောင်းတောင်းကာ နှုတ်ဆက်စကားပြောပြီးနောက် ဖုန်းကို ပြန်ချလိုက်သည်။

မက်သယူးအား ရုတ်တရက် သတိရမိသည်။ သူဘာတွေများ လုပ်နေပါလိမ့်ဟု တွေးကြည့်သည်။ ကျောင်းသစ်သို့ မပြောင်းခင် နယူးယောက်ကျောင်းတွင် အလုပ်





တွေ အလွန်များနေလိမ့်မည်။

'ကလေး ဘယ်လိုနေသလဲ'

ဘာဘာရာက ညစာ ဇန်းကို ယူဝင်လာရင်းမှ မေးလိုက်သည်။

ဒက်ဖနီက ပြုံးလျက်

'မစ္စက်ကာတစ်က ပြောတယ်၊ သားလေးအခြေအနေ သိပ်ကောင်းတယ်တဲ့ ဒါနဲ့ အိမ်ရှာထွက်တာ ဘယ်လို အခြေအနေရှိသလဲ'

'အခြေအနေကောင်းပါတယ်၊ မကြာခင် ရပါလိမ့်မယ်'

ဒက်ဖနီသည် ခါတိုင်းကဲ့သို့ပင် ညစာ စားပြီးနောက် အလုပ်စားပွဲတွင် ဝင်ထိုင် ပြန်သည်။ ဘာဘာရာကတော့ သူ့အခန်းထဲတွင် ထိုင်ကာ ဝတ္ထုဖတ်နေသည်။

နောက် တစ်နေ့ကျတော့ ဒက်ဖနီက ဟိုတယ်တွင် ဇာတ်ညွှန်းရေးကျန်ရစ်ပြီး ဘာဘာရာတစ်ယောက်တည်း မြို့ထဲ ထွက်လာခဲ့သည်။

သူသည် ပထမဆုံး ဂွာဂျီယိုကုန်ပဒေသာတိုက်သို့ ဝင်သည်။ လဗင်ဒါ ဒေါက် မြင့်ဖိနပ်၊ ပုလဲဆွဲကြိုးနှင့် ပန်းရောင်နှင့် မရမ်းရောင်ဝတ်စုံများ ဝတ်ဆင်ထားသော အရောင်းစာရေးမလေးက သူ့ကို ပြုံးရွှင်စွာ ကြိုဆိုနှုတ်ဆက်သည်။ အရောင်းစာရေးမလေး၏ ဝတ်စုံမှာ နိုင်ရယ်တိုက်ချုပ်ဖြစ်ပြီး ဒေါ်လာနှစ်ထောင်တန် ဝတ်စုံဖြစ်သည်။ ဘာဘာရာက စင်ပေါ်တွင်အလှပြထားသော ဝတ်စုံများ၏ ဈေးနှုန်းကတ်ပြားများကို တစ်ချက်စောင်းကြည့်လိုက်ပြီး မျက်လုံးပြူးသွားမိသည်။ အားလုံးလိုလို ဒေါ်လာထောင်ကျော်တန်ချည်းဖြစ်သည်။ အရောင်းစာရေးမလေးက 'ဘယ်လို ဝတ်စုံများလိုချင်ပါသလဲ' ဟုမေးတော့ 'ဩော် ... ဟုတ်ကဲ့၊ လျှောက်ကြည့်ပါရစေဦး' ဟု ပြောလိုက်ပြီး ကျိတ်ရယ်မိသည်။

ဂွာဂျီယိုကုန်တိုက်မှ ပြန်ထွက်လာပြီး ဟားမက်၊ စီးလင်းနှင့် ဂတ်စီကုန်တိုက်များသို့ တစ်တိုက်ပြီး တစ်တိုက်ဝင်ကြည့်ပြန်သည်။ ဂတ်စီကုန်တိုက်မှာ အီတာလျံလူမျိုးပိုင်ကုန်ပဒေသာ တိုက်ကြီး ဖြစ်သည်။ သားရေဖြင့်လုပ်သော လူသုံးကုန်ပစ္စည်းမျိုးစုံရှိသည်။ တစ်နေရာတွင် အလှပြင် မှန်ဗီရိုထဲမှ လက်ဆွဲသားရေအိတ်တစ်လုံးကို မျက်စိသွားကျမိသည်။ မိကျောင်းကလေးသားရေဖြင့်လုပ်ထားသော အနက်ရောင် လက်ဆွဲအိတ်ဖြစ်သည်။ပုံကလေးထောင့်ပုံ ခပ်ကြီးကြီး။ ရိုးရိုးနှင့် လှသည်။ ပခုံးလွယ်ကြိုး ပါသည်။ ခေတ်ပေါ်ပုံဆန်းမျိုးမဟုတ်၍ သူက ကြိုက်ခြင်း ဖြစ်သည်။ ထိုသော် ဈေးနှုန်း ကို မမေးရဲ။ ဈေးသိပ်ကြီးမည်ဟု ထင်သောကြောင့် ဖြစ်သည်။

'ဒီအိတ်ကို ကြည့်မလား ... မဒမ်'

အရောင်းစာရေးမလေးက အလိုက်သိစွာဖြင့် မှန်ဗီရိုကိုဖွင့်ပြီး အိတ်ကို ထုတ်ပြသည်။ ဘာဘာရာက ငြင်းမည် စိတ်ကူးပြီးမှ ကြိုက်လွန်း၍ ယူကြည့်လိုက်သည်။

www.burmeseclassic.com



ပန်း တွင်စွပ်ပြီး အနီးမှ မှန်ထဲတွင် ကြည့်လိုက်သည်။ သူအလွန်သဘောကျသွားပြီ။ 'မဒမ့် အရပ်အမောင်းနဲ့ဆိုရင် သိပ်လှတာပဲ' စာရေးမကလေးက အီတာလျံသံဝဲဝဲဖြင့် ပင့်ပေး လိုက်သည်။ ဘာဘာရာ. သွားရည်ကျနေပြီ။ သို့ဖြင့် အိတ်ကို အသာဖွင့်ပြီး ဈေးနှုန်း ကတ်ပြားကို ကြည့်လိုက်သည်။ ဒေါ်လာ ခုနစ်ရာ။

'သိပ်လှတာပဲ' ဘာဘာရာက နောင်တရစွာဖြင့် အိတ်ကို ပခုံးပေါ်မှ ပြန်ဖြုတ်ပြီး ပြန်ပေးလိုက်သည်။ 'တခြား ပစ္စည်းတွေ ကြည့်လိုက်ဦးမယ်နော်'

'ဟုတ်ကဲ့ ကြည့်ပါရှင်၊ ကြည့်ပါ၊ ရပါတယ်'

စာရေးမလေးက ပြုံးပြီး ပြောသည်။

ဘာဘာရာက နေရာမှ လှည့်ထွက်လာတော့ သူ့ကို မျက်လုံးဒေါက်ထောက် ကြည့်နေသော ယောကျ်ားတစ်ယောက်ကို လှမ်းမြင်လိုက်သည်။ ထိုလူက အရပ် ရှည်ရှည် ခန့်ခန့် ချောချော။ ဘာဘာရာက ထိုလူကို တစ်ချက်စောင်းကြည့်လိုက်သည်။ စာရေးမ လေးအား လက်ကိုင်အိတ် ပြန်ပေးတာကို သူမြင်သွားပြီလား မသိဘူးဟု တွေးမိကာ ရှက်အမ်းအမ်း ဖြစ်သွားမိသည်။ ထိုသူက ဘာဘာရာအားစိုက်ကြည့်နေတုန်း ရှိသေးသည်။ ဘာဘာရာက တစ်နေရာသို့လျှောက်သွားပြီး စကတ်များကို ကြည့် နေသည်။ ဒက်ဖနီ အတွက် 'လည်စည်းပဝါတစ်ထည် ဝယ်ရကောင်းမလားဟု စဉ်းစား မိသည်။ ဒက်ဖနီက သူ့အတွက် အဝတ်အစားတွေ မကြာခဏ ဝယ်ပေးခဲ့သည်။ ယခု သူက ဒက်ဖနီအတွက် တစ်ခုခုဝယ်သွားလျှင် တစ်မျိုးတော့ ပျော်စရာကောင်းလိမ့် မည်။ သူက အနီနှင့် အနက်ရောင် လည်စည်းပဝါကို အရောင်းစာရေးမကလေးအား ကမ်းပေးနေစဉ် စောစောက လူသည် သူ့ဆီသို့ လျှောက်လာနေသည်ကို သတိပြုမိ လိုက်သည်။ သူတ မမြင်ယောင်ဆောင်ကာ ကျောပေးလှည့်နေလိုက်သည်။ သို့သော် ထိုလူသည် သူ့ဆီသို့ဖြည်းဖြည်းချင်း လျှောက်လာနေသည်ကို ကိုယ်လုံးပေါ် မှန်ထဲ တွင် မြင်နေရသည်။

ထိုလူသည် ဘာဘာရာ၏နောက်တွင် ရပ်လိုက်သည်။ သူက မီးခိုးရောင် ဖလန်နယ် ဘောင်းဘီပွနှင့် အပြာရောင် အကောင်းစားရှပ်အင်္ကျီနှင့် အပြာရင့် ရောင် ဆွယ်တာအင်္ကျီတို့ကို ဝတ်ထားသည်။ ရှူးဖိနပ်ကလည်း ဂုတ်စီတိုက်ထွက် အကောင်း စား။ သို့သော် သူ့ပုံကို ကြည့်ရသည်မှာ လောစ်အိန်ဂျယ်လီမြို့သားနှင့် မတူ။ နယူး ယောက်သို့မဟုတ် ဖိလဒဲလ်ဖီးယား သို့မဟုတ် ဘော့စတွန်မြို့သားပုံသာ ပေါက်သည်။ သူ့ဆံပင်က ရွှေအိုရောင်၊ မျက်လုံးက မိုးပြာရောင်။ သူ့အသက်မှာ သုံးဆယ်ကျော် လေးဆယ် ဝန်းကျင်လောက် ရှိလိမ့်မည်။

ဘာဘာရာက မှန်ထဲတွင် ပြန်ကြည့်လိုက်တော့ ထိုသူ့ကို တစ်နေရာရာတွင် မြင်ဖူးသလိုလို ထင်မိသည်။ သို့သော် ဘယ်သူဘယ်ဝါမှန်း မမှတ်မိ။ ဘယ်နေရာတွင်





...တွေ့ဖူးမှန်းလည်း စဉ်းစား၍မရ။ မှန်ထဲတွင် မျက်လုံးချင်း ဆုံကြသည်။ ဤတွင် ...လူသည် ရှိုးတိုးရှန့်တန့်အမူအရာဖြင့် ဘာဘာရာအနီးသို့ ကပ်လာပြီး

'ခွင့်ပြုပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ ခင်ဗျားကို ကျွန်တော် တစ်ချိန် ...၊ စောင့်ကြည့်နေခဲ့မိတယ်၊ ကျွန်တော်က ခင်ဗျားကို တစ်နေရာရာမှာ တွေ့ခဲ့ဖူးသလို ...မိလို့ပါ' သူက လိပ်စာကတ်ပြား ထုတ်ပေးသည်။ ဘာဘာရာ၏ မျက်နှာကိုလည်း ...မျက်လုံး ကျွတ်ကျမတတ်ကြည့်နေသည်။ ဟုတ်ပြီ။ သူ မှတ်မိပြီ။ ပုံပန်းသဏ္ဌာန် ...တော့ ယခင်အတိုင်းပဲ။ မျက်နှာ အသွင်အပြင်သာ တော်တော်ပြောင်းလဲသွားသည်။ ...ဗျား ဘာဘာရာ မဟုတ်ဘူးလား' သူက ရုတ်တရက် မေးလိုက်သည်။

'ဟုတ်ပါတယ်'

ဘာဘာရာ၏ အသံကရော အမူအရာပါ အေးစက်စက်။ သို့သော် ဝတ်ကျေ ...န်းကျေပြုံးတော့ ပြုံးလိုက်သည်။

'ကျွန်တော်က တွမ်ဟာရင်တန်ပါ၊ ခင်ဗျား ကျွန်တော့်ကို မှတ်မိမယ်မထင်ဘူး၊ ...ခါပဲ တွေ့ဖူးကြတာကိုး၊ ကျွန်တော်တို့ လက်ထပ်ပွဲတုန်းကလေ ကျွန်တော်နဲ့ ...ဒီ မက္ကင်ဇီနဲ့ ...'

ဘာဘာရာ ရုတ်တရက် မျက်လုံးပြူးသွားကာ

'အို ... ဘုရားရေ၊ ရှင်က ကျွန်မကို မှတ်မိတာ အံ့သြစရာ ကောင်းလိုက်တာ၊ ...မတို့ မတွေ့ကြတာက ...' ဟုတ်တယ်။ သူတို့ မတွေ့ကြတာ နှစ်ပေါင်း နှစ်ဆယ် ... ရှိခဲ့ပြီ။ တွမ်ဟာရင်တန်က စမစ်တက္ကသိုလ်တုန်းက ဘာဘာရာ၏တတိယနှစ် ...တုန်းတူ သူငယ်ချင်းမ ဆင်ဒီမက္ကင်ဇီနှင့်လက်ထပ်ခဲ့သည်။ ဆင်ဒီက ကိုယ်ဝန်ရှိလာ၍ ...ကျောင်းက ထွက်သွားရသည်။ သူတို့ ဖီလာဒဲလ်ဖီးယားမှာ လက်ထပ်ကြသည်။ ...ဘာဘာရာက မင်္ဂလာပွဲသို့ သွားခဲ့သောကြောင့် တွမ်ဟာရင်တန်ကို သိခဲ့ရခြင်းဖြစ်သည်။ ...သော် ထိုကတည်းက သူတို့လင်မယားနှင့် တခါမျှ ပြန်မဆုံတော့။ ထိုစဉ်က တွမ်က ...ကျောင်းသား။ ကလေးတစ်ယောက်မွေးတော့ သူတို့ ကယ်လ်ဖိုးနီးယားသို့ ပြောင်း ...ပြန့်သည်။ ဘာဘာရာနှင့် ဆင်ဒီတို့ ခြောက်နှစ်ခန့် အပြန်အလှန် ခရစ္စမတ်ဆုတောင်း ...များပေးပို့ခဲ့ကြသေးသည်။ နောက်ပိုင်းတော့ အဆက်အသွယ် ပြတ်သွားသည်။ ...သော် ဘာဘာရာက သူတို့ လင်မယားကို အမှတ်ရနေသည်။ သူက လှိုက်လှိုက်လှဲလှဲ ...လိုက်ပြီး 'အခုလို ပြန်တွေ့ရတာဝမ်းသာပါတယ် မစ္စတာ ဟာရင်တန်၊ ဆင်ဒီ တစ် ...ယောက်နေကောင်းရဲ့လား၊ သူလဲဒီမှာပဲလား၊ ကလေးတွေရော တော်တော်ကြီးကြရော ...'

'အားလုံး နေကောင်းကြပါတယ်၊ သားကြီးရောဘတ်က တက္ကသိုလ်ရောက် ...ပြီ၊ ကာလီဖိုးနီးယားအနုပ်ညာ အဓိကကျောင်းသား၊ သမီးငယ်အလက်ကဇေ့



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေနဲ့အိမ်မှာပဲ ဆယ့်ငါးနှစ်သမီးပဲ ရှိသေးတယ်'

'အို ... တယ်ဟုတ်ပါလား၊ ဒီလောက်တောင် ကြီးနေကြပြီကိုး၊ အေး ကြီးကြရောပေါ့၊ နှစ်ပေါင်းများစွာ ကြာခဲ့ပြီပဲ'

'ဒါနဲ့ ခင်ဗျားက ဒီမှာပဲ နေတာလား'

'ဟင့်အင်း၊ မနေပါဘူး၊ အလုပ်ကိစ္စနဲ့ လာတာပါ၊ ကျွန်မရဲ့ အလုပ်ရှင် ဒီမှာလာပြီး ရုပ်ရှင်ဇာတ်ညွှန်း ရေးနေတယ်လေ၊ ကျွန်မတို့ ဒီမှာ တစ်နှစ်လောက် လိမ့်မယ်'

'ဩော် ... ဟုတ်လား၊ ဒါနဲ့ ဇာတ်ညွှန်းရေးနေတာက ဘယ်သူပါလိမ့်'

ဘာဘာရာက ဂုဏ်ယူပြုံးဖြင့်

'ဒက်ဖနီဖီးလ်ဒ်'

'စိတ်ဝင်စားစရာကောင်းတဲ့ အလုပ်ပဲ၊ ဒီရောက်တာ ဘယ်လောက် ကြာပြီ

'တစ်ပတ်လောက်ပဲ ရှိပါသေးတယ်၊ ကျွန်မတို့ လောလောဆယ် ဘီဇာ ဟိုတယ်မှာ တည်းနေကြတယ်၊ တော်တော် အခြေအနေဆိုးတဲ့ ဘဝပဲ'

နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။ ထိုအခိုက် ဂျင်းဘောင်းဘီ အ ပိုးသား၊ ရှပ်အင်္ကျီဝတ်ထားသော ဆံပင်နီနီနှင့် မိန်းကလေးတစ်ယောက် သူတို့အနား ရောက်လာသည်။ သူက မျက်လုံးစိမ်းကြီးများဖြင့် ဘာဘာရာအား စူးစူးရဲရဲ ကြည့်သ သူ့အသက်က အစိတ်လောက်ရှိလိမ့်မည်။ မိတ်ကပ် ခြယ်ထားသောကြောင့် အသား အရေ ဖြူဖွေး ပြောင်လက်နေသည်။ ဆံပင်နီများကို ခါးအထိဖြန့်ချထားသ သူ့ ပုံပန်းကြည့်ရတာ တစ်မျိုးကြီးပဲဟု ဘာဘာရာတွေးလိုက်သည်။

'ဘာနဲ့မှ မတော်ဘူး၊ အားလုံး ဆိုက်ကြီးချည်းပဲ' ကောင်မလေးက တွမ် နှုတ်ခမ်းစူပြီး ပြောသည်။

ဘာဘာရာက ကောင်မလေးအား ပြုံးပြလိုက်သည်။ စိတ်ထဲကလည်း ' နေရာ ငါသာဝင်ယူလိုက်ချင်ပါရဲ့' ဟု တွေးလိုက်မိသည်။

တွမ်က ကောင်မလေးအားဂရုမစိုက်ဘဲဘာဘာရာအား စိတ်ဝင်စားစွာ ရင်း

'ခင်ဗျားကနဂိုအတိုင်းပဲ၊ 'နှစ်ပေါင်းဒီလောက်ကြာတာတောင် လုံး မပြောင်းဘူး' တကယ်တော့ သူက စကားလှအောင် ညာပြောခြင်းသာဖြစ်သည် သော် ဘာဘာရာက သူ ယင်းသို့ပြောသည့်ကို သဘောကျသည်။ တွမ်က သူ့ ရပ်နေသော မိန်းမချောကလေးကို လှည့်၍ပင် မကြည့်။ တွမ်၏ လက်တစ်ဖက် အဖိုးတန် ပစ္စည်းများထည့်ထားသော ဈေးဝယ်အိတ် တစ်လုံးဆွဲထားသည်ကို ဘာဘာရာ သတိပြုမိသည်။ သည်ကလေးမနှင့်တွမ်တို့ ဘယ်လိုများ ပတ်သက်နေ





မိ။ တွမ်က ဘာဘာရာနှင့်ကောင်မလေးတို့အား တစ်လှည့်စီ ပြုံးကြည့်ပြီး 'ဩော် မှာ အီလွိုက်၊ သူက ဘာဘာရာတဲ့ ကိုယ့်ဇနီးဟောင်းရဲ့ မိတ်ဆွေတစ်ဦးပေါ့'

သည်တော့မှ ဘာဘာရာ ရှင်းသွားတော့သည်။ လက်စသတ်တော့ တွမ်နှင့် င်ဒီတို့က ကွာရှင်းပြတ်စဲ သွားကြပြီကော။ သည်တော့ သည်ကလေးမက တွမ်၏ ပေါင်းအသင်း ဖြစ်မှာပေါ့။

'ကျွန်မနာမည် အပြည့်အစုံက ဘာဘာရာဂျာဗစ်ပါ၊ တွေ့ရတာ ဝမ်းသာ ပါတယ်' ဘာဘာရာကလက်ကို ကမ်းပေးလိုက်သည်။ ကလေးမက ဝတ်ကျေ တန်းကျေ တော ပြုံး၍လက်ဆွဲ နှုတ်ဆက်ပြီးနောက် ပစ္စည်းအလှပြ ဗီရိုဘက်သို့ လှည့်ထွက် သည်။

'ဆင်ဒီနဲ့ ရှင်တို့အကြောင်း အခုလို သိရတာ ကျွန်မ စိတ်မကောင်းပါဘူးရှင်၊ လိုဖြစ်တာ ဘယ်လောက်ကြာပြီလဲ'

ငါးနှစ် ရှိသွားပါပြီ၊ အခု သူနောက်ထပ် အိမ်ထောင်ပြုလိုက်ပြီ' သူက ခေတ္တ ဆိုင်းနေပြီးတော့မှ 'အော်စတင်ဝိနဲ့ ...'

'ဟို ရုပ်ရှင်မင်းသား အော်စတင်ဝိလား'

'ဟုတ်ပါတယ်'

တကယ်တော့ မေးစရာပင် မလို။ အော်စတင်ဝိဆိုလျှင် ကမ္ဘာကျော် အင်္ဂလိပ် ရုပ်ရှင်မင်းသားကြီးဖြစ်ကြောင်း ကလေးကအစ သိသည်။ သူက အသက်တော်တော် ပြီ။ ဆင်ဒီ၏ အသက်နှစ်ဆလောက် ရှိလိမ့်မည်။ သို့သော် ရုပ်ကတော့ သူ့ကို ရသည့် မိန်းမတိုင်းအသက်ရှူမှားလောက်အောင် ချောသည်။

'ဘယ်လိုများ ဖြစ်သွားတာပါလိမ့် ရှင်'

'ကျွန်တော်က အော်စတင်အတွက် အမှုကြီးတစ်ခုကို ရှေ့နေလိုက်ပေးတာ ပြီး မိတ်ဆွေဖြစ်သွားကြတာ' သူက ပခုံးနှစ်ဖက် တွန့်လိုက်သည်။ သူ့ မျက်လုံးများ နားကြည်းရိပ်များ ပေါ်လွင်နေသည်။ ပြီးတော့မှ သူကပြုံးလိုက်ပြီး 'ဟောလီဝုဒ် ကအကြောင်း ခင်ဗျားလဲသိသားပဲ၊ ဒါမျိုးတွေက ရိုးနေပါပြီ၊ ဆင်ဒီက ဒီလောက ယ်ပ်သဘောကျတာ၊ ဒါကြောင့်လဲ ဒီလိုဖြစ်ရတာပေါ့'

ဘာဘာရာသည် တွမ်နှင့်ဆင်ဒီတို့ မင်္ဂလာဆောင်တုန်းက အပျိုရံ လုပ်ခဲ့ရ ။ ထိုစဉ် ကတည်းကပင် တွမ်ကို သဘောကျမိခဲ့သည်။ သိက္ခာရှေ၊ အသိဥာဏ် ယ လူတော်လူကောင်း တစ်ယောက်ဟု မှတ်ချက်ချခဲ့သည်။ ထို့ကြောင့်လည်း ား လင်ကောင်းသည်ဟုပင်ထုတ်ဖော် ပြောခဲ့သည်။ ဆင်ဒီကလည်း သဘော ည်။ သို့သော် ဆင်ဒီနှင့်ပတ်သက်၍တော့ ပြောစရာရှိသည်။ သူက အမြဲတမ်း တစ်ခုခုကို မကျေမနပ် ဖြစ်နေတတ်သည်။ စိတ်လည်းမငြိမ်။ လောဘလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည်။ ဘယ်လိုပင်ဖြစ်စေ သူတို့နှစ်ယောက် လက်ထပ်တော့ ဘာဘာရာ အားကျစိတ်ပင် ဖြစ်ပေါ်မိခဲ့သည်။

'ဒါနဲ့ရှင်ဒီမှာ နေရတာ ပျော်ရဲ့လား တွမ်'

'ပျော်ဘယ်လို့ မဟုတ်ပါဘူး၊ ကလေးတွေအတွက်ငဲ့ပြီး နေရတာလဲ တယ်၊ ပြီးတော့ ကျွန်တော်က ဒီနေရာမှာ ရှေ့နေလုပ်နေတာ တော်တော်ကြာပြီ၊ နော တစ်နေရာ ပြောင်းဖို့ဆိုတာ သိပ်မလွယ်လှဘူး' သူက ရုပ်ရှင်လုပ်ငန်းဆိုင်ရာ ဥပဒေ ကျွမ်းကျင်သော ပုဂ္ဂိုလ်တစ်ယောက် ဆိုသည်ကို ဘာဘာရာ သိသည်။ ထို့ကြော ဤနေရာသည် သူ့အလုပ်နှင့်အသင့်တော်ဆုံး နေရာဖြစ်သည်။ ဟောလိဝုဒ်လောက ဆွဲဆောင်မှု အလွန်အားကောင်းတယ်၊ အဲဒါတော့ ခင်ဗျားလဲ အသိပဲ'

'ဟုတ်ကဲ့ ကျွန်မလဲ သိပါ့ကယ်' ဘာဘာရာက ပြုံးပြီး ပြောသည်။ ကျွန် အဲဒါကိုပဲ သဘောကျနေတာရှင့်'

'အိုး ဟိုး ဒါဆို မကောင်းတဲ့ လက္ခဏာပဲ'

ထိုအခိုက် ဘာဘာရာ လည်စည်းပဝါ ဝယ်ခဲ့သော အရောင်းစာရေးမ ရောက်လာပြီး ပစ္စည်းထုပ်ကို ပေးသည်။ တစ်ချိန်တည်းတွင် အီလွိုက်လည်း ပြန်ရေ လာသည်။

ဘာဘာရာက တွမ်အား လက်ကိုကမ်းပေးလိုက်ရင်း

'ကဲ .... အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ် တွမ်၊ ဆင်ဒီနဲ့တွေ ကျွန်မသတင်းမေးလိုက်ကြောင်း ပြောပြပါ'

'ဟုတ်ကဲ့ .... ပြောလိုက်ပါမယ်၊ ကျွန်တော်က တစ်ပတ်မှာ နှစ်ကြိမ်လော သမီးလေးနဲ့သွားတွေ့တယ်၊ ဒါကြောင့် ဆင့်ဒီနဲ့လဲ တွေ့ရတာပေါ့၊ စိတ်ချပါ၊ ကျွန် သူ့ကို ပြောလိုက်ပါ့မယ်၊ ခင်ဗျား အချိန်ရရင် သူ့ဆီတောင် သွားလည်ဖို့ ကော

ဘာဘာရာကမသွားချင်၊ လင်ကြီးကိုပစ်ပြီး အော်စတိုင်ဝိလိုပုဂ္ဂိုလ် ယောက်ကိုယူထားသော ဆင်ဒီက သူ့ကို အရေးလုပ်၍မှု ဆက်ဆံပါဦးမည်လ

'ကျွန်မ ဘီဗာလီဟိုတယ်မှာ ဒက်ဖနီဖီးလ်ဒ်နဲ့ အတူရှိတယ်ဆိုတာ ပြော ပါ။ သူဆက်ချင်ရင် ကျွန်မဆီ ဖုန်းဆက်ပါလိမ့်မယ်၊ ကျွန်မက သူတို့ကို ရှုတ် သွားပြီး အနှောင့်အယှက်မပေးချင်လို့ပါ'

တွမ်က ခေါင်းညိတ်ပြသည်။

ဘာဘာရာ လှည့်ထွက်လာခဲ့သည်။

ဩော် ...လောကကြီးက တယ်လဲလူဆန်းပါကလား။

*

'ဘယ်နေရာတွေ ရောက်ခဲ့သလဲ ဘာဘာရာ၊ တော်တော်နဲ့



ဘာဘာရာပြန်ရောက်လာတော့ ဒက်ဖနီက ဆိုဖာရှည်ပေါ်တွင် လှဲရင်းပြီးသမျှ ပြန်ဖတ်နေရာမှ လှမ်းမေးသည်။

'အို စုံလို့ပဲ ဒက်ဖ်၊ ကျွန်မတော့ လော့စ်အိန်ဂျယ်လီကို သိပ်ကြိုက်သွားပြီ'

သူသည် တွမ်ဟာရင်တန်နှင့် တွေ့ပြီးနောက် ရော်ဒီယိုဒရိုက်တွင် ဖယ်၊ ဘီဂျန်စသော အခြားကုန်ပဒေသာတိုက်ကြီးများသို့ ဝင်ပြီးနှစ်နာရီခွဲခန့် လောက် လျှောက်ကြည့်လာခဲ့သေးသည်။

ဒက်ဖနီက ပြုံးလိုက်ပြီး

'ကျွန်မ ထင်သားပဲ၊ ရှင်တော့ အရူးအမူး ဖြစ်တော့မယ်လို့၊ ဒါနဲ့ဘာတွေများ ဝယ်ခဲ့သလဲ'

ဘာဘာရာက သူဝယ်လာခဲ့သော ရေကူးဝတ်စုံဦးထုပ်နှင့် ဆွယ်တာများကို ထုတ်ပြသည်။ ထို့နောက် ဂတ်စီကုန် တံဆိပ်ပါသော အထုပ်တစ်ထုပ်ကို ဒက်ဖနီ၏ ပေါင်ပေါ်သို့ တင်ပေးလိုက်ရင်း 'ဒါက ရှင့်အတွက်ဝယ်လာတာ၊ ဂတ်စီတိုက်မှာ တွေ့တဲ့ ရချိုးဝတ်ရုံကြီးတောင် ဝယ်လာဦးမလို့ပဲ၊ ဒါပေမယ့် ရှင်နဲ့မတော်ဘူး၊ ဆိုက်ကြီး နေတာနဲ့ ထားခဲ့ရတယ်'

'အို ... ရှင်ကလဲ ရှော်လိုက်တာ၊ ဘာလို့ အော်ဒါမမှာခဲ့တာလဲ'

နှစ်ယောက်စလုံး ရယ်ကြသည်။ ဒက်ဖနီက အထုပ်ကို ဖွင့်ကြည့်သည်။ ...နီ နှင့်အနက်ရောင် လည်စည်းပဝါကလေးကို အလွန်သဘောကျသွားသည်။

'အင်း ရှင်သာမရှိရင် ကျွန်မတော့ ဘာမှလုပ်တတ်တော့မယ် မထင်ဘူး ဘာဘာရာ'

'ရှင် တတ်ပါတယ်၊ ဘာလို့မတတ်ရမှာလဲ'

'မတတ်တာဘဲ ပိုကောင်းလိမ့်မယ်'

'ဒါနဲ့ဇာတ်ညွှန်း အခြေအနေ ဘယ်လိုလဲ'

'အခြေအနေ ကောင်းပါတယ်၊ ဒါပေမယ့် ခက်တော့ တော်တော်ခက်တယ်၊ ...ညာရပ် အသစ်တစ်ခုကို စပြီး လေ့လာရသလိုပဲ'

'နောက်တော့လဲ လွယ်သွားမှာပေါ့၊ ဝတ္ထု ရေးရသလိုပဲ လွယ်လာပါလိမ့်မယ်'

'ကုမ္ပဏီကလူတွေ ကြိုက်နိုင်ပါစေလို့ပဲ ဆုတောင်းနေရတာပဲ'

'ကြိုက်မှာပါ'

တယ်လီဖုန်းမြည်သံကြောင့် စကားပြတ်သွားကြသည်။

ဘာဘာရာက တယ်လီဖုန်း နားထောင်ရန် သူ့အခန်းသို့လာခဲ့သည်။ ဒက်ဖနီ ...လုပ်မပျက်ရန် သူ့အခန်းထဲတွင် သီးခြားဖုန်းတပ်ထားသည်။ ဖုန်းကို ကောက်ကိုင်ပြီး ...ဂင်ပေါ်တွင် ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ငှား ကိုယ်စားလှယ်ထံမှ ဖြစ်မည်၊ ယနေ့တစ်ရက်တော့ ကုန်တိုက်များသို့ သွားနေ၍ အိမ်ကိစ္စဘာမှ မကြိုးစားလိုက်ရ။

'ဟဲလို'....

'ဘာဘာရာ ဂျာဗစ်နဲ့စကားပြောချင်လို့ပါ'

ကျွန်မပါပဲ'

ဘာဘာရာက အကျင့်ပါနေ၍ မှတ်စုစာအုပ်နှင့်ခဲတံကို လှမ်းယူလိုက်သည်။

ကျွန်တော် တွမ်ဟာရင်တန်ပါ'

ဘာဘာရာ အံ့သြနေမိသည်။ ရင်တွေ ဘာတွေပင် ခုန်သွားမိသည်။ သူ ဘာကြောင့် ဆက်တာလဲ။ အို .. ဘာကြောင့် ဆက်ဆက် ငါက ဘာလို့စိတ်လှုပ်ရှားစရာရှိသလဲ။ သူက ဆင်ဒီရဲ့ယောကျ်ားပေါင်းပဲ၊ ပြောစရာတစ်ခုခု ရှိလို့ဆက်တာ ဖြစ်မှာပေါ့။

'ဩော် ဟုတ်ကဲ့ ထွေထွေထူးထူး ကိစ္စများ ရှိလို့လားတွမ်'

'မရှိပါဘူး၊ သတိရလို့ ဆက်တာပါ၊ ဒါနဲ့ညနေက မြို့ထဲထွက်တာ ပျော်ရဲ့လား'

'သိပ်ပျော်ပါတယ်၊ ကုန်တိုက်တွေလဲ နှံ့သွားတာပဲ'

ပိုက်ဆံတော့ တော်တော် ကုန်သွားမှာပေါ့၊ ဒါနဲ့ ဘာတွေများ ဝယ်ဖြစ်ခဲ့သလဲ'

'အို ...ဟိုဒင်းဒီဒင်းပါပဲ၊ ဒါပေမယ့် အဖိုးတန်တွေ မဟုတ်ပါဘူး'

'ဒါနဲ့ ဂျက်စီတိုက်မှာ ခင်ဗျားကြည့်နေတဲ့ လက်ဆွဲအိတ်က တော်တော်ကောင်းတယ်နော်'

'ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် ဈေးက ခေါင်ခိုက်နေတာပဲ၊ ကျွန်မ လို အဆင့်နဲ့မတတ်နိုင်ပါဘူး'

'ခင်ဗျား စာရေးဆရာမကြီးကို လခတိုးပေးဖို့ ပြောပါလား၊ ဒါမှမဟုတ်လဲ အိတ်ဝယ်ပေးနိုင်တဲ့ လူတစ်ယောက်ရှာပေါ့ဗျာ ဟဲ..ဟဲ'

'အဲဒါတော့ ကျွန်မ ဝါသနာမပါဘူးရှင့်'

ဘာဘာရာက ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

'ကျွန်တော်က အဲဒီလိုထင်လို့ ပြောတာမဟုတ်ပါဘူးဗျာ စကားမှားသွားရင် ခွင့်လွှတ်ပါ'

'ဒါနဲ့ ဒီနေ့ညနေက ကျွန်တော်တို့ စကားပြောရတာ အားမရလိုက်ဘူးဗျာ စကားမစပ် ခင်ဗျား အိမ်ထောင်ပြုပြီးပြီလား'

'မပြုသေးပါဘူး ဘယ်တုန်းကမှ မပြုခဲ့သေးပါဘူး၊ ကျွန်မ တက္ကသိုလ်က





ဆင်းပြီးကတည်းက မမာတဲ့ မေမေ့ကို ပြုစုနေရတာနဲ့ အချိန်ကုန်နေတာပဲ'

'ကြားရတာ စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျားဘဝကတော့ တော်တော် ရုန်းကန်ရတာပဲနော်၊ ဒက်ဖနီဖီးလ်ဒ်ဆီမှာ ဝင်လုပ်တာ တော်တော်ကြာပြီလား'

'အချိန်ပိုင်း လုပ်တာက လေးနှစ်လောက်၊ နောက်ပိုင်းကျတော့ အချိန်ပြည့် လုပ်ပါတယ်'

'ဒီအလုပ်မှာ ပျော်ရဲ့လား'

'ပျော်ပါတယ်၊ ဒက်ဖနီက ကျွန်မရဲ့အကောင်းဆုံး မိတ်ဆွေပဲ၊ သူနဲ့လုပ်ရတာ သိပ်ပြီးအကျိုးရှိပါတယ်၊ စိတ်လဲ ချမ်းသာပါတယ်'

'ဒါပေါ့ဗျာ၊ နာမည်ကျော် စာရေးဆရာမကြီး ဆိုတော့လဲ အထင်ကြီးစရာပေါ့'

'ဒါပေမယ့် ဒက်ဖနီက သူများအထင်ကြီးအောင် ဘာမှမလုပ်တတ်ပါဘူး၊ သူကရိုးရိုးကလေးပဲ၊ ဟန်ဆောင်မှု လုံးဝမရှိဘူး၊ သူ့အလုပ်သူကြိုးစားလုပ်တယ်၊ လူတွေနဲ့ သိပ်မပေါင်းဘူး၊ တစ်ကိုယ်တည်း အေးအေးဆေးဆေး နေတတ်တယ်၊ ပြီးတော့ သိပ်ပြီး လူသားဆန်တဲ့ အမျိုးသမီးတစ်ယောက်၊ ဒက်ဖနီက အဲဒီအတိုင်းပဲ'

'ခင်ဗျားကကောင်းပါတယ်၊ ဒါနဲ့စကားပြောချင်သေးတယ်ဗျာ၊ ကျွန်တော်တို့ တစ်နေရာသွားပြီး တစ်ခုခု စားရင်းစကားပြောကြရအောင်လား၊ လောလောဆယ်တော့ ကျွန်တော် မအားသေးဘူး၊ လက်ခံထားတဲ့ အမှုကိစ္စနဲ့ပတ်သက်ပြီး ချိန်းထားတာ ရှိနေလို့၊ ညကိုးနာရီဆိုရင်တော့ အားပါပြီ၊ ကျွန်တော်တို့ ပိုလိုရိပ်သာမှာ ဆုံကြရင် မကောင်းဘူးလား၊ ဘယ်လို သဘောရသလဲ'

ဘာဘာရာဘက်မှ တော်တော်ကြာကြာ အသံတိတ်နေသည်။ တကယ်တော့ သူက ဘယ်မှသွားချင်စိတ်မရှိ။ ပြီးတော့ တွမ်က အမှုကိစ္စချိန်းထားတာရှိလို့ ဆိုတာကိုလည်း ဟိုကောင်မလေးနှင့် ချိန်းထားတာဖြစ်မည်ဟု သံသယဝင်မိသည်။ သို့သော် တစ်ဖက်က ကြည့်ပြန်တော့လည်း လောလောဆယ် သူ့မှာ ဘာလုပ်စရာမှမရှိ။ ဒက်ဖနီကလည်း သူကိုယ်တိုင် လက်နှိပ်စက်ရိုက်နေသည်။ ဘာဘာရာ ကူလုပ်ပေးစရာ မလို။

ထို့ကြောင့် သူကထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ရှောရှောရှူရှူပင် လက်ခံလိုက်သည်။

'ဟုတ်ကဲ့၊ ရပါတယ်'

'ဒါဆို ခင်ဗျားကို ကျွန်တော် ပိုလိုရိပ်သာမှာ ဆုံမယ်၊ အချိန်က ကိုးနာရီတိတိ၊ တကယ်လို့ ကျွန်တော်နောက်ကျမယ်ဆိုရင်လဲ ခင်ဗျားဆီဖုန်းဆက်ပါ့မယ်၊ အဲဒီအချိန်အထိ ခင်ဗျား အခန်းမှာ ရှိမှာလား'

'ရှိမှာပါ၊ ကျွန်မက ဒက်ဖနီအတွက်၊ ညစာပြင်ဆင်ပေးရဦးမယ်'

' သူကော အပြင်တွေ ဘာတွေ မထွက်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com

'ထွက်ခဲပါတယ်၊ အလုပ်လုပ်နေချိန်မှာ ဘယ်မှမထွက်ဘူး၊ သူ အခု ရုပ်ရှ ဇာတ်ညွှန်းရေးနေတယ်လေ၊ ကျွန်မတို့ ဒီရောက်တဲ့နေ့ကစပြီး သူဘယ်မှမထွက် သေးဘူး'

'ဒါဆို ပျင်းစရာကြီးပေါ့ဗျာ'

'ပျင်းစရာ မဟုတ်ပါဘူး၊ သူက အလုပ်မှာသိပ်စိတ်ဝင်စားတယ်၊ သိပ်ကြိ စားတယ်၊ ဘယ်သူနဲ့မှ မတူအောင် ကြိုးစားတယ်'

'ကောင်းပါတယ်၊ ကဲ ဒါဖြင့် ကျွန်တော်တို့ ကိုးနာရီကျမှ တွေ့ကြရအော

'ကောင်းပါပြီရှင်'

တွမ်ဟာရင်တန်သည် ချိန်းထားသော ညှော်သည်မလာမီ ဘဲလ်အဲယာ၊ သူ့ အိမ်တွင် ရေချိုးရင်းဘာဘရာ အကြောင်းကို စဉ်းစားနေမိသည်။

ဘာဘရာက ထူးထူးခြားခြား မလှပေမယ့် ဆွဲဆောင်နိုင်သော ရုပ်ရည်တေ ရှိသည်။ သူ့ရုပ်က ယောကျ်ားတစ်ယောက်အဖို့ ရမ္မက်စိတ်ကို နှိုးဆွသော ရုပ်မျိုးထက် စိတ်ဝင်စားစရာကောင်းသော ရုပ်မျိုးက ပိုသည်။ ချောတာထက် အသိဉာဏ်ရှိတာ ပိုသည်။ ဟန်ဆောင်မှုကင်းပြီး ပကတိ ဖြူစင်သော ဟန်အမူအရာရှိသည်။ အဲဒါ ကိုပင် တွမ်က စွဲလမ်းမိခြင်း ဖြစ်သည်။ သူ့မယားဟောင်း ဆင်ဒီကတော့ ဘာဘရာ အလွန်ခြားနားသည်။ ဆင်ဒီက ရုပ်လှသလောက် စိတ်မလှသော အမျိုးသမီး။ မိဘ အလိုလိုက်ထား၍ ပျက်စီးခဲ့သည်။ နောက် သူနှင့်အိမ်ထောင်ကျပြီးတော့ သူကအ လိုက်ထားပြန်သဖြင့် ပျက်သည်ထက်ပို၍ ပျက်စီးခဲ့တော့သည်။ နောက်ဆုံး ရုပ်ရှင်မ သား အဘိုးကြီးနှင့်လိုက်ပြေးသည်အထိ ဖြစ်သည်။ ကလေးနှစ်ယောက်ကိုပါ သူ့ အတူ ခေါ်သွားသည်။ နှစ်ပတ်လောက်ကြာတော့ တွမ်ဆီသို့ ဖုန်းဆက်သည်။ သူ နှစ်ယောက် ကွာရှင်းပြတ်စဲကြသည်။ တွမ်က တရားရုံးတွင် ကလေးတွေ အုပ်ထိ ခွင့်တောင်းရန် စိတ်ကူးသေးသည်။ နောက်တော့ ကလေးတွေ စိတ်ဓာတ်ပျက်ကုန်မ စိုး၍ ဘာမှမလုပ်တော့ဘဲ သည်အတိုင်းပင် နေလိုက်တော့သည်။ ထိုအချိန်က သူ့ဘဝတွင် ဘယ်မိန်းမကိုမျှ စွဲစွဲလမ်းလမ်းမဆက်ဆံခဲ့တော့။ သို့သော် ယခု ဘာဘ ကို မြင်လိုက်ရတော့ သူစိတ်တွေတစ်မျိုး ဖောက်လာသည်။ မြင်မြင်ချင်း စွဲလမ်းမိသ ပြန်တွေ့ချင်စိတ် ပြင်းပြလာမိသည်။ အနည်းဆုံး စကားကလေးတော့ ဝအော ပြောလိုက်ချင်သည်။

*

'ဒက်ဖ် ....ညစာ စားပြီးပြီလား'

ဘာဘရာ အခန်းထဲဝင်လာသည်။ စားပွဲပေါ်မှ ညနေစာ ဗန်းကိုစောင်းကြ လိုက်သည်။ ဒက်ဖနီက ညစာဗန်းကို လက်နှင့်တောင် မတို့သေး။ သူက လက်နှိပ်စ





ကိုသာ အဆက်မပြတ် တဖြောင်းဖြောင်းနှင့် ရိုက်နေဆဲ။ ဘာဘရာမေးတာကိုလည်း ကြားဟန်မတူ။

'ဒက်ဖ်၊ ညစာ စားချိန်တန်ပြီလေ၊ ဒီလောက်ဆို နားပါတော့လား'

'အို အင်း၊၊ ဟုတ်ကဲ့၊ စားတာပေါ့၊ ခဏကလေးပါ ဘာဘရာ၊ ပြီးတော့မယ်၊ ဒါကလေးတစ်ခန်း အပြီးသတ်လိုက်ချင်လို့ ဒါနဲ့ရှင်အပြင်ထွက်မလို့လား'

'ခဏလေးပါ၊ ကျွန်မ ဘာလုပ်ပေးခဲ့ရမှာလဲ'

'နေပါစေ၊ ရပါတယ်'

ထို့နောက် ဘာဘရာက ဒက်ဖနီအား တွမ် ဟာရင်တန်အကြောင်း ပြောပြ လိုက်သည်။ ဒက်ဖနီကဘာမှ မပြော၊ လက်နှိပ်စက် ရိုက်ရင်းနားထောင်နေသည်။

'ကဲ ဒါဖြင့် ကျွန်မ ခဏသွားလိုက်ဦးမယ်၊ ညစာစားဖို့ မမေ့နဲ့နော်'

ဒက်ဖနီက ဘာမှပြန်မပြော၊ သူ့ အာရုံက ဇာတ်လမ်းထဲတွင်သာ နစ်မြုပ်နေ သည်။

ဘာဘရာက အခန်းတံခါးကို ဖြည်းဖြည်းပြန် ပိတ်လိုက်ပြီးနောက် အပြင်သို့ ထွက်လာခဲ့သည်။

* * *

www.burmeseclassic.com

## အခန်း ( ၂၂ )

ဝှမ်ဟာရင်တန်က သူ၏အိမ်ငှားကိုယ်စားလှယ်လိပ်စာကို ဘာဘာရာအား ပေးသည်။ သို့ဖြင့် ဘာဘာရာသည် အိမ်ငှား ကိုယ်စားလှယ်နှင့်အတူ ဘဲလ်အဲယားနှင့် ဗလီကုန်းမြင့် နယ်မြေများတွင် အိမ်တွေလိုက်ကြည့်ရာ ဘဲလ်အဲယားတွင် စိတ်ကြိုက် အိမ်ကလေးတစ်ဆောင် တွေ့ရသည်။

အိမ်က စီလို အဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိပြီး သပ်ရပ်လှပသည်။ နစ်တကျ ပြုပြင်ထားသော ဥယျာဉ်ကြီးဘက်သို့ မျက်နှာမူနေသည်။ အိပ်ခန်းလေး န်းပါသည်။ အိမ်နှင့်ခြံဝင်းကို အုတ်တံတိုင်းအမြင့်ကြီး ကာရံထားသည်။ အုတ်တံတိုင်း ပတ်လည်တွင် ပန်းပင်ချုံနွယ်များဖြင့် အလှဆင်ထားသောကြောင့် အိမ်ကလေးမှာ ီးသန့်လွတ်လပ်နေသည်။ ခြံထဲတွင် မြက်ခင်း ပြင်ကျယ်ကြီးလည်းရှိသည်။ ထို့ပြင် လေးထောင့်ရေကန် တစ်ကန်နှင့် ရေနွေးငွေ့ ရေချိုးခန်းလည်းရှိသည်။ အိမ်ကလေးက ကကယ်လှပြီး တကယ်နေချင်စရာကောင်းသည်။ ကြမ်းပြင်ကို အညိုရောင် ကျောက် လင်းခင်းထားသည်။ နေရာတကာတွင် အဖြူရောင် ဆိုဖာခုံရှည်ကြီးများ ချထား သည်။ ဧည့်ခန်းထဲတွင် အဖိုးတန်ခေတ်သစ် ပန်းချီကားများ ချိတ်ဆွဲထားသည်။ မီးဖိုခန်း ကလည်း ခေတ်မီသပ်ရပ်သည်။ တစ်အိမ်လုံး ဖနှရောင်ရပြီး တိတ်တိတ် ဆိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ရေကန်ဘက်သို့ မျက်နှာပြုထားသော စာကြည့်ခန်းတစ်ခန်းလည်းရှိရာ ဒက်ဖနီအတွက် စာရေးရန်အကောင်းဆုံးနေရာပင် ဖြစ်သည်။ သည်အိမ်တွင် သူလိုချင်တာ အကုန်လုံးပြည့်စုံသည်။ ငှားရမ်းခဈေးနှုန်းကတော့ တော်တော့်ကို ကြီးသည်။ သို့သော် ရုပ်ရှင်ကုမ္ပဏီအနေဖြင့် ဒက်ဖနီကြိုက်လျှင် ဈေးကို ကြည့်နေမည်တော့မဟုတ်။

အိမ်ပိုင်ရှင်မှာ နာမည်ကျော် ရုပ်ရှင်မင်းသား လင်မယားဖြစ်သည်။ ယခုအခါ သူတို့သည် အီတလီတွင် နှစ်ရှည်ရုပ်ရှင်သွားရိုက်နေကြသည်ဟုသိရသည်။

ဘာဘရာက အံဆွဲတိုင်းကို ဖွင့်ကြည့်သည်။ အခန်းတိုင်းသို့ ဝင်ကြည့်သည်။

'ကိုင်း ဘယ်နှယ့်သဘောရသလဲ မစ္စဂျာဗစ်' အိမ်ငှားကိုယ်စားလှယ်ကမေးသည်။

'ရှင့်ဘက်က အဆင်ပြေရင် ကျွန်မတို့ မနက်ဖြန် စပြောင်းချင်တယ်'

နှစ်ယောက်စလုံး ပြုံးလိုက်ကြသည်။

'အိမ်ရှင်တွေကတော့ ဝမ်းသာကြမှာပဲ၊ သူတို့ထွက်သွားတာ တစ်လတောင်ရှိသွားပြီ'

သည်အိမ်ကို ယခင်က လုံးဝ မငှားခဲ့ဖူးသေးသည်မှာ အလွန်ကံကောင်း၏။

'ဒီတော့ စာရေးဆရာမကို ခေါ်ပြဖို့ လိုသေးသလား'

'မလိုတော့ပါဘူး၊ သူက သိပ်ပြီး အလုပ်များနေတယ်'

'ဒါဆို ကျွန်တော် ရုံးခန်းပြန်ပြီး စာချုပ်လိုက်ကြတာပေါ့'

'အကောင်းဆုံးပါပဲ'

နောက်တစ်နာရီခန့် အကြာတွင် ဘာဘရာသည် အဆိုပါ တိုက်အိမ်ကလေးအား တစ်နှစ်တာငှားရမ်းစာချုပ်ကို လက်မှတ်ရေးထိုးသည်။

နောက် တစ်နေ့တွင် သူနှင့် ဒက်ဖနီတို့ ထိုအိမ်သို့ ပြောင်းရွှေ့လာကြတော့သည်။

*

ထိုနေ့ညတွင် ဒက်ဖနီတွင် တစ်ခန်းဝင် တစ်ခန်းထွက်ဖြင့် တစ်အိမ်လုံးကို လျှောက်ကြည့်သည်။ တခါတရံ နေရာသစ်အိမ်သစ်တွင် အလုပ်လုပ်ရသည်မှာ တော်တော်နှင့် အနေမကျနိုင်ဖြစ်နေတတ်သည်။ သူသည် သူ့ ပစ္စည်းတွေကို နေသားတကျ သိမ်းဆည်းသည်။ လက်နှိပ်စက်ကို သူ့အခန်းထဲမှ စားပွဲပေါ် တင်ထားလိုက်သည်။ အားလုံးအဆင်သင့် ဖြစ်နေကြပြီ။

သို့သော် ဘာဘရာက အိမ်မှာ မရှိ။ အပြင်ထွက်သွားသည်။ ဘယ်သွားမည်ဟုလည်း ဒက်ဖနီအား မပြောခဲ့။ သူ့ကြည့်ရတာ လော့စ်အိန်ဂျလိသို့ ရောက်လာပြီး တော်တော် လွတ်လပ်လာသည်။ မြူးမြူးကြွကြွဖြစ်လာသည်။ ဒက်ဖနီ ဝမ်းသာ





သည်။ သူ့ဘဝက တစ်လျှောက်လုံး ပျော်စရာကင်းမဲ့လာခဲ့သည်။ ယခု သည်ဒေသတွင် သူ ပျော်နေတာမြင်ရတော့ ဒက်ဖနီလည်း ပျော်မိသည်။

သို့သော် ယခုအချိန်တွင်မူ ဒက်ဖနီသည် မီးဖိုခန်းထဲတွင် တစ်ယောက်တည်းထိုင်ကာ သူ့ဇာတ်ညွှန်းအကြောင်းကို စိတ်ကူးရင်း ကြက်ဥကြော် စားနေရာမှ ရုတ်တရက် လွမ်းစိတ်ဝင်လာသည်။ သားကလေးကို သွား၍ သတိရမိသည်။ သားကလေးနှင့်အတူ နေခဲ့စဉ်က ဖြစ်ရပ်များကို ပြက်ပြက်ထင်ထင် မြင်ယောင်လာမိသည်။

သူသည် တွေးရင်းတွေးရင်း ဝမ်းထဲကလှိုက်တက်လာသဖြင့် ကြက်ဥပန်းကန်ကို လက်နှင့်တွန်းဖယ်လိုက်ပြီး စားပွဲတွင် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုပါလေတော့သည်။

အတော်ကလေးကြာတော့မှ ခေါင်းကို ပြန်မော့ပြီး မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။ သူသည် စိတ်ထဲတွင် နေမထိထိုင်မထိ ဖြစ်နေသည်။ အဖော်မဲ့ပြီး အားငယ်စိတ်ဝင်လာသည်။ တစ်ယောက်ယောက်နှင့် စကားပြောလိုက်ချင်စိတ် ဖြစ်ပေါ်လာသည်။ ရုတ်တရက်ပင် မက်သယူးကို သတိရမိသည်။

သို့ဖြင့် အရှေ့ပိုင်းတွင် ဘယ်အချိန်ရှိနေပြီဆိုသည်ကို သိရအောင် နာရီကိုပင် ကြည့်မနေတော့ဘဲ မီးဖိုခန်းနံရံမှ တယ်လီဖုန်းဆီသို့ ပြေးလာခဲ့သည်။ လက်တွေ တုန်ယင်စွာဖြင့် ဖုန်းနံပါတ်ကို လှည့်သည်။ သူနိုးမှ နိုးပါ့မလားဟုတွေးရင်း ရင်ဖိုနေသည်။

သူလှည့်သော ဖုန်းနံပါတ်မှာ ယခင် မစ္စက်ကာတစ်၏ သီးသန့်ခန်း နံပါတ်ဖြစ်သည်။ ခဏကြာတော့ တစ်ဖက်မှ အသံကြားရသည်။ ဟုတ်ပြီ။ သူ မအိပ်သေး။

'မက်လား ဟင်၊ ကျွန်မ ဒက်ဖနီပါ၊ ကျွန်မ ဆက်တာ သိပ်များ ညနက်နေပြီလား မသိဘူး'

'အရေးမကြီးပါဘူး ဒက်ဖ်၊ ကိုယ်အခု ဒီမှာ အလုပ်လုပ်နေတုန်း ရှိပါသေးတယ်'

'ကျွန်မဖြင့် ဖြစ်နိုင်ရင် သားလေးဆီ ပြေးလို့သာ လာလိုက်ချင်တော့တယ်ရှင်'

မက်သယူးက ငြိမ်ပြီး နားထောင်နေသည်။ အတော်ကလေး ကြာတော့မှ

'လာချင်ရင် အနီးကလေးပါ ဒက်ဖ်၊ ဒါနဲ့ နေလို့ရော ကောင်းပါတယ်နော်'

'ဟုတ်ကဲ့ နေလို့တော့ ကောင်းပါတယ်၊ ဒါပေမယ့် သိပ်ပြီး အထီးကျန်နိုင်တဲ့ဘဝပဲ'

'စာရေးတဲ့ အလုပ်ကိုကလဲ အထီးကျန် အလုပ်ပဲ'

'ဒီအထဲ တစ်ဦးတည်းသော သားကလေးနဲ့ ခွဲနေရတယ် ဆိုတော့ ပိုဆိုးတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ရှင်၊ ဟိုးဝပ်ကျောင်းမှာ လုပ်ရတာ ဘယ့်နှယ်လဲ၊ အဆင်ပြေရဲ့လား'

'အခက်အခဲတော့ အများကြီး တွေ့ရတာပဲ၊ ဒါပေမယ့် စိတ်ရှည်ရှည်နဲ့ ဖြေရှင်းလို့ ရပါတယ်၊ ကျွန်တော်က ကြိုတင်ပြေလာ ထားပြီးတော့မှ ဝင်လာတော့ လုပ်ရတာ သိပ်မဆိုးလှဘူးပေါ့၊ ပြဿနာကတော့ တစ်ခုမဟုတ် တစ်ခု နေ့တိုင်းပေါ် နေတာပါပဲ ဒက်ဖ်၊ ကျွန်တော်တို့က တဖြည်းဖြည်းနဲ့ အပြောင်းအလဲတွေတော့ လုပ်နေပြီ၊ သိပ်တော့ မထူးခြားသေးပါဘူး၊ ထူးခြားတာရှိရင် ကျွန်တော် ခင်ဗျားဆီ ဖုန်းဆက်ပြောပါ့မယ်'

'ကျေးဇူးပါပဲ မက်'

ထို့နောက် နှစ်ဦးစလုံး ငြိမ်ချက်သားကောင်းနေကြသည်။ အတန်ကြာတော့မှ မက်သယူးက

'ဒါနဲ့ အဲဒီက အိမ် ဘယ်လိုပဲ၊ တော်တော်ကောင်းရဲ့လား'

ဒက်ဖနီက အိမ်အကြောင်း အစုံအလင်ပြောပြသည်။ နာမည်ကျော် ရုပ်ရှင်မင်းသားလင်မယားပိုင်သော အိမ်ဖြစ်ကြောင်း သိရသောအခါ မက်သယူးက အလွန်စိတ်ဝင်စားမိသည်။ မက်သယူးနှင့် ယခုလို စကားပြောရသည့်အတွက် ဒက်ဖနီအဖို့ စိတ်ပြေလက်ပျောက် ရှိသလို ထင်မိသည်။ မက်သယူးက ခံစားတတ်သည်။ အကြင်နာတရားရှိသည်။ ပညာဉာဏ်လည်း ရှိသည်။ ပြီးတော့ စိတ်ခတ်လည်း ခိုင်မာသည်။

သို့သော်လည်း ဒက်ဖနီအဖို့ သားကလေးအား တသသ အောက်မေ့လွမ်းဆွတ် စိတ်ကတော့ ပျောက်၍မသွား။ အမြဲတမ်းသာ တိုးပွားလျက်ရှိသည်။

'ကျွန်မ ရှင်တို့ အားလုံးကို သိပ်ပြီး သတိရပါတယ်' ဒက်ဖနီ သတိရသည့် လူတွေထဲတွင် သူလည်း ပါဝင်သဖြင့် မက်သယူးက ဝမ်းသာသွားမိသည်။

'ကျွန်တော်တို့ကလဲ ခင်ဗျားကို အမြဲတမ်း သတိရလို့ပါပဲ ဒက်ဖ်' သူ့အသံက နွေးထွေးသည်။ ဒက်ဖနီ၏ ရင်ထဲတွင် မသိမသာလှုပ်ရှားသွားသည်။ ခဏတာမျှ တွေ့ခဲ့ရသော လူတစ်ယောက်ကို သူက ဘာကြောင့်များ ခင်မင်နေမိပါလိမ့်။ ဘယ်လိုပင် ဖြစ်ဖြစ် မက်သယူးသည် သူ့အတွက် အကောင်းဆုံးမိတ်ဆွေတစ်ဦး ဖြစ်သည်ကတော့ သေချာသည်။

'ရှင်နဲ့ ပြောခဲ့တဲ့ စကားတွေ ကျွန်မ အမြဲကြားယောင်နေပါတယ် မက်'

'ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ်၊ လာမယ့်အပတ် ရက်အားမှာ ခင်ဗျား ကျွန်တော်တို့ဆီ လာနိုင်ပါစေလို့ပဲ ဆုတောင်းနေရတော့တာပဲဗျာ'

'ကျွန်မလဲ သိပ်လာချင်ပါတယ်၊ ဒီမှာနေရတာ အခြေအနေကောင်းပေမယ့် ကျွန်မကတော့ မိုင်ပေါင်းများစွာဝေးတဲ့ သီးခြားကမ္ဘာတစ်ခုကို ရောက်နေသလိုပဲ ထင်နေမိတယ်'





'ခင်ဗျား မကြာခင် ပြန်လာရမှာပါ၊ ဒီအလုပ်က ခင်ဗျားအတွက် အခွင့်ကောင်းကြီးပဲ။ အဲဒီအချက်ကို အမြဲတမ်းသတိရပါ၊ ကျွန်တော်တို့က အနာဂတ်မှာ လေ့လာစရာတွေ အများကြီးရှိပါသေးတယ်'

'ဟုတ်ပါတယ်၊ ကျွန်မလဲ အဲဒီလိုပဲ တွေးမိပါတယ်၊ ဒါနဲ့ ဟိုးဝပ်ကျောင်းမှာ ဘယ်လိုလဲ၊ ရှင် မျှော်လင့်သလို ဖြစ်လာရဲ့လား'

'ခု အထိတော့ သိပ်မဆိုးပါဘူး၊ ဒါပေမယ့် ဆိုးတာက ကျွန်တော်လဲ နယူးယောက်ကို ပြန်လွမ်းနေတာပဲ၊ ခင်ဗျားလိုပဲ ဖြစ်နေပြီလေ၊ နယူးဟမ်းပရှိုင်းယားက သိပ်ပြီး တိတ်ဆိတ်တာပဲ ဗျာ'

ဒက်ဖနီက သိမ့်သိမ့်ကလေး ရယ်လိုက်သည်။

'ကျွန်မလဲ အစက အဲဒါကို ဘာမှ မသိခဲ့ပါဘူး၊ သားလေးကို ကျောင်းအပ်ဖို့ သွားတော့မှ အဲဒီတိတ်ဆိတ်ခြင်းနဲ့ တွေ့ရတာ၊ ကျွန်မတော့ တိတ်ဆိတ်ခြင်းကို နားထောင်ပြီး နေသားကျအောင် ကျင့်ယူခဲ့တာပဲ'

'ဘယ်လို ကျင့်ယူတာလဲ'

'ကျွန်မက အလကားမနေဘူးလေ၊ ငြိမ်ဆိတ်နေတဲ့အချိန်မှာ တစ်ယောက်တည်း ထိုင်ပြီးနေ့စဉ်မှတ်တမ်းရေးတယ်၊ ဒီအလုပ်ဟာ ကျွန်မရဲ့အနီးကပ်အဖော်ပဲ၊ နေ့စဉ်မှတ်တမ်းတွေက ဆောင်းပါးတွေ ဖြစ်လာတယ်၊ အဲဒါတွေအခြေခံပြီး ဝတ္ထုတို ရေးတယ်၊ အဲဒီကမှတဆင့် ဝတ္ထုစရေးတာပဲ၊ ခုကျတော့ ဘယ်လိုဖြစ်နေသလဲ၊ အနောက်ဘက်ကမ်းခြေလာပြီး ဘယ်လိုရေးရမှန်းမသိတဲ့ ဇာတ်ညွှန်းကို ရေးနေရတယ်၊ တကယ်တော့ ရှင်ကကျွန်မထက် ကံကောင်းပါသေးတယ်၊ မကြာခင်မှာ တိတ်ဆိတ်ခြင်းနဲ့ သဟ ဇာတဖြစ်သွားမှာပါ၊ လောလောဆယ်တော့ အောင့်အည်း နေလိုက်ပေါ့ရှင်'

နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။

'ဒါနဲ့ မစ္စဖီးလ်ဒ်၊ ခင်ဗျား အခုပြောနေတာက မကျေနပ်ချက်တွေကို ရင်ဖွင့်နေတာလား'

ဒက်ဖနီက ပြုံးလိုက်သည်။

'မဟုတ်ပါဘူး၊ ကျွန်မက ညည်းနေတာပါ၊ ဒီည ဒီမှာ တစ်ယောက်တည်း ထိုင်နေရတာ သေချင်စော်နံ့အောင် ပျင်းနေတာပဲ၊ ဒါကြောင့် ရှင့်ဆီ ဖုန်းလှမ်းဆက်တာ'

'ဒါပြောတာ ရှက်စရာမရှိပါဘူးဗျာ၊ ကျွန်တော် တစ်နေ့ညက ကျွန်တော့်ညီမဆီ ဖုန်းဆက်တာ မျက်ရည်တောင် ကျမိပါတယ်ဗျာ၊ ကျွန်တော်က ဒီကအခြေအနေတွေကို တူမလေးကို ပြောပြတယ်၊ တူမလေးကတစ်ဆင့် သူ့အမေ ကျွန်တော့်ညီမကိုပြောပြတော့ ကျွန်တော့အဖြစ်ကို ကိုယ်ချင်းစာပြီး နည်းနည်းပါးပါးများ မျှဝေ



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှု ရမလားဆိုပြီး ဆက်မိတာပါ'

'ဆက်တော့ သူက ဘာပြောသလဲ'

'ကျေးဇူးမသိတဲ့ အလကားလူတဲ့ဗျာ၊ သူက ကျွန်တော့်ကို အဲဒီလို ပြောတယ်၊ ကျွန်တော်က နယူးယောက်တန်းကထက် လစာ နှစ်ဆရလို့ ဒီမိန်းငြိမ့်နေတယ်တဲ့၊ ကျွန်တော့်ညီမက အဲဒီလို ညီမဗျ၊ သူပြောတာလဲ မမှားပါဘူး၊ ဒါပေမယ့် ကျွန်တော်ကတော့ ကိုယ့်ဒုက္ခနဲ့ကိုယ်ခံနေရတာပေါ့၊ ကျွန်တော်က ကြင်နာမှုကို လိုချင်တယ်၊ ရတော့ အပြစ်ပြောခံရတဲ့ ဆုလဒ်ပဲရတယ်၊ ဒီလိုဖြစ်လာမယ်ဆိုတာ ကျွန်တော် တွေးမိပါတယ်၊ ဒါကြောင့်မို့လဲ မက္ကစီကိုကို ထွက်မပြေးခင်က ကျွန်တော့် ညီမကို ကျွန်တော် အဲဒီအကြောင်း ပြောပြခဲ့တာပဲ'

'အဲဒီမှာ နေရတာ ဘယ်လိုနေသလဲ'

ဒက်ဖနီက အလုပ်ဆက်လုပ်ချင်စိတ် မရှိတော့။ မက်သယူးနှင့် စကားပြောနေရတာကိုပဲ ပျော်နေမိသည်။

'မက္ကစီကို ကတော့ ကျွန်တော် အကြိုက်ဆုံးပဲဗျ၊ ကျွန်တော်တို့ မက္ကစီကို စီးတီးမှာ ခဏနေပြီးတော့ ပွာတိုဗာလတာမြို့ကလေးကို ပြောင်းနေကြတယ်၊ အဲဒီမှာက အင်္ဂလိပ်စကားပြောတဲ့လူတစ်ယောက်မှ မရှိဘူး၊ အားလုံး စပိန်လိုပဲပြောကြတာ၊ ဒါနဲ့ မာသာလဲ နှုတ်ခမ်းလှုပ်တာကြည့်ပြီး စပိန်စကားနားလည်သွားတော့တာပေါ့'

'သူက တော်တော် တော်တဲ့ အမျိုးသမီးပဲ နော်'

'ဟုတ်တယ် ၊ တော်တော် တော်တယ်၊ ခင်ဗျားနဲ့ သိပ်တူတာပဲ၊ ဖွဲ့သတ္တိလဲ ရှိတယ်၊ နှလုံးသားလဲ ရှိတယ်၊ ဒီနှစ်ခု ပြည့်စုံဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ အများအားဖြင့် ဘဝကြမ်းကို ရုန်းကန်ရတဲ့လူတွေဟာ စိတ်လဲကြမ်းလာတတ်တယ်၊ ဒါပေမယ့် သူက ဘယ်တော့မှမကြမ်းဘူး၊ ခင်ဗျားလဲ အဲဒီလိုပါပဲ၊ ဒါနဲ့ ခင်ဗျားမိတ်ဆွေအကြောင်း မစ္စက်အိုဘာမီးယားက ကျွန်တော့်ကို ပြောပြတယ်၊ ခင်ဗျား ကျွန်တော့်ကိုပြောပြတဲ့ ဟိုလူလေ၊ ဒီလူက တကယ်တော်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ'

'ဟုတ်ပါတယ်၊ တကယ်တော်ပါတယ်၊ သူသာ အသက်မသေဘဲ ရှိခဲ့ရင်၊ ဒါမှမဟုတ် ဂျက်ဖ်သာရှိခဲ့ရင် ကျွန်မဘဝ ဘယ်လိုများနေမလဲလို့တောင် ကျွန်မဒီနေ့ တွေးမိပါသေးတယ်၊ အခုလို ဒီမှာလာပြီး ဦးနှောက်တွေ ညှစ်ထုတ်ပြီး တစ်ဖြောင်းဖြောင်းနဲ့ လက်နှိပ်စက် ရိုက်နေရမှာ မဟုတ်ဘူးလို့ ကျွန်မထင်တယ်'

'တစ်ဖက်က ကြည့်ရင် ခင်ဗျား အနေနဲ့ ကံကောင်းတယ်လို့တောင် ပြောရမလို ဖြစ်နေတယ် ဒက်ဖနီ၊ ခင်ဗျားဟာ ဘဝမှာ ကြေကွဲစရာတွေနဲ့ အများကြီး ကြုံခဲ့ရတယ်၊ ဒါပေမယ့်ခင်ဗျားကအဲဒါတွေကို ကိုယ့်ဘဝရပ်တည်မှုအတွက် ပြန်ပြီးအသုံးချနိုင်ခဲ့တယ်၊ ဒါဟာ ခင်ဗျားဘဝမှာ အလွန်လှတဲ့ အစိတ်အပိုင်းပါပဲ၊ တစ်နည်းအားဖြင့်





ခင်ဗျားရဲ့ အောင်မြင်မှုလို့ပဲ ပြောနိုင်ပါတယ်'

ဒက်ဖနီကတော့ သူ့ကိုယ်သူ အောင်မြင်မှုရနေသော လူတစ်ယောက်ဟု ဘယ်တုန်းကမျှ မထင်မိခဲ့။ ဘဝရပ်တည်မှုရခဲ့သူ တစ်ယောက်အဖြစ်သာ ထင်မိသည်။ သို့သော် လူတွေကတော့ သူ့ကိုအောင်မြင်သူဟု ထင်ကြသည်။ မှန်ပါသည်။ သူသည် လောကဓံတရားကို အောင်နိုင်ခဲ့သည်။ ယခုနာမည်ကျော် စာရေးဆရာမ တစ်ယောက် ဖြစ်နေပြီ။

သို့သော် လူ့ဘဝတွင် သည်မျှနှင့်မပြီးသေး။ မပြည့်စုံသေး။ သည်အကြောင်းကို သူသာသိသည်။ ဘဝတွင် အရေးကြီးသောအရာတွေ အများကြီးရှိသေးသည်။ ထိုအရာတွေကို သူမရရှိသေး။ မည်သို့ပင်ဖြစ်စေ မက်သယူးဒိန်းနှင့်စကားပြောရသည်မှာ စိတ်ချမ်းသာစရာတော့ ကောင်းသည်။ သူ့အကြောင်းနှင့် လူ့ဘဝအကြောင်းကို ပို၍ နားလည်ခံစားတတ်လာသလို ထင်မိသည်။

'ရှင်ကတော့ ကျွန်မအတွက် တကယ့် မိတ်ဆွေကောင်းပဲ မက်၊ ရှင်ဟာ ကျွန်မကို ဘဝအကျဉ်းထောင်ထဲကနေပြီး အပြင်လောကကြီးထဲကို ထွက်ပြေးချင်အောင် လှုံ့ဆော် ပေးနိုင်တယ်'

'အပြင်လောကကြီးက တကယ်လဲ လှပါတယ် ဒက်ဖနီ၊ ဒါကြောင့် ခင်ဗျားအနေနဲ့ လောကကို အနိုင်ယူစမ်းပါ'

'ဒါနဲ့ သားကလေးကို စက်ဘီးစီး သင်ပေးတာ ဘယ်သူလဲ ဟင်'

သူက မမေးခင်က သိထားပြီးပြီ။

'ကျွန်တော်သင်ပေးတာပါ၊ ဒီနေ့ အချိန်အားတာနဲ့ စိတ်ကူးရပြီး သင်ပေးတာ၊ တခြားကလေးတွေ စီးတာကို သူက ငေးကြည့်နေတာ ကျွန်တော်သတိထားမိတယ်၊ ဒါနဲ့ ကျွန်တော်တို့ နှစ်ယောက် စမ်းကြည့်ကြတာပဲ၊ သင်တာ တစ်ရက်ပဲ ရှိသေးတယ်၊ တော်တော့်ကို ဟန်နေပြီ'

'ကျေးဇူးတင်ပါတယ် မက်'

'အန်ဒရူးကလေးက ကျွန်တော့် မိတ်ဆွေလို ဖြစ်နေပြီဗျ'

'ဒါဆို သူ သိပ် ကံကောင်းတာပေါ့'

'သူ ကံကောင်းတာ မဟုတ်ပါဘူး၊ ကျွန်တော် ကံကောင်းတာပါ၊ ကျွန်တော်နဲ့ အန်ဒရူးကလေးတို့ မိတ်ဆွေဖြစ်တာကို တခြားကလေးတွေကလဲ သဘောကျကြပါတယ်'

'ကဲ ဒီလောက်ဆို ကျေနပ်လောက်ပါပြီ၊ ပြောကြတာတွေလဲ စုံသွားပြီ၊ ရှင်ရော ကျွန်မရော လုပ်စရာတွေလဲ ရှိသေးတယ်၊ သားလေးကို ကျွန်မ နှုတ်ဆက်လိုက်ကြောင်း ပြောပြပါ'



www.burmeseclassic.com

www.burmeseclassic.com

'စိတ်ချ၊ ပြောပြလိုက်ပါ့မယ်၊ ဒါနဲ့ ... ဒက်ဖနီ'

သူက ခေတ္တ ရပ်နေသည်။ ပြီးတော့မှ ... 'ဩော် တခြား မဟုတ်ပါဘူး။ ကျွန်တော့်ဆီ ဖုန်းဆက်တာ အများကြီး ဝမ်းသာပါတယ်လို့ ပြောမလို့ပါ'

'ကျွန်မလဲ ဝမ်းသာပါတယ် မက်၊ နောက်လဲ မကြာခင် ပြန်ဆက်ဦးမယ်'

ဒက်ဖနီသည် တယ်လီဖုန်းကို ပြန်ချပြီး၊ အလုပ်စားပွဲသို့ လျှောက်လာသည်။ လုပ်လက်စ အလုပ်များကို တစ်ချက်ကြည့်ပြီးနောက် အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။

အဝတ်အစားတွေချွတ်ပြီး ရေချိုးဝတ်စုံကြီးကောက်စွပ်လိုက်သည်။ ထို့နောက် ရေကူးကန်ဘက်သို့ ထွက်လာခဲ့သည်။

အသားနှင့်ရေနှင့်ထိတော့ နွေးထွေးသွားသည်။ မက်သယူးအကြောင်းကို တွေးရင်း ရေကူးနေသည်။ ခဏကြာတော့ ကန်ထဲမှ ပြန်တက်သည်။ စိတ်ရော ကိုယ်ရော လန်းဆန်းသွားသည်။ အဝတ်အစားလဲပြီးနောက် အလုပ်စားပွဲတွင် ဝင်ထိုင်သည်။ ထို့နောက်တွင်တော့ လက်နှိပ်စက်သံ တဖြောက်ဖြောက်ဖြင့် ဇာတ်ညွှန်းကိုသာ စိတ်ပါလက်ပါ ဆက်ရေးနေတော့သည်။

သို့သော် ... ထိုအချိန်တွင် နယူးဟမ်းပရှိုင်းယားနယ်မှ မက်သယူးဒိန်းကတော့ လုပ်စရာ အလုပ်တွေကို ပစ်ထားလိုက်ပြီးနောက် လျှပ်စစ်မီးများကို ပိတ်လိုက်သည်။ ပြီးတော့ မီးလင်းဖိုထဲသို့ ငေးစိုက်ကြည့်ရင်း ဒက်ဖနီ အကြောင်းကိုသာ တွေးနေမိလေသည်။

* * *

## အခန်း ( ၂၃ )

တွမ်နှင့် ဘာဘရာတို့သည် ရေကူးကန်ဘေးတွင် လှဲရင်း စကားပြောနေကြသည်။ ဒက်ဖနီနှင့်ဘာဘ. ရာတို့ အိမ်သစ်သို့ ပြောင်းလာသည်မှာ ရက်သတ္တ နှစ်ပတ်မျှ ရှိခဲ့ပြီ။ သို့သော် ထိုရက်များအတွင်း ဘာဘရာသည် ဒက်ဖနီနှင့်ဆုံဖြစ်ရုံမျှသာ ရှိသည်။ ဟုတ္တိပတ္တိ စကားပြောဖြစ်သည့်နေ့ မရှိသလောက်ပင် ဖြစ်သည်။

ဒက်ဖနီမှာ သူ့အလုပ်တွင်သာ စိတ်ဝင်စားနေသည်။ ပတ်ဝန်းကျင်တွင် ဘာတွေ ဖြစ်ပျက်နေသည်ကို သတိပင်မရ။ ဘာဘရာက ဒက်ဖနီအား ကူညီစရာ ရှိသမျှကို ကူညီလုပ်ကိုင်ပေးသည်။ ပြီးလျှင် ညနေပိုင်း တွမ်ဆီသို့ ထွက်လာတတ်သည်။

ချစ်သူများဘဝ ရောက်လာခဲ့ကြသည့် နှစ်ပတ်အတွင်း သူတို့နှစ်ယောက်၏ ဘဝသည် သိသိသာသာ ပြောင်းလဲသွားသည်။

ရေကန်ဘေးတွင် လှဲအိပ်လျက် ဝင်လုဆဲနေဝန်းကြီးကို တစိမ့်စိမ့် ကြည့်ရင်း တွမ်က ဘာဘရာအား တင်းကျပ်စွာ ဖက်ထားသည်။

'ဒက်ဖနီက ဘယ်လိုမိန်းမစားမျိုးလဲ ဘာဘရာ'

တွမ်က မေးသည်။ သူက ဒက်ဖနီအကြောင်းကို အမြဲတမ်း စိတ်ဝင်စား


www.burmeseclassic.com

www.burmeseclassic.com



သည်။

'သူက သိမ့်ကြိုးစားတယ်၊ စိတ်ကောင်းရှိတယ်၊ တစ်ဖက်သားကို ကြင်နာတတ်တယ်၊ ပြီးတော့ အားငယ်တတ်တယ်'

'ဟုတ်တာပေါ့ သူက တော်တော် စိတ်ဆင်းရဲခဲ့ရတာကိုး၊ သူများဆိုရင် စိတ်ထောင်း ကိုယ်ကြေဖြစ်ပြီး သေသွားတာကြာပြီ'

'ဒါပေမယ့် ဒက်ဖနီက မနေသေဘူး၊ အဲဒါ သူနဲ့ပတ်သက်ပြီး ထူးခြားတဲ့ အချက်ပဲ၊ သူက တည်ငြိမ်တယ်၊ သိမ်မွေ့တယ်၊ ဘယ်သူနဲ့မှမတူအောင် ပွင့်လင်းတယ်'

'အဲဒါတော့ ကိုယ် မယုံဘူး'

'ဘာဖြစ်လို့ မယုံတာလဲ၊ ကျွန်မက တကယ်ပြောတာ'

'ဘာဖြစ်လို့ မယုံသလဲဆိုရင် လောကမှာ ဟောဒီ အခုံ ကလေးလောက် တည်ငြိမ်သိမ်မွေ့တဲ့ အမျိုးသမီးကို ကိုယ်လုံးဝ မတွေ့ဖူးသေးလို့ဘဲ' ဘာဘာရာ ဘဝင်ခွေ့သွားသည်။ သူ့ကိုယ်သူ ကံကောင်းသည်ဟုလည်းထင်မိသည်။ တကယ်လည်း မှန်နေသည်။ သူက ဒက်ဖနီထက် ကံကောင်းသည်။

တွမ်က ဘာဘာရာအား ညင်သာယုယစွာ နမ်းသည်။ သူ့တစ်သက်တွင် အပျော်ဆုံးအချိန်ဟု ထင်မိသည်။ ဘာဘာရာသည် လွန်ခဲ့သော နှစ်ပတ်အတွင်း နွေဦးပန်းပမာ ပွင့်လန်းလာခဲ့သည်။ သူအလွန်ပျော်နေသည်။ တချိန်လုံးပြုံးရွှင်ရယ်မောနေသည်။ မျက်လုံးတွေကလည်း ယခင်နှင့်မတူတော့ဘဲ ရွှန်းလက်တောက်ပလာကြသည်။

'အချစ်ကိုယ်ပဲ အချစ်ပြန်တွေးကြည့်လေ၊ အချစ်လဲပဲ ဘဝကြမ်းကို ရုန်းကန်လာခဲ့ရတာပဲ မဟုတ်လား၊ အဲဒီလိုကြုံရရင် ဘယ်သူများတည်ငြိမ်မှုရှိနိုင်ပါ့မလဲ၊ ဒါပေမယ့် အချစ်ကတည်ငြိမ်တယ်၊ ဘဝကြမ်းကို ရုန်းကန်ကျော်လွှားနိုင်တယ်၊ ကိုယ်ကတော့ အဲဒီလိုမဟုတ်ဘူး၊ ဘဝအဖော် ရှိခဲ့ပေမယ့် အဖော်မဲ့ဘဝမျိုး ရောက်ခဲ့ရတယ်၊ ဘဝအမောသမား ဖြစ်ခဲ့ရတယ်'

'ဂတ်စီကုန်တိုက်မှာ ကျွန်မတွေ့တဲ့နေ့ကတော့ မောင့်ရုပ်က အဲဒီလိုအရိပ်လက္ခဏာမျိုး လုံးဝမရှိပါလား'

ဘာဘာရာက စလိုက်သည်။ အဲလွိုက်က လွန်ခဲ့သော နှစ်ပတ်ကတည်းက တွမ်၏ဘဝထဲမှ ထွက်ပြေးသွားခဲ့ပြီ။ ရုပ်ရှင်မင်းသားကလေးတစ်ယောက်နောက်သို့ ကောက်ကောက်ပါသွားခဲ့ပြီ။

တွမ်သည် အိမ်ထောင်ရှင်ဘဝတွင် အိမ်ထောင်ရေး ပျော်ရွှင်မှုကို မရခဲ့။ သူက သူ့အကြောင်းကို ဘာဘာရာအား အိတ်သွန်ဖာမှောက် ရင်ဖွင့်သည်။ သူအလွန် စိတ်ထိခိုက်ခဲ့ရသည်။ ဘာဘာရာအား ရှေ့နေကြီး ပစ်သွားခဲ့ခြင်းထက် တွမ်အား သူ့ဇနီးက ပစ်သွားခဲ့ခြင်းက ပို၍စိတ်ထိခိုက်စရာ ကောင်းသည်။ ဘာဘာရာကလည်း သူ့





အကြောင်း တွမ်အား မကွယ်မဝှက် ပြောပြသည်။ နောက်ဆုံး သူ့ဘဝတွင် စိတ်အဆင်းရဲရဆုံးအချက်မှာ အိမ်ထောင်ပြုသည့်တိုင်အောင် အသက်ကြီးနေပြီဖြစ်၍ သားသမီး မရနိုင်တော့ခြင်းပင် ဖြစ်သည်ဟု ပြောပြသည်။

'မရှုးစမ်းပါနဲ့၊ အချစ်က ကိုယ့်ကိုယ်ကိုယ် အဘွားကြီးများ မှတ်နေလား၊ ဒါနဲ့အသက်ဘယ်လောက်ရှိပြီလဲ'

'လေးဆယ်'

တွမ်က လေးဆယ့်နှစ်နှစ်။

'ဒီခေတ်မှာ အမျိုးသမီးတွေ အသက်လေးဆယ့်ငါး ငါးဆယ်ရှိတောင်မှ ကလေးမွေးကြပါသေးတယ်၊ လေးဆယ်ဆိုတာ သိပ်မကြီးလှသေးပါဘူး၊ ကလေး မမွေးနိုင်တော့တဲ့ တခြားအကြောင်း တစ်ခုခုများ ရှိနေလို့လား'

'ဟင့်အင်း၊ အဲဒါမျိုးတော့ရှိမယ် မထင်ပါဘူး'

သို့သော် ကလေးဖျက်ချခဲ့ဖူးသည့်အတွက် သူ့ကိုယ်သူတော့ အမြဲတမ်း သံသယ ရှိနေမိသည်။ 'ဒါပေမယ့် ကျွန်မအနေနဲ့ နောက်ကျသွားပါပြီ၊ ကလေးမွေးဖို့အရွယ် မဟုတ်တော့ပါဘူး'

'ဘာလို့ အရွယ်မဟုတ်ရမှာလဲ၊ လိုချင်ရင် မွေးပေါ့၊ မွေးနိုင်တဲ့ အချိန်မှာ မွေးတာ ဘယ်သူ့ကို ရှက်နေစရာရှိသလဲ၊ မိဘတွေအတွက် သားသမီးဆိုတာ စိတ်ချမ်းသာစရာ ရတနာတစ်ပါးပါ အချစ်ရယ်၊ ကိုယ်ဆိုရင် တခြားအကြောင်းကြောင့် စိတ်ဆင်းရဲရပေမယ့် သားသမီးတွေ ရှိနေတာကြောင့် အများကြီး ပျော်ရွှင်ချမ်းမြေ့ရတာပဲ'

တွမ်က ဘာဘာရာအား သူ့သမီးကလေး အလက်ဇန္ဒရာ(အလက်)နှင့် မိတ်ဆက်ပေးခဲ့သည်။ သားသမီးတွေကြောင့် သူ့စိတ်ချမ်းသာခဲ့ရကြောင်း ဘာဘာရာ ကိုယ်တွေ့မြင်တွေ့ရသည်။ သမီးကလေးက ချက်ချက်ချာချာနှင့် အလွန်ချစ်စရာကောင်းသည်။ ရုပ်ရည်ကလည်း အလွန်ချောသည်။ ရုပ်က မိခင်နှင့်တူပြီး စိတ်က ဖခင်နှင့်တူသည်။

ဘာဘာရာသည် တွမ်၏သားကြီးရောဘတ်(ဘော့ဘ်)နှင့်မတွေ့ရသေး။ သို့သော် ဖအေတူသားဆိုတာတော့ သူ့အဖေပြော၍သိရသည်။ ဘော့ဘ်ကို တွေ့ရလျှင် ချစ်ခင်မိလိမ့်မည်ဟု ယုံကြည်သည်။

*

ဘာဘာရာနှင့်တွမ်တို့ တွဲနေကြသည်မှာ တစ်လခန့်ပင် ရှိခဲ့ပြီ။ သို့သော် သည်ကိစ္စကို ဘာဘာရာက ဒက်ဖနီအား တစ်ခွန်းတစ်ပါဒမျှ မပြောသေး။ လုံးဝ လျှို့ဝှက်ထားသည်။

တစ်နေ့မနက်တွင် ဘာဘာရာအိမ်သို့ ပြန်လာတော့ ဒက်ဖနီအား ဧည့်ခန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးကြီး ထိုင်နေသည်ကို တွေ့ရသည်။

'ဒါက ဘာဖြစ်နေတာလဲ အမိ'

'ပြီးပြီလေ'

'ဘာ ပြီးပြီလဲ'

'ဓာတ်ညွှန်း ရေးပြီးသွားပြီ'

သူက ဂုဏ်ယူဝမ်းသာစွာဖြင့် ပြောသည်။ သူ့ မျက်လုံးတွေ အရောင်တောက်နေကြသည်။ မြန်မြန်ပြီးတော့ မြန်မြန်ပြန်ပြီး သားကလေးနှင့်တွေ့ရတော့မည် မဟုတ်ပါလား။

'ဟင်၊ ကျွန်မ ဝမ်းသာလိုက်တာ ဒက်ဖ်ရယ်၊ ဒါမှတို့စာရေးဆရာမကြီးကွ'

ဘာဘာရာက ဒက်ဖနီအား ဝမ်းသာအားရဖြင့် တအားဖက်ထားသည်။

ထို့နောက် အောင်မြင်စွာ ဓာတ်ညွှန်းရေးပြီးသည့် အထိမ်းအမှတ်အဖြစ် ရှမ်ပိန်ပုလင်း ဖောက်ကြသည်။ သုံးခွက်သောက်ပြီးသောအခါ ဒက်ဖနီက ဘာဘာရာအား စိမ်းစိမ်းကြီးကြည့်ပြီး မေးလိုက်သည်။

'ကဲ ... ကျွန်မတစ်ခုမေးမယ်၊ ညာမယ်တော့ မကြံလိုက်နဲ့၊ မှန်မှန်ပြောပါပဲ'

'ဘာကိုပြောရမှာလဲ'

ဘာဘာရာ၏ စိတ်သည် ခဏမျှ ဝေသွားသည်။

'ကျွန်မ အလုပ်လုပ်နေတုန်း ညတိုင်းညတိုင်း ရှင်ဘယ်ကို လစ်နေတာလဲ အဲဒါကိုပြော၊ ရုပ်ရှင်သွားကြည့်တယ်လို့တော့ မပြောလိုက်ပါနဲ့'

ဒက်ဖနီက ပြုံးပြီး မေးသည်။ ဘာဘာရာသည် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။

'ကျွန်မလဲ ပထမတော့ ညာပြောမလို့ပဲ၊ ဒါပေမယ့် ခုတော့'

သူက မျက်လုံးကလေး မှေးပြီးစကားကို ဖြတ်ထားလိုက်သည်။

'ဟုတ်ပြီ၊ ဒါဆို ကျွန်မသိပြီ၊ ဘာလဲ၊ ရှင့်မှာရည်းစားရှိနေပြီ မဟုတ်လား'

ဒက်ဖနီက လက်ညှိုးတငေါက်ငေါက် ထိုး၍ မေးလိုက်သည်။ 'ဒါပေမယ့် လက်ထပ်ဖို့တောင် လုပ်နေကြပြီလို့တော့ မပြောလိုက်ပါနဲ့နော်၊ အဲဒါတော့ တစ်ဆိတ်လောက်သည်းခံပါ ဘာဘာရာ၊ ကျွန်မတို့ ရုပ်ရှင်ရိုက်ပြီးမှ အေးအေးဆေးဆေး လုပ်စမ်းပါ'

ဘာဘာရာစိတ်ဓာတ်ကျသွားသည်။ တွမ်က သူတို့ အမြန်ဆုံး လက်ထပ်ကြဖို့ ယမန်နေ့ ညကပဲတောင်းဆိုခဲ့သည်။ ဘာဘာရာက ဒက်ဖနီ၏ သဘောမျိုးပင် အဖြေပေးခဲ့သည်။ ဒက်ဖနီအပေါ် သည်မျှသစ္စာရှိခြင်းအတွက် တွမ်ကအတော်ကလေး စိတ်ထိခိုက်သွားသည်။ သို့သော် နောက်ဆုံးမတတ်သာတော့ ဘာဘာရာဘက်မှ အဆင်





ပြေသော အချိန်အထိစောင့်ပါမည်ဟု တွမ်က သဘောတူသည်။

'ကျွန်မ အခုချက်ချင်း လက်မထပ်သေးပါဘူး ဒက်ဖ်၊ ဒါပေမယ့် အမှန်အတိုင်းဝန်ခံရရင် ကျွန်မတော့ သူ့ကို အရူးအမူး ချစ်နေမိပြီ' သူက ပြုံးပြုံးပြောသည်။ သူ့ရုပ်သွင်ကလည်း ဆယ့်လေးနှစ်သမီး အရွယ်လောက် နုပျိုသွားသလို ထင်ရသည်။

'ဒါနဲ့ ရှင်လူနဲ့ကျွန်မကိုတွေ့ပေးမလား၊ သူက လူတော်လူကောင်း တစ်ယောက်ကော ဟုတ်ရဲ့လား၊ ကျွန်မ သဘောတူနိုင်တဲ့လူ ဖြစ်ပါ့မလား'

'တွေ့ပေးပါ့မယ်၊ လူကောင်းပါ၊ ရှင်သဘောတူနိုင်မယ့်လူပါ၊ သူက အလွန်တော်ပါတယ်၊ မှုစ်စရာလဲ သိပ်ကောင်းတယ်၊ ကျွန်မတော့ သူ့ကို အသည်းစွဲ ချစ်နေမိပြီ၊ သူက ကောလိပ်တုန်းက ကျွန်မသူငယ်ချင်းမတစ်ယောက်နဲ့လက်ထပ်တာ အဲဒါတလောက ဂတ်စီကုန်တိုက်မှာ မမျှော်လင့်ဘဲ သွားတွေ့တယ်၊ သူ့နောက်က ဆံပင်နီနီနဲ့ ကောင်မလေးတစ်ယောက်တောင် ပါလာသေးတယ်၊ ပြီးတော့ ...'

ဘာဘာရာက ပြောချင်စိတ်ဇောဖြင့် တရဟောပြောချနေသည်။ ဒက်ဖနီက သူ့အဖြစ်ကိုကြည့်ပြီး ရယ်သည်။

'ဘုရားရေ၊ ရှင်တို့ဇာတ်လမ်းက ဒီအထိတောင် ရှည်လျားပါကလား၊ ကြည့်စမ်း၊ ကျွန်မဖြင့် ဘာမှတောင် မသိလိုက်ရဘူး၊ ဒါနဲ့ရှင့်လူက ဘာလုပ်သလဲ၊ ရုပ်ရှင်မင်းသား လို့ပြောဦးမှာလား' သူက ဘာဘာရာ၏ အကျိုးကိုသာ လိုလားသည်။ ဘာဘာရာကောင်းတာကိုသာ မြင်ချင်သည်။ ဘာဘာရာ အနေဖြင့် အိမ်ထောင်ရေးတွင် မိအေးနစ်ခါနာမဖြစ်စေချင်။ ဒက်ဖနီက ရုတ်တရက် မျက်မှောင်ကြုတ်သွားပြီး ..' သူက အိမ်ထောင်ရှိနေတုန်းပဲလား'

'ဟင့်အင်း မရှိတော့ဘူး၊ သူ့မိန်းမနဲ့ကွာရှင်းလိုက်ပြီ၊ သူကရှေ့နေလုပ်နေတယ်၊ ဘတ်စတာ၊ ဝုက်ဂလီ၊ ဟာရင်တန်နှင့်ရီး ရှေ့နေလုပ်ငန်းမှာ'

ဒက်ဖနီက ပြုံးလိုက်ပြီး

'အံမယ် ရှင်က တယ်သိနေပါလား'

'တစ်နေ့ကျတော့ ရှင်လဲသိရမှာပါ၊ လောလောဆယ် ကျွန်မတို့က သူတို့လုပ်ငန်းနဲ့ အဆက်အသွယ်မရှိသေးဘူး၊ ဒါပေမယ့် ကျွန်မတို့ ဒီမလာခင် အိုင်းရစ်ပြောလို့ သိရတယ်၊ တွမ်တို့ ရှေ့နေလုပ်ငန်းက ကျွန်မတို့ရုပ်ရှင်ကားနဲ့ ပတ်သက်ပြီး တွမ်စတော့ ကုမ္ပဏီအတွက် တာဝန်ယူထားတယ်တဲ့'

'သူ့ မိန်းမက ဘယ်လိုဖြစ်သွားတာလဲ'

'အော်စတင်ဝိနဲ့ လိုက်ပြေးသွားတယ်'

'ရုပ်ရှင်မင်းသားကြီးနဲ့လား၊ အင်းတော်တော်ဆိုးတဲ့ အဖြစ်ပါလား၊ ရှင့်လူတော့ တော်တော်ခံလိုက်ရရှာမှာပဲ၊ အော်စတင်ဝိက အဘိုးကြီးပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် ပိုက်ဆံသိပ်ရှိတယ်၊ ရုပ်ကလဲ အလွန်ချောတုန်းပဲ'

ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။

'ရှင့်လူနာမည်က ဘယ်သူ'

'တွမ်ဟာရင်တန်တဲ့'

'ကျွန်မ ဝမ်းသာပါတယ် ဘာဘရာ' သူက ရှမ်ပိန်အရက်ခွက်ကို မြှောက်ရင်း သူ့မိတ်ဆွေ၏ အိမ်ထောင်ရေးဘဝ ဖြောင့်ဖြူးသာယာပါစေကြောင်း ဆုတောင်းလိုက်သည်။ 'ရှင်တို့ နှစ်ယောက် ရာသက်ပန်ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ကျွန်မဆုတောင်းပါတယ်' သူက ပြုံးရင်း ... 'ဒါပေမယ့် ရုပ်ရှင်ကား ရိုက်ပြီးတဲ့အထိတော့ စောင့်ရမယ်နော်'

'စိတ်ချပါ ဒက်ဖ်၊ စောင့်ပါတယ်'

*

နောက်နေ့ကျတော့ ဘာဘရာက ဒက်ဖနီအား တွမ်ဟာရင်တန်နှင့် မိတ်ဆက်ပေးသည်။ သူတို့သည် ရေကူးကန်ဘေး ထိုင်ရင်း အရက်သောက်ကြသည်။ ဒက်ဖနီက တွမ်အား မြင်လျှင် မြင်ချင်း ခင်မင်သွားသည်။ စကားပြောလို့လည်း အလွန်အဆင်ပြေသည်။ လူချင်းခွဲခါနီးတွင် ဒက်ဖနီက တွမ်၏ပါးကို နမ်းရှုပ်၍ နှုတ်ဆက်သည်။ ဘာဘရာအား ချစ်ခင်မြတ်နိုးစွာ စောင့်ရှောက်ရန်မေတ္တာရပ်ခံသည်။

ဘာဘရာနှင့်တွမ်တို့ ကားပေါ်တက်တော့ ဒက်ဖနီက လက်ကို ဝှေ့ယမ်းနှုတ် ဆက်လိုက်သည်။

ထို့နောက် ရေကူးကန်ဘက်သို့ ဖြည်းဖြည်းပြန်လျှောက်လာသည်။ အရက်ပုလင်းနှင့်ဖန်ခွက်များကို ကောက်သိမ်းလိုက်သည်။

ဘာဘရာအတွက် သူအလွန်ဝမ်းသာမိသည်။ မေတ္တာအဏ္ဏဝါပြင်ကျယ်ထဲတွင် အချစ်လေှစီးကာ ပျော်ရွှင်စွာ ခရီးထွက်ကြသူများကို မြင်ရလျှင် ဒက်ဖနီ၏ ရင်ထဲတွင် နေမထိထိုင်မသာ ခံစားရတတ်သည်။ သူ့ကိုယ်သူ လူသူကင်းပြတ်သော သောင်ကမ်းတွင် တစ်ကိုယ်တည်း ကျန်ရစ်ခဲ့သူပမာ ထင်မှတ်မိသည်။

ထိုနေ့ညတွင် ညစာမစားတော့ဘဲ အသားညှပ်မုန့်ကို ကိုယ်တိုင်လုပ်ပြီး အဝစားလိုက်သည်။ ပြီးနောက် မက်သယူးထံ ဖုန်းဆက်ရန်စိတ်ကူးမိသည်။

သူသည် တစ်နေ့မှ အနားမယူဘဲ နှစ်လတိတိအလုပ် လုပ်နေခဲ့သည်။ ယနေ့အထိ လော့စ်အိန်ဂျယ်လိမြို့မှ ဘယ်သူနှင့်မျှ အသိအကျွမ်း မဖြစ်သေး၊ သတိရတိုင်း မက်သယူးထံသာ ဖုန်းလှမ်းဆက်နေခဲ့သည်။

သည်လိုနှင့် သူတို့နှစ်ယောက်၏ဆက်ဆံရေးမှာ မိတ်ဆွေဘဝလည်းမကျ သမီးရည်းစား ဘဝလည်းမကျသည့်အဆင့်အထိ ရောက်လာခဲ့သည်။





မက်သယူးမှာ ဒက်ဖနီအတွက် သားကလေးနှင့်ဆက်သွယ်ရေးတွင် အဓိက ပေါင်းကူးတံတားပင် ဖြစ်သည်။

သို့သော် ယနေ့ည သူ့ထံဖုန်းဆက်သောအခါ သူမရှိ။ အပြင်ထွက်သွားသည်။ ဘယ်များသွားပါလိမ့်ဟု ဒက်ဖနီက တွေးကြည့်သည်။ သူက အပြင်ထွက်ခဲသည်။ မိန်းမ အဖော်နှင့်များထွက်သွားလေသလားဟု တွေးမိပြန်သည်။ အင်း ...လူတိုင်း လူတိုင်းမှာ တော့ အဖော်တစ်ယောက်စီ ရှိကြတာပဲ။ ငါမှာတော့ အဖော်ရှိလျက်သားနဲ့ အထီးကျန်ဘဝ ရောက်နေရပါကလား။ ငါ့ရဲ့တစ်ဦးတည်းသော အဖော်ဖြစ်တဲ့ သားကလေးက မိုင်ပေါင်း သုံးထောင်ဝေးတဲ့နေရာမှာ ...။

ရင်နင့်ရသော အတွေးပင်ဖြစ်သည်။ မလုပ်နိုင်ဟု ထင်ခဲ့ရသော ဇာတ်ညွှန်းကို အောင်အောင်မြင်မြင် ရေးပြီးသွားသော်လည်း ဝမ်းမသာနိုင်သည့် ဘဝမျိုး။

သူသည် ညှိုးငယ်နွမ်းလျစွာဖြင့် အိပ်ရာထဲသို့ ဝင်လာခဲ့သည်။

အိပ်ရာပေါ်တွင် လှဲအိပ်ရင်း မျက်ရည်တွေစီးဆင်းလာကြသည်။

၊ သားလေးကို တမ်းတသော စိတ်၊ အောက်မေ့သောစိတ်က ဘယ်လိုမှ မျိုသိပ်၍ မရနိုင်တော့။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄ )

ကွမ်စတော့ရှပ်ရှင်ကုမ္ပဏီမှ ပုဂ္ဂိုလ်များက ဒက်ဖနီ၏ဇာတ်ညွှန်းကိုအလွန်ကြိုက်ကြသည်။ မူရင်းဝတ္ထုထက်ပင်ပို၍ အားကောင်းသေးသည်ဟု ပြောကြသည်။ သူတို့က အချိန်ဆွဲမနေတော့ဘဲ အမြန်ဆုံးစရိုက်ရန် စိတ်စောနေကြသည်။

သရုပ်ဆောင်များကိုလည်း အစောကြီးကပင် ကြိုတင်ရွေးချယ်ထားပြီးပြီ။ ရိုက်ကွင်း ဆက်တင်တွေလည်း အဆင်သင့် ဆောက်လုပ်ထားပြီးပြီ။ နောက်သုံးပတ်ဆိုလျှင် ရုပ်ရှင်ကားကို စတင်ရိုက်ကူးတော့မည်။ ဒက်ဖနီအား ကုမ္ပဏီမှပုဂ္ဂိုလ်တွေက တစ်ယောက်ပြီး တစ်ယောက်ချီးကျူးဂုဏ်ပြုစကား ပြောကြသည်။ ဒက်ဖနီမှာ မနေတတ်အောင်ပင် ဖြစ်မိသည်။

ထို့နောက် အိမ်သို့ပြန်လာခဲ့သည်။ သူ အလွန်ပျော်နေသည်။ အလွန်စိတ်လှုပ်ရှားနေသည်။ သူတို့က အမျိုးသားဇာတ်ဆောင်အဖြစ် နာမည်ကျော် ရုပ်ရှင်မင်းသား ဂျပ်စတင်ဝိတ်ဖီးလ်ကို ရွေးချယ်ထားကြသည်။ ဂျပ်စတင်ဝိတ်ဖီးလ်က ဝတ္ထုထဲမှ ဇာတ်ဆောင်ထက်ပိုပြီး ရုပ်ချောနေသည်ဟု ဒက်ဖနီကထင်သည်။ သို့သော် သူ၏သရုပ်ဆောင်မှုကို ဒက်ဖနီကအလွန်ကြိုက်သည်။

'ဘယ်နှယ့် ဆရာမကြီး၊ အခုလို အောင်မြင်မှုရလာတော့ စိတ်ထဲဘယ်လိုများ



www.burmeseclassic.com

www.burmeseclassic.com

ခံစားရပါသလဲ ရှင်'

အိမ်သို့ပြန်ရောက်သောအခါ ဘာဘရာက ဝမ်းသာစွာဖြင့် နောက်တီနောက် ပြောင် မေးလိုက်သည်။

'ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး ဘာခေါ်မလဲ ..ဟိုဒင်း ကျွန်မ ကိုယ်ကျွန်မ အံ့ဩလို့မဆုံး ဖြစ်သွားမိတယ်၊ ကျွန်မက ဇာတ်ညွှန်းကို သူတို့က လုံးဝ ငြင်းပယ် လိုက်မှာပဲလို့ ယူဆထားတာ'

ဘာဘရာက ပြုံးကြည့်ရင်း

'ရှင်တော့ တကယ်ရူးတာပဲ ဒက်ဖနီ၊ ဟား ဟား စာအုပ်တိုက်ကို ဝတ္ထုစာမူ ပို့ခဲ့တုန်းကလဲ သူတို့က အပြတ်ငြင်းမှာပဲလို့ ထင်ခဲ့တာပဲ မဟုတ်လား၊ နောက်ဆုံးတော့ သူတို့က စာမူကို ကြိုက်လွန်းလို့ .. ဟင်း ..ဒါနဲ့များ ...'

'ဟုတ်ပါတယ်၊ ကျွန်မကို ရူးတယ်ပြောရင်လဲ ခံရမှာပဲ၊ တကယ်လဲ ရူးခဲ့မိ တာကိုး'

ပြီးကာတွေ ထားလိုက်ပါတော့၊ ကဲ အခုသုံးပတ်တိတိ ရက်အားရမယ်၊ အဲဒီတော့ ဘာလုပ်မယ် စိတ်ကူးထားသလဲ'

'ဒီည မက်ဆီ ဖုန်းဆက်မယ်၊ သားလေးကို လေယာဉ်နဲ့တင်ပို့လိုက်ဖို့ ပြော မယ်'

'ဒါဆို ရှင်နယူးယောက် မသွားတော့ဘူးပေါ့'

ဒက်ဖနီက ခေါင်းခါလိုက်ပြီး ရေကူးကန်ဘက်သို့စောင်းကြည့်ရင်း

ဟင့်အင်း မသွားတော့ဘူး၊ သားလေးကိုပဲ ဒီကို ခေါ်လိုက်တော့မယ်၊ ရေကူး ရတာ သူသိပ်ပျော်မှာပဲ၊ ပြီးတော့ ဟိုးဝပ်ကျောင်းမှာ ပိတ်လှောင်နေရတာထက် အပြင် လောက ထွက်ကြည့်ခွင့်ရတာကိုလဲ သူသဘောကျမှာပဲ၊ ကျွန်မတို့သားအမိ ဝေါ့ဒစ္စနေ ဥယျာဉ်သွားလည်ရင် ရှင်လဲလိုက်မှာလား'

'လိုက်မှာပေါ့'

ထိုရက်အတွင်း တွမ်က အလုပ်ကိစ္စဖြင့် နယူးယောက်မြို့သို့ သွားစရာ သည်။ သို့ဖြင့် ဘာဘရာလည်း အားနေလိမ့်မည်။ တွမ်က လက်ထပ်ခွင့်တောင်း ထားချက်ကိုလည်း ဘာဘရာက လက်မခံသေး၊ ဒက်ဖနီဘက်မှ အစစအရာရာအဆ ပြေမှ စဉ်းစားပါမည်ဟု မတင်မကျပြောထားသည်။

ဒက်ဖနီသည် ထိုင်ရာမှထကာ တယ်လီဖုန်းဆီသို့ လျှောက်လာခဲ့သည်။ မက်သယူး၏ နံပါတ်ကို လှည့်လိုက်သည်။

'ဟဲလို မက်၊ နေကောင်းတယ်နော်'

'ကောင်းပါတယ်ဗျာ၊ ဒါနဲ့ဇာတ်ညွှန်းကိစ္စ အဆင်ပြေရဲ့လား'







'သိပ်ပြေတာပေါ့၊ ကျွန်မ ရေးပြီးသွားပြီ၊ ဒီနေ့ပဲ ကုမ္ပဏီကို သွားပြတယ်၊ သူတို့က ချက်ချင်းလက်ခံလိုက်တယ်၊ နောက်သုံးပတ်ကြရင် ရုပ်ရှင်ရိုက်ကြတော့မယ်'

ဒီလိုဆို ခင်ဗျားအနေနဲ့ သိပ် ဝမ်းသာစရာပဲပေါ့'

'ဟုတ်တယ် ၊ ဝမ်းသာစရာပဲ၊ ရုပ်ရှင်မရိုက်ခင် နှစ်ပတ် သုံးပတ်လောက် သားလေးနဲ့အတူနေမယ်လို့စိတ်ကူးထားတယ်.မက်၊ ဒီတော့ သူ့ကိုလေယာဉ်နဲ့ အမြန်ဆုံး ပို့ပေးလို့ ဖြစ်နိုင်ပါ့မလား ဟင်'

မက်သယူးက စားပွဲပေါ်မှ ပြက္ခဒိန်ကို ငုံကြည့်လိုက်ပြီးနောက်

'စနေနေ့ဆိုရင် ဖြစ်တယ်၊ ကျွန်တော် သူ့ကို ဘော့စတွန်ကို ခေါ်လာခဲ့မယ်၊ ဒါဆို သိပ်များစောနေမလား'

ဒက်ဖနီက ပြုံးလိုက်သည်။

'မစောပါဘူး၊ စောလေ ကောင်းလေပဲ၊ ကျွန်မသားလေးကို တွေ့ချင်လှပြီ'

ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါနဲ့ အဲဒီမှာ တခြားအခြေအနေတွေ ဘယ်လိုနေသလဲ ဒက်ဖ်'

ဘယ်လို တခြားအခြေအနေကို ပြောတာလဲ၊ ကျွန်မ ဒီရောက်တဲ့နေကစပြီး ကိုယ့်အလုပ်ပဲ ကိုယ်လုပ်နေတာ ၊ ခုတော့ ပြီးသွားပြီ၊ ကျွန်မအပြင်လောကကို ဒီနေ့မှ ပထမဆုံးအကြိမ်စပြီး ထွက်ဖြစ်သေးတယ်၊ ရုပ်ရှင်ကုမ္ပဏီကို သွားတာပြောတာပါ၊ ကျွန်မတော့ ကိုယ့်ကိုယ်ကို ကမ္ဘာသစ်တစ်ခုပေါ် ပစ်ချခံလိုက်ရသူလို့ ထင်မိပါတယ် မက်'

'ဒါဆို လူသားကမ္ဘာမှ လိုက်လှဲစွာ ကြိုဆိုပါတယ် မစ္စဖီးလ်ဒ်၊ ဒါနဲ့အန်ဒရူး ကလေး အဲဒီရောက်လာရင် ခင်ဗျားတို့ သားအမိ ဘာတွေလုပ်ကြမယ် စိတ်ကူးထား သလဲ'

'ဝေါ့ဒစ္စနေဥယျာဉ် သွားလည်မယ်'

'အန်ဒရူးကလေးတော့ သိပ်ကံကောင်းတာပဲ'

'နောက်တော့ ဘာလုပ်ကြမယ်ဆိုတာ တွေးကြည့်ရဦးမယ်၊ ရေကူးရင်လဲ ရပါတယ်၊ ကျွန်မတော့ အလုပ်ပဲ ဖိလုပ်ချင်နေတာ၊ ဒါမှမြန်မြန်ပြီး မြန်မြန်ပြန်လာ နိုင်မယ်'

'အလုပ်ချည်းပဲလဲ အာရုံမထားနဲ့ဦး ဒက်ဖ်၊ ဘဝမှာ ပျော်စရာတွေလဲ ရှာပါဦး'

'ကျွန်မက ဒီကို ပျော်စရာရှာဖို့ လာတာမှမဟုတ်တာ၊ အလုပ်လုပ်ဖို့ လာတာ ပဲ၊ ဒါနဲ့မက် သားလေးက တစ်ယောက်တည်း လေယာဉ်ပျံစီးလို့ ဖြစ်ပါ့မလားဟင်၊ ကျွန်မ လာခေါ်ရင် ကောင်းမလားလို့ပါ'

'မပူပါနဲ့ ဒက်ဖ်၊ သူ့ဟာသူ လုပ်သွားပါလိမ့်မယ်၊ လွှတ်သာပေးလိုက်စမ်းပါ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အတောင်နဲ့သူ ပျံပါစေ၊ ဒါဟာ သူ့အတွက်အခွင့်ကောင်းပဲ၊ သူ့ကိုယုံစမ်းပါ၊ ပြီးတော့ ကျွန်တော့်ကိုလဲ ယုံပါ၊ အားလုံးအဆင်ပြေမှာပါ'

မက်သယူးနှင့်စကားပြောရလျှင် အမြဲတမ်း စိတ်ချမ်းသာရသည်။ ဒက်ဖနီက သူ့ကို ကောင်းကောင်းကြီး ယုံကြည်ပါသည်။

*

အန်ဒရူးကလေး ဘယ်အချိန်ရောက်လာမည် ဆိုသည်ကို နောက်နေ့တွင် မက်သယူးက ဖုန်းဆက်သည်။

ကလေးသည်နောက်နေ့တွင် ဘော့စတွန်မှ လော့စ်အိန်ဂျယ်လီသို့ တိုက်ရိုက်ပျံသန်းသောလေယာဉ်ဖြင့်ပါလာမည်။ လေယာဉ်ဆိုက်ချိန်မှာ မွန်းလွဲသုံးနာရီ။

ဒက်ဖနီက နောက်ထပ် နှစ်ဆယ့်လေးနာရီ စောင့်ရဦးမည့်အရေးကို တွေးကာ ကြာလှသည်ဟု ထင်မိသည်။ သားကလေးကို ပွေ့ဖက်ပြီး တဝကြီး နမ်းရှုပ်လိုက်ချင် စိတ်များ တားမနိုင်ဆီးမရ ဖြစ်ပေါ်လာမိသည်။

တစ်ဖက်မှ မက်သယူးက စိတ်မှန်းဖြင့် သိကာ ပြုံးလိုက်သည်။

'အင်း ..ခင်ဗျားကလဲ ကလေးထက်တောင် ပိုဆိုးနေသေးပါလား၊ ဖြည်းဖြည်းပေါ့ဗျာ၊ မကြာခင် တွေ့ရတော့မှာပဲ ဥစ္စာ'

'ဟုတ်တယ်၊ ကျွန်မသိပ်ပြီး စိတ်စောနေတယ် မက်၊ ဒါနဲ့လေယာဉ်ပျံစီးရမယ် ဆိုတော့ ကြောက်မနေဘူးလား ဟင်'

'လုံးဝမကြောက်ပါဘူး၊ သူက သိပ်ပြီးပျော်နေတယ်ဗျ'

ဒက်ဖနီက စကားပြွောခွက်ထဲသို့ သက်မတစ်ချက် မှုတ်လိုက်ပြီး

'သူမကြောက်ပေမယ့် ကျွန်မကတော့ တွေးပြီး ကြောက်နေသေးတာပဲ မက်'

'ခင်ဗျားက ဘာတွေတွေးပြီး ကြောက်နေစရာ လိုလို့လဲ၊ သူ့ဟာသူ တစ်ယောက်တည်း စီးလာမှာပေါ့'

'အို ရှင် ဘယ်လိုပြောလိုက်တာလဲ မက်' ဒက်ဖနီ၏မျက်နှာ တင်းမာသွားသည်။ 'ကျွန်မက ကလေးအမေပါရှင်၊ ပြီးတော့ ရှင်သိတဲ့အတိုင်း ကလေးက .....'

'ဟုတ်ပါတယ်၊ ကျွန်တော်က စေတနာနဲ့ပြောတာပါ၊ စိတ်မဆိုးပါနဲ့၊ သူ့အတိုင်းသာ လွှတ်ပေးလိုက်ပါ၊ သူ့ကို တခြားကလေးတွေနဲ့မတူအောင် တမင်လုပ်မနေပါနဲ့၊ သူ့ကို သာမန်ကလေးတစ်ယောက်လို လွှတ်ပေးလိုက်ရင် သူ့ဟာသူ အဆင်ပြေသွားမှာပါ'

'ကောင်းပါပြီရှင်၊ ကောင်းပါပြီ၊ ဒီစကားတွေ ကျွန်မအရင်ကလဲ ကြားပြီးပါပြီ'

'ခင်ဗျား သားကလေးက သူ့ကိုယ်သူ ဂုဏ်ယူနေတာဗျ၊ ခင်ဗျားကလဲ သူ့





အတွက် ဂုဏ်ယူရတော့မှာပါ၊ မနက်ဖြန် ဒီအချိန်ကျတော့ ခင်ဗျားတို့သားအမိ ပျော်ပွဲကြီး ဆင်ကြတော့မှာပဲ၊ ဒါပေမယ့် ...ဒါပေမယ့်' သူက ပြောမထွက်အောင် ဖြစ်နေသည်။ ပြီးတော့မှ စကားလွှဲပြီး 'ကဲလေ ဘာပဲဖြစ်ဖြစ် သူရောက်ရောက်ချင်း ကျွန်တော့်ဆီ ဖုန်းဆက်ဖို့တော့ မမေ့ပါနဲ့'

'စိတ်ချပါ၊ မမေ့ပါဘူး၊ ကျွန်မ လေဆိပ်က ဖုန်းလှမ်းဆက်လိုက်ပါမယ်'

'ကျွန်တော်လဲ သူလေယာဉ်ပေါ်တက်တာနဲ့ ဘော့စတွန်က လှမ်းဆက်လိုက်မယ်'

*

နောက်နေ့တွင် မက်သယူးက ဖုန်းဆက်ပြောတော့ ဒက်ဖနီမှာ တယ်လီဖုန်းနားတွင် ထိုင်ကာ ရင်တဖိုဖိုနှင့်နေမထိထိုင်မထိ ဖြစ်နေသည်။ နာရီကို တကြည့်ကြည့်ဖြင့် တွေးပူနေမိသည်။

သားလေးလေယာဉ်စီးရတာ ချောချော ရှုရှုမှဖြစ်ပါ့မလား။ လေယာဉ်တစ်ခုခု ဖြစ်ရင်ဖြင့် အကျိုးနည်းရချည်ရဲ့။ သားလေးက လေယာဉ်ပေါ်မှာ ဘယ်သူနဲ့မှ စကားပြောလို့ ရမှာမဟုတ်ဘူး၊ လေယာဉ်ပေါ်မှာပါလာတဲ့ ကလေးတွေက သားလေးကို ပူထူး လူဆန်းကလေးလို ဆက်ဆံနေကြမှာလား။ ဒါဆိုရင်တော့ သားကလေးမျာ ကျွပဲ အပြင်လောက ထွက်လာတော့မှ ပိုဆိုးတော့မှာ ပဲ။ အို ငါကအလကား တွေးပူ နေတာ။ တကယ်တော့ ဘာပူစရာ လိုသလဲ။ မက်သယူး ပြောသလို အားလုံးအဆင် ပြေသွားမှာပါ။ သားလေးက ဘယ်သူ့အကူအညီမှ မလိုဘဲ ကိုယ်ထူကိုယ်ထ လုပ်နိုင် ကိုင်နိုင်တဲ့အရွယ်ရောက်ပါပြီ။

'အိုကေပဲ နော် ' ဘာဘာရာက ဒက်ဖနီ၏ အခန်းထဲသို့ ခေါင်းပြူကြည့်ပြီး ပြောလိုက်သည်။ ဒက်ဖနီ၏မျက်နှာက မကောင်း။ 'မက်သယူးက ဘာပြောသလဲ ဟင်'

'သားလေး လေယာဉ်နဲ့ လိုက်လာပြီတဲ့၊ ဒါလောက်ပဲ သိရသေးတယ်'

ဘာဘာရာက ခေါင်းညိတ်လိုက်သည်။

'နေ့လည်စာ နည်းနည်း စားလိုက်ပါလား ဒက်ဖ်'

ဒက်ဖနီက ခေါင်းခါပြလိုက်သည်။ သူဘာမှ စားလို့မရ။ စားချင်စိတ်လည်း လုံးဝမရှိ။ တစ်ချိန်လုံး သားလေးဆီသာ စိတ်ရောက်နေသည်။

ကလေးကို သူတစ်ယောက်တည်း သွားကြိုမည်။ ဘာဘာရာက အိမ်စောင့် ကျန်ရစ်မည်။

အန်ဒရူးကလေးအား ကြိုဆိုရန် အစီအစဉ်ကလေးတစ်ခု လုပ်ကြသည်။ စက္ကူဦးထုပ်များ၊ ဘောလုံးများနှင့် ကိတ်မုန့်ကြီးတစ်လုံးဖြင့် ကြိုဆိုပွဲကလေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ပွဲ လုပ်မည်။ ပြီးတော့ သားလေးကို မေမေတို့ချစ်ပါတယ်၊ ကယ်လ်ဖိုးနီယားက လှိုက်လှဲစွာ ကြိုဆိုပါတယ်' ဟူသော စာတန်းတစ်ခုကိုလည်း ရေးချိတ်ထားကြသည်။

လေယာဉ်ကွင်းသို့ သွားချိန်နီးတော့ ဒက်ဖနီရေမိုးချိုးသည်။ အဝတ်အစား ကျကျနန ဝတ်ဆင်သည်။ ပြီးတော့ လက်ဆွဲအိတ်ကောက်ယူပြီး တံခါးဝသို့ လျှောက် လာသည်။ တံခါးဝရောက်တော့ နောက်ပြန်လှည့်ကြည့်သည်။ ဘာဘရာနှင့် မျက်လုံး ချင်း ဆိုင်မိကြသည်။

ထို့နောက် တံခါးဖွင့်ပြီး ထွက်လာခဲ့သည်။

လေဆိပ်ရောက်တော့ ကြော်ငြာသင်ပုန်းကြီးနားသွားပြီး လေယာဉ်ဆိုက်ချိန် ကို ကြည့်သည်။ သက်မတစ်ချက် ဟင်းခနဲချလိုက်မိသည်။

လေယာဉ်က အချိန်ကိုက် ဆိုက်မည်။ ဂိတ်ဝဆီသို့ အပြေးသလေး လာ သည်။ လေယာဉ်ဆိုက်ရန် နာရီဝက်တိတိ လိုသေးသည်။ သူကလိုရမည်ရ သဘော ဖြင့်စောစောထွက်လာခဲ့ခြင်းဖြစ်သည်။ သူက မှန်ပြတင်းပေါက်များမှတစ်ဆင့် လေယာဉ် ကွင်းထဲသို့ လှမ်းကြည့်နေသည်။ တချို့လေယာဉ်တွေ ဆင်းလာကြသည်။ တချို့က ပျံတက်သွားကြသည်။ လေယာဉ်ဆိုက်ချိန်ကို စောင့်နေသည်မှာ နှစ်ပေါင်းများစွာ ကြာ လှသည်ဟု ထင်မိသည်။

လေယာဉ်ဆိုက်ရန် ဆယ်မိနစ်သာ လိုတော့သည်။ ရုတ်တရက် စိတ်ကူး သဖြင့် တယ်လီဖုန်းရှိရာသို့ လျှောက်လာခဲ့သည်။

မက်သယူး ထံသို့ ဟမ်းဆက်သည်။

'သူရောက်လာပြီလား'

မက်သယူးက ဝမ်းသာသံဖြင့် မေးလိုက်သည်။

'မရောက်သေးပါဘူး၊ လေယာဉ်ဆိုက်ဖို့ ဆယ်မိနစ် လိုသေးတယ်၊ ဒါပေမယ့် ကျွန်မစောင့်နေရတာ စိတ်မရှည်တာနဲ့ ရှင်ဆီလှမ်းဆက်တာ'

'ဩော် .. .ဒီလိုလား ၊ စိတ်ကိုသိပ်လဲ တင်းမထားပါနဲ့ ဒက်ဖ်၊ ခုပဲတွေ့ ရတော့မှာပဲ၊ သူကဘာမှ မဖြစ်ပါဘူး၊ စိတ်ချပါ'

'ဟုတ်ပါတယ်၊ သူဘာမှ မဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် ကျွန်မသားလေး မြင်ချင်လှပြီရှင့်၊ သားလေးကို မတွေ့ရတာနှစ်လခွဲတောင် ရှိသွားပြီ၊ သူဘယ်လိုနေမ ဆိုတာ သိချင်လှပြီ၊ သူစိတ်ပြောင်းသွားသလား၊ ကျွန်မကို မုန်းသွားပြီလား၊ သိပ်သိ တာပဲ'

'ခင်ဗျားကို ဘာလို့မုန်းရမှာလဲ၊ မတွေ့ရတာကြာလို့ ပိုလို့တောင် ချစ် ဦးမယ်၊ သူလဲခင်ဗျားကို သိပ်ပြီးတွေ့ချင်နေတာ၊ ပြီးခဲ့တဲ့ နှစ်ရက်လောက်က ဆို ခင်ဗျားအကြောင်းပဲ တပြောတည်း ပြောနေတာ'





'ရှင် တစ်ကယ်ပြောတာလား ဟင်'

'အို ကျွန်တော်အလကား ညာပြောပါ့မလား ဒက်ဖ်၊ ဘဲ ကဲ ဘာမှထွေလာ ကေလာတွေ တွေးမနေနဲ့တော့၊ စိတ်ကို ပျော်ပျော်ထားပြီးသာ စောင့်လိုက်တော့၊ သူမိနစ် ပိုင်းအတွင်းရောက်လာတော့မှာပဲ' မက်သယူးက လက်ပတ်နာရီကို စောင်းကြည့်လိုက် သည်။ 'ဟောပြောရင်းဆိုရင်း ပိုတောင်နီးလာပြီ၊ ရှနောက်ထပ် ငါးမိနစ်သာလိုတော့တယ်၊ သူ ရောက်လာတော့မယ်'

ဒက်ဖနီက ဂိတ်ဝသို့ လှမ်းကြည့်လိုက်သည်။ ဂိတ်ဝမှာလူတွေ စုပြုံနေကြပြီ။

သူက ပြုံးလိုက်ပြီး

'ကျွန်မရှင့်ဆီကို ဖုန်းဆက်မိတာ တောင်းပန်ပါတယ် မက်၊ ကျွန်မ သိပ်ပြီး စိတ်စောနေလို့ပါ'

'အို ကိစ္စမရှိပါဘူး၊ ရပါတယ်၊ ဒါက သဘာဝပဲ၊ ကျွန်တော်လဲ ခင်ဗျားလို ခံစားနေရတာပါပဲ၊ ကဲ အဲဒီတော့ စိတ်ကိုလျှော့ထားလိုက်တော့၊ ဟုတ့်လား လျှော့ထား လိုက်တော့၊ ဒါနဲ့တစ်ခုတော့ပြောလိုက်ပါရစေ ဒက်ဖ်၊ ခင်ဗျားတို့သားအမိ အိမ်ရောက် မှ ကျွန်တော်ဆီ ဖုန်းဆက်ပါနော်၊ ဒီကြားထဲ ခင်ဗျားဆီက ဘာမှသတင်းမရရင် သူ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားပြီလို့ပဲ ကျွန်တော်မှတ်လိုက်တော့မယ်၊ ဒါပေမယ့် အိမ်ရောက်ရောက်ချင်းတော့ မဆက်ပါနဲ့၊ သားအမိတွေ ကျေနပ်အောင် အချစ်နလန် ထကြပြီးတော့မှ အေးအေးဆေးဆေးဆက်ပါ ဟုတ်လား'

'ဟုတ်ပြီ စိတ်ချ' ထိုအခိုက် ကွင်းထဲသို့ လေယာဉ် ထိုးဆင်းလာသည်ကို ရုတ်တရက် လှမ်းမြင်လိုက်ရသည်။ မျက်လုံးအစုံတွင် မျက်ရည်တွေ ဝဲလာသည်။ 'အို ...မက်၊ ဟိုမှာ ဟိုမှာ ...လေယာဉ်ဆိုက်ပြီ ...ဆိုက်ပြီ ...၊ သားလေးရောက်ပြီ .... ဟင်း ...ဟင်း ... ဒါပဲနော်'

တယ်လီဖုန်းကို ပြန်ချလိုက်သည်။

လေယာဉ်သည် ဂိတ်ဘက်သို့ ဦးတည်ကာ ဘီးလိမ့်လာနေသည်။

ဒက်ဖနီက မျက်တောင်မခတ် ရပ်ကြည့်နေသည်။ သံတန်းကို လက်တစ်ဖက် ဖြင့် ကိုင်ထားသည်။

ခဏကြာတော့ လေယာဉ်ပေါ်မှလူတွေတစ်ယောက်ပြီး တစ်ယောက်အန် ထွက်လာကြသည်။ မောပန်းနေသော မျက်နှာနှင့် စီးပွားရေးသမားများက လက်ဆွဲ သားရေအိတ်များဆွဲလို့။ အဘွားကြီးတွေက လမ်းလျှောက်တုတ် ကိုင်လျက်။ ဖက်ရှင် စံပြမယ်များက ဖက်ရှင်ပုံစံ ဖိုင်တွဲများပိုက်၍ ...

သို့သော် အနီဒရူးကလေး၏ မျက်နှာကား ပေါ်မလာသေး။

ဒက်ဖနီက မလှုပ်မယှက် ရပ်နေသည်။ ဘာစကားမှ မပြော။ ဘယ်သူ့ကိုမှ



www.burmeseclassic.com

www.burmeseclassic.com

မမေး။ မျက်လုံးက လူအုပ်ထဲသို့ ကျီးကန်းတောင်းမှောက် ရှာကြည့်နေသည်။

ဟော ...တွေ့ပြီ၊ သူ ... သူ ... ဆင်းလာပြီ။

အန်ဒရူးကလေး၏ မျက်နှာက ပြုံးရွှင်နေသည်။ လေယာဉ်မယ်ကလေးက သူ့လက်ကလေးကို ဆွဲကိုင်၍ လျှောက်လာကြသည်။

ကလေးက သူ့မေမေကို လှမ်းမြင်သွားသည်။ သူက လက်ညှိုးထိုးပြရင်း

'ဟိုမှာ ဟိုမှာ ... မေမေ မေမေ'

ဒက်ဖနီ၏ မျက်နှာပေါ်သို့ မျက်ရည်တွေ စီးဆင်းလာကြသည်။ သူ့သားလေးဆီသို့ ပြေးလိုက်သွားသည်။ သားလေးကို အားရပါးရပွေ့ဖက်ထားလိုက်သည်။ မျက်လုံး နှစ်ဖက်ကိုမှိတ်ကာ ကျစ်ကျစ်ပါအောင် ဖက်ထားသည်။ ထို့နောက် ကလေးကို ပြန်ခွာလိုက်ပြီး 'သားလေးကို မေမေအများကြီး ချစ်ပါတယ် ... သားရယ်' ဟု ပြောလိုက်သည်။

ကလေးက မြူးရွှင်စွာ ရယ်သည်။ သူ့မေမေကိုဖက်လိုက်သည်။ ပြီးတော့ ပြန်ခွာကာ နှုတ်ခမ်းကလေးတွေ တလှုပ်လှုပ်ဖြင့်

'သားလဲ မေမေ့ကို အများကြီးချစ်ပါတယ် မေမေ'

ထို့နောက် သားအမိနှစ်ယောက် အပြင်သို့ထွက်လာခဲ့ကြသည်။ ကားရပ်စခန်းတွင်ရပ်ထားသော ဇိမ်ခံကားကြီးကို ကြည့်ပြီး အန်ဒရူးကလေးက အူမြူးနေသည်။

အိမ်သို့ ရောက်တော့လည်း မြင်ရသမျှကို သူကသဘောကျနေသည်။ အထူးသဖြင့် သူ့ကိုကြိုဆိုသော စာတန်း၊ ကိတ်မုန့်နှင့် ရေကူးကန်တို့ကို အလွန်သဘောကျနေသည်။

သူက ဘာဘာရာအား လေယာဉ်ခရီးအတွေ့အကြုံကို ပြန်ပြောပြသည်။ သူ့ခမျာ ဟိုတစ်ခွန်းသည်တစ်ခွန်းဖြင့် မနည်းကြိုးစားပြီး ပြောရရှာသည်။ သို့သော် ဘာဘာရာက ကောင်းကောင်းနားလည်သည်။

ညနေစာ စားပြီးသောအခါ ရေကူးကြသည်။ ထို့နောက် စောစောစီးစီးပင် အိပ်ရာဝင်ကြသည်။

ဒက်ဖနီက သားကလေးကိုအိပ်ရာပေါ်တွင် ပွေ့ဖက်ထားသည်။ ရွှေရောင်ဆံပင်ကလေးတွေကို ပွတ်သပ်ကစားသည်။ နဖူးသားနုနုကလေးကို တယုတယနမ်းရှုပ်သည်။ မကြာမီတွင်ပင် အန်ဒရူးကလေး အိပ်ပျော်သွားတော့သည်။

ဒက်ဖနီသည် အိပ်ပျော်နေသော သားကလေး၏မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ ချစ်မဝနိုင်အောင် ဖြစ်နေသည်။

အတော်ကလေးကြာတော့မှ အိပ်ခန်းထဲမှပြန်ထွက်လာခဲ့သည်။ ဘာဘာရာက လက်ကျန်ကိတ်မုန့်များကို ကြောင်အိမ်ထဲ ပြန်သိမ်းနေသည်။





'ရှင့်သားက တော်တော်ချစ်စရာကောင်းတာပဲ ဒက်ဖ်၊ ရှင်ကတကယ်ကံကောင်းပါတယ်'

'ကျေးဇူးတယ်ပါတယ် ဘာဘာရာ'

ထို့နောက် ဒက်ဖနီသည် သူ့အလုပ်ခန်းထဲသို့လျှောက်လာခဲ့သည်။ မက်သယူးထံသို့ ဖုန်းဆက်သည်။ သူ့အသံက အလွန်မြူးကြွနေသည်။

'ဟုတ်တယ် မက်၊ ရှင်ပြောတဲ့အတိုင်းပဲ၊ အားလုံးအဆင်ပြေတယ်၊ အားလုံးအဆင်ပြေတယ်'

'ဒါပေါ့ဗျာ၊ ဘယ်နှယ့် မပြေဘဲ နေရမှာလဲ၊ ပြေကိုပြေရမှာပေါ့၊ ဒီလို ကြားရတာဝမ်းသာလှပါတယ်ဗျာ၊ ဝမ်းသာလှပါတယ်၊ ဒါဆိုရှေ့လျှောက်ပြီး ခင်ဗျား ဘာမှပူစရာမလိုတော့ဘူး၊ အကုန်လုံး တစ်ကြိုးတည်းပြေလည်သွားတော့မှာပဲ၊ ဘဝမှာ အပြောင်းအလဲ အတက်အကျဆိုတာ ရှိစမြဲပဲ ဒက်ဖ်၊ ဒါပေမယ့် အန်ဒရူးကလေးက သူ့ဘဝသူ ကောင်းကောင်းကြီးညှိနိုင်တယ်၊ ခင်ဗျားကလဲ သူ့အတွက် လိုအပ်သမျှအကုန် အိတ်သွန်ဖာမှောက် ဖြည့်ဆည်းပေးခဲ့တယ်၊ ဒါဟာ ခင်ဗျားအနေနဲ့အကောင်းဆုံးပေးခြင်းပဲ၊ ခင်ဗျားရဲ့ အလှုဆုံးလုပ်ရပ်ပါပဲ'

မှန်ပါသည်။ သူက သူ့သားကလေးအား အကောင်းဆုံးနှင့်အလှဆုံး ပေးခဲ့ပါသည်။ သို့သော် သားလေးအတွက် သူ မပေးနိုင်သောအရာတွေ အများကြီးရှိပါသေးသည်။ ထိုအရာတွေကို မက်သယူးအပါအဝင် အခြားလူတွေက ပေးကြပါလိမ့်မည်။

သူ ဝမ်းသာမဆုံးတော့ပြီ။ သည်ဘဝမှာ နေပျော်ပါပြီ။ သေပျော်ပါပြီ။

'အများကြီး ကျေးဇူးတင်ပါတယ် မက်'

ဒက်ဖနီက အများကြီး ပြောလိုက်ချင်သည်။ ပြောလို့မထွက် ပြောလို့မရ။ သို့သော် မက်သယူးကတော့ သဘောပေါက်ပါသည်။ ခံစားမိပါသည်။

ထို့ကြောင့်လည်း မက်သယူးမှာ ဝမ်းသာကြည်နူးမှုကြောင့် မျက်ရည်များပင် ဝိုင်းလာမိသည်။ မျက်ရည်မထွက်ခဲ့သည်မှာ အတန်ကြာခဲ့ပြီ။ ယခု သူ ဝမ်းသာလွန်းလို့ မျက်ရည်လည်နေပြီ။

သည်တစ်ကွက်တွင်တော့ သူ့ကိုယ်သူ မထိန်းနိုင်တော့။

သို့သော် ဒက်ဖနီအား 'ချစ်နေမိပါပြီ' ဟု ပြောလိုက်ချင်သော စိတ်ကိုတော့ ကြိတ်မှိတ်အားတင်းကာ ကြီးစွာသော အားထုတ်မှုဖြင့် ထိန်းချုပ်ထားလိုက်နိုင်ပါလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၅ )

ဝေါ့ဒစ္စနေဥယျာဉ်သို့ သွားလည်ကြတော့ အလွန်ပျော်ကြသည်။ အန်ဒရူးကလေးပျော်သလို ဒက်ဖနီနှင့်ဘာဘာရာတို့လည်း ပျော်ကြသည်။ နောက်နေ့များတွင်လည်း နော့ဘာရီစိုက်ပျိုးမွေးမြူရေးခြံကြီး၊ ဘာရီယာ သတ္တုတွင်းနှင့်ကွမ်စတော့ ရုပ်ရှင်ကုမ္ပဏီများသို့ တစ်ရက်စီသွားရောက် လည်ပတ်ကြသည်။

ပြန်ရောက်လာတော့လည်း ညနေတိုင်း ရေကူးကန်တွင် ရေကူးကြသည်။

သည်လိုနှင့်ပင် ရက်သတ္တနှစ်ပတ်သည် ကုန်မှန်းမသိ ကုန်လွန်သွားခဲ့တော့သည်။

နောက်ဆုံးနေ့ ညနေပိုင်းတွင် ရေကူးကြပြီးနောက် ရေကူးကန်ဘေးတွင် ထိုင်ကာ စကားပြောကြသည်။ အန်ဒရူးကလေး၏ မျက်နှာမှာ ခါတိုင်းနေ့များထက် တည်နေသည်။ သူက သူသဘောကျမိတာတွေအားလုံးကို သူ့မေမေအားပြောပြသည်။ ဘာဘာရာကိုလည်း သူအလွန်ချစ်ကြောင်း ပြောပြသည်။ ဒက်ဖနီက တပြုံးပြုံးနှင့် နားထောင်နေသည်။ ဘာဘာရာကလည်း သူ့ကိုအလွန်ချစ်ကြောင်း ဒက်ဖနီက ပြောပြသည်။ ထို့နောက်တော့ ကလေးက ဒက်ဖနီအံ့အားသင့်ရသော မေးခွန်းကို မေးသော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မေမေ၊ မေမေက အန်တီဘာဘာရာလိုပဲ နေမှာလား ဟင်'

'သားလေးက ဘာကို ဆိုလိုတာလဲ'

ဒက်ဖနီက ခြေဟန်လက်ဟန်ဖြင့် ပြန်မေးလိုက်သည်။

'ဩော် မေမေ့ကို ချစ်တဲ့လူတစ်ယောက်ယောက်နဲ့ အတူနေဖို့ကို ပြောတာပါ'

သူက တွမ်နှင့်တွေ့ပြီးပြီ။ တွမ်ကိုလည်း သူက မက်သယူးကို ခင်သလိုခင်သည်ဟု ပြောခဲ့သည်။ သို့သော် ယခုသူမေးသော မေးခွန်းက သူ့အရွယ်နှင့်စာလျှင် အလွန်မြင့်သည်။ အလွန်နက်သည်။ သူ့သားကလေးက သည်လိုမေးခွန်းမျိုးကို မေးလိမ့်မည်ဟု ဒက်ဖနီ ဘယ်တုန်းကမျှ မထင်ခဲ့။ မမျှော်လင့်ခဲ့။ ယခုအခါ သူသည် သူများ နှုတ်ခမ်းလှုပ်တာကို ကြည့်ပြီး ဘယ်စကားမျိုးကိုမဆို နားလည်နေပြီ။ ယခုအချိန်တွင် သူနှင့် သူ့မေမေတို့ကြားတွင်ပိတ်ထားသော တံခါးမရှိတော့။ တံခါးပွင့်သွားခဲ့ပြီ။ ဟိုးဝပ်ကျောင်းမှ သူ့ကိုချစ်သော ပုဂ္ဂိုလ်များက တံခါးဖွင့်ပေးခဲ့ပြီ။ ဒက်ဖနီကသည် အကြောင်းတွေကိုတွေးနေစဉ် အန်ဒရူးကလေးစောစောကမေးခွန်းကို ထပ်မေးပြန်သည်။

'မေမေတော့ ဘာမှ မပြောတတ်တော့ဘူး သားရယ်၊ ချစ်သူဆိုတာ ခုချက်ချင်းရှာလို့ရတာမဟုတ်ဘူး သားလေးရဲ့၊ ဒါမျိုးဆိုတာက မလွယ်ဘူး၊ ခက်ခဲတယ်'

'ဟိုတုန်းကတော့ မေမေရခဲ့တာပဲ မဟုတ်လား'

'ဩော် ... ဟုတ်ပါရဲ့၊ ဟိုတုန်းကတော့ ရခဲ့တယ်၊ သားလေးရဲ့ ဖေဖေနဲ့ပေါ့'

'ပြီးတော့ အန်ကယ်ဂျွန်လဲ ရှိသေးတယ်လေ'

ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။

'အေး သူလဲ ပါတာပေါ့'

'အန်ကယ် မက်သယူးလို ဖေဖေ တစ်ယောက် သားလိုချင်တယ် မေမေ'

'ဩော် ... ဟုတ်လား' ဒက်ဖနီက ပြုံးလိုက်သည်။

သို့သော် အန်ဒရူးကလေး၏ စကားကြောင့် သူဝမ်းနည်းဝမ်းသာဖြစ်မိသည်။ တကယ်တော့ သူကဘာတွေကိုပင်ပေးပေး၊ ဘယ်လောက်ပင်ပေးပေး အန်ဒရူးကလေးမှာ မပြည့်စုံသေးဘာတော့ ရှိနေသေးပါကလား။ အခုပဲ သားလေးက ဖေဖေတစ်ယောက် တောင်းနေပြီကော။ 'မေမေနဲ့ အတူနေရရင်လဲ ပြီးတာပါပဲ သားရယ်၊ မေမေနဲ့ နေရတာ သားမပျော်ဘူးလား ဟင်'

'ပျော်တော့ပျော်ပါတယ်၊ ဒါပေမယ့် မေမေ့မှာဖေဖေတစ်ယောက်ရှိရင်ပို ကောင်းတာပေါ့၊ အန်တီဘာဘာရာကိုကြည့်ပါလား၊ အန်ကယ်တွမ်ရှိလို့ သိပ်ပျော်တာပဲ'

ဒက်ဖနီက သဘောကျပြီး ရယ်မိသည်။ သို့သော် အန်ဒရူးကလေးက အလေး အနက်ပြောနေခြင်းဖြစ်သည်။ မလွယ်တဲ့ ပြဿနာပါကလား။





'သူတို့က မေမေနဲ့ မတူဘူး သားရဲ့၊ စောစောက မေမေပြောသလို ဒါမျိုးဆိုတာကခက်တယ်၊ မလွယ်ဘူး၊ ချစ်သူဆိုဘေ လိုချင်တိုင်း မရနိုင်ဘူး၊ တစ်ခါတစ်လေ တစ်သက်လုံးမှ တစ်ကြိမ်ပဲ ကြုံရတတ်တယ်'

'မေမေက အလုပ်ပဲ လုပ်နေတာကိုး၊ အပြင်ကိုမှ မထွက်တာ'

ဘုရားရေ ... ဒါ ကလေးစကားတဲ့လား။ ဒီကလေး ဒီအရွယ်နဲ့ တယ်ပြီး သိနေပါရောလား။

'ဒါကတော့ အလုပ် မြန်မြန်ပြီးချင်လို့ လုပ်နေတာပါ သားရယ်၊ အလုပ်မြန်မြန်ပြီးမှ သားလေးနဲ့ မေမေတို့ အတူတူပြန်နေကြရမယ် မဟုတ်လား'

သည်စကားကြောင့် အန်ဒရူးကလေး ကျေနပ်သွားသည်။

ထို့နောက် နေ့လယ်စာစားရန် အိမ်ထဲပြန်ဝင်လာခဲ့ကြသည်။

ဒက်ဖနီကတော့ အန်ဒရူးကလေးပြောခဲ့သောစကားများကို ပြန်တွေးနေတုန်းပင်။

ကလေးက မိခင်ဖြစ်သူ၏ အဖြစ်မှန်ဘဝကို မြင်စပြုလာပြီ။ မိခင်ဖြစ်သူ၏ ကြောင့်ကြမှု၊ မပြည့်စုံမှုကို မြင်လာပြီ။ သူ ကလေးမဟုတ်တော့။ သိတတ်လာပြီ။ ကြီးလာပြီ။ တစ်ယောက်တည်း လေယာဉ်ပျံစီးရမည့် အရွယ်ထက်မကပင် ကြီးလာခဲ့ပြီ။ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားတတ်လာပြီ။

သည်အတွက် ဒက်ဖနီ ဝမ်းသာမိသည်။ ဂုဏ်ယူမိသည်။

'မေမေက အန်တီဘာဘာရာလို ယောကျ်ားတစ်ယောက်ရှိဖို့ မလိုပါဘူး သားရဲ့'

နေ့လယ်စာ စားပြီးတော့ စောစောကပြဿနာကို ဒက်ဖနီကပင် ပြန်တင်လိုက်သည်။ သူ့အနေဖြင့် ဤကိစ္စ အလေးအနက်ထားကြောင်း သားကလေး ယုံကြည်စေချင်သောကြောင့် ဖြစ်သည်။

'ဘာဖြစ်လို့လဲ မေမေ'

'မေမေ့မှာ သားလေး ရှိနေပြီပဲ'

'ဟင် မေမေကလဲ၊ မဟုတ်တာဘဲ၊ သားက ကလေးပဲဟာ မေမေ့သား ကလေး ပဲဟာ'

ဒက်ဖနီက ရယ်လိုက်ပြီး

'ဘုရားရေ၊ မေမေ့သားကြီးက မေမေ့ကို တကယ့်ကို အကျပ်ကိုင်နေပါရောလား' အန်ဒရူးကလေးက သူ့မိခင်၏ လက်ဟန်ခြေဟန်ပြစကားကို သဘောမပေါက်လိုက်။ မျက်လုံးပြူးကလေးဖြင့် မိခင်ဖြစ်သူအား စိုက်ကြည့်နေသည်။

ကဲ ဒါတွေထားလိုက်ပါတော့ သား၊ လေယာဉ်ကွင်းသွားဖို့ လုပ်ကြစို့၊

www.burmeseclassic.com



လေယာဉ် မမီလိုက်ရင် ခက်နေဦးမယ်'

ခွဲခါနီးကျတော့ သားအမိ နှစ်ယောက်စလုံး အခက်ကြုံရပြန်သည်။ သူတို့ နှစ်ယောက် နောက်ထပ်ဘယ်တော့မှပြန်တွေ့ကြရဦးမည် ဆိုသည်ကို တစ်ယောက်မှ အတိအကျမသိကြ။ ကလေးက မိခင်ကို တွယ်ဖက်ထားသည်။ ပါးပြင်ပေါ်သို့ မျက်ရည်တွေစီးဆင်းလာကြသည်။ ဒက်ဖနီမှာမငိုမိအောင် စိတ်ကို အနိုင်နိုင်ထိန်းထားရသည်။

'မငိုပါနဲ့သားရယ်၊ နောက်လဲ ဒီလိုပဲ သားလေး မေမေ့ဆီ လာနိုင်တာပဲ၊ နောက်မကြာခင်မှာ တစ်ခေါက် ပြန်လာခဲ့ဦး ဟုတ်လား၊ သားလေး မအားရင်လဲ မေမေ မကြာခင် လာခဲ့ပါ့မယ်၊ မေမေကတိပေးပါတယ်၊ မေမေ တကယ်လာခဲ့ပါ့မယ်နော် သား၊ မေမေ့သားကြီးက လိမ္မာပါတယ်ကွယ်၊ ကဲ တိတ်တော့ တိတ်တော့၊ မေမေ့ကို သားချစ် တယ်ဆို၊ မေမေ့ကိုချစ်ရင် မေမေ စိတ်မကောင်းအောင် မငိုပါနဲ့ သားရယ်နော်'

'မေမေ မလာနိုင်ပါဘူး၊ မေမေက ရုပ်ရှင်ရိုက်နေမှာ၊ အလုပ်တွေ အများကြီး လုပ်နေရမှာပေါ့'

'အလုပ်များပေမယ့် မေမေလာနိုင်အောင် ကြိုးစားပြီး လာမှာပါ၊ တကယ် ကြိုးစားပြီးလာခဲ့ပါ့မယ်၊ ယုံပါ သားရယ်၊ မေမေ တကယ်ပြောတာပါ၊ သားလေးလဲ ကျောင်းကိုပြန်ရောက်ရင် ငိုမနေနဲ့နော်၊ ကျောင်းက သူငယ်ချင်းတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေပါနော်၊ ဟိုရောက်ရင် သား ဒီမှာတွေ့ခဲ့တာတွေကို သား သူငယ်ချင်းတွေကိုပြောပြ ဟုတ်လား၊ သားလေပြောပြရင် သူတို့က သိပ်ပြီး သဘောကျကြမှာ သားရဲ့'

လေယာဉ်ထွက်ခါနီးပြီဖြစ်၍ လေယာဉ်မယ်က အန်ဒရူးကလေးအား လာခေါ်သည်။ သည်တော့မှ သူတို့သားအမိ ခွဲခွာကြရတော့မှာပါကလား ဆိုသည်ကို သတိရ မိကြတော့သည်။

အန်ဒရူးကလေးမှာ လူကြီးကလေးတစ်ယောက်လို မိခင်နှင့်စကားပြောနေရာမှ ခုနှစ်နှစ်သားအရွယ် ကလေးဘဝသို့ ရုတ်တရက် ပြန်ရောက်သွားသည်။ မိခင်ကို မခွဲ နိုင်မခွာရက် ဖြစ်နေသည်။ ဒက်ဖနီအဖို့တော့ အသည်းနှလုံးကို တစ်ခြမ်းဖဲ့ပေးလိုက်ရသလို ပြင်းထန်စွာ ခံစားရပြန်တော့သည်။ သည်ဒုက္ခ သည်ဝေဒနာကို သူမကြာခဏ ခံစားခဲ့ရသည်။ ယင်းသို့ ခံစားရတိုင်းလည်း ဒုက္ခသစ်ဝေဒနာသစ်ကို ပထမဆုံး ခံစား ရသလိုထင်မိသည်။

သူသည် လေယာဉ်ဆီသို့ ငေးကြည့်ရင်း ငိုနေသည်။ ဘာဘာရာက ဘာမှ မပြောဘဲ ရပ်ကြည့်နေသည်။ ခဏကြာတော့မှ ဒက်ဖနီ၏ ပခုံးကိုကိုင်ကာ သူ့ဆီသို့ ဆွဲကပ်လိုက်သည်။

ပြေးလမ်းပေါ်တွင် လေယာဉ်ပျံ ဘီးလိမ့်ရွေ့လျားနေပြီ။

ဒက်ဖနီနှင့် ဘာဘာရာတို့က လက်ကို မြှောက်ကာဝှေ့ယမ်းပြလိုက်ကြသည်။





သို့သော် လေယာဉ်ပေါ်မှ အန်ဒရူးကလေးက သူတို့ကို မြင်မှမြင်ပါလေစ။

အိမ်အပြန် ကားပေါ်တွင် တစ်ယောက်မှ စကားမပြောကြ။ ခံစားချက်ကိုယ်စီ ဖြင့် ငြိမ်၍သာ လိုက်ပါလာကြသည်။

အိမ်သို့ရောက်တော့ ဒက်ဖနီသည် သူ့အခန်းထဲသို့ တန်းဝင်လာခဲ့သည်။ သည်တစ်ကြိမ်တွင် သူက မက်သယူးဆီသို့ ဖုန်းမဆက်တော့။

မက်သယူးက သူ့ဆီ ဖုန်းဆက်သည်။

သူ့အသံက တိုးလွန်းသဖြင့် မက်သယူးဘက်မှ သဲသဲကွဲကွဲ မကြားရ။ သို့သော် မက်သယူးက ဘာကြောင့် ယခုလို ဖုန်းဆက်သည်ဆိုတာကိုတော့ ဒက်ဖနီ သိကောင်း သိပါလိမ့်မည်။

'မင်း ဘယ်လို ခံစားနေရမယ်ဆိုတာ ကိုယ်တွေးကြည့်မိပါတယ် ဒက်ဖနီ'

ဒက်ဖနီက မျက်ရည်တွေကြားမှ ကြိုးစားပြုံးပြုံးကာ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် မက်၊ ဒီတစ်ကြိမ်မှာတော့ ကျွန်မစိတ်အထိခိုက်ဆုံးပဲ၊ ဒီကို ရောက်လာတုန်းကတောင် ဒီလောက်မခံစားရပါဘူး'

'အဆိုး ဘက်ချည်းလဲ ကြည့်မနေပါနဲ့ ဒက်ဖ်၊ အကောင်းဘက်ကလဲ လှည့် ကြည့်ပါဦး၊ ဒီလိုချည်းပဲ တစ်သက်လုံးနေသွားရမှာမှ မဟုတ်ဘဲ၊ မကြာခင်မှာ ခင်ဗျားတို့ သားအမိ နှစ်ယောက်အတူတူ နေကြရတော့မှာပါ'

ဒက်ဖနီက မျက်ရည်သုတ်ပြီး သက်မချလိုက်သည်။

'အဲဒီ မကြာခင်ဆိုတာက ဘယ်တော့ရောက်လာမှာလဲ မက်၊ မျှော်ရတာနဲ့ပဲ ရင်မောလှပြီ'

'ဒါပေါ့၊ ဒီလိုပဲ ဖြစ်တတ်တာပေါ့၊ ဒါပေမယ့် မကြာတော့ပါဘူး၊ အချိန် ကျရောက်လာပါလိမ့်မယ်၊ ဒါနဲ့ နောက်နှစ်လ သုံးလအတွင်း ခင်ဗျားက ရုပ်ရှင်ရိုက်နေ ကာနဲ့ အလုပ်တွေ သိပ်များနေမှာပေါ့'

'ဟုတ်တယ်၊ ကျွန်မတော့ ဒီအလုပ်ကို လက်ခံခဲ့တာ သိပ်မှားသွားပြီ၊ ပြန်ပြီး တောင် ရုပ်သိမ်းလိုက်ချင်တော့တယ်၊ ဒါမှ နယူးယောက်ပြန်လာပြီး သားလေးအနားမှာ အမြဲတမ်းနေနိုင်မှာ'

သို့သော် သည်စကားကို သားကလေးနှင့် ပူပူနွေးနွေးခွဲခွာခါစမို့ စိတ်လိုက် မာန်ပါ ပြောလိုက်ပေမယ့် တကယ်တော့ ပြောသလိုမဖြစ်နိုင်ကြောင်း ဒက်ဖနီရော မက်သယူးပါ သိပြီးသား ဖြစ်သည်။

'အကောင်းဆုံးကတော့ လုပ်စရာရှိတာတွေ မြန်မြန်လုပ်၊ မြန်မြန်ပြီးတော့ မြန်မြန်ပြန်လာ၊ ဒါပဲ ရှိတော့တယ် ဒက်ဖ်၊ တခြား နည်းလမ်းမရှိတော့ဘူး'

'အင်း ကျွန်မဘဝက တော်တော်လဲ ဆိုးဝါးပါလား မက်'



www.burmeseclassic.com

www.burmeseclassic.com

'ဒီထက် ဆိုးတာတွေတောင် ခင်ဗျား ကျော်လွှန်လာခဲ့သေးတာပဲ မဟုတ်လား'

'အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် မက်'

'ကျွန်တော်ကတော့ လိုအပ်ရင် အချိန်မရွေးသတိပေးနေမှာပဲ၊ အဲဒီလို ပေးရတာကိုလဲ ပျော်နေမိတယ်၊ ပင်ပန်းတယ်လို့ လုံးဝမထင်ပါဘူး၊ ဒါနဲ့ ရုပ်ရှင်က ဘယ်တော့ စရိုက်မှာလဲ'

သန်ဘက်ခါ၊ ဇာတ်ဆောင်တွေတောင် ဝတ်စုံတွေ ချုပ်နေကြပြီ၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကတည်းက သူတို့အဲဒီအတွက် အလုပ်များနေကြတယ်၊ ဒါပေမယ့် ကားစရိုက်တာတော့ နောက်နှစ်ရက်လောက်မှ တစ်ကယ်ရိုက်ဖြစ်မယ်ထင်တယ်၊ တစ်ရက် နှစ်ရက်အတွင်းမှာတော့ ကျွန်မရိုက်ကွင်း လိုက်မသွား နိုင်သေးဘူး၊ တချို့ ဇာတ်ကွက်တွေပြန်ပြင်စရာ နည်းနည်းရှိနေသေးတယ်၊ နောက်ပိုင်းတော့ ရုပ်ရှင် ရိုက်နေတဲ့ တစ်လျှောက်လုံး ကျွန်မက အကြံပေးသဘောနဲ့ လိုက်ပါနေရမယ်'

'ခင်ဗျား ဇာတ်ဆောင်တွေနဲ့ တွေ့ပြီးပြီလား'

'တွေ့ပြီးပြီ၊ ဒါပေမယ့် ခေါင်းဆောင်မင်းသား ဂျပ်စတင်ဝိတ်ဖီးလ်နဲ့တော့ မတွေ့ရသေးဘူး၊ သူက တောင်အာဖရိက သွားပြီး ရိုက်ကွင်းနေရာတွေ သွားကြည့်နေတယ်၊ နောက် နှစ်ရက်သုံးရက်လောက်မှ ပြန်ရောက်လိမ့်မယ် ထင်တယ်'

'သူနဲ့ တွေ့ပြီးရင် သူ့အကြောင်း ကျွန်တော့လဲ ပြောပြပါဦး'

မက်သယူး၏ လေသံက တစ်မျိုးထူးခြားနေသည်ဟု ဒက်ဖနီက ထင်လိုက်မိသည်။

'သူ့အကြောင်း၊ ထူးထူးခြားခြား ပြောစရာရှိမယ်မထင်ပါဘူး၊ ရုပ်ချောတဲ့ လူတွေက မနောပုပ်တာ များပါတယ်'

'အဲဒီလိုလဲ မဟုတ်သေးပါဘူး၊ ဒီလူကတော့ လူတော်တစ်ယောက် ဖြစ်မှာပါ'

'ကျွန်မတော့ ရုပ်ရှင်ကားမှာ သူသိက္ခာရှိရှိနဲ့ အကောင်းဆုံး သရုပ်ဆောင် မဆောင်ဆိုတာကိုပဲ အဓိက စိတ်ဝင်စားပါတယ်' အပါချီဝတ္ထုမှာ အမေရိကန်တောင်ပိုင်း သွေးတစ်ဝက်ပါသော လူတစ်ယောက်၏ လူမှုရေးရုန်းကန်လှုပ်ရှားမှု ဇာတ်လမ်းဖြစ်သည်။ ဤဝတ္ထုမှာ ဇာတ်ကွက်ဇာတ်လမ်းနှင့် ရည်ရွယ်ချက် အလွန်ကောင်းသဖြင့် အမျိုး သမီးတစ်ယောက် အနေဖြင့် ဤဇာတ်လမ်းမျိုးကို ရေးသားနိုင်ခြင်းကို လူတိုင်းပင် အံ့သြကြရသည်။ ဂျပ်စတင်ဝိတ်ဖီးလ်ကသာ အကောင်းဆုံး သရုပ်ဆောင်နိုင်လျှင် ဤဇာတ်ကားသည် အကယ်ဒမီဆုကို ကျိန်းသေပေါက်ရမည်ဟုလည်း တစ်ကြိမ်ဟော ကိန်း ထုတ်ထားကြသည်။ ဤအကြောင်းကို ဂျပ်စတင်ဝိတ်ဖီးလ်သိမှ သိပါ့မလားဟု ဒက်ဖနီက သံသယဝင်မိသည်။ ဂျပ်စတင်ဝိတ်ဖီးလ်က တစ်နိုင်ငံလုံးမှ ပျိုအိုမရွေး





အမျိုးသမီးတိုင်း၏ အသည်းစွဲနှာမည်ကျော် ရုပ်ရှင်မင်းသားတစ်ယောက်။ ဇာတ်လမ်းတွင် သရုပ်ဆောင်မှုသာ ကောင်းခဲ့လျှင် ဤဇာတ်ကားမှာ ရုံတိုင်း ဝက်ဝက် ကွဲအောင် အောင်မြင်မည်မှာ သေချာနေသည်။ 'ဘာပဲပြောပြော သူ့အနေနဲ့အကောင်းဆုံး စွမ်းဆောင်နိုင်လိမ့်မယ်လို့တော့ မျှော်လင့်ပါတယ်'

'ခင်ဗျား အချိန်ရရင် ကျွန်တော့်ဆီ ဆက်ဆက်ဖုန်းဆက်ပါ၊ ရုပ်ရှင်ကား ရိုက်နေတုန်း အခြေအနေစုံ သိရအောင်ပေါ့'

'စိတ်ချပါ၊ ကျွန်မ ဆက်ပါ့မယ်၊ သားလေးအခြေအနေကိုလဲ ကျွန်မကို အမြဲတမ်းအသိပေးပါ၊ ရုပ်ရှင်ကုမ္ပဏီ ဖုန်းနံပါတ် ကျွန်မ ပေးထားမယ်'

သူတို့ မကြာခင်တွင် ရိုက်ကွင်းရှာရန် ဝိုင်အိုမင်ပြည်နယ်သို့ ခရီးထွက်ကြရမည်။ သို့သော် သိပ်တော့ ကြာမည်မဟုတ်။ သည်ကြားထဲတွင် ဒေသခံ ရိုက်ကွင်းများသာ ပထမဆုံး ရိုက်ကူးကြမည်။

'အန်ဒရူးကလေး ပြန်ရောက်ရောက်ချင်း ကျွန်တော် ပြန်ဆက်ဦးမယ်'

'ကျေးဇူးပါပဲ မက်၊ ဒါနဲ့ ... မက်'

'ပြောပါ ဒက်ဖနီ'

'ရှင် ဒီအလုပ်ကို ဘာကြောင့် လုပ်နေတာလဲ ဟင်'

'ဘာကို ဆိုလိုတာလဲ'

မက်သယူး နားမလည်လိုက်။

'ဩော် တခြားမဟုတ်ပါဘူး၊ ရှင်က ကျွန်မကို သိပ်ပြီး ဂရုစိုက်တာပဲ၊ ကျွန်မ ဖြင့် အားတောင် နာနေပြီ'

သားလေးအတွက် အရာရာတွင် မက်သယူးကိုသာ ပုံပြီး အားကိုးနေရ၍ ဒက်ဖနီအနေဖြင့် သူ့ကိုယ်သူ အပြစ်ကျူးလွန်သူ တစ်ယောက်လိုပင် ယူဆမိသည်။

'ဒါက ဒီလိုရှိပါတယ် ဒက်ဖ်၊ ခင်ဗျားလဲပဲ ခင်ဗျားချစ်တဲ့သူတွေ အတွက် စွန့်လွှတ်နေတာပဲ မဟုတ်လား၊ ဒီအကြောင်း ကျွန်တော် ရှင်းပြနေစရာမလိုပါဘူး'

ဒက်ဖနီ ခေါင်းညိတ်လိုက်သည်။ မက်သယူးပြောတာ တစ်ကယ်မှန်သည်။ သူ အများကြီး စွန့်လွှတ်ခဲ့ရပြီးပြီ။ 'ကဲ ... ဒါပဲနော် ဒက်ဖ်၊ ကျွန်တော် မကြာခင် ပြန်ဆက်ဦးမယ်'

'ကျေးဇူးတင်ပါတယ် မက်'

ဒက်ဖနီ ဖုန်းကို ပြန်ချလိုက်သည်။

မက်သယူးနှင့်မတွေ့ရခင်က သူဖြတ်ကျော်လာခဲ့သော ဘဝဖြစ်စဉ်များကို ပြန်လည် တွေးတောနေမိသည်။

* * *


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၆ )

အင်္ဂါနေ့ နံနက် ငါးနာရီ ဆယ့်ငါးမိနစ်တွင် အပါချီ ဇာတ်ကား၏ အတွင်း ဇာတ်ဝင်ခန်းများကို ကွမ်စတော့ စတူဒီယိုတွင် စတင်ရိုက်ကူးသည်။ မူလအစီအစဉ်အရ ဆိုလျှင် တနင်္လာနေ့တွင် စတင်ရိုက်ကူးရန် ဖြစ်သော်လည်း ခေါင်းဆောင်မင်းသမီး မော်ရိန်းအဒမ် တုပ်ကွေးဝင်နေသောကြောင့် တစ်ရက်နောက်ဆုတ်သွားရခြင်း ဖြစ်သည်။ ထုတ်လုပ်မှု မန်နေဂျာ၏ တွက်ချက်မှုအရဆိုသော် ယင်းသို့ တစ်ရက်နောက်ဆုတ် သွားရခြင်းအတွက် ကုမ္ပဏီတွင် ဒေါ်လာ ထောင်သောင်းနှင့်ချီ၍ နစ်နာ ဆုံးရှုံးရသည်ဟု ဆိုသည်။ သို့သော် ဤနည်းဖြင့် နစ်နာရသော စရိတ်စကများကို ဇာတ်ကား ထုတ်လုပ် ရေးကုန်ကျစာရင်းထဲတွင် ထည့်သွင်းရန် ကြိုတင်စီမံချက်ရှိပြီး ဖြစ်သောကြောင့် တစ်ကြောင်း၊ ခေါင်းဆောင်မင်းသားဂျပ်စတင်ဝိတ်ဖီးလ်အနေဖြင့် ဇာတ်ညွှန်းကို ကြေညက်စွာ လေ့လာရန် အချိန်တစ်ရက် ပိုရသည့်အပြင် ဒါရိုက်တာနှင့်လည်း လိုအပ် ချက်များကိုဆွေးနွေးခွင့် ရသောကြောင့်တစ်ကြောင်းအဆိုးထဲမှ အကောင်းရှာယူနိုင် စရာ ရှိသည်။

ဒါရိုက်တာမှာ ဟောလိဝုဒ် ရုပ်ရှင်လောကတွင်မသိသူ မရှိသော ကမ္ဘာကျော် ဒါရိုက်တာကြီး ဟောဝပ်စတန်းဖြစ်သည်။ စိတ်နှင့်အခန့်မသင့်လျှင် ရိုက်ကွင်းထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ဆောင်များအား သောက်လက်စ စီးကရက်နှင့်လည်းကောင်း၊ စီးထားသော ကောင်းဘိုင် ဘွတ်ဖိနပ်နှင့်လည်းကောင်း ပစ်ပေါက်တတ်ပြီး တစ်ခါတစ်ရံ လက်သီး နှင့်ပင် ပစ်ထိုးတတ်သူဟု နာမည်ကြီးသူဖြစ်သည်။ သို့သော် ကမ္ဘာကျော်ကုမ္ပဏီကြီးများ အတွက် ကမ္ဘာကျော်ရုပ်ရှင်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်သောကြောင့် သူ့အာ ခေတ်ပြိုင်ဒါရိုက်တာများကပင် လေးစားရသူလည်းဖြစ်သည်။

အပြါချီဓာတ်ကားကို ဟောဝပ်စတန်းရိုက်ကူးသောကြောင့် ဒက်ဖနီမှာ ဝမ်းသာမဆုံးဖြစ်မိသည်။

ဓာတ်ကားစရိုက်သောနေ့က ဒက်ဖနီနံနက်သုံးနာရီတိတိတွင် အိပ်ရာမှ ထသည်။ ရေမိုးချိုးဖိုးလိမ်းပြင်ဆင်ပြီး အဝတ်အစားလဲသည်။ နံနက်စာ ချက်ပြုတ် သည်။ ငါးနာရီထိုးရန် ဆယ့်ငါးမိနစ်အလိုတွင် စတူဒီယိုသို့သွားရန် အသင့်ဖြစ်နေပြီ

အကောင်းစားဖိမ်ခံကားကြီးက အသင့်စောင့်နေသည်။ ချိန်းထားသော အချိန် တွင် ရိုက်ကွင်းသို့ရောက်သည်။ သရုပ်ဆောင်နှင့်ရုပ်ရှင်အဖွဲ့သားတွေ ရောက်နှင့်နေကြ ပြီ။ ဒါရိုက်တာသည် ဓာတ်ပုံဆရာများနှင့် စီးကရက်သောက်ရင်း မုန့်စားနေသည်။ မင်းသမီး မော်ရိန်းက မိတ်ကပ်ခြယ်နေသည်။ သို့သော် မင်းသားဂျပ်စတင်ဝိတ်ဖီးလ် ကိုမမြင်ရသေး။ ဒက်ဖနီသည် ရုပ်ရှင်အဖွဲ့သားများကို မိတ်ဆက်သည်။ ထို့နောက် ဒါရိုက်တာနှင့်မိတ်ဆက်သည်။ ဒါရိုက်တာက စားလက်စမုန့်ကို ရုပ်အင်္ကျီအိတ်ထဲ ထည့်ထားလိုက်ပြီးနောက် ဒက်ဖနီအား ခဏမျှ စိုက်ကြည့်နေသည်။ ပြီးတော့ အား ပါးရပြုံးကာ လက်ဆွဲနှုတ်ဆက်သည်။

'အင်း ... သေးတော့ နည်းနည်းသေးတယ်၊ ဒါပေမယ့် မဆိုးဘူး၊ တော်တော် ချောတယ်'

သူက ရှေ့သို့ကိုင်းကာ ပြုံးရင်း တိုးတိုးပြောသည်။

'မစ္စဖီးလ်ဒ်က ရုပ်ရှင်မင်းသမီးလုပ်ဖို့ ကောင်းတယ်'

'အို ကျွန်မရုပ်က အဲဒီလောက်အထိ မချောပါဘူး ရှင်'

ဒက်ဖနီက ဆုပ်ထားသော လက်ကိုပြန်ရုပ်ပြီးပြုံး၍ ပြောလိုက်သည်။

ဟောဝပ်စတန်း၏ ဥပမိရုပ်က အလွန်ကောင်းသည်။ လူချောလူလှ တ ယောက်တော့မဟုတ်။ သို့သော် ခန့်ညားမှုအပြည့်ရှိသည်။ သူ့အသက်က ခြောက်ဆ ခန့်ရှိပြီ။ မျက်နှာတွင် အရေးအကြောင်းတွေပေါ်နေကြပြီ။ ရန်းကန်လှုပ်ရှားပြီး အောင်မြင်မှုရလာသူဖြစ်ကြောင်း သိသာသည်။ ဒက်ဖနီက ဒါရိုက်တာကြီးကို မြင်မြ ချင်းသဘောကျမိသည်။ ဒါရိုက်တာကြီးကလည်း သူ့ကို သဘောကျကြော ဒက်ဖနီက သတိပြုမိသည်။

'အခုလို ကိုယ့်ဝတ္ထုကို ပထမဆုံးအကြိမ် ရုပ်ရှင်ရိုက်ရတော့ ဝမ်းမသာ





လား'

သူက ကုလားထိုင်ကို ညွှန်ပြသည်။ နှစ်ယောက်စလုံး ကုလားထိုင်တွင် ဝင်ထိုင်ကြသည်။ ဒက်ဖနီက ပြုံးလိုက်ပြီး

'ဟုတ်ကဲ့၊ အများကြီးဝမ်းသာမိပါတယ်၊ မစ္စတာစတန်း'

'ကျုပ်လဲ အလားတူပါပဲ၊ ကျုပ်က မင်းဝတ္ထုကို သိပ်ကြိုက်တယ်၊ ရုပ်ရှင် ရိုက်ဖို့ သိပ်ကောင်းတဲ့ဝတ္ထုပဲ၊ ပြီးတော့ ဓာတ်ညွှန်းကိုလဲ ကြိုက်ပါတယ်၊ ဂျပ်စတင်ကလဲ ကြိုက်တယ်၊ သူ့ကို အရင်တုန်းက တွေ့ဖူးသလား'

'မတွေ့ဖူးပါဘူး'

ဒါရိုက်တာကြီးက ဖြည်းဖြည်း ခေါင်းညိတ်ရင်း

'တော်တော် စိတ်ဝင်စားစရာ ကောင်းတဲ့လူ၊ ရုပ်ရှင်မင်းသား တစ်ယောက် အနေနဲ့ အသိဉာဏ်လဲတော်တော်ရှိတယ်၊ ဒါပေမယ့် သူဘယ်လို လူစားလဲ ဆိုတာတော့ သိဖို့လိုတယ်၊ သူတို့က အတူတူချည်းပဲ၊ ကျုပ်က ဒီလောကမှာ ကျင်လည်လာတာ ကြာပြီ၊ သူတို့အကြောင်း ချေးခါးအူမသိတယ်၊ သူတို့က စိတ်ဝင်စားစရာတော့ ကောင်းပါရဲ့၊ ဒါပေမယ့် တစ်ခုတော့ ချို့ယွင်းနေသလိုပဲ၊ သူတို့က ကလေးဆန်တယ်၊ စိတ်လွတ် ကိုယ်လွတ် နေချင်သလိုနေတယ်၊ စိတ်ကို မထိန်းနိုင်ကြဘူး၊ အတ္တကြီးတယ်၊ ကိုယ် ကျိုးသာကြည့်တယ်၊ တခြားလူကို လုံးဝထည့်မတွက်ဘူး၊ ကိုယ့်အတွက်သာ အဓိကထားတယ်၊ သူတို့အကြောင်းကို သိခါစမှာတော့ မင်းတော်တော် စိတ်ပျက်သွား မိလိမ့်မယ်၊ ဒါပေမယ့် ပိုပြီး နီးနီးကပ်ကပ် လေ့လာကြည့်တဲ့အခါကျတော့ သူတို့ စရိုက်က ဒီလိုပါပဲလားဆိုတာ သိလာလိမ့်မယ်၊ အေး သူတို့လိုမဟုတ်တဲ့ တချို့ ပုဂ္ဂိုလ်တွေတော့ ရှိပါတယ်'

သူက နာမည်တွေကို ထုတ်ဖော်ရွတ်ပြသည်။ ရုပ်ရှင်ပိတ်ကားပေါ်မှာ ဒက်ဖနီ မြင်ဖူးသော ပုဂ္ဂိုလ်များဖြစ်သည်။ ဒါရိုက်တာကြီးက ဆက်ပြောသည်။

'ဒါပေမယ့် အဲဒီပုဂ္ဂိုလ်တွေက နည်းတယ်၊ ရှားတယ်၊ တိုတိုပြောရရင် သူတို့ က အားလုံးသရုပ်ဆောင်တွေချည်းပါပဲ၊ အဲဒါကိုတော့ အမြဲတမ်းသတိရပါ၊ ဒါတွေ သိထားမှ နောက်ပိုင်းမှာ မင်းအနေနဲ့ စိတ်ညစ်စရာတွေကို ရှောင်နိုင်လိမ့်မယ်၊ သူတို့က မင်းကို စိတ်ညစ်အောင်လုပ်ကြလိမ့်မယ်၊ ကျုပ်ကိုလဲ လုပ်ကြမှာပဲ၊ ဒါပေမယ့် နောက်ဆုံး ကျတော့ သရုပ်ပေါ်ပါလိမ့်မယ်၊ တစ်နည်းအားဖြင့် အကျိုးတော့ရှိပါလိမ့်မယ်၊ တို့ တစ်တွေ လက်ဆွဲမိတ်ဖွဲ့ကြမယ်၊ ပြဿနာတွေ ဖြစ်ကြမယ်၊ နောက်ဆုံး နှုတ်ဆက် ကြမယ်၊ အဲဒီအခါကျတော့ ရန်ဖြစ်ခဲ့တာတွေ၊ မနာလိုဖြစ်ခဲ့တာတွေ၊ မုန်းတီးခဲ့ တာတွေ အားလုံးမေ့သွားလိမ့်မယ်၊ တစ်ယောက်တစ်ယောက် နောက်ပြောင်ခဲ့ကြတာ တွေ၊ ပျော်ရွှင်ရယ်မောခဲ့ကြတာတွေကိုပဲ သတိရနေလိမ့်မယ်၊ တော်တော်တော့ ထူးခြား

www.burmeseclassic.com



တဲ့ အတွေ့အကြုံပဲ၊ တကယ်တော့ ဒီလောကက အလွန်ဆွဲဆောင်မှုရှိတဲ့ အလွန်ညို့အားကောင်းတဲ့ လောကပါ'

ထို့နောက် သူသည် ထိုင်ရာမှ ထရပ်လိုက်သည်။ ဒက်ဖနီအား ဦးညွှတ်နှုတ်ဆက်ပြီးနောက် သူ့ဓာတ်ပုံဆရာများနှင့် ဆွေးနွေးရန် ပြန်ထွက်သွားသည်။

ဒက်ဖနီသည် ဒါရိုက်တာကြီး ပြောသွားသောစကားကြောင့် အံ့သြဝမ်းသာဝေခွဲမရဖြစ်ရင်း နေရာတွင် ထိုင်မြဲထိုင်ကျန်ရစ်သည်။ သူ့မျက်စိအောက်တွင် သရုပ်ဆောင်တွေ၊ ဓာတ်ဝင်အဝတ်အစား တာဝန်ခံတွေ၊ အသံဘက်ဆိုင်ရာနှင့် လျှပ်စစ်မီးဘက်ဆိုင်ရာ အင်ဂျင်နီယာတွေ ဝင်လိုက်ထွက်လိုက်နှင့် ခြေချင်းလိမ်နေကြသည်။

ခုနစ်နာရီခွဲသောအခါ စတူဒီယိုအတွင်းလူတွေ လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ ရုပ်ရှင်စရိုက်တော့မယ်ထင်တယ်ဟု ဒက်ဖနီကတွေးလိုက်သည်။

ထိုအချိန်တွင် အဝတ်အစားလဲခန်းထဲမှ လူတစ်ယောက် ထွက်လာသည်။ သူသည် တီပုံစံရုပ်အင်္ကျီနှင့် လည်ပတ်ပါသော သားမွေးဂျက်ကတ်အင်္ကျီကို ဝတ်ထားသည်။ ခြေထောက်တွင်တော့ ခြေအိတ်တိုနှင့်ကင်းဘတ်ရှူးလို စီးထားသည်။ ရွှေရောင်ဆံပင်များက ကလေးတစ်ယောက်လို နဖူးပြင်ပေါ်သို့ ဖြန့်ကျနေသည်။ သူသည် ဒက်ဖနီဘက်သို့ တစ်လှမ်းချင်း လျှောက်လာပြီး ဒက်ဖနီ၏၏မျက်နှာကို အမှတ်မထင်တစ်ချက် ကြည့်လိုက်သည်။ ထို့နောက် ဒါရိုက်တာကြီး စောစောကထိုင်သွားသော ကုလားထိုင် တွင် ဝင်ထိုင်လိုက်သည်။

ဒက်ဖနီအား တစ်ချက်စောင်းကြည့်သည်။ ဆက်တင် အခမ်းအနားတွေကို ကြည့်သည်။ ပြီးတော့ ဒက်ဖနီအား လှည့်ကြည့်ပြန်သည်။ သူ့အမူအရာက စိတ်လှုပ်ရှား နေပုံမျိုး။

ဒက်ဖနီက ဘယ်သူပါလိမ့်ဟု တွေးရင်း ပြုံးပြလိုက်သည်။

'တော်တော် စိတ်ဝင်စားစရာ ကောင်းတယ် နော်'

ဒက်ဖနီက ဘာပြောရမှန်းမသိ၍ ပါးစပ်ထဲ ရောက်လာတာကို ပြောလိုက်သည်။

'ဟုတ်တယ်၊ တော်တော် စိတ်ဝင်စားစရာကောင်းပါတယ်၊ ကျွန်တော်တော့ ရုပ်ရှင်စရိုက်တော့မယ် ဆိုရင် အမြဲတမ်း ဂနာမငြိမ်ဖြစ်တာပဲ၊ ရုပ်ရှင် အဟန့်ပဲ ဆိုမလား မသိဘူး' သူကပြောပြီး ပခုံးကို တွန့်လိုက်သည်။ အင်္ကျီအိတ်ထဲမှ သကြားလုံး တစ်လုံးနှိုက်ယူပြီး ပါးစပ်ထဲထည့်သည်။ ပြီးတော့မှ အပြုအမူရိုင်းသွားသည့် အထင်မြင် အမ်းတမ်းတမ်း ဖြစ်သွားပြီး အင်္ကျီအိတ်ထဲသို့ လက်ပြန်နှိုက်လျက် သကြားလုံး တစ်လုံး ယူကာ ဒက်ဖနီအား ကမ်းပေးလိုက်သည်။

'ကျေးဇူးတင်ပါတယ်'





သူတို့ နှစ်ယောက် မျက်လုံးချင်း ဆုံမိကြပြန်သည်။ သူ့အကြည့်ကြောင့် ဒက်ဖနီ၏ မျက်နှာတွင် ပန်းနုရောင်သန်းသွားသည်။

'ခင်ဗျားက ဒီကားမှာ ပါသလား'

'အို ... မပါပါဘူး' ဒက်ဖနီက ခေါင်းခါပြလိုက်သည်။ သူက ဘယ်လိုပြန်ပြောရမှန်းမသိ။ သူ့ဓာတ်လမ်းပါဟုလည်း မပြောချင်။ ပြီးတော့ တစ်ဖက်လူကလည်း ဆက်တင်အခမ်းအနားပြင်ဆင်နေကြသည်ကိုသာ စိတ်ဝင်စားနေဟန်တူသည်။

သူထိုင်ရာမှထပြီး ပြန်လျှောက်သွားသည်။ ခဏကြာတော့ ပြန်ရောက်လာသည်။

ဒက်ဖနီအား ပြန်ကြည့်ပြီး

'တစ်ခုခု သောက်ပါလား'

ဒက်ဖနီ၏ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သူ့အနားတွင် ဘာဘရာလည်း မရှိ။ ကော်ဖီသွားယူမည်ဆိုပြီး ထွက်သွားသည်မှာ မိနစ်နှစ်ဆယ်ခန့်ရှိပြီ။ အလကားထိုင်နေ အလကားပဲ ဆိုကာ ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ကျွန်မအဖော်လဲ ကော်ဖီ သွားယူနေပါတယ်'

'ရပါတယ်၊ ကျွန်တော်ယူပေးမယ်၊ မလိုင်နဲ့ သကြားရပါတယ်နော်' ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။ ထိုသူပြန်ထွက်သွားသည်။ မကြာမီတွင် ကော်ဖီနှစ်ခွက်ယူပြီး ပြန်ရောက်လာသည်။

ဒက်ဖနီက ကော်ဖီခွက်ယူပြီး တစိမ့်စိမ့်သောက်ရင်း အကဲခတ်နေသည်။ ထိုသူ့ မျက်နှာကိုမသိမသာ စောင်းကြည့်လိုက်သည်။ ထိုသူက မျက်လုံးစိမ်းကြီးများဖြင့် ဒက်ဖနီအား စိုက်ကြည့်နေသည်။ 'ခင်ဗျားက တော်တော်လှတာပဲ၊ ကိုယ့်ကိုယ်ကိုယ် သတိပြုမိရဲ့လား' ဒက်ဖနီ ရှက်သွေးဖြာသွားသည်။ ထိုသူက ပြုံးပြီး 'ခင်ဗျားလဲ ရှက်တတ်တာပဲနော်၊ ကျွန်တော်က အဲဒီလိုအမျိုးသမီးတွေကို သိပ်ချစ်တယ်' သူက ပြောရင်း ရယ်နေသည်။ ပြီးတော့ ကော်ဖီ တစ်ကျိုက်သောက်လိုက်သည်။ ကော်ဖီခွက်ကို စားပွဲပေါ် ချထားလိုက်သည်။ 'ကျွန်တော်တော့ ခင်ဗျားကို မြင်မြင်ချင်း စိတ်ဝင်စားနေမိပြီ၊ ခင်ဗျားက ဒီဓာတ်ကားနဲ့ ဘယ်လိုပတ်သက်နေတာလဲ ဟင်'

အမှန်ကို မပြော၍ မဖြစ်တော့။

'ဓာတ်ညွှန်းက ကျွန်မ ဓာတ်ညွှန်းပါ၊ ကျွန်မ ပထမဆုံးအကြိမ်ရေးတဲ့ ဓာတ်ညွှန်းပဲ၊ ကျွန်မအတွက်တော့အားလုံး အသစ်လို ဖြစ်နေတယ်'

ထိုသူက ပို၍ စိတ်ဝင်စားသွားဟန်ဖြင့်

'ဒါဆို ဒက်ဖနီဖီးလ်ဆိုတာ ခင်ဗျားပေါ့၊ ကျွန်တော် ခင်ဗျား ဝတ္ထုတွေအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရပါတယ်၊ သိပ်ကောင်းတဲ့ ဝတ္ထုတွေပဲ၊ အခုဝတ္ထုကိုလဲ ကျွန်တော်သိပ်ကြိုက်ပါတယ်'

'ကျေးဇူးတင်ပါတယ် ရှင်၊ ဒါနဲ့ ကျွန်မကလဲပြန်မေးပါရစေဦး၊ ရှင်ကရော ဒီမှာ ဘာလာလုပ်တာလဲ' ထိုသူက ခေါင်းကို နောက်သို့ လှန်ကာ ရယ်လိုက်သည်။ သူ့အသံက ထူးထူးခြားခြားကြည်လင်ပြတ်သားသည်။ သူက ဒက်ဖနီအား ပြန်ကြည့်ပြီး နဖူးပေါ်အုပ်နေသော ဆံပင်များကို လက်ဖြင့် နောက်သို့ သပ်ချလိုက်သည်။ ပြီးတော့ ဒက်ဖနီအား ပြုံးကြည့်နေသည်။ သည်တော့မှ ဒက်ဖနီက အလန့်တကြားဖြစ်ကာ အံ့ အားသင့်သွားမိသည်။ 'အို ... ဘုရားရေ၊ ကျွန်မ ဘယ်သူပါလိမ့်မလဲလို့'

ထိုသူသည် ရုပ်ရှင်ကားတွေထဲက အတိုင်းပင် အပြင်မှာလည်း ထူးထူးခြားခြားလှနေသည်။ ဂျင်းအင်္ကျီဟောင်းနှင့် ဂျင်းဘောင်းဘီအနွမ်းများဝတ်ထား၍ စောစောက ဒက်ဖနီလုံးဝ မမှတ်မိခဲ့ခြင်းဖြစ်သည်။

'အံ့ဩသွားသလား၊ ကျွန်တော့်ရုပ်က ဒီလောက်တောင် ဆိုးသလားဗျာ' နှစ်ယောက်စလုံးရယ်ကြသည်။

သူ့ ကမ္ဘာကျော် ဇာတ်လိုက်မင်းသားဂျပ်စတင်ဝိတ်ဖီးလ်ဖြစ်ကြောင်း ဒက်ဖနီ သိသွားပြီ။

သူက လက်ကို ကမ်းပေးလိုက်သည်။ နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြသည်။ မျက်လုံးချင်း ဆိုင်ကြသည်။ သည်လူက အလွန်ဆွဲဆောင်မှုရှိသည်။ သူ့ မျက်လုံးများတွင် သံလိုက်ဓာတ်ရှိနေသလား ထင်ရသည်။ 'ခင်ဗျားဇာတ်ညွှန်းမှာ ကျွန်တော်က ခေါင်းဆောင်မင်းသားအဖြစ် ရိုက်ရမယ်၊ အခုလို ကျွန်တော်သရုပ်ဆောင်တာကို ခင်ဗျားအနေနဲ့ ဝမ်းသာလိမ့်မယ်လို့ မျှော်လင့်ပါတယ်'

'ဟုတ်ပါတယ်၊ ကျွန်မ တကယ် ဝမ်းသာပါတယ် ရှင်'

'ကျွန်တော်လဲ ဝမ်းသာပါတယ်၊ ကျွန်တော့်အတွက် အကောင်းဆုံး သရုပ်ဆောင်ခွင့်ရမယ့်ကားပဲ၊ ခင်ဗျားဇာတ်လမ်းကလဲ သိပ်ကောင်းတာကိုး'

'ရှင်လဲ သိပ်ကောင်း ပါတယ်'

ဒက်ဖနီက ရင်းရင်းနှီးနှီးအမူအရာဖြင့် ခပ်ရွှင်ရွှင်ကလေး ပြောလိုက်သည်။ သူ့ စိတ်ထဲမှာတော့ ငါဟာ အမေရိကန်နိုင်ငံရဲ့ ပျိုတိုင်း ကြိုက်တဲ့နာမည်ကျော် နင်း... ခိုင် မင်းသားနဲ့ရင်ဆိုင်နေရပါပကောလားဟု တွေးနေမိသည်။ ယခုလိုအနားတွင် ထိုင်... ရသည်ကိုရင်ထဲတွင် တသိမ့်သိမ့်ကြည်နူးနေမိသည်။ ထို့ပြင် သူမခံစားခဲ့ရသည်... ကြာပြီဖြစ်သော ခံစားချက်တစ်ရပ်ကိုလည်း သိသိသာသာခံစားရသည်။ သူ့ ကိုယ်... အလုပ်ကိုသာကျုံးလုပ်နေရသူတစ်ယောက် သို့မဟုတ် စာရေးဆရာမတစ်ယောက် ... မဟုတ် အန်ဒရူးကလေး၏မိခင်ဟူ၍ မခံစားရတော့။ သာမန်မိန်းမတစ်ယောက်ဟု...





ခံစားရတော့သည်။ မင်းသားက သူ့ကို စိတ်ဝင်စားနေပြီ။ ဤအချက်ကို သူ့ အမူအရာနှင့်သူ့စကားပြောပုံတို့က ဖော်ပြနေကြသည်။ သို့သော် သူကမက်သယူးမှ တစ်ပါး တခြားယောက်ျားများနှင့် လုံးဝမဆက်ဆံခဲ့သည်မှာ ကြာလှပြီ။ ထို့ကြောင့် ယခု မင်းသားနှင့် မျက်နှာချင်းဆိုင် ထိုင်နေသောအခါ စကားမရှိ စကားရှာပြီး ဘယ်စကားကို ဘယ်လိုပြောရမှန်းစဉ်းစား၍ မရအောင်ဖြစ်နေမိသည်။

မင်းသားက သူ့မျက်နှာကို စိတ်ဝင်စားစွာဖြင့် စေ့စေ့ကြည့်နေသည်။ ဒက်ဖနီက စကားတွေသိပ်ပြောမိမှာကိုလည်း ကိုယ့်ကိုယ်ကိုယ် စိုးရိမ်မိသည်။ သို့သော် သူက မပြောသော်လည်း မင်းသား၏စူးရှသော မျက်လုံးစိမ်းကြီးများက သူ၏ဖုံးကွယ်ထားသော အထီးကျန်ဘဝကိုထိုးဖောက် မြင်နိုင်စွမ်းရှိပုံရသည်။ ဥျန်ဆုံးပြီးကတည်းက သူ့ ရင်ထဲဖြစ်ပေါ်ခဲ့ရသော ဟာကွက်ကိုလည်းထိုးဖောက်မြင်ပုံရသည်။

'ဒါနဲ့ ဇာတ်ညွှန်းကို ဘယ်လိုသဘောရသလဲ၊ ကြိုက်ရဲ့လား' ဒက်ဖနီကပင် စကားစရှာ၍ မေးလိုက်သည်။

'ကြိုက်ပါတယ်၊ အများကြီးကြိုက်ပါတယ်၊ ဒါရိုက်တာနဲ့ကျွန်တော်တို့ မနေ့ကတောင် ဆွေးနွေးခဲ့သေးတယ်၊ ကျွန်တော်နဲ့မကိုက်တဲ့ဇာတ်ကွက်တစ်ကွက်ပဲ ရှိပါတယ်'

'ဘယ် ဇာတ်ကွက်လဲ'

ဒက်ဖနီက စိုးရိမ်တကြီး မေးလိုက်သည်။

ဂျပ်စတင်ဝိတ်ဖီးလ်က ဒက်ဖနီ ထိုင်နေသော ကုလားထိုင်ပေါ်တွင် ဘာဘာရာ ထားခဲ့သော ဇာတ်ညွှန်းကော်ပီကို လှမ်းယူလိုက်သည်။

'ဒါပေမယ့် မပူပါနဲ့၊ သိပ်အရေးမကြီးလှပါဘူး၊ ဇာတ်ကွက်က သေးသေး မလေးပါ'

သူက စာရွက်များကို လှန်လိုက်သည်။ ဇာတ်ညွှန်းကို ကြေကြေညက်ညက် ...လှလာထားပြီးပုံရသည်။ သူမကြိုက်သော ဇာတ်ကွက်ကို ထောက်ပြသည်။ ဒက်ဖနီက စောင်းကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ ပြီးတော့ ဂျပ်စတင်၏ မျက်နှာကို ...မော့ကြည့်ရင်း

'ရှင်ပြောတာမှန်နိုင်ပါတယ်၊ ကျွန်မကိုယ်တိုင်လဲ အဲဒီနေရာမှာ သိပ်မရှင်းဘူး'

'ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ဟောဝပ်က ဘာပြောမလဲဆိုတာစောင့်ကြည့်ပါဦး၊ ...ဇာတ်ကားရိုက်ရင်းနဲ့ အပြောင်းအလဲ တော်တော်များများလုပ်ပစ်ဖို့ ကျွန်တော်တို့ ...ဉ်းစား ထားတယ်၊ အားလုံးညှိပြီး လုပ်ကြတာပေါ့၊ သူအလုပ်လုပ်တာ မြင်ဖူးသလား' ...က်ဖနီက ခေါင်းခါပြသည်။ ဂျပ်စတင်ကရယ်ပြီး ဆက်ပြောသည်။ 'ခင်ဗျားပျော်ရ...ပါ၊ ...ကိုးကြီး ကို မကြောက်ပါနဲ့၊ သူက ပင်ကိုစိတ်ဓာတ် အလွန်ကောင်းတယ်၊ ...ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အပြောအဆိုတော့ သိပ်ကြမ်းတယ်၊ နောက်တော့လဲ နားယဉ်သွားတာပါပဲ၊ ကျွန်တော်တို့လဲ ဒီအတိုင်းပါပဲ၊ သူက အလွန်တော်တဲ့ပါရမီရှင်ကြီးတစ်ယောက်ပါ၊ သူနဲ့အလုပ်လုပ်ရတာ အများကြီး အကျိုးရှိပါတယ်၊ ပညာရတယ်၊ ကျွန်တော် သူနဲ့နှစ်ကားရိုက်ခဲ့ပြီးပြီ၊ သူနဲ့ ရိုက်တိုင်း ထူးခြားချက်တစ်ခုခုတော့ ရတာချည်းပဲ၊ ခင်ဗျားဇာတ်လမ်း သူရိုက်တာ သိပ်ကောင်းတယ်၊ ကျွန်တော်တို့လဲ ဒီအတိုင်းပါပဲ' ထို့နောက် သူက လေသံဖြင့် 'ဒါပေမယ့် အခုလိုခင်ဗျားဇာတ်ကားကိုရိုက်ရတာ ကျွန်တော်တို့အတွက် ပိုပြီးတောင်ကောင်းကောင်း ပါသေးတယ်'

သူကပြုံးဖြီးပြောသည်။ သူ့အပြုံးက အနမ်းကဲ့သို့ထိရောက်သည်။ ထို့နောက် သူအဝတ်အစားလဲခန်းသို့ ပြန်လျှောက်သွားသည်။ ထိုအချိန်တွင် ဘာဘာရာ ပြန်လည် ရောက်လာသည်။

'ကော်ဖီကောင်းကောင်း ဘယ်မှာမှ မတွေ့ဘူး ဒက်ဖ်'

'နေပါစေတော့၊ ကျွန်မ သောက်ပြီးပြီ၊ လူတစ်ယောက် လာတိုက်လို့'

ဒက်ဖနီသည် သံသယဝင်နေဆဲ ဖြစ်သည်။ ဂျပ်စတင်ဝိတ်ဖီးလ်က အလွန်ထူးခြားသူတစ်ယောက်တော့ မှန်သည်။ သို့သော် ဒက်ဖနီအနေဖြင့် သူ့ကို သဘောကျမကျဆိုတာ ပြတ်ပြတ်သားသားမဆုံးဖြတ်နိုင်သေး။ ဂျပ်စတင်ဝိတ်ဖီးလ်က အလွန်သွက် သည်။ အလွန်ရွှင်သည်။ ရုပ်လည်းအလွန်ချောသည်။ သူနှင့်စကားပြောရသည်မှာ ပျော်စရာကောင်းသည်။ သို့သော်တကယ်မှဟုတ်ရဲ့လား၊ ဟန်ဆောင်နေတာလားဟု ဒက်ဖနီကစဉ်းစားနေတုန်းရှိသေးသည်။

'ရှင့် ကြည့်ရတာ ဝမ်းထဲဘုရားပွဲလှည့်နေတဲ့ပုံမျိုးပါလား ဒက်ဖ်' ဟု ဘာဘာရာ က စလိုက်သည်။

'ဟုတ်မှာပေါ့၊ ကျွန်မခုနကပဲဂျပ်စတင်ဝိတ်ဖီးလ်နဲ့ စကားလက်ဆုံကျပြီးပြီလေ'

'ဟယ် တယ်ဟုတ်ပါလား၊ သူ့ရုပ်က ဘယ်လိုလဲဟင်၊ ရုပ်ရှင်ထဲက အတိုင်းပဲလား ဒက်ဖ်'

ဘာဘာရာက သိချင်ဇောဖြင့် ပျာပျာသလဲမေးသည်။

ဒက်ဖနီက ရယ်ပြီး

'ကျွန်မတော့ ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး၊ ရုပ်ကတော့ သိပ်ချော တာပဲ၊ ဒါပမယ့် သူ ကျွန်မအနားမှာ လာထိုင်တာတောင် ကျွန်မက သူ့ကိုမမှတ်မိဘူး'

'ဘာဖြစ်လို့လဲ'

'သူ ဝတ်စားထားတာက ကလေးလိုပဲ၊ ကျွန်မက တစ်မျိုးမျှော်လင့်ထားတာ





'ရှင်က ကျွန်မစိတ်ပျက်အောင် ပြောနေတာလား'

'ကျွန်မ အဲဒီလိုမပြောပါဘူး'

ထိုစဉ် ဂျပ်စတင်ဝိတ်ဖီးလ်သည် အဖြူရောင်အသားကပ်ဘောင်းဘီနှင့် ယှည်ပတ်မြင့်အဖြူရောင်ဆွယ်တာအင်္ကျီကို ဝတ်ကာ အဝတ်အစားလဲခန်းမှ ပြန်ထွက်လာသည်။ သူ့ရုပ်က မာလွန်ဘရန်ဒို ငယ်ငယ်တုန်းကကဲ့သို့ နုပျိုနေသည်။

'ဘုရားရေ တကယ်ချောတဲ့ မောင်ပါလား'

ဘာဘာရာက တိုးတိုးပြောသည်။ ဒက်ဖနီက ပြုံးနေသည်။ ဂျပ်စတင်ကယ်သည်အဝတ်အစားနှင့်ဆိုလျှင် တကယ်ပင် ဆွဲဆောင်မှု အပြည့်ရှိသည်။ ယောကျ်ားပီသသော ကိုယ်အင်္ဂါ ကြွက်သားများအတိုင်းသားပေါ်လွင်နေသည်။ သူ့ရုပ်ရှင်ကားများထဲကအတိုင်း ဆံပင်ကို နောက်သို့ လှန်ဖြီးထားသည်။ ယခုမှ တကယ့် ဂျပ်စတင်ဝိတ်ဖီးလ်နှင့်တူနေသည်။ ဒက်ဖနီအား စောစောတုန်းက ကော်ဖီ လာပေးသွားသောခပ်ကြောင်ကြောင် လူငယ်တစ်ယောက် ပုံမျိုးမဟုတ်တော့။

သူသည် ဒက်ဖနီဆီသို့ တန်းတန်း မတ်မတ်လျှောက်လာပြီး ကုလားထိုင်အားတွင် ရပ်ကာပြုံးရင်း နှုတ်ဆက်လိုက်သည်။

'ဟဲလို ဒက်ဖနီ'

'ဟဲလို' ဒက်ဖနီကလည်း ပြန်၍ ပြုံးသည်။ 'ရှင့်ကို ကျွန်မ လက်ထောက်နဲ့မိတ်ဆက်ပေးရဦးမယ်၊ ဘာဘာရာ ဂျာဗစ်တဲ့၊ ဘာဘာရာ သူက ဂျပ်စတင်ဝိတ်ဖီးလ်လေ'

ဂျပ်စတင်က ဘာဘာရာအား ပြုံးပြီး လက်ဆွဲနှုတ်ဆက်သည်။ ထို့နောက် ဒက်ဖနီအား ဦးညွှတ်နှုတ်ဆက်ကာ ဒါရိုက်တာ ဟောဝပ်စတန်းဆီသို့ လျှောက်သွားသည်။

ဘာဘာရာက ဂျပ်စတင်အား မျက်တောင်မခတ် ငေးကြည့်ကျန်ရစ်သည်။

'ဟေး အဒေါ်ကြီး၊ ပါးစပ်လဲပိတ်ထားပါဦး၊ သွားရည်တွေ တစက်စက်ကျနေပြီ'

'ဘုရား၊ ဘုရား ဟုတ်ပါရဲ့၊ မယုံမရှိနဲ့ တကယ်ချောတဲ့မောင်လို့ ပြောရမလောက်ပါရဲ့လား ဒက်ဖ်' သူက ဂျပ်စတင်အား လှမ်းကြည့်နေတုန်းပင် ရှိသေးသည်။

'ဟုတ်ပါတယ်၊ ရှင် မြင်ရတဲ့ အတိုင်းပါပဲ၊ ဒါပေမယ့် သူ့ကို ချောတယ်လို့ပြောတာထက် အသက်ပါတယ်လို့ ပြောရင် ပိုမှန်မယ်'

ဘာဘာရာက ရယ်လိုက်ပြီး

'အံမယ်၊ တယ်ဟုတ်ပါလား၊ ဘယ်လိုအသက်ပါတာတဲ့လဲ ဆရာမကြီးရယ်'

'တွမ်ဟာရင်တန်လိုပေါ့၊ ကျွန်မက ဒီထက်ပိုပြီး ရှင်းပြနေရဦးမှာလား



www.burmeseclassic.com

www.burmeseclassic.com



ဘာဘာရာ'

ဘာဘာရာက ရှက်ပြုံး ပြုံးရင်း

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ မလိုတော့ပါဘူး၊ မလိုတော့ပါဘူးတဲ့ရှင်'

'ဒါနဲ့ ရှင်တို့ကိစ္စက ဘယ်လို အခြေအနေရောက်နေပြီလဲ ဘာဘာရာ'

ဘာဘာရာသည် ခေတ္တတွေသွားပြီး သက်မတစ်ချက် ချလိုက်သည်။

'တွမ်က သိပ်ပြီး အံ့သြစရာ ကောင်းတဲ့ လူပါ ဒက်ဖ်၊ ကျွန်မသူ့ကို သိပ်ချစ်တယ်၊ သူ့ကလေးတွေကိုလဲ ချစ်တယ်'

'အဲဒီတော့ ပြဿနာက ဘာလဲ'

'ဘာ ပြဿနာမှ မရှိပါဘူး' ဘာဘာရာက ပြုံးရင်း 'ကျွန်မသူနဲ့အတူနေနေရတာ သိပ်ပြီးပျော်တယ်၊ ကျွန်မဘဝမှာ အပျော်ဆုံးကာလပဲလို့ ပြောနိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့တစ်နေ့ကျတော့ နယူးယောက်ကို ပြန်သွားရမယ်ဆိုတာ တွေးမိတိုင်း ကျွန်မ စိတ်မချမ်းသာ ဖြစ်နေရတယ်'

'အို စိတ်မချမ်းသာ ဖြစ်မနေပါနဲ့ ဘာဘာရာ၊ ပျော်ပျော်သာ နေစမ်းပါ၊ ပျော်စရာကောင်းတဲ့ အချိန်မှာ စိတ်မချမ်းသာစရာ တွေးမနေပါနဲ့၊ ဒါမျိုးဆိုတာက နေ့တိုင်းရနိုင်တဲ့ အရာမျိုးမဟုတ်ပါဘူး'

'တွမ်ကလဲ စတွေ့ကတည်းက ဒီစကားမျိုးကျွန်မကို ပြောခဲ့ပါတယ်၊ ဒီလို အဖြစ်မျိုးဆိုတာက တစ်သက်တာမှာ တစ်ကြိမ်တစ်ခါသာ ကြုံရတာတဲ့တယ်တဲ့၊ ဒါကြောင့်မို့လို့ ရတုန်းရခိုက်မှာ မလွှတ်တမ်း ဆုပ်ကိုင်ထားရမယ်တဲ့'

ဒက်ဖနီမျက်နှာ ညှိုးသွားသည်။ အတော်ကလေး မှိုင်နေပြီးမှ ပြောသည်။

'ဟုတ်ပါတယ်၊ အဲဒီစကားကို ဂျက်ဖ်ကလဲ ကျွန်မကို ချစ်တုန်းက ပြောခဲ့ဖူးပါတယ်၊ ကျွန်မတို့နှစ်ယောက် စတွေ့တုန်းကပေါ့၊ ဟုတ်ပါတယ်၊ သူပြောတာ မှန်ပါတယ်၊ လူတစ်ယောက်ရဲ့ဘဝမှာ အတွေ့အကြုံဖြစ်ရပ်တွေကတော့ သူ့အခြေအနေ သူ့ အချိန်အခါနဲ့ ဖြစ်ပေါ်တွေ့ကြုံနေကြမှာပဲ၊ ဒါပေမယ့် အဲဒီ အခြေအနေ အဲဒီဖြစ်ရပ်တွေဟာ တစ်ခုနဲ့တစ်ခုမတူဘူး၊ သူ့အခြေအနေ သူ့အချိန်အခါနဲ့ ဖြစ်ပေါ်ကြုံတွေ့ကြရတာ၊ အခုပဲ ကြည့်ပါလား၊ အခု ကျွန်မတို့ နှစ်ယောက်ရုပ်ရှင် စတူဒီယိုထဲရောက်နေကြရတယ်၊ ဒီအဖြစ်ဒီအတွေ့အကြုံဟာလဲ သူ့အခြေအနေ သူ့အချိန်အခါအလျောက် ဖြစ်ပေါ်လာရတာပဲ၊ ဒါကြောင့်မို့ သူ့အချိန်အလျောက် ဖြစ်ပေါ်လာတဲ့ အတွေ့အကြုံကို ပျော်ပျော်ရွှင်ရွှင်နဲ့ ခံယူတာ အကောင်းဆုံးပါပဲ ဘာဘာရာ'

ဒက်ဖနီက ဂျပ်စတင်ဝိတ်ဖီးလ်အား လှမ်းကြည့်လိုက်သည်။ ဂျပ်စတင်ဝိတ်ဖီးလ်ကလည်း လုပ်လက်စအလုပ်ရပ်ကာ ဒက်ဖနီဘက်သို့ ပြန်ကြည့်သည်။ သူ့အကြည့်သည် ဂျပ်စတင်၏ အသည်းနှလုံးထဲစိုက်ဝင်သွားသလို ခံစားလိုက်ရသည်။





ကိုးနာရီ ဆယ့်ငါးမိနစ်တွင် ရုပ်ရှင်စရိုက်ကြသည်။ နေ့လယ် ဆယ့်နှစ်နာရီကျတော့ ပထမဆုံးဇာတ်ဝင်ခန်းကို နှစ်ကြိမ်တိတိ ပြန်ရိုက်ရသည်။ ဒါရိုက်တာကြီးဟောဝပ်စတန်းက မင်းသားနှင့်မင်းသမီးတို့ကိုရော၊ စက်အဖွဲ့ကိုရော တစ်ချိန်လုံး ငေါက်ငမ်းဆူပူနေသည်။ မင်းသမီးမော်ရိန်းအဒမ်ခမျာ မျက်ရည်ထွက်အောင်ပင် ငိုမိသည်။ ကျွန်မ သိပ်နေမကောင်းသေးလို့ပါဟု အကြောင်းပြရှာသည်။

ခဏကြာတော့ ရုပ်ရှင်အဖွဲ့သားတွေ တစ်ယောက်ပြီး တစ်ယောက်ပျောက်သွားကြသည်။ အဝတ်အစား ဆင်ယင်သူက ဒါမျိုးတွေက ရိုးနေပါပြီဟု ဒက်ဖနီနှင့် ဘာဘာရာတို့အား ပြောပြသည်။

နေ့လယ်စာ စားရန်အချိန်ရောက်ပြီ။ အားလုံးပင် ရယ်ရယ်မောမောနှင့် စကားပြောနေကြသည်။ ဒါရိုက်တာက ဂျပ်စတင်အား ပခုံးကိုဖက်ကာ ချီးကျူးစကားပြောသည်။ မော်ရိန်းအား လက်ဆွဲဆုပ်ကာ ချီးကျူးသည်။ မော်ရိန်းက မပြုံးမရယ်နှင့် ဒါရိုက်တာကြီး၏ ပါးကို တစ်ချက်နမ်းလိုက်သည်။ ထို့နောက် ဂျပ်စတင်ဆီသို့ ဆေးလိပ် တစ်လိပ်ကမ်းပေးပြီးနောက် အနားယူရန် အဝတ်အစားလဲခန်းဘက်သို့ လျှောက်ထွက် သွားသည်။

အခန်းထဲတွင် ဒက်ဖနီတစ်ယောက်တည်း ရပ်ကျန်ရစ်သည်။ ဘာဘာရာက တွမ်ဟာရင်တန်ဆီသို့ ဖုန်းဆက်ရန် ထွက်သွားသည်။

'ကဲ စာရေးဆရာမကြီး၊ ဘယ်လိုများ ခံစားရပါသလဲ၊ ပထမဆုံး ရုပ်ရှင်ရိုက်တဲ့နေ့ရဲ့ ပထမဆုံးခံစားချက်ကို ပြောတာပါ'

ဂျပ်စတင်က ဒက်ဖနီအနီးသို့ လျှောက်လာပြီး ရွှန်းရွှန်းစားစား စိုက်ကြည့်ရင်း မေးလိုက်သည်။

'ရှင်တို့ အားလုံးဟာ သိပ်ပြီး အံ့သြစရာကောင်းတဲ့လူတွေပဲလို့ ကျွန်မ တွေးနေ မိပါတယ်'

'ရိုက်ကွင်းနဲ့ ပတ်သက်လို့ကော ဘယ်လိုသဘောရသလဲ'

'ကောင်းပါတယ်၊ ကျွန်မတော့ ကြိုက်တာပဲ'

'မကောင်းပါဘူး၊ ဟောဝပ်လုပ်တာ သိပ်မှန်တယ်၊ ကျွန်တော်က စိတ်တောင်တိုးချင်လာတယ်၊ ဒါပေမယ့် မဆိုးရဲဘူး၊ ဒီအခန်းနောက်ထပ် ကျွန်တော်တို့ ပြန်ရိုက်ကြရမယ်၊ မော်ရိန်းနဲ့ သူ့အခန်းထဲမှာ တွေ့တဲ့အခန်းကိုလဲ ညနေပိုင်း ရိုက်ကြရမယ်' ထိုအခန်းမှာ ချစ်သူနှစ်ယောက်တို့ အချစ်ပလူးခန်း ဖြစ်သည်။ ထိုအခန်းကို ထည့်မိခဲ့၍ ဒက်ဖနီ နောင်တရမိသည်။ ဂျပ်စတင်က ဒက်ဖနီ၏ မျက်နှာရိပ်ကို အကဲခတ်မိသည့်အလား ... 'ဘယ်လိုမှ စိတ်မကောင်းမဖြစ်ပါနဲ့ ဆရာမကြီးရယ်၊ ဒီအခန်းကို ခင်ဗျားပဲ ရေးခဲ့တာပဲ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ဒါပေမယ့် ဒီအခန်းက ဓာတ်လမ်းနောက်ပိုင်းက အခန်း မဟုတ်လား၊ ဘာဖြစ်လို့ ဖောက်ပြီး အရင် ရိုက်ရတာလဲ'

'တစ်ကားလုံး ဒီလိုပဲ ရိုက်တာပဲ၊ ကျွန်တော်တို့က ဓာတ်ဝင်ခန်းတွေကို အစ အလယ် အဆုံး အစီအစဉ်အတိုင်း မရိုက်ဘူး၊ တစ်ခန်းစီ ဖြတ်ရိုက်တယ်၊ ဖောက် ရိုက်တယ်၊ ပြီးတော့မှ ဓာတ်ကွက်စဉ်အတိုင်း ပြန်ဆက်ယူတယ်၊ ဒီပညာမှာ ဟောဝပ်က အလွန်တော်ပါတယ်'

သို့သော် သူက ဓာတ်ကားထက် ဒက်ဖနီကို ပို၍ စိတ်ဝင်စားနေသည်။

'ခင်ဗျား ဓာတ်ညွှန်းက သိပ်ကောင်းပါတယ် ဒက်ဖ်'

သူ့မျက်လုံးစိမ်းများက ဒက်ဖနီအား ရွှန်းရွှန်းစားစား စိုက်ကြည့်လျက်။

'ကျေးဇူးတင်ပါတယ်ရှင်'

'ဒါနဲ့ ဖြစ်နိုင်ရင် ကျွန်တော်နဲ့ နေ့လယ်စာ လိုက်စားစေချင်တယ်'

ဒက်ဖနီက သူ့လက်ထောက်နှင့်အတူ သွားစားရန် စိတ်ကူးထားကြောင်း ပြောလိုက်မည်ဟု ပါးစပ်ဟပြီးမှ စိတ်ကူးတစ်မျိုး ဝင်လာသည်။ သူ့လက်ထောက် ဘာဘာရာသည် ဂျပ်စတင်ဗိတ်ဖီးလ်အား အရူးအမူးစိတ်ဝင်စားနေသည်။ ဂျပ်စတင်နှင့် တစ်စားပွဲတည်း ထိုင်ရလျှင် ဘာဘာရာအလွန် ပျော်လိမ့်မည်။ ထို့ကြောင့် သူက

'ဟုတ်ကဲ့ ဖြစ်ပါတယ်၊ ကျွန်မ လက်ထောက်ကိုပါ ခေါ်နိုင်မှာလား'

'ရပါတယ် ၊ ခဏနေဦး၊ ကျွန်တော် အဝတ်သွားလဲ လိုက်ဦးမယ်၊ သိပ်မကြာ ပါဘူး'

သူ အဝတ်အစားလဲခန်းသို့ ပြန်ဝင်သွားသည်။

မင်းသမီးမော်ရိန်းပေးထားသော ဆေးလိပ်က သူ့လက်ထဲတွင် ရှိနေတုန်းပင်။ သူ ဒီဆေးလိပ်ကိုဘယ်တော့မှ သောက်မှာပါလိမ့်ဟု ဒက်ဖနီက တွေးမိသည်။ ထိုအခိုက် ဘာဘာရာဖုန်းဆက်ပြီး၍ ပြန်ရောက်လာသည်။

'ကျွန်မ လူတစ်ယောက်နဲ့ နေ့လယ်စာ လိုက်စားဖို့ လက်ခံလိုက်တယ် ဘာဘာရာ'

'ဘယ်သူနဲ့လဲ'

'ဂျပ်စတင်နဲ့၊ ရှင့်ကိုလဲ ဖိတ်သွားတယ်'

ဘာဘာရာ မျက်လုံးပြူးသွားသည်။ ဒက်ဖနီက အသံထွက်အောင် ရယ်လိုက် သည်။

'တကယ်ပြောတာလား ဒက်ဖ်'

'တကယ်ပါ'

ဂျပ်စတင် အဝတ်လဲခန်းမှ ပြန်ထွက်လာသည်။ ဂျင်းဘောင်းဘီ အပြာဝတ်ပြီး





ကင်းဘတ်ရှူးစီးထားသည်။ ဆံပင်ကို နောက်လှန်ဖြီးထားသည်။ မျက်နှာတွင်တော့ မိတ်ကပ် မဖျက်သေး။

'ကဲ အမျိုးသမီးတွေ အဆင်သင့်ဖြစ်ကြပြီလား'

ဒက်ဖနီက ခေါင်းညိတ်ပြလိုက်သည်။ ဘာဘာရာက ကြောင်ကြည့်နေသည်။

စားသောက်ဆိုင်ကြီးတစ်ခုထဲသို့ ဝင်လာကြသည်။ ကောင်းဘွိုင်များ၊ စင်ဒီးယန်းလူနီများ၊ တောင်ပိုင်းသူ မိန်းကလေးနှစ်ယောက်၊ လူပုကလေးနှစ်ယောက် အပြင် ဂျာမန်စစ်သားများနှင့် ကလေးများဖြင့် ပြည့်ကျပ်နေသည်။

ဘာဘာရာက တစ်ခန်းလုံးကို မျက်လုံးကစားကြည့်လိုက်ပြီး

'ဟင် ဒါကဘာတွေလဲ၊ ကျွန်မအမြင်တော့ ဆပ်ကပ်အဖွဲ့သားတွေ အတိုင်းပဲ'

သုံးယောက်သား ရယ်လိုက်ကြသည်။

အမဲနပ်နှင့် ပန်းသီးမုန့် မှာစားကြသည်။

စားသောက်ပြီးတော့ စတူဒီယိုသို့ ပြန်လာကြသည်။ ဂျပ်စတင်သည် အဝတ် လဲခန်းသို့ ပြန်ဝင်သွားသည်။

ဘာဘာရာက ဒက်ဖနီအနီးသို့ ကုလားထိုင်ဆွဲထိုင်လိုက်သည်။

ဓာတ်ကားပြန်ရိုက်မည့်အချိန်ကိုစောင့်ရင်း ဘာဘာရာက ဂျပ်စတင်အကြောင်း ကို တွေးနေမိသည်။

ဂျပ်စတင်သည် ဒက်ဖနီကို စွဲနေပြီ။ သူ့အပြောအဆိုနှင့်အမူအရာတွေကို ကြည့်ပြီး သိသာသည်။ သူက ရုပ်တော့ချောသည်။ သို့သော် ဘာဘာရာက သူ့ကို သဘောမကျ။ ကလေးဆန်သည်။ အတ္တစိတ် လွန်ကဲသည်။ ဂျပ်စတင်သည် ကိုယ်လုံး ပေါ်မှန်ကြီးရှေ့က ဖြတ်သွားတိုင်း သူ့ဆံပင်ကို အမြဲတမ်းဖြီးသည်။ သူ့မျက်လုံးကို စိုက်ကြည့်သည်။ သည်အပြုအမူကို ဘာဘာရာက သဘောမကျ။

သူက ဒက်ဖနီအား စကားပြောမည် လုပ်တုန်း အဝတ်လဲခန်းမှ ဂျပ်စတင် ပြန်ထွက်လာသည်။ သူသည် သည်တစ်ကြိမ်တွင်တော့ ရေချိုးဝတ်စုံအဖြူကြီး ဝတ်လာ သည်။ သူ့ ရုပ်က ဘုန်းကြီးပုံပေါက်နေသည်။ သို့သော် ချောတော့ အလွန်ချောသည်။ ...န့်ကျင်ဘက် လိင်ပိုင်ရှင်များ ငိုင်ကျသွားလောက်အောင် ဆွဲဆောင်မှု အပြည့်ရှိသည်။ ကြည့်နေရင်းမှပင် သူသည် ရေချိုးဝတ်စုံကြီးကို ချွတ်ပစ်လိုက်သည်။ သူ့ကိုယ်ပေါ်တွင် ...ပ်စပင်ဒါဘောင်းဘီ ပါးပါးကလေးမှတစ်ပါး ဘာအဝတ်မှမရှိတော့။ သွယ်လျ ...မှင့်မားသောခန္ဓာကိုယ်ပေါ်မှ ဖုထစ်လုံးကြွသော ကြွက်သားများကို မြင်ရသည်မှာ ...သည်းယားစရာပင် ကောင်းလှသည်။ သူသည် ရိုက်ကွင်းနေရာသို့ လျှောက်သွား ...သည်။

ခဏကြာတော့ မင်းသမီး မော်ရိန်းထွက်လာသည်။ ပန်းရောင် ရေချိုးဝတ်စုံ



www.burmeseclassic.com

www.burmeseclassic.com

ကြီးနှင့်။ လက်ထဲတွင်တော့ ဓာတ်ညွှန်းဖိုင်တွဲ ကိုင်လို့။ သူသည် ဆံပင်ကို လက်ဖြင့် တစ်ချက်ထိုးဖွလိုက်ပြီးနောက် ရေချိုးဝတ်စုံကြီး ပြန်ချွတ်လိုက်သည်။ သူ့ကိုယ်ပေါ်တွင် အတွင်းခံ ဘောင်းဘီပါး ကလေးသာကျန်တော့သည်။

သို့သော် ပရိသတ်က မျက်တောင်မခတ်အကြည့်ခံရသူမှာ မင်းသမီး မော်ရီန်း မဟုတ်။ မင်းသား ဂျပ်စတင်သာဖြစ်သည်။ ဂျပ်စတင်သည် အပြင်ပန်းရုပ်သွင်ကသာ ဆွဲဆောင်မှုရှိသည်မဟုတ်။ အတွင်းအပြင် သူ့တစ်ကိုယ်လုံးတွင် သံလိုက်ဓာတ်ကိန်း အောင်းနေသလားဟုပင် ထင်မှတ်ရသည်။

ဒက်ဖနီက သူ့ကိုမကြည့်မိရန် ကြိုးစားသည်။ သို့သော် ကြိုးစားရင်းကပင် ကြည့်မိလျက်သားဖြစ်နေသည်။

'ကျွန်မဖြင့် ပါးစပ်နဲ့တောင် ထည့်မပြောချင်ပါဘူး ဒက်ဖ်ရယ်၊ ဒါပေမယ့် မပြောဘဲလဲ မနေနိုင်ပါဘူး၊ ဒီမောင်က တကယ်ကို ချောတဲ့ နတ်မင်းသား တစ်ပါးလို ပါလားနော' ဘာဘာရာက အောင့်မထားနိုင်တော့၍ ဒက်ဖနီနား ကပ်ကာ တိုးတိုးပြော လိုက်သည်။

ဒက်ဖနီကတော့ ဘာမှပြန်မပြော။ ရိုက်ကွင်းဆီသို့သာ အာရုံစိုက်နေသည်။ ဒါကိုမြင်ရလေ ဘာဘရာမှာ မရိုးမရွဖြစ်မိလေဖြစ်သည်။ သို့သော် ဒက်ဖနီကို အပြစ် တင်လို့ ဖြစ်ပါ့မလား။ ချောတဲ့ယောကျ်ားကို မိန်းမတိုင်း ကြည့်ချင်မှာပေါ့။ ဂျပ်စတင်က ပျို့အိုမရွေး ငေးမောကြည့်ရတဲ့ နာမည်ကျော် ရုပ်ရှင်မင်းသားတစ်ယောက် မဟုတ် ပါလား။

ရိုက်ကွင်းကို ကြည့်ပြီး ဒက်ဖနီနှင့်ဘာဘရာတို့ မှင်တက်မိ နေကြသည်။ ဂျပ်စတင်၏ ထူးထူးခြားခြား ယောကျ်ားပီသသော ရုပ်သွင်ကိုမြင်နေရ၍ မဟုတ်။ ဓာတ်ကွက်အလိုက် သရုပ်ဆောင် အတတ်ပညာတွင် လက်ဖျားခါရလောက်အောင် အသက်ဝင်ပြောင် မြောက်လှသော်သူ၏ စွမ်းဆောင်မှုကြောင့်သာ ဖြစ်သည်။ ဒက်ဖနီ သည် စိတ်လှုပ်ရှားလွန်း၍ မျက်ရည်များပင် စို့လာမိလေသည်။

သည်အခန်းကို ရှောရှောရှူရှူပင် ရိုက်ကူးပြီးစီးသွားသည်။

ဂျပ်စတင်သည် ရေချိုးဝတ်ရုံကြီးကို ပြန်ဝတ်ပြီးနောက် ဒက်ဖနီဆီသို့ လျှောက် လာသည်။

သူရုပ်သွင်က စောစောက နေ့လယ်စာ စားခဲ့ကြတုန်းကထက် ရင့်ရော်သွား သလို ထင်ရသည်။ သို့သော် သူ၏ ပြုံးကျယ်သော မျက်လုံးစိမ်းများကတော့ နဂို အတိုင်း အရောင်တလက်လက် တောက်လျက်ပင်။

'ကျွန်မ သိပ်ကြိုက်သွားပြီ၊ ကျွန်မဓာတ်ညွှန်းရေးတုန်းကလဲ ဒီသဘောကို ရည်ရွယ်ပြီး ရေးခဲ့တာပဲ၊ ဒါပေမယ့် ရှင်သရုပ်ဆောင်တာက ကျွန်မ ရည်ရွယ်တာ





ထက်တောင် ပိုကောင်းနေသေးတယ်'

ဒက်ဖနီက ဝမ်းသာအားရပြောသည်။ ဂျပ်စတင်ကလည်း **ရွှန်းရွှန်းဝေအောင်** ပြုံးလိုက်ပြီး

'ကျွန်တော်ကလဲ ဒီအဆင့်အထိရအောင် အစွမ်းကုန်ကြိုးစားပြီး သရုပ်ဆောင် လိုက်တာပဲ၊ ရုပ်ရှင် အတတ်ပညာဆိုတာ အဲဒါပဲပေါ့'

ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။

'ကျေးဇူးတင်ပါတယ် ဂျပ်စတင်'

**သူ့ရှေ့တွင် ရပ်နေသော မင်းသားကို ကြည့်နေရင်း** ဒက်ဖနီ၏ ရင်ထဲတွင် လှိုင်းထသွားမိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၇ )

ဒက်ဖနီသည် နောက်အပတ်တွင်လည်း ဂျပ်စတင်ဝိတ်ဖီးလ်၏ သရုပ်ဆောင်ချက်များကို ထိုင်ကြည့်ရင်း ရင်သပ်ရှုမောခံစားနေရသည်။ ဂျပ်စတင်သည် ဒက်ဖနီအား ညို့အားကောင်းကောင်းဖြင့် ညို့ထားခဲ့ပြီ။

ဒက်ဖနီနှင့် ဘာဘာရာတို့သည် နေ့တိုင်းပင် ဂျပ်စတင်နှင့်အတူ နေ့လယ်စာ စားကြသည်။ နေ့လယ်စာ စားရင်း ဒက်ဖနီ၏ဝတ္ထုများအကြောင်း၊ ဂျပ်စတင် သရုပ်ဆောင်ခဲ့သော ရုပ်ရှင်ကားများအကြောင်း၊ ဝတ္ထုဇာတ်ကောင်များနှင့် ပတ်သက်၍ ဒက်ဖနီ၏သဘောထားနှင့် ဇာတ်လမ်းရည်ရွယ်ချက်စသည်တို့ကို ပြောကြသည်။ အထူးသဖြင့် အပါချီဇာတ်ကားအကြောင်းကို အများဆုံး ပြောဖြစ်ကြသည်။ ဂျပ်စတင်က ဒက်ဖနီ၏ပြောပြချက်များသည် သူ့အတွက် သရုပ်ဆောင်ရာတွင် များစွာအထောက်အကူပြုကြောင်း၊ သူယခင်က လုံးဝမသိခဲ့သော အချက်တစ်ရပ်ကို ဒက်ဖနီက ဖော်ထုတ်ပေးခဲ့ကြောင်း ပြောပြသည်။

'ကျွန်တော်တကယ်ပြောတာပါ ဒက်ဖ်၊ ကျွန်တော် အခုလို သရုပ်ဆောင်နိုင်ကာဟာ ခင်ဗျား ကျေးဇူးမကင်းပါဘူး' ဂျပ်စတင်နှင့် ဒက်ဖနီတို့သည် အားလပ်ချိန်တွင် ရိုက်ကွင်းထဲ၌ထိုင်ကာ စတော်ဘယ်ရီအဖျော်ရည် သောက်ရင်း စကားပြောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားသာ အခုလိုရိုက်ကွင်းထဲမှာ ရှိမနေရင် ကျွန်တော် ဒီလောက်အထိ သရုပ်ဆောင်နိုင်မှာ မဟုတ်ဘူး၊ ဒီကားမှာ ကျွန်တော်အကောင်းဆုံး သရုပ်ဆောင်ထားတာပဲ၊ ဟောဝပ်ကို မေးကြည့်ပါ၊ သူ ပြောပြပါလိမ့်မယ်၊ ဘယ်ကားမှာမှ ကျွန်တော် ဒီကားလောက် မကြိုးစားခဲ့ဖူးဘူး၊ စိတ်လဲမဝင်စားခဲ့ဘူး' သူက ဒက်ဖနီ၏ မျက်နှာကို စိုက်ကြည့်ရင်း 'ဟုတ်ပါတယ်၊ ကျွန်တော် တကယ်ပြောနေတာပါ၊ ကျွန်တော် အခုလို ကြိုးစားချင်လာအောင် ခင်ဗျားက ကျွန်တော့်ကို ဆွပေးလိုက်တာပဲ'

ဒက်ဖနီက ဘာစကားပြန်ပြောရမှန်းမသိ ဖြစ်နေသည်။ ခဏကြာတော့မှ 'တကယ်တော့ ကျွန်မဇာတ်လမ်းကို ပိုကောင်းလာအောင် ရှင်ကလုပ်လိုက်တာပါ'

'ဒါတင် ပဲလားဗျာ' သူက ဒက်ဖနီအား သည်ထက်ပို၍ ပြောစေချင်သည်။ သို့သော် သူက ဒက်ဖနီအကြောင်းကို မသိသေး။ ဒက်ဖနီက စကားကို သတိထားပြီး ပြောသည်။ သူ့ကိုယ်သူ ထိန်းပြီး ပြောနေသည်။ 'ဒါနဲ့ ခင်ဗျားသားလေးအကြောင်း ပြောပါဦး'

ဂျပ်စတင်၏ မမျှော်လင့်သော မေးခွန်းကြောင့် ဒက်ဖနီအံ့အားသင့်သွားသည်။ သို့သော် သူက ဟန်မပျက်ပင် ပြုံးပြီးပြောသည်။

'သားလေးက သိပ်တော်ပါတယ်၊ သွက်လဲသိပ်သွက်တယ်၊ ထူးခြားတဲ့ ကလေးပဲ၊ အခုဆိုရင် သူ့အရပ်က ဟောဒီလောက် ရှိနေပြီ' ဒက်ဖနီက လက်ကို မြှောက်ကာ ကလေး၏အရွယ်ကို တိုင်းတာပြသည်။ ဂျပ်စတင်က ပြုံးနေသည်။ 'သားလေးက မကြာခင် ဒီကို လာလည်သွားသေးတယ်၊ ကျွန်မ သူ့ကိုဝေါ့ဒစ္စနေ ဥယျာဉ်သွားပြလိုက်တယ်'

'အခု သူဘယ်မှာနေသလဲ သူ့အဖေနဲ့လား'

'မဟုတ်ပါဘူး၊ သူ့အဖေက သူ့ကို မမွေးခင်ဆုံးသွားတယ်၊ သားလေးက အခု နယူးဟမ်းပရှိုင်းယားမှာ ကျောင်းနေနေတယ်'

'ဒီလိုဆို သူ့ကို မွေးတုန်းက ခင်ဗျားတစ်ယောက်တည်း ဖြစ်နေတာပေါ့'

'ဟုတ်ပါတယ်'

'ခင်ဗျားအနေနဲ့ တော်တော် ခံစားခဲ့ရမှာပေါ့နော်'

'ဟုတ်ကဲ့၊ တော်တော် ခံစားခဲ့ရပါတယ်'

'ဒါနဲ့တောင်မှုား ခင်ဗျား စာအုပ်တွေ ရေးနိုင်သေးတာပဲနော်'

'အဲဒီလို မဟုတ်ပါဘူး၊ ကျွန်မက နောက်ပိုင်းမှ စာရေးတာပါ၊ သားလေးကို ကျောင်းပို့ပြီးမှ ရေးတာပါ'

'ဩော် ဒီလိုလား၊ ဟုတ်တာပေါ့လေ အိမ်မှာကလေးရှိနေတော့လဲ အခုလို စိတ်ကူးဉာဏ်ဖန်တီးမှုပါတဲ့ ဝတ္ထုကောင်းတွေကို ဘယ်ရေးနိုင်ပါ့မလဲ၊ ကလေးကို





ကျောင်းပို့လိုက်တာ သိပ်မှန်တယ်'

သည်စကားကြားလိုက်ရတော့ ဒက်ဖနီ့စိတ်ထဲ တစ်မျိုးကြီး ခံစားလိုက်ရသည်။ သားကလေးသည် ဒက်ဖနီ၏ ဘဝတွင် ဘယ်အထိ အရေးပါသည်ကို ဂျပ်စတင် လုံးဝမသိ။ မခံစားတတ်။ ဤအချက်ဖြင့် သူ၏အတ္တဆန်သော အတွင်းစိတ်ကို သိသာလှသည်။

'ကလေးကို ကျောင်းပို့တာက ပို့သင့်လို့ ပို့ရတာပါ'

'ခင်ဗျား တစ်ယောက်တည်းမို့ ကလေးတာဝန် ကြီးနေလို့လား'

'တခြားအကြောင်းတွေလဲ ရှိပါသေးတယ်၊ မပို့မဖြစ်လို့ ပို့ရတာပါ၊ ဒါနဲ့ ရှင့်မှာ သားသမီးများ ရှိသလား'

'မရှိပါဘူး၊ ကျွန်တော်က ဘယ်တော့မှ အပိုတာဝန် မထမ်းချင်ဘူး၊ သားသမီး လိုချင်တာဟာ လူများစုရဲ့အတ္တစိတ် လွန်ကဲမှုပဲလို့ ကျွန်တော်က ယူဆတယ်'

'ဟင် ရှင်က အဲဒီလို ယူဆတယ် ဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျားက အံ့ဩသွားသလား၊ မအံ့ဩပါနဲ့၊ တခြားလူတွေက သားသမီးမွေးပြီး မျိုးဆက်သစ်ပျိုးထောင်ကြတယ်၊ ကျွန်တော်က ရုပ်ရှင်ကားတွေ ရိုက်ပြီး မျိုးဆက်သစ်ထူထောင်တယ်၊ ကျွန်တော့်ရုပ်ရှင်ကားတွေဟာ ကျွန်တော့် သားသမီးတွေပဲပေါ့၊ ဘာထူးသလဲ၊ အတူတူပဲပေါ့၊ ကျွန်တော်က ကလေးတွေမွေးပြီး မျိုးဆက်သစ်မထူထောင်ချင်ဘူး'

'ဒါနဲ့ ရှင် အိမ်ထောင်ပြုဖူးသလား'

ဂျပ်စတင်က ခေါင်းခါပြသည်။

'တရားဝင် မပြုဖူးဘူး၊ မိန်းမနှစ်ယောက်တော့ ယူဖူးတယ်၊ တစ်ယောက်ကို ခုနစ်နှစ် ပေါင်းလိုက်တယ်၊ နောက်တစ်ယောက်ကို ငါးနှစ်ပေါင်းလိုက်တယ်၊ ဒါလဲ အိမ်ထောင်ပြုတာပါပဲ၊ ဒါပေမယ့် စာချုပ်စာတမ်း တွေနဲ့တော့ မလုပ်ခဲ့ဘူး၊ သဘောကတော့ အတူတူပါပဲ၊ ဘာမှ မထူးပါဘူး၊ တစ်ယောက်ယောက်က ဆန္ဒမရှိတော့ဘူးဆိုရင် အချိန်မရွေးထွက်သွားလို့ရတာပဲ၊ စာချုပ်ချုပ် မချုပ်ချုပ် ဘာမှမထူးပါဘူး၊ သူတို့က ကျွန်တော့်ကိုခွာပြေးသွားကြတာ၊ ဒါပေမယ့် ကျွန်တော်က ထောက်ပံ့ကြေးပေးနေရတုန်းပါပဲ'

ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။

'အခုရော နောက်ထပ် မိန်းမရှိသေးသလား'

ဒက်ဖနီ၏ မေးခွန်းက ရိုင်းတော့ တော်တော် ရိုင်းသည်။ သို့သော် သူက ပေါ်လျက်နှင့်မေးလိုက်ခြင်းဖြစ်သည်။ ယခုအချိန်တွင် တစ်ယောက်တစ်ယောက် အားနာနေစရာမရှိတော့။ လွန်ခဲ့သော တစ်ပတ်လုံးလုံး တစ်နေ့လျှင် ဆယ့်ငါးမိနစ်လောက်စီ



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် နေ့တိုင်းတွေ့ဆုံခဲ့ကြပြီ။ သမုဒ္ဒရာထဲသွားနေသော သင်္ဘောကြီးတစ်စီးပေါ်မှ ခရီးသည်တွေလို ရင်းနှီးနေကြပြီ။

သည်တစ်ကြိမ်တွင်လည်း ဂျပ်စတင်ခေါင်းခါပြပြန်သည်။

'ကျွန်တော် ဘယ်မိန်းမနဲ့မှမနေတာ တစ်နှစ်လောက်ရှိသွားပြီ၊ တတိယမြောက်တစ်ယောက်တော့ ယူလိုက်သေးတယ်၊ မနှစ်တုန်းက သူပြန်ပြေးသွားတယ်၊ သူက ကျွန်တော့်ဘဝကို နားမလည်ဘူး၊ ကျွန်တော့်လုပ်ငန်းအခက်အခဲကို မျှဝေ●စားတတ်ဘူး၊ တကယ်ဆို သူက ကျွန်တော်နဲ့နေရင် ကျွန်တော့်အလုပ် သဘာဝကို သဘောပေါက်သင့်တာပေါ့၊ သူက ရုပ်ရှင်မင်းသမီးတစ်ယောက်ပါ၊ အသက်က နှစ်ဆယ့်နှစ်နှစ်ပဲရှိပါသေးတယ်၊ ကျွန်တော် ဘယ်နေရာမှာရှိနေတယ်ဆိုတာ သူမသိဘူး'

'ဒီတော့ ရှင် အခု ဘယ်နေရာမှာရှိသလဲ၊ စပ်စုတယ်လို့တော့ မထင်ပါနဲ့နော်'

'မထင်ပါဘူး၊ ဒီဇာတ်ကားရိုက်ပြီးရင် ခင်ဗျားနဲ့ ကျွန်တော်တို့ တစ်ယောက်အကြောင်းတစ်ယောက် တစ်ခုမကျန် သိသွားကြပါလိမ့်မယ်' သူ ခေတ္တစဉ်းစားနေသည်။ ပြီတော့ 'ခင်ဗျားကို ကျွန်တော်ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး၊ ကျွန်တော်က ကျွန်တော့်အလုပ်ကိုနားမလည်တဲ့ မိန်းမတစ်ယောက်အပေါ်မှာ သံယောဇဉ် တွယ်မနေချင်ဘူး၊ ကိုယ့်အလုပ်ကို သူနားလည်အောင် တချိန်လုံး ကြိုးစားနေရတာ သိပ်ပင်ပန်းတယ်၊ ခုနကပြောတဲ့ ရုပ်ရှင်မင်းသမီးကလေးက သိပ်ပြီး သဝန်တိုတယ်၊ ကျွန်တော်တခြား မိန်းမတစ်ယောက်နဲ့ ပူးပူးကပ်ကပ်နေတာမြင်တာနဲ့ တစ်ချက်တည်း ဒေါသူပုန်ထတော့တာပဲ၊ ကျွန်တော်က အိမ်ကို မှန်မှန် မပြန်နိုင်ဘူး၊ သူ့ကို နေ့ညမရွေး ဖုန်းဆက်အကြောင်းမကြားနိုင်ဘူး၊ ကျွန်တော့်အနေနဲ့ ကျွန်တော့်လုပ်ငန်းသဘာဝအရ လွတ်လပ်မှု လိုအပ်တယ်၊ သွားချင်ရာ သွားဖို့လိုအပ်တယ်၊ သွားချင်တဲ့အချိန် သွားဖို့ လိုအပ်တယ်၊ စိတ်ကူးဖို့ကြံဆဖို့ ခံစားဖို့အချိန်လိုအပ်တယ်၊ ဒါကို သူက နားမလည်ဘူး၊ အဲဒီတော့ သူနဲ့အတူတူနေတာထက် တစ်ယောက်တည်း နေတာက ပိုကောင်းပါတယ်၊ ကျွန်တော်ဆိုလိုတာကို ခင်ဗျား သဘောပေါက်ပါလိမ့်မယ်'

'ဟုတ်ပါတယ်၊ သဘောပေါက်ပါတယ်၊ ကျွန်မတစ်ယောက်တည်း နေတာလဲ ဒီသဘောပါပဲ၊ ကျွန်မဟာ တစ်နေ့မှာ ဆယ့်ရှစ်နာရီတိတိ အလုပ်လုပ်တယ်၊ မနက်ခြောက်နာရီထိုးမှ အိပ်ရာဝင်တော့ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို ဖတ်ဖတ်မော နေပြီ၊ အဲဒီလို ကျွန်မ ဘာကြောင့်လုပ်နေရသလဲဆိုတာ ဘယ်သူ သဘောပေါက်နိုင်ပါ့မလဲ၊ ကျွန်မအဖို့တော့ အလုပ်ဟာ ဘဝ၊ အလုပ်ဟာ အသက်ပဲ၊ ဒါပေမယ့် တခြားလူတစ်ယောက်အဖို့တော့ အဲဒီလို သဘောထားချင်မှ ထားနိုင်လိမ့်မယ်၊ ကျွန်မအဖို့တော့ တခြားနည်းမရှိဘူး ဒီနည်းပဲရှိတယ်' !

'တူညီတဲ့ အလေ့အထရှိရင် ခံစားချက်လဲ တူညီနိုင်ပါတယ်၊ တစ်ခါတလေ





ကျွန်တော် ညလုံးပေါက် စာဖတ်တယ်၊ နေထွက်တော့မှ စာအုပ်လက်က ချလိုက်တယ်၊ ဒါဟာ ကျွန်တော့်အဖို့တော့ တကယ့်ကို ကြီးကျယ်တဲ့ခံစားချက်ပဲ'

'ဟုတ်ပါတယ်၊ ဖြစ်နိုင်ပါတယ်၊ ကျွန်မလဲ အဲဒီလိုပဲ သဘောရပါတယ်၊ လူတစ်ယောက်အနေနဲ့ ဘဝရည်မှန်းချက်တစ်ခုကို အကောင်အထည်ဖော်တဲ့အခါ တစ်ယောက်တည်းဘဝက ပိုပြီးကောင်းတယ်လို့ ကျွန်မယူဆတယ်၊ ဒီအချက်ကို ဟိုတုန်းက ကျွန်မမသိခဲ့ဘူး၊ အခုတော့သိပါပြီ ဒီနည်းဟာကျွန်မအတွက်တော့ အလုပ်ဖြစ်တယ်'

ဒက်ဖနီက စတော်ဘယ်ရီသီးဘူးကို ဂျပ်စတင်အားကမ်းပေးသည်။ ဂျပ်စတင်က လက်ကျန်ကို မော့သောက်လိုက်ပြီးနောက် ဘူးခွံကို စားပွဲပေါ် တင်လိုက်သည်။

'ဒီအချက်ကိုတော့ ကျွန်တော် သဘောမတူချင်ဘူး၊ ကျွန်တော်က တစ်သက်လုံး တစ်ယောက်တည်းနေရတာကို မကြိုက်ဘူး၊ ဒါပေမယ့် ကိုယ်နဲ့စိတ်သဘောချင်းမတိုက်ဆိုင်တဲ့လူနဲ့ နေရတာကိုလဲ မကြိုက်ဘူး၊ ကိုယ့်အတွက် မိတ်ဆွေကောင်း မဖြစ်နိုင်တဲ့ မိန်းမမျိုးနဲ့နေမယ့်အစား တစ်ယောက်တည်းနေရတာကို ပိုကြိုက်တယ်၊ ဒါပေမယ့် လက်တော့ဘယ်တော့မှ မလျှော့ပါဘူး၊ ကျွန်တော့်အလိုကို ဖြည့်နိုင်မယ့်၊ ကျွန်တော့်ကို စိတ်ချမ်းသာစေနိုင်မယ့် မိန်းမမျိုးတော့ ရှိကို ရှိလိမ့်မယ်လို့ ယုံကြည်တယ်၊ အခုထိတော့ မတွေ့သေးဘူး'

ဒက်ဖနီက ဖျော်ရည်ဘူးခွံကို ကိုင်မြှောက်ပြီး ဆုတောင်းသည်။

'ကံကောင်းပါစေ ရှင်'

'ဘာလဲ 'ဗျားက အဲဒီလို မိန်းမမျိုးရှာမတွေ့နိုင်ဘူး ထင်လို့လား'

'ကျွန်မ အဲဒီလို မထင်ပါဘူး၊ အဲဒီလို ဘဝအဖော်မျိုး ကျွန်မတစ်သက်တာမှာ နှစ်ယောက်တောင် တွေ့ခဲ့ဖူးပါတယ်'

အဲဒီတော့ နောက်တော့ ဘယ်လို ဖြစ်သွားသလဲ'

'နှစ်ယောက်စလုံး ဆုံးသွားကြတယ်'

'ဟာ ဖြစ်မှ ဖြစ်ရလေဗျာ၊ ခင်ဗျား တော်တော်ကံဆိုးရှာတာပဲ နော်'

'ဟုတ်ပါတယ် တော်တော် ကံဆိုးပါတယ်၊ လူတစ်ယောက်အနေနဲ့ တစ်သက် တာမှာ အဲဒီလိုအဖော်မျိုး နှစ်ယောက်ထက် ပိုလို့မတွေ့နိုင်တော့ဘူးလို့ ကျွန်မထင် ပါတယ်'

'ဒါဖြင့် ခင်ဗျား လုံးဝ လက်လျှော့လိုက်ပြီ ဆိုပါတော့'

'အဲဒီလို ပြောရင်လဲ ရပါတယ်၊ မှားတော့ မမှားနိုင်ပါဘူး၊ ကျွန်မဘဝမှာ လိုချင်တာတွေကို ရခဲ့ပြီးပြီ၊ အခုဆိုရင် ကျွန်မမှာ အလုပ်ရှိတယ်၊ သားလေးရှိတယ်၊ ဒါလောက်ဆို ပြည့်စုံပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပြောတာလား'

'လောရလောဆယ်တော့ တကယ်ပါပဲ၊ ကျွန်မ ဒီလိုပဲ နေလာခဲ့တာ ကြာခဲ့ပါပြီ၊ ဒီဘဝကို ပြောင်းလဲပစ်ဖို့ ကျွန်မဆန္ဒမရှိတော့ပါဘူး'

တကယ်တော့ သူ ညာပြောလိုက်ခြင်းသာဖြစ်သည်။ တစ်ခါတစ်ရံသူအား ကိုးရမည့် ဘဝအဖော်မွန်ကို တောင့်တမိသည်။ သို့သော် သူက တွေးကြောက်နေသည်။ ဟိုတုန်းကလိုပဲ ရပြီးနောက် ပြန်လည် ဆုံးရှုံးသွားမှာကို တွေးကြောက်နေသည်။

'ကျွန်တော်တော့ မယုံဘူးဗျာ'

သူက ဒက်ဖနီ၏ မျက်လုံးများကို စိုက်ကြည့်ရင်း အဖြေရှာနေသည်။ သို့သော် သူလိုချင်သောအဖြေကို မတွေ့။

'ဘာကို မယုံတာလဲ'

'ခင်ဗျား ဒီအတိုင်းနေရတာ စိတ်ချမ်းသာတယ်ဆိုတာကို မယုံဘူး'

'ကျွန်မ စိတ်ချမ်းသာပါတယ်၊ အများဆုံးစိတ်ချမ်းသာပါတယ်၊ အမြဲတမ်းတော့ ဘယ်သူစိတ်ချမ်းသာနိုင်ပါ့မလဲ၊ ချစ်တဲ့သူနဲ့တွေ့ခါစမှာ အရူးအမူး ချစ်ဆိပ်တက်နေတဲ့ လူတောင်မှ အမြဲတမ်း စိတ်မချမ်းသာနိုင်ပါဘူး'

'ဒါပေမယ့် တစ်ယောက်တည်းနေလို့တော့ ခင်ဗျားအမြဲတမ်းဘယ်လိုမှ စိတ်မချမ်းသာနိုင်ပါဘူး၊ ဒါဟာ ရောဂါတစ်မျိုးပဲ ခင်ဗျားဘဝနဲ့ အဆက်ပြတ်နေလိမ့်မယ်'

'ကျွန်မ တကယ် ဘဝနဲ့အဆက်ပြတ်နေလို့လား၊ ကျွန်မ စာအုပ်တွေထဲမှာ ရှင် အဲဒီအတိုင်း ဖတ်ရလို့လား'

'ကျွန်တော် ခင်ဗျား စာအုပ်တွေကို ဖတ်ပါတယ်၊ ကြေကွဲမှုတွေ ပူဆွေးမှုတွေ အထီးကျန်အားငယ်မှုတွေ အများကြီးတွေ့ရတယ်၊ အဲဒီဟာတွေဟာ ခင်ဗျားရဲ့ အရှုံ အစိတ်အပိုင်းတစ်ခုက ထုတ်ဖော်ဖွင့်ဟချက်တွေပဲ'

ဒက်ဖနီက သိမ့်သိမ့်ကလေး ရယ်လိုက်ပြီး

'ရှင်က သိပ်ပြီး ယောကျ်ားဆန်တဲ့လူပဲ၊ မိန်းမသားတစ်ယောက်အနေ အထီးကျန်ဘဝကို ခံနိုင်ရည်ရှိတယ်ဆိုတာကို မယုံဘူး၊ ရှင်က တစ်ယောက်တည်းနေ တာ စိတ်ချမ်းသာတယ်လို့ ပြောခဲ့တယ်၊ အဲဒီတော့ ကျွန်မကော ဘာဖြစ်လို့စိတ် မချမ်း သာရမှာလဲ'

'ကျွန်တော် ပြောတာက ယာယီသဘောကို ပြောတာပါ၊ အခိုက်အတန့် သဘောကို ပြောတာပါ'

'ကျွန်မအဖို့တော့ အဲဒီလို မဟုတ်ဘူး၊ ထာဝရပဲ'

'ခင်ဗျား အရူးပဲ၊ ဘာမှ အဓိပ္ပာယ်မရှိဘူး'

'ကျွန်မ မရူးပါဘူး၊ တကယ်ပြောနေတာပါ၊ ကျွန်မ တကယ့်ကို စိတ်ချမ်းသာ ပါတယ်'





'ကျွန်တော်ကတော့ ခင်ဗျားဟာ တန်ဖိုးရှိတဲ့ဘဝကို အလကားဖြုန်းတီးပစ်နေတယ်လို့ထင်တယ်၊ ခင်ဗျားက ရုပ်လဲချောတယ်၊ စိတ်ထားလဲဖြူစင်တယ်၊ အသိဉာဏ်နဲ့လဲ ပြည့်စုံတယ်၊ ဒါတွေရှိနေရက်နဲ့ ခင်ဗျားဘာဖြစ်လို့ ဘဝတံခါးကို ပိတ်ထားချင်ရတာလဲ'

'ကျွန်မ ပြောမိတာတွေအတွက် ဝမ်းနည်းပါတယ်ရှင် ၊ ကျွန်မ တောင်းပန်ပါတယ်'

ထိုအချိန်တွင် ဒါရိုက်တာကြီး ဟောဝပ်စတန်းက သရုပ်ဆောင်တွေ အားလုံးကို လှမ်းခေါ်သည်။ နောက်ထပ် ခြောက်နာရီတိတိ ရုပ်ရှင် ရိုက်ကြရဦးမည်။

*

ထိုနေ့က ရုပ်ရှင်ရိုက်ပြီးသောအခါ ဂျပ်စတင်သည် မိတ်ဆွေ တစ်ယောက်နှင့် အရက်သောက်ရန် ထွက်သွားသည်။

ဒက်ဖနီလည်း သူ့ကို လှည့်၍ပင် မကြည့်ခဲ့တော့ဘဲ ဘာဘရာနှင့်အတူ အိမ်သို့ ပြန်လာခဲ့သည်။

အိမ်ရောက်တော့ အဝတ်အစားတွေလဲပြီး နောက် ဒက်ဖနီရေကူးကန် ထွက်လာခဲ့သည်။ ဘာဘရာက နောက်မှ လိုက်လာပြီး တွမ်နှင့်သွားတွေ့မည်ဟု ပြောသည်။

'ကျွန်မ နောက်ကျချင်လဲ ကျမယ်၊ စောချင်လဲ စောမယ်၊ ကျိန်းသေတော့ မပြောနိုင်ဘူး'

'ရပါတယ်၊ သွားသာသွားပါ၊ ကံကောင်းပါစေ ဘာဘရာ၊ ရှင့် လူကို ပြောပြလိုက်ပါ၊ ကျွန်မ နှုတ်ဆက်လိုက်ပါတယ်လို့' ဒက်ဖနီက ရေကန်ထဲတွင် ပက်လက် မျှောနေရာမှ လှမ်းပြောသည်။

'စိတ်ချ၊ ပြောပြပါ့မယ်၊ ဒါနဲ့ ညစာစားဖို့တော့ မမေ့နဲ့ဦး၊ ရှင် သိပ်ပင်ပန်း နေပြီ ဒက်ဖ်'

'ဟုတ်ကဲ့ပါ အမေကြီးရယ်၊ စားပါ့မယ်၊ စိတ်ချပါ၊ ကိုယ့်လမ်းသာ ကိုယ် စိတ်ချလက်ချ သွားစမ်းပါ၊ ဟို ရောက်တော့ ပျော်နိုင်ပါစေ ဘာဘရာ'

'ကျေးဇူးတင်ပါတယ်၊ စိတ်ချ၊ ပျော်ရမှာပါ'

ဘာဘရာက သမင်လည်ပြန် ပြောလိုက်ပြီး နောက် လှည့်ထွက်သွားသည်။

ဒက်ဖနီသည် ရေကန်ထဲတွင် တော်တော်ကြာကြာ မျှောနေပြီးနောက် ပြန်ထွက်လာသည်။ ရေသုတ်ပဝါကြီးပတ်ပြီး မီးဖိုခန်းထဲ ဝင်လာခဲ့သည်။ တယ်လီဖုန်းမှ ရောက်တော့ ရေသုတ်ပဝါကို ချွတ်ပြီး စားပွဲပေါ် ပုံထားလိုက်သည်။ သူ့ကိုယ်ပေါ်တွင် ရေကူးဝတ်စုံသာ ကျန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မက်သယူးထံသို့ ဖုန်းဆက်ရန် တယ်လီဖုန်းဆီသို့ လက်လှမ်းလိုက်စဉ်တွင် အိမ်ရှေ့တံခါးမှ လူခေါ် ခေါင်းလောင်းမြည်သံ ပေါ်ထွက်လာသည်။

ဘယ်သူပါလိမ့်။ ဘာဘာရာများ ပြန်လာတာလား။ တစ်ခုခု မေ့ကျန်ရစ်လို့ ပြန်လာယူတာထင်ပါရဲ့။

အိမ်ရှေ့တံခါးသို့ လျှောက်လာခဲ့သည်။ ဘေးတံခါးမှ အပြင်သို့ လှမ်းကြည့်လိုက်သည်။ သူ့ဘက်သို့ ကျောပေးကာ အိမ်ရှေ့တံခါးနှင့်အလွန်ကပ်နေသောကြောင့် မည်သူမည်ဝါမှန်း ကွဲကွဲပြားပြား မမြင်ရ။ ထို့ကြောင့် တံခါးအတွင်းဘက်မှ ရပ်ကာ လှမ်းမေးလိုက်သည်။

'ဘယ်သူလဲ ဟင်'

'ကျွန်တော်ပါ၊ ဂျပ်စတင်ပါ၊ ကျွန်တော် ဝင်လာလို့ ရမလား'

ဒက်ဖနီက အံ့အားသင့်စွာဖြင့်ပင် တံခါးဖွင့်ပေးလိုက်သည်။

ဂျပ်စတင်သည် ဂျင်းဘောင်းဘီအဖြူနှင့် ရှပ်အင်္ကျီအဖြူကို ဝတ်ထားသည်။ ခြေထောက်တွင်တော့ ဖွပ်ဖိနပ်စီးလျက်။ ရွှေရောင်ဆံပင်က ညအမှောင်တွင် အညိုရောင်ဆောင်နေသည်။ သူက ပြုံးကြည့်နေသည်။

'ရှင် ကျွန်မ လိပ်စာ ဘယ်လိုလုပ်သိသလဲ'

'ရုပ်ရှင်ကုမ္ပဏီက တောင်းလာတာ'

'ဘာကိစ္စရှိလို့လဲ'

'ကျွန်တော် အထဲဝင်လို့ ရမလား'

ဒက်ဖနီ ပင်ပန်းနေသည်။ ထမင်းလည်းဆာနေသည်။ အဖော် တစ်ယောက်ယောက်နှင့်စားရလျှင် အပျင်းပြေမည်။

'ရပါတယ်၊ ရှင်ဘာသောက်မလဲ၊ အို ခဏနေပါဦး၊ ကျွန်မ အဝတ်အစားလဲလိုက်ဦးမယ်'

အခုမှ သူ့ကိုယ်ပေါ်တွင် ရေကူးဝတ်စုံသာ ရှိသည်ကို သတိရမိပြီး ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

'မလိုပါဘူးဗျာ၊ ခင်ဗျားက ကျွန်တော့်ကို ရိုက်ကွင်းထဲမှာ မြင်ရတာ ဒီထက်တောင်ပိုဆိုးပါသေးတယ်'

ဂျပ်စတင်က ပြုံး၍ ပြောသည်။ ဒက်ဖနီက ရယ်သည်။

'အဲဒါက တစ်မျိုးပါ၊ အလုပ်ကိစ္စပဲ၊ အခုဟာက အဲဒီလို မဟုတ်ပါဘူး'

ဒက်ဖနီ အိပ်ခန်းထဲ ဝင်သွားသည်။ ခဏကြာတော့ အဝတ်လဲပြီး ပြန်ထွက်လာသည်။ သူ့မျက်လုံး အရောင်အတိုင်း မီးပြာရောင် ဂါဝန်ရှည်ကြီး ဝတ်လာသည်။

ဂျပ်စတင်က ဒက်ဖနီအား စေ့စေ့ကြည့်ရင်း ခေါင်းတညိတ်ညိတ်ဖြင့်





'မင်းက သိပ်ပြီး ချစ်စရာ ကောင်းတာပဲ ဒက်ဖ်'

'ကျေးဇူးတင်ပါတယ်ရှင်၊ ကဲ ကျွန်မ ဘာလုပ်ပေးရမလဲ၊ ကျွန်မတော့ သိပ်ပင်ပန်းနေပြီ၊ ညစာစားပြီး အိပ်ရာတန်းဝင်တော့မလို့ လုပ်နေတာ'

'ကျွန်တော်လဲ ထင်သားပဲ၊ ကျွန်တော်က ပါတီပွဲတစ်ခု သွားမလို့၊ အဲဒါ ခင်ဗျားကို သတိရတာနဲ့ လိုက်များ လိုက်မလားလို့ လာခေါ်တာ၊ ပါတီပွဲက တိုနီထရီးရဲ့ အိမ်မှာ၊ တော်တော်ပျော်စရာ ကောင်းမှာပဲ'

တိုနီထရီးမှာ နာမည်ကျော် အဆိုကျော်ဖြစ်သည်။ ငါးနှစ်ဆက်တိုက် ရွှေဓာတ်ပြားရထားသူ ဖြစ်သည်။ ခါတိုင်းလို ဆိုလျှင်တော့ ဒက်ဖနီက တိုနီကို တွေ့ချင်လှသည်။ သို့သော် ယနေ့ညတော့ ပင်ပန်းနေပြီ။ စိတ်မပါတော့။

'ပျော်စရာ ကောင်းမှာပါ၊ ဒါပေမယ့် မလိုက်ချင်တော့ပါဘူး'

'ဘာဖြစ်လို့လဲ'

'ကျွန်မ သိပ်ပင်ပန်းနေပြီ၊ တစ်နေကုန် စတူဒီယိုထဲနေရတာ မပင်ပန်းဘဲ နေနိုင်ပါ့မလား၊ ရှင်ရော မပင်ပန်းဘူးလား'

'မပင်ပန်းပါဘူး၊ ကျွန်တော်က အလုပ် လုပ်နေရရင် ပျော်နေတာပဲ၊ ဘယ်တော့မှ မပင်ပန်းဘူး'

'ကျွန်မလဲ ကျွန်မအလုပ်ကို ချစ်ပါတယ်၊ ဒါပေမယ့် ဒီနေ့တော့ သိပ်မောနေပြီ၊ မက်တပ်ကြိုးတောင် အိပ်ပျော်သွားတော့ မလောက်ပဲ'

'ဒါဆိုလဲ ရပါတယ်၊ သူတို့က ခင်ဗျားကို ဆေးပေါက်နေတယ်လို့ ထင်ကြလိမ့်မယ်'

ဒက်ဖနီက ရယ်သည်။ ဂျပ်စတင်၏ သေသပ်စွာဖြီးထားသော ဆံပင်ကို ဖွမွှေလိုက်ချင်သောစိတ် ရုတ်တရက်ပေါ်လာသဖြင့် မနည်းကြီး ထိန်းထားရသည်။

'ရှင် ဟိုမသွားခင် အဆာပြေ တစ်ခုခုစားသွားဦးမှာလား၊ ကျွန်မ အသားညှပ်မုန့်လုပ်စားမလို့၊ ကျွန်မမှာ စတော်ဘယ်ရီသီးတော့ မရှိဘူး၊ သောက်ချင်ရင် ဘီယာတော့ ရမယ်'

'သိပ် ကောင်းပေါ့ဗျာ၊ ဒါနဲ့ ဘာဘာရာတစ်ယောက် မမြင်ပါလား'

'မိတ်ဆွေတွေနဲ့ အပြင်ထွက်သွားတယ်'

ထို့နောက် ရေခဲသေတ္တာထဲမှ ဘီယာပုလင်းကို ထုတ်ပေးလိုက်ပြီးနောက် အသားညှပ်မုန့်လုပ်သည်။

ဂျပ်စတင်က မီးဖိုခန်းထဲမှ ခွေးခြေပေါ်တွင် ထိုင်ရင်း ဒက်ဖနီအား ကြည့်နေသည်။ သူက ဒက်ဖနီ၏ ပါးလွှာသော ဝတ်ရုံထဲမှ ပင်ကိုသဘာဝအလှကို ထိုးဖောက်ပြီး တစိမ့်စိမ့် ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဘာဘာရာ အပြင်သွားတယ်ဆိုတာ တကယ်ပြောတာလား'

'တကယ်ပါ ယုံချင်ယုံ မယုံချင်နေပေါ့၊ သူလဲ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲ'

'ဒါနဲ့ ဘာဘာရာ ယောကျ်ားလေး မိတ်ဆွေ ရှိသလား ဟင်'

'ရှိတယ် သိပ်တော်တဲ့ လူပဲ' ဒက်ဖနီက အသားညှပ် မုန့်ပန်းကန်ကို စားပွဲပေါ်လာချကာ ဂျပ်စတင်နှင့်မျက်နှာချင်းဆိုင် ခွေးခြေပေါ်တွင် ဝင်ထိုင်သည်။ 'ဘာဘာရာ့ လူက ရှေ့နေလေ'

'ဩော် ဟုတ်ပြီ၊ အမြတ်ခွန်တွေ ဘာတွေ ကိုင်တဲ့ ရှေ့နေ ဖြစ်မှာပေါ့'

'ရုပ်ရှင် ဥပဒေ ကိုင်တယ် ထင်တယ်'

'ဘုရားရေ ဒီလိုဆို ဒီလူက စီးပွားရေးသမား ဝတ်စုံဝတ်ပြီး လည်ပင်းမှာလဲ ရွှေဆွဲကြိုးကြီးနဲ့ ရှိမှာပေါ့'

'မနှောက်စမ်းပါနဲ့ ဂျပ်စတင်'

'ဘာဖြစ်လို့လဲ၊ ဘာဘာရာက ရိုးရိုးကြီးနေမှာပေါ့၊ သူ့ ပုံကြည့်ရတာ ကျွန်တော်တော့ သဘောမကျဘူး'

'သူက အင်မတန် တော်တဲ့ အမျိုးသမီးပါ၊ ရှင်က သူ့အကြောင်း မသိသေးပါဘူး'

'သိလဲ မသိချင်ပါဘူးဗျာ'

'ဒါကတော့ သဘာဝကျပါတယ်၊ လှို့ဝှက်ချက်မရှိပါဘူး၊ ရှင့်တို့ နှစ်ယောက်က အတူတူပဲ၊ ကလေးတွေလိုပဲ'

'သူက ကျွန်တော့်ကို မုန်းပုံရတယ်'

ဒက်ဖနီက ပြုံးသည်။

'သူ ရှင့်ကို မမုန်းပါဘူး၊ ရှင့်ကို သဘောမကျတာပါ၊ သူကလဲ ရှင့်အကြောင်းမှ မသိသေးတာပဲ၊ သူ့ ခများတစ်ချိန်တုန်းက ယောကျ်ားတစ်ယောက်ရဲ့ အကြောခံခဲ့ရဖူးတယ်၊ အဲဒါကြောင့် ယောကျ်ားတွေကို သံသယ ဝင်နေတာ'

'ဘာပဲပြောပြော ကျွန်တော်တော့ အခုလို ခင်ဗျားတစ်ယောက်တည်း ရှိနေတာကို ဝမ်းသာပါတယ်၊ နို့မဟုတ်ရင် ဘာဘာရာကြောင့် တစ်မှောင့်ဖြစ်နေတယ်၊ ပုပ်ရဟန်း မင်းကြီးကို ဗာတီကန် ကိုယ်ရံတော်စောင့်နေသလို သူက ခင်ဗျားအနားမှာ အမြဲတမ်း ကပ်နေတာ ကျွန်တော် ကပ်ဖို့ အချိန်ကို မရဘူး'

'ဘာဘာရာက ဒီလိုပဲ၊ သိပ်ပြီး သံယောဇဉ်ကြီးတယ်၊ ကျွန်မတို့ နှစ်ယောက် ဘဝတူဆိုတော့ သူက ကျွန်မအပေါ် သိပ်ဂရုစိုက်တာပဲ'

'သူ လုပ်နေပုံက လွန်ကို လွန်လွန်းပါတယ်ဗျာ၊ အမေကြီးက သမီးလေးကို မျက်စိအောက်က အပျောက်မခံနိုင်သလိုပဲ'





ဒက်ဖနီ ပြုံးနေသည်။

ဂျပ်စတင်သည် ခွေးခြေပေါ်မှ ဖင်ချော်ကျသွား၍ ထိုင်ရာမှ ထရပ်လိုက်သည်။ ဒက်ဖနီရှေ့တွင် လာရပ်ပြီး ဒက်ဖနီ၏ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကိုင်လိုက်သည်။

'ဒက်ဖနီ၊ မင်းကလေးက သိပ်ကို လှပါကလား၊ မင်းကို ကိုယ် သိပ်ချစ်နေမိပြီ သိလား'

ဒက်ဖနီ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်း ထသွားသည်။

'မမိုက်ပါနဲ့ ဂျပ်စတွင်'

သူ့ အသံက ညင်သာပြီး တုန်နေသည်။

'ကိုယ်မမိုက်ပါဘူးကွယ်၊ ကိုယ်ဟာ မင်းရဲ့ အလှရှေ့မှာ အုတ်တိုက်ကြီး ပြိုကျ... ပြိုကျသွားပြီ၊ မင်းက ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ တံတိုင်းကြီး ကာရံထားရတာလဲ ဟင်း မင်းကို ကိုယ်ချစ်ပါရစေ အချစ်ရယ်'

သူ့မျက်နှာက ညှိုးနေသည်။ မျက်လုံးစိမ်းများက ဒက်ဖနီ၏ မျက်နှာကို စိုက်ကြည့်နေကြသည်။

'ကျွန်မ တောင်းပန်ပါတယ် ဂျပ်စတင်၊ ကျွန်မတို့က ရှေ့ဆက်ပြီး လုပ်စရာတွေအများကြီးရှိသေးတယ်၊ ကျွန်မတို့ စိတ်အလိုကို လိုက်ရင် အမှားကြီးကို ကျူးလွန်ရာ ရောက်လိမ့်မယ်'

'ဘာအမှားကိုလဲ ချစ်တာကို အမှားလား၊ မင်းက အချစ်ကို ကြောက်နေတာလား၊ ကိုယ်တို့က ကလေးတွေ မဟုတ်ကြတော့ပါဘူး၊ အားမာန်အပြည့်နဲ့ အသိဉာဏ်ရှိတဲ့ လူတွေပါ၊ မင်းနဲ့ကိုယ်နဲ့ဟာ ဘက်အညီဆုံး အတွဲပါဒက်ဖ်၊ မင်းလို မိန်းမမျိုး ကိုယ် ဒီတစ်ကြိမ်ပဲ တွေ့ဖူးသေးတယ်၊ မင်းက ဘာကို တွေးကြောက်နေရတာလဲ၊ ဘယ်သူ့ကို တွေးကြောက်နေတာလဲ၊ ချစ်တာဟာ လူ့သဘာဝပါ လူ့ဆန္ဒပါ'

သူက ကိုယ်ကို ကိုင်း၍ ဒက်ဖနီအား နမ်းလိုက်သည်။ ပြီးတော့ တစ်ကိုယ်လုံးကို ပွေ့ဖက်ထားလိုက်သည်။ ဒက်ဖနီမှာ အသက်မရှူနိုင်ဖြစ်ကာ ရုန်း ထွက်ပြီး ထရပ် လိုက်သည်။ သူက ဂျပ်စတင်၏ မျက်နှာကို အရဲစွန့်၍ ကြည့်လိုက်ပြီး

'မတော်ပါဘူး၊ ဂျပ်စတင်၊ ကျွန်မတောင်းပန်ပါတယ်'

'မင်းကို ကိုယ်အရမ်းချစ်နေမိပြီ ဒက်ဖ်၊ မင်းကို ကိုယ်မျက်စိအောက်က အပျောက်မခံနိုင်တော့ဘူး၊ ကိုယ့်စိတ်က အဲဒီလောက်ထိ ပြင်းပြနေပြီ၊ မင်းက ကိုယ့်အပေါ်မှာ ဘယ်လိုမှ မခံစားရဘူးဆိုတာ ကိုယ်မယုံကြည်ဘူး၊ ကိုယ်တို့ နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် နားလည်ကြပြီးသားပါ၊ မင်းရေးထားတဲ့ စကားလုံးတိုင်းကို ကိုယ်နားလည်ပါတယ်၊ ကိုယ့်ကိုကြည့်နေတဲ့ မင်းမျက်လုံးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နားလည်ပါ တယ်၊ မင်းကိုယ့်ကို ချစ်နေပြီ၊ ကိုယ်ပြောတာ မဟုတ်ဘူးလားဟင်'

'ရှင်က ကျွန်မဆီက ဘာကို လိုချင်တာလဲ'

ဒက်ဖနီက ဒေါသပါပါဖြင့် မေးလိုက်သည်။

'ကျွန်မနဲ့ ခြောက်လလောက် အချိန်ဖြုန်းချင်လို့လား၊ ဒီမြို့မှာ ရုပ်ရှင်ရူး မလေးတွေ ဆယ်သိန်းလောက်ရှိသားပဲ၊ ကျွန်မဆီဘာလို့လာရတာလဲ၊ တစ်ယောက်ယောက်ဆီသွားပါလား၊ ကျွန်မကိုလာပြီး အနှောင့်အယှက်မပေးချင်ပါနဲ့၊ ကျွန်မ အထူးတောင်းပန်ပါတယ် ဂျပ်စတင်' 'ဒါဆိုမင်းက ဒါကို မလိုချင်ဘူး ဆိုပါတော့' ဒက်ဖနီက ခေါင်းခါပြရင်း နောက်လှည့်လိုက်သည်။

'ဒီလိုဆိုလဲကောင်းပြီလေ၊ ဒါပေမယ့်ကိုယ်ပြောတာကိုတော့ မမေ့ပါနဲ့၊ မင်းကို ငါကျောရရုံကြံတာ မဟုတ်ပါဘူး ဒက်ဖ်၊ မင်း ခုနကပြောတာမျိုးကို ကိုယ်အချိန်မရွေး ရနိုင်ပါတယ်၊ နေရာမရွေး ရနိုင်ပါတယ်၊ ဒါပေမယ့် မင်းလို မိန်းမမျိုးကိုတော့ ဘယ်နေရာမှာမှ မရနိုင်ဘူး၊ မင်းလို မိန်းမမျိုး ရှိကိုမရှိသေးပါဘူး၊ ဒါတော့ တကယ် ဟုတ်ပါတယ်၊ ကိုယ်ပြောတာယုံပါ၊ ကိုယ်ရှာကြည့်ပြီးပါပြီ'

ဒက်ဖနီကပြန်လှည့်ပြီး မျက်နှာချင်း ဆိုင်လိုက်သည်။

'ဒါဆိုဆက်ရှာကြည့်ပါဦးလား၊ တစ်ယောက်ယောက်တော့ တွေ့မှာပါ'

'ဟင့်အင်း မရှာတော့ပါဘူး၊ ရှာလဲ တွေ့မှာမဟုတ်ပါဘူး၊ ကိုယ် ဒီညပြောခဲ့တဲ့ စကားတွေကို မမေ့ မပစ်ပါနဲ့၊ အေးအေးဆေးဆေး ပြန်တွေးကြည့်စေချင်ပါတယ်၊ နောက်တော့မှ ကိုယ်တို့ပြန်ပြီး ဆွေးနွေးကြည့်တာပေါ့ ဟုတ်လား'

'အို ဘာမှ ဆွေးနွေးစရာ မလိုတော့ဘူး၊ ရှင်နဲ့ ကျွန်မမနက်ဖြန် ရိုက်ကွင်းမှာတွေ့ကြတဲ့အခါလဲ ဒီအကြောင်းတွေကို ဘာမှ ဆက်ပြီး မဆွေးနွေးချင်တော့ဘူး၊ ရှင် ကျွန်မပြောတာတွေကို လက်မခံနိုင်ဘူးဆိုရင် ကျွန်မနဲ့ ဝေးဝေးနေပေါ့၊ ဟုတ်လား'

'မင်း ပြောတာ မဟုတ်သေးပါဘူးကွာ'

'ရှင် ဒီလိုပြောလို့ ဘယ်ရမလဲ၊ ကျွန်မဘဝမှာ ကျွန်မနှစ်သက်တဲ့ နည်းလမ်းကို ရွေးချယ်ခဲ့တယ်၊ အဲဒီ နည်းလမ်းအတိုင်း ကျွန်မနေတယ်၊ ကျွန်မစိတ်ကို ကျွန်မပိုင်တယ်၊ ကျွန်မ ကြိုက်သလို ဆုံးဖြတ်နိုင်တယ်'

'အဲဒါ မင်း သိပ်မှားတာပေါ့'

ဂျပ်စတင်က ဒက်ဖနီ၏ နှုတ်ခမ်းကို ဖျက်ခနဲ တစ်ချက်နမ်းပြီး လှည့်ထွက်သွားသည်

ဒက်ဖနီသည် တံခါးကို ပြန်ပိတ်ကာ တံခါးပေါင်တွင် မှီရပ်နေလိုက်သည်။ သူ့ တစ်ကိုယ်လုံးတဆက်ဆက်တုန်နေသည်။ ကြောက်စရာအကောင်းဆုံးအချက်ကတော့ သူ၏ယုံကြည်ချက်ပင်ဖြစ်သည်။ ထိုယုံကြည်ချက်ကို သူနှစ်ပေါင်းများစွာ





ကိုင်ထားခဲ့သည်။ သို့သော် သူသည် တချိန်တည်းတွင် ဂျပ်စတင်အား အတွင်းကျိတ်တောင့်တနေမိသည်။ ဂျပ်စတင်၏ အနမ်းကို တရှိုက်မက်မက် စွဲလမ်း နေမိသည်။ တစ်ဖက်က တွေးလိုက်ပြန်တော့လည်း သူဒုက္ခမခံချင်တော့။ ကိုယ့်ကိုယ်ကိုယ် မနှိပ်စက်ချင်တော့။ နောက်တစ်ကြိမ်မချစ်ချင်တော့။ နောက်တစ်ကြိမ်အဆုံးရှုံးမခံချင်တော့။

ဂျပ်စတင်ဘာတွေပြောပြော သူနားမထောင်ချင်တော့။

မီးဖိုခန်းကို ပြန်လျှောက်လာခဲ့သည်။ သူတို့နှစ်ယောက် စောစောက ထိုင်ခဲ့သော နေရာတွေကို ကြည့်လိုက်သည်။

ဂျပ်စတင်၏အနမ်းကို ပြန်လည် သတိရမိသည်။ တစ်ကိုယ်လုံး တဖြန်းဖြန်း တုန်သွားသည်။

စိတ်ထဲက ရုတ်တရက် ပေါက်ကွဲသွားပြီး ဘီယာပုလင်းကို ကောက်ယူကာ အခန်းနံရံတွင် တအားကိုင်ပေါက်လိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၈ )

'ညက ပါတီပွဲမှာ တော်တော်ပျော်ခဲ့ရဲ့လား'

စားသောက်ခန်းထဲတွင် ထိုင်နေကြရာမှ ဒက်ဖနီက အမှတ်မထင် မေးလိုက်သည်။ တခြားလူတွေစားသောက်ပြီး၍ စတူဒီယိုထဲ ပြန်သွားကြပြီ။ ဒက်ဖနီနှင့် ဂျပ်စတင်တို့ နှစ်ဦးသား စားပွဲတွင် ကျန်တော့သည်။

'ကိုယ်မသွားဖြစ်ဘူး'

'အို ဒါဆို တော်တော် ဆိုးတာပေါ့' သူက ရုတ်တရက် ခေါင်းစဉ်ပြောင်းလိုက်ကာ 'ဒါနဲ့ ဒီနေ့ရိုက်မယ့် အခန်းလဲ တော်တော်စိတ်ဝင်စားစရာ ကောင်းမယ်ထင်တာပဲ'

'ကိုယ်တော့ မပြောတတ်ဘူး၊ သူက ပန်းကန်ပြားကို ဘေးသို့ဖယ်ကာ ဒက်ဖနီကိုကြည့်လိုက်သည်။ 'ကိုယ် ဘာမှကောင်းကောင်းတွေးလို့ မရသလိုဖြစ်နေတယ်၊ မနေ့ညက မင်းပညာပြလိုက်တာ ကိုယ်တော့ တစ်ခါတည်းရှုံးသွားတာပဲ' ဒက်ဖနီလည်း ညဝက်လုံးလုံး အိပ်မပျော်ခဲ့။ သို့သော် သူက ဒါကိုမပြော။ သူ့ရင်ထဲတွင် ခံစားချက်တွေ ဗလောင်ဆူနေခဲ့သည်။ ဂျပ်စတင် ပြန်သွားပြီးနောက် ဖုန်းများပြန်ဆက် လေဦးမည်လားဟု တွေးနေခဲ့မိသည်။ 'မင်း ကိုယ့်ကို ဘယ်လိုများ လုပ်လိုက်တာလဲ ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ရှင့်ကို ဘာမှ မလုပ်ပါဘူး ဂျပ်စတင်၊ ရှင်နဲ့ ကျွန်မတို့ နှစ်ယောက် စလုံး စိတ်မချမ်းသာဖြစ်ရမယ့် ပြဿနာမျိုးကို ကျေးဇူးပြုပြီးမတင်ပါနဲ့ ကျွန်မ တောင်းပန် ပါတယ် ရှင်'

'မင်း ဘာတွေ ပြောနေတာလဲ ဘာပြဿနာတင်စရာရှိလို့လဲ၊ မင်းက ချစ်စရာ ကောင်းတယ်၊ ငါက မင်းကို ချစ်တယ်၊ ဒါပြဿနာတဲ့လား စာရေးဆရာမကြီးရယ်၊ ပြဿနာက ဒီလိုပါ ကိုယ်ပြောပြမယ်' သူက ဖြတ်သွား ဖြတ်လာ တခြားသူများ မကြား အောင် တိုးတိုးကပ်ပြောသည်။ 'ပြဿနာက မင်းက ယောကျ်ားတစ်ယောက်နဲ့ နောက်ထပ် ချစ်ရမှာကို ကြောက်နေတာပါ၊ ဒါပေမယ့် မင်းစိတ်ထဲ ဘယ်လိုဖြစ်နေ တယ်ဆိုဟာ ကိုယ်သိပါတယ်၊ မင်းရေးတဲ့ စာအုပ်တွေဖတ်ပြီး ကိုယ်သိရတယ်၊ မင်းက လူ့လောကထဲ မဝင်ရဲ ဖြစ်နေတယ်၊ မိန်းမပီပီ နေချင်ပါလျက်နဲ့ မနေရဲဖြစ်နေတယ်၊ ဒါပေမယ့် ဒါတွေ မင်းစိတ်ထဲ ကိန်းအောင်းနေတာတော့ အမှန်ပဲ၊ တစ်နေ့ကျတော့ ဒီခံစားချက်တွေကို မင်းဝတ္ထုတွေထဲ ရေးထည့်ဦးမှာပါ၊ ကိုယ်တော့ သိပ်ပြီး စိတ်ကူး ယဉ်နေမိပြီလား မသိဘူး၊ အိပ်မက်ထဲက နတ်မိမယ်ကို ချစ်မိတဲ့ လူလို ဖြစ်နေပြီ ထင်တယ်'

'ရှင်ပြောတာတွေ မဟုတ်သေးပါဘူး၊ ကျွန်မကိုလဲ ရှင် နားမလည်သေး ပါဘူး၊ ကျွန်မကို နားမလည်ဘဲနဲ့ ကျွန်မကို ချစ်တယ်ဆိုတာ ဘယ်လိုဖြစ်နိုင်ပါ့မလဲ'

'မင်းက မင်းကို ကိုယ် နားမလည်ဘူးလို့ ထင်သလား၊ မင်းစာအုပ်တွေထဲက မင်းရဲ့ခံစားချက်တွေကို ကိုယ်မခံစားရဘူးလို့ ထင်သလား၊ အပါချီ ဓာတ်လမ်းကို ကိုယ် မခံစားတတ်ဘူးလို့ ထင်သလား၊ ကိုယ် ကိုယ်တိုင် ခေါင်းဆောင် ပါဝင် ရိုက်ကူး နေတဲ့ ဓာတ်ကားအကြောင်းကို ကိုယ်ဘာမှ နားမလည်ဘူးလို့ ထင်သလား၊ တကယ် တော့ မင်းထင်သလို မဟုတ်ပါဘူး၊ ကိုယ်က အားလုံးနားလည်ပါတယ်၊ အားလုံးခံစား ရပါတယ်၊ မင်းရဲ့နှလုံးသား တီးတိုးပြောသံကိုတောင် ကိုယ်ကြားရပါတယ်၊ ယုံပါ ဒက်ဖ်၊ တကယ်ပြောတာပါ၊ မင်းကို ငါကောင်းကောင်း နားလည်ပါတယ်၊ နားမလည်တာက မင်းကိုယ်မင်းပါ၊ မင်းက ကိုယ့်ကိုယ်ကိုယ် နားလည်အောင် မလုပ်ဘူး၊ နားလဲမလည် ချင်ဘူး၊ မင်းဘယ်သူလဲ ဘာတွေဖြစ်ခဲ့သလဲဆိုတာကို မင်း မတွေးချင်ဘူး၊ တကယ်တော့ မင်းက မိန်းမတစ်ယောက်ပါ၊ ရုပ်ချောတဲ့မိန်းမ တစ်ယောက်ပါ၊ တခြား မိန်းမတွေလိုပဲ မင်းလဲ ခံစားချင်တယ်၊ တခြားမိန်းမတွေလိုပဲ ခံစားတတ်တဲ့ နှလုံးသား ရှိတယ်၊ မင်းက ကိုယ့်ကို မြင်မြင်ချင်း စိတ်ဝင်စားမိတယ်၊ ကိုယ်ကလဲ မင်းကို မြင်မြင်ချင်းစွဲမိ တယ်၊ ကိုယ်အမှန်အတိုင်းပဲပြောမယ်၊ ကိုယ်ဘာကို လိုချင်တယ်ဆိုတာ ကိုယ်သိတယ်၊ ကိုယ်ဘယ်သူလဲဆိုတာ ကိုယ်သိတယ်၊ ကိုယ်လို ချင်တာရအောင်လုပ်တဲ့နေရာမှာ ကိုယ်ဘာကိုမှ ထည့်မတွက်ဘူး၊ ဘာကိုမှ မကြောက်





ဘူး၊ ရအောင်ယူတတ်တယ်၊ ဒီအတွက် ဘုရားသခင်ကို ကျေးဇူးတင်မိတယ်'

သူသည် ထိုင်ရာမှ ထရပ်ပြီး စားပွဲနားမှ ထွက်သွားသည်။ အခန်းတံခါးကို ဆောင့်ပိတ်ပြီးနောက် ရိုက်ကွင်းသို့ လမ်းလျှောက်သွားသည်။ ခဏကြာတော့ ဒက်ဖနီ လည်း နောက်မှ ထလိုက်သွားသည်။ သူ့အတွေးနှင့်သူ ပြုံးလိုက်မိသည်။ တစ်နိုင်ငံလုံး တွင် ရုပ်ရှင်မင်းသား ဂျပ်စတင်ဝိတ်ဖီးလ်အား ယခုလို 'ချီး' နိုင်သော မိန်းမတစ်ယောက် မှမရှိ။ တွေးကြည့်လိုက်တော့ ပျော်စရာလည်းကောင်းသည်။ စိတ်မကောင်းစရာလည်း ကောင်းသည်။

နောက်ပိုင်းတွင် ဓာတ်ကား ရိုက်ကြပြန်သည်။ ဓာတ်ကွက် တစ်ကွက်တည်း ကိုပင် ထပ်ပြန်တလဲလဲ ပြန်ရိုက်နေသည်။ နေ့လယ်ပိုင်းအချိန်ကုန်သွားသည်။ ဒါရိုက် တာက မကြိုက်။ နောက်ထပ် ပြန်ရိုက်သည်။ ညနေပိုင်း ကုန်သွားသည်။ ညပိုင်း ရောက်လာသည်။ ဒါရိုက်တာက စိတ်တိုတိုဖြင့် လူတိုင်းကို အော်ဟောက်နေသည်။ ဒက်ဖနီကိုလည်း ဓာတ်ကွက်တွေ ပြန်ပြောင်းခိုင်းသည်။ ပို၍ ကောင်းလာမည်လား ဟူသော သဘောဖြင့် ပြောင်းခိုင်းခြင်းဖြစ်သည်။ သို့သော် ပြဿနာက ဓာတ်ညွှန်းနှင့် မဆိုင်။ မင်းသားဂျပ်စတင်နှင့်သာဆိုင်နေသည်။ ဂျပ်စတင် စိတ်မပါ၍ သရုပ်ဆောင်ချက် အသက်မပါ ဖြစ်နေသည်။ သူ့ကို ကြည့်ရသည်မှာ မျက်နှာမကြည်။ စိတ်လည်းကြည် ပုံမရ။ မျက်နှာသုန်သုန်မှုန်မှုန်ဖြင့် တစ်လောကလုံးကို စိတ်နာနေသည့် ပုံမျိုး။

သည်လိုနှင့် ညဆယ်နာရီ ထိုးသွားသည်။ တစ်နေကုန် ဆယ့်ခုနစ်နာရီတိတိ ရိုက်ခဲ့ကြသော်လည်း စိတ်တိုင်းကျ မဖြစ်။ ဒါရိုက်တာကြီးက စိတ်ပျက်လက်ပျက်ဖြင့် ဦးထုပ်ကို စားပွဲပေါ်ပစ်တင်လိုက်သည်။

'မင်းတို့အားလုံး ဒီနေ့ ဘာဖြစ်နေကြတာလဲ၊ ငါ့လခွေးမှပဲ၊ တစ်နေ့ကုန် ရိုက်တာတောင် တစ်ကွက်မှ သောက်သုံးမကျဘူး၊ ဒီလိုသာ ရိုက်စားနေရရင် ထမင်းငတ် ပြီး သေရလိမ့်မယ်၊ ဟေ့ ဂျပ်စတင်၊ ရည်းစားလူလုခံရတဲ့ မင့်မျက်နှာကြီးကို ငါနောက် ထပ် မကြည့်ချင်ဘူး၊ ဒါပဲ၊ ကဲ ဒီနေ့အတွက်ပြီးပြီ၊ မနက်ဖြန်ကျတော့ အားလုံး ငါးနာရီ ရောက်လာကြ၊ မင်းတို့အားလုံး ဘာပြဿနာပဲ ဖြစ်နေဖြစ်နေ မနက်ဖြန်တော့ အကောင်းဆုံး ဖြစ်အောင် ကြိုးစားကြ၊ ဒါပဲ၊ သွားမယ်'

ဒါရိုက်တာ ထွက်သွားသည်။ ဂျပ်စတင်က အဝတ်လဲခန်းထဲ ဝင်သွားသည်။ ဒက်ဖနီအား စောင်း၍ပင် မကြည့်ခဲ့။

ဒက်ဖနီသည် ဘာဘာရာနှင့်အတူ ကားဆီသို့ လျှောက်လာသည်။ ကားတံခါး ဖွင့်ပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

အိမ်သို့အပြန် တစ်လမ်းလုံး စကားတစ်ခွန်းမျှ မပြောကြ။

ဒက်ဖနီက ဂျပ်စတင်အကြောင်းကိုသာ တွေးလာခဲ့သည်။ မနေ့ညက



www.burmeseclassic.com

www.burmeseclassic.com



ဂျပ်စတင်အား သူပြောခဲ့တာတွေ မှားများ မှားသွားသလားဟု တွေးပြီး စိတ်မကောင်း ဖြစ်နေမိသည်။

နောက်နေ့တွင်လည်း အခြေအနေက ပို၍ ကောင်းမလာ။

ဒက်ဖနီနှင့် ဂျပ်စတင်တို့ စကားလုံးဝမပြောကြ။

ညခုနစ်နာရီတွင် ရုပ်ရှင်ရိုက်ခြင်းကို ရပ်လိုက်သည်။

နောက်တစ်နေ့ကျတော့ အခြေအနေအားလုံး ပြောင်းပြန်ဖြစ်ကုန်သည်။

ဂျပ်စတင်သည် မနေ့ကနှင့် လုံးဝမတူတော့ဘဲ အလွန်တက်ကြွ ရွှင်မြူးစွာဖြင့် ရိုက်ကွင်းဆီသို့ ရောက်လာသည်။ သရုပ်ဆောင်ချက်တွေကလည်း အံ့အားသင့်လောက်အောင်ကောင်းသည် မကြိုက်၍ ပြန်ရိုက်ရသော အခန်းတစ်ခန်းမျှမရှိ။ လေးနာရီတိတိ ဆက်တိုက် ရိုက်ပြီးသောအခါ ဒါရိုက်တာကြီးက ဝမ်းသာအားရဖြင့် မင်းသားဂျပ်စတင်အား ဖက်နမ်းသည်။ ကျန်အဖွဲ့သားတွေကလည်း အားလုံး ပျော်ရွှင်နေကြသည်။ ဂျပ်စတင်အား လက်ဆွဲပွေ့ဖက်ကာ ဂုဏ်ပြုကြသည်။ ချီးကျူးကြသည်။

ဘာကြောင့်မှန်းတော့မသိ၊ ဂျပ်စတင်သည် ယနေ့ အလွန် ထူးခြား နေသည်။ နဂိုအတိုင်း ပြန်လည်လန်းဆန်း တက်ကြွလာသည်။ ဒက်ဖနီအလွန် ဝမ်းသာမိသည်။ မနေ့က ဂျပ်စတင် သရုပ်ဆောင်ချက်တွေပျက်တာ မိမိအပြစ်ဟူ၍ ထင်နေခဲ့သော စိတ်လည်း လျော့နည်းသွားသည်။

စားသောက်ဆောင်ထဲ ဝင်လာတော့ ဒက်ဖနီတို့ ထိုင်နေကျ စားပွဲတွင် ဂျပ်စတင် ထိုင်နေသည်ကို တွေ့ရသည်။

ဒက်ဖနီက ရှက်ပြုံး ပြုံးရင်း

'ရှင် ဒီနေ့ သရုပ်ဆောင်တာတွေ သိပ်လှတာပဲ ဂျပ်စတင်'

'ကိုယ့်အနေနဲ့ ကြိုးစားရမှာပေါ့၊ ဟောဝပ်အတွက် အစွမ်းကုန် ကြိုးစားရမယ့်တာဝန် ရှိတယ်'

ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။

'ရှင့်ကို စိတ်မကောင်းအောင် လုပ်မိတာ တောင်းပန်ပါတယ်'

'ကိုယ်လဲ တောင်းပန်ပါတယ်၊ ဒါပေမယ့် မင်းလုပ်တာ မှန်ပါတယ်၊ ကိုယ်လက်ခံပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ကို မိတ်ဆွေ တစ်ယောက်အဖြစ်တော့ သဘောထားစေချင်ပါတယ်'

သူက မျက်ရည် ဝေ့ဝေ့ဖြင့် ညင်ညင် သာသာကလေး ပြောသည်။ ဒက်ဖနီက သူ့လက်ကို လှမ်းဆုပ်လိုက်သည်။

'ကျွန်မက ရှင့်ကို မိတ်ဆွေအဖြစ် သတ်မှတ်ပြီးသားပါ၊ ကျွန်မဟာ နားလည်ဖို့ လွယ်တဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး၊ ကျွန်မဘဝမှာ ရင်နင့်စရာတွေကို





ဟစ်ပုံ ကြီး ခံစားခဲ့ရပါတယ်၊ ဒါတွေကို ကျွန်မဘယ်လိုမှ မေ့ပျောက်လို့မရဘူး၊ အမြဲတမ်း ခံစားနေရတာပဲ၊ ဒါကြောင့် ကျွန်မကို ကျွန်မရဲ့ ဖြစ်စဉ်အတိုင်း မြင်စေချင်ပါတယ်၊ အဲဒါဆိုရင် ကျွန်မတို့ နှစ်ယောက်စလုံးအတွက် ပိုပြီး အဆင်ပြေလိမ့်မယ်'

'ကိုယ့်အနေနဲ့ လွယ်တော့ မလွယ်ဘူး၊ ဒါပေမယ့် ကြိုးစားပါ့မယ်'

'ကျေးဇူးတင်ပါတယ် ရှင်'

'ကိုယ်က လူတစ်မျိုး၊ ရင်ထဲမှာ ခံစားလာရရင် မြုံမထားတတ်ဘူး'

သူ့ကို ဂျပ်စတင် နားမလည်သေးကြောင်း ဒက်ဖနီ တွေးမိသည်။ ယခုလိုခေါင်းမာသည့်အတွက်လည်း စိတ်မကောင်း ဖြစ်မိသည်။ သို့သော် ဘာတတ်နိုင်မည်နည်း။ ဒါက သူ့စရိုက်ပဲ။ သူ့စရိုက်နှင့်သူ နေချင်သလို နေပါစေ။ သူနှင့် မိတ်မပျက်ချင်လျှင် သူ့စရိုက်ကိုတော့ လက်ခံရမှာပေါ့။

'အဲဒီလို စိတ်ဓာတ်မျိုးကို ကျွန်မ လေးစားပါတယ်'

'မင်းကိုလဲ ကိုယ်လေးစားပါတယ်' သူက ဟက်ခနဲ တစ်ချက် ရယ်လိုက်သည်။ ပြီးနောက် လေသံဖြင့် 'ဒါပေမယ့် မင်း လုပ်နေပုံတွေက မဟုတ်သေးဘူးလို့ ငါထင်နေတုန်းပဲ'

ဒက်ဖနီက ရယ်လိုက်သည်။

'ဘာလဲ ရှင်က အမေရိကန် တစ်ပြည်လုံးမှာ ရှင့်ကို အရူးလုပ်တာ ကျွန်မ တစ်ယောက်တည်းပဲ ရှိတယ်လို့ ထင်နေလို့လား'

'အဲဒီတော့ မင်းက အဲဒီလို လုပ်နိုင်တဲ့အတွက် သမ္မတဆုကို လိုချင်လို့လား'

နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။

'ရှင်က ပေးမလို့လား'

'ပေးမှာပေါ့၊ မင်း စိတ်ချမ်းသာမယ်ဆိုရင် ပေးမှာပေါ့'

တကယ်ပင် ထိုညတွင် ဆုတံဆိပ် တစ်ခု ပိုက်ပြီး ဒက်ဖနီ၏ တိုက်ခန်းသို့ ယူ ရောက်လာသည်။ ဆုတံဆိပ်မှာ လက်ရာ ပြောင်မြောက်စွာ ပြုလုပ်ထားသော ကြေးတံဆိပ် ဖြစ်သည်။

'ဒါဟာ နာမည်ကျော် မင်းသား ဂျပ်စတင်ဝိတ်ဖီးလ်ကို အရူးလုပ်နိုင်တဲ့ မစ္စက်ဒက်ဖနီဖီးလ်ဒ်ရဲ့ ပြောင်မြောက်တဲ့ သူ့ရသတ္တိကို ဂုဏ်ပြုတဲ့ အနေနဲ့ ချီးမြှင့်တဲ့ သမ္မတဆုပါပဲ' ဒက်ဖနီက သဘောကျပြီး တဟားဟား ရယ်နေသည်။ ပြီးတော့ ဂျပ်စတင်၏ပါးကို တစ်ချက် နမ်းလိုက်သည်။ 'မင်းက လိုချင်တယ်ဆိုတော့ ကိုယ်က ကတိအတိုင်း ယူလာရတာပေါ့'

'ကျေးဇူး တင်ပါတယ် ရှင်' ဒက်ဖနီက ဆုတံဆိပ်ကို မီးဖိုခန်း ကောင်တာပေါ်တင်ထားလိုက်သည်။ ဂျပ်စတင်အား ဖန်ခွက်နှင့် ဘီယာပုလင်း ကမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ရှင် ထမင်းစားခဲ့ပြီးပြီလား'

'အလုပ်ပြီးတော့ အသားညှပ်ပေါင်မုန့်ပဲ အဆာပြေ စားလာခဲ့တယ်၊ မင်း ရေကူးကန်မှာ ရေကူးလို့ရမလား'

အချိန်က ရှစ်နာရီ။ သာယာလှပသော ည။ ဒက်ဖနီ စိတ်ထဲ ကြည်နူး နေသည်။

'ရှင့်ကို ယုံရမှာလား'

'ဘာကို ပြောတာလဲ၊ ရေကန်ထဲ ရှုးရှူး မပေါက်ဖို့ကိုလား'

ဂျပ်စတင်က လူကြီးတစ်ယောက်နှင့် လုံးဝမတူ။ ကလေး တစ်ယောက်နှင့်သာ တူနေသည်။ သို့သော် အဲဒါကိုပဲ ဒက်ဖနီက ကြိုက်နေသည်။ သူ့ကိုကြည့်ပြီး ပျော်နေ သည်။ တစ်ချိန် တစ်ချိန်တွင်တော့ စိတ်ရှုပ်ပင် ပေါက်လာမိသည်။

'ကျွန်မ ဘာပြောတယ်ဆိုတာ ရှင်သိပါတယ်'

ဒက်ဖနီက မျက်နှာထား တည်တည်ဖြင့် ပြောလိုက်သည်။

'ဟုတ်ပါတယ်၊ ကိုယ်သိပါတယ်၊ ကိုယ့်ကို ယုံပါ၊ မင်းက ခံစားချက်ကို သိပ်ပြီး အလေးအနက်ထားနေတာကိုး၊ အဲဒါတွေ မေ့ထားလိုက်စမ်းပါ ဒက်ဖ်၊ မင်း အတွက် ဒုက္ခကြီးလှပါတယ်'

'ဟင့်အင်း ကျွန်မကတော့ အဲဒီလို မယူဆဘူး၊ ကျွန်မဒီလိုပဲ နေလာခဲ့တာ ကြာပြီပဲ၊ ဒီလိုနေရတာ ကျွန်မပျော်တယ်၊ ဒီအခြေအနေကို ကျွန်မပြောင်းမပစ်ချင်ဘူး'

'အင်း မင်းပြောတာကို နားထောင်ရတာ ကိုယ်တော့ ဗဟုသုတ ရတာပဲ'

'ကျွန်မလဲ ရပါတယ်'

'ဘာရတာလဲ'

'သမ္မတ ဆုတံဆိပ်လေ' နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။ ဒက်ဖနီက အိပ်ခန်းဘက် လက်ယမ်းပြရင်း 'ကျွန်မ ရေကူးဝတ်စုံ သွားဝတ်လိုက်ဦးမယ်'

ဒက်ဖနီသည် အပြာရောင်ဘီကီနီ ဝတ်စုံကိုဝတ်၍ ထွက်လာသည်။

ဂျပ်စတင်က ရေကန်ထဲရောက်နှင့် နေပြီ။

ဒက်ဖနီရေကန်ထဲဆင်းလာသည်။ ဂျပ်စတင်က ရေထဲငုပ်လျှိုးကာ ဒက်ဖနီ၏ ခြေထောက်ကို လက်နှင့်လိုက်ပွတ်သည်။ သူ ပြန်ပေါ်လာပြီး ဒက်ဖနီကို ဆွဲဖက်သည်။ ဒက်ဖနီက အတင်းရုန်းထွက်သည်။ ဂျပ်စတင်က ပြန်ဆွဲသည်။ သည်လိုနှင့် နှစ်ယောက်သား ရေထဲတွင် ဆွဲလိုက် ရုန်းလိုက်ဖြင့် ကျီစယ်ကစား ကြသည်။ ဆယ်မိနစ်ခန့်ကြာတော့ ဂျပ်စတင်က ပြန်လွှတ်လိုက်သည်။

'ရှင် တော်တော် အားရှိတယ်နော်၊ မမောဘူးလား ဟင်'

'ပျော်နေရရင် မမောဘူး'





'ရှင်က အသက်ကြီးပေမယ့် ကလေးနဲ့သိပ်တူတာပဲ'

'အခုလို ချီးကျူးတာ ကျေးဇူးတင်ပါတယ်' သူ့အသက်က လေးဆယ်ကျော်မှုပြီ။ သို့သော်လေးဆယ်ကျော်ဟု ဘယ်သူမှမထင်ကြ။ သူနှင့်နေရတာ ဒက်ဖနီတောင် မှ ကိုယ်သူ့ပို၍ နုပျိုသွားသလို ထင်မိသည်။ 'မင်းက ဘီကီနီနဲ့ သိပ်လှတာပဲ'

'မဖောက်စမ်းပါနဲ့'

ထို့နောက် ဒက်ဖနီ ရေဆက်ကူးသည်။ အတန်ကြာတော့ လှေကားဆီသို့ ဖြည်းဖြည်း ပြန်ကူးလာပြီးကုန်းပေါ်သို့ ပြန်တက်လာသည်။

ကိုယ်ကို ရေသုတ်ပဝါပတ်လိုက်သည်။ ဂျပ်စတင်လည်း ပြန်တက်လာသ ည်။

'ကုလားထိုင်ပေါ်မှာ ပဝါရှိတယ်'

'ကျေးဇူးပဲ'

ဂျပ်စတင်က ပဝါယူပတ်ပြီး ဒက်ဖနီအား ရပ်ကြည့်နေသည်။

ကောင်းကင်တွင် လမင်းကြီး ထိန်ထိန်သာနေသည်။ ကြယ်ကလေးတွေက တလက်လက်တောက်ပနေကြသည်။ အလွန်လှပသော ည။ စိတ်ကြည်နူးစရာ ကောင်းဆုံးည။

နှစ်ယောက်သား စကားမပြောဘဲ အကြာကြီး ရပ်နေကြသည်။

တော်တော်ကြာတော့မှ ဂျပ်စတင်က ရှေ့သို့ တစ်လှမ်းတိုးလျက် ဒက်ဖနီအား ပွေ့ဖက်လိုက်သည်။ ပြီးတော့ ညင်သာစွာနမ်းသည်။ ဆက်ဖက်ထားသည်။ ဒက်ဖနီ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

ဂျပ်စတင်က ဒက်ဖနီအား ပြန်ခွာလိုက်ပြီး

'ခွင့်လွှတ်ပါ ဒက်ဖ်၊ ကိုယ် ဘယ်လိုမှ အောင့်မထားနိုင်တော့လို့ပါ'

'ကိစ္စ မရှိပါဘူး၊ ရပါတယ်၊ ကျွန်မ ...'

ဒက်ဖနီ ပါးစပ် ပိတ်သွားသည်။

'မင်းကို ကိုယ် သိပ်ချစ်နေပြီ ဒက်ဖ်၊ ဒီစကားကို မင်းကတော့ ကြားချင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် ငါကတော့ သိပ်ချစ်နေပြီ'

'ရှင်က အရူးပဲ၊ ရူးရုံတင်မကဘူး၊ ရိုင်းလဲ ရိုင်းတယ်၊ လူကြီးရုပ်နဲ့ ကလေးလို မှုတဲ့လူ'

ဒါရိုက်တာကြီး၏ သတိပေးစကားကို ဒက်ဖနီပြန်လည် သတိရမိသည်။ ရုပ်ရှင်ဇာတ်လိုက်တွေက ကလေးလိုပဲတဲ့။ မှန်သည်။ ဂျပ်စတင်လည်း ကလေးဆိုးကြီး တစ်ယောက်လိုပင်ဖြစ်သည်။

ဂျပ်စတင်က ရှေ့သို့ တိုးလာပြီး ဒက်ဖနီ၏ ပါးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ရပ်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ကိုယ် သိပ်ချစ်နေပြီ ဒက်ဖ်၊ တကယ်ပြောတာပါ၊ ယုံပါ'

'ဟင့်အင်း ကျွန်မ မယုံချင်ဘူး'

'ဘာဖြစ်လို့လဲ ဟင်'

'ဘာဖြစ်လို့လဲဆိုရင် ရှင့်ကို ယုံရင် ... ' ခေတ္တရပ်နေပြီးတော့မှ 'ကျွန်မ ရှင့်ကို ပြန်ချစ်မိလိမ့်မယ်၊ အဲဒါဆိုရင် တစ်နေ့မှာ ကျွန်မတို့ စိတ်ဆင်းရဲကြရမယ်၊ ကျွန်မ စိတ်ဆင်းရဲ မခံချင်တော့ဘူး'

'စိတ်မဆင်းရဲရပါဘူး အချစ်ရယ်၊ ဘယ်တော့မှ မဆင်းရဲစေရပါဘူး၊ ကိုယ့်ကို ယုံပါကွယ်၊ ကျိန်စေချင် ကျိန်ပါ့မယ်၊ ကိုယ် ကျိန်ရဲပါတယ်'

ဒက်ဖနီက သက်မတစ်ချက် ချလိုက်သည်။ သူ့ခေါင်းကို ဂျပ်စတင့် ရင်ဘတ်ပေါ်တွင် တစောင်း မှီလိုက်သည်။ ဂျပ်စတင်က သူ့ကို ဖက်ထားလိုက်သည်။

'ဒီကိစ္စမျိုးဆိုတာက ဘယ်သူမှ ကတိပေးလို့ မရနိုင်ပါဘူး'

'ကိုယ်က တခြား လူတွေလို မသေနိုင်ပါဘူး အချစ်ရယ်၊ ဒီအတွက်တော့ အလကား တွေးကြောက်မနေပါနဲ့'

'ကျွန်မ အဲဒီအတွက် တွေးကြောက်နေတာ မဟုတ်ပါဘူး၊ ကျွန်မက ကျွန်မ ချစ်တဲ့အရာတွေ ပျောက်ဆုံးသွားမှာကို ကြောက်နေတာပါ၊ အဲဒီဒုက္ခကို ကျွန်မ ကြောက်နေတာပါ'

ဂျပ်စတင်က ဒက်ဖနီအား ပြန်ခွာပြီး မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

'ကိုယ့်ကြောင့် မင်း ဒုက္ခမဖြစ်ရပါဘူး ဒက်ဖ်၊ ယုံပါ ကိုယ် ကတိပေးပါတယ်'

ဒက်ဖနီတွင် ခုခံအားမရှိတော့။ အချေအတင်စကားလည်း ပြောမနေချင်တော့၊ ပြောပေမယ့်လည်း ဘာမှ ထိရောက်တော့မည် မဟုတ်။ သူ့ကိုယ်၌က အရှုံးပေးချင်နေပြီ မဟုတ်ပါလား။

*

နောက်တစ်နေ့ နံနက် ငါးနာရီတွင် ဘာဘာရာ ပြန်ရောက်လာသည်။

မီးဖိုခန်းထဲတွင် ဒက်ဖနီနှင့်ဂျပ်စတင်တို့ ရယ်ကာမောကာဖြင့် နံနက်စာ ချက်ပြုတ်နေကြသည်ကို တွေ့လိုက်ရတော့ သူ အံ့အားကြီး သင့်နေသည်။

'ညတုန်းက တော်တော် ပျော်ခဲ့ရဲ့လား ဘာဘာရာ'

ဂျပ်စတင်က မျက်နှာလိုမျက်နှာရ ဦးအောင် မေးလိုက်သည်။

ဘာဘာရာက အပြင်းအထန် ကန့်ကွက်ချင်စိတ်ဖြစ်ပေါ်လာမိသည်။ သူ ဒက်ဖနီအား ဂျပ်စတင်နှင့် လုံးဝအဆက်အဆံမလုပ်စေချင်။ သို့သော် ယခုသူ အခြေအနေမြင်ရတော့ အချိန်နှောင်းသွားပြီ ဆိုသည်ကို သူက အလိုလို သိလိုက်သည်။

'ဟုတ်ကဲ့၊ သိပ်ကို ပျော်ခဲ့ရပါတယ် ရှင်'





သူ့မျက်လုံးများက သူ့အတွေးကို ဖော်ပြနေကြသည်။ ဒါကို ဂျပ်စတင်က ကောင်းကောင်း သဘောပေါက်လိုက်သည်။

ငါးနာရီခွဲတွင် သုံးယောက်သား ကားပေါ်တတ်ပြီး စတူဒီယိုသို့ လာခဲ့ကြသည်။

ယနေ့ ရိုက်ချက်များတွင် ဂျပ်စတင်သည် တစ်လျှောက်လုံး အကောင်းဆုံး သရုပ်ဆောင်သွားနိုင်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၉ )

ရုပ်ရှင် ရိုက်ကူးနေစဉ် ရုပ်ရှင်အဖွဲ့သားအားလုံးသည် ဓာတ်လှေကားထဲတွင် တစ်နေ့လုံးလှောင်ပိတ် ခံနေရသည်နှင့် အလွန်တူသည်။ ကိုယ်ရေးကိုယ်တာ ကိစ္စများ မည်သူမျှ လျှို့ဝှက်ထား၍ မရ။

ထို့ကြောင့်လည်း ဒက်ဖနီနှင့်ဂျပ်စတင်တို့ 'ကိစ္စ' ကို တစ်ပတ်အတွင်း တစ်ယောက်မကျန် သိကုန်တော့သည်။ သို့သော် သည်အကြောင်းနှင့်ပတ်သက်၍ ကာယကံရှင်များအား မည်သူမျှမမေးရဲကြ၊ မဝေဖန်ရဲကြ။

တစ်နေ့တွင် ကော်ဖီသောက်ရင်း ဒါရိုက်တာဟောဝပ်စတန်းက ဒက်ဖနီအား ပြောသည်။

'နောက်တော့မှ ငါက မပြောဘူးလို့ မပြောနဲ့ ဒက်ဖနီ၊ ရုပ်ရှင် ဓာတ်လိုက်တွေ ဟိုတာက ကလေးတွေလိုပဲ၊ မိဘက သိပ်ပြီး အလိုလိုက်ထားလို့ နွံ့ဆိုး ဆိုးပြီး ပျက်စီးနေတဲ့ ကလေးတွေနဲ့ သိပ်တူတယ်'

'သို့သော် သည်အချိန်မှာတော့ ဘယ်သူက ဘာပြောပြော ဒက်ဖနီနားမဝင်နိုင်တော့။ ဂျပ်စတင်၏ အချစ်ကွန်ရက်ထဲသို့ ဝင်ရောက်သွားခဲ့ပြီ မဟုတ်ပါလား။

သည့်နောက်တော့ ဂျပ်စတင်သည် ဒက်ဖနီအား ပန်းခြင်းများနှင့် တခြား



www.burmeseclassic.com

www.burmeseclassic.com

အမှတ်တရ လက်ဆောင်ပစ္စည်းကလေးတွေ နေ့စဉ်လိုလို ဝယ်ပေးသည်။ ဒက်ဖနီ၏ အိမ်ခန်းသို့လာပြီး ညဥ့်နက်သန်းခေါင်မှန်လုပ်ပေးသည်။ ယခုအခါတွင်သူတို့နှစ်ယောက်အဖို့ အချိန်အခါနှင့်နေရာဒေသဟူ၍ မရှိတော့။ တွေ့ချင်သည့် အချိန်တွေ့၍ သွားချင်သည့် နေရာသွားကြသည်။ ရေကန်ဘေးတွင် လှဲကာ မိုးပေါ်ကလမင်းကြီးကို ကြည့်ရင်း ချစ်တင်းနှောကြသည်။ ဂျပ်စတင်က ငယ်ငယ်တုန်းက ကျက်မှတ်ခဲ့ဖူးသော ချစ်ကဗျာတွေကို ရွတ်ပြသည်။ သူရိုက်ကူးခဲ့သော ရုပ်ရှင်ကားများအကြောင်းနှင့် သူတွေ့ ခဲ့ဖူးသော ရုပ်ရှင်လောကသားများ၏ အတွင်းရေး ဖြစ်ရပ်များကို စီကာပတ်ကုံး ပုံပြော သလို ပြောပြသည်။ ထိုအခါ ဒက်ဖနီမှာ သဘောကျ၍ မဆုံးတော့။

အပေါ်ချီ ဇာတ်ကားရိုက်ကူးမှု အခြေအနေမှာ မျှော်လင့်တာထက် အလွန်ကောင်းနေသည်။ သည်အတိုင်းဆိုလျှင် သတ်မှတ်ထားသည့်အချိန်ထက်စော၍ ရိုက်ကူး ပြီးစီးနိုင်မည်မှာ သေချာသည်။ ဒါရိုက်တာ ပောဝပ်မှာ အလွန်ဝမ်းသာနေသည်။ ကား ရိုက်နေစဉ် ကာလအတွင်း ကြီးကြီးကျယ်ကျယ် ပြဿနာဆို၍ ဘာမျှ မရှိ။ ဒက်ဖနီမှာ ရုပ်ရှင်ဇာတ်ကား တစ်ကား ရိုက်ကူးထုတ်လုပ်ရေးနှင့် ပတ်သက်၍ ဗဟုသုတတွေ အများကြီးရသည်။ သည်ပညာရပ်တွေကို တီးမိခေါက်မိရန် အနည်းဆုံး တစ်နှစ်လောက်တော့ လေ့လာရလိမ့်မည်ဟု ထင်ခဲ့သည်။ ယခုတော့ သုံးလေးပတ်အတွင်း သူ တော်တော်ကြီး သိခဲ့ရပြီ။

'ဒီကား ရိုက်ပြီးသွားတဲ့ နောက်ပိုင်းမှာလည်း နောက်ထပ် တစ်ကားပြီး တစ်ကား ဆက်ရိုက်ဦးမယ်နော် အချစ်၊ ကိုယ်တို့နှစ်ယောက်ဘယ်တော့မှ မခွဲဘဲအမြဲ လက်တွဲသွားကြမယ်၊ စိတ်တူကိုယ်တူတွဲပြီး ဇာတ်ကားတွေဆက်တိုက် ထုတ်လုပ် သွားကြမယ်'

ဂျပ်စတင်၏ အပြောက သွားရည်ကျစရာပင်။ ဒက်ဖနီကလည်း သူ့ စကားတွေကို ယုံချင်ချင်ဖြစ်လာသည်။ တကယ်တော့ ယုံကို ယုံနေပါပြီ။

သို့သော် ပြဿနာကတော့ရှိသည်။ တခြားတော့မဟုတ်။ ဘာဘာရာသည် ဂျပ်စတင်ကို မကြိုက်၊ ကြည့်လို့ မရ။ သည်အချက်က ဆွမ်းဆန်ထဲ ကြွက်ချေးရောနေသလိုဖြစ်နေသည်။ ဘာဘာရာနှင့် ဂျပ်စတင်တို့ ကြားတွင် တင်းမာမှုရှိနေသည်။

သို့သော် သည်ကိစ္စနှင့်ပတ်သက်၍ ဘာဘာရာက ကာယကံရှင်တွေကိုတော့ ဘာမှ မပြော။ သူ့ ချစ်သူတွမ်ကိုသာ ပြောပြသည်။

တွမ်က သူ့ကို နှစ်သိမ့်စကား ဆိုသည်။

'ဒီအတွက် ဘာမှ မပူပါနဲ့ ဘာဘာရာရယ်၊ ဒက်ဖနီက အသိဉာဏ်ရှိတဲ့ အမျိုးသမီးတစ်ယောက်ပါ၊ သူ့အနေနဲ့ အမှားအမှန်ကို ကောင်းကောင်းဆုံးဖြတ်နိုင်ပါတယ်၊ အဲဒီတော့ သူ့ကိစ္စ ဘာမှဝင်မစွက်ပါနဲ့၊ ကိုယ်တို့ဘဝနဲ့ကိုယ်တို့ နေကြမယ်၊ သူလဲ





သူ့ဘဝနဲ့သူ နေပါစေ'

'ဒီကိစ္စမှာ သူ့ဆုံးဖြတ်ချက်က မှားနေတယ် တွမ်၊ ဒါကြောင့်မို့ ကျွန်မက သူ့အတွက် ကြားကပူနေရတာ၊ ဟို မင်းသားချောက သူ့ကို တမင်အသုံးချနေတာ သိရဲ့ လား၊ တကယ် ချစ်လို့မဟုတ်ဘူး၊ ဒါကို ကျွန်မ ကောင်းကောင်းသိတယ်'

'မင်းပြောတာ မဟုတ်သေးပါဘူး၊ မင်းက အလိုလိုသံသယ ဝင်နေတာပါ၊ အဲဒီလို ခိုင်ခိုင်လုံလုံပြောနိုင်လောက်အောင် မင်းမှာ သက်သေခံအထောက်အထား မရှိသေးပါဘူး'

'တော်စမ်းပါ၊ ရှင်က ရှေ့နေပီပီ ရှေ့နေစကားတွေ လာပြော မနေပါနဲ့'

'ဒါဆို မင်းလဲ ဒက်ဖနီအပေါ် အမေတစ်ယောက်လို ဆက်ဆံနေတာ တော်ပါတော့'

သူက ဘာဘာရာအား ချစ်စနိုးဖြင့် တစ်ချက်နမ်းလိုက်သည်။ သို့သော် ဘာဘာရာ၏ စိုးရိမ်စိတ်ကတော့ လျော့မသွား။ ဂျပ်စတင်သည် ဒက်ဖနီအား ကျောရရုံကြံနေသည်ဟု သူကထင်သည်။ အိုင်တွေ့၍ ခြေဆေးသည်ဟု ထင်သည်။ ဂျပ်စတင်ကို မြင်တိုင်း သူက တစ်ခုခုကို မယုံကြည်သလို ဖြစ်နေသည်။ သို့သော် ဘာကို မယုံမှန်းလည်း ကွဲကွဲပြားပြားမသိ။

ယခုတလော သူတို့နှစ်ယောက် အရမ်းတွဲနေကြသည်။ တစ်ယောက်ကို တစ်ယောက် မျက်စိအောက်မှ အပျောက်မခံနိုင်အောင် အဖြစ်သည်းနေကြသည်။ ရုပ်ရှင်ရိုက်တော့လည်း အားတိုင်း တွေ့ကြသည်။ အိမ်ကျတော့လည်း တွေ့ကြသည်။ အပြင်ထွက်ပြီး ညစာအတူ သွားစားကြသည်။ ပါတီပွဲတိုင်း အတူသွားကြသည်။

ဒက်ဖနီကတော့ ဘဝသစ်ရောက်နေပြီ။ သူအလွန် ပျော်နေသည်။ သို့သော် ကြွင်းမဲ့ ပျော်ခြင်းတော့မဟုတ်။ သူ့မျက်လုံးများတွင် သူ့အတွင်းစိတ် အခြေအနေကို မြင်နေရသည်။ သူတစ်စုံတစ်ရာကို စိုးရိမ်နေပုံရသည်။ သားကလေးနှင့်သဘောရိုးဆက်သွယ်ခွင့်မရ၍ သူစိတ်မကောင်း ဖြစ်နေသည်။ ရုပ်ရှင် ဇာတ်ကားကို ဆက်တိုက်မပြင်းရိုက်နေရ၍ သားကလေးထံသို့ သူမသွားနိုင်။ သားကလေးကိုလည်း သူ့ထံသို့ မခေါ်နိုင် ဖြစ်နေသည်။

ထို့ပြင် မက်သယူးဒိန်းထံသို့ ဖုန်းမဆက်သည်မှာလည်း တော်တော်ကြာသွား ပြီ။ ဒက်ဖနီမှာ ဖုန်းဆက်ရန် အချိန် မရလောက်အောင် အလုပ်များနေသည် ရုပ်ရှင်ကိစ္စ၊ ကိုယ်ရေးကိုယ်တာကိစ္စတွေနှင့် ရှုပ်ထွေးနေသည်။ သတိရ၍ မက်သယူးထံ ဖုန်းဆက် မည် လုပ်ပြန်တော့လည်း ဂျပ်စတင်က တစ်နည်းနည်းဖြင့် ဝင်ဖျက်တတ်သည်။ သူက ဖက်နမ်းသည်။ ရင်ခွင်ထဲ ဆွဲသွင်းသည်။ ဒါမှမဟုတ် ပြဿနာတစ်ခုခု ပေါ်အောင် လုပ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် တစ်ညကျတော့ မက်သယူးထံမှ ဖုန်းလာသည်။

'ဘယ့်နှယ်လဲ မစ္စဖီးလ်ဒ်၊ ဖုန်းလေး ဘာလေးတောင် မဆက်နိုင်တော့ပါလား၊ ဟောလိဝုဒ်က ညို့ထားပြီ ထင်တယ်၊ ဒါမှမဟုတ် အလုပ်တွေများ သိပ်များနေလို့လား'

ဒက်ဖနီက သူ့အပြစ်နှင့်သူ ရှက်သွားမိသည်။ သူက ဆက်ရမည့်အစား မက်သယူးက ဆက်သည်မှာ သူ့ကိုယ်သူ အပြစ်တစ်ခုကို ကျူးလွန်မိသူလို ထင်မိသည်။ တစ်ချိန်တည်းတွင် သူ့သားလေး တစ်ခုခုများဖြစ်နေသလားဟူ၍လည်း စိုးရိမ်စိတ် ဖြစ်ပေါ်မိသည်။ သို့ဖြင့် အလောသုံးဆယ်မေးလိုက်မိသည်။

'သားလေး ဘယ်လိုနေသလဲ မက်၊ နေကောင်းရဲ့လား ဟင်' မေးရင်းဖြင့် သူ့ရင်တွေ ခုန်နေသည်။

'သားလေးက နေကောင်းပါတယ်ဗျာ၊ ကောင်းလိုက်သမှ သံချောင်းကတောင် အစ်ကိုခေါ်ရလိမ့်မယ်၊ အမှန်အတိုင်း ပြောရရင် နေမကောင်းတာက ကျွန်တော်ပါ၊ ကျွန်တော်က ဒီမှာ အဖော်မဲ့ပြီး တစ်ယောက်တည်း ဖြစ်နေတယ်လေ၊ ဒါနဲ့ ရုပ်ရှင်ကား အခြေအနေ ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား'

'ဟုတ်ကဲ့ အဆင်ပြေပါတယ်၊ အများကြီး ပြေပါတယ်'

မက်သယူးက ဒက်ဖနီ၏အသံတွင် သံသယဝင်စရာ တစ်ခုခုပါကြောင်း သတိထားမိသည်။ သို့သော် ဘာရယ်လို့တော့အတိအကျ မပြောတတ်။ သူတို့နှစ်ယောက်ကြားတွင် ယခင်ကလို နီးစပ်မှု မရှိတော့ဘဲ တစ်ခုခုက ခပ်စိမ်းစိမ်းဖြစ်အောင် လုပ်ထားသည်ဟု ထင်ရသည်။ မက်သယူးက အကြောင်းရင်းကို အလွန်သိချင်သည်။ ရုပ်ရှင်ရိုက်နေရလို့ ဖြစ်ပါလိမ့်မယ်လေဟု ဖြေကြည့်သည်။ သို့သော် ထိုအကြောင်းကြောင့်လည်း မဟုတ်နိုင်ဟု သူ့အတွင်းစိတ်က အလိုလိုသိနေသည်။

နောက်များမကြာမီတွင် သူက ဖုန်းဆက်ပြန်သည်။ တစ်ဖက်မှ ဖုန်းကိုင်သူမှာ ဒက်ဖနီမဟုတ်။ ဂျုပ်စတင်ဖြစ်နေသည်။

'ဟင် ...၊ ဘာကျောင်း ...၊ ဟိုး .... ဝပ် ... ဟုတ်လား'

ဂျုပ်စတင်သည် နောက်နေ့အတွက် ဇာတ်ညွှန်းများကို ဖတ်နေရာမှ ဖုန်းကို ကောက်ကိုင်ခြင်းဖြစ်၍ တစ်ဖက်မှ ပြောတာကို ကောင်းကောင်းမသဲကွဲလိုက်။ ဒက်ဖနီကလည်း ရေချိုးခန်းထဲရောက်နေသည်။

'ဟိုးဝပ်ကျောင်းပါ၊ သူ သိပါတယ်'

မက်သယူးက ဖုန်းဆက်မိခြင်းအတွက် တော်တော် စိတ်မကောင်းဖြစ်သွားသည်။

'အို ... ဟုတ်ပြီ၊ သူ့သားလေးကိစ္စလား၊ ဟုတ်ကဲ့ သူမအားလို့ပါ၊ သူ





ရေချိုးနေတယ်' အဖြစ်မှန်ကို အခုမှ သိရတော့သည်။ ဒက်ဖနီ သူ့ဆီ ဖုန်းမဆက်နိုင်တာသည်အကြောင်းကြောင့်ဖြစ်ရလိမ့်မည်။ ဒက်ဖနီ၏ ဘဝထဲသို့ လူသစ်တစ်ယောက် ရောက်နေပြီ။ မက်သယူးစိတ်မကောင်း ဖြစ်ရသည်။ သို့သော် လူတော် လူကောင်း တစ်ယောက်တော့ ဖြစ်ကောင်း ဖြစ်လိမ့်မည်ဟု မျှော်လင့်ရသည်။ ဒက်ဖနီ တစ်ယောက် လူတော် လူကောင်းနှင့် တွေ့ပါစေဟုလည်း ကျိတ်ပြီးဆုတောင်းလိုက်သည်။ ဒက်ဖနီက အလွန်တော်သော မိန်းကလေးတစ်ယောက်။ ထို့ကြောင့် သူ့အနေဖြင့် လူတော် လူကောင်းနှင့်မှ ထိုက်တန်သည်။ 'ကျွန်တော် သူ့ကို ဘယ်လိုပြောလိုက်ရမှာလဲ'

'သူ့သားလေး နေကောင်းပါတယ်လို့ ပြောလိုက်ပါ'

'ဟုတ်ပြီ ပြောလိုက်မယ်'

ဂျုပ်စတင်က ဖုန်းကို ပြန်ချလိုက်သည်။ လက်ပတ်နာရီကို ကြည့်လိုက်သည်။ သည်အချိန်ဆိုလျှင် နယူးဟမ်းပရှိုင်းယားနယ်တွင် ဆယ့်တစ်နာရီခွဲနေပြီ။ သည်အချိန်ကြီးမှာမှ ဖုန်းလှမ်းဆက်တာ တော်တော် ဆန်းနေသည်။

သူ ရေချိုးခန်းထဲ ဝင်လာခဲ့သည်။

'ဟိုးဝပ်ကျောင်းက လူတစ်ယောက် ဖုန်းဆက်တယ်၊ မင်းသားလေး နေကောင်းပါတယ်လို့ ပြောလိုက်ပါတဲ့၊ သူ ဆက်တာကလဲ အချိန်မတော် ညကြီးမင်းကြီးပါလား ဒက်ဖ်၊ အဲဒါ ဘယ်သူလဲ ဟင်'

'ဩော် သူက မက်သယူးဒိန်းပါ၊ ကျောင်းအုပ်ဆရာကြီးပါ'

ဂျုပ်စတင်က ရေချိုးဇလားကြီး၏ အစွန်းတွင် တင်ပါးလွှဲထိုင်လိုက်ပြီး

'ဘယ့်နှယ့်၊ သီလရှင်ကလဲ ကိုယ့်သားလေးကျောင်းက ကျောင်းအုပ်ကြီးနဲ့မှ ဟဆက်ဖြစ်ရတယ်လို့ ဗျာ၊ ကြားဖူးပါဘူး'

ဂျုပ်စတင်က ဒက်ဖနီအား ချက်ပိုင်ပိုင် သရော်လိုက်ရသောကြောင့် တော်တော် ဖကျနပ်သွားပုံရသည်။ သို့သော် ဒက်ဖနီကတော့ သူ့စကားကြောင့် ရင်ထဲနင့်သွားသည်။

'ရှင်ထင်သလိုမဟုတ်ပါဘူး၊ ကျွန်မကလဲ အဲဒီလိုမပြောရသေးပါဘူး ဂျုပ်စတင်၊ ကျွန်မတို့က ရိုးရိုး မိတ်ဆွေတွေပါ'

'ဘယ်လို မိတ်ဆွေမျိုးပါလိမ့်'

'တိုင်ပင်ဖော် တိုင်ပင်ဖက် မိတ်ဆွေပါ၊ ရှင်သာ လူကြီးလူကောင်းပီသရင် ကျွန်မနဲ့ ရှင်နဲ့လဲ အဲဒီလို မိတ်ဆွေမျိုးတွေ ဖြစ်လာမှာပေါ့၊ မက်သယူးက လူတော် လူကောင်းတစ်ယောက်ပါ၊ အန်ဒရူးကလေးကို အများကြီး စောင့်ရှောက်တယ်'

'ဩော် အဖြစ်မှန်က ဒီလိုကိုး၊ ဟုတ်မှာပေါ့၊ ဟုတ်မှာပေါ့၊ ဒီလိုကျောင်းတွေ က လူတွေက လူလည်တွေဆိုတာ မင်းလဲ သိပါတယ် ဒက်ဖ်၊ ဒီလူက ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

အများ ကြီးထဲက မှင်း ကလေးတစ်ယောက်ကိုသာ ရွေးပြီး ချစ်တာတော့ တော်တော့်ကို ထူးဆန်း တာပဲ'

'ရှင် ဒီလို ပြောဖို့ မသင့်ဘူး ဂျပ်စတင်၊ ဒီကိစ္စကိုလဲ ရှင်ဘာမှ မသိသေးပါဘူး၊ အဲဒီကျောင်းက အထူးသီးသန့်ကျောင်းပါ၊ အဲဒီကျောင်းက ပုဂ္ဂိုလ်တွေက ကလေးတွေကို သိပ်ပြီး ဂရုစိုက်ကြတယ်'

'ဟုတ်မှာပေါ့၊ ဂရုစိုက်မှာပေါ့၊ သူတို့အလုပ်ပဲဟာ၊ ဒါနဲ့ အထူးသီးသန့်ကျောင်း ဆိုတာက ဘာကိုပြောတာလဲ၊ မင်းသားလေးမှာ ထူးထူးခြားခြား ပြဿနာများ ရှိနေလို့ လား'

'ဟုတ်တယ် ၊ ရှိတယ်၊ သားလေးက မွေးကတည်းက နားမကြားဘဲ မွေးလာ တယ်၊ ဒါကြောင့် နယူးဟမ်းပရှိုင်းယားနယ်က ဆွံ့အနားမကြား ကလေးသူငယ် ပြုပြင် ရေးကျောင်းမှာ ထားတာ'

'ဘုရားရေ ဒီအကြောင်း မင်း ကိုယ့်ကို တစ်ခါမှ မပြောပါလား'

'ကျွန်မ ဒီအကြောင်း သိပ်ပြီး ပြောလေ့ မရှိပါဘူး'

သူက စိတ်မကောင်းစွာဖြင့် ရေချိုးဇလားထဲ ဝင်ထိုင်လိုက်သည်။

'ဘာဖြစ်လို့ မပြောတာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပဲ၊ တခြား ဘယ်သူ့ကိစ္စမှ မဟုတ်ဘူး'

'အင်း နားမကြားဘဲ မွေးလာတယ် ဆိုတော့ တော်တော် ဆိုးတာပဲ'

'မဆိုးပါဘူး၊ ကျွန်မသားလေးက သိပ်ပြီး တော်ပါတယ်၊ သူက ဘာမဆို အားလုံး တတ်လွယ်တယ်၊ ပုံမှန်ဘဝမှာ အလိုက်သင့်နေလို့ ထိုင်လို့ ရဖို့အတွက် လိုအပ်ချက်တွေကို အကုန်သိတယ်၊ အကုန်တတ်တယ်'

'ဒါဆို မဆိုးပါဘူး'

သူက သည်ထက်ပိုပြီး သိချင်စိတ် မရှိတော့။

ထို့ကြောင့် ဒက်ဖနီအား တစ်ချက် ကုန်းနမ်းပြီးနောက် ရေချိုးခန်းထဲမှ ပြန် ထွက်သွားသည်။

ဒက်ဖနီသည် ရေချိုးဇလားကြီးထဲမှ ပြန်ထွက်၍ ကိုယ်လက်များကို ရေသုတ် ပြီးနောက် သီးသန့်ခန်းကလေးထဲဝင်လာပြီး မက်သယူးထံသို့ ဖုန်းဆက်သည်။

မက်သယူးက သူ ဖုန်းဆက်မိတာကို ခွင့်လွှတ်ဖို့ တောင်းပန်သည်။

'မက်ကလဲ ... အဓိပ္ပါယ် မရှိတာ မလုပ်ပါနဲ့၊ တောင်းပန် နေစရာမလိုပါဘူး၊ ကျွန်မကလဲ ဆက်မလို့ပါပဲ၊ အလုပ်တွေ သိပ်များနေလို့ပါ၊ ဒါနဲ့ သားလေးအခြေအနေ ကောင်းပါတယ်နော်'





'ဟုတ်ကဲ့ ၊ အများကြီး ကောင်းပါတယ်'

ထို့နောက် မက်သယူးက ကလေးအကြောင်း၊ ကျောင်းအကြောင်း တစ်ခု မကျန်အကြောင်းစုံပြောပြသည်။ သို့သော် သူတို့နှစ်ယောက်အကြား တစ်စုံတစ်ရာက ကားဆီးထားသလို နှစ်ယောက်စလုံး ခံစားနေကြရသည်။ ယခင်ကလို ပွင့်ပွင့်လင်းလင်း ပြောဆို ဆက်ဆံပုံမျိုး မဟုတ်ကြတော့။

တယ်လီဖုန်းကို ပြန်ချလိုက်သောအခါ ဒက်ဖနီ၏ ရင်ထဲတွင် ဟာသွားသလို ခံစားရသည်။ တစ်စုံတစ်ရာ ဆုံးရှုံးသွားသလို ဆို့နင့်သွားသည်။

'မင်း မိတ်ဆွေဆီ ဆက်တာလား'

ဒက်ဖနီ အိပ်ခန်းထဲ ပြန်ဝင်လာသော အခါ ဂျပ်စတင်က ဆီးမေးလိုက်သည်။

'ဟုတ်ပါတယ်၊ သားလေး နေကောင်းပါတယ်တဲ့'

သူ့မျက်လုံးတွေက သည်ကိစ္စကို ဆက်မပြောချင်ကြောင်း ဖော်ပြနေကြသည်။ ဂျပ်စတင်ကလည်း ဒါကို ရိပ်မိသည်။

ထို့ကြောင့် သူက ဘာမှအထွေအထူးပြောမနေတော့ဘဲ ဒက်ဖနီ၏ ကိုယ်ပေါ်မှ ပဝါကို ဆွဲခွာပြီး ဒက်ဖနီအား ပွေ့ဖက်လိုက်တော့သည်။

*

ဂျပ်စတင်သည် ဒက်ဖနီ၏ ဘေးတွင် အသက်ပြင်းပြင်းရှူကာ တခေါခေါနှင့် အိပ်မောကျသွားလေပြီ။

သို့သော် ဒက်ဖနီမှာတော့ အိပ်မပျော်နိုင်သေး။ သူ့စိတ်အာရုံက မိုင်ပေါင်း သုံးထောင်ကျော် ဝေးလံသောဒေသမှ မက်သယူးဆီသို့သာ ရောက်နေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၀ )

အပါချီ ဇာတ်ကားကို နောက်ထပ် နှစ်လတိတိ အပြင်းအထန် ရိုက်ကူးပြီးသောအခါ တော်တော်ခရီးပေါက်ခဲ့ပြီ။ နားရက်မရှိဘဲ ဆက်တိုက် ရိုက်ကူးခဲ့သောကြောင့် လူတွေလည်း တော်တော် ပင်ပန်းနေကြပြီ။

ထို့ကြောင့် ဒါရိုက်တာကြီး ဟောဝပ်စတန်းက ရုပ်ရှင်အဖွဲ့သား အားလုံးကို လေးရက်တိတိ အနားပေးလိုက်သည်။

'ကိုယ်တို့တော့ ဘုရားမတာပဲ အချစ်ရေ၊ အခွင့်သာတုန်း ကိုယ်တို့ နှစ်ယောက် မက္ကဆီကိုသွားပြီး အနားယူကြရအောင်လား၊ နှစ်ရက်သုံးရက်လောက်ဆိုရင် ဖြစ်ပါတယ်'

ဂျပ်စတင်က ဒက်ဖနီအား ဝမ်းသာအားရ ပြောသည်။ သို့သော် ဒက်ဖနီတွင် အခြားလုပ်စရာ အလုပ်တွေ ရှိနေသည်။

'ကျွန်မတော့ လိုက်နိုင်မှာ မဟုတ်ဘူး၊ အချိန်ရတုန်း သားလေးနဲ့ တွေ့ဖြစ်အောင်တွေ့လိုက်မှဖြစ်မယ်၊ ကျွန်မ သူ့ကို မတွေ့ရတာ သုံးလတောင်ရှိသွားပြီ'

'အို ကလေးကိစ္စ ဘေးချိတ်ထားလိုက်စမ်းပါ၊ သူ့ဆီ နောက်မှ သွားလဲ ဖြစ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဖနီ အံ့အားသင့်သွားသည်။

'ဟင့်အင်း၊ နောက်မှဆို သူက လာချင်မှ လာနိုင်မှာ၊ ကျွန်မ သူ့ကို ခေါ်လိုက်ချင်တယ်' သူ့အသံက အားမရှိ။ သူတော်တော် ခံစားရသည်။ သူနှင့်သားကလေးတို့အကြားတွင် ဘယ်အရာမှ အဟန့်အတား မဖြစ်နိုင်။ ဂျပ်စတင်သည်ပင် သားကလေးလောက် အရေးမကြီး။ သူက ဂျပ်စတင်အနေဖြင့် သားလေးကို နားလည်စေချင်သည်။ သို့သော် ဂျပ်စတင်က နားမလည်။ သူက ကလေးတွေကို စိတ်မဝင်စား။ ကလေးတွေကို မချစ်တတ်။ အဆုံးစွန်ပြောရလျှင် သူ့ ချစ်သူ၏ သားကလေးကိုပင် ချစ်ခင်လိုစိတ်ရှိပုံ မရ။ 'ဂျပ်စတင် ရှင်က ဘယ်လို စဉ်းစားနေလို့လဲ၊ ရှင် ကျွန်မ သားလေးနဲ့မတွေ့ချင်လို့လား'

'တွေ့တော့ တွေ့ချင်ပါတယ်၊ ဒါပေမယ့် အမှန်အတိုင်းပြောရရင် ကိုယ်က အေးအေးဆေးဆေး အနားယူဖို့ကိုပဲ ပိုပြီး စိတ်ဝင်စားနေတယ် ဒက်ဖ်၊ ကိုယ့် အတွေ့အကြုံအရဆိုရင် ကလေးဝင်ရှုပ်လာရင် အနားယူဖို့ အချိန်မရတော့ဘူး'

ဂျပ်စတင်၏စကားကြောင့် ဒက်ဖနီ စိတ်ဓာတ်ကျသွားသည်။ သားကလေးကို သူ့ထံလာဖို့ လှမ်းခေါ်ဖို့ ကိစ္စကိုပင် ပြတ်ပြတ်သားသား မဆုံးဖြတ်တတ်အောင် ဖြစ်သွားသည်။ ရက်ကလည်း တိုသည်။ ကလေးအနေဖြင့် ခရီးပန်းနိုင်သည်။

သို့ဖြင့် နောက်ဆုံးတော့ မက်သယူးထံ ဖုန်းလှမ်းဆက်ပြီး အကြံဉာဏ်တောင်းရတော့သည်။

'မဖြစ်နိုင်ဘူးထင်တယ် ဒက်ဖ်၊ ခရီးက ဝေးတယ်၊ ရက်က သိပ်နည်းနေတယ်၊ သူ့အသက်အရွယ်နဲ့ ဒီခရီးကို လေးရက်အတွင်း ကမန်းကတန်း အသွားအပြန် လုပ်ရရင် သိပ်ပင်ပန်းသွားနိုင်တယ်'

ဒက်ဖနီကလည်း သည်အတိုင်းပင် သဘောရသည်။ သူက သူ့သားကလေးကို ဂျပ်စတင်နှင့်အလွန် တွေ့ပေးချင်နေသည်။ အချိန်စောလွန်းနေဦးမည်လားဟုလည်း တွေးမိသည်။ သူတို့နှစ်ယောက်အချင်းချင်း နားမလည်ကြမှာကိုလည်း စိုးရိမ်မိသည်။ ထို့ကြောင့် ဂျပ်စတင်အား သူသွားချင်ရာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်သွား ခွင့်ပြုလိုက်တာပဲ ပိုကောင်းလိမ့်မည်။ ဒါမှ သူတို့ သားအမိနှစ်ယောက်လည်း လွတ်လွတ် လပ်လပ်တွေ့နိုင်ကြလိမ့်မည်။ သည်အစီအစဉ်ကို သူ့အတွင်းစိတ်က ကြိုက်တော့လုံးဝ မကြိုက်။ သို့သော် ဂျပ်စတင် အနေဖြင့် စိတ်လိုလက်ရမရှိတော့လည်း ဘယ်လိုလုပ် ဖြစ်နိုင်ပါမည်နည်း။

'ဟုတ်ပါတယ် မက်၊ ရှင် ပြောတာ မှန်ပါတယ်၊ အဲဒီတော့ ကျွန်မပဲ လာခဲ့ပါ့မယ်၊ ကျွန်မ နယူးယောက်ကို လေယာဉ်နဲ့ လာခဲ့မယ်၊ အဲဒီကမှ တစ်ဆင့်ကားနဲ့ လာမယ်'





'နယူးယောက်ကိုမလာနဲ့၊ ဘောစတွန်ကို လာခဲ့ပါ၊ အဲဒီကို ကျွန်တော် ကားနဲ့ လာကြိုမယ်'

'ဟာ ဒါတော့ မလုပ်ပါနဲ့၊ ရှင့်မှာ အဲဒီမှာ အလုပ်တွေ အများကြီးရှိပါတယ်၊ ကျွန်မရဲ့ ဒရိုင်ဘာလုပ်ဖို့ မလိုအပ်ပါဘူး' ဒက်ဖနီက ရယ်လိုက်သည်။

'ကျွန်တော်ကတော့ လုပ်ချင်တယ်ဗျား၊ ဘာဖြစ်လို့လဲဆို ခင်ဗျား သိပ်ပင်ပန်းနေလိမ့်မယ်၊ ငါးလလုံးလုံး၊ မရပ်မနား အလုပ်လုပ်လာတာ မဟုတ်လား၊ ဒါကြောင့် ကျွန်တော့် စေတနာကို မိတ်ဆွေ တစ်ယောက်အနေနဲ့ လက်ခံစေချင်တယ်၊ ကျွန်တော် အလေးအနက် ပြောနေတာပါ၊ ဘာမှ မပင်ပန်းပါဘူး'

သူပြောတာဟုတ်တော့ ဟုတ်သည်။ သို့သော် ဒက်ဖနီက အားနာသည်။

'ဒါဖြင့်လဲ ကောင်းပါပြီတဲ့ ရှင်၊ ကျွန်မ လက်ခံပါတယ်'

သူက လေယာဉ်ကုမ္ပဏီမှ ကြိုတောင်းထားသော လေယာဉ်ခရီးစဉ်ကို ယူကြည့်ပြီး မနက်ဖြန် သူလာမည့်လေယာဉ်နှင့် အချိန်ကို ပြောလိုက်သည်။

ထို့နောက် အိပ်ခန်းထဲ ဝင်လာပြီး အဝတ်အစားတွေ ထုပ်ပိုးသည်။ သားလေးနှင့်ရော၊ မက်သယူးနှင့်ပါ တွေ့ရမည်ဖြစ်၍ သူ အလွန်စိတ်စောနေသည်။

ဂျပ်စတင်က သူ့ကို ပြုံးကြည့်ရင်း

'မင်းက တော်တော် အဖြစ်သည်းတာပဲနော်'

'သည်းရတာပေါ့ရှင်၊ ကိုယ့်သားကလေးဆီ သွားရမယ့်ဥစ္စာပဲ၊ ရှင့်ကိုလဲ သားလေးနဲ့ သိပ်တွေ့ပေးချင်တာပဲ'

သူက ခုတင်စွန်းတွင် ဝင်ထိုင်ကာ ဂျပ်စတင်၏လက်ကိုဆုပ်ကိုင်ပြီး နမ်းလိုက်သည်။

'တစ်နေ့တော့ တွေ့ကြရမှာပေါ့၊ ဒါနဲ့ သူက စကားပြောတတ်ရဲ့လား'

ဒက်ဖနီ ခေါင်းညိတ်လိုက်သည်။

'တတ်ပါတယ်၊ အမြဲတမ်းတော့ မပီဘူး၊ ဒါပေမယ့် အများဆုံးတော့ ပီပါတယ်၊ ဘာလဲ ရှင်က နားမကြားတဲ့ကလေးနဲ့ စကားပြောရမှာ ကြောက်နေလို့လား'

'ကြောက်လို့ မဟုတ်ပါဘူး၊ ကိုယ်က ကလေးတွေနဲ့ သိပ်မရောတတ်လို့ပါ၊ ရိုးရိုးကလေးနဲ့ရော၊ မူမမှန်တဲ့ကလေးနဲ့ရော ဆိုပါတော့'

'ကျွန်မသားလေးက မူမမှန်တဲ့ကလေးမဟုတ်ပါဘူး၊ နားမကြားတာ သက်သက်ပါ'

'ဘာထူးလို့လဲ၊ အတူတူပါပဲ'

ဒက်ဖနီက ပါးကိုသာ ပိတ်ရိုက်လိုက်ချင်သည်။ သို့သော် စိတ်ကို ထိန်းထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆောင်းဦးပေါက်လို့ ကဝေးရိုက်ပြီးတဲ့အချိန်မှာ သားလေးကို ဒီကို ကျွန်မ ခေါ်ဖို့ စိတ်ကူးထားတယ်၊ အဲဒီတော့ ရှင်နဲ့ တွေ့ပေးမယ်'

ထိုအချိန်တွင် သုံးလတိတိ ရက်အား ရကြမည် ဖြစ်သည်။

'အဲဒါ ကောင်းပါတယ်'

ဂျပ်စတင် ပြောပုံကို ဒက်ဖနီကမကြိုက်။ ပေါ့ပေါ့တန်တန် နိုင်လှသည်ဟု ထင်သည်။ တစ်ကယ်ကျတော့ သူ့အပေါ်တွင် မကြိုက်စရာတွေက အများကြီး။ သည် တစ်ခုတည်း မဟုတ်။ သို့သော် ကလေးနှင့်တွေ့ရတော့ သူချစ်သွားမှာပါဟူ၍သာ ဖြေ သိမ့်ရတော့သည်။

'ကျွန်မ သွားနေတုန်း ရှင် ဘာလုပ်နေမလဲ'

'မသိဘူး၊ ကိုယ်က မင်းနဲ့အတူ မက္ကဆီကိုပဲ သွားချင်တာ၊ မင်း တကယ် မလိုက်နိုင်ဘူးလား'

'မလိုက်နိုင်ဘူး၊ သားလေးက ပိုအရေးကြီးတယ်'

'ဒါဆိုလဲ ပြီးရောပေါ့၊ သူ့မေမေကို ကိုယ်သိပ်ချစ်တယ်လို့ ပြောပြပါ'

'စိတ်ချ၊ ပြောပြပါ့မယ်၊ ဒါနဲ့ ရှင်က ဒီမှာပဲနေရစ်မှာလား'

'မသိသေးဘူး ၊ ဆန်ဖရန်စစ္စကိုသွားပြီး မိတ်ဆွေတွေနဲ့ နှစ်ရက် သုံးရက် လောက် အချိန်ဖြုန်းရ ကောင်းမလားပဲ'

'ဟုတ်ပြီလေ၊ ရှင် ဘယ်ပဲသွားသွား ကျွန်မကိုတော့ အသိပေးပါ၊ ကျွန်မ ဖုန်းလှမ်းဆက်မလို့၊ ကျွန်မတော့ ဟိုရောက်ရင် ရှင့်ကို သိပ်ပြီးအောက်မေ့နေမှာပဲ'

'ကိုယ်လဲ မင်းကို အောက်မေ့နေမှာပါ ဒက်ဖ်'

ထို့နောက် သူက ဒက်ဖနီအား ဆွဲဖက်လိုက်လေသည်။

*

ဒက်ဖနီသည် နောက်နေ့မနက်တွင် လေဆိပ်သို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။ ဘာဘာရာမှာ တွမ်ဟားရင်တန်ဆီသို့ ရောက်နေသည်။ ဂျပ်စတင်ကလည်း တခြားကိစ္စ ရှိသည်ဟု ဆိုသည်။ လေးရက်တာ အားရက်ကာလအတွင်း ရုပ်ရှင်အဖွဲ့သားအားလုံး ကိုယ့်အကြောင်းနှင့်ကိုယ် လုပ်စရာတွေအသီးသီး ရှိနေကြသည်။

ဆယ်နာရီတိတိတွင် လေယာဉ်ပျံ စထွက်သည်။ ည ခုနစ်နာရီတွင် ဘော့ စတွန်သို့ ရောက်သည်။

ဒက်ဖနီသည်လေယာဉ်ပေါ်မှပထမဆုံးဆင်းလာပြီး မက်သယူးကို လိုက် ကြည့်သည်။ ပထမတော့ မတွေ့။ နောက်တော့မှ ပေနှစ်ဆယ်လောက် အကွာတွင် ရပ်နေကာ လေယာဉ်ပေါ်မှ ဆင်းလာသူများအား ကျီးကန်းတောင်းမှောက် လိုက်ကြည့် နေသည်ကို လှမ်းမြင်လိုက်ရသည်။





သူတို့နှစ်ယောက်ကို မျက်လုံးချင်း ဆုံမိကြပြီ။ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြသည်။ ဒက်ဖနီ၏ ရင်ထဲနင့်ခနဲ ခံစားလိုက်ရသည်။ ဘာကြောင့်ရယ်လို့တော့ သူက အတိအကျ မပြောတတ်။ မက်သယူးသည် ခြောက်လတာ ကာလအတွင်း မိတ်ဆွေကောင်း တစ်ယောက်ဖြစ်လာခဲ့သည်။ သို့သော် သူတို့နှစ်ယောက်သည် လူချင်း တွေ့ရခြင်းထက် ဖုန်းနှင့်တွေ့ရခြင်းက ပိုများသည်။ ဘယ်လိုပဲဖြစ်ဖြစ် မက်သယူးအား ယခုလို ပြန်တွေ့လိုက်ရတော့ ဒက်ဖနီ အလွန်ပျော်သွားမိသည်။

မက်သယူးသည် ပြုံးရွှင်စွာဖြင့် ဒက်ဖနီထံသို့ ဖြည်းဖြည်းလျှောက်လာသည်။

'ဟဲလို ဒက်ဖ်၊ လေယာဉ်ပျံစီးရတာ အဆင်ပြေရဲ့လား'

'အကြာကြီးပဲ' သူက ရှေ့သို့ တိုးသွားပြီး မက်သယူးအား ဖက်ထားလိုက် သည်။ 'အခုလို ဒုက္ခခံပြီးလာကြိုတာ ကျေးဇူးတင်ပါတယ် မက်'

နှစ်ယောက်စလုံး ခေတ္တမျှ အိုးတိုး အမ်းတမ်း ဖြစ်နေကြသည်။

'ခင်ဗျားကြည့်ရတာ သိပ်ပျော်နေသလိုပဲ' သို့သော် ဒက်ဖနီ တစ်ယောက် ပိန်လည်းတော်တော် ပိန်သွားသည်။ တော်တော်လည်း အလုပ်များနေပုံရသည်။ ဒက်ဖနီ က ဘာမှမပြောဘဲ ပြုံး၍သာ နေသည်။ သို့သော် သူ့အပြုံးက တစ်မျိုးကြီး။ မက်သယူး စိတ်ထဲ သံသယတွေ ဝင်လာမိသည်။ ဒက်ဖနီသည် အလျင်က ဒက်ဖနီ မဟုတ်တော့။ ပြောင်းလဲသွားပြီ။ ဟိုတုန်းကလို တည်ငြိမ်သော ရုပ်သွင်မျိုး မဟုတ်တော့။ ခပ်ပျံ့ပျံ့ ပုံစံမျိုးဖြစ်နေပြီ။ သူ့ထံ ဖုန်းဆက်တုန်းက လက်ခံစကားပြောသော ယောကျ်ား တစ် ယောက်၏ အသံကို မက်သယူးပြန်လည် ကြားယောင်လာသည်။ ထိုအတွေးကို ခေါင်း ထဲမှ အတင်းမောင်းထုတ်သည်။ သို့သော် အတွေးက ထွက်မသွား။ နှစ်ယောက်သား ပစ္စည်းရွေးဌာနသို့ လျှောက်လာကြသည်။

'အလုပ်အားတဲ့ အချိန်တွေမှာ ဘာတွေလုပ်နေသလဲ ဒက်ဖ်' တကယ်တော့ သည်မေးခွန်းကို သူ့အနေဖြင့် မေးပိုင်ခွင့်မရှိမှန်း သူသိသည်။ သို့သော် စိတ်ထဲက မရိုးမရွဖြစ်နေသဖြင့် သိလျက်နှင့်ပင် မေးလိုက်မိသည်။ ဒက်ဖနီက ပြုံးရုံသာ ပြုံးပြ သည်။ သူ ယခင်ကထက် ပို၍ချောလာသည်။

သူနှင့်ဂျပ်စတင်တို့ တွဲနေကြသည့်အကြောင်းကို စာနယ်ဇင်းတွေက အမျိုးမျိုး ရေးနေကြသည်။ သို့သော် မက်သယူးက အလုပ်ထဲတွင် ပိနေသူဖြစ်၍ သည်အကြောင်း ဘာမှ သိပုံမရ။

မက်သယူးက ဒက်ဖနီ၏လက်ဆွဲသေတ္တာကို ကောက်ကိုင်လိုက်သည်။

ဒက်ဖနီက သူ့ကို ပြုံးကြည့်ပြီး

'ရှင်ဓာ အရာရာကို တော်တော် အလေးအနက် ထားတာပဲနော်'

'ကျွန်တော်က ခင်ဗျားနဲ့ ပြန်တွေ့ရတော့ သိပ်ဝမ်းသာနေတယ်၊ ဘာစကား



www.burmeseclassic.com

www.burmeseclassic.com



ပြောရမှန်းတောင် မသိတော့သလိုပဲ'

ဒက်ဖနီက ခေါင်းညိတ် ပြလိုက်သည်။

'ဒါနဲ့ သားလေးအကြောင်းပြောပြပါဦး'

မက်သယူး၏ မျက်လုံးများတွင် မေးခွန်းတွေ ပေါ်နေသည်။ ဒက်ဖနီက ထိုမေးခွန်းများကို မဖြေချင်။ ဤဒေသသည် ကာလီဖိုးနီးယားပြည်နယ်နှင့်တော့ အလွန်ကွာခြားသည်။ ဤဒေသတွင် သားလေးရှိသည်။ မက်သယူးရှိသည်။ စိတ်ရောကိုယ်ရော အေးချမ်းလှပါဘိ။

ဂျပ်စတင်သည် အဝေးတွင် ကျန်ရစ်ခဲ့ပြီ သူနှင့်မိုင်ပေါင်း ထောင်သောင်းမက ဝေးကွာသွားပြီ။

သူသည် ကိုယ့်အိမ်ကိုယ့်ရာသို့ ပြန်လာရသလို ခံစားရသည်။ ရောက်တုန်းရောက်ခိုက် ပျော်ပျော်ကြီး နေလိုက်ချင်သည်။

လေယာဉ်ကွင်းမှ ပြန်လာကြစဉ် မက်သယူးက တစ်လမ်းလုံး စကားပြောလာသည်။ သူက အန်ဒရူးလေးအခြေအနေကို ပြောပြသည်။ ကျောင်းအခြေအနေကိုလည်း ပြောပြသည်။ ထို့ပြင်နောက်ထပ် ဆရာသစ်နှစ်ယောက် တိုးချဲ့ခန့်ထားကြောင်း လေ့လာရေးခရီး ထွက်ကြသည့် အကြောင်းနှင့်လာမည့်ဇူလိုင်လတွင် စခန်းချပွဲထွက်ရန် စီစဉ်ထားသည့်အကြောင်းများကို ပြောပြသည်။ ဒက်ဖနီ လိုက်ချင်လိုက်သည်မှာ တစ်ပိုင်းသေနေသည်။

ကားထဲတွင် မက်သယူးနှင့် ဘေးချင်းကပ်ထိုင်နေရာမှ ဒက်ဖနီ သက်မ တစ်ချက်ချလိုက်သည်။

'ကျွန်မတော့ ဟိုမှာပဲ တစ်သက်လုံးနေရတော့မလို ထင်နေမိတယ် မက်'

မက်သယူးကလည်း ယင်းသို့ပင် ထင်နေမိကြောင်း ပြောပြလိုက်ချင်သည်။ သို့သော် ပါးစပ်မှ ပြော၍မထွက်။

'ဓာတ်ကား ရိုက်တာ ဘယ်လောက်ကြာဦးမယ်လို့ ထင်သလဲ'

'အဲဒါကို အတိအကျ မပြောနိုင်လို့ ခက်နေတာပေါ့၊ သုံးလလဲ ဖြစ်ချင် ဖြစ်မယ်၊ ခြောက်လလဲ ကြာချင်ကြာဦးမယ်၊ အခုအချိန်အထိတော့ အားလုံးအဆင်ပြေပါတယ်၊ ဒါပေမယ့် ရုပ်ရှင်ရိုက်တယ် ဆိုတာ မှန်းထားတာထက် ကြာတတ်တယ်လို့တော့ လူတိုင်းက ပြောနေကြတာပဲ၊ ဒါရိုက်တာကရော၊ အဖွဲ့သားတွေ အားလုံးကရော မကြာစေချင်ပါဘူး၊ ဒါပေမယ့် မကြာချင်လို့ဘယ်ရမလဲ၊ ပေါ်ပေါက်လာတဲ့အခြေအနေတွေပေါ်မှာ အဓိကတည်နေတာပဲ၊ ဘာပဲဖြစ်ဖြစ် လာမယ့် ခရစ္စမတ်ပွဲတော်ရက်မှာတော့ ကျွန်မ ကျိန်းသေ ပြန်လာနိုင်လိမ့်မယ်ထင်တာပဲ မက်'

မက်သယူး ကခေါင်းညိတ်လိုက်သည်သူ့မျက်နှာကတော့သိပ်ပြီးမကြည်လှ။





'အဲဒီအချိန်ဆိုရင် ကျွန်တော်လဲ ဒီကျောင်းက ထွက်သွားရတော့မယ်၊ ကျောင်းအုပ်ကြီးအသစ်က ဇန်နဝါရီလ တစ်ရက်နေ့မှာ လန်ဒန်က ရောက်လာလိမ့်မယ်'

'ရှင် ဒီကျောင်းမှာပဲ ဆက်နေသင့်တယ်လို့ မထင်ဘူးလား မက်' ဒက်ဖနီက ဝမ်းနည်းသံဖြင့် မေးလိုက်သည်။

'မလိုအပ်ပါဘူး ဒက်ဖ်၊ ဟိုးဝပ်ကျောင်းက အလွန်ကောင်းပြီးသားကျောင်းပါ၊ နယူးယောက်ကျောင်းက ပြုပြင်စရာတွေအများကြီး ကျန်သေးတယ်၊ ဒါကြောင့် ကျွန်တော် သွားရမှာ၊ ပြီးတော့ ကျွန်တော့်ညီမ မာသာကိုလဲ ကူညီရဦးမယ်'

'သူ ဘယ်လိုနေသလဲ'

'မာသာလား၊ အခြေအနေကောင်းပါတယ်'

သမီးကလေးတွေလဲ ဆယ့်ငါးနှစ်ပြည့်ကြပြီ၊ ခင်ဗျား အချိန်ရတဲ့အခါ သူတို့နဲ့တွေ့စေချင်တယ်'

'ကျွန်မ အခုတောင် တွေ့ချင်ပါတယ်၊ ဒါပေမယ့် အချိန်က လေးရက်တည်းဆိုတော့ သိပ်နည်းနေတယ်'

ထို့နောက် မက်သယူးက မစ္စက်ကာတစ်လည်း ကျောင်းသို့ မကြာမကြာလာလည်ကြောင်း။ ဒက်ဖနီအား သတိရသည်ဟု ပြောကြောင်း ပြောပြသည်။

ကိုးနာရီ ကျော်ခန့်တွင် ကျောင်းသို့ရောက်လာကြသည်။ သည်အချိန်ဆိုလျှင် အန်ဒရူးကလေးအိပ်နေရော့မည်။ ဒက်ဖနီက သားလေးကို တွေ့ချင်မြင်ချင်လှပြီ။

ကားပေါ်မှဆင်းကာ ခန်းမဆောင်ထဲ ခပ်သုတ်သုတ်ဝင်လာခဲ့သည်။ လှေကားမှ ပြေးတက်လာသည်။

အန်ဒရူးကလေးသည် ခုတင်ပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။ ဒက်ဖနီသည် သားကလေးအား တော်တော်ကြာကြာ ရပ်ကြည့်နေသည်။ မက်သယူးကလည်း တံခါးဝသို့ ရောက်နေသည်။ ဒက်ဖနီက နောက်တော့မှ သတိပြုမိသည်။ သူက ဖြည်းဖြည်း သားကလေး၏ပါးပြင်နုနုကလေးကို နမ်းလိုက်သည်။ ကလေးက လူးလွန့်လာသည်။ သို့သော် နိုးတော့ မနိုးသေး။ ဒက်ဖနီ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ မက်သယူးလည်းနောက်မှ လိုက်လာသည်။

'သားကလေးက ကြီးသွား သလိုပဲနော်'

'ဟုတ်တယ်၊ ခင်ဗျားပို့လိုက်တဲ့စက်ဘီးစီးတာကိုမြင်ရရင် ခင်ဗျားသိပ်ဝမ်းသာမှာပဲ'

'ကျွန်မတော့ တချိန်လုံး သားလေးဆီပဲ စိတ်ရောက်နေတာပဲ မက်'

'သိပ်မကြာတော့ပါဘူး၊ နောက်ဆိုတော့ အတူတူ နေကြရတော့မှာပေါ့၊ ဒါနဲ့ ဟိုမှာ ခင်ဗျားမှာ အရေးပါတဲ့ လူတစ်ယောက် တွေ့နေပြီထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com

သူက အရဲစွန့်ပြီ မေးလိုက်သည်။ အဖြေကို နားစွင့်ရင်း သူ ရင်တွေခုန်နေသည်။

ဒက်ဖနီက တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ အတန်ကြာတော့မှ ခေါင်းကို ဖြည်းဖြည်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ တွေ့နေပြီ'

မက်သယူး၏ အတွင်းစိတ်က ကျိတ်ငိုမိသည်။ သို့သော် အပြင်ပန်းအမူအရာတော့ လုံးဝမပျက်။

'ခင်ဗျားအတွက် ကျွန်တော် ဝမ်းသာပါတယ်၊ ခင်ဗျားမှာ လိုအပ်နေတာ ကြာပါပြီ'

'ကျွန်မလဲ အဲဒီလိုပဲ ထင်ပါတယ်' သူက ဂျပ်စတင်နှင့် အန်ဒရူးကလေးတို့အတွက် တွေးပူမိကြောင်း ပြောပြလိုက်ချင်သည်၊ သို့သော် ပါးစပ်က ပြောမထွက်။ မက်သယူး၏ မျက်နှာကိုသာ စိုက်ကြည့်နေသည်။ အတန်ကြာတော့မှ ... 'ဒါပေမယ့် ကျွန်မစိတ်ထားတွေ ပြောင်းမသွားပါဘူး မက်၊ အရင်အတိုင်းပါပဲ'

သူ ဘာကို ဆိုလိုတာပါလိမ့်ဟု မက်သယူးက တွေးနေသည်။ ပြီးတော့ ခေါင်းစဥ်တစ်ချက် ညိတ်ကာ သူ သီးသန့်ခန်းတံခါးကို ဖွင့်လိုက်သည်။

'ကော်ဖီလေး ဘာလေး သောက်ဦးမလား၊ ဒါမှမဟုတ် တည်းခိုရိပ်သာကို ကျွန်တော် ကားနဲ့လိုက်ပို့ရမလား'

'မပို့ပါနဲ့၊ ကျွန်မ မအိပ်ချင်သေးပါဘူး' သူက လက်ပတ်နာရီကို စောင်းကြည့်လိုက်ပြီး 'ကျွန်မအတွက်တော့ ခုနစ်နာရီလောက်ပဲ ရှိသေးတယ်ထင်တယ်၊ တကယ်တော့ နယူးဟမ်းပရှိုင်းယားနယ်မှာ ဆယ်နာရီ ထိုးနေပြီ၊ တကျောင်းလုံး တိတ်ဆိတ်နေပြီ၊ အားလုံး အိပ်ရာဝင်သွားကြပြီ၊ ကျွန်မ ရှင်နဲ့အတူ ကော်ဖီ သောက်ရင်း စကားပြောချင် သေးတယ်၊ ဖုန်းနဲ့ချည်း လှမ်းပြောနေရတာ အားမရသလိုပဲ'

မက်သယူးက ပြုံးပြီး ကော်ဖီပန်းကန်ထဲ ကော်ဖီငှဲ့ထည့်သည်။ စိတ်ထဲကလည်း ကယ်လီဖိုးနီးယားကကိစ္စ ဘယ်အဆင့်အထိရောက်နေပြီလဲ။ ဟိုလူက လူကောင်းမှဟုတ်ပါလေစ။ လူကောင်းသူကောင်းဖြစ်ပါစေဟု တွေးပြီး ဆုတောင်းနေမိသည်။

ထို့နောက် သူက ကော်ဖီပန်းကန်ကို ဒက်ဖနီအား ကမ်းပေးသည်။

နှစ်ယောက်စလုံး ကုလားထိုင်တွင် ဝင်ထိုင်ကြသည်။

မက်သယူးက ဒက်ဖနီ၏မျက်နှာကို စေ့စေ့ကြည့်ကာ အဖြေရှာနေမိသည်။

ဒက်ဖနီက ကော်ဖီသောက်ရင်း ရုပ်ရှင်ကားအကြောင်းပြောပြသည်။ ရိုက်ပြီးသော အခန်းများအကြောင်း ရိုက်ရန် ကျန်နေသောအခန်းများအကြောင်း ပြောပြသည်။





'နောက်လဆိုရင် ဝိုင်အိုမင်းပြည်နယ်ကို အောက်ဒိုးထွက်ပြီး ရိုက်လိမ့်မယ် ထင်တယ်'

'ကျွန်တော်တော့ ခင်ဗျားကို မနာလိုတောင် ဖြစ်မိချင်တယ် ဒက်ဖ်၊ အဲဒီမှာ ရှုခင်းတွေ သိပ်လှဆိုပဲ'

'ဟုတ်တယ်၊ အဲဒီလို ပြောကြတယ်၊ ဒါနဲ့ နွေရာသီပိတ်ရက်မှာ ဘယ်သွားမယ် စိတ်ကူးသလဲ မက်'

'အတိအကျတော့ မပြောနိုင်သေးပါဘူး။ မာသာတို့ မိသားစုနဲ့ လိတ်စ်ရဂျာ့ ရေကန်ဘက်သွားပြီး အနားယူရ ကောင်းမလားလို့တော့ စိတ်ကူးမိတယ်' သူက ဆံပင်ကို နောက်သို့ ပွတ်လှန်ချလိုက်ပြီးနောက် ပြုံးလျက် 'ဒါပေမယ့် သေတော့ မသေချာသေးပါဘူး၊ ကျောင်းက ကလေးတွေပစ်ပြီး ထွက်သွားရမှာကို နောက်ဆံ တင်းနေမိတယ်၊ မစ္စက်ကာတစ်ကတော့ ကျွန်တော်သွားနေတုန်း လာပြီး ကြည့်ပေးမယ်လို့ပြောတယ်၊ ဒါပေမယ့် ကျွန်တော်က သူ့ကို အားနာနေမိတယ်၊ သူ့အနေနဲ့ တာဝန်ကြီး တစ်ခုဖြစ်နေ မှာ စိုးလို့ပါ'

'တာဝန်မကြီးပါဘူးရှင်၊ သွားကို သွားသင့်တယ်၊ ရှင့်အနေနဲ့ အနားယူဖို့လိုကို လိုအပ်ပါတယ်၊ အင်း ဘာလိုလိုနဲ့ အချိန်တွေကလဲ အကုန်မြန်လိုက်တာနော်၊ ရှင် ဒီရောက်တာ ခြောက်လရှိသွားပြီဆိုတာ ကျွန်မတော့ ယုံတောင်မယုံချင်ဘူး မက်'

မက်သယူးက သိမ့်သိမ့်ကလေး ရယ်လိုက်ပြီး

'ကျွန်တော်ကတော့ ခြောက်နှစ်လောက်တောင် ရှိသွားပြီလို့ ထင်နေတာ'

ဒက်ဖနီကလည်း ပြန်ရယ်လိုက်သည်။

'ဆယ့်လေးနာရီလောက် ဆက်တိုက်ရုပ်ရှင်ရိုက်ပြီးရင် ကျွန်မလဲ အဲဒီလိုပဲ ခံစားရတာပဲ'

'ဒါနဲ့ ဘာဘရာအခြေအနေက ဘယ်လိုလဲ၊ သူတို့လက်ထပ်ကြတော့မလား၊ သူလက်ထပ်ရင်တော့ ခင်ဗျားအတွက် အခက်အခဲတွေ့လိမ့်မယ်ထင်တယ်'

မက်သယူးနှင့်ဘာဘရာတို့ တစ်ကြိမ်မျှ မဆုံဖူးကြသေးသော်လည်း ဒက်ဖနီ ပြောပြ၍ ဘာဘရာအကြောင်းကိုမက်သယူး အကုန်သိနေသည်။

'သူတို့ အဲဒီလောက်ထိ လေးလေးနက်နက် ရှိမရှိကျွန်မ မသိသေးပါဘူး၊ ဒါပေမယ့် ဘာဘရာကတော့ ဖြစ်နိုင်ရင် အဲဒီအထိ စဥ်းစားလိမ့်မယ် ထင်တယ်'

'အဲဒီတော့ ခင်ဗျားကရော၊ ဘယ်လိုလဲ'

မက်သယူး၏ မမျှော်လင့်သော မေးခွန်းကြောင့် ဒက်ဖနီ ဇဝေဇဝါ ဖြစ်သွားသည်။ နောက်မှ သူ သဘောပေါက်သွားသည်။ သို့သော် သူကဘယ်လိုဖြေရမှန်းမသိ။

ထို့နောက် မက်သယူးအား နူးနူးညံ့ညံ့ချိန်ချိန် ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ဘယ်လိုမှ မပြောတတ်ဘူး မက်' မက်သယ်ယူးရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဒက်ဖနီက ဆက်ပြောသည်။ 'ကျွန်မ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ ဘယ်လိုမှ မရှင်းပြတတ်တော့သလိုပဲ' ဂျပ်စတင်နှင့်ပတ်သက်၍ တကယ်လည်း သူ ဘာမှ ရေရေရာရာ မပြောတတ်သေး။ ဂျပ်စတင်အား တစ်စုံတစ်ခုသော အတိုင်းအတာအထိတော့ ချစ်သည်မှာ မှန်ပါသည်။ သို့သော် ဂျပ်စတင်အား သူနား မလည်သေးတာတွေ အများကြီး ရှိနေသေးသည်။ အထူးသဖြင့် **အန်ဒရူးကလေးအား** ဂျပ်စတင်က နားမလည်ခြင်းမှာ အဓိကပြဿနာ ဖြစ်နေသည်။ **နောက်ဆုံး ဤ** ပြဿနာကို မက်သယ်ယူး အနေဖြင့် ကူညီဖြေရှင်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်သည်။ ထို့ကြောင့် လျှို့ဝှက်မထား တော့ဘဲ ပွင့်ပွင့်လင်းလင်းပင် ပြောပြလိုက်တော့သည်။ 'သူ့ကို အပိုင်ပြောလို့မရသေး ဘူး မက်၊ ကျွန်မသားလေးအကြောင်း ပြောပြတော့လဲ သူက စိတ်ဝင်စားပုံမပေါ်ဘူး'

'သူ့ကို အချိန်ပေးဦးမှာပေါ့၊ နောက်တော့ တဖြည်းဖြည်းနဲ့ နားလည်လာပါလိမ့်မယ်၊ ကလေးနားမကြားဘူးဆိုတာ သူသိပြီး ပြီလား' ဒက်ဖနီက ခေါင်းညိတ်ပြလိုက်သည်။ 'အဲဒီတော့ ဘယ်လို သဘောထားသလဲ'

'သူက စိတ်မဝင်စားတဲ့အပြင် ကလေးကို ကြောက်တောင်ကြောက်နေသေးသလိုပဲ၊ ဒီကိစ္စကို မသိယောင်ဆောင်နေတယ်၊ သားလေးမရှိသလို မေ့ထားတယ်'

ဒက်ဖနီက မကျေနပ်သံဖြင့် ပြောသည်။

မက်သယ်ယူးက ခေါင်းကိုခါယမ်းလိုက်ပြီး

'အဲဒီအတိုင်းဆိုရင် အလုပ်မဖြစ်နိုင်ဘူး ဒက်ဖ်၊ အန်ဒရူးကလေးဟာ ခင်ဗျား ဘဝမှာ အရေးအကြီးဆုံးပဲ၊ ဒီတော့ခင်ဗျားရဲ့ဘဝအဖော်ဟာ အန်ဒရူးကလေးကို နားလည်မှဖြစ်မယ်၊ ခင်ဗျား ဒီတစ်ခါကလေးကို ခင်ဗျားဆီမခေါ်တာ ဒါကြောင့်လား'

'တစ်ပိုင်းအားဖြင့်တော့ မှန်ပါတယ်၊ နောက်တစ်ပိုင်းကတော့ အားလပ်ရက် သုံးလေးရက်တည်းဆိုတော့ ကလေး သိပ်ပင်ပန်းမှာစိုးလို့ပါ၊ ဒါပေမယ့် ဂျပ်စတင့်ကြောင့်လဲ ပါပါတယ်'

'ဟင် ... ဂျပ်စတင် ... ဟုတ်လား'

မက်သယ်ယူး အံ့ဩသွားသည်။

ဒက်ဖနီက ကိုယ့်ဝတ္ထုစာတ်လမ်းထဲမှာ သရုပ်ဆောင်သည့် မင်းသားနှင့် ရည်းစားဖြစ်နေတာကို ရှက်မိသည်။

'ဟုတ်ပါတယ် ဂျပ်စတင်ဝိတ်ဖီးလ်ပါ'

'လက်စသတ်တော့ တကယ့်လူပါလား ဒက်ဖ်၊ သူ့ရုပ်က ဘယ်လိုလဲ'

'သူ့ ရုပ်ကချောတယ်၊ သိပ်ပြီးချောတယ်၊ သွက်တယ်၊ ပျော်ပျော်ရွှင်ရွှင်





နေတတ်တယ်၊ တစ်ခါတလေ စိတ်ထားလဲကောင်းပါတယ်၊ ဒါပေမယ့် အတ္တဆန်တယ်၊ သူ့ကိုယ်သူပဲ စိတ်ဝင်စားတယ်၊ သူများအကြောင်း သိပ်ဂရုမစိုက်ဘူး၊ သူ့ အသက်က လေးဆယ့်နှစ်နှစ်ရှိပြီ၊ ဒါပေမယ့် တစ်ခါတလေ ဆယ့်ငါးနှစ်သားလောက်ပဲ ထင်ရတယ်၊ တော်တော် ခင်စရာကောင်းတဲ့လူပါ၊ သူနဲ့စကားပြောရရင် ကျွန်မ သိပ်ပျော်တယ်၊ တစ်ခါတလေကျတော့ သူကသိပ်ပြီး သူ့စိမ်းပြင်ပြင် ဆန်တယ်၊ ကျွန်မသားလေး အကြောင်းကို လုံးဝစိတ်မဝင်စားဘူး၊ ဒါပေမယ့် ကျွန်မ လုပ်ငန်းကျတော့ သိပ်ပြီးစိတ်ဝင်စားတယ်၊ ဘာဘာရာကဆိုရင် သူ့ကိုလုံးဝကြည့်လို့မရဘူး၊ သူကလဲ ဘာဘာရာကို ကြည့်လို့မရဘူး၊ အမှန်က ဘာဘာရာက သူ့ကိုနားမလည်သေးလို့ပါ'

'အဲဒီလိုဆိုရင် ဆိုးတာပေါ့'

'မဆိုးပါဘူး၊ သူနဲ့စကားပြောနေရတာ ပျော်ရတယ်၊ အတိတ်ကို သတိမရဘူး'

'အဲဒါတော့ ကောင်းပါတယ်'

'ဟုတ်ပါတယ် ကျွန်မအတွက် တော်တော် ကောင်းပါတယ်'

မက်သယ်ယူးခေါင်းညိတ်လိုက်သည်။

'ကျွန်တော် ခင်ဗျားဆီဖုန်းဆက်တော့ သူက ဖုန်းကိုင်ကတည်းက ကျွန်တော် တွေးမိခဲ့ပါတယ်၊ ဒါပေမယ့် သူလို့တော့ မထင်ခဲ့မိဘူး'

'ကျွန်မတို့အကြောင်းကို လူတွေ သိပ်မသိကြသေးဘူး၊ သတင်းစာတွေကလဲ ကျယ်ကျယ်ပြန့်ပြန့် မရေးကြသေးဘူး၊ ကျွန်မတို့နှစ်ယောက် အတူတူနေကြတယ် ဆိုတာ သူတို့မသိကြသေးဘူး၊ သိရင် သတင်းတွေ ဝေဝေဆာဆာရေးကြမှာပဲ'

'အဲဒီလိုဆိုရင် ခင်ဗျား ဘယ်လိုခံစားရမလဲ'

'ဝမ်းတော့ ဘယ်သာနိုင်ပါ့မလဲ၊ စာဖတ် ပရိသတ်တွေသိရင် အံ့ဩကုန်ကြလိမ့်မယ်၊ ဒီပြဿနာကိုတော့ အနေးနဲ့အမြန် ရင်ဆိုင်ရမှာပဲ၊ ကျွန်မကတော့ကျွန်မဘက်က ပြတ်ပြတ်သားသား မဖြစ်သေးသမျှ ဒီကိစ္စကို မရှင်းပြချင်သေးဘူး'

'ခင်ဗျားအနေနဲ့ အဲဒီမှာအခြေချမယ်ဆိုရင် အဲဒီမှာပဲ အန်ဒရူးကလေးအတွက် ကျောင်းကောင်းတွေ ရှိပါတယ်'

'ကျွန်မ အဲဒီအဆင့်အထိ မစဉ်းစားသေးပါဘူး၊ ဒါပေမယ့် တကယ်လို့ ကျွန်မ အဲဒီမှာနေဖြစ်ရင်တော့ ကလေးကို ဘယ်ကျောင်းအပ်သင့်တယ်ဆိုတာ ရှင်နဲ့ပဲတိုင်ပင်ရမှာပဲ၊ လောလောဆယ်တော့ ရုပ်ရှင်ကား မြန်မြန်ရိုက်ပြီးဖို့ကိုပဲ ကျွန်မ အာရုံထားတယ်၊ နောက်ပိုင်းမှ ကျွန်မရဲ့နေ့ာင်ရေးကို စဉ်းစားရမယ်'

'ကောင်းပါတယ်၊ ခင်ဗျားအတွက် အကောင်းဆုံးဖြစ်အောင် စဉ်းစားပါ၊ ကလေးအတွက်လဲ အကောင်းဆုံးဖြစ်အောင် စဉ်းစားပါ'



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက ညင်သာသည်။ သို့သော် ဝမ်းနည်းသံတော့ပါသည်။ ဒက်ဖနီက သူ့အကြောင်းကို တွေးနေသည်။ သူ့ဆီ တယ်လီဖုန်း နှစ်ကြိမ်ဆက်တော့ တစ်ကြိမ်မှ မတွေ့။ အပြင်ထွက်သွားသည်ဟုသာ စကားပြန်ရခဲ့သည်။ ကေ့န္တ သူမိန်းမ တစ် ယောက်ယောက်နှင့် ထွက်သွားတာဖြစ်မည်။ သို့သော် အခုမေးဖို့မကောင်းသေး။

နှစ်ယောက်သား ကားဆီသို့ လျှောက်လာကြသည် ကားပေါ်တက်ကြသည်။ မက်သယူးက ကားမောင်း၍ တည်းခိုရိပ်သာအထိ လိုက်ပို့သည်။

'ခင်ဗျား အခုလို ရောက်လာတာ ကျွန်တော်တော့ သိပ်ဝမ်းသာတာပဲ ဒက်ဖ်'

'ကျွန်မလဲ အများကြီး ဝမ်းသာပါတယ် မက်'

ထို့နောက် မက်သယူး ပြန်ထွက်သွားသည်။

ဒက်ဖနီသည် အပေါ်ထပ်ရှိ သူ့အခန်းသို့ တတ်လာရင်း မက်သယူးနှင့် ပြောခဲ့ တာတွေကို ပြန်စဉ်းစားလာခဲ့သည်။ ဂျပ်စတင်နှင့်ပတ်သက်၍ တော်တော်ပင် စိတ်မချမ်း သာဖြစ်မိသည်။

သူက မက်နဲ့တော့ တခြားစီပဲ။ သားလေးကို လုံးဝ စိတ်မဝင်စားဘူး။ သူ ဒီလိုဘာကြောင့်ဖြစ်ရတာလဲ။ တစ်ကယ်ဆိုရင် မကိုချစ်ရင် ဥကိုလဲချစ်ရမှာပေါ့။ အေ လေ နောက်တော့လဲ တဖြည်းဖြည်းနဲ့ ချစ်လာပါလိမ့်မယ်။ မက်ကတော့ သူ့အလုပ် ကိုက ကလေးတွေကို ချစ်ရမယ့်အလုပ်ပဲ။ သူက သားလေးတစ်ယောက်တည်းကိုသာ မက ကလေးတွေအားလုံး ချစ်ရမှာပဲ။ ဒါပေမယ့် မက်ဟာ သားလေးကိုချစ်တာ သာမန် ထက်ပိုတယ်။ အများကြီးပိုတယ်၊ အများကြီးပိုတယ်။

* * *

အခန်း ( ၃၁ )

အန်ဒရူးကလေးသည် သူ့မေမေ ရောက်လာ၍ အပျော်ကြီး ပျော်နေသည်။ သူက သူ့ မေမေအား စက်ဘီးစီးပြသည်။ သူပြုစုထားသော ဥယျာဉ်ကလေးကို ပြသည်။ သူ့ မေမေအား သူ့မိတ်ဆွေကျောင်းသားသစ်များနှင့် မိတ်ဆက်ပေးသည်။ သူ့မေမေ၏ ဝတ္ထုကို ရုပ်ရှင်ရိုက်နေကြောင်း ဂုဏ်ယူစွာပြောပြသည်။

သားအမိနှစ်ယောက် နေရောင်အောက်တွင်လမ်းလျှောက်ကြသည်။ အတူတူ စားသောက်ကြသည်။

ယခုလို သားကလေးနှင့်နီးနီးကပ်ကပ်နေရတော့ ဒက်ဖနီ၏ဘဝသည် အသက်ဝင်လာသည်။ လန်းဆန်းလာသည်။ လွန်ခဲ့သောသုံးလအတွင်းက မခံစားခဲ့ ရသည့် စိတ်ရွှင်လန်းမှုကိုလည်း မှတ်မှတ်ရရ ခံစားရသည်။ ထိုကာလအတွင်း သူသည် ဂျပ်စတင်နှင့်တွဲကာ ဘဝမှန်ကို မေ့နေခဲ့သည်။ရုပ်ရှင်ကားရိုက်ကူးရင်း လူမအား စိတ်မ အား အလုပ်များနေခဲ့သည်။ ယခု သူ့ဘဝမှန်ကို သိလာသည်။ အဖြစ်မှန်ကို နားလည် လာသည်။ တစ်ကယ့်တော့ သူ့သားကလေးသည် သူ့အဖို့ ဤလောကတွင် အရေး အကြီးဆုံး လူသားကလေးဖြစ်သည်။ သူ့အချစ်ဆုံး လူသားကလေးဖြစ်သည်။ ဤ သားကလေးမရှိလျှင် သူ့ဘဝသည် မပြည့်စုံ။



www.burmeseclassic.com

www.burmeseclassic.com



'မေမေ သား ကယ်လ်ဖိုးနီးယားကို နောက်တစ်ခေါက် ဘယ်တော့ လာရမှာလဲ'

'မေမေရော သားဆီကို ဘယ်တော့လာဦးမှာလဲ ဟင်'

'မေမေနဲ့ သားတို့အတူတူ ဘယ်တော့နေကြရမှာလဲ မေမေ'

ဤစကားများကို အန်ဒရူးကလေးက ထပ်တလဲလဲ တမေးတည်း မေးသည်။

ညစာ စားပြီးသောအခါ အန်ဒရူးကလေးသည် ရေသွားချိုးနေသည်။ ဒက်ဖနီက ဝင်လုဆဲနေလုံးကြီးကို ကြည့်ရင်း သူ့ကိုယ်သူ ကလေးငယ်တစ်ယောက်ပမာ ပျော်ပျော်ရွှင်ရွှင်ဒန်းစီးနေသည်။

'ကျွန်တော် လာလို့ရမလား ဒက်ဖ်'

မက်သယူးက ခွင့်တောင်းလိုက်သည်။ သူ့အတွေးနှင့်သူ ကြည်နူးနေသော ဒက်ဖနီအား သူက အနှောင့်အယှက် မပေးချင်။ သို့သော်လည်း ဒက်ဖနီကို လှမ်းမြင်လိုက်တော့ စကားပြောချင်စိတ်က ပြင်းပြစွာ ဖြစ်ပေါ်လာသည်။

'ရပါတယ် မက်၊ လာပါ' ဒက်ဖနီက ပြုံးပြီး ပြောလိုက်သည်။ 'သားလေးက ရေသွားချိုးနေတယ်လေ'

'ကျွန်တော် သိပါတယ်၊ သူနဲ့ လှေကားမှာဆုံတော့ ခင်ဗျားဒီမှာရှိတယ်လို့ သူက ပြောလိုက်တာ၊ ကလေးကတော့ ခင်ဗျားရောက်လာတာ သိပ်သဘောကျနေပြီ ဒက်ဖ်၊ တကယ်တော့ ခင်ဗျားဟာ သူ့အတွက်မရှိမဖြစ်တဲ့သူပဲ'

နီရဲသော နေလုံးကြီးသည် တကယ်တော့ တောင်စွယ်တစ်ဖက်သို့ ငုပ်လျှိုး ပျောက်ကွယ်သွားခဲ့ပြီ။

'ဟုတ်ပါတယ်၊ ကျွန်မလဲ အတူတူပါပဲ၊ သားလေးနဲ့အခုလို လာတွေ့ရတာ သိပ်ပြီး ကြည်နူးနေမိတယ် မက်' သူက အပြာရောင် ဂျင်းအောင်းဘီနှင့် ဆွယ်တာ အင်္ကျီကိုဝတ်ကာ ဒန်းပေါ်တွင် ထိုင်နေသည်။ ရွှေရောင်ဆံပင်ကိုတော့ ကျောပေါ်တွင် ဖြန့်ချထားသည်။

'ဒီနေ့ ခင်ဗျားကြည့်ရတာ ကလေးလေး ကျနေတာပဲ၊ နာမည်ကျော် စာရေးဆရာမကြီးလို့ ဘယ်သူမှ ထင်မှာမဟုတ်ဘူး'

'ဒီနေရာ ရောက်လာတဲ့အချိန်မှာတော့ ကျွန်မဟာ ဘယ်သူမှ မဟုတ်ပါဘူး။ ကျွန်မဟာ ကျွန်မပါပဲ၊ အန်ဒရူးကလေးရဲ့မိခင်ပါပဲ၊ ဒါကြောင့်မို့လို့လဲ ဒီနေရာကို မကြာခင် ပြန်လာဖို့ကိုလဲ ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားမယ်လို့စိတ်ကူးထားတယ်'

'မကြာခင် ဆိုတာက ဘယ်လောက် မကြာခင်လဲ'

'ဗိုင်အိုမင်းပြည်နယ်ကို ရုပ်ရှင်ရိုက်ဖို့မသွားခင်လည်း ဖြစ်ချင်ဖြစ်မယ်၊ ရုပ်ရှင်ရိုက်ပြီး ပြန်လာတော့မှလည်းဖြစ်ချင်ဖြစ်မယ်၊ ဒါက ဒါရိုက်တာအပေါ်မှာ တည််





တယ်၊ သူက ဘယ်လိုပြောဦးမှာလဲမသိဘူး'

'မသွားခင် ဖြစ်နိုင်ပါစေလို့ဆုတောင်းပါတယ်၊ အန်ဒရူးလေးအတွက်ထက် ကျွန်တော့်အတွက်က ပိုများပါတယ်' သူ့စကားက ဘယ်လိုပါလိမ့်။ ဒက်ဖနီက သူ့ မျက်နှာကို ကြည့်လိုက်ပါသည်။ ရင်ထဲတွင် လှိုင်းအိကလေးဖြစ်ပေါ်သွားမိသည်။ မက်သယူးက ဆက်ပြောသည်။ 'ခင်ဗျားက ကျွန်တော့်အတွက် အများကြီးအဓိပ္ပါယ် ရှိပါတယ် ဒက်ဖ်'

'ရှင်လဲ ကျွန်မအတွက် အများကြီး အဓိပ္ပါယ်ရှိပါတယ် မက်'

'ဒါပေမယ့် လက်တွေ့ကျတော့ အဓိပ္ပါယ်သိပ်မရှိသလို ဖြစ်နေတယ်၊ ကျွန်တော်တို့နှစ်ယောက်က စကားပြောတာတောင် ဝအောင်မပြောနိုင်ကြဘူး၊ ဒီအထဲ ဖုန်းနဲ့ပြောနေရတာ အဆိုးဆုံးပါပဲ' သူ့အသံက တိမ်ဝင်သွားသည်။

'ဒီလောက်ပြောရရင် ကျေနပ်လောက်ပါပြီရှင်၊ လုံးဝ မပြောရတာထက် ပိုကောင်းသေးတာပေါ့၊ မဟုတ်ဘူးလား၊ ကျွန်မဟာရှင့်ကို တခြားလူတွေ အားလုံးထက် ပိုပြီး နားလည်တယ်လို့ထင်တယ် မက်'

မက်သယူးကလည်း သူ့ကို တခြားသူတွေထက် ပို၍နားလည်လိမ့်မည်ဟု ထင်သည်။ သူ့ ဒုက္ခ သုက္ခများ၊ သူ့စိုးရိမ် ပူပန်မှုများ၊ သူ့အားမာန်များနှင့် သူ့အောင်မြင်မှုများအားလုံးကို မက်သယူးက နားလည်လိမ့်မည်ဟု ယုံကြည်သည်။ ဂျပ်စတင်ကတော့ ဒက်ဖနီ၏လှပသော မျက်နှာစာကိုသာ နားလည်သည်။ အရုပ်ဆိုးသော မျက်နှာစာကိုမမြင်။

'အေးလေ ဘာပဲဖြစ်ဖြစ် တစ်နေ့ကျရင်တော့ ...' မက်သယူးက ခံစားချက်ကို ဖွင့်ဟရန် နီဒါန်းချီလိုက်သည်။ ဒက်ဖနီက ရင်ထဲဖိုသွားကာ သူ့မျက်နှာပင့်ကြည့်လိုက်သည်။ မက်သယူးက ပြောချင်တာ မပြောရဲတော့။ အချိန်မတန်သေးဘူးဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် စကားလွှဲကာ 'တစ်နေ့ကျရင်တော့ ကျွန်တော်တို့ နှစ်ယောက်အကြာကြီး စကားပြောချိန် ရလာပါလိမ့်မယ်၊ ကယ်လ်ဖိုးနီးယားမှာ အဆင်ပြေပါစေ၊ စိတ်ချမ်းသာပါစေလို့ပဲ ဆုတောင်းပါတယ်၊ ခင်ဗျားရဲ့ မိတ်ဆွေနဲ့လဲ အားလုံး အဆင်ပြေလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ကျွန်တော့်အကူအညီလိုအပ်ရင်တော့ လုံးဝ အားမနာပါနဲ့၊ အချိန်မရွေးဖုန်းဆက်ပါ၊ ကျွန်တော် ဒီမှာ အမြဲတမ်းရှိနေပါတယ်'

'ဒီစကားကြားရတာ အများကြီးဝမ်းသာပါတယ် မက်၊ ကျေးဇူးလဲအထူး တင်ပါတယ်၊ ရှင်ဟာ ကျွန်မရဲ့အကောင်းဆုံး မိတ်ဆွေပါ၊ အလိုအပ်ဆုံး မိတ်ဆွေ မှန်ပါ၊ ကျွန်မ အကြောင်းရှိရင် ရှင့်ဆီဖုန်းဆက်ပါ့မယ်၊ ကျွန်မဆီလဲ ဆက်ပါ'

'ဒါနဲ့ ကျွန်တော် ဖုန်းဆက်တာ ခင်ဗျားမိတ်ဆွေက ဘယ်လိုများ ထင်သလဲ'

'သူက တစ်ကြိမ်တော့ စဖူးပါတယ်' သူက ရယ်လိုက်ပြီး 'သူက ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်နဲ့ ဘာလိုလို စွပ်စွဲတယ်၊ ဒါပေမယ့် ဒါတွေကို သူက အလေးအနက် မထားပါဘူး၊ ခပ်ပေါ့ပေါ့ပါပဲ၊ သူက အတိတ်ကိုလဲ သိပ်ပြီး အလေးအနက်ထားတဲ့လူ မဟုတ်ပါဘူး၊ သူ့အတွက် ဘာမှအနှောင့်အယှက်မဖြစ်ပါနဲ့၊ ဆက်စရာရှိရင် ဆက်သာဆက်ပါ မက်'

'ဟုတ်ကဲ့ ဆက်ပါ့မယ်'

ထို့နောက် အထဲသို့ ပြန်ဝင်လာကြသည်။ ဒက်ဖနီက သားကလေးနှင့်တွေ့ရန် အပေါ်ထပ်သို့ တတ်သွားသည်။

နာရီဝက်ခန့်ကြာတော့ ပြန်ဆင်းလာသည်။

သူ့မျက်နှာတွင် မျက်ရည်တွေ သီးနေသည်။

'သားလေးနဲ့ ပြန်ခွဲရမှာကို ကျွန်မသိပ်ဝမ်းနည်းနေမိတယ် မက်၊ ကျွန်မ မကြာခင် ပြန်လာနိုင်အောင် ကြိုးစားပါ့မယ်'

မက်သယူးက ဒက်ဖနီ၏ ပခုံးနှစ်ဖက်ကို ကြင်နာစွာ ဆုပ်ကိုင်လိုက်သည်။

'ကျွန်တော်တို့လဲ အဲဒါကိုပဲ မျှော်လင့်နေပါတယ် ဒက်ဖ်၊ အန်ဒရူးကလေး အတွက်တော့ ဘာမှမပူပါနဲ့၊ အစစအရာရာ စိတ်ချလက်ချသာ နေပါ'

ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။

ထို့နောက် မက်သယူးက ဒက်ဖနီအား တည်းခိုရိပ်သာသို့ ကားမောင်း၍ လိုက်ပို့သည်။ တည်းခိုရိပ်သာသို့ ရောက်တော့ပစ္စည်းတွေယူပြီး ပြန်ထွက်လာသည်။ သူက လေဆိပ်သို့တစ်ယောက်တည်းသွားမည်ဟု ပြောသည်။ မက်သယူးက သူ လိုက်ပို့ပါရစေဟု အတင်းတောင်းပန်သည်။

သို့ဖြင့် ကားပေါ်တတ်ပြီး မောင်းထွက်လာခဲ့ကြသည်။

လေယာဉ်ဂိတ်ဝတွင် နှစ်ယောက်သားအကြာကြီး ရပ်နေကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာစကားမှ မပြောနိုင်ကြဘဲ ဖြစ်နေကြသည်။

အတန်ကြာတော့မှ ဒက်ဖနီက လေသံဖြင့် တိုးတိုး ပြောလိုက်သည်။

'ကျွန်မ သားလေးကို ဂရုစိုက်ပါ မက်' သူက မငိုမိရန် စိတ်ကိုမနည်းတင်းထားရသည်။ မက်သယူးက ဒက်ဖနီ၏ပခုံးနှစ်ဖက်ကို ဆွဲဆုပ်ကိုင်လိုက်သည်။ ဒက်ဖနီ သက်မတစ်ချက်ချပြီး ရှင့်ကို ကျွန်မချစ်ပါတယ် မက်' မက်သယူးပြုံးပြီး သက်မ တစ် ချက်ချလိုက်သည်။

ထို့နောက် လူချင်း ခွဲလိုက်ကြသည်။

ဒက်ဖနီ လေယာဉ်ပေါ်သို့ တတ်သွားပြီ။

လော့စ်အိန်ဂျယ်လိသို့ပြန်သွားပြီ။ ဂျပ်စတင်၏ရင်ခွင်သို့ ပြန်သွားပြီ။

မက်သယူးသည် ကားရပ်ထားသောနေရာသို့ ပြန်လျှောက်လာသည်။ သူ့ကိုယ်သူ အပြစ်တင်မိသည်။ ဒက်ဖနီ၏ဘဝက သူ့ဘဝနှင့်မတူတော့ ဘယ်တော့မှ





လည်း တူနိုင်တော့မည်မဟုတ်။ သူက ဆွံ့အနားမကြားသောကလေးများကို ထိန်းကျောင်း ပြုပြင်ပေးနေသော ကျောင်းဆရာ။ ဒက်ဖနီက နာမည်ကျော် စာရေး ဆရာမကြီး။

ဂျပ်စတင်ကို မနာလိုစိတ် ဝင်လာမိသည်။

စိတ်ပျက်ညှိုးငယ်စွာဖြင့် ကားပေါ်တတ်ထိုင်လိုက်သည်။

'ထို့နောက် စက်နှိုးပြီး မောင်းထွက်လာခဲ့သည်။

ဒက်ဖနီအကြောင်းကိုသာ တစ်လမ်းလုံး တွေးလာခဲ့တော့သည်။

* * *

www.burmeseclassic.com

## အခန်း ( ၃၂ )

လေယာဉ်သည် နံနက် တစ်နာရီခွဲတွင် လော့စ်အိန်ဂျယ်လိမြို့သို့ ရောက်သည်။

မြေကြီးပေါ်သို့ လေယာဉ်ငြိမ့်ခနဲ ဆင်းလိုက်တော့မှ ဒက်ဖနီ အိပ်ပျော်နေရာမှ ဖျက်ခနဲ နိုးလာခဲ့သည်။

ရင်ထဲတွင် ဆို့ကျပ်နေသည်။ စိတ်တွေဝေနေသည်။ သူအိပ်ပျော်နေတုန်းက အိပ်မက်တွေ မက်ခဲ့သည်။ အိပ်မက်ထဲတွင် အန်ဒရူးကလေးနှင့် မက်သယူးတို့နှင့်အတူ ကျောင်းဥယျာဉ်ထဲတွင် ပျော်ပျော်ရွှင်ရွှင် ကစားနေခဲ့သည်။

ယခုတော့ သူတို့နှင့်ဝေးခဲ့ရပြီ။ သားကလေးအား ပထမဆုံး ကျောင်းသွားအပ်ပြီး၍ ပြန်လည်ခွဲခွာခဲ့ရသော ဝေဒနာမျိုးကို ရင်တလှပ်လှပ် ခံစားရပြန်သည်။ ဂျပ်စတင် အကြောင်းကိုတွေးကာ အာရုံပြောင်းရန် ကြိုးစားသည်။ သို့သော် သူ့စိတ်ကသား ကလေးထံသို့သာ ရောက်နေသည်။ ဂျပ်စတင်သည် သူ့အတွက် သူစိမ်းတစ်ရံစာ တစ်ယောက်လို ဖြစ်သွားသည်။

လာကြိုရန် မည်သူ့ကိုမှ ပြောမထားသောကြောင့် အငှားကားစီး၍ တစ်ယောက်တည်း ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အချိန်က နံနက်နှစ်နာရီရှိပြီ။

ငါးနာရီခွဲလျှင် ရုပ်ရှင်အဖွဲ့သားတွေ အားလုံး စတူဒီယိုသို့ ရောက်နေကြတော့မည်။

ဤအချိန်တွင် ထပ်အိပ်နေ၍ အကြောင်းမထူးတော့။ လေယာဉ်ပေါ်တွင် တစ်ရေးအိပ်ခဲ့ရ၍ တော်တော်အိပ်ရေးဝခဲ့ပြီ။

ကားပေါ်မှဆင်းကာ အိမ်ရှေ့တံခါးဖွင့်၍ အိမ်ထဲသို့ဝင်လာသည်။

တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ လူနေသည်ဟု ထင်ရရုံမျှသာ မီးထွန်းထားသည်။

ဧည့်ခန်းထဲသို့ ဝင်လာပြီး ကုလားထိုင်တွင် ထိုင်ချလိုက်သည်။

စိတ်ထဲကတော့ တစ်မျိုးကြီး ဖြစ်နေသည်။ ကိုယ့်အိမ်ကိုယ့်ရာသို့ ပြန်ရောက်လာသည်ဟု မထင်။ တစ်နေရာ တစ်မြေခြားမှ သူစိမ်းတစ်ရုံစာအိမ်သို့ ရောက်လာရသလို ထင်မိသည်။

ရေကူးကန်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ရေကူးချင်စိတ် ရုတ်တရက် ပေါ်လာသည်။

ထိုင်ရာမှ ပြန်ထကာ ရေကူးကန်ဆီသို့ လျှောက်လာခဲ့သည်။

ရေကူးကန်ဘေးမှ စားပွဲပေါ်တွင် ဖန်ခွက်နှစ်လုံးနှင့် ရှမ်ပိန်အရက် ပုလင်းခွံ တစ်ခွံတွေ့ရသည်။ ပြီးတော့ ကုလားထိုင်ပေါ်တွင်လည်း ဘရာစီယာနှင့် တွဲလျက် ရေကူးဝတ်စုံတစ်ထည်။

ဘယ်သူတွေများပါလိမ့်။ ဘာဘရာနဲ့ တွမ်တို့များ ဒီကို ရေလာကူးကြသလား မသိ။

ရေကူးဝတ်စုံ ကောက်ယူကြည့်လိုက်သည်။ ဘရာစီယာဆိုက်က ဘာဘရာထက် ကြီးနေသည်။ ရေကူးဝတ်စုံကို လက်ထဲတွင် ကိုင်ထားရင်း အတန်ကြာကြာ ရပ်နေမိသည်။ သူ့ရင်တွေ တဒိန်းဒိန်းခုန်လာသည်။ ခေါင်းကို ခါယမ်းလိုက်သည်။

မဖြစ်နိုင်။ တွမ်နှင့် ဘာဘရာတို့ လာကူးတာဘယ်နည်းနှင့်မှ မဖြစ်နိုင်။ တွမ့်မှာ ကိုယ်ပိုင်ရေကူးကန် ရှိသည်။

ရေကူးဝတ်စုံကို ကုလားထိုင်ပေါ် ပြန်တင်လိုက်သည်။ ဖန်ခွက်များနှင့်ပုလင်းခွံတို့ကို ကောက်ယူကာ မီးဖိုခန်းထဲ ဝင်လာခဲ့သည်။

မီးဖိုခန်း ကုလားထိုင်တွင် အဖြူရောင်ဇာသား ဘလောက်စ် အင်္ကျီတစ်ထည် တွေ့ရပြန်သည်။

သူက မဲ့ပြုံး တစ်ချက် ပြုံးလိုက်မိသည်။

ငါ့ရေကူးကန်မှာ ဘယ်သူ ရေလာကူးတာလဲ။ ငါ့ကုတင်ပေါ်မှာရော ဘယ်သူ





လာအိပ်တာလဲ။

သူသည် ယင်းသို့တွေးရင်း အိပ်ခန်းထဲ ဝင်လာခဲ့သည်။

ဂျပ်စတင်သည် ခုတင်ပေါ်တွင် စန့်စန့်ကြီး အိပ်နေသည်။

သူ့ရုပ်ရည်က ဘယ်လိုအနေအထားမျိုးနှင့်မဆို အလွန် ဆွဲဆောင်မှုရှိသည်။ ဒက်ဖနီသည် ခုတင်ဘေးတွင်ရပ်ရင်း ဂျပ်စတင်အား စိုက်ကြည့်နေသည်။ ဂျပ်စတင်ကတော့ တုတ်တုတ်မျှမလှုပ်။ သူသည် ဒက်ဖနီမရောက်မီကလေးက တစ်ယောက်ယောက်နှင့် အတူ စားသောက်ပျော်ပါးခဲ့ပုံရသည်။ သူ့ပုံကို ကြည့်ရသည်မှာ ဖန်ခွက်နှင့် အရက်ပုလင်းများကိုပင် ပြန်မသိမ်းနိုင်လောက်အောင် ခြေကုန်လက်ပန်းကျနေပုံမျိုး ဖြစ်သည်။

ဒက်ဖနီသည် အဝတ်အစားများလဲပြီးနောက် ဂျပ်စတင်၏ဘေးတွင် ဝင်အိပ်လိုက်သည်။ သို့သော် အိပ်၍မပျော်။ စိတ်မငြိမ်သောကြောင့် အိပ်ရာပေါ်တွင် တလူးလိမ့်လိမ့် တစောင်းပြန်ပြန် ဖြစ်နေသည်။

နောက်ဆုံး ဂျပ်စတင်မနိုးစေချင်သောကြောင့် ခုတင်ပေါ်မှ ပြန်ဆင်းကာ မီးဖိုဆောင်ထဲဝင်ပြီး ကော်ဖီအိုးတည်သည်။

လေးနာရီခွဲလောက်တွင် ဘာဘရာရောက်လာသည်။

'လှိုက်လှဲဝမ်းသာ ကြိုဆိုပါတယ် ဒက်ဖ်' ဘာဘရာကဒက်ဖနီအား ဝမ်းသာအားရပွေ့ဖက်၍ ပြောသည်။ 'ဒါနဲ့ ကလေးဘယ်လိုလဲ'

'ကောင်းတယ်၊ အခြေအနေသိပ်ကောင်းတယ်၊ စက်ဘီးလဲ ကောင်းကောင်း စီးတတ်နေပြီ၊ လူလဲ အရင်ကထက်အများကြီး ထွားလာတယ်၊ သူက ရှင့်ကို နှုတ်ဆက်လိုက်တယ်' ဒက်ဖနီသည် ရုတ်တရက် မျက်နှာညှိုးသွားကာ ကုလားထိုင်ပေါ်တွင် စောစောက တွေ့ခဲ့သော ဘလောက်စ်အင်္ကျီ ရှိနေတုန်းပင်။ 'သားလေးနဲ့ ခွဲလာရတာ သိပ်စိတ်မချမ်းသာစရာ ကောင်းတာပဲ ဘာဘရာ ကျွန်မတော့ အလုပ်တွေ သိပ်မများပါစေနဲ့လို့တောင် ဆုတောင်းမိတယ်၊ ဒါမှ သားကလေး ကျွန်မဆီ လာနိုင်မှာ၊ ဒါပေမယ့် တစ်ဖက်က ပြန်တွေးပြန်တော့လဲ အလုပ်မြန်မြန်ပြီးတော့မှ ကျွန်မက သူ့ဆီ သွားနိုင်မှာ၊ အခြေအနေကတော့ ဘေးကျပ်နံကျပ်ပဲ ဘာဘရာ'

ဘာဘရာက ခေါင်းညိတ်လိုက်သည်။

'ဝိုင်အိုမင်းကို မသွားခင်မှာလဲ ဖြစ်ချင်ဖြစ်နိုင်ပါတယ်၊ ဒါမှမဟုတ်လဲ အဲဒီက ပြန်ရောက်ရင်တော့ ကျိန်းသေပေါက် ဖြစ်နိုင်ပါတယ်'

'ဟုတ်ပါတယ်၊ မက်ကိုလဲ ကျွန်မ အဲဒီအတိုင်းပဲ ပြောခဲ့ပါတယ်'

'သူရော နေကောင်းရဲ့လား'

ကောင်းပါတယ်၊ ခါတိုင်းလို ပါပဲ'


www.burmeseclassic.com

www.burmeseclassic.com



သူက နောက်ထပ်ဘာမှ မပြောတော့။ ဘဘာရာက ကော်ဖီပန်းကန်ထဲ ကော်ဖီငှဲ့ထည့်သည်။

ဒက်ဖနီ ကုလားထိုင်မှ ပြန်ထတော့ ကုလား[illegible]ထိုင်ပေါ်တင်ထားသော ဘလောက်စ်အင်္ကျီကို ဘဘာရာမြင်သွားသည်။

'အဲဒီအင်္ကျီ ရှင့်ဥစ္စာလား'

'မဟုတ်ပါဘူး၊ ဂျပ်စတင့်က သူ့မိတ်ဆွေ[illegible]ရေကူးဖို့ ခေါ်လာတယ် ထင်ပါရဲ့၊ ဒါနဲ့ ကျွန်မမရှိတုန်း ရှင်နဲ့တွမ်တို့ရော[illegible]ကြသေးသလား'

'ကျွန်မတော့ စာတိုက်ကစာတွေ နေ့တိုင်းလ[illegible]ပါတယ်၊ မင်နေ့က အိုင်းရစ်ဆီက ချက်လက်မှတ်နှစ်စောင်ရတယ်၊ ထခြားဟာတွေကတော့ ငွေတောင်းခံစာတွေနဲ့ ပေးစာတွေပါပဲ'

'စာချုပ်သစ်ရော [illegible]ရောက်သေးဘူးလား'

နောက် ဝတ္ထုအသစ်တစ်ပုဒ်ရေးရန် ဟားဘားစာအုပ်တိုက်နှင့် ချုပ်ဆိုသည့် စာချုပ်ကို ပြောခြင်းဖြစ်သည်။

'ဟင့်အင်း မရောက်သေးဘူး၊ နောက် အပတ်လောက်မှ ရောက်လာလိမ့်မယ် ထင်တယ်'

'နေပါစေ၊ မရောက်တာပဲ ပိုကောင်းတယ်၊ ကျွန်မက ရုပ်ရှင်ကားပြီးမှပဲ အေးအေးဆေးဆေး စရေးချင်တယ်' သူက ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည်။

'ဒါနဲ့ ရှင်က ကျွန်မတို့ ဒီကိုလာကြသေးသလားလို့ စောစောက ဘာလို့ မေးတာလဲ'

ဘဘာရာက ဒက်ဖနီ၏ ကော်ဖီပန်းကန်ထဲ ကော်ဖီထပ်ထည့်ပေးရင်း မေးလိုက်သည်။

'ဩော် သိချင်လို့မေးကြည့်တာပါ၊ ကျွန်မမရှိတုန်း တစ်ယောက်ယောက် ရေလာကူးမှာ့ရတယ်၊ ရေကန်ဘေးမှာ ဖန်ခွက်တွေနဲ့ အရက်ပုလင်းတွေ့ရတယ်' သူက ဘရာစီယာကိုတော့ ထည့်မပြော။

'အဲဒါ ဆိုရင် ဂျပ်စတင်ကို မေးကြည့်ပါလား'

'ကျွန်မက မေးသင့်တယ် ထင်လို့လား'

'အဲဒါတော့ ကျွန်မ မပြောတတ်ဘူး ဒက်ဖ်'

'ကျွန်မ သွားနေတုန်း သူဒီမှာနေသလား၊ တခြားမှာ သွားနေသလား'

'ကျွန်မတော့ ရှိနေတယ် ထင်တာပဲ'

'ဒါနဲ့ ဘဘာရာ၊ ရှင့်ကို ကျွန်မ တစ်ခု မေး ...'

ဘဘာရာက လက်ကို ကာပြလိုက်ပြီး





'ဟင့်အင်း၊ ကျွန်မကို မမေးပါနဲ့ ဒက်ဖ် သူ့ကို တိုက်ရိုက်မေးပါ'

'ကျွန်မ ဘယ်လို မေးရမှာလဲ'

ဘဘာရာက ကုလားထိုင်ပေါ်မှ ဘလောက်စ်အင်္ကျီကို ကောက်ယူလိုက်ပြီး

'ဒီပစ္စည်း ဘယ်သူ့ပစ္စည်းလဲလို့မေးကြည့်ပေါ့၊ ပြီးတော့ ရေကန်ဘေးက ဘရာစီယာက ဘယ်သူ့ဟာလဲ ပြီးတော့ ...'

ဘဘာရာက ဆက်ပြောမည် လုပ်နေတုန်း ဒက်ဖနီက ထိုင်ရာမှ ထရပ်လိုက်သည်။ သူ့ ဒူးဆစ်တွေ ချောင်နေသလို ခံစားရသည်။

'တော်ပါတော့ ဘဘာရာ၊ ဆက်မပြောပါနဲ့ တော့'

'ကျွန်မလဲ ရှင် ပြန်လာရင် မပြောဘူးလို့ ဆုံးဖြတ်တာပဲ ဒက်ဖ်၊ ဒါပေမယ့် ရှင့်မျက်နှာမြင်ရတော့ မပြောဘဲ မနေနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် ရှင့်ကို ကျွန်မ သိပ်ချစ်တယ်၊ ရှင်ဟာ ကျွန်မရဲ့ အကောင်းဆုံး မိတ်ဆွေ၊ တွမ်ကလဲ မင်းအလုပ် မဟုတ်ဘူး၊ ဘာမှ ပြောမနေနဲ့လို့ ကျွန်မကို တားတယ်၊ ဒါပေမယ့် ...' ဘဘာရာ၏ မျက်လုံးများတွင် မျက်ရည်တွေ ဝဲလာသည်။ 'ဒါပေမယ့် ... ကျွန်မက ပါးစပ်ပိတ်ထားလို့ မရဘူး၊ ပြောစရာရှိတာ ပြောရမှာပဲ၊ ဂျပ်စတင်ဟာ ရှင်မရှိတုန်း ဒီအိမ်ကို မိန်းမ တစ်ယောက်ခေါ်ထားတယ် ဒက်ဖ်'

တစ်ယောက်မှ စကားမပြောကြ။ အကြာကြီး တိတ်ဆိတ်နေသည်။ နောက်တော့မှ ဒက်ဖနီက ပြောသည်။

'ရှင်အခုလို ပြောပြတာ ဝမ်းသာပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်၊ ဒါပေမယ့် ဘာမှ မပူပါနဲ့၊ ကျွန်မဟာ ကျွန်မ ကြည့်ရှင်းပါ့မယ်၊ ဒီကိစ္စက ကျွန်မနဲ့ ဂျပ်စတင်တို့ ကိစ္စပါ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရှင်နဲ့ကျွန်မနဲ့နောက်ထပ် ဘာမှမပြောချင်တော့ဘူး'

'ရပါတယ် ဒက်ဖ်၊ ရှင် သဘောမတူရင် ကျွန်မလဲ ဘာမှ မပြောတော့ပါဘူး'

ဘဘာရာ၏ ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီးကျလာကြသည်။

ဒက်ဖနီက ဘဘာရာထံသို့ သွားပြီး လက်နှစ်ဖက်ဖြင့် ဖက်လိုက်သည်။

'ငိုမနေပါနဲ့ ဘဘာရာ၊ တော်ပါ၊ ငိုမနေပါနဲ့တော့ ကဲပါ တောင်းပန်ပါတယ်၊ အလကားစိတ်ညစ်ခံ မနေပါနဲ့တော့၊ ဒါနဲ့ ရုပ်ရှင် ရိုက်ဖို့အချိန်နီးနေပြီ မဟုတ်လား၊ ငါးနာရီထိုးနေပြီ၊ ကဲ ရှင့်ဟာရှင်သာ စတူဒီယိုကို အရင်သွားနှင့်တော့ ဟုတ်လား၊ တော်လောက်ကြာရင် ကျွန်မလိုက်လာခဲ့မယ်၊ တကယ်လို့ ကျွန်မ နောက်ကျရင်လဲ အခုပဲ ရောက်ခါစရှိသေးတယ်လို့ ပြောလိုက်ပါ'

'ရှင်လာလို့ ဖြစ်ပါ့မလား ဒက်ဖ်'

ဘဘာရာက မျက်ရည်သုတ်ရင်း မေးသည်။

'ဖြစ်ပါတယ်၊ ကျွန်မ ဖြစ်အောင်လာခဲ့ပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဒက်ဖနီ မီးဖိုခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

အိပ်ခန်းထဲ တန်းဝင်လာသည်။ ဂျပ်စတင်၏ ပခုံးကိုလက် တုန်တုန်ယင်ယင်ဖြင့် တိုင်လှုပ်လိုက်သည်။ ဂျပ်စတင် လူးလွန့်လာသည်။ အိပ်ချင်မူးတူးဖြင့် မျက်လုံးကို မှေး၍ ကြည့်သည်။ ထို့နောက် လက်ပတ်နာရီကို စောင့်ကြည့်လိုက်သည်။ သည်တော့မှ ဒက်ဖနီပြန်ရောက်လာပြီဆိုသည်ကို သိရတော့သည်။

'ဟိုင်း… အချစ်၊ ပြန်ရောက်လာပြီ နော်'

'ဟုတ်တယ်' ဒက်ဖနီက ဂျပ်စတင်အား စိုက်ကြည့်နေသည်။ ပြီးတော့ ခုတင်ဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ 'ကဲ ဆိုစမ်းပါဦး၊ ကျွန်မမရှိတုန်း ဒီအိမ်မှာ ဘာဖြစ်နေကြသလဲ'

ဂျပ်စတင် အိပ်ရာပေါ်တွင် ထထိုင်လိုက်သည်။

'ဘုရားရေ ဘာတွေလာမေးနေတာပါလိမ့်၊ ဒါထက်ကလေး အခြေအနေ ဘယ်လိုလဲ အချစ်၊ သူနေကောင်းပါတယ်နော်'

'ကောင်းပါတယ်၊ ကလေး အကြောင်းထားလိုက်ပါ၊ လောလောဆယ် ရှင့်အကြောင်းပဲ ကျွန်မပိုပြီး စိတ်ဝင်စားတယ်၊ ရှင် ဒီမှာ ဘာတွေလုပ်နေတာလဲ၊ အဲဒါ ပြောစမ်းပါ'

'ဘာမှ မလုပ်ပါဘူး၊ ကိုယ်ဘာလုပ်နေလို့လဲ'

သူက တချက်သမ်းကာ ကိုယ်လက်များ ဆန့်လိုက်ပြီးနောက် ဒက်ဖနီ၏ ခြေထောက်ကို လှမ်းကိုင်လိုက်သည်။ 'အချစ်ကို ကိုယ်သိပ်အောက်မေ့တာပဲကွယ်'

'ဟုတ်ရဲ့လား၊ ဒီလိုဆို ကျွန်မမရှိတုန်း ဒီမှာ ရှင့်ဆီလာနေတဲ့ မိန်းမ ဘယ်သွား ထားမှာလဲ၊ ကျွန်မ တစ်ခုတော့ သေချာပေါက်ပြောနိုင်တယ်၊ ရှင့် ဒီမိန်းမက အတော့်ကို ကြီးပုံရတယ်၊ သူ့ဘရာစီယာက ကျွန်မခေါင်းနဲ့မှ အနေတော်ပဲ' သူ့စကားက ရယ်စရာကောင်းသော်လည်း သူကမရယ်၊ မျက်လုံးတွေက ခက်ထန်နေသည်။ သူ့ခြေထောက်ကိုင်ထားသော ဂျပ်စတင်၏လက်ကို တွန်းပစ်လိုက်သည်။

'အို ခက်တော့တာပဲ၊ ဒက်ဖ်ကလဲ ဘာတွေပြောနေတာလဲ၊ ကိုယ့်မိတ်ဆွေ တချို့လာလည်ကြတာပါ၊ တခြား ဘယ်သူမှ မလာပါဘူး'

'လာပါတယ်၊ ရှင်နဲ့အတူ ကောင်မတစ်ယောက်လာနေတယ်လို့ ဘာဘရာက ပြောတယ်'

'ဘုရားရေ၊ သူက အဲဒီလိုပဲ ပြောတယ် ဟုတ်လား၊ ဒီတိရစ္ဆာန်မက ဘယ်လို လုပ်သိတာလဲ၊ သူက ဒီမှာမှ မရှိတာ'

'ရှိတယ်၊ သူ ဒီအိမ်ကို နေ့တိုင်းလာပြီး ကျွန်မအတွက် စာတွေ လာသိမ်းတယ်'





'ဟင် … ဒါ တစ်ကယ်ပြောတာလား ဟင်' သူ့မျက်နှာ သွေးဆုတ်သွားသည်။

'ဟုတ်တယ် တစ်ကယ်ပြောတာ'

ဂျပ်စတင် ခုတင်ပေါ်တွင် ထထိုင်လိုက်ပြီး မျက်နှာကို လက်ဝါးနှင့်အုပ်ထားလိုက်သည်။ ခဏကြာတော့မှ ဒက်ဖနီအား မော့ကြည့်ပြီး

'ကိုယ့်ကို ခွင့်လွှတ်ပါ အချစ်ရယ်၊ ကိုယ်တောင်းပန်ပါတယ်၊ ဟုတ်ပါတယ်၊ ကိုယ်မှားပါတယ်၊ တစ်ကယ်တော့ ကိုယ်စိတ်ရှုးပေါက်မိတာပါ၊ ရုပ်ရှင်ရိုက်ပြီးလို့ သိပ်ပင်ပန်းသွားတဲ့အခါမျိုးမှာ ကိုယ်ဒီလိုပဲ တစ်ခါတလေ ဖြစ်တတ်ပါတယ် အချစ်ရယ်၊ ဒါပေမယ့် ဒီကိစ္စက အသေးအဖွဲပါ၊ ကိုယ် အလေးအနက်လုံးဝ မထားပါဘူး၊ ရုပ်ရှင်လောကသားတွေအကြောင်းကို အချစ်လဲ အများကြီးသိပြီးပြီပဲ၊ တစ်ခါတလေ ဒီလိုပဲ စိတ်ရှုးပေါက်တတ်ကြပါတယ်'

'ရှင့်ဟာရှင် စိတ်ရှုးပေါက်တာကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ကျွန်မ ရှိနေတုန်း ကျွန်မအိမ်ပေါ်ကို တခြားမိန်းမတစ်ယောက် ခေါ်လာတာ တရားသလား၊ ကျွန်မ အိပ်ရာပေါ်မှာ ဖြစ်ချင်တိုင်း ဖြစ်နေကြတာ တရားသလား'

ဒက်ဖနီ၏ မျက်နှာတွင် မျက်ရည်တွေ စီးကျလာသည်။ သူ သစ္စာဖောက်ခံလိုက်ရပြီ။ ဘယ်တုန်းကမှ မကြုံဖူးသော ဝမ်းနည်းကြေကွဲခြင်း ဝေဒနာကို ဆို့နင့်စွာ ခံစားရသည်။

'ကိုယ် တောင်းပန်ပါတယ် အချစ်ရယ်၊ ကိုယ်မှားသွားပါတယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါ အချစ်ရယ်၊ ကိုယ်အချစ်ကို တမင်သစ္စာဖောက်ချင်လို့ မဟုတ်ရ …'

'တော်စမ်းပါ ရှင့်စကားမကြားချင်ဘူး'

ဒက်ဖနီသည် မျက်နှာကို မွေ့ရာပေါ် အပ်ကာ ရှိုက်ငိုနေသည်။

ဂျပ်စတင်က ဒက်ဖနီ၏ကျောကုန်းနှင့် ဆံပင်များကို အသာအယာ ပွတ်သပ်နေသည်။ သူက ဂျပ်စတင်အား အခန်းထဲမှ မောင်းထုတ်ပစ်လိုက်ချင်သည်။ သို့သော် ပါးစပ်က ပြောမထွက်။ ထိုစကားကို ပြောရန် အားအင်မရှိတော့သလို နွမ်းနွဲ့ ပန်းလျနေသည်။

'ကိုယ့်ကိုခွင့်လွှတ်ပါ အချစ်ရယ်၊ ကိုယ်အရက်မူးပြီး သတိလွတ်သွားလို့ ဒီလို ဖြစ်ရတာပါကွယ်၊ အချစ်မရှိတော့ စိတ်ပျက်ပျက်နဲ့ ထင်ရာလုပ်မိတာပါ အချစ်ရယ်၊ ဒါကြောင့်မို့ ကိုယ့်စိတ်ကိုယ် သိလို့မက္ကစီကိုကို သွားကြမယ်လို့အချစ်ကို ကိုယ်ပြောသားပဲ၊ အခုတော့ အချစ်မရှိတော့ ကိုယ့်မှာတစ်ယောက်တည်း ပျင်းကျန်ရစ်ပြီး စိတ်လေလေနဲ့ …' သူက ပြောရင်း ငိုသည်။ ဒက်ဖနီအား မျက်နှာငယ်လေးဖြင့် တောင်းပန်တိုးရှိုးကြည့်နေသည်။ ဒက်ဖနီမှာ ဒေါသစိတ်တွေ အရည်ပျော်ကျကုန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်တိုက်ခိုက်နိုင်စွမ်းမရှိတော့။ ဂျပ်စတင်က ဆက်ပြောသည်။ 'အချစ်ကို ကိုယ်အများကြီး ချစ်ပါတယ် အချစ်ရယ်၊ ကိုယ်အခု လုပ်မိတာက အသေးအဖွဲ ကလေးပါ၊ ကိုယ်တကယ်စိတ်ပါလို့ မဟုတ်ပါဘူး' သူက မျက်ရည်များကို ပြန်သုတ်လိုက်ရင်း 'နောက်တော့ ဒီအလုပ်မျိုးကို ကိုယ်ဘယ်တော့မှ မလုပ်တော့ပါဘူးကွယ်၊ ကိုယ်ကတိပေးပါတယ်၊ ယုံပါ အချစ်ရယ်၊ ကိုယ် ကျိန်တွယ်ပြီး ပြောရဲပါတယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါကွယ်၊ အချစ်ကို ကိုယ် ဘယ်တော့မှ လက်လွှတ်မခံနိုင်ပါဘူး အချစ်ရယ်' သူက ဒက်ဖနီ၏ ပေါင်ပေါ်တွင် မျက်နှာအပ်ရင်း ပြောသည်။

'ဒီစကားတွေကို ရှင် အခုမှပြောနေလို့ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ၊ ဟို ကောင်မလေးကို ကျွန်မ အိပ်ရာပေါ် မခေါ်လာခင်ကတည်းက စဉ်းစားမိဖို့ သင့်တာ' ဒက်ဖနီတွင် ဒေါသစိတ်မရှိတော့။ ကြေကွဲ ဝမ်းနည်းခြင်းကိုသာ တနုံနုံ ခံစားနေရတော့ သည်။ 'ရုပ်ရှင်ရိုက်နေတုန်း၊ ရှင်က ဒီလိုပဲ အမြဲတမ်းလုပ်တတ်သလား ဟင်'

'အဲဒီလိုမဟုတ်ပါဘူး အချစ်ရယ်၊ အမှန်အတိုင်း ပြောရရင် ဒီကား ရိုက်တာ ကိုယ့်အနေနဲ့ အပင်ပန်းဆုံးပဲ၊ ကိုယ် ဘယ်တုန်းကမှ ဒီလောက်မကြိုးစားခဲ့ဖူးပါဘူး၊ ဒီလို ကြိုးစားရတာကလဲ အချစ်ကို ချစ်လွန်းလို့ပါ၊ ဒီဇာတ်ကားကို ကောင်းသထက် ကောင်းစေချင်လွန်းလို့ပါ၊ ဒီတစ်ကြိမ်တော့ ကိုယ့်ကို ခွင့်လွှတ်ပါတော့ အချစ်ရယ်၊ ကိုယ်တို့ အချစ်သစ်နဲ့ ဘဝသစ်ကို ပြန်စကြရအောင်နော်' သူက တကယ့်ကို ကြေကွဲ ဝမ်းနည်းဟန်ဖြင့် ကလေးငယ် တစ်ယောက်လို တောင်းပန်နေသည်။

'ကျွန်မတော့ ဘယ်လိုမှ မပြောတတ်တော့ဘူး ဂျပ်စတင်'

ဒါဆို ကိုယ့်ကို ခွင့်မလွှတ်နိုင်တော့ဘူးလား အချစ်ရယ်၊ နောက်ထပ် ဒီအဖြစ်မျိုး ဘယ်တော့မှ မကြုံစေရတော့ပါဘူးကွယ်'

'ကျွန်မ ဘယ်လိုလုပ်ပြီး ယုံရမှာလဲ ကျွန်မက ရှင့်အနားမှာ အမြဲတမ်း ထိုင်စောင့်မနေနိုင်ဘူး၊ ကျွန်မ တစ်နေရာသွားနေတုန်း ရှင်ကဒီလိုပဲ ပြန်ပြီးစခန်းသွားနေရင် ဘယ်လိုလုပ်မလဲ'

'ကိုယ် ဘယ်တော့မှ မလုပ်တော့ပါဘူးကွယ်၊ အချစ်စိတ်မချရင် အချစ်သွားတဲ့နေရာ ကိုယ်လဲအမြဲတမ်း လိုက်ပါ့မယ်'

'လောလောဆယ်တော့ ကျွန်မ ဘယ်လိုမှ မဆုံးဖြတ်တတ်တော့ဘူး ဂျပ်စတင်၊ ကျွန်မစိတ်ထဲမှာတော့ ရှင်နဲ့ကျွန်မတို့ ဒီဘဝဒီမျှနဲ့ပဲ ဇာတ်သိမ်းလိုက်ကြရင် ပိုကောင်း လိမ့်မယ်လို့ ထင်တာပဲ'

ဂျပ်စတင်က ခေါင်းကို ဖြည်းဖြည်း ခါယမ်းလိုက်သည်။ ပြီးတော့ ဒက်ဖနီ၏ လက်ကို ဆုပ်ကိုင်ရင်း

'ဒီလောက်လဲ ဆန္ဒမစောပါနဲ့ အချစ်ရယ်၊ ကိုယ်တောင်းပန်ပါတယ်ကွယ်၊





ဒီတစ်ကြိမ်တော့ ကိုယ့်ကို အခွင့်အရေး ပေးပါဦး အချစ်ရယ်၊ အချစ်ဟာ ကိုယ့်အတွက် လိုအပ်ပါတယ်ကွယ်'

'ဘာဖြစ်လို့လဲ၊ ကျွန်မကိုမှ ဘာဖြစ်လို့ လိုအပ်တာလဲ၊ တင်ကားကား ရင်ထွားထွားနဲ့ ရှင့်ကောင်မလေး ရှိသားပဲ မဟုတ်လား'

'သူက အသက်နှစ်ဆယ့်နှစ်နှစ်အရွယ် စားပွဲထိုးမလေးပါ၊ အချစ်နဲ့ ဘယ်လိုမှ ယှဉ်လို့ မရပါဘူး'

'သူက အရင် ရှင်နဲ့တွဲခဲ့တဲ့ ကောင်မလေးလား'

'ဟုတ်ပါတယ်၊ ကိုယ်တို့ ရုပ်ရှင် အဖွဲ့သားတွေ နားရက်ရတာကို သိလို့ ကိုယ့် ဆီ ဖုန်းလှမ်းဆက်တာ'

'သူက လှမ်းဆက်တယ် ဟုတ်လား၊ ရှင် ဒီမှာ ရှိနေမှန်း သူဘယ်လိုလုပ်သိ သလဲ'

'ဘုရားရေ ကိုယ်တော့ အချစ်ကို ဘယ်လိုမှ ပြောလို့ မနိုင်နိုင်တော့ပါဘူး၊ အချစ်က တစ်ဖက်သား လုံဝမလှုပ်နိုင်အောင် လေးဖက်လေးတန်ပိတ်ဆို့ထားသလို ဖြစ်နေပြီ၊ ဟုတ်ပါတယ်၊ ကိုယ်ဝန်ခံ ပါတယ်ကွယ်၊ သူ့ကို ကိုယ်လှမ်းခေါ်လိုက်တာပါ၊ ဒီအခြေအနေရောက်မှတော့ ကိုယ်ဘာမှ ညာမနေတော့ပါဘူး၊ အမှန်အတိုင်းပဲ ဝန်ခံပါ တော့မယ်'

'ဒါဖြင့် ရှင်သူ့ကို ဘယ်တုန်းက ခေါ်လိုက်တာလဲ၊ ကျွန်မ မသွားခင် ကတည်း ကလား၊ သွားပြီးမှလား၊ ရှင်သူနဲ့ ဘယ်အချိန်ကစပြီး တွဲနေတာလဲ'

'အို ...ဒါကအကြောင်းမဟုတ်ပါဘူး၊ အချစ်ရယ်၊ လွန်ခဲ့တဲ့ သုံးလလောက် ကတည်းကစပြီး ကိုယ်ဟာ အချစ်အနားက တစ်ဖဝါးမှ မခွာဘဲနေ့ရောညပါ အမြဲတမ်း ရှိနေခဲ့တယ်ဆိုတာ အချစ်သိပါတယ်၊ အချစ်နဲ့တွေ့ပြီးတဲ့ အချိန်ကစပြီး ကိုယ်ဘယ် မိန်းမနဲ့မှမတွဲခဲ့ပါဘူး၊ အဲအခု ဒီတစ်ခါကလွဲရင်ပေါ့လေ'

'ရှင်ပြောတော့ သူကရုပ်ရှင်မင်းသမီးဆို'

'ဟုတ်ပါတယ်၊ သာမာန်ဇာတ်ရန်ကလေးပါ၊ ဒါပေမယ့် အခုရုပ်ရှင်မရိုက်ရ တော့ပါဘူး၊ စားပွဲထိုးမယ် လုပ်နေတယ်၊ သူကဘာမှ အဆင့်အတန်း မရှိဘူး၊ အချစ်နဲ့ ယှဉ်လိုက်ရင် အပုံတစ်သောင်းပုံ တစ်ပုံလောက်တောင် တန်ဖိုးမရှိပါဘူး၊ သူ့အကြောင်း ဒီလောက်နဲ့ပဲ တော်ပါတော့ကွယ်၊ မေ့ပစ်လိုက်ပါတော့၊ ကိုယ်တစ်ကြိမ် တစ်ခါမှားခဲ့ မိတာ ခွင့်လွှတ်ပါ၊ နောက်ကို ဒီလိုဘယ်တော့မှ မဖြစ်စေရတော့ပါဘူး၊ ကိုယ် ကတိ ပေးပါတယ်၊ ဒါနဲ့ အချစ်မကျေနပ်သေးဘူးဆိုရင် ကိုယ့်ကို ကြိုက်သလို အပြစ်ပေး ပါ၊ ကိုယ်ခံယူဖို့ အသင့်ပါပဲ'

ဒက်ဖနီသည် ခုတင်ပေါ်မှဆင်းကာ ကုလားထိုင်တွင် ဝင်ထိုင်သည်။ တစ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



လုံးကို လှည့်ကြည့်လိုက်သည်။ သူ ဤအခန်းကို ရွံမုန်းမိသည်။ တစ်အိမ်လုံးကိုပင် မသတီချင်တော့သလို ဖြစ်မိသည်။ သူက ဂျပ်စတင်၏မျက်နှာကို မော့ကြည့်လိုက်သည်။

'ဒါပေမယ့် ရှင့်ကိုရှေ့ဆက်ပြီး ကျွန်မ ဘယ်လိုယုံနိုင်ပါတော့မလဲ'

ဂျပ်စတင်က ဒက်ဖနီနှင့် မျက်နှာချင်းဆိုင် ခုတင်ပေါ်တွင် ထထိုင်လိုက်သည်။ ပြီးတော့ တည်ငြိမ်သော အသံဖြင့် ပြောသည်။

'တကယ်တော့ ကိုယ့်တို့တစ်တွေဟာ ပုထုဇဉ်လူသားတွေပါ ဒက်ဖ်၊ ဒီအပြစ်မျိုးဆိုတာက မရှောင်မလွှဲသာတဲ့အခါ၊ ကြုံရတတ်စမြဲပါ၊ အချစ်လဲ တစ်နေ့နေ့မှာ ဒီလိုပဲ ကြုံရမှာပဲ၊ ဒီတော့ အကောင်းဆုံးက ဒီဖြစ်ရပ်မျိုး ကြုံလာရင် မေ့ပစ်လိုက်တာ အကောင်းဆုံး ပါပဲ၊ တစ်ယောက်အပေါ်တစ်ယောက် ခွင့်လွှတ်ခြင်းသာလျှင် အကောင်းဆုံးဖြစ်နိုင်ပါတယ်ကွယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါအချစ်ရယ်၊ နောင်ကို ဒီလိုဘယ်တော့မှ မဖြစ်စေရတော့ပါဘူး၊ ကိုယ့်ကို ယုံပါတော့နော်၊ အချစ်၊ ယုံပါတော့နော်'

'ကျွန်မ ဘယ်လိုလုပ် ယုံရမှာလဲ'

'ကိုယ်လက်တွေ့ပြပါ့မယ်၊ နောက်တော့ အချစ်က ယုံကို ယုံလာစေရမယ်၊ အချစ်ရင်ထဲမှာ ဘယ်လောက်အထိ ခံစားနေရတယ်ဆိုတာ ကိုယ်သဘောပေါက်ပါတယ်၊ ဒါပေမယ့် ဒါလောက်လေးနဲ့တော့ ကိုယ်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကို အဆုံးသတ် မပစ်သင့်ပါဘူးကွယ်' သူက ဒက်ဖနီ၏ပါးနှစ်ဖက်ကို လက်ဖြင့် တယုတယ ပွတ်သည်။ ဒက်ဖနီက မလှုပ်မယှက်ငြိမ်သက်နေသည်။ ဂျပ်စတင်က ဒက်ဖနီအားရင်ခွင်ထဲသို့ဆွဲသွင်းပြီး 'အချစ်ကို ကိုယ်သိပ်ပြီး ချစ်ပါတယ် အချစ်ရယ်၊ ကိုယ် ဘယ်လောက်ချစ်တယ်ဆိုတာ အချစ်မသိပါဘူး၊ တစ်နေ့ကျတော့ အချစ်ကို လက်ထပ်ယူဖို့ ကိုယ်ဆုံး ဖြတ်ပြီးသားပါ'

'ဒီပုံအတိုင်းသာ ဆိုရင်တော့ ဘယ်နည်းနဲ့မှ သာယာတဲ့ အိမ်ထောင်ရေး ဖြစ်လာမှာမဟုတ်ဘူး၊ အရှင်လတ်လတ် ငရဲပြည်ရောက်ရတာထက်တောင် ပိုဆိုးဦးမယ်'

'မဆိုးပါဘူး အချစ်ရယ်၊ ကိုယ် ကတိပေးပါတယ်၊ ဘယ်နည်းနဲ့မှ မဆိုးစေရပါဘူး၊ ကိုယ်တို့နှစ်ယောက် စိတ်တူကိုယ်တူနဲ့ သာယာတဲ့ အိမ်ထောင်ရေးကို ထူထောင်နိုင်မှာပါ'

'ရှင် လက်ထပ်မယ်ဆိုတာက တကယ်လေးလေးနက်နက် ပြောတာလား'

'ဟုတ်ပါတယ်၊ တကယ် လေးလေးနက်နက်ပြောတာပါ၊ ကိုယ့်ဘဝမှာ အချစ်လို ချစ်သူမျိုးတစ်ယောက်မှ မတွေ့ခဲ့ဖူး သေးပါဘူး'

'ဒါပေမယ့် ရှင်က ကျွန်မသားလေးနဲ့မှ တစ်ခါမှ မတွေ့ရသေးတာ'





'ဒါက လွယ်ပါတယ်၊ နောက်တော့ တွေ့ရမှာပေါ့၊ နောက်တစ်ခေါက် သူ့ဆီသွားရင် ကိုယ်လဲ လိုက်ပါ့မယ်၊ ကိုယ်တို့ နှစ်ယောက်က ရှေ့ဆက်ပြီး ခရီးရှည်ကြီး လျှောက်ရဦးမှာပါ အချစ်ရယ်၊ ဒါကြောင့်မို့ တစ်ကြိမ်တစ်ခါ ကိုယ်မှားမိတာကို အပြစ်မယူပါနဲ့နော်၊ ခွင့်လွှတ်ပါနော် အချစ်နော်'

ဒက်ဖနီက ဘာမှမပြော။ ဂျပ်စတင်၏ မျက်နှာကိုသာ စေ့စေ့ကြည့်နေသည်။ ဂျပ်စတင်က ဒက်ဖနီ၏နှုတ်ခမ်းကို ရွရွကလေး စုပ်နမ်းလိုက်သည်။ 'သိပ်ချစ်တာပဲ အချစ်ရယ်၊ တစ်ကယ့်ကို အသည်းနှလုံးထဲက ချစ်တဲ့အချစ်ပါ' ဒက်ဖနီ၏မျက်နှာပေါ်သို့ သူ့မျက်ရည်တွေစီးကျလာသည်။ သူက ဂျပ်စတင်အား ဖက်ထားလိုက်သည်။ ဂျပ်စတင်က ပြန်ဖက်ပြီး ဆံပင်ကိုလက်ဖြင့် အသာအယာပွတ်သပ်ရင်း ချော့နေသည်။

နောက်ဆုံးတွင် ဒက်ဖနီ အငိုတိတ်သွားသည်။

'ဒါနဲ့ ကိုယ်တို့ စတူဒီယိုကို သွားရဦးမယ်နော်'

'ဘယ်အချိန်ရှိပြီလဲ'

'ခြောက်နာရီ ဆယ့်ငါးမိနစ် ရှိနေပြီ'

ဒက်ဖနီ မျက်လုံးပြူးသွားပြီး

'ဟင်အဲဒါမှ ဒုက္ခပဲ၊ ဟောဒပေတော့ ဒေါသူပုန်ထနေတော့မှာ သေချာတယ်'

'အို ထချင်လဲထပါစေတော့ အချစ်ရယ်၊ မထူးတော့ပါဘူး၊ ကိုယ်တို့ နှစ်ယောက် အခုလိုသာ ပျော်နေရမယ်ဆိုရင် ကိုယ်ကတော့ သူဆူရုံမကလို့ ရိုက်လဲခံရဲပါတယ်'

သူက ထိုင်ရာမှ ထကာ ဒက်ဖနီ၏ တစ်ကိုယ်လုံးကို ပွေ့ချီလိုက်လေသည်

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၃ )

ဂျပ်စတင်နှင့်ဒက်ဖနီတို့သည် စတူဒီယိုသို့ ရှစ်နာရီဆယ့်ငါးမိနစ်တွင်မှ ရောက်လာကြသည်။

ထိုအချိန်တွင် ဒါရိုက်တာကြီး ဟောဝပ်မှာ အကြီးအကျယ် ဒေါကန်နေပြီ။

သူက ဂျပ်စတင်နှင့် ဒက်ဖနီတို့အား စိမ့်စိမ်းကြီး ကြည့်ကာ ပစ်ဆူတော့သည်။

'ဘာလဲ မင်းတို့က ရှစ်ရှင်ရိုက်ဖို့ ချိန်းထားတာကို ပါတီပွဲတတ်ဖို့ လာတာများ မှတ်နေကြသလား ဟင်၊ သုံးနာရီတိတိကြီးများတောင် နောက်ကျရသတဲ့ကွာ၊ ဒါဖြင့်ဒီအဖြစ်မျိုး ကြုံ ကြုံဖူးပါဘူး၊ ဒီအချိန်မှ ဘာလုပ်ဖို့လာကြသေးတာတုံး၊ တစ်နေကုန်ဖက်ပြီး အိပ်နေကြပါလား၊ အံ့ပါရဲ့ကွာ၊ ပြော မပြောချင်ဘူး ထွီ' သူက လက်ထဲတွင် ကိုင်ထားသော ဇာတ်ညွှန်းစာမူကို စိတ်ပေါက်ပေါက်ဖြင့် တာအားလွှင့်ပစ်လိုက်သည်။

ဂျပ်စတင်က ဘာမှမဖြစ်သလို အမူအရာဖြင့် အဝတ်အစားလဲခန်းထဲ ဝင်သွားသည်။ ဒက်ဖနီကတော့ ကြောက်ကြောက်ဖြင့် ကုလားထိုင်ပေါ်တွင် ငြိမ်ပြီးထိုင်နေသည်။

ထိုအခိုက် ဘာဘရာရောက်လာပြီး သူ့ဘေးမှ ကုလားထိုင်လွတ်တွင် ဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင်း

'ကော်ဖီ ..သောက်မလား'

'ကောင်းသားပဲ၊ ဒါရိုက်တာက ကော်ဖီခွက်ထဲ အဆိပ် ထည့်မထားရင်တော့ သောက်ချင်တယ်'

'ဘာမှ မဖြစ်ပါနဲ့ ဒက်ဖ်၊ အဖွဲ့သားတွေ တစ်ဝက်လောက်ကို နောက်ကျနေကြတာ၊ ဒါကြောင့် သူက သိပ်ပြီး ဒေါကန်နေတာ၊ နားရက်ယူပြီး ပြန်လာရင် လူတိုင်း ဒီလို ဖြစ်တတ်တာပဲ၊ အဆန်း မဟုတ်ပါဘူး'

'ဒီစကားကတော့ ဒီနှစ်ထဲမှာ စိတ်ချမ်းသာစရာ အကောင်းဆုံး စကားပဲ'

ဒက်ဖနီက စတူဒီယို ရောက်လာပြီးချိန်မှစ၍ ပထမဆုံးအကြိမ် ပြုံးလိုက်သည်။

ဘာဘာရာက ကော်ဖီ ယူလာပေးသည်။ ဒက်ဖနီသည် နောက်ပိုင်းကျတော့ တဖြည်းဖြည်းနှင့်နေသာထိုင်သာ ရှိလာသည်။ သို့သော် ညဏအိပ်ရေးပျက်ခဲ့သောကြောင့် ကိုယ်ရော့စိတ်ပါ နွမ်းနယ်နေသည်။

ညနေ ခြောက်နာရီတွင် ရုပ်ရှင်ရိုက်ပြီးသွားသည်။ ဂျပ်စတင်နှင့်အတူ အိမ်သို့ ပြန်လာသည်။ အိပ်ခန်းထဲ တန်းဝင်လာပြီး ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်သည်။

ဂျပ်စတင် လက်ဖက်ရည် ယူလာပေးသည်။ ညစာယူလာပေးသည်။ သူက ဒက်ဖနီအား ရောဂါသည်တစ်ယောက်လို ပြုစုပေးနေသည်။ သူ သည်အထိ ဘာကြောင့် ဂရုစိုက်နေသည်ကို ဒက်ဖနီသိသည်။ သို့သော် ဘာမှ မပြောဘဲ ငြိမ်နေလိုက်သည်။ နောက်ပိုင်းတွင် ဂျပ်စတင်သည် မီးဖိုခန်းထဲသွားပြီး ပန်းကန် ခွက်ယောက်များသိမ်းဆည်းနေသည်။

ဒက်ဖနီမှာ ခေါင်းအုံးတစ်ဝက် နစ်အောင် ပါးအပ်ပြီး အိပ်နေသည်။

ထိုအချိန်တွင် မက်သယူးဆီက ဖုန်းလာသည်။

မက်သယူးအသံကြားလိုက်ရတော့ ဝမ်းသာသွားသည်။

'ဟဲလို ... မက်' သူ့ အသံက တိုးတိုးကလေး။ အိပ်ခန်းတံခါး ပိတ်ထား၍ တော်ပါသေးသည်။

'အသံက ပျော့လှချည်လား ဒက်ဖ်၊ နေလို့မကောင်းရဲ့လား ဟင်'

'ဟုတ် ... ဟုတ်ကဲ့ ကောင်းပါတယ်၊ ဒါနဲ့ သားလေး ဘယ့်နှယ့်နေသလဲ'

'မဆိုးပါဘူး၊ ခင်ဗျားက မနေ့က ပြန်သွားတယ်ဆိုတော့ ဖြေသာသေးတာပေါ့၊ လေယာဉ်စီးရတာ အဆင်ပြေရဲ့လား'

'ဟုတ်ကဲ့ ပြေပါတယ်၊ ကျွန်မ လေယာဉ်ပေါ် အိပ်ပျော်လာသေးတယ်'





'ခင်ဗျား အသံကြားရတာ ကျွန်တော့် စိတ်ထဲမှာတော့ တစ်မျိုးကြီးပဲ ဒက်ဖ်၊ ခင်ဗျား ဘယ်လိုခံစားနေရလို့လဲ ဟင်၊ ကျွန်တော်ကူညီလို့ရနိုင်မယ်ဆိုရင် ကူညီပါရစေ၊ ပြောသာပြောပါ ဒက်ဖ်'

'ရှင် ကူညီလို့ ရနိုင်မယ်ဆိုရင်တော့ သိပ်ကောင်းတာပေါ့ မက်' သူက ရိုက်ငိုရင်း ပြောသည်။ 'ကျွန်မ မရှိတုန်း ဒီမှာ ပြဿနာ တက်နေလို့'

'ခင်ဗျား မိတ်ဆွေကြောင့်လား'

'ဟုတ်တယ်၊ ကျွန်မ မရှိတုန်း သူက မိန်းမတစ်ယောက်နဲ့ ခေါ်ပြီး စခန်းသွားနေတယ်၊ ပြောရရင်တော့ ဇာတ်လမ်းက အရှည်ကြီးပဲ မက်၊ အခုတော့ သူလဲ သူ့ အပြစ်နဲ့သူ တော်တော် ခံနေရပြီ'

'ခင်ဗျားက အဲဒီအကြောင်းကို မောင်းထုတ်လိုက်လို့လား'

'မထုတ်ပါဘူး၊ ပထမတော့ ကျွန်မက မောင်းထုတ်လိုက်မလို့ ပါပဲ၊ ဒါပေမယ့် ... ဒါပေမယ့် ... အို ... ကျွန်မ ဘယ်လိုပြောရမှန်း မသိတော့ပါဘူး မက်၊ အခု သူ တော်တော် စိတ်မချမ်းသာ ဖြစ်နေတယ်၊ အမှန်ကတော့ သုံးလလုံးလုံး ရုပ်ရှင်ရိုက်ပြီး စိတ်မအား လူမအား ဖြစ်ခဲ့ရလို့ စိတ်မထိန်းနိုင်ဘဲ ဒီလိုဖြစ်သွားတာနဲ့ တူပါတယ်'

'အဲဒီလိုဆို ခင်ဗျားကို ဘယ်လိုမြှောမှာလဲ၊ ခင်ဗျားက သူ့ထက်တော့ ပင်ပန်းပါသေးတယ်၊ ဇာတ်ညွှန်းကိုလဲ ခင်ဗျားပဲ ရေးရတာပဲ မဟုတ်လား၊ ခင်ဗျားက အဲဒီ အကြောင်းပြချက်နဲ့ သူ့ကို ခွင့်လွှတ်လိုက်တယ် ဆိုပါတော့ ဟုတ်လား'

'အဲဒီလိုလဲ မဟုတ်ပါဘူး မက်၊ ကျွန်မက အခုတော့ သူ့အခြေအနေ စောင့်ကြည့်ချင်သေးတယ်'

'စောင့်ကြည့်ရလောက်အောင် တန်ဖိုးရှိတယ် ထင်လို့လား'

'လောလောဆယ်တော့ ထင်တုန်းပဲ၊ အတိတ်ကာလမှာ ကျွန်မ ဆုံးရှုံးခဲ့ရတာတွေ များလှပြီ မက်' သူက ပြောရင်း ငိုသံပါလာသည်။

'ဒါဆိုရင် ဒီအဖြစ်ကို လက်ခံနေစရာ လိုသေးသလား၊ လက်ခံနေရင် တန်ဖိုးမဲ့သွားမှာပေါ့'

မက်သယူး၏ တုံ့ပြန်ချက်ကြောင့် ဒက်ဖနီလန့်သွားမိသည်။

'ရှင်က နားလည်နိုင်မှာ မဟုတ်ပါဘူး၊ ရုပ်ရှင်သမားတွေက အားလုံး ဒီအတိုင်း ပဲဖြစ်ပါလိမ့်မယ်၊ မှားတဲ့ အခါလဲ မှားမိကြမှာပေါ့၊ ကျွန်မတော့ ဘဝကို ခဏခဏ အသစ်ပြန်စရလွန်းလို့ စိတ်ပျက်လှပြီ မက်'

'စ သင့်ရင် ဘယ်နှစ်ကြိမ်ပဲ ဖြစ်ဖြစ် ပြန်စရမှာပေါ့၊ ခင်ဗျားက သတ္တိရှိပါတယ်၊ အားမာန်ရှိပါတယ်၊ ဒါကို မမေ့ပါနဲ့'

'ကျွန်မမှာ သတ္တိတွေ အားမာန်တွေ ရှိချင် ရှိပါလိမ့်မယ်၊ ဒါပေမယ့် အဲဒီ

www.burmeseclassic.com



သတ္တိတွေ အားမာန်တွေကို ကျွန်မ အသုံးမချချင်တော့ သလိုပဲ၊ တကယ်တော့ ကျွန်မမှာ သတ္တိတွေ အားမာန်တွေ ဘာမှ မရှိကြတော့ပါဘူး'

'ရှိပါတယ်၊ ခင်ဗျားမှာ သတ္တိတွေ အားမာန်တွေ အမြဲတမ်းရှိနေတယ်လို့ ကျွန်တော်တော့ တကယ် ယုံကြည်ထားတယ်'

'ပြီးတော့လဲ ကျွန်မတို့က တစ်ယောက်နဲ့ တစ်ယောက် ငဲ့စရာတွေ ရှိသေးတယ်'

'ဘာ ငဲ့စရာရှိတာလဲ၊ ခင်ဗျား မရှိတုန်းတခြား တစ်ယောက်နဲ့ စခန်းသွားနေတာ သူက ခင်ဗျားကို ငဲ့တာလား'

'ဟုတ်ပါတယ်၊ ဒါကို ကျွန်မ နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်မ အနေနဲ့ ခဏတော့ စောင့်ကြည့်ရဦးမယ် မက်'

ဒက်ဖနီက သက်မတစ်ချက်ချကာ မျက်ရည်တွေကို သုတ်လိုက်သည်။

'ကောင်းပြီလေ၊ ကိုယ်သဘောပေါက်ပါတယ် ဒက်ဖ်၊ **ခင်ဗျားအတွက်** မှန်တယ် ထင်တာကို လုပ်ပိုင်ခွင့် ခင်ဗျားမှာ ရှိပါတယ်၊ ဒါပေမယ့် **ကိုယ့်ကိုယ်ကိုယ်** ဖိထောင်းတာမျိုးတော့ မဖြစ်ပါစေနဲ့လို့ ကျွန်တော် ဆုတောင်း**လိုက်ပါတယ်**'

ဒက်ဖနီသည် တယ်လီဖုန်းကို ပြန်ချလိုက်ပြီးနောက် **ခေါင်းအုံးတွင် မျက်နှာ** အပ်ကာ ရှိုက်ကြီးတငင် ငိုနေသည်။

ဂျပ်စတင် ဝင်လာတော့ အံ့အားသင့်နေသည်။ သူ ဘာကြောင့်များ ငိုနေတာပါလိမ့်။

'အို ဘာဖြစ်လို့ ငိုနေရပြန်တာလဲ အချစ်ရယ်၊ တိတ်ပါကွယ်၊ မငိုပါနဲ့ အချစ်ရယ်၊ တိတ်ပါတော့ကွယ်၊ ဘာမှ မဖြစ်တော့ပါဘူး၊ အားလုံးပြေလည်သွားပါပြီ အချစ်ရယ်၊ ပျော်ပျော်နေစမ်းပါတော့ အချစ်ရယ် နော် နော်'

ဂျပ်စတင်က ဒက်ဖနီအား ပွေ့ချီကာ ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။ ဒက်ဖနီက ငိုရှိုက်နေသည်။

အတော်ကလေးကြာတော့ ဂျပ်စတင်၏ရင်ဘတ်ပေါ်တွင် ခေါင်းမှီရင်း အိပ်ပျော်သွားသည်။

ဂျပ်စတင်က ဒက်ဖနီအား အိပ်ရာပေါ်တွင် နေသားတကျ ပြန်သိပ်ထားလိုက်ပြီးနောက် အခန်းမီးကို ပိတ်လိုက်သည်။

ထို့နောက် ဒက်ဖနီ၏ ဘေးတွင် ဝင်အိပ်လိုက်သည်။

သူက အိပ်ပျော်နေသော ဒက်ဖနီ၏မျက်နှာကို ကြည့်ရင်း တွေးနေမိသည်။

ငါ့လုပ်ရပ်ဟာ မှန်ပါ့မလား။ တခြားမိန်းမတွေထက် သူ့ကို ငါချစ်တာတော့ အမှန်ပဲ။ ဒါပေမယ့် သူ့သဘောကျ ငါလိုက်နာနိုင်ပါ့မလား။





ဂျပ်စတင်သည် သူ့ဘဝနှင့် ဒက်ဖနီ၏ ဘဝကို ချိန်ထိုးကြည့်သည်။ သူက ဒက်ဖနီအား တစ်ကယ်ချစ်တာတော့အမှန်။ သို့သော် အခြေခံဘဝချင်းက လုံးဝ မတူကြ။ ဒက်ဖနီကအရာရာကို အလေးအနက်ထားသည်။ အချစ်စစ် အချစ်မှန်ကိုလိုချင်သည်။ တစ်ပွင့်တည်းသာ ပန်ချင်သည်။

သို့သော် သူကတော့ ဒက်ဖနီလို မဟုတ်။ လူ့ဘဝကို ရလာခိုက် ပျော်ပျော်နေချင်သည်။ အချစ်သစ်ကြောင့် နှလုံးခုန်ရတာကို တပ်မက်သည်။ မိတ်သစ် ဆွေသစ် အပေါင်းအသင်းသစ်တွေနှင့် နေရတာကို နှစ်သက်သည်။

တကယ်တော့ သူတို့ နှစ်ယောက်၏ ဘဝသည် ဘယ်လိုမှ ဆက်စပ်၍ မရသော ဘဝနှစ်ခုပါကလား။

ဂျပ်စတင်က ယင်းသို့ တွေးနေချိန်တွင် ဝေးလံလှသော နယူးဟမ်းပရှိုင်းယားနယ်မှ မက်သယူးတစ်ယောက်မှာတော့ အမှောင်ထဲတွင် ထိုင်ကာ မီးလင်းဖိုကို မျက်တောင်မခတ် စိုက်ကြည့်ရင်း ကိုတ်တနီးအချစ်ဝေဒနာကို နာကျင်စွာ ခံစားနေရလေသည်။

သူသည် ဒက်ဖနီအပေါ် ချစ်မိသည့် အတွက် ငါလူမိုက် ငါ့ အလကားလူဟုလည်း သူ့ကိုယ်သူ ကျိန်ဆဲမိသည်။ ဂျပ်စတင်ဝိတ်ဖွီးလ်အားလည်း မနာလို ဝန်တိုစိတ်များမိသည်။

ဒက်ဖနီအတွက် သူ့မှာ ရင်နှင့်အမျှ ခံစားနေရသော်လည်း နောက်ဆုံးတွင် သူပဲ ရင်ကွဲရလိမ့်မည်ဟု ထင်မိလေသည်။

* * *

www.burmeseclassic.com

## အခန်း ( ၃၄ )

အပါချီဓာတ်ကား ရိုက်ကူးမှုမှာ နောက် တစ်လလုံးလုံး အဆင်ပြေစွာ ကုန်လွန်သွားခဲ့သည်။ သို့ဖြင့် ဇူလိုင်လ ၁၅ရက်နေ့တွင် ရုပ်ရှင်အဖွဲ့သားအားလုံး ဝိုင်အိုမင်းပြည်နယ်သို့ အပြင်ခန်း ရိုက်ဖို့ ခရီးထွက်ရန် စီစဉ်ကြသည်။

သို့သော် ခရီးမထွက်မီ ကြားကာလတွင် ရုပ်ရှင်အဖွဲ့သားများအား နားရက်ပေးမည်မဟုတ်ဟု ဒါရိုက်တာကြီးဟောဝပ်က ပြောသည်။ ဝိုင်အိုမင်းပြည်နယ်မှ ပြန်ရောက်သောအခါတွင်မှ နားရက်ပေးမည်။ ထို့နောက် ဓာတ်သိမ်းပိုင်း အတွင်းခန်းများကို ဟောလီဝုဒ်တွင်ပင် အပြီးသတ်ရိုက်ကူးမည်ဟု ဆိုသည်။

ဤသို့ဖြင့် ဒက်ဖနီသည် သားကလေးထံသို့ သွားချိန်မရတော့။ သို့သော် ကိစ္စမရှိ။ အန်ဒရူးကလေးမှာလည်း ထိုရက်များအတွင်း လှေလှော်ရေးခရီးထွက်စရာရှိသည်။ ထို့ကြောင့် ဒက်ဖနီနယ်မှ ပြန်ရောက်လာသော အခါတွင်မှ အန်ဒရူးကလေးထံသို့ လေယာဉ်ဖြင့် လာခဲ့ရန် မက်သယူးတပြောသည်။

ဤအစီအစဉ်မှာ တစ်မျိုးတော့ ကောင်းသည်။ ဒက်ဖနီမှာ ဓာတ်ညွှန်းကိစ္စနှင့် ပတ်သက်၍ လုပ်စရာအလုပ်တွေ တစ်ပုံကြီးရှိနေသည်။ ထို့ကြောင့် သူ့အနေဖြင့် သားကလေးကို သတိရဖို့အချိန်ရှိမည်မဟုတ်။ နယ်သို့ ရောက်သွားချိန်တွင်လည်း

www.burmeseclassic.com



ဓာတ်ကွက်တွေပြန်ရေးသင့်တာ ပြန်ရေး၊ ရိုက်ကွင်းတွင် လိုအပ်သလို အကြံပေး၊ ညကျတော့ ပြန်ပြင်ထားသော ဓာတ်ညွှန်းစာမူတွေကို လက်နှိပ်စက်ပြန်ရိုက်ဖြင့် လက်မလည်အောင် အလုပ်များနေလိမ့်မည်။

ဂျပ်စတင်ကလည်း အံ့ဩရလောက်အောင် အကူအညီရလိမ့်မည်။ သူက ဒက်ဖနီရေးပြီးသမျှတွေကို ဖတ်ရှုပြီး ဝေဖန်အကြံပေးမည်။ ဓာတ်ကွက်နှင့် ဓာတ်ကောင် အံဝင်ခွင်ကျဖြစ်အောင် နှစ်ယောက်သားတိုင်ပင် ဆွေးနွေးပြီးအကောင်းဆုံး ပြန်ပြင်ကြမည်။ ဒက်ဖနီအလုပ်လုပ်နေတုန်း ဂျပ်စတင်က ကော်ဖီတွေ မုန့်တွေယူလာပေးမည်။ အကြာကြီးထိုင်၍ ညောင်းညာလာလျှင် ဂျပ်စတင်က ဓာတ်ကြောကို နှိပ်နယ်ပေးမည်။ ဤသို့ဆိုလျှင် သူတို့ နှစ်ယောက် အိပ်ရမှန်းမသိ၊ စားရမှန်းမသိ အပျော်ကြီးပျော်နေကြမည်။ ဤအဖြစ်ကို မြင်ရလျှင် ဘာဘာရာကလည်း ဂျပ်စတင်အပေါ်တွင် မုန်းတီးစိတ်တွေ ပြေသွားလိမ့်မည်။

သို့သော် ယခုအချိန်အထိတော့ ဘာဘာရာက ဂျပ်စတင်ကို မယုံနိုင်သေး၊ သံသယဝင်နေတုန်းပင် ရှိသေးသည်။ ထို့ကြောင့်လည်း သူနှင့်တွမ်တို့ နှစ်ယောက် ဆုံကြသောအခါ ဘာဘာရာက ဂျပ်စတင်အကြောင်းကို မကြာခဏ ပြောတတ်ခြင်း ဖြစ်သည်။ ထိုအခါ တွမ်က အမြဲတမ်းလိုလို ဖျန်ဖြေစကားဖြင့် ဘာဘာရာအားနှစ်သိမ့်တတ်သည်။

'မင်းက ဂျပ်စတင်ကို စတွေ့ကတည်းက ကြည့်လို့ မရခဲ့ဘူး။ တကယ်တော့ ဒါဟာ မဟုတ်သေးဘူး ဘာဘာရာ၊ ဂျပ်စတင်ဟာ ဒက်ဖနီ့အပေါ်မှာ ကောင်းနေတယ်ဆိုရင် ဘာပြောစရာ ရှိလို့လဲ၊ ဒက်ဖနီ ကျေနပ်ရင် ပြီးနေတာပဲမဟုတ်လား'

'ဒီမောင်က ယုံလို့ရမယ့် လူစားမျိုး မဟုတ်ဘူး မောင်၊ သူက တစ်ကြိမ်ခြိဖောက်ပြီးပြီ၊ နောက်ထပ်လဲ သူ ထပ်ဖောက်ဦးမှာပဲ၊ မယုံရင် မောင် ကြည့်နေစမ်းပါ'

'ဒါကတော့ သူ့အတိတ်က ဖြစ်ရပ်ဟောင်းတွေအကြောင်းပြုပြီး စိတ်မထိန်းနိုင်လို့ တစ်ကြိမ်တစ်ခါလုပ်မိတာလဲ ဖြစ်ချင်ဖြစ်မှာပါ၊ အခုဆိုရင် သူ့အနေနဲ့ သတိတရားရပြီး ဆင်ခြင်နိုင်လောက်ပါပြီ၊ ဒက်ဖနီကလည်း သူ့အပေါ် ဒီလောက်ထိ စွဲစွဲလမ်းလမ်း ဖြစ်နေတာ မင်းအနေနဲ့ ဘာမှပူနေစရာမလိုပါဘူး၊ ကာယကံရှင် နှစ်ယောက်ကျေနပ်နေရင် ပြီးတာပါပဲ'

'မဟုတ်သေးဘူး မောင်၊ မဟုတ်သေးဘူး၊ ကျွန်မကတော့ ဒီလူ့ကို နည်းနည်းကလေးမှ မယုံချင်ဘူး၊ ဒီလူ့ကို ယူရင် ဒက်ဖနီ မျက်ရည်နဲ့မျက်ခွက်ဖြစ်နေမှာ သေချာတယ်၊ ဒါတော့ ကျွန်မ အတတ်ပြောရဲပါတယ်'

'ကဲပါလေ ဒါတွေ ထားလိုက်ပါတော့၊ သူတို့အလုပ်သူတို့ လုပ်ကြပါလိမ့်မယ်၊ ကိုယ်တို့က ကိုယ့်တို့အလုပ်လုပ်ဖို့ပဲ အရေးကြီးတယ် ကိုယ်တို့က အသက်မငယ်





ကြတော့ဘူး ဘာဘာရာ၊ နောက်အနှစ် နှစ်ဆယ်အထိ စောင့်နေရရင် အဘိုးကြီး အဘွားကြီး ဖြစ်ကုန်တော့မယ်၊ အိမ်ထောင်သားမွေးဆိုတာက အချိန်အခါနဲ့လုပ်ရတဲ့ အလုပ်၊ အဲဒီတော့ ကိုယ်တို့နှစ်ယောက် အချိန်ရှိတုန်း လက်ထပ်လိုက်ကြတာ အကောင်းဆုံးပဲ၊ သားသမီးမရနိုင်တော့တဲ့အချိန်ကျမှ လက်ထပ်တော့ ဘာအဓိပ္ပာယ်ရှိမှာလဲ၊ ဘယ့်နှယ်လဲ ကိုယ်ပြောတာ မကောင်းဘူးလား'

'အမယ်လေး ကောင်းသမှ သိပ်ကောင်းအလွန်ကောင်းပေါ့ မောင့်ရယ်'

တွမ်က သူတို့နှစ်ယောက် လက်ထပ်ပြီးနောက် လော့စ်အိန်ဂျယ်လီမှာပင် အခြေချချင်သည်။ သို့သော် ဘာဘာရာက လက်ထပ်ရေးကိစ္စကို ရုပ်ရှင်ကား ရိုက်ပြီးမှ စဉ်းစားမည်ဟု ဆိုသည်။ သူက သူ့ကိစ္စထက် ဒက်ဖနီ့ကိစ္စကို ပို၍ အလေးထားနေသည်။ ဒက်ဖနီကို ချစ်သလောက် ဂျပ်စတင်ကိုအလွန် မုန်းတီးနေသည်။ အမှန်ကတော့ သူ့ဘဝတွင် အချစ်ဆုံးမိတ်ဆွေကောင်းဖြစ်သော ဒက်ဖနီအား ဂျပ်စတင်က လုယူသွားသည်ဟု ယူဆပြီး သူကမနာလိုဝန်တို ဖြစ်နေခြင်းပင်ဖြစ်သည်။

ဘာဘာရာသည် ဒက်ဖနီအတွက် ဂျပ်စတင်အပေါ် စိတ်မချနိုင် ဖြစ်နေသော်လည်း သူ့အတွက်တော့ တွမ်ကိုသံသယမရှိ အလုံးစုံစိတ်ချယုံကြည်ပြီးသားဖြစ်သည်။ တွမ်သည် သူ့အား စတွေ့သည့်နေ့ကပင် စွဲလမ်းခဲ့သည်။ ငုံထားမတတ် ချစ်ခဲ့သည်။ သူ့အချစ်ကိုလည်း သိသိသာသာသက်သေပြခဲ့သည်။ အလုပ်မှ ပြန်ရောက်တိုင်း ဘာဘာရာနှင့်သာ အချိန်ကုန်သည်။ ဘာဘာရာအား ကျောက်စိမ်းလက်ကောက်၊ ပဲလျှက်ရွှေလက်ပတ်နာရီ၊ မိကျောင်းရေ လက်ဆွဲအိတ်နှင့်အကောင်းဆုံး ဝတ်စုံများ ဝယ်ပေးသည်။ ယခုလို တွမ်နှင့်မမျှော်လင့်ပဲ တွေ့ဆုံချစ်ကြိုက်ရသည်ကို တွေးလိုက်တိုင်း ပျော်မဆုံး မော်မဆုံး ဖြစ်ရသည်။ သူတို့နှစ်ယောက်၏အချစ်က တကယ့်ကို စစ်မှန်သော နှစ်ကိုယ့်တစ်စိတ်အချစ်။

ထို့ကြောင့်လည်း ဘာဘာရာ ရုပ်ရှင်ရိုက်ခရီးထွက်ခါနီးတွင် တွမ်နှင့်ခွဲခွာရမည့်အရေးကိုတွေးပြီး မျက်ရည်များပင် လည်မိသည်။ သို့သော် စနေ၊ တနင်္ဂနွေ ရက်များတွင် ဘာဘာရာထံသို့မှန်မှန်လာလည်မည်ဟု တွမ်ကပြောတော့မှ ဘာဘာရာ မျက်ရည်တိတ်သွားသည်။

ဝိုင်အိုမင်းပြည်နယ်သို့ ခရီးထွက်ကြသောအခါ ဒက်ဖနီနှင့် ဂျပ်စတင်တို့သည် လေယာဉ်စင်းလုံးငှားပြီး လာခဲ့ကြသည်။ ကျန်လူတွေကတော့ ရုပ်ရှင် ကုမ္ပဏီက ငှားပေးသော သီးသန့်ကားများဖြင့် ထွက်လာခဲ့ကြသည်။

ဝိုင်အိုမင်းပြည်နယ်က အလွန်သာယာသည်။ တောတန်း တောင်စွယ်နှင့် လျှို မြောင်စိမ့်စမ်းတွေက ရှုမခန်းနိုင်စရာ။

ရုပ်ရှင်ရိုက်ပြီးသောအခါတိုင်း စခန်းအပြင်တွင်ထိုင်ပြီး တောင်တန်းကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com

ကို မျှော်ကြည့်ရင်း ပျော်ရွှင်မြူးထူးစွာ သီချင်းတွေဆိုကြသည်။

ရှမ်းရှင်ရိုက်ရတာလည်း အဆင်ပြေ၊ အဖွဲ့သားတွေလည်း ပျော်နေကြတာ မြင်ရတော့ ဒါရိုက်တာကြီး ဟောဝပ်မှာ သဘောတွေကျပြီး တပြုံးပြုံးနှင့်ပီတိတွေ ဝေနေတော့သည်။

ဒက်ဖနီနှင့်ဂျပ်စတင်တို့၏ ချစ်ခရီးကလည်း သာယာဖြောင့်ဖြူးနေသည်။ ကတ်ရိုက်ပြီး၍ အားလပ်ချိန်ပေးတိုင်း နှစ်ယောက်သား ခရီးရှည်လမ်းလျှောက်ထွက်ကြသည်။ တောပန်းတွေခူးကြသည်။ မြက်ရိုင်းတော်တွေ နားနားနေနေထိုင်ကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ချစ်တင်းနှော၍ ချစ်ပန္နက်ရိုက်ကြသည်။ သူတို့နှစ်ယောက်၏ ချစ်ခရီးကတော့ တစ်ကယ့်ကိုပျော်စရာအတိပြီးသော အိပ်မက်ကမ္ဘာထဲက ချစ်သူတို့၏ဘဝအတိုင်းပင် ဖြစ်တော့သည်။

သည်လိုနှင့်ပင် အချိန်တွေကုန်မှန်းမသိ ကုန်လွန်သွားခဲ့သည်။

ကားရိုက်ပြီး၍ လော့စ်အိန်ဂျယ်လိသို့ ပြန်ကြရသောအခါ အားလုံးပင် စိတ်မကောင်းဖြစ်ကြရသည်။ သို့သော် ဒက်ဖနီကတော့ ဝမ်းမနည်းဘဲ ဝမ်းသာမိသည်။ ဖာတ်သိမ်းပိုင်း အပြီးသတ်မရိုက်မီ ရက်အနားရခိုက်တွင် သားလေးထံသို့ သွားလည်ချိန်ရသောကြောင့် ဖြစ်သည်။

သို့သော် ဂျပ်စတင်ကတော့လိုက်မည် မလိုက်မည်အတိအကျ မဆုံးဖြတ်နိုင်သေး။

ဘော့စတွန်သို့ ဒက်ဖနီမထွက်ခင် တစ်နေ့တွင် ဂျပ်စတင်သည် မျက်နှာမသာမယာဖြင့် အိမ်ခန်းထဲသို့ဝင်လာသည်။ ခုတင်စွန်းတွင် ဝင်ထိုင်သည်။

'ကိုယ်တော့ မဖြစ်နိုင်ဘူးထင်တယ် ဒက်ဖ်'

'ဘာ မဖြစ်နိုင်တာလဲ'

'ဘော့စတွန်ကို လိုက်ဖို့ကိစ္စ ပြောတာပါ'

'ဟင် ဘယ်လိုဖြစ်ရတာလဲ၊ ဘာလဲ၊ ဟိုရုပ်ရှင်မင်းသမီးကလေးက ဖုန်းဆက်ပြန်ပြီလား'

'မဟုတ်ပါဘူးကွယ်၊ အဲဒီလို မဟုတ်ပါဘူး၊ သူလဲ ဘယ်တော့မှ မဆက်တော့ပါဘူး'

'ဒါဆို မောင်က ဘာကြောင့် မလိုက်နိုင်ရတာလဲ'

သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး မျက်နှာညှိုးညှိုးဖြင့်

'ကိုယ် ဘယ်လို ရှင်းပြရမှန်းတောင်မသိတော့ဘူး ဒက်ဖ်၊ တစ်ကယ်တော့ အဲဒီလို ဆွံ့အနားမကြားတဲ့ ကလေးတွေ ချည်းရှိနေတဲ့ ကျောင်းကို ကိုယ်လုံးဝ သွားချင်စိတ်မရှိဘူး၊ အဲဒီဆွံ့အ နားမကြား မျက်မမြင်၊ ကိုယ်အင်္ဂါချို့တဲ့နေတဲ့ဒုက္ခိတကလေး





တွေကို ကိုယ်လုံးဝ မကြည့်ချင်ဘူး၊ သူတို့ကိုမြင်ရရင် ကိုယ် သိပ်ပြီး စိတ်မချမ်းသာလွန်းလို့ပါ'

'ကျွန်မ သားလေးက ကိုယ်အင်္ဂါ ချို့တဲ့နေတဲ့ ဒုက္ခိတ ကလေးမဟုတ်ပါဘူး'

'အဲဒါ ကိုယ်သိပါတယ်၊ သူနဲ့ကတော့ အဆင်ပြေမှာပါ၊ ဒါပေမယ့် တခြားကလေးတွေ အားလုံးမြင်ရရင် ကိုယ့်အနေနဲ့ ဘယ်လိုမှ စိတ်ချမ်းသာနိုင်မှာ မဟုတ်ပါဘူး ဒက်ဖ်၊ ဒါကြောင့် ကိုယ်မလိုက်ပါရစေနဲ့၊ ကိုယ့်ကို ခွင့်လွှတ်ပါကွယ်၊ ကိုယ်တောင်းပန်ပါတယ်၊ ဒီအတွက် ကိုယ်အများကြီး စိတ်မကောင်းပါဘူး'

'ဒါဆိုရင်လဲ ကောင်းပြီလေ၊ သူ့ကို ဒီကို လှမ်းခေါ်လိုက်မယ်၊ ဘယ်လိုလဲ'

* 'ဖြစ်နိုင်မယ် ထင်လို့လား'

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ဖြစ်နိုင်တာပေါ့၊ မက်သယူးဆီ ဖုန်းဆက်ပြီးပြောလိုက်မယ်၊ မက်သယူးက သားလေးကို လေယာဉ်ပေါ်တင်ပေးလိုက်ရုံပဲ၊ ပြီးခဲ့တဲ့နွေဦးတုန်းကလဲ ဒီလိုပဲ ခေါ်လိုက်တာ၊ သားလေးက ဒီမှာ သိပ်ပျော်တာပဲ'

'ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ဒီကိုသာ ခေါ်လိုက်ပါ'

သို့ဖြင့် ဒက်ဖနီက မက်သယူးထံ ဖုန်းလှမ်းဆက်သည်။

သို့သော် အန်ဒရူးကလေးသည် လွန်ခဲ့သော သုံးလေးရက်ခန့်ကမှစ၍ နားအနည်းငယ် ရောင်နေသောကြောင့် ခရီးထွက်၍မဖြစ်နိုင်ဟု မက်သယူးက ပြန်ပြောသည်။

ထို့ကြောင့် ဒက်ဖနီမှာ တခြားရွေးစရာလမ်းမရှိတော့။ သားကလေးဆီသို့ သူကိုယ်တိုင် လိုက်သွားရန်သာ ရှိတော့သည်။

ဤအကြောင်းကို ဂျပ်စတင်အား ပြောပြသောအခါ ဒက်ဖနီ မျက်နှာမသာမယာဖြစ်နေသည်။ သူက ဂျပ်စတင်အား စိတ်မချနိုင် ဖြစ်နေသည်။

ဒါကို သူ့မျက်လုံးများမှတစ်ဆင့် ဂျပ်စတင်က ရိပ်မိသည်။

'စိတ်ချ လက်ချသာ သွားပါ ဒက်ဖ်၊ ကိုယ့်အတွက် ဘာမှ အနှောင့်အယှက်ဖြစ်မနေပါနဲ့၊ ဟိုတုန်းကလို မဖြစ်စေရတော့ပါဘူး၊ ကိုယ်ကတိပေးပါတယ်၊ ယုံပါ၊ မင်း ဟိုရောက်သွားတဲ့အခါ ကိုယ် တစ်နေ့ငါးကြိမ်လောက် နေ့တိုင်းဖုန်းဆက်ပါ့မယ်'

'အဲဒီလို လုပ်တော့ကော ဘာထူးမှာလဲ၊ ဟိုကောင်မလေးက ရှင့်ဆီ ဖုန်းမဆက်ဘဲ နေမှာလား'

ဒက်ဖနီ အသံက နားကြည်းသံပါသည်။ ဂျပ်စတင် တော်တော်စိတ်ဆိုးပြီးသွားသည်။

'ဒီလို တစ်ဖက်သတ် စွတ်ပြောနေတာကတော့မကောင်းပါဘူး ဒက်ဖ်'

'ဘာလဲ ရှင်က ဟိုကောင်မလေးကို အိပ်ရာပေါ်ခေါ်မတင်ရှာမှာ စိုးကြောက်



www.burmeseclassic.com

www.burmeseclassic.com



နေလို့လား'

'အို ခက်လိုက်ပါဘီတော့တယ် ဒက်ဖ်ရယ်၊ ဒါတွေပြောမနေပါနဲ့တော့၊ ပြောလို့လဲ ဘာမှထူးလာမှာမဟုတ်ဖါဘူး၊ မေ့ပစ်လိုက်ပါတော့၊ ကိုယ် တောင်းပန်ပါတယ်'

'မပြောလို့ ဖြစ်မလား ရှင့်၊ ရှင်က တစ်ကယ်လဲ လုပ်ခဲ့တာကိုး'

'ဟုတ်ပါတယ်၊ ကိုယ်မှားခဲ့မိပါတယ်၊ ကိုယ်ဝန်ခံခဲ့ပြီပဲ၊ ဒီလောက်ဆိုကျေနပ်ဖို့ကောင်းပါပြီ၊ နောက်ပိုင်းကိုယ်ဘာလုပ်ခဲ့လို့လဲ၊ မင်းအမြင်ပဲမဟုတ်လား၊ ကိုယ်တို့ အတိတ်ကိုမေ့ပစ်ပြီး မစ္စတ္ထွန်မှာပျော်ပျော်နေသွားကြပါစို့လား ဒက်ဖ်ရယ်'

ဒက်ဖနီသည် သက်မတစ်ချက် ဟင်းခနဲချလိုက်ပြီး ကုလားထိုင်ပေါ်တွင်ထိုင်ချလိုက်သည်။

'ကျွန်မ တကယ်စိတ်မကောင်းဘူး မောင်၊ ကျွန်မကတော့ မောင်ပါ လိုက်ခဲ့စေချင်တယ်'

'မဖြစ်နိုင်လို့ပါ ဒက်ဖ်ရယ်၊ ကိုယ့်အကြောင်းနဲ့ ကိုယ် မဖြစ်နိုင်လို့ပါ၊ ဒါတော့ ကိုယ့်ကို အထူးအနေနဲ့ ခွင့်လွှတ်စေချင်တယ်ကွယ်'

'ဒါဆို မောင့်ကို ကျွန်မတစ်ကယ် စိတ်ချရတော့မှာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ စိတ်ချပါ၊ ဘာမှ မစိုးရိမ်ပါနဲ့၊ နောက်တော့ လက်တွေ့ဘဝ သက်သေခံပါလိမ့်မယ်'

ဒက်ဖနီက အထုပ်အပိုးတွေ ပြင်ရင်း သံသယဝင်နေဆဲပင် ဖြစ်သည်။

ထို့နောက် နှစ်ယောက်သား လေယာဉ်ကွင်းသို့ကားဖြင့် ထွက်လာခဲ့ကြသည်။

*

နယူးဟမ်းပရှိုင်းယာနယ်တွင် သစ်ပင်တွေ အစောကြီး ရွက်သစ်လဲကြသည်။ သစ်ပင်ပန်းမန်တွေ ရွက်နုဝေချိန်မို့ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး ရွှေဝါရောင် ဖုံးကာ အလွန်ပင် သာယာလှသည်။

မက်သယူးက ကားမောင်းပြီး ဒက်ဖနီက သူ့ဘေးတွင်ထိုင်၍ လိုက်ပါလာသည်။ တစ်ယောက်မှစကားမပြောကြ။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။

ဒက်ဖနီက ဂျပ်စတင်ထံသို့ စိတ်ရောက်နေသည်။ ဒီအချိန်မှာ သူ ဘာတွေလုပ်နေလိမ့်မလဲ။ သူ ပြောသလို ကတိမှ တည်ပါ့မလား။

ဒက်ဖနီ ထူးထူးခြားခြား ငြိမ်နေသည်ကို မက်သယူးက သတိပြုမိသည်။ သူက ဒက်ဖနီအား တစ်ကြိမ်နှစ်ကြိမ် စောင်းစောင်းကြည့်သည်။ ဒက်ဖနီက သူ့ဘက်သို့ လှည့်၍ ပြုံးပြသည်။ သူသည် ခါတိုင်းထက် တည်ငြိမ်နေသည်။ တစ်ချိန်တည်းတွင် မောပန်းနေပုံလည်း ရသည်။





'ဒါနဲ့ ရုပ်ရှင်ကား ဘယ်အခြေအနေ ရောက်နေပြီလဲ၊ ပြီးခါနီးပြီလား' မက်သယူးစကားမရှိ စကားရှာ၍ မေးလိုက်သည်။ သို့သော် သူက ဂျပ်စတင်အကြောင်းကိုတော့ မစရဲ။

'အခြေအနေ ကောင်းပါတယ်၊ ပြီးသလောက် ရှိနေပါပြီ၊ စတူဒီယိုထဲမှာ နောက်ထပ် တစ်လခွဲလောက် ရိုက်ပြီးရင် လုံးဝ ပြီးပါပြီ၊ ကျေးဇူးတော်နေ့ အားလပ်ရက်ရောက်ရင်တော့ သားလေးကို ကျွန်မဆီ ခေါ်ရမှာပဲ မက်'

'အဲဒါပြီးရင် ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ'

'အဲဒါတော့ မသေချာသေးဘူး၊ အတိအကျပြောလို့ မရသေးဘူး'

'ခင်ဗျား အဲဒီမှာပဲ ဆက်နေဖို့ စိတ်ကူးရှိသလား'

'စိတ်ကူးတော့ ရှိပါတယ်၊ ပြောလို့တော့ မရသေးပါဘူး၊ ဒါပေမယ့် နောက်နှစ်လ သုံးလလောက်ဆိုရင်တော့ အတိအကျ ပြောနိုင်လိမ့်မယ်၊ လာမယ့် နွေရာသီမှာ ဂျပ်စတင်နဲ့ ပြတ်ပြတ်သားသား ရှင်းစရာတွေ အများကြီးရှိတယ်၊ ဟိုတလောက ကျွန်မ ဒီလာနေတုန်း သူတခြားမိန်းမတစ်ယောက်နဲ့ တွဲတဲ့အကြောင်း ရှင့်ကို ပြောခဲ့မိတာ မှားများမှားသလား မသိဘူး'

'ကျွန်တော်သိလို့ ခင်ဗျားတို့အတွက် အန္တရာယ်မဖြစ်ပါဘူး' မက်သယူးက ကားမောင်းနေရာမှ ပြုံးလိုက်သည်။ 'ကျွန်တော်က သတင်းစာတွေကို မြှန်ပြီး ဖောက်သည်မချပါဘူးဗျာ၊ ဒီအတွက်တော့ စိတ်ချပါ'

'ကျွန်မတော့ သူ စိတ်ရှုပ်သွားတာလို့ ထင်တယ်' မျက်လုံးကိုမှိတ်ပြီး သက်မချလိုက်သည်။ 'ဆိုးတော့ တော်တော် ဆိုးတာပဲ၊ ရှင့်ဆီ ကျွန်မ ဖုန်းဆက်ပြော နေတုန်းကဆိုရင် ကျွန်မကိုယ်ကျွန်မ သေသွားမလားလို့တောင်ထင်မိတယ်'

'ဟုတ်ပါတယ်၊ ကျွန်တော်လဲ သိပါတယ်၊ ဒါနဲ့ ကလေးအတွက် အဲဒီမှာ ကျောင်းရှာတွေ့ထားပြီလား'

'ရှာတောင် မရှာရသေးပါဘူး၊ ရုပ်ရှင်ကားပြီးတော့မှပဲ ရှာတော့မယ်၊ အခု လောလောဆယ်တော့ ရုပ်ရှင်ကားကိစ္စနဲ့ပဲ အလုပ်ရှုပ်နေတယ်၊ ဒါပေမယ့် ကျွန်မတော့ ကိုယ့်ကိုယ်ကိုယ်လှုပ်ရှားမှုမရှိဘဲနဲ့ အသက်ရှင်နေရသလိုထင်မိတယ်'

'ဟုတ်ပါတယ်၊ ကျွန်တော်လဲခံစားမိပါတယ်၊ တကယ်တော့ ကျွန်တော့်ဘဝလဲ အဲဒီ အတိုင်းပါပဲ'

နောက် သုံးလကြာလျှင် သူသည် ဟိုးဝပ်ကျောင်းကို စွန့်ခွာပြီး နယူးယောက်သို့ ပြန်သွားရတော့မည်။ ဒါကို သတိရမိတော့ ဒက်ဖနီရင်ထဲ တစ်မျိုးကြီး ခံစားရသည်။ ဟိုးဝပ်ကျောင်းတွင် မက်သယူးမရှိတော့လျှင် ဘယ်လိုများနေလိမ့်မလဲ။ သူ့ကိုတယ်လီဖုန်းဆက်လို့မှ ရပါဦးမလား။ သူနှင့်မိတ်ဆွေအဖြစ် အဆက်ပြတ်သွားလျှင် စိတ်



www.burmeseclassic.com

www.burmeseclassic.com

မကောင်း ဖြစ်ရဦးမှာပဲဟု တွေးနေမိသည်။

သည်တစ်ကြိမ် အန်ဒရူးကလေးတို့ စကားပြောနေကြစဉ် မက်သယူးက ရုံးခန်းပြတင်းပေါက်မှ လှမ်းကြည့်နေသည်ကို ဒက်ဖနီ သတိထားမိသည်။

ဒက်ဖနီက သူ့ကိုလှည့်ကြည့်သောအခါ သူက တစ်ဖက်သို့ မျက်နှာလွှဲပစ်လိုက်သည်။

ဒက်ဖနီပြန်ချိန်ရောက်၍ မက်သယူးက ကားမောင်းပြီး လေယာဉ်ကွင်းသို့ လိုက်ပို့သောအချိန်တွင်တော့ ဒက်ဖနီက အောင့်မထားနိုင်တော့ဘဲ တဲ့တိုးကြီးပင် မေးလိုက်တော့သည်။

'ဒါနဲ့ မက်၊ ရှင့်ကြည့်ရတာ တစ်မျိုးကြီးပဲ၊ ဘာဖြစ်လို့လဲ ဟင်'

'အို ကျွန်တော် ဘာမှ မဖြစ်ပါဘူး ဒက်ဖ်၊ အသက် တစ်နှစ်အိုသွား ပါပကော လား ဆိုပြီးတွေးမိတာ တစ်ခုပါ'

'ရှင် နယူးယောက်ကိုပြန်သွားဖို့ သင့်တယ်'

'ဟုတ်ပါ့လိမ့်မယ်'

'ဒီမှာ နေရတာ ရှင့်မှာ အဖော်မဲ့ နေတယ်၊ အထီးကျန် ဖြစ်နေတယ်၊ မစ္စက် ကာတစ်နဲ့ မတူဘူး၊ သူက အဘွားကြီး၊ တစ်ယောက်တည်း နေရလဲအကြောင်း မထူးဘူး'

'ခင်ဗျားလဲ ဒီမှာ နေခဲ့ဖူးတာပဲ၊ အဲဒီတုန်းက နေလို့ပျော်ခဲ့တာပဲ မဟုတ်လား၊ ခင်ဗျား အသက်လဲ ငယ်သေးတာပဲ'

'ဒါပေမယ့် ကျွန်မက တစ်ချိန်လုံး တစ်ယောက်တည်းနေခဲ့တာ မဟုတ်ဘူး'

သူက ဂျွန်ဖောင်းလားကို သတိပြန်ရမိသည်။

'ကျွန်တော်လဲ အခု ဒီမှာနေရတာ တစ်ယောက်တည်းမဟုတ်ပါဘူး'

မက်သယူး၏စကားကြောင့် ဒက်ဖနီ အံ့ဩသွားသည်။ မက်သယူးသည် သည်စကားမျိုးကို ပထမဆုံးပြောခြင်း ဖြစ်သည်။

'ဒါဆို ရှင့်မှာ အဖော်ရနေပြီဆိုပါတော့'

'အဖော်ရယ်လို့တော့ မဟုတ်ပါဘူး၊ တစ်ခါတလေ ဆုံကြတဲ့ သဘောပါ'

'လေးနက်တဲ့ သဘောမရှိဘူးလို့ ဆိုလိုတာလား'

'ကျွန်တော်က လေးနက်ချင်ရင် လေးနက်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က မလေးနက်ချင်ဘူး'

'ဘာဖြစ်လို့ပါလိမ့်'

'အကြောင်းတွေကတော့ အများကြီးပဲ၊ တော်တော် မိုက်မဲတဲ့ အကြောင်း ပြချက်တွေဆိုပါတော့'





'ကြောက်မနေပါနဲ့ မက်၊ ကျွန်မလဲ ကြောက်ခဲ့ပါတယ်၊ ခုတော့မှ ကိုယ်မှားခဲ့မှန်းသိတော့တယ်'

'ဟုတ်လား၊ ဒါဖြင့်ခင်ဗျား အခုပျော်ရဲ့လား'

သူ့အသံက ပျော့သည်။ ကြေကွဲဝမ်းနည်းသံ။

'အမြဲတမ်းတော့ မပျော်ပါဘူး၊ တစ်ခါတလေတော့ ပျော်ပါတယ်၊ ဒါလောက်ဆိုတော်ပါပြီ၊ နောက်ဆုံးတော့ ကျွန်မဘာဝ ရှင်သန်လာခဲ့တာ အမြတ်ပါပဲ'

'ဒါနဲ့ ကျေနပ်ရောလား၊ ဘဝ ရှင်သန်ရုံလောက်နဲ့ ပြီးရောလား'

'အလုံးစုံ ပြည့်စုံမှုဆိုတာကိုတော့ ဘယ်သူမှမရနိုင်ပါဘူး မက်၊ ဂျွန်ဆုံးသွားပြီးကတည်းက ကျွန်မလက်မြှောက်လိုက်တယ်၊ အဲဒီလို အချစ်မျိုးကို နောက်ထပ် ဘယ်တော့မှ မရနိုင်တော့ဘူးလို့ ကျွန်မ ထင်တယ်လေ၊ လူတစ်ယောက်ဟာ တစ်သက်လုံး ပျော်နေမယ်လို့ ဘယ်သူပြောနိုင်ပါ့မလဲ၊ ကျွန်မရဲ့ စံပြအိမ်ထောင်ရှင် ဖြစ်တဲ့ ဂျက်ဖရီနဲ့ နေခဲ့တုန်းကတောင် ပြဿနာတော့ ရှိခဲ့သေးတာပဲ၊ ကျွန်မအလုပ်က လူတိုင်း နားလည်ဖို့မလွယ်ပါဘူး၊ ဒီနှစ်ပဲကြည့်ပါလား၊ ကျွန်မသာ တစ်ယောက် ယောက်နဲ့ လက်ထပ်ခဲ့ရင် အခုလို ဟိုသွား သည်လာအလုပ်များနေပုံမျိုးနဲ့ ဘယ်နည်းနဲ့မှ လွယ်မှာ မဟုတ်ဘူး၊ ဒါပေမယ့် ဖြစ်လာတဲ့ဘဝကို ကျွန်မလက်ခံပါတယ်၊ ပျော်ပါတယ်'

'ဘာကြောင့်လဲ၊ ဂျပ်စတင်ကြောင့်လား'

'တစ်ပိုင်းတော့မှန်တယ်၊ ဒါပေမယ့် အဓိကအကြောင်းက ကျွန်မအတွက် အတွေ့အကြုံတွေ ပညာတွေ အများကြီးရလို့ပဲ၊ ဒါပေမယ့် ဒီလုပ်ရပ်တွေကို နောက်ထပ် ပြန်လုပ်ပါဆိုရင်တော့ ကျွန်မလုပ်တော့မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ သိပ်ပြီး အချိန်ကုန်တယ်၊ စာအုပ်ရေးဖို့အချိန်မရဘူး၊ ဒါပေမယ့် အလွန်တန်ဖိုးရှိတဲ့အတွေ့ အကြုံပါ၊ ကျွန်မကို ဒီအလုပ်တွေ ဆက်လုပ်ဖြစ်အောင် ရှင်မြှောက်ပေးခဲ့တယ်၊ ရှင် လုပ်တာ မှန်ပါတယ်'

'ခင်ဗျားကို ကျွန်တော် မြှောက်ပေးခဲ့တယ် ဟုတ်လား'

'ဟုတ်တယ်၊ ရှင်နဲ့ ကျွန်မတို့ ပထမဆုံးတွေ့တဲ့နေ့ကတည်းက ကျွန်မကို ရှင် မြှောက်ပေးခဲ့တယ်၊ မစ္စက်ကာတစ်လဲ အတူတူပဲ'

'ဒါဆို ကျွန်တော်တို့နှစ်ယောက်စလုံး အရူးတွေပဲ'

'ရှင် ဒီလို ဘာဖြစ်လို့ ပြောတာလဲ'

'အို ... ဘာဖြစ်လို့မှ မဟုတ်ပါဘူး၊ ကျွန်တော့်ညီမက ကျွန်တော့်ကို လူပေါ့တဲ့၊ ဝေဖန်တယ်၊ သူပြောတာ မှန်မယ်ထင်တယ်'

နှစ်ယောက်သား အပြန်အလှန် ပြုံးလိုက်ကြသည်။

'ဒါနဲ့ ရှင့်အဖော်အကြောင်းပြောပါဦး၊ သူက ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com

'မြို့ထဲက ကျောင်းဆရာမလေးတစ်ယောက်ပါ၊ အတိကတော့ တက္ကသိုလ်ပြည်နယ်က၊ သူက ရုပ်လဲ သိပ်လှတယ်၊ အသက်လဲ သိပ်ငယ်တယ်၊ နှစ်ဆယ့်ငါးနှစ်ပဲ ရှိသေးတယ်၊ အမှန်အတိုင်းပြောရရင် ကျွန်တော့်က ကိုယ့်ကိုယ်ကိုယ် အဘိုးကြီးဖြစ်နေပြီလို့ ထင်နေတာ'

'မဟုတ်တာတဲ၊ ရှင်က အဘိုးမကြီးသေးပါဘူး၊ ကြီးတော့ကော ဘာဖြစ်လဲ၊ ပိုလို့တောင် ကောင်းပါသေးတယ်၊ အင်း ဒီဒေသမှာ နေရတာအလုပ်မရှိရင် ပျင်းစရာတော့ အကောင်းသား၊ စာဖတ်တဲ့အလုပ်ကလွဲပြီး တခြားလုပ်စရာ မရှိဘူး၊ ဒီလူတွေ ကျွန်မစာအုပ်တွေကို တော်တော်ဖတ်ကြတယ်'

'ဟုတ်ပါတယ်၊ ကျွန်တော့် မိတ်ဆွေကျောင်းဆရာမလေးလဲ ဖတ်တယ်၊ ခင်ဗျားစာအုပ်အားလုံးဖတ်ဖူးတယ်' ဒက်ဖနီ ဝမ်းသာသွားသည်။

'သူ့ နာမည်ဘယ်သူပါလိမ့်'

'ဟာရီယက်၊ ဟာရီယက် ဘာရိ'

'သူ့ နာမည်က နိုင်ငံခြားဆန်သလိုပဲနော်'

'ကျွန်တော်ကတော့ သူ့ကိုအဲဒီလိုမခေါ်ပါဘူး၊ ကောင်မလေးက တော်ပါတယ်၊ စိတ်ကောင်းရှိတယ်၊ တန်ဖိုးရှိတယ်'

'ဒါဆို ရှင်က သူ့ကိုလက်ထပ်မယ် ဆိုပါတော့'

မက်သယူးက ခေါင်းကို ခါယမ်းလိုက်သည်။

'ကျွန်တော်က အဲဒီအဆင့်အထိ မစဉ်းစားသေးပါဘူး၊ သူနဲ့တွေ့တာကလဲ မကြာသေးဘူး'

ဒက်ဖနီ ပြုံးလိုက်ပြီး

'အကြောင်းထူးရင်တော့ ကျွန်မကို အသိပေးပါ မက်'

'ဂျပ်စတင်နဲ့ ကိစ္စလား'

မက်သယူးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ကျွန်မပြောပါ့မယ်'

*

ဒက်ဖနီသည် လေယာဉ်ပေါ် တတ်ရန် လှေကားရင်းတွင် ရပ်နေသည်။ မက်သယူးက ဒက်ဖနီ၏ မျက်နှာကို စိုက်ကြည့်နေသည်။ အတန်ကြာတော့မှ

'ကဲ အစစအရာရာ သတိထားပါ ဒက်ဖ်' ဒက်ဖနီက ရှေ့သို့ တိုးလာပြီး မက်သယူးအား ဖက်လိုက်သည်။ မက်သယူးကလည်း ပြန်ဖက်သည်။ စိတ်ထဲကတော့ ဒက်ဖနီ၏ ဘဝခရီးဖြောင့်ဖြူးသာယာပါစေဟု ကျိတ်၍ ဆုတောင်းနေမိသည်။

'စိတ်ချပါ၊ ကျေးဇူးတော်နေ့ရက်အားကျတော့ ကလေးကို ကျွန်တော်







လေယာဉ်နဲ့ ဆက်ဆက် တင်ပို့လိုက်ပါ့မယ်'

'ဒီကြားထဲ ကျွန်မလဲ ဖုန်းခဏခဏ ဆက်နေမှာပါ'

သို့သော် မက်သယူးကတော့ သူ့စကားကို သိပ်မယုံချင်။

ဒက်ဖနီလေယာဉ်လှေကားပေါ်သို့ တတ်သွားသည်။ တစ်ဝက်ရောက်တော့ သမင်လည်ပြန်လှည့်ကာ လက်ဝှေ့ယမ်းပြပြီး နှုတ်ဆက်သည်။

မက်သယူးကလည်း အောက်မှနေပြီးပြန်၍ လက်ဝှေ့ယမ်းပြလိုက်သည်။

ပြီးတော့ မျက်နှာကို တစ်ဖက်သို့ချက်ချင်းလှည့်ပစ်လိုက်ပြီး နေရာမှ ပြန်ထွက်လာခဲ့တော့သည်။

မျက်ရည်ရွှန်းလာသော မက်သယူး၏ မျက်နှာကို ဒက်ဖနီမမြင်ရတော့။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၅ )

လော့စ်အိန်ဂျယ်လိမြို့ လေဆိပ်တွင် လေယာဉ်ပေါ်မှ ဒက်ဖနီဆင်းလာသောအခါ ဇိတ်ဝတွင် ဂျပ်စတင်ရပ်နေသည်ကို တွေ့ရသည်။

ဂျပ်စတင်သည် ဒက်ဖနီထံသို့ ပြေးလာပြီး လှိုက်လှဲဝမ်းသာဖက်ထားသည်။ လူလေးယောက်က ဂျပ်စတင်အနားသို့ လျှောက်လာပြီး ဓာတ်လိုက်မင်းသား ဂျပ်ဘောင်လားဟု မေးသည်။ ဂျပ်စတင်က မဟုတ်ပါဘူးဟု ပြောလိုက်သည်။

ထို့နောက် ရပ်ထားသော ဇိမ်ခံကားဆီသို့ လျှောက်လာကြသည်။ နှစ်ယောက်သား ကားပေါ်ဝင်ထိုင်ကာရယ်နေကြသည်။ ဒက်ဖနီပြန်ရောက်လာ၍ သူ့ကိုယ်သူပျော်နေပုံရသည်။

အိမ်သို့ ရောက်တော့ အရာခပ်သိမ်းလက်ရာခြေရာ မပျက်သေးသေးသပ်သပ် တွေ့ရသည်။ ဂျပ်စတင်က သူ့ကိုယ်သူ ဂုဏ်ယူနေသည်။

'ကဲ လက်တွေ့မြင်ရပြီမဟုတ်လား၊ ကိုယ်ကကိုယ့်ကိုယ်ကိုယ် လုံးဝပြုပြင်ပြောင်းလဲရေးလုပ်လိုက်ပြီ အချစ်ရဲ့'

'ကျွန်မ အထင်သေးခဲ့မိတာတွေ တောင်းပန်ပါတယ် မောင်'

'အို အချစ်က တောင်းပန်စရာ မလိုပါဘူး၊ မောင်ကသာ တောင်းပန်ရမှာပါ၊



www.burmeseclassic.com

www.burmeseclassic.com



မောင် ကျူးလွန်ခဲ့မိတဲ့ အတိတ်က အမှားတွေ အတွက်လေ'

'အဲဒါတွေ မပြောပါနဲ့တော့ မောင်၊ မေ့ပစ်လိုက်ပါတော့'

ဒက်ဖနီက ဂျပ်စတင်၏နှုတ်ခမ်းကို နမ်းလိုက်သည်။ ဂျပ်စတင်က ဒက်ဖနီအား ပွေ့ချီလိုက်သည်။

*

နောက် ရက်သတ္တကိုးပတ်လုံးလုံး ရုပ်ရှင်ရိုက်ရင်း အလုပ်များနေကြသည်။

ဒက်ဖနီသည် မက်သယူးထံသို့ ဖုန်းမဆက်ဖြစ်။ မက်သယူးအား သူတို့အတွင်းရေးပြောရသည်မှာ ဂျပ်စတင်အား သစ္စာမဲ့ရာ ရောက်သလိုထင်မိသည်။

သို့သော် နောက်ပိုင်းတော့ သတိရတိုင်း မက်သယူးထံသို့ဖုန်းလှမ်းဆက်သည်။ ဆက်တိုင်း မက်သယူးနှင့်တစ်ကြိမ်မှ မတွေ့။ သူ အပြင်ထွက်နေသည်နှင့်ချည်း ဆုံနေသည်။ ကေ့ဒ္ဒီလူ သူ့ကောင်မလေးနဲ့ လျှောက်လည်နေတာ ဖြစ်ရမယ်ဟု ဒက်ဖနီက ကျိန်းသေပေါက်တွက်လိုက်သည်။

သည်လိုနှင့် အချိန်တွေ ကုန်မှန်းမသိ ကုန်လွန်သွားခဲ့သည်။

နိဝင်ဘာလပထမပတ်တွင် ရုပ်ရှင်ကား လုံးဝရိုက်ကူးပြီးစီးသွားသည်။

ရိုက်ကွင်းထဲမှ ဂျပ်စတင် အပြီးအပိုင်ထွက်လာသောအခါ လူတိုင်းပင် မျက်ရည် ဝဲနေကြသည်။

ရုပ်ရှင်အဖွဲ့သားတွေ တစ်ယောက်ကိုတစ်ယောက် နမ်းသူနမ်း၊ ဖက်သူဖက်ဖြင့် နောက်ဆုံး နှုတ်ဆက်ကြသည်။

ဒါရိုက်တာကြီး ဟောဝပ်က ဒက်ဖနီအားလက်ကိုလှမ်းဆွဲပြီး ဝမ်းသာအားရ ဖက်ယမ်းနှုတ်ဆက်သည်။

ရှမ်ပိန်အရက်ဗူးလင်းတွေ တစ်လုံးပြီးတစ်လုံးဖွင့်ကာ ဆုတောင်းမေတ္တာ ပို့ကြသည်။ သို့သော် သူတို့အားလုံး၏ စိတ်ထဲတွင်တော့ ခွဲခွာကြရတော့မည်ဟူသော အသိက လွှမ်းမိုးနေသည်။ အဝါချီ ရုပ်ရှင်ကားကိုသာမရိုက်ရလျှင် သူတို့အားလုံး ဘာတွေ လုပ်နေကြလိမ့်မလဲဟု အားလုံးပင်တွေးမိကြသည်။

သူတို့သည် ဇာတ်ကားရိုက်ကူးနေသည့် ခုနစ်လအတွင်း ညီအစ်ကို မောင်နှမ အရင်းအချာတွေပမာ အလွန်ရင်းနှီးချစ်ခင်လာခဲ့ကြသည်။ မိတ်ဆွေအဆင့်ထက် ကျော်လွန်ကာ ချစ်သူအဆင့်သို့ ရောက်လာကြသူတွေလည်း မနည်းလှ။

ယခုတော့ ရုပ်ရှင်ကား ရိုက်ကူးပြီးစီးသွားပြီ။ သူတို့တစ်တွေ တစ်ယောက်နှင့် တစ်ယောက် ခွဲခွာကြရတော့မည်။ ခင်မင်သူများနှင့် တွေကွဲရခြင်းဝေဒနာကို လူတိုင်း ခံစားကြရသည်။

ကားရိုက်ပြီးသွားပေမယ့် ဒါရိုက်တာကြီးဟောဝပ်နှင့်စက်မှု အဖွဲ့သားတွေ





အဖို့တော့ အေးအေးဆေးဆေး မနားနိုင်ကြသေး။ လုပ်စရာအလုပ်တွေက တစ်ပုံကြီး ရှိနေသေးသည်။ ဖလင်ဖြတ်ခြင်း၊ ဆက်ခြင်း၊ တည်းဖြတ်ခြင်း၊ တေးဂီတနှင့်အသံသွင်းခြင်းစသည့်နောက်ဆက်တွဲလုပ်ငန်းများဖြင့် လပေါင်းအတော်ကြာကြာ နေ့မအား ညမအား အလုပ်များနေကြပေဦးမည်။

သို့သော် ဒက်ဖနီနှင့် ရုပ်ရှင်သရုပ်ဆောင်တွေအဖို့တော့ ဘာအလုပ်မှ မရှိတော့။ အလုပ်တာဝန်အားလုံးပြီးဆုံးသွားပြီ။ သူတို့အဖို့ တစ်ခါတစ်ရံအိပ်မက်ဆိုးကြီးလို စိတ်ညစ်ရသော်လည်း အများအားဖြင့် စိတ်ကူးယဉ်ရဆုံး၊ ပျော်ရဆုံးအိပ်မက်တစ်ခု ပြီးဆုံးသွားပြီ။ ဇာတ်ကား ရိုက်ကူးနေစဉ် ကာလအတွင်းတွေ့ကြုံ ခံစားခဲ့ရသော စိတ် ဆင်းရဲ ကိုယ်ဆင်းရဲခြင်း အားလုံး ကုန်ဆုံးသွားပြီ ကလေးမွေးနေတုန်း ဒုက္ခဝေဒနာ ခံစားရသော်လည်း မွေးဖွားပြီးသောအခါ ဝမ်းသာမဆုံး ဖြစ်ရသလို အဖွဲ့သားအားလုံး ပျော်ရွှင်မဆုံး ဖြစ်ကြရပြီ။

နောက်တစ်နေ့တွင် ရုပ်ရှင်ဇာတ်ကားအောင်မြင်စွာ ရိုက်ကူးပြီးစီးသည့် အထိမ်းအမှတ်ပွဲကျင်းပသည်။ လူတိုင်း အရက်မူးပြီး တစ်ယောက်တစ်ပေါက် ပြောချင်ရာ ပြောရင်းဆူညံနေသည်။ အဖွဲ့သားအားလုံး အပျော်ကြီး ပျော်နေကြသည်။ သူတို့သည် နောက်တစ်နေ့မနက် ငါးနာရီတိတိတွင် စတူဒီယိုသို့ အရောက်သွားရန် မလိုအပ်တော့။ ဒါရိုက်တာ၏ အကြိမ်းအမောင်း ... အဆဲအဆို ခံရမည်ကိုလည်း ကြောက်စရာ မလိုတော့။

အဲဒါတွေအားလုံး နိဂုံးတံခဲ့ပြီ။ အားလုံး ပြီးဆုံးသွားပြီ။

ဒါရိုက်တာကြီးဟောဝပ်က နောက်ဆုံးနှုတ်ဆက်မိန့်ခွန်းပြောနေစဉ် ဒက်ဖနီသည် ရှမ်ပိန်အရက်ခွက်ကိုကိုင်ကာ ဂျပ်စတင်အား ပြုံးကြည့်နေသည်။ သူ့မျက်လုံးများတွင်လည်း မျက်ရည်တွေဝဲလို့။

'ရုပ်ရှင်ကားက သိပ်ကောင်းတယ် ဒက်ဖ်၊ မင်းတော့ တစ်ကယ်ကြိုက်မှာ သေချာတယ်'

ဒက်ဖနီသည် ရုပ်ရှင်ကားကို ဟိုတစ်ပိုင်းသည်တစ်ပိုင်း ကြည့်ခဲ့ရပြီး ဖြစ်သည်။ အားလုံးပြီးစီးသွား၍ အစအဆုံးကြည့်ရသောအချိန်သည် သူ့ဘဝတွင် ရင်အဖိုရဆုံး၊ ဝမ်းအသာရဆုံး အချိန်ဖြစ်မည်ဟု ဇောန်ဖြစ်သည်။

'မင်းတော့ အကောင်းဆုံး လုပ်လိုက်တာပဲ ဒက်ဖနီ'

လူတိုင်းပင် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ချီးကျူးနေကြသည်။ တစ်ယောက်ကိုတစ်ယောက် ဖက်နမ်းကာ ဂုဏ်ပြုနေကြသည်။

သူတို့၏ အောင်ပွဲသည် မနက်သုံးနာရီတွင်မှ ပြီးဆုံးသွားသည်။

နောက်တစ်နေ့နံနက်တွင် ဒက်ဖနီသည် သူ့အလုပ်ခန်းထဲတွင် ဘာဘရာနှင့်တွေ့ထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ဒက်ဖနီ၏ မျက်နှာက ပြုံးနေသော်လည်း စိတ်ထဲမှာတော့ ဝမ်းနည်းသလိုလို ခံစားနေရသည်။ တစ်စုံတစ်ရာ ဆုံးရှုံးသွားသလို တသသဖြစ်နေမိသည်။

'ကျွန်မတော့ ဒုက္ခပဲ ဘာဘာရာ၊ ဂျပ်စတင်လို ဖြစ်နေပြီ၊ လောလောဆယ် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ သလိုပဲ'

'တစ်ခုခုတော့ စဉ်းစားကြည့်ရမှာပေါ့၊ စာအုပ်သစ်ရေးဖို့ ပြောတာ မဟုတ်ဘူး' စာအုပ်သစ်ရေးရန် အချိန်သုံးလ ကျန်သေးသည်။ ကျေးဇူးတော်နေ့ပွဲ နောက်ပိုင်းတွင် စတင်ရေးရန် စိတ်ကူးထားသည်။ 'ဒါနဲ့ ကလေးက ဘယ်တော့လာမှာလဲ'

'ကျေးဇူးတော်နေ့ မတိုင်ခင်ညမှာ ရောက်မယ်၊ ဟုတ်ပါရဲ့၊ ရှင် ပြောမှပဲ သတိရတော့တယ်၊ ပွဲတော်နေ့ကျရင် ရှင်နဲ့ တွမ်တို့အပြင် ကလေးတွေပါ လာမယ် မဟုတ်လား'

'စိတ်ချပါ၊ ဆက်ဆက် လာပါ့မယ်'

'ဒါဆို ဟုတ်ပြီ'

ဟုတ်ပြီဟုသာ ပြောရပေမယ့် စိတ်ထဲကတော့ ဘာဘာရာနှင့်ဂျပ်စတင်တို့ ထိပ်တိုက်တွေ့ကြရင်ဖြစ်မှ ဖြစ်ပါ့မလားဟု တွေးနေမိသည်။

*

နောက်အပတ်ထဲတွင် ဒက်ဖနီနှင့်ဂျပ်စတင်တို့သည် ရုပ်ရှင်လောကသားတွေ ဓာတ်ကား ရိုက်ပြီးတိုင်း လုပ်လေ့လုပ်ထရှိသော အလုပ်များကို လုပ်ကြသည်။

တင်းနစ်ရိုက် ထွက်ကြသည်။ ပါတီပွဲတက်ကြသည်။ နာမည်ကြီး ဟိုတယ် များဖြစ်သော မာမေဆင်၊ ဘာရစ္စတိုနှင့် မော်တန်ဟိုတယ်များသို့ သွား၍ ညစာ စားကြ သည်။

စာနယ်ဇင်းတွေ ရုပ်ရှင်စာစောင်တွေကလည်း သူတို့နှစ်ယောက်အကြောင်းကို ဓာတ်ပုံတွေဖြင့် ဝေဝေဆာဆာ ရေးသား ဖော်ပြနေကြသည်။

ယခုအချိန်တွင် သူတို့နှစ်ယောက်၏ အချစ်ဇာတ်လမ်းမှာ လျှို့ဝှက် ဇာတ်လမ်း မဟုတ်တော့။ လူတိုင်းသိနေကြပြီ။

ဒက်ဖနီ ဘဝသစ်ကို လက်ခံပြီး နှစ်နှစ်ခြိုက်ခြိုက်လက်ခံပြီး အပျော်ကြီး ပျော်နေသည်။ ဂျပ်စတင်မှာလည်း ချစ်ရေစင် ပက်ဖျန်းခံရ၍လား မသိ၊ တစ်နေ့တခြား နုပျိုကာ လူငယ်တစ်ယောက်လို လန်းဆန်းမြူးကြွနေသည်။

အန်ဒရူးကလေး မရောက်မီ လေးရက်အလို တစ်နေ့နံနက်တွင် ဂျပ်စတင်က သတင်းစာဖတ်နေရာမှ ဒက်ဖနီအား မော့ကြည့်ပြီး ပြုံးပြသည်။

'ကိုယ်ဘာကြောင့် ပြုံးရတာလဲသိလား ဒက်ဖ်၊ ဒီအချိန်ဆိုရင် ဆီရာတော်





ဘန်းမှာ ဆီးနှင်းတွေ ကျနေရော့မယ်'

'ဒါများ အဆန်းလုပ်လို့'

'ဘာလို့ မဆန်းရမှာလဲ၊ ဒီအချိန်ဟာ ဒီနှစ်မှာ ပထမဆုံးဆီးနှင်းကျတဲ့ ရာသီပဲ၊ ဒီအပတ်ထဲ အဲဒီသွားပြီး ရေခဲလျှောစီးကြရင် မကောင်းဘူးလား'

'ဘယ့်နှယ့်ဖြစ်ပါ့မလဲ မောင်၊ လာမယ့် ကြာသာပတေးနေ့ဆိုရင်ပဲ ကျေးဇူး တော်နေ့ရောက်ပြီပဲ ဥစ္စာ၊ အဲဒီနေ့ကျတော့ အိမ်မှာ ညစာစားပွဲလုပ်မှာ၊ သားလေးလဲ တစ်ရက်ကြိုပြီးရောက်လိမ့်မယ်၊ ပြီးတော့ ဘာဘာရာနဲ့ တွမ်တို့လဲ လာကြမယ်၊ တွမ်ရဲ့ ကလေးတွေလဲ ပါလာမယ်'

'ပွဲ မလုပ်ဖြစ်တော့ဘူးလို့ သူတို့ကို ပြောလိုက်ပေါ့'

'ဘယ်ဖြစ်ပါ့မလဲ၊ ကြိုတင် ဖိတ်ထားပြီးပြီ'

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ'

'သားလေးက ဗုဒ္ဓဟူးနေ့ကတည်းက ရောက်လာမှာ၊ ဒါကြောင့် ပွဲကို ဖျက်လို့ မရတော့ဘူး၊ ဒီပွဲက သူ့အတွက်တမင် လုပ်တဲ့ပွဲ၊ ကျွန်မအတွက်လဲ အရေးကြီးတာပဲ၊ ဒီလိုပွဲမျိုး ကျွန်မမလုပ်ခဲ့ရတာ ဆယ်နှစ်တောင်ရှိပါပြီ မောင်၊ ဒါကြောင့် ကျွန်မ အထူး တောင်းပန်ပါတယ်၊ ဒါကိုတော့ မောင့် လုံးဝ မကန့်ကွက်ပါနဲ့၊ လုပ်ဖြစ်အောင် လုပ်ကြ ရအောင်နော် မောင်'

'နောက်နှစ်လုပ်လဲ ရပါတယ်'

သူက စိတ်တိုသံဖြင့် ပြောသည်။

'မလုပ်ပါနဲ့ မောင်ရယ်၊ ကျွန်မ တောင်းပန်ပါတယ် မောင်ရယ်'

ဒက်ဖနီက မျက်နှာသေကလေးဖြင့် တိုးလျှိုးတောင်းပန်နေသည်။

ဂျပ်စတင်က လက်ထဲမှ သတင်းစာကို ပစ်ချပြီး ထရပ်လိုက်သည်။

'အို ထားလိုက်စမ်းပါ၊ ဘာကျေးဇူးတော်နေ့ပွဲလဲ၊ ဘယ်သူမှ စိတ်မဝင်စား ပါဘူး၊ မွေးဆရာတွေနဲ့ သူတို့မယားတွေသာ စိတ်ဝင်စားတဲ့ ပွဲပါ၊ အခုရာသီက အလွန် ကြိုက်ရခဲ့တဲ့ ရာသီ၊ တာဟိုးရေအိုင်ကြီးတစ်ဝိုက်မှာ နှစ်သုံးဆယ်အတွင်း ရေခဲလျှော စီးလို့ အကောင်းဆုံးရာသီပဲ၊ ဒီလိုကြုံတောင့်ကြုံခဲတဲ့ရာသီမှာ ကလေးတွေနဲ့ ဝိုင်းဖွဲ့ပြီး ကြက်ဆင်သား စားနေတာ ဘာအဓိပ္ပာယ်ရှိမှာလဲ'

'မောင်က ကျေးဇူးတော်ပွဲကို ဒီလောက်တောင်မှ အထင်သေးသလား'

ဒက်ဖနီက စိတ်မကောင်းစွာဖြင့် ပြန်မေးလိုက်သည်။

ဂျပ်စတင် မတ်တတ်ရပ်နေရာမှ ဒက်ဖနီအား အပေါ်စီး ကြည့်ကာ

'ဒီပွဲက အလကားပွဲတဲ့၊ ဘူဇွာ လူတန်းစားတွေ အပျော်လုပ်တဲ့ပွဲပဲ'

ဂျပ်စတင် သုံးသောစကားလုံးကို သဘောကျ၍ ဒက်ဖနီက ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဂျပ်စတင်၏ လက်ကိုလှမ်းကိုင်ကာ

'မောင် စိတ်မချမ်းသာဖြစ်အောင် လုပ်မိရင် ကျွန်မကို ခွင့်လွှတ်ပါ မောင်၊ ကျွန်မ တောင်းပန်ပါတယ်၊ ဒါပေမယ့် ဒီပွဲက ကျွန်မတို့အားလုံးအတွက် သိပ်ပြီး အရေးကြီးပါတယ် မောင်၊ အထူးသဖြင့် သားလေးနဲ့ ကျွန်မအတွက် ...'

ကဲ တော်ပါတော့ တော်ပါတော့၊ ကိုယ် အလျှော့ပေးပါပြီ၊ အမိတို့က အရေးအတွက်များနေတော့လဲ ကိုယ်ကအရှုံးပေးရတော့မှာပေါ့'

ထို့နောက်တွင် သူက ဤအကြောင်းနှင့်ပတ်သက်၍ ဘာမှ မပြောတော့။

သို့သော် အန်ဒရူးကလေး ကျောင်းသို့ ပြန်သွားပြီးနောက်တွင် ရေခဲ လျှောစီးထွက်ဖြစ်အောင် ထွက်ပါမည်ဟု ဒက်ဖနီက ကတိပေးသည်။ ဂျပ်စတင်အနေဖြင့်လည်း နောက်ထပ်ဓာတ်ကား မရိုက်ဖြစ်သေးဘဲ လပေါင်းအတော်ကြာ အားနေရဦးမည်။ အန်ဒရူးကလေးမှာ ရက်သတ္တတစ်ပတ်လောက်သာနေပြီး ကျောင်းသို့ ပြန်မည်ဖြစ်သည်။

သို့သော် အင်္ဂါနေ့ကျတော့ အခြေအနေက တစ်မျိုးပြောင်းလဲသွားသည်။

ထိုညတွင် သူတို့နှစ်ယောက် အိပ်ရာပေါ်တွင် လှဲနေကြရာမှ ဂျပ်စတင်က ဟိုဘက်လိမ့်သည် ဘက်လှူးဖြင့် ဂနာမငြိမ်ဖြစ်ကာ ပါးစပ်မှလည်းတစ်စုံတစ်ရာကို မကျေနပ်သလို တညည်းညူညူလုပ်နေသည်။

သူသည် အန်ဒရူးကလေးကိစ္စနှင့်ပတ်သက်ပြီး တစ်ခုခုပြောချင်နေတာဖြစ်မည်ဟု ဒက်ဖနီကတွေးမိသည်။ သူက အန်ဒရူးကလေး နားမကြားသည့်ကိစ္စအတွက် ဘဝင်မကျဖြစ်နေကြောင်း ဒက်ဖနီသိသည်။ ထို့ကြောင့်လည်း ဤကိစ္စအတွက် ဘာမှ မပူရန် ဒက်ဖနီက အကြိမ်ကြိမ်ပြောပြခဲ့ပြီးဖြစ်သည်။ ကလေးက ယခုအချိန်တွင် စကားပြော၍ လွယ်ကူနေပြီဖြစ်ကြောင်း အခက်အခဲရှိလျှင်လည်း မိမိက စကားပြန်လုပ်ပေးမည်ဖြစ်ကြောင်း ဂျပ်စတင်အားပြောပြခဲ့ပြီး ဖြစ်သည်။

သို့ပါလျက် ဂျပ်စတင်က ဘာတွေများ တွေးပူနေရတာလဲဟု ဒက်ဖနီစိတ်ထဲ မကျေနပ်ဖြစ်မိသည်။ ထို့ကြောင့်သူက မေးလိုက်သည်။

'ဘာဖြစ်နေတာလဲ မောင်၊ မောင်ဘာတွေ တွေးနေတာလဲ ဟင်'

ဂျပ်စတင်က အိပ်ရာပေါ်တွင် ထထိုင်ပြီး ဒက်ဖနီအား မချိုမချဉ် ပြုံးကြည့်ရင်း

'ကိုယ့်အကြောင်းကို အချစ်ကောင်းကောင်းသိပါတယ်'

'ဟုတ်ပါတယ်၊ ကျွန်မသိပါတယ်' သို့သော် သူမသိပါ။ သူတော်တော် အံ့ဩနေမိသည်။ 'အဲဒီတော့ ...'

'မနက်ကျတော့ ကိုယ် တာဟိုးကို သွားမလို့ စိတ်ကူးထားတယ်၊ ကိုယ့်ဆန္ဒက တားမနိုင် ဆီးမရအောင် ပြင်းပြနေလို့ပါ ဒက်ဖ်၊ ပွင့်ပွင့်လင်းလင်းပြောရရင်





ကိုယ်ဒီနေရာ က သိပ်ပြီး ထွက်သွားချင်နေတယ်'

'ဘယ်တော့လဲ၊ အခုလား' ဒက်ဖနီက သူ့မျက်နှာစေ့စေ့ကြည့်ပြီး မေးလိုက်သည်။ ပြီးတော့ ထထိုင်သည်။ သူတကယ် ပြောနေတာဖြစ်မည်။ မယုံနိုင်စရာပင်။

'မောင်တကယ် ပြောနေတာလား'

'ဟုတ်တယ်၊ တကယ်ပါ၊ အချစ် သဘောပေါက်လိမ့်မယ်လို့ ကိုယ်ထင်တယ်'

'မောင်က ဘာဖြစ်လို့ ဒီလို စိတ်ကူးတွေ ဝင်လာရတာလဲ'

'သြော် ... အဲဒါလား၊ ကိုယ် ရိုးရိုးသားသားပဲ ပြောတော့မယ့် ဒက်ဖ်၊ ကျေးဇူးတော်နေ့မှာ မိသားစုကျွေးဝိုင်းဖွဲ့ပြီး ကြက်ဆင်သားစားကြတာကိုယ်နဲ့ ဘာမှမဆိုင်ဘူး၊ ဒီအလုပ်မျိုးကို ကိုယ်အထက်တန်းကျောင်းသားဘဝ ရောက်ကတည်းက မလုပ်တော့ဘူး၊ အခုမှ ပြန်လုပ်ရမယ် ဆိုတော့ တော်တော် ခုကျနေတယ်လေ'

'ဒါဆို သားလေးအတွက်ရော နည်းနည်းကလေးမှ ထည့်မတွက်တော့ဘူးလား၊ ကျွန်မတော့ မောင်လုပ်ပုံကို မယုံနိုင်အောင်ပဲမောင်၊ တစ်ကယ်ပဲ'

ဒက်ဖနီသည် ခုတင်ပေါ်မှ ခုန်ဆင်းကာ အခန်းထဲခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ သူတော်တော့်ကို စိတ်ပျက်သွားပြီ။ မယုံကြည်နိုင်ခြင်းနှင့် ဒေါသဖြစ်ခြင်း ဝေဒနာနှစ်ရပ်ကို ပြင်းပြစွာ ခံစားနေရပြီ။

'ဒါက ဘာအရေးကြီးနေလို့လဲ၊ လာမယ့်ခရစ္စမတ်နေ့မှာတွေ့ကြရင်လဲ ရတာပဲ'

'သြော် ဒီလိုလား၊ ဒါဖြင့် မောင်ရေခဲလျှောစီးထွက်မယ်ပေါ့၊ ဟုတ်လား'

'အဲဒါတော့ ဘယ်အတ္တပ်ပြောနိုင်ပါ့မလဲ၊ ရေခဲရှိမရှိ ဆိုတဲ့ အပေါ်မှာ တည်တယ်'

ဒက်ဖနီ အကြီးအကျယ် အံ့ဩသွားသည်။ ဂျပ်စတင်၏ မျက်နှာကို စိုက်ကြည့်နေမိသည်။

သူ့ကို ရစ်လလုံးလုံး ချစ်ဟန်ဆောင်ခဲ့တဲ့လူ။ တစ်ကယ့်နေ့ထူး နေ့မြတ်တွင် သားကလေးနှင့်လုံးဝ မဆုံချင်သောလူ။ ဒီလူ့ ဦးနှောက်ထဲမှာ ဘာတွေရှိသလဲ။ နှလုံးသားထဲမှာ ဘာတွေရှိသလဲ။ သူဘယ်လို လူစားလဲ။ ဘယ်လို လူစားလဲ။

ဒက်ဖနီသည် ကိုယ့်အတွေးနှင့် ကိုယ် မေးခွန်းတွေ တစ်ခုပြီး တစ်ခု ထုတ်နေမိသည်။

အတန်ကြာတော့မှ သူက မေးလိုက်သည်။

'ဒီပွဲဟာ ကျွန်မအတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ မောင် သွားမိရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်ကတော့ လုံးဝအမိပ္ပာယ် မရှိဘူးလို့ပဲ ထင်တယ်'

'ဘာလို့ အဓိပ္ပာယ်မရှိရမှာလဲ၊ အဓိပ္ပာယ်အများကြီးရှိတာပေါ့၊ မောင်က ကလေးအမေကိုတော့ လက်ထပ်ချင်တယ်၊ ကလေးနဲ့တွေ့ဖို့ကျတော့ လုံးဝလက်မခံဘူး၊ မကိုခင်တော့ ဥကိုလဲ မင်ရမှာပေါ့၊ မောင်လုပ်ပုံက လုံးဝမဟုတ်ဘူး၊ စက်တင်ဘာလ တုန်းက သားလေးဆီ ကျွန်မသွားတုန်းကလဲ မလိုက်ဘူး၊ အခု သားလေးနဲ့ ဆုံပေးပြန် တော့လဲ အတွေ့မခံချင်ဘူး'

ဒက်ဖနီသည် ဒေါသလည်း ထွက်မိသည်။ ဝမ်းလည်းနည်းမိသည်။ သူ့ဘဝ တွင် သည်တစ်ကြိမ်သာ ဝမ်းအနည်းဆုံးအကြိမ် ဖြစ်သည်။ ဘဝတွင် သူလိုချင်တာတွေ ကို ဂျပ်စတင်က မလိုချင်။ အန်ဒရူးကလေးနှင့် မတွေ့လိုတာက ပို၍ဆိုးသေးသည်။

ယခုမှ အဖြစ်မှန်ကို အတိအကျသဘောပေါက်မိတော့သည်။

သူနှင့်ဂျပ်စတင်တို့အကြားတွင် အားလုံး ပြောင်းလဲသွားခဲ့ပြီ။

'ကိုယ့်အနေနဲ့ အေးအေးဆေးဆေး စဉ်းစားဖို့ အချိန်လိုတယ် ဒက်ဖ်'

သူ့ အမူအရာက ရုတ်တရက် တည်ငြိမ်သွားသည်။

'ဘာကို စဉ်းစားဖို့လဲ'

'ကိုယ်တို့ အကြောင်းကိုပေါ့'

'မကျေနပ်တာ ရှိနေလို့လား'

အဲဒီလိုမဟုတ်ပါဘူး၊ ဒါပေမယ့် ဒီကိစ္စက သိပ်အရေးကြီးတယ် ဒက်ဖ်၊ ဘဝ တစ်ခုလုံးနဲ့ဆိုတဲ့ကိစ္စ၊ ကိုယ်က ဘယ်တုန်းကမှ လက်ထပ်ဖူးတဲ့လူ မဟုတ်ဘူး၊ အဲဒီတော့ ကိုယ့်တစ်ဘဝလုံးကို အိမ်ထောင်မှုကိစ္စနဲ့ မမြှုပ်နှံခင်မှာ ကိုယ်တစ်ယောက် တည်း ခေါင်းအေးအေးနဲ့ စဉ်းစားချင်သေးတယ်'

သူပြောတာ မှန်သလိုလိုတော့ ရှိသည်။ သို့သော် အလုံးစုံ မမှန်။ ဒက်ဖနီက လုံးဝ မယုံနိုင်၊ လုံးဝလက်မခံနိုင်။

'ဒါပေမယ့် မောင့်အချိန် သတ်မှတ်ချက်က တင်းကျပ်လွန်းတယ်၊ နောက် အပတ်ထိ စောင့်လို့မရဘူးလား'

'မရနိုင်ဘူး ထင်တာပဲ'

'ဘာဖြစ်လို့'

'ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အနေနဲ့ ကလေးနဲ့တွေ့ဖို့ အဆင်သင့်မဖြစ်သေး ဘူးလို့ ထင်လို့ပဲ၊ နားမကြားတဲ့ ကလေးတစ်ယောက်နဲ့ ကိုယ်ဘယ်လိုလုပ် စကားပြော ရမှာလဲ၊ ကိုယ်တော့ ဘယ်လိုမှ စဉ်းစားလို့မရဘူး'

'မခက်ပါဘူး၊ ထုံးစံအတိုင်း ဟဲလိုလို့ စပြောရင် ဖြစ်တာပဲ'

'ဒါလောက်နဲ့ ဘယ်ပြီးမှာလဲ ဒက်ဖ်၊ ကိုယ်တကယ် ပြောတာပါ၊ ဘယ်လိုမှ





မဖြစ်နိုင်ပါဘူး၊ ကိုယ် သူ့လို လူမျိုးတွေတွေ့ဖူးပါတယ်၊ တွေ့တိုင်းစိတ်မငြိမ်မသက် ဖြစ်ရတာချည်းပဲ'

'ကျွန်မ သားကလေးက သူများနှုတ်ခမ်းလှုပ်တာကို ကြည့်ပြီး နားလည်ပါ တယ်၊ စကားပြောနိုင်ပါတယ်'

'ဒါပေမယ့် လူကောင်းနဲ့တော့ ဘယ်တူပါ့မလဲ'

သူ့စကားကြောင့် သူ့ကိုလည်း မုန်းသွားမိသည်။ ဒက်ဖနီသည် သူ့ကို ကျောခိုင်းပြီး ပြတင်းပေါက်အပြင်ဘက်သို့ ကြည့်နေလိုက်သည်။

ယခုအချိန်တွင် သူ့အဖို့ သားကလေးသာအရေးကြီးဆုံး။ တစ်ခြားဘယ်သူမှ အရေးမကြီး။ ဂျပ်စတင်လည်း အရေးမကြီးတော့၊ မလိုအပ်တော့။ သူ့ သားလေးသာ အလိုအပ်ဆုံးဖြစ်သည်။ ဂျပ်စတင်ဘက်သို့ မျက်နှာ ပြန်လှည့်လိုက်သည်။

'ဒီလိုဆိုလဲ ကောင်းပြီလေ၊ ကိစ္စ မရှိပါဘူး၊ ကြိုက်သလိုသာ လုပ်ပါ၊ သွား ချင်တာသာသွားပါ'

'ကိုယ့်ကို နားလည်ပါ ဒက်ဖ်၊ နားလည်တယ်လို့လဲ ကိုယ် ယုံကြည်ပါတယ်'

သူ့ အသံက မြူးနေသည်။

ဒက်ဖနီက အံ့သြစွာဖြင့် ခေါင်းကိုခါယမ်းလိုက်သည်။

တကယ်တော့ သူက ငါ့ခံစားချက်ကို တစ်စက်ကလေးမှ နားမလည်ပါဘူး။

'ဒါနဲ့ ရှင်က ဒီစီမံကိန်းကို ဘယ်တုန်းက စိတ်ကူးထားတာလဲ'

သူ့မျက်နှာ နည်းနည်းပျက်သွားသည်။

'သုံးလေးရက်လောက်တော့ ရှိပါပြီ'

ဒက်ဖနီက သူ့မျက်နှာကို အကြာကြီး ငေးကြည့်နေသည်။

'ဒါပေမယ့် ရှင်က ကျွန်မကို လုံးဝမပြောဘူး'

ဂျပ်စတင်က ခေါင်းကို ယမ်းပြသည်။ 'ဒါတော့ ရှင်တမင် အကျပ်ကိုင်တာပဲ'

ဒက်ဖနီသည် ဆတ်ခနဲလှည့်ထွက်လာပြီး အခန်းတံခါးကို တအားဆောင့် ပိတ်လိုက်သည်။

ထိုညက သူ ဘာဘရာ၏ အိပ်ခန်းတွင် အိပ်သည်။ ထိုအခန်းတွင် ဘာဘရာ မအိပ်တာကြာပြီ။ ဘာဘရာသည် တွမ်နှင့်အတူသွားနေသည်။ သို့သော် နယူး ယောက်မှာ တုန်းကလို ဒက်ဖနီ၏အိမ်သို့ နေ့တိုင်းတော့ မှန်မှန်လာသည်။

နောက်နေ့ မနက်တွင် ဒက်ဖနီ အိပ်ရာမှနိုးလာတော့ မီးဖိုခန်းမှာ ဂျပ်စတင် နံနက်စာ ပြင်ဆင်နေသံကို ကြားရသည်။

မီးဖိုခန်းထဲ ဒက်ဖနီဝင်သွားသောအခါ ဝတ်စုံအပြည့်ဝတ်ထားသော ဂျပ်စတင် ကို တွေ့ရသည်။ ဂျပ်စတင်က ကော်ဖီတစ်ယောက်တစ်ခွက်စီငှဲ့ထည့်သည်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရသည်မှာ ဘာမှမဖြစ်သလို ပြုံးရွှင်လန်းဆန်းနေသည်။

'ကျွန်မတော့ ရှင့် လုပ်ပုံကို ဘယ်လိုမှမယုံနိုင်အောင် ဖြစ်နေပြီ'

'တစ်ဆိတ်ကို တစ်အိတ် မဖြစ်ပါစေနဲ့ ဒက်ဖ်၊ ပြဿနာက ဒီလောက် မကြီးကျယ်ပါဘူး'

'ကျွန်မ အတွက်တော့ ကြီးကျယ်တယ်၊ ဘာလဲ ရှင်က တစ်ယောက်တည်း သွားမလို့လား'

'ဒီမေးခွန်းက တော်တော် ဆန်းတာပဲ'

ဂျပ်စတင်က ပန်းကန်ထဲမှ ကြက်ဥကို စိုက်ကြည့်နေသည်။

'မဆန်းပါဘူး၊ မေးသင့်တဲ့ မေးခွန်းပါ၊ ရှင်ကသာ လူထူးလူဆန်း ဖြစ်နေတာပါ ဂျပ်စတင်'

ဂျပ်စတင်က ဒက်ဖနီ၏ မျက်နှာကို မော့ကြည့်သည်။ ဒက်ဖနီ၏ မျက်လုံးများတွင် ဒေါသရိပ်တွေပေါ်လွှင်နေသည်။ သူ့ကို ဒက်ဖနီ ဒေါကန်နေပြီ။ သို့သော် ဒက်ဖနီ ဘယ်အတိုင်းအတာအထိ စိတ်ဆိုးနေသည်ကိုတော့ သူ မသိ။ အန်ဒရူးကလေးကိုအသိအမှတ် မပြုခြင်းသည် ဒက်ဖနီအား အသိအမှတ်မပြုခြင်းပင် ဖြစ်သည်။ ဤပြဿနာသည် အကြီးအကျယ်ဆုံးလည်း ဖြစ်သည်။ အဆိုးရွားဆုံးလည်း ဖြစ်သည်။ သို့သော် ဒါကို ဂျပ်စတင်က သဘောမပေါက်၊ နားမလည်။

'ဟုတ်တယ်၊ ကိုယ်တစ်ယောက်တည်းသွားမယ်၊ မင်းကို ကိုယ်ပြောခဲ့ပြီးပြီပဲ၊ ငါးတောထဲတောင်ထဲ သွားပြီး စဉ်းစားဖို့အချိန်လိုအပ်တယ်လို့'

'ကျွန်မလဲ စဉ်းစားဖို့ အချိန်လိုအပ်တာပဲ'

'ဘာအကြောင်း စဉ်းစားမလို့လဲ'

'ရှင့်အကြောင်း စဉ်းစားမလို့' သက်မတစ်ချက် ချလိုက်ပြီးတော့မှ 'ရှင်က ကျွန်မသားလေးနဲ့ ရင်းနှီးချင်စိတ်မရှိရင်တော့ အလုပ်ဖြစ်မှာမဟုတ်ဘူး'

ဂျပ်စတင်က ဘာမှ ပြန်မပြောဘဲ ဒက်ဖနီအား နမ်းမည်လုပ်သည်။ ဒက်ဖနီက အနမ်းမခံ၊ ချာခနဲလှည့်ပြီး အိမ်ထဲပြန်ဝင်သွားသည်။

*

ဘာဘာရာ ရောက်လာသောအခါ ဒက်ဖနီအား သူ့ရုံးခန်းထဲတွင် ထိုင်ပြီး အတွေးနက်နေသည်ကို တွေ့ရသည်။ သူ့ကိုကြည့်ရသည်မှာ မိုင်ပေါင်းများစွာ ကွာဝေးသောဒေသသို့ ရောက်နေသူနှင့်တူသည်။

ဘာဘာရာက စကားပြောသော်လည်း သူက ကြားဟန်မတူ။ ထို့ကြောင့် ဘာဘာရာက ထပ်ပြောပြန်သည်။

'ကျွန်မ ကြက်ဆင်အမတစ်ကောင် ဝယ်လာခဲ့ပြီ၊ ဆိပ်ထွားတာပဲ၊ ရှင် မြင်





တောင် မြင်ဖူးမှာ မဟုတ်ဘူး'

သို့သော် ပထမတွင် ဒက်ဖနီက ဘာမှ တုံ့ပြန်ခြင်းမရှိ။ နောက်တော့မှ သူ့စိတ်အာရုံကို မျက်မှောက်ကာလသို့ အတင်းပြန်ခေါ်ယူလိုက်ဟန်မျိုးဖြင့်

'ဟင် ... ဘာဘာရာ'

'ရှင်ကြည့်ရတာ အဝေးကြီးရောက်နေသလိုပဲ၊ ဘာတွေများ စဉ်းစားနေတာလဲ၊ နောက်ရေးမယ့် ဝတ္ထုစာကိုလမ်း စဉ်းစားနေတာလား'

'ဆိုပါတော့'

'ဒါနဲ့ ဂျပ်စတင်ကို မမြင်ပါလား'

'အပြင် သွားတယ်'

ဒက်ဖနီက သူနှင့်ဂျပ်စတင်တို့၏ အတွင်းရေးကို ဘာဘာရာအား မပြောပြချင်သေး။

သို့သော်လည်း အန်ဒရူးကလေးအား လေဆိပ်တွင် သွားကြိုခါနီးတွင်တော့ သူက ဘာဘာရာအား ပြောပြလိုက်တော့သည်။

'ဘာဘာရာ၊ ကျေးဇူးတော်နေ့ ညစာစားပွဲမှာ ဂျပ်စတင်ပါမှာ မဟုတ်ဘူး'

'ဟင် ... သူမပါဘူး ဟုတ်လား၊ ဘာဖြစ်လို့လဲ ရှင်တို့နှစ်ယောက် ရန်ဖြစ်ကြလို့လား'

'ဆိုပါတော့၊ သူက ညစာစားပွဲတော့မပါချင်ဘူး၊ ရေခဲလျှောစီး ထွက်မယ်လို့ပြောတာနဲ့ ကျွန်မတို့ စကားများကြတာ'

'ရှင် တကယ်ပြောတာလား'

'ဟုတ်ပါတယ်၊ တကယ်ပါ၊ ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မ ဘာမှ မပြောချင်တော့ဘူး၊ ဘာဘာရာ'

သို့ဖြင့် သူသည် သူ့အလုပ်ခန်းထဲတွင် တစ်ယောက်တည်း အခန်းအောင်းနေပြီးလေဆိပ်သို့ သွားခါနီးတော့မှ အပြင်ထွက်လာခဲ့သည်။

သူသည် ကိုယ်တိုင် ကားမောင်း၍ထွက်လာခဲ့သည်။ သူ့မျက်နှာက တည်နေသည်။

ကားကို ကားဂိုဒေါင်ထဲသွင်းထားခဲ့ပြီးနောက် လေယာဉ်ကွင်းဂိတ်ဝသို့ လျှောက်လာခဲ့သည်။ သူ့ခေါင်းထဲမှာတော့ ဂျပ်စတင်၏ အပြုအမူနှင့်ပတ်သက်၍ မကျေနပ်ချက်ပြည့်နက်နေသည်။ ဂျပ်စတင်သည် သူ့ကိုနည်းနည်းကလေးမျှ ဂရုမစိုက်ဘဲ ထွက်သွားခဲ့ပြီ။

အန်ဒရူးလေးလိုက်ပါလာသော လေယာဉ်မကြာမီ ဆိုက်ရောက်တော့မည်ဖြစ်ကြောင်း ကြေကြာသံပေါ်ထွက်လာသည်။


www.burmeseclassic.com

www.burmeseclassic.com



ကွင်းထဲသို့ လေယာဉ်ထိုးဆင်းလိုက်သောအခါတွင်မှ ဂျပ်စတင်နှင့်ပတ်သက်သော အတွေးတွေ သူ့ခေါင်းထဲမှ လုံးဝထွက်ပြေးသွားကြသည်။

တချိန်တည်းတွင် ဂျပ်စတင်သည် သူ့ဘဝတွင် လုံးဝ အရေးမကြီးတော့ဟူသော အသိဝင်လာသည်။ အရာရာတိုင်းတွင် ပီပြင်ပြတ်သားလာသည်။ သူ့ဘဝအတွက် အရေးအကြီးဆုံးမှာ အန်ဒရူးကလေးသာ ဖြစ်တော့သည်။

လေယာဉ်ပေါ်မှ ခရီးသည်တွေ ဆင်းလာကြပြီ။

ဒက်ဖနီ၏ ရင်သည် တဒိန်းဒိန်း ခုန်လာသည်။

ထို့နောက် လူအုပ်ထဲတွင် သားကလေးကိုလှမ်းမြင်လိုက်ရသည်။ ကလေးက လေယာဉ်မယ်၏လက်ကို ဆွဲထားသည်။ သူ့ မျက်လုံးတွေက သူ့မေမေအား သွေးရှူးသွေးတန်းလိုက်ကြည့်နေသည်။

ဒက်ဖနီသည် အခိုက်အတန့်မျှ ခြေလှမ်းတုံ့နေသည်။ ခြေလှမ်း မလှမ်းရဲအောင် ဖြစ်နေသည်။

ဒီတလေးဟာ ဂျပ်စတင်မတွေ့ချင်တဲ့ကလေး။ ငါ့ဘဝမှာ အရေးကြီးဆုံးလူသားကလေး။ ငါ့အသက်၊ ငါ့ဘဝ။

သူ့ခြေထောက်တွေ ရှေ့သို့ ရွေ့လျားနေကြသည်။ ဘယ်အရာကမျှ တားဆီး၍ မရတော့။

ကလေးက သူ့မေမေကို မြင်သွားပြီ။

လေယာဉ်မယ်လက်ထဲမှ အတင်းရုန်းထွက်ပြီး စွတ်ပြေးလာသည်။ ပါးစပ်ကလည်း အသံသေးသေးဖြင့် အော်လာသည်။ သူ့ဝမ်းသာရွှင်မြူးသော အခါတိုင်း သည်လိုစင် အမြဲတမ်းအသံပြုတတ်သည်။

ဒက်ဖနီ၏ ဘဝတစ်ခုလုံးသည် တစ်မုဟုတ်ချင်းပြည့်စုံသွားသည်။ ဘဝရေစမ်းတွင် သီတာရေတွေပြည့်လျှံသွားပြီး မျက်လုံးများမှပင် လျှံထွက်လာသည်။

ဤသားကလေးသည် သူ့ဘဝတွင် အရှုံးထဲမှအမြတ်ဖြစ်သည်။ ဘဝ တစ်လျှောက်လုံး အရှုံးတွေနှင့်ချည်း ရင်ဆိုင်ခဲ့ရသည့်အထဲမှ အသားတင် ကျန်ရစ်သော အလုံးစုံကိုယ်ပိုင်ဥစ္စာ၊ အလုံးစုံကိုယ်ပိုင်ရတနာ ဖြစ်သည်။ ထို့ထက်ဆိုရလျှင် ဤလောကတွင် သူ့အချစ်ဆုံး အမြတ်နိုးဆုံးတစ်ဦးတည်းသော လူသားကလေး ဖြစ်သည်။

ဒက်ဖနီသည် လူအုပ်ထဲသို့ ပြေးဝင်သွားပြီး သားကလေးအား ဖွေ့ဖက်ထားလိုက်သည်။

ကလေးက မိခင်၏မျက်နှာကို မော့ကြည့်သည်။ ဒက်ဖနီ၏မျက်နှာတစ်ပြင်လုံး မျက်ရည်တွေဖြင့် နစ်နေသည်။ သူက သားကလေးအား ပြုံးကြည့်ရင်း

'သားလေး ရောက်လာတာ မေမေသိပ်ပြီးဝမ်းသာတာပဲ သားရယ်'





အင်ဒရူးကလေးက ပြန်၍ပြုံးပြသည်။

'မေမေ ပြန်လာရင် ပိုပြီးတောင်ဝမ်းသာရဦးမယ်'

'ဟုတ်တာပေါ့ သားရယ်၊ ဟုတ်တာပေါ့'

သို့သော် သူ့ စိတ်ထဲတွင်တော့ သူမျှော်လင့်ထားသလို မြန်မြန်မှ ပြန်သွားနိုင်ပါ့မလားဟု သံသယရှိနေတုန်းပင်။

သားအမိနှစ်ယောက် တစ်ယောက်လက်တစ်ယောက်ဆွဲကာ ပစ္စည်းရွေးဌာနသို့လျှောက်လာကြသည်။ ဒက်ဖနီသည် သားကလေးအား မျက်စိအောက်မှခဏလေးမျှ အပျောက်မခံနိုင်အောင် ဖြစ်နေသည်။

ထို့နောက် ကားပေါ်တက်ခါ အိမ်သို့လာခဲ့ကြသည်။ တစ်လမ်းလုံး ကလေးက စကားတွေသိပ်ပြောလာသည်။ မက်သယူး၏ မိတ်ဆွေမိန်းကလေး၊ အကြောင်းကိုလည်း ပြောသည်။

'သူက တနင်္ဂနွေနေ့တိုင်း ကျောင်းကို လာတယ်မေမေ၊ သူက သိပ်ပြီးလှတယ်၊ ရယ်လဲသိပ်ရယ်တယ်၊ သူ့ဆံပင်ကနီနီ၊ သူလာတိုင်း သားတို့ကို သကြားလုံးတွေ ပေးတယ်'

သူက ဘာကြောင့် ရယ်မှန်းမသိ၊ သည်အကြောင်းကို ကြားချင်သိချင်စိတ်မရှိ။ ထို့ကြောင့် ဘာမှပြန်မပြောဘဲ ငြိမ်၍သာနေသည်။ နောက်ပိုင်းကျတော့ တစ်ခြားအကြောင်းများကို ပြောကြသည်။

အိမ်ရောက်တော့ လုပ်စရာတွေက တစ်ပုံကြီး။

ရေကူးကြသည်။ စကားပြောကြသည်။ ဖဲကစားကြသည်။ နောက်ဖေးခြံထဲတွင် ကြက်ကောင်လုံးကင် ကြသည်။ ဒက်ဖနီ၏ ဘဝသည် မြူးရွှင်လန်းဆန်းသော အသက်ပြန်ဝင်လာသလို ထင်မိသည်။

နောက်ဆုံးတော့ သားကလေးကို အိပ်ရာသွင်းသည်။ ကလေးကတသမ်းသမ်း တဝေဝေဖြင့် အိမ်ချင်လှပြီ။ သို့သော် သူက မအိပ်သေးဘဲ သူ့မေမေ၏မျက်နှာကို သံသယအကြည့်ဖြင့် ကြည့်နေသည်။ သူက မေးသည်။

'မေမေ ဒီမှာ တခြားလူနေသေးသလား ဟင်'

'မနေပါဘူး၊ ဘာဖြစ်လို့လဲ၊ ဩော် အန်တီ ဘာဘာရာတော့ နေ့တိုင်း လိုလိုလာလည်တတ်တယ် သားရဲ့'

'သားက ယောကျ်ားကို ပြောတာပါ'

ဒက်ဖနီ၏ရင်ထဲ ဒိတ်ခနဲဖြစ်သွားသည်။

'သားက ဘာဖြစ်လို့ မေးရတာလဲ'

ဗီရိုထဲမှာ ယောကျ်ားဝတ်စုံတွေတွေ့လို့'



www.burmeseclassic.com

www.burmeseclassic.com



'ဩော် ဒါက အိမ်ရှင်တွေရဲ့အဝတ်အစားတွေပါ သွားရယ်'

ကလေး ခေါင်းညိတ်သည်။ သူ ကျေနပ်သွားသည်။

'မေမေက အန်ကယ် မက်သယူးကို ချစ်နေသလား ဟင်'

ဒက်ဖနီ အံ့အား သင့်သွားပြီး

'ဟင့်အင်း မချစ်ပါဘူး၊ သားက ဒီအကြောင်းဘာဖြစ်လို့ မေးတာလဲ'

အန်ဒရူးကလေးက သူ့မေမေ၏မျက်နှာကို စိုက်ကြည့်နေသည်။ သည်ကလေးက အလွန်သိလွယ် နားလည်လွယ်သော ကလေးဖြစ်သည်။ ယခုအခါ သူ့အသက်က ရှစ်နှစ်ပြည့်ခဲ့ပြီ။

'သူ့ဆီလာလည်တဲ့မိန်းမအကြောင်း သားကပြောတော့ မေမေ့မျက်နှာ မကောင်းဘူး၊ အဲဒါသားမြင်တယ်'

'အမယ်လေး မေမေ့သားလေးကလဲ ပြောတတ်လိုက်တာကွယ်၊ ဒါပေမယ့် မေမေဘာယ်လိုမှမဖြစ်ပါဘူး သားရယ်၊ အန်ကယ်မက်သယူးက သဘောကောင်းတဲ့ လူပါ၊ အဲဒီတော့ သူနဲ့တွဲတဲ့မိန်းကလေးကလဲ သဘောကောင်းမှာပေါ့'

'သားတော့ သူ မေမေ့ကို သဘောကျတယ်လို့ထင်တယ်'

'မေမေတို့ မိတ်ဆွေတွေပါ သားရယ်'

ဒါပေမယ့် သူ့စိတ်ထဲမှာတော့ သားက ဒီလိုဘာကြောင့် ထင်ရတာလဲဟု မေးလိုက်ချင်သည်။

ကလေးက သူ့မေမေ၏အတွင်းစိတ်ကို အကဲခတ်မိသည့်အလား အိပ်ချင်မူးတူးဖြင့် ပြောနေပြန်သည်။

'သူက မေမေ့အကြောင်းတွေကို အားကြီးပြောတာပဲ မေမေရဲ့၊ မေမေဖုန်းဆက်ရင်လဲ သူသိပ်ပျော်တယ်၊ တနင်္ဂနွေနေ့တိုင်း ဟာရီယက်လာလည်တာထက် ပျော်တယ်'

'သားလေးကလဲ မဟုတ်ကဟုတ်ကတွေ ပြောရှာမယ်' ဒက်ဖနီက ပြုံးလိုက်သည်။ သူ့နှလုံးသား တစ်နေရာမှာတော့ သည်စကားကြားလို့ ကြည်နူးဝမ်းသာမိသည်။ 'ကဲ ... ကဲ သားလေးအိပ်ချင်နေပြီ၊ အိပ်တော့နော် သား၊ မနက်ဖြန်ကျတော့ အများကြီး ပျော်ရအုံးမယ်၊ စကားတွေလဲ အများကြီးပြောကြမယ် ဟုတ်လား'

ကလေးက ခေါင်းညိတ်ပြသည်။ ဒက်ဖနီက အခန်းမီးကို ပိတ်လိုက်သည်။ ခဏချင်းပင် အန်ဒရူးကလေး အိပ်ပျော်သွားသည်။

ဒက်ဖနီသည် သူ့အခန်းထဲသို့ ဝင်လာသည်။ စိတ်အာရုံက မက်သယူးထံသို့ ရောက်နေသည်။ သူ့ဆီဖုန်းဆက်ရန် သတိရသည်။

'ကျွန်တော်တို့ မိတ်ဆွေကြီးဘယ်လိုလဲဗျ၊ ချောချောမောမော ရောက်လာတယ် မဟုတ်လား'





'ဟုတ်ကဲ့၊ ရောက်လာပါတယ် ရှင်၊ ဒါပေမယ့် ရှင့်မိတ်ဆွေကြီးက ပေါက်ပေါက်ရှာရှာစကားတွေ သိပ်ပြောတာပဲ ရှင့်'

'ဒါက ဘာဆန်းလို့လဲဗျာ' သူက ပြုံးလိုက်သည်။ 'မအေတူ သားဝဲဟာ၊ ဒါနဲ့ ခင်ဗျားရောနေကောင်းပါတယ် နော်'

'ကောင်းပါတယ်၊ မနက်ဖြန်မှာ ကျေးဇူးတော်ပွဲ အထိမ်းအမှတ် ကျင်းပဖို့ အားလုံးအဆင်သင့် လုပ်ထားပြီးပြီ'

'ဒါနဲ့ ညစာစားပွဲအတွက် ကြက်ဆင်ကောင်းကောင်း ရထားပြီးပြီလား'

'ရထားပြီးပါပြီ' သူကတစ်ခုခုကို ပြောမည်ဟု ပါးစပ်ပြင်လိုက်သည်။ ချက်ချင်း ပြန်ပိတ်သွားသည်။ မပြောသင့်ဟု ထင်သောကြောင့် ဖြစ်သည်။ တစ်ကယ်တော့ ဂျပ်စတင်ထွက်သွားခြင်းသည် မက်သယူးနှင့်ဘာမှ မဆိုင်။ မက်သယူး၏ကိစ္စ မဟုတ်။ ထို့ကြောင့် သူတို့ပြဿနာထဲသို့ မက်သယူးကို ဆွဲမသွင်းချင်။ သူက ကယ်လ်ဖိုးနီးယားတွင် မနေတော့ဘဲ နယူးယောက်သို့ ပြန်ရန် စဉ်းစားနေပြီ။ 'ရှင်ရော ဘယ်လိုလဲ၊ ဘာထူးသေးသလဲ'

'ကျွန်တော် ဒီမှာပဲရှိနေဦးမယ်'

'ဒါဖြင့် ရှင့်ညီမဆီ မသွားဖြစ်တော့ဘူးပေါ့'

'ကျွန်တော်က ဒီကကလေးတွေ မခွဲနိုင်အောင် ဖြစ်နေတယ် ဒက်ဖ်' ဟာရီယက်ကိုရောပဲလားဟု ဒက်ဖနီကမေးလိုက်ချင်သည်။ သို့သော် မမေးရဲ။ သူက သိစေချင်ရင် ပြောလိမ့်မှာပေါ့။ သို့သော် သူက ယင်းကိစ္စနှင့်ပတ်သက်၍ လေသံပင်မဟ။ 'ဒါနဲ့ ဒီရက်ထဲမှာ ခင်ဗျားနယူးယောက်ပြန်လာဖြစ်ဦးမှာလား ဒက်ဖ်'

'အဲဒါတော့ အတပ်မပြောနိုင်သေးဘူး၊ စိတ်တော့ ကူးနေပါတယ်၊ နောက်အပတ်အတွင်းမှာ လော့စ်အိန်ဂျယ်လိကကျောင်းကို သားလေးနဲ့သွားလည်ကြမယ်၊ ကျောင်းအခြေအနေဘယ်လိုလဲဆိုတာလဲ လေ့လာရင်းပေါ့'

'ကောင်းပါတယ်၊ ခင်ဗျား သဘောကျမှာပေါ့၊ လော့စ်အိန်ဂျယ်လိက နာမည်ကြီးပဲ၊ ဒီမှာတော့ အန်ဒရူးကလေးကို လူတိုင်းအောက်မေ့နေကြပြီ ဗျ' သူ့အသံက ဝမ်းနည်းသံပါသည်။

'ရှင်လဲ နယူးယောက်ကို ပြန်ဖြစ်အောင်ပြန်သင့်တယ် မက်'

'ပြောလို့ မရသေးပါဘူး ဒက်ဖ်'

ဒါဆို သူက နယူးဟမ်းပရှိုင်းယားမှာပဲ ဆက်နေဖို့ စိတ်ကူးထားသလား။ ဟာရီယက်နဲ့ဖြစ်နေတာက ဘယ်လောက်ခရီးရောက်နေပြီလဲ။ ဒီကိစ္စကြောင့် သူ နယူးယောက်မပြန်ချင်တာဖြစ်မှာပေါ့။ ကေနတော့ သူတို့လက်ထပ်ဖို့ လုပ်နေကြပြီနဲ့တူတယ်။



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွေးကြောင့် ဒက်ဖနီရင်ထဲ စူးနင့်သွားမိသည်။

'အေးလေ၊ ဘာပဲဖြစ်ဖြစ် ရှင့်ဘက်က အကြောင်းထူးရင် ကျွန်မကို သတင်းပို့ဖို့တော့ မမေ့ပါနဲ့'

'ခင်ဗျားဘက်က ထူးရင်လဲ ကျွန်တော်သိပါရစေ ဒက်ဖ်'

'စိတ်ချပါ မက်'

ဒက်ဖနီက ကျေးဇူးတော်နေ့တွင် မက်သယူးတစ်ယောက် ပျော်ရွှင်နိုင်ပါစေဟု ဆုတောင်းလိုက်သည်။

ထို့နောက် အိပ်ရာထဲဝင်ခဲ့သည်။

သန်းခေါင်လောက်တွင် တယ်လီဖုန်းမြည်သံကြောင့် လန့်နိုးလာသည်။

ဂျပ်စတင်ထံမှ ဆက်ခြင်းဖြစ်သည်။

သူစကောမြစ်ဝှမ်းကို ရောက်နေကြောင်း၊ သူတည်းခိုနေသောနေရာတွင် တယ်လီဖုန်းမရှိကြောင်း၊ ထို့ကြောင့် အပြင်ဘက်အဝေးကြီးသို့ထွက်၍ဖုန်းဆက်ရကြောင်း ပြောသည်။

ထို့နောက် သူက ထိုဒေသမှာဆီးနှင်းအခြေအနေကို ပြောပြသည်။ ဒက်ဖနီကို အလွန်ရအောက်မေ့နေပြီဟု ပြောသည်။ ပြီးတော့ဆီးနှင်းတွေ အလွန်ကျလာ၍ အသည်းနိုက်အောင်ချမ်းလာပြီဟု ပြောကာ ဖုန်းကိုရုတ်တရက် ပြန်ချသွားသည်။

ဒက်ဖနီသည် အိပ်ရာထဲတွင် ထထိုင်လိုက်သည်။ တယ်လီဖုန်းကို ကြောင်ကြောင်ကြီး ငေးကြည့်နေသည်။ သူ့စိတ်တွေ ဝေနေသည်။

ဂျပ်စတင် ဘာသဘောနဲ့ဒီအချိန်ကြီးမှ ဖုန်းဆက်ရတာလဲ။ သေမတတ်ချမ်းနေပြီဆိုရင်တာဖြစ်လို့ စကားကြောရှည်နေရတာလဲ။ ဘာဖြစ်လို့ ဆက်ရတာလဲ။

သူ့ကို ဒက်ဖနီ နားမလည်နိုင်တော့။

သူ့အကြောင်းကို ဆက်မတွေးရန် ခေါင်းထဲမှ အတင်းမောင်းထုတ်သည်။ ထို့နောက် အိပ်ရာပေါ်ပြန်လှဲပြီး အိပ်ပျော်ရန် အတင်းကြိုးစားသည်။

ထိုညက မက်သယူးအကြောင်းကို အိပ်မက်တွေ မက်နေသည်။

* * *

## အခန်း ( ၃၆ )

ဘာဘာရာနှင့်တွမ်၏ သမီးငယ် အဲလက်တို့၏ ကျေးဇူးကြောင့် ကျေးဇူးတော်နေ့ညစာ စားပွဲမှာ ဒက်ဖနီမျှော်မှန်းထားသည်ထက်ပို၍ မြိုင်သည်။ ပျော်စရာကောင်းသည်။ အမျိုး သမီးသုံးယောက်တို့သည် မီးဖိုထောင့်ထဲတွင် ထွေရာလေးပါးပြောလိုက်၊ ရယ်မောလိုက်ဖြင့် ချက်ကြပြုတ်ကြသည်။ တွမ်ရယ်၊ တွမ်၏ သားကလေးရယ်နှင့် အန်ဒရူး ကလေးတို့ကတော့ မြက်ခင်းပြင်တွင် ဂေါက်သီးရိုက်ကြသည်။ အန်ဒရူးကလေးသည် စကားမပီလှသော်လည်း သူ၏သွက်လက်ချက်ချာပုံ၊ ရွှင်ရွှင်မြူးမြူးနေတတ်ပုံတို့ကို ကြည့်ပြီး တွမ်က အံ့သြမိသည်။ ပြီးတော့ ကလေးက ဟာသဉာဏ်လည်းရှိသည်ကို တွေ့ရသည်။

ညစာစားခါနီးတွင် ဘုရားသခင်၏ ကျေးဇူးတော်ဂုဏ်တော်ကို အာရုံပြု၍ ဆုတောင်းသောအခါ ဒက်ဖနီသည် ဘုရားသခင်အား ခါတိုင်းထက်ပို၍ ကျေးဇူးတင်မိသည်။

လူတိုင်းပင် စား၍သောက်၍ မြိန်ကြသည်။ ဗလဝပြီ စားကြသည်။

ညစာစားပြီးသောအခါ မီးလင်းဖိုအောတွင် ဝိုင်းထိုင်ပြီး စကားပြောကြသည်။

အချိန်တန်၍ ဧည့်သည်တွေ ပြန်ခါနီးကျတော့ တွမ်တို့မိသားစုမှာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်း ဖြစ်မိကြသည်။ တွမ်၏သမီးကလေးနှင့်သားကလေးတို့က ဒက်ဖနီနှင့် အန်ဒရူးကလေးတို့သားအမိအား ဖက်ရမ်းနမ်းရှုပ်ကြသည်။

နောက်နေ့တွင် အန်ဒရူးကလေးသည် တွမ်တို့မိသားစုထံသို့ သွားလည်ကာ တွမ်၏သမီးကလေးနှင့်သားကလေးတို့နှင့်အတူ တပျော်တပါးရေကူးကြသည်။

ဂျပ်စတင်တစ်ယောက် မပါဝင်သော်လည်း ဒက်ဖနီအဖို့တော့ သည်ရက်များအတွင်း အလွန်စိတ်ချမ်းသာမိသည်။ အလွန်ပျော်မိသည်။

အန်ဒရူးကလေး မပြန်မီညတွင် ဒက်ဖနီ၏အခြေအနေကို ထောက်လှမ်းသည့်သဘောဖြင့် ဂျပ်စတင်က တယ်လီဖုန်းလှမ်းဆက်သည်။ သို့ပေမယ့်တာရှည်မပြောဘဲ တစ်ခွန်းနှစ်ခွန်းသာပြောပြီး ဖုန်းကို ဖျက်ခနဲပြန်ချသွားသည်။ ဒါက ဘာသဘောလဲဆိုပြီး ဒက်ဖနီတော်တော်စိတ်မချမ်းသာ ဖြစ်မိသည်။ ဂျပ်စတင်ဘာစိတ်ကူးဖြင့် ဖုန်းဆက်ကြောင်း ဒက်ဖနီ လုံးဝနားမလည်နိုင်အောင် ဖြစ်ရသည်။ ပို၍ဆိုးသည်မှာ ဖုန်းကိုခဏကလေးနှင့် ပြန်ချသွားခြင်းဖြစ်သည်။ သူလုပ်ပုံက လုံးဝအဓိပ္ပာယ်မရှိ။ မလေးမခန့်နိုင်လှသည်။

အန်ဒရူးကလေး အိပ်ရာဝင်ပြီးသောအခါ ဒက်ဖနီက ထိုအကြောင်းကို ဆက်တွေးနေမိသည်။ တွေးရင်းတွေးရင်းနှင့် ရုတ်တရက် အဖြေပေါ်လာသည်။ မဟုတ်မှလွဲရော ဂျပ်စတင် ဖုန်းဆက်နေတုန်း တစ်ယောက်ယောက် သူ့အနားရောက်လာပုံရသည်။ သို့နှင့်ဒက်ဖနီရိပ်မိသွားမှာစိုးပြီး ဖုန်းကိုရုတ်တရက်ပြန်ချလိုက်တာ ဖြစ်ကောင်းဖြစ်မည်။

သည်အချက်ကို တွေးမိလျှင် တွေးမိချင်း ဒက်ဖနီသည် ဒေါသတကြီးနှင့် အိပ်ရာပေါ်တွင် ဆတ်ခနဲထထိုင်လိုက်သည်။ တော်တော်ကြာကြာငူငူကြီးထိုင်နေပြီးမှ အိပ်ရာပေါ်ပြန်လှဲလိုက်သည်။

နာရီပေါင်းများစွာ ကုန်လွန်သွားပြီးတော့မှ အိပ်ပျော်သွားသည်။

မိုးလင်းတော့ အန်ဒရူးကလေးကိစ္စဖြင့် လက်မလည်နိုင်အောင် အလုပ်များနေ၍ ဂျပ်စတင်အကြောင်း စိတ်ကူးချိန်မရ။

အချိန်ရောက်တော့ အန်ဒရူးကလေးအား လေဆိပ်သို့ ခေါ်လာခဲ့သည်။ လေယာဉ်ပေါ်တင်ပို့လိုက်သည်။ မက်သယူးထံသို့ ဖုန်းဆက်ပြီး အကြောင်းကြားလိုက်သည်။ ပြီးတော့ အိမ်သို့ပြန်လာခဲ့သည်။

ထို့နောက်တွင် သုံးရက်ဆက်တိုက် ဝတ္ထုသစ်ကို ကြိုးစားရေးသည်။ သို့သော် အလုပ်မတွင်။ ထင်သလောက် ခရီးမပေါက်။ စိတ်က ဂျပ်စတင်ဆီသို့သာ ရောက်နေ သည်။

မနက် နှစ်နာရီလောက်တွင် ဂျပ်စတင်ပြန်ရောက်လာသည်။ သူယူထားသော





သော့ဖြင့် တံခါးကိုဖွင့်သည်။ သူ့ပစ္စည်းများကို ဧည့်ခန်းထဲထားပစ်ခဲ့ပြီးနောက် အိပ်ခန်းထဲဝင်လာခဲ့သည်။

သူက သည်အချိန်ဆို ဒက်ဖနီအိပ်မောကျနေပြီဟုထင်သည်။ ဒက်ဖနီအိပ်ရာပေါ်ထိုင်ပြီး စာဖတ်နေသည်ကို မြင်လိုက်ရတော့ အံ့အားသင့်သွားသည်။ ဒက်ဖနီက စကားတစ်ခွန်းမှ မပြောဘဲ မျက်လွှာပင့်ကြည့်လိုက်သည်။

'ဟေး ... အချစ်၊ ဘယ့်နှယ်အခုထိ မအိပ်သေးဘူးလား၊ ဘာလုပ်နေတာလဲ'

'ရှင့်ကို စောင့်နေတာ'

'သိပ်ကောင်းတာပေါ့၊ ဒါနဲ့ မင်းချာတိတ် ချောချောမောမော ပြန်သွားပြီလား'

'ပြန်သွားပြီ၊ သူ့မှာ မိဘပေးထားတဲ့ နာမည်ရှိပါတယ် အန်ဒရူးတဲ့'

'သြော် ... အင်း'

ရှေ့ဆက်ပြီး သူ ဘယ်လိုအခြေအနေမျိုးနှင့်ရင်ဆိုင်ရတော့မည် ဆိုသည်ကို ချက်ချင်းသိလိုက်သည်။ ကျေးဇူးတော်နေ့ အကြောင်းဝဲ ပြန်ဆက်ကြရဦးမည်မှာ သေချာသည်။ သို့သော် သူ့အတွေးမှားသည်။ ဒက်ဖနီမှာ တစ်ခြားပြောစရာတွေ အများကြီးရှိသည်။

'စကောတောင်ကြားမှာ ရှင်နဲ့ ဘယ်သူရှိနေသလဲ'

'အို တစ်တောင်လုံးအပြည့်ပဲ၊ ဘယ်သူဘယ်ဝါဆိုတာ ဘယ်ပြောလို့ရမှာလဲ' သူက ထိုင်ပြီး ဘွတ်ဖိနပ်ချွတ်သည်။ ဆယ့်နှစ်နာရီ ခရီးကိုကားမောင်းလာခဲ့ရသည်။ ထို့ကြောင့် ခရီးရောက်မဆိုက် အမေးအမြန်းခံလိုသည့်ဆန္ဒ လုံးဝမရှိ။ 'ကိုယ်တို့ ဒီအကြောင်းတွေမနက်ကျမှ အေးအေးဆေးဆေးပြောကြရအောင်လား'

'ဟင့်အင်း အခုပဲ ပြောချင်တယ်'

'ဟာ ကိုယ့် သိပ်အိပ်ချင်နေပြီ'

'ဘယ်မှာ အိပ်မှာလဲ'

'ဒီမှာပေါ့၊ ကိုယ်နောက်ဆုံးညကလဲ ဒီမှာပဲ အိပ်ခဲ့တာပဲ' သူက ဒက်ဖနီ၏ မျက်နှာကို စိုက်ကြည့်သည်။ 'ဘာလဲ၊ ကိုယ့်နေရပ် လိပ်စာများ ပြောင်းသွားပြီလား'

'မပြောင်းသေးပါဘူး၊ ဒါပေမယ့် ကျွန်မ မေးတဲ့မေးခွန်းမဖြေရင်တော့ ပြောင်းသင့်ပြောင်းရလိမ့်မယ်၊ ရိုးသားစွာပြောရရင် စိတ်ပြေလက်ပျောက် သဘောဆိုပါတော့'

'ဟင် ဘယ်လိုပြောလိုက်တာလဲ ဒက်ဖ်၊ ဘယ်လိုဖြစ်ကုန်တာလဲ၊ အစကတည်းက ကိုယ်ပြောခဲ့သားပဲ၊ ကိုယ့်အတွက် စဉ်းစားချိန် လိုအပ် ...'

သူ့စကားမဆုံးခင် တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။ ဒက်ဖနီကမန်းကတန်းကောက်ကိုင်လိုက်သည်။ အန်ဒရူးကလေးများ တစ်ခုခုဖြစ်နေပြီလားဟု ရုတ်တရက်စိုးရိမ်သွားသည်။ မနက်နှစ်နာရီခွဲကြီးတွင် ဘာကြောင့်များ ဆက်တာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ဖက်မှ ဖုန်းဆက်သူမှာ သူထင်သလို မက်သယူးမဟုတ်။ အသံက မိန်းမသံဖြစ်နေသည်။ သူက ဂျပ်စတင်နှင့်စကားပြောချင်သည်ဟု ပြောသည်။

ဒက်ဖနီက စကားမပြောဘဲ ဂျပ်စတင်အား ဖုန်းကို လှမ်းပေးလိုက်သည်။

'ရော့. ရှင့်ဆီလာတာ'

ဒက်ဖနီသည် အခန်းတံခါးကို ဆွဲဖွင့်ပြီး အပြင်ထွက်သွားသည်။

နောက်မိနစ်အနည်းငယ်ကြာသောအခါ၊ ဂျပ်စတင်သည် ဒက်ဖနီအား စာကြည့်ခန်းထဲတွင် တွေ့ရသည်။

'ဒီမှာ ဒက်ဖ်၊ ကိုယ်တောင်းပန်ပါတယ်၊ ဒါကဒီလိုရှိပါတယ်၊ အမှန်ကတော့' သူ့စကားပြတ်သွားသည်။ ခရီးမှပြန်ရောက်ခါစ ဖြစ်၍ သူပင်ပန်းနေသည်။ ဟန်ဆောင်နေရတာလည်း သူ့အတွက် တော်တော်ပင်ပန်းစရာ ဖြစ်နေသည်။ သူအကြောင်းအမျိုးမျိုးပြ၍ လိမ်ညာနေခဲ့တာ 'ကောင်းပြီလေ၊ ကိုယ်အမှန်အတိုင်းပဲ ဝန်ခံပါတော့မယ် ဒက်ဖ်၊ ကိုယ်အဲလစ်နဲ့အတူ သွားခဲ့ပါတယ်'

'အဲလစ်ဆိုတာ ဘယ်သူလဲ'

'အရင်က ကိုယ်တွဲခဲ့တဲ့ စားပွဲထိုးမယ်ကလေးပေါ့၊ ဒါပေမယ့် ဘာမှ မဖြစ်ပါဘူး၊ ရိုးရိုးတန်းတန်းပါ၊ သူက ရေခဲစီးဝါသနာပါတယ်၊ ကိုယ်လဲ ဝါသနာပါတယ်၊ ဒါနဲ့ နှစ်ယောက်အတူ သွားဖြစ်ခဲ့ကြတာပါ၊ ကိုယ်က ဒီမှာ လုံးဝမနေချင်ဘူး'

သူ့ကို တိုက်ခိုက်နေစရာ လုံးဝမရှိတော့။ တိုက်ခိုက်နေလို့လည်း အကျိုးထူးလာမည်မဟုတ်တော့။ ဇာတ်လမ်းက ဤတွင် ပြီးဆုံးသွားပြီ။

ဒက်ဖနီက မျက်ရည်ရွှန်းသော မျက်လုံးများဖြင့် ဂျပ်စတင်ကိုကြည့်လိုက်သည်။ သူ့အသည်းနှလုံးမှ အစိတ်အပိုင်းတစ်ခု သူမြတ်နိုးသော အစိတ်အပိုင်းတစ်ခုပဲ့ထွက်သွားသလို ခံစားရသည်။

'ကျွန်မတော့ နောက်ထပ် ဘယ်လိုမှ ခံနိုင်ရည်မရှိတော့ဘူး ဂျပ်စတင်'

'ကိုယ်သိပါတယ်၊ ကိုယ့်အနေနဲ့လဲ မင်းအပေါ်မှာ ဒီထက်ပိုပြီး လိုက်လျောနိုင်မယ့်အခြေအနေ မရှိတော့ဘူး၊ ကိုယ်က မင်းသိတဲ့အတိုင်းအဲဒီလို လုပ်ဖို့လူဖြစ်လာတဲ့လူမဟုတ်ဘူး၊ အဲဒီလို လူစားထဲမှာ မဟုတ်ဘူး'

'ကျွန်မ နားလည်ပါတယ်'

ဒက်ဖနီက ငိုနေသည်။ ဂျပ်စတင်က သူ့အနီးသို့ထလာသည်။

'မင်းကို ငါမချစ်လို့မဟုတ်ပါဘူး၊ ငါချစ်ပါတယ်၊ ဒါပေမယ့် ငါ့နည်း ငါ့ဟန်နဲ့ချစ်တာ၊ ငါချစ်ပုံက မင်းချစ်ပုံနဲ့ မတူဘူး၊ တခြားစီ၊ အများကြီး ကွာခြားတယ်၊ မင်းလိုချင်တာကို ငါဘယ်လိုမှ လုပ်ပေးနိုင်မှာ မဟုတ်ဘူး၊ မင်းကအာရုံရှားသွား ကျောင်း၊ တတ်ဖော်ရတဲ့ ယောကျ်ားမျိုးကိုမှ လိုချင်တယ်၊ ကိုယ်က အဲဒီလို လူစားမျိုးမဟုတ်ဘူး





ဒက်ဖနီက ခေါင်းညိတ်သည်။ မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်သည်။

'အဲဒါမှန်ပါတယ်၊ ကျွန်မလဲ နားလည်ပါတယ်၊ ရှင်ထပ်ပြီး ရှင်းပြနေစရာ မလိုပါဘူး'

'ဒါဆို ပြီးပြီပေါ့'

ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။ မျက်ရည်တွေတရဟော ဆင်းလာကြသည်။ ဂျပ်စတင်အား မော့ကြည့်လိုက်သည်။ တောင်ပေါ်က နေလောင်လာ၍ သူ ပိုတောင်ချောလာသေးသည်။ သို့သော် သူ့တွင် ကောင်းသောအရာဟူ၍ ဒါပဲရှိသည်။ ချောတာပဲရှိသည်။ ဒါရိုက်တာဟောဝပ်ပြောခဲ့တာ သိပ်မှန်သည်။ ဂျပ်စတင်က ရုပ်ရည်ကတော့ အလွန်ချောသည်။ သို့သော် အလိုလိုက်ထားသော ကလေးလိုဖြစ်နေသည်။ သူထင်ရာ စွတ်လုပ်တတ်သည်။ အလွန်တစ်ကိုယ်ကောင်းဆန်သည်။ ဘယ်သူသေသေ ငတေမာပြီးရောဆိုသည့်လူစားမျိုး။

သူက အခန်းထဲမှ လှည့်ထွက်သွားရန် ခြေလှမ်းပြင်သည်။ ဒက်ဖနီ၏ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ မသွားပါနဲ့ဟု တောင်းပန်လိုက်ချင်စိတ် ဖြစ်ပေါ်မိသည်။ သို့သော် တစ်ချိန်တည်းတွင် မဖြစ်နိုင်တော့ပါဘူးဟူသောအတွေးက ဝင်ရောက်လာသည်။

'ဂျပ်စတင်'

ဒက်ဖနီ၏ပါးစပ်မှ သည်တစ်ခွန်းတည်းသာ ထွက်လာသည်။ သည်တစ်ခွန်းသည်ပင်လျှင် ပြဿနာတစ်ခုလုံး၏ အဖြေဖြစ်သည်။

ဂျပ်စတင်က ခေါင်းညိတ်လိုက်သည်။

'ကိုယ်သွားတော့မယ်၊ သွားမှ ဖြစ်တော့မယ်'

'အခုလား'

ဒက်ဖနီ၏အသံ တုန်နေသည်။ သူ့ရင်ထဲမှာ ဟာသွားသည်။ အဖော်မဲ့ အထီးကျန်ဝေဒနာကို ချက်ချင်းခံစားရသည်။ ကြောက်စိတ်ဝင်လာမိသည်။ သူ့ကြောင့် ဤ အခြေအနေသို့ ဆိုက်ခဲ့ရသည်။ သို့သော် တခြားနည်းလည်း မရှိတော့။ ဒါကိုတော့ သူ ကွဲကွဲပြားပြား သဘောပေါက်သည်။

'အခုသွားမှ ပိုကောင်းလိမ့်မယ်၊ မနက်ဖြန်ကျတော့ ကိုယ်ပစ္စည်းတွေ လာယူပါ့မယ်'

သည်ပုံစံမျိုးဖြစ်ဖို့ကောင်းတာကတော့ ကြာပြီ။ သို့သော် ယခုမှဖြစ်လာသည်။

သူက ညိုးလျသော အပြုံးဖြင့် ပြောသည်။

'မင်းကို ကိုယ်ချစ်ပါတယ် ဒက်ဖ်'

'ကျေးဇူးတင်ပါတယ် ဂျပ်စတင်'

www.burmeseclassic.com

www.burmeseclassic.com



သူဘာပဲပြောပြော သူ့စကားက အနှစ်မရှိ။ သူကလည်း အနှစ်မှ မရှိဘဲ။

တံခါးပိတ်သွားသည်။ သူထွက်သွားပြီ။

အခန်းထဲတွင် ဒက်ဖနီတစ်ယောက်တည်း ထိုင်ငိုကျန်ရစ်သည်။

သူ့တသက်တွင် ဆုံးရှုံးကြေကွဲရခြင်းဝေဒနာကို တတိယအကြိမ်ခံစားရသည်။ သို့သော် သည်တစ်ကြိမ်က ယခင်အကြိမ်တွေနှင့်လုံးဝမတူ။ အကြောင်းရင်းခံချင်းအများကြီး ခြားနားသည်။

ယခုအကြိမ်တွင် သူသည် သူ့ကိုတကယ်မချစ်သော လူတစ်ယောက်ကို ဆုံးရှုံး လိုက်ရခြင်းသာဖြစ်သည်။

ဂျပ်စတင်က သူ့ကိုယ်သူသာ ချစ်သည်။ အခြားဘယ်သူ့ကိုမျှ မချစ်။ ဒက်ဖနီကိုလည်း တကယ်ချစ်ခဲ့တာ မဟုတ်။ ချစ်ဟန်ဆောင်ခဲ့ခြင်းသာ ဖြစ်သည်။

ထိုနေ့ညကား ဒက်ဖနီအဖို့ ကာလချိန်တာအကြာမြင့်ဆုံး အိပ်မပျော်သော ညပင်ဖြစ်တော့သည်။ ငါ့ဘဝပိုများဆိုးသွားသလား။ ပိုများ ကောင်းလာသလားဟု စဉ်းစားရင်း မိုးစင်စင်လင်းသွားခဲ့သည်။

နောက်တစ်နေ့မနက် ဘာဘာရာရောက်လာချိန်တွင် ဒက်ဖနီ တည်ငြိမ်နေပြီ။ မှန်တိုင်းစဲ၍ လေပြေသုတ်နေပြီ။ သို့သော် မျက်ကွင်းတွေကတော့ ညှိုးရော် ညိုမည်းနေသည်။ သူသည် စိတ်တည်ငြိမ်မှုရအောင် စာကြည့်စားပွဲတွင် ထိုင်ကာ စာရေးနေသည်။

'နေကောင်းတယ်နော် ဒက်ဖ်'

'နေကောင်းတယ်ဆိုလဲ ဟုတ်တယ်၊ နေမကောင်းဘူးဆိုလဲ ဟုတ်တယ်'

ဘာဘာရာက စူးစမ်းကြည့်ဖြင့် ကြည့်လိုက်သည်။ ဒက်ဖနီက စကားမဆက်ဘဲ တော်တော်ကြာကြာ ငြိမ်နေသည်။ နောက်တော့မှ 'ဂျပ်စတင်ထွက်သွားပြီ ဘာဘာရာ၊ မနေ့ညကတည်းကပဲ'

ဘာဘာရာက ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။ အတန်ကြာတော့မှ

'ကျွန်မမေးလို့ ဖြစ်မှာလား၊ ဒါမှမဟုတ် ဘာမှမမေးတော့ဘဲ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ရမှာလား'

ဒက်ဖနီက အားယူပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူး၊ ဖြစ်ပါတယ်၊ ဒီလိုဖြစ်တာ မဆန်းပါဘူး၊ ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ဖြစ်သင့်တာကြာပါပြီ'

ပြောလို့သာ ပြောရသော်လည်း သူ့အသံက အားပျော့နေသည်။ သူ့စကားကို သူလက်မခံနိုင်အောင်ဖြစ်နေသည်။ ဂျပ်စတင်ထွက်သွားခြင်းကြောင့် သူ့အနေဖြင့် ဆုံးရှုံးမှုဝေဒနာကို ရင်နှင့်အမျှ ခံစားရကြောင်း သူ့ကိုယ်သူကောင်းကောင်းသိသည်။ သူတို့နှစ်ယောက်ကိုးလတိုင်တိုင် ချစ်ရည်လူး၍ ပျော်မြူးနေခဲ့ကြသည်။ ထိုကာလအတွင်း





ဂျပ်စတင်သည် သူ့အဖို့ တစ်စုံတစ်ရာသော အတိုင်းအတာအထိ အဓိပ္ပါယ်ရှိခဲ့သည်။ ယခုတော့ ထိုအရာဆုံးရှုံးသွားခဲ့ပြီ။ သူ့အနေဖြင့် အခိုက်အတန့်တော့ ခံစားရမည်မှာ သေချာသည်။ သူသည် ဟိုတုန်းကလည်း ထိုသောကကို ရင်မှာပိုက်ကာ အသက်ရှင်နေခဲ့သည်။ ယခုလည်း နောက်ထပ် တစ်ဖန်သောကကို ရင်ဝယ်ပိုက်ရလိမ့်ဦးမည်။

ဘာဘာရာက ခေါင်းညိတ်လိုက်ပြီး ကုလားထိုင်တွင် ဝင်ထိုင်သည်။

'ကျွန်မစိတ်မကောင်းပါဘူး ဒက်ဖ်၊ ဒါပေမယ့် ဝမ်းနည်းပါတယ်လို့တော့ ကျွန်မ မပြောနိုင်ဘူး၊ သူနဲ့ဆက်နေရင် ရှင့်ကို သူဒီထက်စိတ်ဆင်းရဲအောင် လုပ်ဦးမှာပဲ၊ သူက အဲဒီလို လူစားမျိုးပဲ'

ဒက်ဖနီ ခေါင်းညိတ်သည်။ ယခုအချိန်ကျတော့မှ သူက သဘောမတူ၍ မဖြစ်တော့။

'သူ ဘာတွေလုပ်နေတယ်ဆိုတာ သူကိုယ်တိုင်မှ သိပါရဲ့လားလို့၊ ကျွန်မ သံသယဝင်မိတယ်'

'ဒီလို ဖြစ်လာတာ ကောင်းဖို့အတွက်လား ဆိုးဖို့အတွက်လား ဆိုတာတော့ ကျွန်မလဲ မပြောတတ်တော့ဘူး ဒက်ဖ်'

'ဘယ်ဘက်ကဘဲ ကြည့်ကြည့် ဆိုးတော့ ဆိုးတာပဲ'

'ဟုတ်ပါတယ်၊ ကျွန်မလဲ သဘောပေါက်ပါတယ်' ဘာဘာရာက ထိုင်ရာမှ ထလာသည်။ ဒက်ဖနီ၏ ပခုံးပေါ်ကြင်နာစွာဖြင့် လက်တင်လိုက်သည်။ 'ဒီတော့ အခု ရှင် ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ'

'အိမ်ပြန်မယ်၊ သားလေးက ဒီက ကျောင်းမှာမနေချင်ဘူး၊ ကျွန်မက ဒီဒေသနဲ့ ဘာမှ မဆိုင်ဘူး၊ နယူးယောက်နဲ့ပဲ ဆိုင်တယ်၊ နယူးယောက်က ကျွန်မရဲ့ နေရာမှန်ပဲ၊ အဲဒီမှာပဲ ကျွန်မ စာအုပ်တွေ ရေးခဲ့တယ်၊ သားလေးနဲ့လဲ ရင်အုပ်မကွာ နေခဲ့ရတယ်'

သို့သော် ယခုအချိန်တွင်တော့ အခြေအနေက တစ်မျိုး ဖြစ်သွားခဲ့ပြီ။ ဒက်ဖနီသည် နယူးယောက်မှ ထွက်ခွာလာသည့် အချိန်မှစ၍ သူ့ဘဝအတွက် တံခါးသစ်များ ဖြစ်သည်။ ယင်းတံခါးတွေကို ပြန်ပိတ်လို့မှ ရပါတော့မည်လားဟု သူစိုးရိမ်နေမိသည်။

နယူးယောက်တွင် နေခဲ့စဉ်က သူ့ဘဝသည် အထီးကျန်ဘဝ ဖြစ်ခဲ့သည်။ အဖော်မဲ့ဘဝဖြစ်ခဲ့သည်။ ဂျပ်စတင်နှင့်တွေ့ရတော့ သူ့ဘဝသည် လန်းဆန်းလာခဲ့သည်။ ဝေဆာပြည့်ဝလာခဲ့သည်။

'ဘယ်တော့လောက် ပြန်ဖြစ်မယ် ထင်သလဲ'

ဘာဘာရာက မေးသည်။

'နှစ်ပတ် သုံးပတ်လောက်တော့ ကြာဦးမယ် ထင်တာပဲ၊ ရုပ်ရှင်ကုမ္ပဏီနဲ့ ဆွေးနွေးစရာတွေ ရှိသေးတယ်' သူက မဲ့ပြုံး ပြုံးလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

'သူတို့က နောက်ထပ် ကျွန်မဝတ္ထုတစ်ပုဒ်ကို ရုပ်ရှင်ရိုက်ဖို့ ဝယ်ချင်နေကြတယ်'

ဘာဘာရာက ပင့်သက် ရှိုက်လိုက်သည်။

'သူတို့ဝယ်ဖြစ်ရင် ရှင်က ဇာတ်ညွှန်းရေးဦးမှာလား'

'ဘယ်တော့မှ မရေးတော့ပါဘူး သူငယ်ချင်းရယ်၊ တစ်ခါဆိုရင် လုံလောက်ပါပြီ၊ ကျွန်မလေ့လာချင်တာတွေကို လေ့လာခဲ့ပါပြီ၊ ဒီအချိန်ကစပြီး ကျွန်မစာအုပ်ပဲ ရေးတော့မယ်၊ သူတို့က ဇာတ်ညွှန်းရေးလိမ့်မယ်' ဘာဘာရာတော်တော် စိတ်မကောင်း ဖြစ်သွားမိသည်။ တစ်နေ့တွင် သည်အဖြစ်မျိုး ကြုံရလိမ့်မည်ဆိုတာကို သူကြိုတင် မှန်းဆခဲ့သည်။ ဒက်ဖနီသည် အနောက်ဘက်ကမ်းခြေတွင် ဂျယ်စတင်နှင့်အတူ ဆက်နေသည့်တိုင်အောင် စာရေးခြင်းကိုပြန်စနိုင်ဖို့ လမ်းမမြင်။ သူသည် တစ်နှစ်လုံးလုံး ဘာစာအုပ်မှ မရေးဖြစ်ခဲ့။ သည်အကြောင်းကို ပြောပြီး ဒက်ဖနီကလည်း ခဏခဏ ညည်းခဲ့သည်။ 'အဲဒီတော့ကျွန်မတို့ ကိုယ့်အိမ်ကိုယ်ပြန်ရုံပဲရှိတာပေါ့ သူငယ်ချင်းရယ်'

ဒက်ဖနီက သည်လိုပြောလာမည်ကို ဘာဘာရာအကြောက်ဆုံး ဖြစ်သည်။ သူနှင့်တွမ်တို့ကိစ္စက ရှိနေသေးသည် မဟုတ်လား။

ထိုညတွင် ဘာဘာရာက တွမ်အားပြောပြသည်။ တွမ်၏ရင်ခွင်တွင် ခေါင်းထိုးကာ ရှိုက်၍ရှိုက်၍ ငိုနေသည်။

'မောင် တောင်းပန်ပါတယ် ဘာဘာရာရယ်၊ မင်းသူနဲ့ ပြန်မလိုက် သွားပါနဲ့ကွယ်' တွမ်က ငိုတော့မလို အသံကွဲကြီးဖြင့် တားနေသည်။

ဘာဘာရာ ခေါင်းခါလိုက်သည်။

'လိုက်သွားရမယ် မောင်၊ လိုက်သွားရမယ်၊ ဒီအချိန်မှာ သူ့ကို တစ်ယောက်တည်းထားလို့မဖြစ်ဘူး၊ သူ့ခမျာ ဂျပ်စတင်ကြောင့် ရင်ကွဲမတတ် ခံစားနေရတာ'

'ဒါပေမယ့် သူ့ကိုယ်သူ ထိန်းသွားပါလိမ့်မယ်၊ ပူစရာမရှိပါဘူး၊ မင်းက မောင့်အတွက် တကယ်လိုအပ်လို့ ပြောနေတာပါ'

'သူ့မှာ ကျွန်မနဲ့ အန်ဒရူးကလေးတို့ကလွဲပြီး ဘယ်သူမှ မရှိရှာဘူး မောင်'

'အို ... ဒါက ဘယ်သူ့အပြစ်လဲ၊ သူ့အပြစ်ပဲ၊ ကိုယ့်အပြစ်နဲ့ ကိုယ်ခံပေါ့၊ ဘာလဲ မင်းက သူ့အတွက်ကြောင့် တို့ဘဝကို စတေးခံချင်လို့လား'

'အဲဒီလိုလဲ မဟုတ်ပါဘူး မောင်ရယ်' ဘာဘာရာ ပြောရင်း ငိုသည်။ တွမ်က သူ့ကိုဖက်ထားသည်။ ခဏကြာတော့မှ သူငြိမ်သွားသည်။ 'ဒီလိုအခြေအနေမျိုးမှာ ကျွန်မအနေနဲ့သူ့ကို ဘယ်လိုမှ စွန့်ခွာမသွားသင့်လို့ ပြောနေတာပါ'

သူက ဟိုယခင် သူ့မိခင်နှင့်နေခဲ့စဉ်တုန်းကလည်း သည်အတိုင်းပင် ခံယူခဲ့သည်။ မိခင်ကြီးအပေါ်တွင် အလွန်သံယောဇဉ် ကြီးခဲ့သည်။ ယခုလည်း ဒက်ဖနီအပေါ်





တွင် ထိုနည်းအတိုင်း ဖြစ်နေပြီ။

တွမ်က သူအလွန်ချစ်သော မိန်းမကို ဝမ်းနည်းစွာဖြင့် ကြည့်လိုက်သည်။

'ဒီလိုဆို မင်းက သူနဲ့ ဘယ်လောက်မြန်မြန်ခွဲနိုင်မှာလဲ'

'အတိအကျ မပြောနိုင်သေးဘူး'

'ဟာ ... ဒါတော့ သိပ်မနိုပ်သေးဘူး ဘာဘာရာ၊ ဒီအတိုင်းဆိုရင် ကိုယ့်အနေနဲ့ ဘယ်လိုမှ နေလို့ရမှာမဟုတ်ဘူး' သူက အကြီးအကျယ်စိတ်ပျက်သွားဟန်ဖြင့် အရက်တစ်ခွက်ငှဲ့ပြီး တစ်ကျိုက်တည်း မော့ချလိုက်သည်။ 'မင်းဒီလို လုပ်လိမ့်မယ်လို့ ကိုယ်လုံးဝမထင်ခဲ့ဘူး၊ ဘယ့်နှယ်ဗျာ၊ တွေ့ကြတာမှ တစ်နှစ်တောင် မကြာသေးဘူး၊ အခု ပြန်လိုက် သွားတော့မယ်ဆိုတော့ ကိုယ်ဘယ်လို ခံစားရမလဲ၊ စွေးကြည့်စမ်းပါဦး၊ ဒီလိုလုပ်တာတော့ မကောင်းဘူး၊ သိပ်ကို မကောင်းဘူး၊ ဒါရူးတာပဲ ... ရူးတာပဲ'

သူက အသံကျယ်ကျယ်ပြောတော့ ဘာဘာရာက ငိုပြန်သည်။

'ဒါကို ကျွန်မလဲ သိပါတယ် မောင်ရယ်၊ ဒါပေမယ့် သူ့ကျေးဇူးလဲ ပြန်ဆပ်ရဦးမယ် မဟုတ်လား၊ သူက ကျွန်မအပေါ်မှာ အများကြီး ကျေးဇူးရှိပါတယ်။ အခုဆိုရင် မကြာခင် ခရစ္စမတ်ရောက်လာတော့မယ်၊ အဲဒါဆိုရင် ...' ခရစ္စမတ်ကာလသည် ဒက်ဖနီအတွက် ဘယ်အထိရင်ဆိုင်ရခက်လိမ့်မည်ဆိုသည်ကို ဘာဘာရာ ကောင်းကောင်း သဘောပေါက်သည်။ သည်အချက်ကို တွမ်က သဘောမပေါက် ဆိုတာကိုလည်း သူတွေးမိသည်။ သူ့အနေဖြင့် သဘောပေါက်နိုင်စရာအကြောင်းလည်းမရှိ။ သို့သော် ဘယ်လိုပင်ဖြစ်ဖြစ်ဘာဘာရာက တွမ်ကိုတော့ ဘယ်နည်းနှင့်မျှ အဆုံးရှုံးမခံနိုင်ပါချေ။ 'ဒီလိုဆို ဒီလိုလုပ်ရင် မကောင်းဘူးလား မောင်၊ ကျွန်မ ပြန်လာမယ်လေ၊ ကျွန်မ ကတိပေးပါတယ်၊ အခုတော့ကျွန်မသူနဲ့ ခဏလိုက်သွားလိုက်ဦးမယ်၊ နယူးယောက်ရောက်လို့ သူနေသားတကျ ဖြစ်သွားတဲ့ အခါကျတော့ သူ့ကိုကျွန်မ အကျိုးအကြောင်း ပြောပြပြီး မောင့်ဆီ ပြန်လာခဲ့မှာပေါ့'

'ဘယ်တော့ ပြန်လာမှာလဲ' သူ့အသံက မာသည်။ 'ဘယ်နေ့ ပြန်လာမယ် ဆိုတာ အတိအကျပြောပါ၊ ဒါမှ ကိုယ့်ဘက်က စိတ်ချရမှာပေါ့'

'ခရစ္စမတ်ပြီးရင် သူ့ကို ကျွန်မပြောပြမယ်၊ ကျွန်မကတိပေးပါတယ်'

'ဒါဆို မင်းကသူ့ကို ဘယ်နှစ်ရက် အချိန်ပေးမှာလဲ'

သူက လုံးဝအလျှော့မပေး။

ဘာဘာရာက တစ်လလောက်ဟု ပြန်ပြောလိုက်ချင်သည်။ သို့သော် သူက တွမ်၏မျက်လုံးကိုကြည့်ပြီး ကြောက်မိသည်။ သူ့ပုံက ဒဏ်ရာရထားသော သားရဲတိရစ္ဆာန်တစ်ကောင်နှင့်တူသည်။

'နှစ်ပတ်လောက် ...'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ ဒါဆို မင်း ဒီကထွက်သွားပြီး ခြောက်ပတ်ကြာရင် ပြန်လာမှာပေါ့'

'ဟုတ်ပါတယ်'

'ပြီးတော့ ကိုယ်နဲ့ လက်ထပ်မှာလား'

သူ့အသံကတော့ အမြဲတမ်း မာလျက်ပင်။

'ဟုတ်ကဲ့'

တွမ်က ဖြည်းဖြည်းကလေး ပြုံးလိုက်ပြီး

'ဒါဆို ဟုတ်ပြီ၊ မင်းသူနဲ့ လိုက်သွားပါ၊ ကိုယ်ခွင့်ပြုတယ်၊ ဒါပေမယ့် နောက်တော့သာ ဟိုလိုလို ဒီလိုလို မလုပ်ပါနဲ့၊ ကိုယ် အသည်းကွဲရလိမ့်မယ် သိလား'

'ကျွန်မလဲ ထိုနည်းလည်းကောင်း ထိုနည်းလည်းကောင်းပါပဲ မောင်ရယ်'

သူက တွမ်၏ ရင်ခွင်ထဲဝင်ခွေ့လိုက်သည်။

'ဒီကြားထဲ ကိုယ်တော့ စနေ၊ တနင်္ဂနွေတိုင်း နယူးယောက်ကို လိုက်လာမှာပဲ'

'တကယ်ပြောတာလား မောင်'

ဘာဘရာက မျက်လုံးကျယ်ကြီးများဖြင့် မေးလိုက်သည်။ သူ့ ရုပ်သွင်ကလေးဆယ်မှာ တစ်ဝက် လျော့သွားသလို ထင်ရသည်။

'တကယ် ပြောတာပေါ့၊ ကံကောင်းရင် မင်း ဗိုက်ထဲ သားသားလေးတောင် အဲဒီက တစ်ခါတည်း ပါလာနိုင်တယ်၊ ဒါမှ မင်းကတိကို ကိုယ်ယုံမယ်'

ဘာဘရာက ရယ်နေသည်။ သို့သော် စိတ်ထဲကတော့ သိပ်ပြီး သဘောမကျချင်။ သူက ဒီအရွယ်ရောက်မှ ကလေးမလိုချင်တော့။ ကလေးမွေးရန် အသက်ကြီးလှပြီဟု ထင်သည်။

'ဒါကလေးတော့ ခွင့်လွှတ်စေချင်ပါတယ် မောင်'

'ဘာလို့ ခွင့်လွှတ်ရမှာလဲ၊ ကိုယ်က မင်းနဲ့ရတဲ့ရင်သွေးကလေး သိပ်လိုချင်တာ၊ အနည်းဆုံးတစ်ယောက်၊ ဒါမှမဟုတ် နှစ်ယောက်'

'အို ... မောင်ကလည်း ရှက်စရာကြီး'

ဘာဘရာက တွမ်၏ရင်ဘတ်ကို လက်သီးဆုပ်ဖြင့် ဖွဖွကလေး ထုလိုက်သည်။

*

ဒက်ဖနီနှင့်ဘာဘရာတို့ နယူးယောက်ကို ပြန်သောနေ့တွင် တွမ်က လေဆိပ်သို့ လိုက်ပို့သည်။

ဒက်ဖနီသည် အနက်ရောင် ဝတ်စုံ၊ အဖိုးတန်သားမွေးကုတ်နှင့် ဦးထုပ်တို့ဖြင့် အလွန်နယူးယောက်ဆန်နေသည်။ ဘာဘရာကလည်း တွမ်ဝယ်ပေးသော သားမွေး





ဂျက်ကက်အင်္ကျီကို ဝတ်လာသည်။

'ခင်ဗျားတို့ နှစ်ယောက်ကတော့ တကယ့်ကို နယူးယောက်သူတွေ အတိုင်းပါပဲဗျာ' မှန်လည်း မှန်ပါသည်။ သူတို့၏ ဆင်ယင်ထုံးဖွဲ့ဟန်က လော့စ်အိန်ဂျယ်လိဟန်နှင့်လုံးဝမတူ။ တွမ်က ဘာဘရာအားနမ်း၍ နှုတ်ဆက်ရင်း ... 'သောကြာနေ့ ဆက်ဆက်လာခဲ့မယ် သိလား' ဟု တိုးတိုးကလေးပြောလိုက်သည်။

ဘာဘရာကပြုံးပြီး တွမ်ကို ပြန်ဖက်ထားသည်။ ထို့နောက် လေယာဉ်ပေါ်တတ်လာခဲ့ကြသည်။ ထိုင်ခုံတွင် ဝင်ထိုင်ကြသည်။ ဒက်ဖနီက ဘာဘရာအား စောင်းကြည့်လျက်

'ကိုယ့်သူငယ်ချင်းဗိုက်ထဲတော့ ဘုရားပွဲလှည့်နေတယ်နဲ့တူတယ်၊ ရှင်တို့လျှို့ဝှက်ချက်များ ကျွန်မကြိုသိသွားသလား' ဘာဘရာ ရှက်သွေးဖြာသွားသည်။ ဒက်ဖနီသဘောကျ၍ ရယ်နေသည်။ 'တွမ်က နယူးယောက်ကို ဘယ်လောက် မြန်မြန်လိုက်လာမှာလဲ၊ နောက်တစ်ခေါက် လေယာဉ်နဲ့လား'

'သောကြာနေ့ပါ တော်'

'ရှင်ကတော့ ပျော်မှာပေါ့၊ အခုကျွန်မတော့ ရှင့်ကို ခေါ်လာတာ အမှားကြီးမှားပြီ၊ ဖြစ်နိုင်ရင် လေယာဉ်ပေါ်က ပစ်ချထားခဲ့ ဖို့တောင်ကောင်းတယ်'

သူက ရယ်စရာပြောပေမယ့် တစ်ကယ် ရယ်ချင်လို့ပြောတာမဟုတ်ဆိုသည်ကို ဘာဘရာက ချက်ချင်းသိလိုက်သည်။ သူ့မျက်နှာက နွမ်းလျှဖြူရော်နေသည်။ ဒက်ဖနီသည် လွန်ခဲ့သော ညက ဂျပ်စတင်နှင့်သွားတွေ့လိမ့်မည်ဟု ဘာဘရာက အတပ်တွက် လိုက်သည်။ သူတို့နှစ်ယောက် တွေ့ဆုံမှုသည် ဘယ်နည်းနှင့်မျှ ပျော်စရာကောင်းလိမ့် မည်မဟုတ်ဟုလည်း တွေးမိသည်။

နေ့လယ်စာစားသောက်ပြီးနောက်တော့ ဒက်ဖနီက သူ့ခံစားချက်ကို အန်ထုတ်တော့သည်။

'သူက ဟိုကလေးမနဲ့ နေနေတာ ဘာဘရာ'

'ဘယ်ကလေးမကို ပြောတာလဲ၊ ဟို စားပွဲထိုးမယ်ကို ပြောတာလား' ဘာဘရာက မေးမိတာကို စိတ်မကောင်းဖြစ်သွားသည်။ 'ဝမ်းနည်းပါတယ် ဒက်ဖ်'

'ရပါတယ် ဘာဘရာ၊ ကိစ္စမရှိပါဘူး၊ ရှင်ပြောတာ မမှားပါဘူး၊ ဒါပေမယ့် ကျွန်မတော့ သံသယဝင်နေတုန်းပဲ၊ ဂျပ်စတင်လို လူစားမျိုးက မိန်းမတစ်ယောက်ကို သတ်သတ်မှတ်မှတ်ဘယ်တော့မှ လက်ထပ်ယူလိမ့်မည်လို့ ကျွန်မမထင်ဘူး၊ အဲဒါကို ကျွန်မမသိခဲ့တာ ကျွန်မညံ့လို့ပါ' ထို့နောက် အန်ဒရူးကလေးအကြောင်းကို ရောက်သွားသည်။ လာမည့် သတ္တပတ်ရက်အားတွင် သူ့သားလေးထံ သွားလည်မည်ဟု ဒက်ဖနီကပြောသည်။ 'ကျွန်မက ရှင်ပါ လိုက်စေချင်တာ၊ အခုတော့ ဘယ်ဖြစ်တော့မလဲ၊



www.burmeseclassic.com

www.burmeseclassic.com

ရှင့်မှာက အဲဒီထက်ကောင်းတဲ့အစီအစဉ်တွေ ရှိနေပြီကိုး'

နှစ်ယောက်သား အပြုံးချင်းဖလှယ်လိုက်ကြသည်။ ထို့နောက် ဘာဘရာက သူ့ရင်ထဲတွင် အကြာကြီး ကိန်းအောင်းနေသော ပြဿနာတစ်ရပ်ကို ဖြေရှင်းရန် ဆုံးဖြတ်လိုက်ကြသည်။

'ဒါနဲ့ မက်သယူးနဲ့ကိစ္စက ဘယ်လိုလဲ'

'ဘာကိစ္စလဲ'

ဒက်ဖနီ၏မျက်လုံးများ ရုတ်တရက်ပြုံးကျယ်သွားသည်။

'ဘာကိစ္စလဲဆိုတာ ရှင်သိပါတယ်'

'ဟုတ်ပါတယ်၊ ကျွန်မသိပါတယ်၊ ဒါပေမယ့် ကျွန်မတို့က ရိုးရိုးမိတ်ဆွေတွေပါ ဘာဘရာ၊ မိတ်ဆွေဘဝပဲ ပိုကောင်းပါတယ်' ဒက်ဖနီက ပြုံးလိုက်ပြီး 'နောက်ပြီး သူ့မှာလဲ မိန်းကလေးမိတ်ဆွေ ရှိနေပြီတဲ့၊ သားလေးပြောလို့ သိရတာ၊ သားလေးပြောတာ တကယ်မှန်ပါတယ်၊ စက်တင်ဘာလတုန်းက မက်သယူးကလဲ ကျွန်မကို ထုတ် ပြောခဲ့တယ်'

'ရှင် အခုလို လွတ်လွတ်ကင်းကင်း ဖြစ်နေပြီဆိုတာသာ သူသိရင် ဟိုကောင်မလေးကို ချက်ချင်းခွာချပစ်လိုက်မယ်လို့ ကျွန်မတော့ ယုံကြည်တယ် ဒက်ဖ်'

'ကျွန်မတော့ သိပ်မထင်ပါဘူး၊ အေးလေ ဘာပဲ ဖြစ်ဖြစ် ဒါက အရေးမကြီးပါဘူး၊ ကျွန်မနဲ့သားလေးတို့မှာလဲ ဟိုပြန်ရောက်ရင် လုပ်စရာတွေ တစ်ပုံကြီးရှိပါတယ်၊ တခြားကိစ္စတွေ စဉ်းစားဖို့ အချိန်တောင်ရနိုင်မယ်မထင်ဘူး၊ ကျွန်မတော့ ခရစ္စမတ် မတိုင်ခင်ကတည်းက ဝတ္ထုသစ်စရေးတော့မယ် ဘာဘရာက 'ဒါလောက်နဲ့ မလုံလောက်သေးပါဘူး ဒက်ဖ်ရယ်' ဟု ပြောလိုက်ချင်သည်။ သို့သော် ဒက်ဖနီက ဤကိစ္စတွေ ဆက်ဆွေးနွေးချင်ပုံမရဟု သူကထင်သည်။

နှစ်ယောက်သား ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။ ဘာဘရာက ငြိမ်နေတာကိုပဲ သဘောကျနေသည်။ သူက တွမ်အကြောင်းကို ဒက်ဖနီအား လိမ်လည်၍လည်းပြောရမှာ ဝန်လေးမိသည်။ သူတို့ လက်ထပ်ကြတော့မည် ဆိုတာကို မပြောရဲအောင် ဖြစ်မိသည်။

နယူးယောက်ကို လေယာဉ်ဆိုက်သည်။ သူတို့နှစ်ယောက်ကားစီးပြီး မြို့ထဲဝင်လာခဲ့ကြသည်။ ဒက်ဖနီက နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်ပြီး 'နယူးယောက်မြို့က လှိုက်လှဲစွာ ကြိုဆိုပါတယ်' ဟု ပြောလိုက်သည်။

သို့သော် ဘာဘရာကတော့ ယင်းသို့မခံစားမိ။ သူက တွမ်ကိုသတိရနေသည်။ တွမ်ကို အောက်မေ့နေသည်။ ဒက်ဖနီကလည်း သူ့သားလေးအကြောင်းကိုသာ တွေးနေသည်။





နောက်နှစ်ရက် သုံးရက် အတွင်းမှာလည်း သူ့သားလေးအကြောင်းကိုသာ မနားတမ်းပြောနေသည်။

သို့ဖြင့် သတ္တပတ် ရက်အားရောက်တော့ ကားရုံထဲမှကားကိုထုတ်ပြီး သားကလေးဆီသို့ ထွက်လာခဲ့တော့သည်။

သားကလေးနှင့် မြန်မြန်တွေ့ချင်စိတ်က အလွန်ပြင်းပြနေသည်။ ကားမောင်းလာရတာ ကြာလွန်းလှသည်ဟု ထင်မိသည်။

တစ်လမ်းလုံးတွင် ဆီးနှင်းတွေ သိပ်သည်းစွာ ကျနေသည်။ ငြိမ်းချမ်းဖွယ်ရာ ကောင်းသော ခရီးပင်ဖြစ်တော့သည်။ သို့သော် သူက အရေးမစိုက်။ တစ်နေရာတွင် ရပ်ကာ တာယာအသစ် လဲတပ်သည်။ သူသည် ကယ်လ်ဖိုးနီးယားပြည်နယ်က ပူအိုက်သော နေရောင်ခြည်ကို မတောင့်တတော့။ သားကလေးနှင့် အမြန်ဆုံးတွေ့ရဖို့ ကိုသာ စိတ်မောနေသည်။

ညကိုးနာရီထိုးပြီးနောက် မြို့ထဲသို့ မောင်းဝင်လာသည်။ တည်းခိုရိပ်သာကလေးသို့တန်းလာခဲ့သည်။

ရောက်ရောက်ချင်း မက်သယူးထံ ဖုန်းဆက်သည်။ သို့သော် တစ်ဖက်မှ လက်ခံစကားပြောသူမှာ မက်သယူးမဟုတ်။ ကျောင်းဆရာမလေးတစ်ယောက် ဖြစ်နေသည်။

'ဆရာကြီး မရှိပါဘူး ခင်ဗျား၊ အပြင်ထွက်သွားပါတယ်'

အင်း ... ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့ဟု ဒက်ဖနီက ရေရွတ်ရင်း ပြတင်းပေါက်ကို ကျော်ပြီး အပြင်သို့လှမ်းကြည့်လိုက်သည်။

ဒီအချိန်မှာ သူ့အကြောင်းတွေးနေစရာမလိုတော့ပါဘူး။ သူ့မှာ သူ့ချစ်သူနဲ့ သူ ရှိနေပြီ။ ငါ့မှာလဲ သားကလေး ရှိနေပြီပဲ။

နောက်နေ့မနက်ကျတော့ ဒက်ဖနီကျောင်းသို့ လာခဲ့သည်။

တကယ့်ဝမ်းသာစရာကောင်းသော ပြန်လည်တွေ့ဆုံခြင်းပါပဲ။

'ဒီတစ်ခါ မေမေတို့သားအမိ နှစ်ယောက်ဘယ်တော့မှ မခွဲရတော့ပါဘူး သားရယ်၊ နောက်နှစ်ပတ်လောက်ကြာရင် မေမေ ပြန်လာခဲ့ဦးမယ်၊ ခရစ္စမတ်အားလပ်ရက်တွေမှာ တို့သားအမိနှစ်ယောက် အတူနေကြမယ်'

အန်ဒရူးကလေးသည် ကယ်လ်ဖိုးနီးယားသို့ သွားရောက်ခဲ့ရကတည်းကပင် ကျောင်းပရဝုဏ်အတွင်းမှ ရက်ရှည်ထွက်ခွာရသည်ကို အလွန်သဘောကျနေပြီ။

သို့သော် ယခု အကြိမ်တွင်တော့ သူကမိခင်မျက်နှာကို ကြည့်ပြီး ခေါင်းခါလိုက်သည်။

'သား မလိုက်နိုင်ဘူး မေမေ'

www.burmeseclassic.com

'ဟင် ဘာဖြစ်လို့လဲ သားရဲ့' ဒက်ဖနီလန့်သွားသည်။ 'ဘာဖြစ်လို့ မလိုက်နိုင်တာလဲဟင်'

'သားတို့ကွင်းဆင်းလေ့လာရေးခရီးထွက်ကြမယ်လေ'

ဘာဘာရာပြောခဲ့တာ မှန်နေပြီ။ ကလေးက သူ့ပတ်ဝန်းကျင်နှင့်သူ ပျော်နေပြီ။ သူ့ဘဝနှင့်သူနေသားကျသွားပြီ။

'ဘယ်ကို သွားမလို့လဲ သား'

ဒက်ဖနီ စိတ်ဓာတ်ကျသွားသည်။ ခရစ္စမတ်ကာလတွင် သူတစ်ယောက်တည်း ဖြစ်နေတော့မည်။

'သား ရေခဲလျှောစီးထွက်မယ်လေ' သူက ပြုံးနေသည်။ 'ဒါပေမယ့် သားက နှစ်မကူးခင် ပြန်လာမှာပါ၊ အဲဒီတော့မှ သားလာလို့ ဖြစ်မလား'

'ဖြစ်ပါတယ် သားရယ်'

ဒက်ဖနီက တိုးတိုးကလေး ရယ်လိုက်သည်။

အင်း တစ်နှစ်တာအတွင်း အပြောင်းအလဲမြန်လိုက်တာ နော်။

'နှစ်သစ်ကူးပွဲတော်ညမှာ သားတို့ ခရုသင်း မှုတ်လို့ ရမလား မေမေ'

'ရတာပေါ့ သားရဲ့'

'ခရုသင်းမှုတ်ရတာ သားသိပ်ကြိုက်တာပဲ၊ နှုတ်ခမ်းမှာထိတော့ ယားကျိကျိနဲ့ ခရုသင်းသံက လှုတိုင်းကြားရတယ်နော်'

ထိုအခိုက် မက်သယူးရောက်လာသည်။ ဒက်ဖနီ ပြုံးပြလိုက်ပြီး

'ဟိုင်း မက်၊ ရှင်က သားလေးကို ရေခဲလျှောစီးခေါ်သွားမယ်ဆို'

'ကျွန်တော် မပါပါဘူး၊ ကျွန်တော်က ဒီမှာ အလုပ်တွေနဲ့ ရှုပ်ကျန်ရစ်မှာ၊ သူတို့ တစ်သိုက်ဗားမောင့်ကို ထွက်ကြမယ်လေ၊ ဒီက ဆရာတွေနဲ့ သွားကြမယ်'

'ပျော်စရာကြီး နေမှာပဲ နော်'

ဒက်ဖနီ၏ မျက်လုံးများတွင် ဝမ်းနည်းရိပ်များကို မက်သယူးက သတိပြုမိသည်။

'ခင်ဗျားက ခရစ္စမတ်ပိတ်ရက်မှာ သူ့ကိုကယ်လ်ဖိုးနီးယားခေါ်ချင်လို့လား'

ဒက်ဖနီက သူ့အပြီးအပိုင်ပြန်လာဖို့ဖြစ်ကြောင်း မပြောသေး။ သူက ဘာဘာရာအား ကျောင်းသို့ကြိုတင်ပြီး ဖုန်းဆက်အကြောင်းကြားခိုင်းခဲ့သည်။ သို့သော်လည်း နယူးယောက်သို့ ဒက်ဖနီရောက်နေကြောင်းလောက်ကိုသာ ဘာဘာရာက ပြောခဲ့သည်။

'မခေါ်ချင်ပါဘူး၊ ကျွန်မကနယူးယောက်မှာ နေမှာလားလို့၊ သားလေးကလဲ နယူးယောက်ကို လာမယ်ပြောတယ်လေ'





မက်သယူး၏ မျက်နှာရိပ်ကို အကဲခတ်ကြည့်သည်။ ဘာပြောင်းလဲချက်မှ မမြင်ရ။

'ဒါဆို သိပ်ကောင်းပေါ့ဗျာ'

နှစ်ယောက်သား မျက်လုံးချင်းဆုံကြသည်။ မျက်နှာလွှဲသွားပြီး ကလေးကို ပြိုင်တူ ကြည့်လိုက်ကြသည်။ ဘာစကားမှ မပြောကြ။ နှစ်ယောက်စလုံး အတွေးကိုယ်စီနှင့်ငြိမ်ဆိတ် နေကြသည်။ အတန်ကြာတော့ ဒက်ဖနီက မေးလိုက်သည်။

'ဒါနဲ့ ဒီက ဘယ်တော့လောက် ပြောင်းဖြစ်မလဲ မက်'

'နှစ်ဆယ့်ကိုးရက်နေ့ပါ၊ ကျွန်တော်က ခဏတော့ ဒီမှာ နေရဦးမယ်လို့ တွေးမိတယ်လေ၊ ဒါပေမယ့် နယူးယောက်ကျောင်းကလဲ ကျွန်တော့ကို သိပ်ပြီး လာစေချင်နေပြီ' သူက ပြုံးလိုက်ပြီး 'ဒီလိုပြောတော့ ကြွားပြောသလိုများဖြစ်နေသလား မသိဘူး၊ ဒါပေမယ့် ကျွန်တော်ပြန်မလာရင် ကျွန်တော့် ညီမ မာသာကအလုပ်ကထွက်သွားတော့မယ်လို့ လှမ်းကြိမ်းနေတယ်ဗျ၊ သူတို့ ကျွန်တော်တို့ နှစ်ယောက်စလုံးကို လက်မလွှတ်ချင်ကြဘူး၊ မာသာကလဲ သူတို့အတွက် သိပ်ပြီး အကျိုးရှိနေတာကိုး'

'ကိုယ့် ကိုယ်ကိုယ်လဲ သိပ်မနှိမ့်ချပါနဲ့ မက်၊ သူတို့က ရှင့်ကိုလဲ သိပ်လိုချင်နေကြမှာပါ၊ ရှင်ဒီလာနေတော့ သူတို့က သိပ်ပြီး သတိရနေကြလိမ့်မယ်၊ ရှင် ဒီက ပြန်ပြောင်းသွားတော့လဲ ဒီက လူတွေက ငိုကျန်ရစ်ကြမှာပဲ'

'ဒီလောက်လဲ မဖြစ်ပါဘူး ဒက်ဖ်၊ နောက်အပတ်ဆိုရင် လန်ဒန်က ကျောင်းအုပ်ကြီး အသစ်ရောက်လာတော့မှာပါ၊ သူ့ဆီက ပေးစာတွေဖတ်ပြီး တွက်ကြည့်ရတာကတော့ တော်တော့်ကိုတော်တဲ့ အမျိုးသမီးဖြစ်မယ် ထင်ရတာပဲ၊ 'ဒီကြားထဲ ကျွန်တော်လဲ ကြိုးကြား ကြိုးကြားလာလည်နေဦးမှာပေါ့၊ သတ္တပတ်ရက်အားတွေမှာ လာလည်ပါ့ မယ်'

မက်သယူး၏စကားရိပ်ကို ထောက်တော့ ဟာရီယက်ဆိုသည့် မိန်းကလေးနှင့် အဆက်မပြတ်သေးဟု ဒက်ဖနီက တွက်မိသည်။ ထို့ကြောင့် သူ့ဘက်က သတိထားရမည်။ စကားကို ဆင်ဆင်ခြင်ခြင်ပြောရမည်။ ဘာဘာရာပြောခဲ့သော စကားကို ရုတ်တရက် သတိရမိသည်။ ယခု သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ်ဖြစ်နေပြီဆိုတာ မက်သယူးကို ပြောပြလိုက်ရကောင်းမလား။ အို မဖြစ်သေးပါဘူးလေ။ ငါ့မှာ ဒီလိုပြောနိုင်ခွင့်မရှိပါဘူး။ လောလောဆယ် အခြေအနေအရ ပြောလို့လဲ မကောင်းပါဘူး။ ပြီးတော့ ပြောလိုက်လို့လဲ ဘာမှအကြောင်းထူးလာမှာ မဟုတ်ပါဘူး။

'ဒါနဲ့ ရှင်က ကလေးတွေနဲ့ ရေခဲလျှောစီးဘာဖြစ်လို့ လိုက်မသွားတာလဲ'

သူက စကားမရှိ စကားရှာပြီး မေးလိုက်သည်။

'ကျွန်တော်က ဒီမှာလိုက်မသွားတဲ့ကလေးတွေနဲ့ နေကျန်ရစ်မှာ'


www.burmeseclassic.com

www.burmeseclassic.com



ဒက်ဖနီက ခေါင်းညိတ်လိုက်သည်။ သို့သော် သူက အကြောင်းရင်း အမှန်ကို ခန့်မှန်းတွက်ပြီးသား။

ထို့နောက်တွင် မက်သယူးက ပြန်ထွက်သွားသည်။

နောက်နေ့များတွင် ဒက်ဖနီကျောင်းသို့ သွားလည်တော့ မက်သယူးကို ကြိုးကြားကြိုးကြားသာ မြင်တွေ့ရသည်။ သူ အလွန်အလုပ်များနေပုံရသည်။ အသစ်ရောက်လာမည့် ကျောင်းအုပ်ကြီးနှင့်အလုပ်အပြောင်းအလွဲတိစွတွေနှင့် ရှုပ်နေတာ ဖြစ်မည်။

သို့သော် နယူးယောက်သို့ဒက်ဖနီမပြန်မီ နောက်ဆုံးညတွင်တော့ ယခင်ကလိုပင် သူတို့နှစ်ယောက်ဆုံပြီး အေးအေးဆေးဆေး စကားပြောဖြစ်ကြသည်။ အန်ဒရူးကလေးက အိပ်ရာဝင်သွားပြီ။ ဒက်ဖနီသည် တနင်္ဂနွေနေ့ညတွင် ကားမောင်းပြီး နယူးယောက်သို့ ပြန်ရန် ဆုံးဖြတ်ထားသည်။ ကယ်လီဖိုးနီးယားတွင် တစ်နှစ်တာနေထိုင်ခဲ့ပြီးသည့်နောက် ယခုလို နယူးဟမ်းပရှိုင်းယားနယ်သို့ ပြန်လာပြီး အတိတ်က ဖြစ်ရပ်များကို ပြန်လည် သတိရမိတော့ စိတ်မချမ်းသာ ဖြစ်ရသည်။

'ဒါနဲ့ ဒီအချိန်ဆိုရင် ကာလီဖိုးနီးယားမှာ ဘယ်လိုနေသလဲ မက်'

မက်သယူးက ဒက်ဖနီအား ကော်ဖီပန်းကန်ကို ကမ်းပေးပြီးနောက် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

'ကျွန်မ နောက်ဆုံးမြင်ခဲ့ရတာကတော့ သာသာယာယာပါပဲ၊ ကျွန်မက ပြီးခဲ့တဲ့ တနင်္လာနေ့ကတည်းက နယူးယောက်ကို ရောက်နေတာ'

'ခရစ္စမတ် ရက်အားတစ်လျှောက်လုံး သိပ်ကောင်းတာပေါ့၊ ဒါနဲ့ ခင်ဗျားရဲ့ မိတ်ဆွေရဲ့ မိတ်ဆွေကတော့ အခုထိ ကလေးနဲ့ တွေ့ချင်ပုံ မရသေးဘူး ထင်ပါတယ်၊ ဒါမှမဟုတ် သူခင်ဗျားနဲ့အတူ ဒီကိုပါလာသလား'

သည်အချိန်သည် သူ့ကို အကြောင်းစုံ ပြောပြရန် အကောင်းဆုံးအချိန်ပင် ဖြစ်သည်။ သို့သော် ဒက်ဖနီက မပြောချင်။

'ဟင့်အင်း သူမပါပါဘူး၊ ကျွန်မက နောက်ထပ်စာအုပ်သစ် စရေးတော့မလို့'

'ဒါဆို ကိုယ့်ကိုယ်ကိုယ် နည်းနည်းပါးပါးတောင် အနားမပေးတော့ဘူးလား'

သူ့အပြုံးက တည်ငြိမ်သည်။ သို့သော် နည်းနည်းတော့ စိမ်းနေသလို ထင်ရသည်။ ယခင်ကလို လှိုက်လှဲပြီး၊ ရင်းနှီးပြုံး မဟုတ်။

'ကျွန်မလဲ ရှင့်လိုပဲ ပေါ့၊ ရှင့်ကြည့်ရတာ လွန်ခဲ့တဲ့ နှစ်ရက်အတွင်း ရုတ်တရက်လေဖြတ်သွားလောက်တယ်၊ တစ်ချက်ကလေးမှ အနားယူချိန်မရှိသလိုပဲ'

'ဟုတ်ပါတယ်၊ ဖြစ်လောက်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ အဲဒါတွေ သတိရဖို့ အချိန်မရှိဘူး'





'ကျွန်မ သဘောပေါက်ပါတယ်၊ ကျွန်မလဲ အပါချီဇာတ်ကားရိုက်ခဲ့တုန်းက ပြီးခါနီးသုံးလေးပတ်လောက်မှာ ချာရပတ်လည်နေခဲ့တာပဲ၊ ဒါပေမယ့် ချောချောမောမော ဖြစ်သွားတော့လဲ ပင်ပန်းရမှန်းတောင် မသိတော့ပါဘူး'

ထို့နောက် သူက ရုပ်ရှင်ရိုက်ခဲ့တုန်းက နောက်ဆုံးနေ့များအကြောင်း ပြန်ပြောပြသည်။ မက်သယူးက ပြုံးပြီး နားထောင်နေသည်။

ဒက်ဖနီသည် စာရေးဆရာမပီပီ ဇာတ်ကွက်အလှည့်အပြောင်းအလွှဲ တော်သည်။ သူက သူမပြောလိုသော အကြောင်းအရာ ဘက်သို့ စကားဦးမလှည့်နိုင်ရန် ပါးနပ်စွာဖြင့် ရှောင်တိမ်းပြောဆိုနေသည်။ သူသည် သူ့အတိတ်ဇာတ်လမ်းကို မက်သယူးကိုပင် ဖွင့်မပြောရဲလောက်အောင် ခံစားနေရဆဲဖြစ်သည်။ ဂျပ်စတင်ကို စွန့်လွှတ်လိုက်ရသည့်အတွက် ဝမ်းနည်းလှသောကြောင့်တော့ မဟုတ်။ သူ့အကျောခံလိုက်ရသည်ဟု ယူဆသောကြောင့် ဖြစ်သည်။ ဂျပ်စတင်နှင့် စားပွဲထိုးမယ်ကလေးတို့က သူ့ကို ခေါင်းတုံးပေါ် ထိပ်ကွက်သွားကြသည်ဟု ထင်မိသောကြောင့် ဖြစ်သည်။ သူ့တစ်သက်တာတွင် သည်လိုအဖြစ်မျိုးကို ယခင်က တစ်ကြိမ်တစ်ခါမျှမကြုံခဲ့ရစဖူး။

'အန်ဒရူးကလေး ခရခဲလျှောစီးထွက်ရင် ခရစ္စမတ်ကာလမှာ ခင်ဗျား ဘာလုပ်မှာလဲ'

မက်သယူး၏ မျက်လုံးများတွင် စိုးရိမ်ရိပ်များပေါ်လွင်နေသည်။

သူ့အဆက်ဂျပ်စတင်ရောက်လာမှာပေါ့။ ဒက်ဖနီဆီ နောက်ဆုံးဖုန်းဆက်ခဲ့တုန်းက သူတို့လက်ထပ်ဖြစ်ချင် ဖြစ်လိမ့်မယ်လို့တောင် ပြောခဲ့သေးတာပဲ။

'ကျွန်မမှာ လုပ်စရာ အလုပ်တွေ အများကြီးပါ'

ဤအဖြေမျှနှင့် လုံလောက်ပါပြီ။ မက်သယူးက ခေါင်းညိတ်လိုက်သည်။

နှစ်ယောက်သား စကားမပြောဘဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြသည်။ မက်သယူးက ဟာရီယက်အကြောင်း တွေးနေမိသည်။

ဟာရီယက်က အဘက်ဘက်က အလွန်တော်သည့် မိန်းကလေး။ သို့သော် သူနှင့်တော့ ဘယ်လိုမှမဖြစ်။ ဤအချက်ကို နှစ်ယောက်စလုံးသိသည်။ ဟာရီယက်သည် လွန်ခဲ့သော တစ်လနှစ်လလောက်မှစ၍ တခြားယောကျ်ားတစ်ယောက်နှင့်တွဲနေသည်။ သူတို့၏စေ့စပ်ကြောင်းလမ်းသတင်းကို တစ်နေ့နေ့တွင် ကြားရလိမ့်မည်ဟု မက်သယူးက တွက်ထားသည်။ သူကလေးက အိမ်ထောင်ပြုချိန်တန်ပြီ။ သူ့ကို လိုချင်သည့် ယောကျ်ားတွေ ဝိုင်းဝိုင်းလည်နေသည်။ သို့သော် သူတို့အထဲတွင် မက်သယူး မပါ။ သူက ဟာရီယက်ကို မချစ်။ ဟာရီယက်သည် အချစ်ထက်ပိုသောအရာနှင့် ထိုက်တန်သည့် မိန်းကလေးဖြစ်သည်။ သည်အကြောင်းကို သူနှင့်နောက်ဆုံးအကြိမ် တွေ့စဉ်က မက်သယူးပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မက်သယူးအတွေးနက်နေစဥ် ဒက်ဖနီအကဲခတ်နေသည်။

'ဘာအကြောင်းတွေများ ဒီလောက်တောင် တွေးနေရတာလဲ မက်'

မက်သယူးသည် မီးဖိုကို တစ်ချက်စောင်းကြည့်လိုက်သည်။ ပြီးတော့ ဒက်ဖနီဘက်ပြန်လှည့်ပြီး

'ဩော် ကျွန်တော် အချိန်တွေအများကြီး ပြောင်းလဲသွားခဲ့ပြီလို့ တွေးနေမိတာပါ'

သူ ဟိုကောင်မလေးနှင့်ဖြစ်နေတာ ဘယ်အဆင့်အထိများ ရောက်နေပြီလဲ မသိဟု ဒက်ဖနီက တွေးမိသည်။ သူတို့ လက်ထပ်ကြတော့မယ်ထင်ပါရဲ့။ သို့သော် ဒက်ဖနီက မမေးရဲ။ သူ့မှာ သူ့ကိစ္စနှင့်သူရှုပ်နေသည်။ မက်သယူးက ပြောချင်တဲ့ဆန္ဒရှိလျှင် ပြောလိမ့်မည်။

'ဟုတ်တယ်၊ သိပ်မြန်တာပဲ၊ ဒီတစ်နှစ်တာဘယ်လို ကုန်သွားမှန်းတောင် မသိလိုက်ရသလိုပဲ'

'ခင်ဗျားကို ကျွန်တော် ဟိုတုန်းကပြောခဲ့ဖူးပါတယ်၊ ဘဝဆိုတာ ဒီလိုပဲ အမြဲတမ်းတစ်သမတ်တည်းမနေပါဘူးလို့' သူ့အမူအရာက တည်ငြိမ်သည်။ သူ့စကားက သဘောတရားပါသည်။ သူ့ဆံပင်တွေက မနှစ်ကထက်ပို၍ဖြူလာပြီ။ 'အန်ဒရူးကလေးလဲ တစ်နှစ်ထက်တစ်နှစ်အခြေအနေ ကောင်းလာပါပြီ' သူက ပြုံးလိုက်ပြီး 'ခင်ဗျားလဲ တစ်နှစ်ထက်တစ်နှစ်ပိုပြီး ဆိုးမလာပါဘူး'

'ဟုတ်ပါတယ်၊ သားလေးအခြေအနေအများကြီး ကောင်းလာပါပြီ၊ ဒီအတွက် ရှင့်ကို အများကြီးကျေးဇူးတင်ပါတယ် မက်'

'ဒါတော့ မမှန်ဘူး၊ အန်ဒရူးကလေးက သူ့ဟာသူကြိုးစားလို့ကောင်းလာတာပါ'

ဒက်ဖနီက ခေါင်းညိတ်သည်။ ပြီးတော့ ထ ရပ်လိုက်သည်။

'ကိုင်း ကျွန်မပြန်ဦးမှ ထင်တယ်၊ ဒီည အိမ်အရောက်ပြန်ရမှာ'

'ဖြစ်ပါ့မလား၊ လမ်းတွေက တော်တော်ဆိုးတာ'

မက်သယူးက စိုးရိမ်ရှာသည်။ ဒက်ဖနီက ပြုံးနေသည်။ သူက တစ်လျှောက်လုံးဒက်ဖနီအား လိုလေသေးမရှိ အကူအညီပေးလာခဲ့သည်။ အခုမှသူ့အကူအညီမယူလျှင် တစ်မျိုးထင်စရာ ဖြစ်လိမ့်မည်။ သို့သော် ဒက်ဖနီက သူ့ကို ဒုက္ခမပေးချင်။ သူ့ဘာသာသူ ရှိပါစေတော့။ သူ့ဘဝနှင့်သူ ရှိပါစေတော့။ ယခုအချိန်တွင် အခြေအနေတွေက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ပြီ။ အချိန်တွေအများကြီး ပြောင်းလဲသွားခဲ့ပြီဟု သူကိုယ်တိုင်ကလည်းပြောခဲ့ပြီ။ ဘယ်လိုပဲဖြစ်ဖြစ် သည်အတိုင်းထားလိုက်တာပဲ ပိုကောင်းလိမ့်မည်။





ဖြစ်ပါတယ်၊ ကိစ္စမရှိပါဘူး၊ ကျွန်မက ရှင်သိတဲ့အတိုင်း မသေနိုင်တဲ့ မိန်းမပါ'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီအချိန်မှာ လမ်းတွေဆိုးနေမှာမို့ စိုးရိမ်လို့ပြောတာပါ ဒက်ဖ်' သူက ဒက်ဖနီအား တံခါးဝအထိ လိုက်ပို့သည်။ 'အိမ်ပြန်ရောက်တော့ ကျွန်တော့်ဆီ ချက်ချင်း ဖုန်းဆက်ဖို့မမေ့ပါနဲ့'

'ရှင်ကလဲ မဟုတ်တာပြောရှေ့မယ်၊ ကျွန်မက မနက်သုံးနာရီ လေးနာရီလောက် ရောက်သွားမှာ၊ အဲဒီအချိန်ကြီးမှ ဖုန်းဆက်ရင် ရှင် အိပ်ရေးပျက်နေမှာပေါ့'

ကိစ္စမရှိပါဘူး၊ ပျက်ပါစေ၊ ဆက်သာဆက်ပါ၊ အခု ခင်ဗျားပြန်သွားရင် ကျွန်တော်အိပ်ရာတန်းဝင်တော့မယ်၊ ခင်ဗျား ချောချောမောမောပြန်ရောက်သွားပြီဆိုတာ ကျွန်တော်သိချင်တယ်၊ ခင်ဗျားမဆက်ရင်တော့ ကျွန်တော်က မအိပ်ဘဲ ထိုင်စောင့်နေပြီး ခင်ဗျား ရောက်လောက်ပြီဆိုတော့မှ ဖုန်းလှမ်းဆက်မှာပဲ'

သူ့စကားက တာဝန်ထက်ပိုလွန်သောစေတနာစကားဖြစ်သည်။ အတိတ်က မိတ်ဆွေဘဝ၏ စစ်မှန်သော ရောင်ပြန်ဟပ်မှု ဖြစ်သည်။

'ဒါဆိုလဲ ကောင်းပါပြီ ရှင်၊ ကျွန်မ ဆက်ပါ့မယ်၊ ဒါပေမယ့် ရှင့် အိပ်ရေးပျက်မှာကိုတော့ အားနာမိတယ်'

'ရပါတယ်ဗျာ၊ အားနာစရာ ဘာမှမရှိပါဘူး၊ ဆက်ဖြစ်အောင်သာဆက်ပါ'

*

ရေခဲဖုံးသော လမ်းမကြီးပေါ်တွင် ကားမောင်းလာရင်း ဒက်ဖနီက မက်သယူးနှင့် ပြောခဲ့သောစကားများကို ပြန်လည်သတိရနေသည်။

အပြန်ခရီးသည် ထင်တာထက် ပို၍ကြာသည်။ မနက် ငါးနာရီထိုးမှ အိမ်သို့ ရောက်သည်။

သည်အချိန်မှ ဖုန်းဆက်လျှင် ပြစ်မှုကျူးလွန်သည်နှင့်တူနေရော့မည်။ သို့သော် သူကိုယ်တိုင်လည်း ဆက်ချင်သည့်ဆန္ဒပြင်းပြ နေသည်။

စာရေးစားပွဲပေါ်မှ တယ်လီဖုန်းကောက်ကိုင်ပြီး နံပါတ်ကို လှည့်လိုက်သည်။

ချက်ချင်းလိုပင် တစ်ဖက်မှ အိပ်ချင်မူးတူအသံကို ကြားရသည်။

'ဟဲလို ... ဘယ်သူပါလဲ'

'မက်၊ ကျွန်မ အိမ်ပြန်ရောက်ပြီ'

ဒက်ဖနီက လေသံဖြင့် ပြောလိုက်သည်။

'ဟုတ်လား၊ အားလုံး ချောချောရှုရှုပဲနော်'

သူက စားပွဲတင်နာရီကို စောင်းကြည့်လိုက်သည်။ မနက် ငါးနာရီရှိနေပြီ။

'ချောချောရှုရှုပါပဲ၊ ကဲ ပြန်အိပ်ပါတော့'



www.burmeseclassic.com

www.burmeseclassic.com

'ကောင်းပါပြီဗျာ၊ အိပ်ပါတော့မယ်' သူက ပြုံးပြီး အိပ်ရာပေါ်ပြန်လှဲချလိုက်သည်။ 'ခင်ဗျားကယ်လ်ဖိုးနီးယားက လှမ်းဆက်ခဲ့တာတွေ အမှတ်ရမိတယ်ဗျာ' ဒက်ဖနီက ပြန်၍ပြုံးလိုက်သည်။ 'ကျွန်တော်က ခင်ဗျားကို ဒီကိုပြန်လာတော့ ခင်ဗျားကို ညွှဲခဲ့ စကားပြောရတာ သိပ်ပြီးအားနာမိတယ်၊ ကျွန်တော်က ခင်ဗျားသိတဲ့အတိုင်း အလုပ် သိပ်များတာ၊ ပြီးတော့ သေးမတ်ပတ်လည်မှာလဲ လူတွေက တစ်ပုံကြီးမဟုတ်လား'

'ကျွန်မ သဘောပေါက်ပါတယ်၊ ကျွန်မလဲ တစ်မျိုးကြီး ခံစားနေရတာပဲ' ခေတ္တမျှ စကားပြတ်သွားကြသည်။ ပြီးတော့မှ ဒက်ဖနီက ဆက်ပြောသည်။ 'ဒါနဲ့ အခု ရက်တွေမှာ ရှင်ပျော်ရဲ့လား မက်' သူက ဟာရီယက်အကြောင်းကို မေးလိုက်ချင်သည်။ သို့သော် မမေးရဲ။

'အများကြီး ပျော်ပါတယ်၊ အလုပ်က သိပ်များနေတော့ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်မမေးမိဘူး၊ ခင်ဗျားရောဘယ်လိုလဲ'

ဒက်ဖနီ ခေတ္တမျှ နှုတ်ဆွံ့နေသည်။ နောက်တော့မှ သူ့ကိုယ်သူ ထိန်းပြီး ပြန်ပြောလိုက်သည်။

'ကျွန်မလဲ ပျော်ပါတယ်'

'လက်ထပ်ကြတော့မှာလား'

'ဟင့်အင်း၊ ဒါပေမယ့် ဘာဘာရာတော့ လက်ထပ်တော့မယ် ထင်ပါရဲ့'

'လော့အိန်ဂျယ်လိက လူနဲ့လား'

'ဟုတ်ပါတယ်၊ ဒီလူကတော့ သိပ်ကောင်းတာပဲ၊ ဘာဘာရာကလဲ အဲဒီလို လူမျိုးနဲ့ ထိုက်တန်ပါတယ်'

'ခင်ဗျားလဲ အတူတူပါပဲ' သူ့ပါးစပ်မှ အမှတ်တမဲ့ ထွက်သွားသည်။ ပြောပြီးမှ နောင်တရမိသည်။ 'ခွင့်လွှတ်ပါ ဒက်ဖ်၊ ဒါက ကျွန်တော့်အလုပ် မဟုတ်ပါဘူး'

'ရပါတယ်ရှင်၊ ဘယ်လိုမှ မဖြစ်ပါနဲ့၊ ရှင့်ကို ကျွန်မအကြောင်းတွေ ငိုပြီးတောင် ပြောခဲ့သေးတာပဲ'

'နောက်ဆိုရင် မငိုရတော့ပါဘူးဗျာ၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလားဟင်'

သူ့အသံက ပျော့နေသည်။ သူက ဂျပ်စတင်ကို ရည်ရွယ်၍ ပြောကြောင်း ဒက်ဖနီ သိသည်။

'ဟုတ်ပါတယ်လို့ပဲ ဆိုပါတော့ရှင်'

'ဝမ်းသာပါတယ်ဗျာ၊ ခင်ဗျားက ဘဝမှာ ကောင်းသောအရာတွေနဲ့ပဲ ထိုက်တန်တဲ့အမျိုးသမီးပါ'

'ရှင်လဲ ထို့အတူပါပဲ' ဒက်ဖနီ၏ မျက်လုံးများတွင် မျက်ရည်တွေ ဝဲလာ





သည်။ မက်သယူးက ဟာရီယက်နှင့် လက်ထပ်လျှင် စိတ်ချမ်းသာနိုင်သည်။ သို့သော် ဒက်ဖနီကတော့ မက်သယူးကို ထာဝစဉ် သတိရနေမည်သာဖြစ်သည်။ မက်သယူး နယူးယောက်ကျောင်းသို့ ပြန်လာလျှင် သူ့ထံဖုန်းခဏခဏဆက်၍ မကောင်းတော့။

'ကဲ ပြန်အိပ်လိုက်ပါတော့ မက်၊ သိပ်နောက်ကျနေပြီ'

မက်သယူးက တစ်ချက်သမ်းဝေပြီး နာရီကို စောင်းကြည့်လိုက်သည်။ ခြောက်နာရီတိတိရှိပြီ။ သူအိပ်ရာမှ ထချိန် ရောက်နေပြီ။

'ခင်ဗျားလဲ နည်းနည်းတော့ အိပ်လိုက်ပါဦး၊ ခရီးဝေးကားမောင်းလာရတော့ သိပ်ပင်ပန်းနေရောပေါ့'

'နည်းနည်းကလေးပါ'

'မင်္ဂလာညပါ ဒက်ဖ်၊ ကျွန်တော် မကြာခင် ပြန်ဆက်ဦးမယ်'

*

အန်ဒရူးကလေးတို့ ရေခဲပြင်လျှောစီးခရီးထွက်သွားကြပြီးနောက် ဒက်ဖနီက မက်သယူး ထံဖုန်းလှမ်းဆက်သည်။ သို့သော် မက်သယူးမရှိ။ အပြင်ထွက်သွားသည်ဟု ဆိုသည်။

ထို့ကြောင့် ခရစ္စမတ်နေ့ကျတော့မှ ထပ်ဆက်ရန် ဆုံးဖြတ်လိုက်သည်။

သို့သော် သူဘယ်တော့မှ မဆက်ဖြစ်တော့။ အဘယ်ကြောင့်ဆိုသော် ...

ခရစ္စမတ် အကြိုညတွင် မေဒီဆင်ရိပ်သာလမ်းမကြီးပေါ်၌ ဒက်ဖနီကား တိုက်ခံရသည်။

ထို့ကြောင့် သူသည် မက်သယူးထံဖုန်းမဆက်နိုင်တော့ဘဲ လီနောက်ကုန်းမြင့် ဆေးရုံသို့သာ အတွင်းလူနာအဖြစ် ရောက်ရှိသွားရှာတော့သည်။

*

ဘာဘာရာသည် ဒက်ဖနီအား မျက်တောင်မခတ်ငေးကြည့်နေသည်။ မျက်နှာပေါ်သို့လည်း မျက်ရည်တွေ တပေါက်ပေါက်ကျနေသည်။

ဒက်ဖနီ၏ ဏံဆိုးရှာပုံကို ကြည့်ပြီး သူ့ကိုယ်သူ ဘယ်လိုမှ မ[illegible]နိုင်အောင် ဖြစ်နေမိသည်။

အန်ဒရူးကလေးဆီဖုန်းဆက်ပြီး အကြောင်းကြားလိုက်ရ ကောင်းမည်လား။

သို့သော် ဒက်ဖနီသတိရနေစဉ်က သူ့သားလေးထံဖုန်းမဆက်ရန် တားခဲ့သည်။ ဘာဘာရာကလည်း မဆက်ပါဘူးဟု ကတိပေးခဲ့သည်။ သို့သော် အနေးနှင့် အမြန်တော့ ဆက်ကို ဆက်ရလိမ့်မည်။ အထူးသဖြင့် ဒက်ဖနီတစ်ယောက်မဆိုစကောင်း ဆိုစကောင်း တစ်စုံတစ်ရာ ဖြစ်သွားခဲ့လျှင် ... ။

ဘာဘာရာ ဆက်မတွေးရဲတော့။

တာဝန်ကျ သူနာပြုဆရာမ အယ်လီဇဘက်ဝတ်ကင်းက ဘာဘာရာအား


www.burmeseclassic.com

www.burmeseclassic.com



မျက်ရိပ်ပြလိုက်သည်။ အပြင်ဧည့်ခန်းသို့ပြန်ထွက်ရန် အချိန်တန်ပြီဟု ဆိုလိုခြင်းဖြစ်သည်။ ဆရာမက ဒက်ဖနီ၏သွေးကို စမ်းကြည့်တော့ အဖျားဝင်နေသည်ကို တွေ့ရသည်။

'အခုအာယ်လိုနေသေးသလဲ ဟင် ဆရာမ'

ဆရာမက ဘာဘာရာ၏မျက်နှာကို စိုက်ကြည့်နေသည်။ အမှန်အတိုင်းပြောလိုက်လျှင် သူခံနိုင်ရည်ရှိပါ့မလားဟု တွေးနေသည်။ ထို့နောက် ဆရာမနှင့် ဘာဘာရာတို့အပြင်သို့ ထွက်လာခဲ့ကြသည်။

'အမှန်အတိုင်းပြောရရင်တော့ အခြေအနေမကောင်းဘူး၊ အဖျား သွေးဝင်လာတယ်ဆိုတော့ စိုးရိမ်စရာတွေ အများကြီး ရှိလာတယ်'

ဘာဘာရာက ခေါင်းညိတ်လိုက်သည်။ သူ့မျက်နှာတွင် မျက်ရည်တွေ စီးကျလာပြန်သည်။

တွမ်ဆီသို့ဖုန်းဆက်ရန် လာခဲ့သည်။ တွမ်က ဘာဘာရာ၏အခန်းတွင် တစ်နေကုန်ထိုင်၍ မျှော်နေသည်။ ခရစ္စမတ်ပွဲတော် ကာလတွင် သည့်အတိုင်း တစ်ယောက်တည်း ထိုင်နေရသည်မှာ စိတ်ကုန်စရာ ကောင်းလှသည်။ သို့သော် ထိုအချိန်တွင် ဘာဘာရာက ဒက်ဖနီထံရောက်နေသည်။

'အို ... ဖြစ်မှ ဖြစ်ရလေကွယ်'

တွမ်က အံ့ထိတ်တလန့်ဖြစ်သွားသည်။ သို့သော် ဘာဘာရာကသိပ်ပြီး မစိုးရိမ် ရန် ကမန်းကတန်းပြောရသည်။ ဘာဘာရာသည် တွမ်နှင့်အဆက်အသွယ်ရရန် ဆယ် ကြိမ်တိတိ ဖုန်းဆက်ခဲ့ရသည်။ ဘာဘာရာ၏ငိုသံကို ဖုန်းထဲမှကြားရတော့ တွမ်က အလွန်စိုးရိမ်သွားသည်။

'သူအဖျားသွေးဝင်နေတယ်၊ သနာပြု ဆရာမကလဲ အဲဒါကို စိုးရိမ်နေသလိုပဲ မောင်'

တွမ်သည် ဖုန်းကိုကိုင်ရင်း အကြာကြီးငိုင်နေသည်။ ပြီးတော့မှ

'ဒါနဲ့ ဖုန်းဆက်ပြီး အကြောင်းကြားသင့်တဲ့ လူများရှိသေးသလား ဘာဘာရာ'

အဲဒါမှ ဒုက္ခပဲ။ ဘာဘာရာက ဤတာဝန်ကို အကြောက်ဆုံး။

'သူ့မှာ မိသားစုဆိုလို့ သားကလေးပဲ ရှိတာပဲ မောင်' သူက တသိမ့်သိမ့်ဖြင့် ငိုနေပြန်သည်။ ကလေးအတွက်တွေးပြီး ယူကျုံးမရဖြစ်မိသည်။ တကယ်လို့များ သူ့မေမေ ဆုံးသွားခဲ့လျှင် ကလေးတော့ အလိုအလျောက် အသက်ထွက်သွားမည်မှာ သေချာ သည်။ 'ဒါပေမယ့် ကျွန်မ သူ့ဆီမဆက်ချင်ဘူး၊ သူက ရေခဲလျှောစီးသွားနေတယ်၊ ပြီးတော့ ကလေးက ရှစ်နှစ်သားပဲ ရှိသေးတာ၊ ဘယ်လိုမှ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး'





'ဒက်ဖနီအခြေအနေက အဲဒီလောက်တောင် ဆိုးနေသေးလို့လား'

'မဆိုးပါဘူး၊ ဒါပေမယ့်မ ... ' ပြော၍ မထွက်နိုင်အောင် ဖြစ်နေသည်။ 'ဒါပေမယ့် စိုးတော့စိုးရိမ်ရတယ် မောင်၊ ဘုရားသခင် စောင်မတော်မူမှ ဒီတောင်က ကျော်နိုင်မယ် ထင်တာပဲ'

တွမ်က ရုတ်တရက် အကြံတစ်ခုရမိသည်။

'ဒါဆို ဟိုလူကရော၊ အန်ဒရူးကလေးနေတဲ့ကျောင်းက ကျောင်းအုပ်ကြီး ဆိုတဲ့ လူလေ'

'သူ့ကို ဘာလုပ်ရမှာလဲ'

'အဲဒါတော့ ကိုယ်လည်းမသိဘူး၊ ဒါပေမယ့် သူ့ကိုသတင်းပို့လိုက်ရင် တစ်ခုခု တော့ အခိုပွာယ်ရှိမယ် ထင်တာပဲ၊ ဒက်ဖနီနဲ့ သူနဲ့က တော်တော်ရင်းနှီးတယ်ဆို၊ မင်းပဲ ပြောတာပဲ'

'မောင်ပြောတာ မဆိုးပါဘူး၊ ကျွန်မသူ့ဆီ ဆက်လိုက်မယ်လေ၊ ပြီးတော့ မောင့်ဆီ ပြန်ဆက်ဦးမယ်'

'ကိုယ်လိုက်လာရဦးမှာလား' မလိုဘူးထင်တယ်ဟု ပြန်ပြောမည်လုပ်တုန်း ဘာဘာရာက သူ့ကိုယ်သူမထိန်းနိုင်ဘဲ ငိုပြန်သည်။ 'ဟုတ်ပြီ ဟုတ်ပြီ၊ ဘာမှ မပူနဲ့၊ ကိုယ်ခုချက်ချင်း ထွက်လာခဲ့မယ်'

ဘာဘာရာက ဆေးရုံအထပ်နှင့်အခန်းနံပါတ်ပြောလိုက်သည်။ တွမ်က စားစရာတစ်ခုခု ဝယ်လာခဲ့မည်ဟုပြောသည်။ ဘာဘာရာက ဘာမှမစားချင်။ သို့သော် ညလုံးပေါက် ထိုင်စောင့်ရမည်ဆိုတော့ ဘာမှ မစား၍ မဖြစ်ကြောင်းတွမ်က သိသည်။ ထို့ကြောင့် သူကစားစရာတစ်ခုခုနှင့် ကော်ဖီကြမ်းယူလာခဲ့မည်ဟု ဆိုသည်။ ခုပုံအတိုင်းဆိုလျှင် ဒက်ဖနီ၏အခြေအနေကတော့ သိပ်မလွယ်။ တကယ်လို့ဒက်ဖနီ သေသွားခဲ့လျှင်လည်း ဘာဘာရာအတွက် ပို၍မလွယ်ဟု တွမ်ကတွေးမိသည်။

ဘာဘာရာ တယ်လီဖုန်းအနားတွင် အကြာကြီးထိုင်ရင်း မက်သယူးအား အကြောင်းကြားသင့်မသင့် စဉ်းစားနေသည်။ ဒက်ဖနီခွေ့ဆာသတိဝင်လာတုန်းက ဘယ်သူ့ထံမှ အကြောင်းမကြားရန် တားခဲ့သည်။ သို့သော်လည်း ဘာဘာရာအနေဖြင့် စိုးရိမ်စိတ်က ပြင်းထန်လာသောကြောင့် ဒက်ဖနီ၏တားမြစ်ချက်ကို ဘယ်လိုပဲဖြစ်ဖြစ် ချိုးဖောက်ရန် ဆုံးဖြတ်လိုက်တော့သည်။

သူ့ထံတွင် ဒက်ဖနီ၏ လက်ကိုင်အိတ်ရှိသည်။ လက်ကိုင်အိတ်ထဲမှ လိပ်စာ စာအုပ်ကလေးယူပြီး ဖုန်းနံပါတ်ရှာသည်။ ပြီးတော့ တယ်လီဖုန်းကိုကောက်ကိုင်ပြီး မက်သယူး၏ နံပါတ်ကိုလှည့်လိုက်သည်။

တစ်ဖက်မှ တုံ့ပြန်သံက သိပ်ပြီးလိုလိုချင်ချင်မရှိလှ။ သူအလုပ်လုပ်နေရင်း



www.burmeseclassic.com

www.burmeseclassic.com



တုန်းလန်းဖြစ်ဟန်တူသည်။

'မစ္စတာဒိန်း၊ကျွန်မဘာဘာရာဂျာဗစ်ပါ၊နယူးယောက်ကလှမ်းဆက်နေပါတယ်'

ဘာဘာရာ၏ ရင်ဘတ်တွေ တဒိန်းဒိန်းခုန်နေသည်။ လက်ဝါးကလည်း ချွေးတွေထွက်လာသည်။

'ဟုတ်ကဲ့ ပြောပါခင်ဗျား'

သူ့အသံက အံ့အားသင့်သံပါသည်။ သူက ဘာဘာရာ၏အသံကို ချက်ချင်း မှတ်မိသည်။

'ကျွန်မ ... ဒီလိုပါ ... မစ္စတာ ဒိန်း၊ ပြောရမှာတောင် ပြောမထွက်သလို ဖြစ်နေပါတယ်၊ ဒီလိုပါ၊ မစ္စဖီးလ်ဒ် ကားတိုက်ခံရလို့ပါ၊ ကျွန်မအခုသူနဲ့အတူ ဆေးရုံမှာ ရှိနေပါတယ်'

'သူက ဆက်နိုင်းတာလား' သူ့အသံက အထိတ်တလန့်နိုင်လှသည်။ ဘာဘာရာမှာ မငိုမိအောင် အနိုင်နိုင်ထိန်းထားရသည်။

'မ ... မဟုတ်ပါဘူး၊ သူ ... သူက မ... မဆက် ... နိုင်းပါဘူး' ဘာဘာရာ အသံထွက်၍ငိုသည်။

'သူ မနေ့ညကကားတိုက်ခံရပါတယ် ... မစ္စတာဒိန်း၊ သူ ...သူ့ကို အခု အတွင်း ... အတွင်းလူနာအဖြစ် ကုသနေရပါတယ်' ငိုရှိုက်သံ ပေါ်ထွက်လာသည်။

'အို ဘုရား ဘုရား၊ အဲဒီတော့ အခု ဘယ်လိုနေသလဲ မစ္စ ဂျာဗစ်'

ဘာဘာရာက သူ သိရသမျှပြန်ပြောပြလိုက်သည်။

'သူက မစ္စတာဒိန်းကိုရော၊ အန်ဒရူးကလေးကိုရော လုံးဝအသိမပေးရဘူးလို့ ပြောပါတယ်၊ ဒါပေမယ့် ... ကျွန်မက ...'

'အခု သူ သတိရပြီလား'

'စောစောတုန်းက ခဏသတိရလာတယ်၊ အခုပြန်ပြီးမြောသွားပြီ၊ ပြီးတော့ အဖျားလဲဝင်လာတယ်'

ထို့နောက် ဘာဘာရာက ဒက်ဖနီ၏အခြေအနေမှာ စိုးရိမ်ရကြောင်း ပြောပြလိုက်သည်။

'ဒါနဲ့ အဲဒီမှာ ခင်ဗျားအပြင် ဘယ်သူရှိနေသေးသလဲ'

'ဘယ်သူမှမရှိပါဘူး၊ ဒါပေမယ့် ... ကျွန်မ ... ကျွန်မရဲ့ခင်ပွန်းလောင်းတော့ မကြာခင်ရောက်လာလိမ့်မယ်၊ သူ့ကိုလှမ်းခေါ်ထားတယ်၊ လော့စ်အိန်ဂျယ်လိက လိုက်လာမှာပါ' ဤတွင်ဘာဘာရာက ရုတ်တရက်စိတ်ကူးပေါ်လာပြီး 'ဒါနဲ့ ... မစ္စတာဒိန်း၊ ဒက်ဖနီနဲ့ ဂျပ်စတင်တို့ အဆက်အသွယ်ပြတ်သွားပါပြီ၊ တစ်လလောက်တောင်ရှိသွားပါပြီ'





'အဲဒါ သူကျွန်တော့်ကို ဘာလို့မပြောတာလဲ'

သူ့အသံက စောစောကထက်ပင် အံ့အားသင့်သံပါနေသည်။

'သူက မစ္စတာဒိန်းမှာ ချစ်သူရှိနေတယ်လို့ ထင်ပါတယ်၊ အဲဒါကြောင့် မစ္စတာဒိန်းကို ဂျပ်စတင်အကြောင်းပြောရင် မသင့်တော်ဘူးလို့လဲ ထင်လို့ပါ'

'ဘုရားရေ'

သူက မီးဖိုနားတွင်ထိုင်ပြီး အချိန်တွေအများကြီး ပြောင်းလဲသွားခဲ့ပြီဟု ဒက်ဖနီအား ပြောခဲ့သည်။ ယင်းသို့ပြောခဲ့ခြင်းမှာ ဒက်ဖနီနှင့်ဂျပ်စတင်တို့ လက်ထပ်ကြပြီးပြီဟု ယူဆထားသောကြောင့်ဖြစ်သည်။

'မစ္စတာဒိန်း၊ ဒီအကြောင်း အန်ဒရူးကလေးကိုပြောလို့ ဖြစ်မယ်ထင်သလား'

'ဖြစ်မယ်မထင်ဘူး၊ ဘာဘာရာ၊ သူ့ကိုပြောလဲဘာမှ ပိုထူးလာမှာမဟုတ်ပါဘူး၊ ပြီးတော့ ကလေးကသိပ်ငယ်သေးတယ်၊ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး' သူက လက်ပတ်နာရီကို ကြည့်လိုက်သည်။ ထို့နောက် မတ်တတ်ထရပ်သည်။ တယ်လီဖုန်းကို လက်ထဲတွင် ကိုင်ထားရင်းမှ အခန်းထဲလမ်းလျှောက်သည်။ 'ကျွန်တော် နောက်ခြောက် နာရီ အတွင်းရောက်လာမယ်'

'ဟင် ... တကယ်လား မစ္စတာ ဒိန်း'

ဘာဘာရာက မယုံနိုင်အောင် ဖြစ်သွားသည်။

'ခင်ဗျား မယုံဘူး ဟုတ်လား'

မက်သယူးစိတ်မကောင်းဖြစ်သွားသည်။

'အို အဲဒီလိုမဟုတ်ပါဘူး ရှင်၊ ကျွန်မဘယ်စကားပြောမိလို့ ပြောမိမှန်း မသိတော့ပါဘူး၊ မစ္စတာဒိန်းကို အကြောင်းကြားဖို့ ကိစ္စကိုပဲ ကျွန်မစိတ်စောနေတာပါ'

'ခင်ဗျား ဆက်တာ သိပ်ကောင်းပါတယ်၊ အမှန်အတိုင်းပြောရရင် အခုပြောလို့ အမိပ္ပာယ်ရှိ မရှိတော့မသိတော့ဘူး၊ ဒါပေမယ့် ခင်ဗျားသိအောင်တော့ ပြောပါရစေဗျာ၊ တကယ်တော့ ကျွန်တော်က သူ့ကိုစတွေ့ရတဲ့နေ့ကစပြီး ချစ်ခဲ့မိတယ် ဘာဘာရာ၊ ဒါပေမယ့် သူ့ကိုထုတ်မပြောမိခဲ့တာကတော့ ကျွန်တော် အသုံးမကျလို့ပဲ ဖြစ်ပါတော့' သူ့လည်ချောင်းထဲအလုံးကြီးဆို့တက်လာသလို ခံစားရသည်။ တစ်ဖက်မှဘာဘာရာ၏ ငိုသံသဲ့သဲ့ကိုလည်း ကြားရသည်။ 'အခုတော့ သူ့ကို ကျွန်တော် ဘယ်နည်းနဲ့မှဆုံးရှုံး မခံနိုင်တော့ဘူး ဘာဘာရာ'

ဘာဘာရာ ခေါင်းညိတ်လိုက်ပြီး

'ဟုတ်ပါတယ် မစ္စတာဒိန်း၊ မစ္စတာဒိန်းအနေနဲ့ ဘယ်တော့မှ မဆုံးရှုံးနိုင် တော့ဘူးလို့ကျွန်မကလဲ အလေးအနက် ယုံကြည်ပါတယ်ရှင်'

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၂ )

မက်သယူးသည် ဒက်ဖနီအကြောင်းကိုသာတစ်လျှောက်လုံး တွေးတောရင်း ကားကို စက်ရှိန်အမြင့်ဆုံးမောင်းကာ နယူးယောက်မြို့သို့ ထွက်ခွာလာခဲ့သည်။

ဒက်ဖနီနှင့်အပြန်အလှန် ဖုန်းဆက်ခဲ့သမျှ၊ နှစ်ယောက်အတူ စကားပြောခဲ့သမျှတို့ကို ရုပ်ရှင်ဇာတ်လမ်းတစ်ခုပမာ ပြက်ပြက်ထင်ထင်ကြားယောင်မြင်ယောင်နေသည်။ သူ့မျက်နှာမှာ ဉာဏ်ချိန်လုံးလိုလို တင်းမာနေသည်။ သူသည် ဤပြဿနာပေါ်ပေါက်လာသည်ကို လုံး၀ မယုံကြည်နိုင်အောင်ဖြစ်နေသည်။ ဒက်ဖနီတစ်ယောက်သည် လိင်အဖြစ်မျိုးနှင့်ကြုံရသည်ဆိုသည်ကို ဘယ်လိုမှ တွေးလို့မရအောင် ဖြစ်မိသည်။

သူ့ခမျာ ဘ၀တစ်လျှောက်လုံးလောကဓံလှိုင်းတံပိုး ရိုက်ခတ်မှုကို ရင်နှင့်အောင်ခံစားခဲ့ရပြီးပြီ။ ဒုက္ခသုက္ခမျိုးစုံကို အကြိမ်ကြိမ်ခါးစည်းခံခဲ့ရပြီးပြီ။ နောက်ထပ်၍ မခံစားသင့်တော့ပြီ။ သူ့ဘ၀ဇာတ်လမ်းသည် ဤနည်းဖြင့် နိဂုံးမချုပ်သင့်။

သို့သော် ယခုဖြစ်ခဲ့ပြန်ပြီ။ လောကဓံတရားသည် သူ့ကို အကြမ်းတမ်းဆုံး၊ အရက်စက်ဆုံး ရိုက်ခတ်ပြန်ပြီ။

အသက်မှမီနိုင်ပါ့မလားဟူသော အတွေးကြောင့်မက်သယူးသည် ကားကို



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံးမောင်းနှင်လျက်ရှိသည်။

သူသည် ရေခဲပြင်လမ်းမများကို ဖြတ်ကျော်ပြီး နယူးယောက်မြို့ထဲသို့ ဝင်လာခဲ့သည်။ နံနက်နှစ်နာရီခွဲတွင် လီနောက်ကုန်းမြင့်ဆေးရုံသို့ ရောက်ရှိသည်။

ဆေးရုံဆင်ဝင်အောက်တွင် လျှပ်စစ်မီးအားလုံးကို မထွန်းထား၍ ခပ်မှောင်မှောင်ဖြစ်နေသည်။ သူသည် အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။ ညှော်ခန်းဆောင်များတွင် မည်သူ့ကိုမျှမတွေ့ရ။

အရေးကြီးလူနာဆောင်ရုံးခန်းသို့ တန်း၍လာခဲ့သည်။ သူ့ကိုဘာဘာရာက လှမ်းမြင်သည်။ တွမ်အိမ်သို့ ပြန်သွားသည်မှာ အတော်ကြာသွားပြီ။ ဤညသည် ဒက်ဖနီ အတွက် အရေးအကြီးဆုံး ညဖြစ်ကြောင်း မကြာမီကမှ သူနာပြုဆရာမက ပြောခဲ့သည်။ ဒက်ဖနီအခြေအနေမှာ ဘာမှထူးခြားမလာသေး။ သူ့ခမျာ သည်တောင်က ကျော်မှကျော် နိုင်ပါ့မလားဟူ၍ ရင်တမမနှင့် စောင့်ကြည့်နေရသည့် အခြေအနေတွင်ပင် ရှိနေဆဲ ဖြစ်သည်။

'မစ္စတာ ဒိန်း'

ခေါ်သံကြား၍ မက်သယူးက လှည့်ကြည့်လိုက်သည်။ ဘာဘရာ ဖြစ်နေသည်။ ဒက်ဖနီဖြစ်လိုက်လျှင် ဘယ်လောက်ကောင်းမလဲဟူသော အတွေးက ရုတ်တရက် ဖြစ်ပေါ်သွားသည်။

မက်သယူးရောက်လာတာ မြန်လိုက်တာဟု တွေးပြီး ဘာဘရာက အံ့သြနေသည်။ ဒီလောက်မြန်မြန်မောင်းလာတာ ဒက်ဖနီလို မကြုံရတာ တော်ပါသေးရဲ့။

'သူ ဘယ်လိုနေသလဲ'

'မထူးခြားသေးဘူး၊ ဝေဒနာဒဏ်ကို တော်တော်ကို ပြန်တိုက်နေရတယ်'

မက်သယူးက ခေါင်းညိတ်လိုက်သည်။ သူ့မျက်လုံးတွေအောက်တွင် အရေးအကြောင်းကြီးတွေ ထင်နေကြသည်။ အလုပ်ပင်ပန်းခြင်းကြောင့်လည်း ဖြစ်မည်။ ပြီးတော့ ဒက်ဖနီ့ကိစ္စကြောင့်လည်း ဖြစ်မည်။

သူသည် ဘာဘရာဖုန်းလှမ်းဆက်တုန်းက ဝတ်လာသည့်အဝတ်အစားများကိုပင် ဝတ်လာခဲ့သည်။ ဘာဘရာနှင့်စကားပြောပြီးပြီးချင်း ညဝတ်ဝန်ကျဝန်ထမ်းများအတွက် စာတိုကလေးတစ်စောင်အလျင်အမြန် ရေးထားခဲ့ပြီး ကုတ်အင်္ကျီ၊ ကားသော့နှင့် လက်ကိုင်အိတ်တို့ကို ယူကာ ကမန်းကတန်းထွက်လာခဲ့သည်။

'ကျွန်တော် ဝင်ကြည့်လို့ရမလား'

ဘာဘရာက သူနာပြုဆရာမမျက်နှာကို လှမ်းကြည့်လိုက်သည်။ ပြီးတော့ လက်ပတ်နာရီကို ကြည့်လိုက်သည်။

'ခဏလေး စောင့်လိုက်ပါဦး'





'ဆရာမ' မက်သယူးက ဆရာမအနားသို့ လျှောက်လာပြီး၊ စားပွဲအစွန်ကို လက်နှစ်ဖက်ဖြင့် တင်းတင်းဆုပ်ကိုင်လိုက်သည်။ 'သူနဲ့တွေ့ချင်လို့ ကျွန်တော် နယူးဟမ်းပရှိုင်းယားက နှစ်နာရီတိတိကားမောင်းလာခဲ့ရပါတယ် ဆရာမ'

'ဟုတ်ကဲ့ ရပါတယ်'

သည် အချိန်မှတော့ ဘယ်လိုမှမထူးတော့။ နောက်တစ်နာရီလောက်ဆိုလျှင် နောက်တောင်ကျသွားနိုင်သည်။

ဆရာမဝတ်ကင်းသည် ခန်းခွဲလမ်းအတိုင်း မက်သယူးအားခေါ်လာပြီး တံခါးကိုအသာဖွင့်လိုက်သည်။

ဒက်ဖနီသည် လူနာကုတင်ပေါ်တွင် မလှုပ်မယှက်ပက်လက်ကြီးလှဲနေသည်။ တစ်ကိုယ်လုံးတွင်လည်း ပလာစတာနှင့်ပတ်တီးများ ရစ်ပတ်စည်းနှောင်ထားသည်။ အလွန်တောက်ပသော အလင်းရောင်အောက်တွင် သူ့ကိုယ်ခန္ဓာနှင့် စက်ကိရိယာအမျိုးမျိုးတို့ကို ဆက်သွယ်ထားသည်။

မက်သယူးသည် ဒက်ဖနီ၏အဖြစ်ကိုကြည့်ပြီး မှင်တက်မိသည့် ရုပ်သေကြီးလို ငိုင်နေမိသည်။

သူတို့နှစ်ယောက် ဟိုးဝပ်ကျောင်းတွင်နောက်ဆုံး တွေ့ဆုံခဲ့သည်မှာ ရက်သတ္တနှစ်ပတ်မျှသာ ရှိသေးသည်။

မက်သယူးမျက်တောင်မခတ် စိုက်ကြည့်နေချိန်တွင်ပင် ဒက်ဖနီ တစ်စုံတစ်ရာ ထူးခြားမှုပြလာသလို ထင်ရသည်။

မက်သယူးသည် ကုလားထိုင်တစ်လုံးကို အသာ မ,ယူပြီး လူနာခုတင်ဘေးတွင် ကပ်ထိုင်လိုက်သည်။ ပြီးတော့ ဒက်ဖနီ၏ ရွှေရောင်ဆံပင်ကို ဖြည်းဖြည်းကလေး ပွတ်ပေးနေသည်။ ဘာဘရာ မနီးမဝေးမှရပ်ကြည့်နေသည်။ ထို့နောက်ပြန်လှည့်ပြီး ဆရာမ ဝတ်ကင်းနောက်မှ လိုက်၍ထွက်လာခဲ့သည်။ ဘာဘရာက သည်အချိန်တွင် ဒက်ဖနီနှင့် မက်သယူးတို့အတွက် အနှောက်အယှက်မဖြစ်ချင်။ ဆရာမက သူ့မျက်နှာကို လှည့်ကြည့်သည်။ သို့သော် ဘာဘရာက ဘယ်လိုမှမဖြစ်။ ယခုအချိန်တွင် ဒက်ဖနီအတွက် လူတစ်ယောက်ရောက်လာပြီ။ ဒက်ဖနီလို အမျိုးသမီးတစ်ယောက်သည် အဖော်မဲ့ အထီးကျန်မဖြစ်သင့်။ ယခုရောက်နေသည့် သိမ်မွေ့သော မျက်လုံးပြာနှင့် လူသည် သူ့အတွက် အကောင်းဆုံး အဖော်ပင်ဖြစ်သည်။

'ဒက်ဖ် ... ဒက်ဖ် ...'

မက်သယူးက ဒက်ဖနီ၏ပါးပြင်နုနုကို လက်ဖြင့်အသာထိလိုက်သည်။ ထို့နောက်ကုလားထိုင်တွင် ပြန်ထိုင်သည်။ သူက ဒက်ဖနီကိုအကြာကြီးစိုက် ကြည့်နေသည်။ ဂျပ်စတင်အကြောင်းကို ဒက်ဖနီက ငါ့ကိုဘာလို့မပြောခဲ့တာပါလိမ့်။ အခုမှ



www.burmeseclassic.com

www.burmeseclassic.com

ဒီစိတ်တွေ ပေါ်လာတာ ငါမှားနေပြီထင်တယ်။ သူက ငါ့ကိုထည့်လို့များ တွက်ခဲ့ပါရဲ့လား။ ဖွတ်လေတဲ့ ငါးပိရှိတယ်လို့တောင်မှ ထင်မှာမဟုတ်ပါဘူးလေ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် တကယ်လို့သူသတိပြန်ရလာရင်တော့ သူ့ကို ငါချစ်နေပါတယ်လို့ ပြောကိုပြောလိုက်တော့မှာပဲ။

သူသည် ဒက်ဖနီ၏မျက်နှာအား ဏာပ်ပြီး တစ်နာရီခန့်မျှ ထိုင်ကြည့်နေသည်။

နောက်ဆုံးဆရာမ ဝတ်ကင်းပြန်ဝင်လာသည်။ လူနာကို စမ်းသပ်ကြည့်သည်။

'ထူးခြားချက်ရှိသလား ဆရာမ'

ဆရာမက ခေါင်းခါပြသည်။ အပူဒီဂရီက မသိမသာတတ်လာသည်။

မက်သယူးက အခန်းထဲမှ လုံးဝမထွက်။ ဆရာမကလည်း ဘာမှမပြော။

သူသည် ခုနစ်နာရီတွင် သူနာပြုများတာဝန်ပြောင်းချိန်အထိ ထိုင်ရာမှမထသေး။

ဆရာမဝတ်ကင်းသည် နေ့တာဝန်ဆက်ယူသော သူနာပြုဆရာမအား အခြေအနေကို ပြောပြသည်။

'ဟိုလူ့ကို လူနာနားမှာပဲ နေပါစေ အန်တီရယ်၊ သူရှိပေမယ့် ဘာမှအနှောက်အယှက်မဖြစ်ပါဘူး၊ ပြီးတော့ ကိုယ်တို့က ဘာမှသိတာမှမဟုတ်ဘဲ၊ လူနာအခြေအနေကပိုထူးချင်လဲ ထူးလာနိုင်ပါတယ်၊ သူ့ခမျာဘုရားတရားပဲကွယ်၊ အသက်ကို အပြင်းအထန်လုနေရရှာတယ်'

ဆရာမအန်နီက ခေါင်းညိတ်သည်။ တစ်ခါတစ်ရံ မျှော်လင့်စရာမရှိတော့ဟု ပစ်ထားသောလူနာများသည် သူတို့အနားတွင် အားကိုးစရာလူတစ်ယောက်ရှိနေလျှင် အခြေအနေပိုကောင်းလာတတ်သည်ကို ဆရာမနှစ်ယောက်စလုံး သိကြသည်။

ဆရာမဝတ်ကင်းသည် တာဝန်ပြီးဆုံး၍ အိမ်သို့မပြန်ခင် ဒက်ဖနီအား နောက်ဆုံးဝင်ကြည့်သည်။

ဒက်ဖနီ၏မျက်နှာတွင် စောစောကထက် သွေးရောင်လွှမ်းလာသလို ထင်ရသည်။ သို့သော် အခြေအနေကို အတိအကျတော့ မပြောနိုင်ဘူး။

မက်သယူးကတော့ မှုလအတိုင်း မလှုပ်မယှက်ထိုင်နေတုန်း။ သူ့မျက်နှာတွင် မုတ်ဆိတ်မွေးနှင့်ပါးမြိုင်းမွေးတွေပင် ပိုရှည်လာသလို ထင်ရသည်။ မျက်လုံးအောက်မှ အရေးအကြောင်းတွေလည်း စောစောကထက် ပို၍ပေါ်လွင်လာသည်။

'ကျွန်မ စားစရာတစ်ခုခုများ ယူပေးရမလားရှင်'

ဆရာမက တိုးတိုးပြောသည်။ ဆေးရုံးစည်းကမ်းနှင့်တော့ ဆန့်ကျင်သည်။ သို့သော် သူက ကော်ဖီတစ်ခွက်လောက်တော့ ယူပေးလိုက်ချင်သည်။





သို့သော် မက်သယူးက ခေါင်းခါပြသည်။

ဆရာမ ပြန်ထွက်လာခဲ့သည်။ ဘာဘာရာသည် အပြင်ဆိုဖာခုံတန်းလျားပေါ်တွင် အိပ်ပျော်နေပြီ။

ဆရာမဝတ်ကင်းသည် ဒက်ဖနီအကြောင်းကိုသာ တွေးတောရင်း အိမ်သို့ပြန်လာခဲ့သည်။ သူဆေးရုံသို့ နောက်တစ်ခေါက်ပြန်သွားသောအခါ ဒက်ဖနီအသက်နှင့်မှ ရှိပါဦးမည်လားဟု တွေးပြီး စိတ်ပူမိသည်။ သူ့ခမျာ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် သည်တောင်က ကျော်နိုင်ပါစေဟု ဆုတောင်းမိသည်။

အိမ်သို့ရောက်တော့လည်း ဒက်ဖနီအကြောင်းကိုသာ တစ်နေကုန် သတိရနေသည်။ အဆင်သင့်ရှိနေသော အပါချိဝတ္ထုစာအုပ်ကိုပင် ဟိုလှန်ဒီလှန် ဖတ်မိသည်။ ထိုဝတ္ထုသည် သူအကြိုက်ဆုံးဝတ္ထုဖြစ်သည်။

ညဆယ်တစ်နာရီတွင်ဆရာမဝတ်ကင်း ညတာဝန်ပြန်ဝင်လာသည်။ ဒက်ဖနီ အခြေအနေကို မေးကြည့်ရမည်ကို ကြောက်နေမိသည်။

သို့သော် ... 'ဟိုလူတော့ ထူးမခြားနားထိုင်လျက်ပဲ' ဟု ဆရာမအန်နီက ပြောသည်။ ဒက်ဖနီ၏ အခြေအနေလည်း ထူးမခြားနားပင်ဖြစ်သည်။

ဘာဘာရာမှာ အနားယူရန် ညနေပိုင်းကတည်းကပင် အိမ်သို့ ပြန်သွားခဲ့ပြီ။

ဆရာမဝတ်ကင်းသည် အခန်းတံခါးကို အသာဖွင့်ကာ အထဲသို့လှမ်းကြည့်လိုက်သည်။

မက်သယူးသည် မတ်တတ်ရပ်ရင်း ဒက်ဖနီအပေါ်သို့ကိုယ်ကိုကိုင်းပြီး ဒက်ဖနီ၏ မျက်နှာကို မျက်တောင်မခတ်ကြည့်နေသည်။ သူ့ပုံကိုကြည့်ရသည်မှာ ဒက်ဖနီအား သည်ဘဝမှထွက်မသွားပါနဲ့ကွယ်ဟု မရအရ တောင်းပန်ကိုးလျှိုနေသလို ထင်ရသည်။

'ကော်ဖီ တစ်ခွက်လောက် သောက်လိုက်ပါလား မစ္စတာဒီနီး' ဆရာမဝတ်ကင်းက တိုးတိုးပြောသည်။ ဘာဘာရာခေါ်သံကြား၍ နာမည်ကိုသိနေသည်။ သူသည် တစ်နေ့လုံး ဘာမှစားရသေးဟန်မတူ။

'နေပါစေ ဆရာမ၊ ကျွန်တော်မဆာလို့ပါ၊ ကျေးဇူးပါပဲ' သူကပြုံး၍ ပြောသည်။ သူ့မျက်နှာတွင် ပါးမြိုင်းမွေးတွေ တော်တော်ရှည်နေပြီ။ သို့သော် သူ့မျက်လုံးတွေ ကတော့လန်းဆန်းနေသည်။ အားရှိသည်။ သူ့အပြုံးကသိမ်မွေ့သည်။ 'စောစောကထက် အခြေအနေနည်းနည်းကောင်းလာတယ်ထင်တယ် ဆရာမ'

အပူတော့ကျသွားပြီ။ သို့သော် တစ်နေ့လုံးတစ်ကြိမ်မျှ မလှုပ်ရှားသေး။

ဆရာမများက လူနာအား ပလတ်စတစ်ပိုက်တွေ အမျိုးမျိုးပြောင်းလဲ တပ်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မက်သယူးသည် လူနာဆောင်တွင် ရပ်ကာဆံပင်ကို အသာအယာပွတ်သပ်ပေး နေသည်။ ဆရာမဝတ်ကင်းက သူ့ကို စောင့်ကြည့်နေသည်။

'အံ့သြစရာပဲ မစ္စတာဒီနိုး၊ တစ်ခါတလေအနားမှာ သူတို့ခင်မင်တဲ့ လူတစ်ယောက်ယောက်ရှိနေရင် လူနာတွေမှာ ဒီလိုပဲ ထူးခြားလာတတ်ပါတယ်'

'ဟုတ်ပါတယ်၊ သူထူးခြားလာတယ်လို့ ကျွန်တော်လဲ ထင်ပါတယ်'

သူတို့နှစ်ယောက် အပြုံးချင်းဖလှယ်လိုက်ကြသည်။ ထို့နောက် ဆရာမ ပြန်ထွက်သွားသည်။

ခဏကြာတော့ မက်သယူးပြန်ထိုင်သည်။ ဒက်ဖနီ၏ မျက်နှာကို စိုက်ကြည့် နေသည်။

နောက်ဆုံးဒက်ဖနီသည် မသိမသာလှုပ်လှုပ်လာသည်။ ထိုအချိန်တွင် နေဝန်းလည်းနယူးယောက်မြို့ပေါ်သို့ ရောက်ရှိလာခဲ့ပြီ။

မက်သယူးက ကုလားထိုင်တွင် တောင့်တောင့်ကြီး ထိုင်ရင်းဆက်ပြီး စောင့်ကြည့်နေသည်။

ဘယ်လိုလက္ခဏာဆိုသည်ကို သူမခန့်မှန်းတတ်သေး။

ထို့နောက် ဒက်ဖနီ၏ မျက်လုံးများပွင့်လာကြသည်။ သေးဘီကို မျက်လုံးကစားကြည့်သည်။ မက်သယူးကိုမြင်တော့ သူဇဝေဇဝါဖြစ်နေသည်။ ပြီးတော့ ပြန်ပြီးမှေးမှိန်သွားသည်။ သို့သော် ခဏမျှသာဖြစ်သည်။

မက်သယူးအလွန် ဝမ်းသာသွားသည်။ သူနာပြုဆရာမအားဘဲလ်တီး၍ ခေါ်လိုက်ရမလားဟု စိတ်ကူးမိသည်။ သို့သော် သူ့ကိုယ်သူမလှုပ်ရှားရဲအောင်ဖြစ်နေသည်။ သူကိုယ်တိုင်ပင် မှေးမြော၍များသွားတော့မည်လားဟု ထင်လိုက်သည်။ သူ အိပ်မက်မက်နေတာ များလားဟုလည်း တွေးမိသည်။

သို့သော် အိပ်မက် မဟုတ်။

ဒက်ဖနီ၏ မျက်လုံးပြန်ပွင့်လာသည်။ အကြာကြီး ကြည့်နေသည်။ အာရုံစိုက်ပြီးကြည့်နေသည်။

'မက် ...'

သူ့အသံက ကြားရုံမျှသာ ထွက်လာသည်။

'မင်္ဂလာ နံနက်ပါ ဒက်ဖ်'

'ရှင် ရောက်လာတယ် နော်'

သူ့အသံက တိုးလွန်းသည်။ ညင်းညင်းကလေးသာ ထွက်လာသည်။ သူတွေဝေနေတုန်းရှိသေးသည် ခဏကြာတော့ ပြုံးလာသည် မက်သယူးက လက်ကို ဆုပ်ကိုင် ထားလိုက်သည်။



'ဟုတ်တယ် ဒက်ဖ်၊ ကိုယ်ရောက်လာပြီ၊ ဒက်ဖ်က အကြာကြီး အိပ်ပျော်နေခဲ့တယ်လေ'

'ကျွန်မသားလေးဘယ်လိုလဲ ဟင်'

'သူ နေကောင်းပါတယ်၊ ဘာမှ မပူပါနဲ့' သူက နားနားကပ်၍ တိုးတိုးပြော သည်။ 'ဒက်ဖ် နေကောင်းလာပြီ နော်၊ အဲဒါကို သတိထားမိရဲ့လား ဒက်ဖ်'

ဒက်ဖနီက ယဲ့ယဲ့ကလေး ပြုံးရင်း

'ကျွန်မ ရုပ်က မလှတော့ဘူးနော်'

မက်သယူးကျိတ်၍ ရယ်မိသည်။ သူသည် ဒက်ဖနီအတွက် ရင်ထိတ်သိတ်ဖြင့် နှစ်ဆယ့်ရှစ်နာရီလုံးလုံး မအိပ်မနေဇုတ်တုတ်ကြီး ထိုင်စောင့်နေခဲ့ရသည်။

'ဒက်ဖ်' သူက ဒက်ဖနီမျက်လုံးအဖွင့်ကို စောင့်နေပြီးတော့မှ 'ကျွန်တော် တစ်ခု ပြောစရာရှိတယ်'

သူ့ လည်ချောင်းတွင် တစ်ဆို့လာသည်။ ဒက်ဖနီက သူ့မျက်နှာကို ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

'ကျွန်မ သိပြီးပါပြီ'

'ဟင် ... သိပြီးပြီ'

မက်သယူးမျက်နှာ ပျက်သွားသည်။ ဒက်ဖနီက အကြောင်းစုံသိပြီးလို့ သူပြောတာ နားမထောင်ချင်တော့ တာလား။

'ရှင် ... ရှင် ... တို့ ... လက်ထပ် ... တော့မယ် မဟုတ်လား'

သူ့မျက်လုံးတွေက ကျယ်သွားသည်။ ပြာသွားသည်။ မက်သယူးအား ညှိုးငယ် စွာကြည့်နေသည်။ မက်သယူးက ပြန်ကြည့်ပြီး အံ့အားသင့်နေသည်။

'ကျွန်တော် ခင်ဗျားနိုးအလာကို ဒီနေရာမှာ အကြာကြီး ထိုင်ပြီး စောင့်နေတာ ကျွန်တော်မိန်းမယူတော့မယ်လို့ ပြောဖို့လာတာလို့ ဒက်ဖ်က တကယ်ထင်နေလို့လား'

ဒက်ဖနီ၏ နှုတ်ခမ်းတွင် အပြုံးရိပ်သန်းလာသည်။

'ရှင်က အမြဲတမ်းသိပ်ပြီး ယဉ်ကျေးတာပဲ နော်'

'ဒါ ယဉ်ကျေးတာ မဟုတ်ဘူး ဒက်ဖ်' သူက ပြုံး၍ပြောသည်။ ဒက်ဖနီ၏ မျက်လုံးတွေ ပြန်မှိတ်သွားသည်။ အတော်ကလေးကြာတော့ ပြန်ပွင့်လာကြသည်။ မက်သယူးက အားတက်သရောအသံဖြင့် 'ဒက်ဖ်ကို ကိုယ်သိပ်ချစ်တယ် ဒက်ဖ်၊ အရင်ကလဲ အမြဲတမ်း ချစ်ခဲ့ပါတယ်၊ နောင်ကိုလဲ အမြဲတမ်းချစ်နေမှာပါ၊ ကျွန်တော် ပြောချင်တယ်ဆိုတာ အဲဒါပဲ'

'မဟုတ်ဘူး ... မဟုတ်ဘူး' သူက ခေါင်းကိုယမ်းရန် ကြိုးစားသည်။ နာကျင် သောကြောင့် မျက်နှာရှုံ့မဲ့သွားသည်။ 'ရှင်က ဟာရီယက် ... ဘုတ် ... သူ့နာမည်



www.burmeseclassic.com

www.burmeseclassic.com

ဘာပါလိမ့်၊ ရှင်က သူ့ကို ချစ်နေတာပါ'

'ရပါတယ်၊ ဟာရီယက်ဘုတ်ပဲ ခေါ်လိုက်ပါတော့၊ သူက ကိုယ်နဲ့ ဘာမှ မပတ်သက်တော့ဘူး၊ သူ့ကို ကိုယ်မချစ်နိုင်တော့ဘူးလို့ ပြောခဲ့တာ တော်တော်ကြာပါပြီ၊ သူကလဲ သိပါတယ်၊ ဘယ်တော့မှ မသိခဲ့တဲ့ လူက ဒက်ဖ်ပါ'

ဒက်ဖနီက မက်သယူးအား အကြာကြီးစိုက်ကြည့်နေသည်။ အကြာကြီး တွေးနေသည်။

'ကျွန်မ ရှင်နဲ့ပတ်သက်ပြီ ကိုယ့်ကိုယ်ကိုယ်အပြစ် ကျူးလွန်မိသူလို့ ထင်နေခဲ့တယ် မက်'

'ဘာယ်လို ကြောင့်လဲ'

'အဲဒါတော့ ကျွန်မ မသိဘူး၊ ရှင်အပေါ် မှာရော ... ဂျပ်စတင် အပေါ်မှာရော ... မတရားရာ ... ကျလိမ့်မယ်လို့ပဲ ကျွန်မ ထင်ခဲ့တယ်' သူက စကားဖြတ်ပြီး အကြာကြီးကြည့်နေပြန်သည်။ ပြီးတော့မှ 'သူနဲ့ ကျွန်မလမ်းခွဲ လိုက်ကြပြီ မက်'

'ကိုယ့်ကို ဘာလို့ မပြောခဲ့တာလဲ'

'ရှင့်မှာ ချစ်သူရှိနေပြီးပြီလို့ ထင်လို့ပါ' နှစ်ယောက်သား အသံမထွက်ဘဲ စကားပြောနေကြသည်။ 'ပြီးတော့ ရှင်ကလဲ ပြောခဲ့ ...'

'ဟုတ်ပါပြီ၊ ကိုယ်ပြောခဲ့တာ ကိုယ်မှတ်မိပါတယ်၊ ဒက်ဖ်ကလဲဟို မင်းသားနဲ့ လက်ထပ်တော့မှာယ်လို့ ကိုယ်က တကယ်ထင်နေခဲ့တယ်'

ဒက်ဖနီက ပြုံးသည်။ တစ်ဘဝတွင် တစ်ခါသာ ပြုံးရခဲ့သော အပြုံးမျိုး။

'သူက အရူးပါ'

'ကိုယ်လဲ အတူတူပါပဲ၊ ဒက်ဖ်ကို ကိုယ်ချစ်တယ်၊ ကိုယ့်ကို လက်ထပ်နိုင်မလား ဒက်ဖ်'

ဒက်ဖနီ၏ မျက်လုံးအတွင်းမှ မျက်ရည်ဥကြီးနှစ်ပေါက် စီးကျလာသည်။ သူငိုနေပြီ။ ချောင်းတဟွပ်ဟွပ် ဆိုးနေသည်။

မက်သယူးက သူ့မျက်လုံးတွေကို နမ်းသည်။ ပြီးတော့ပါးချင်းအပ်ထားလိုက်သည်။

'မငိုပါနဲ့ ဒက်ဖ်ရယ်၊ တိတ်ပါတော့ကွယ် အားလုံးကောင်းသွားပြီပဲ၊ စိတ်ညစ်စရာတွေပြန်မတွေးပါနဲ့တော့လား အချစ်ရယ်' မက်သယူးက သူ့ကိုယ်သူ မျက်ရည်မကျအောင် မနည်းထိန်းထားရသည်။ သူက ဒက်ဖနီ၏ဆံပင်များကို ယုယစွာ ပွတ်ကစားနေသည်။ ဒက်ဖနီက သူ့ကိုယ်သူ ပြန်ထိန်းလိုက်သည်။ 'ကိုယ့်ကို ခွင့်လွှတ်ပါ ဒက်ဖ်'

'ကျွန်မလဲ ရှင့်ကို ချစ်ပါတယ်၊ ရှင်နဲ့စတွေ့တဲ့ နေ့ကတည်းက ချစ်ခဲ့မိတာ





ဒက်ဖနီက မက်သယူး၏ မျက်နှာကို စိုက်ကြည့်နေသည်။ မက်သယူး၏ မျက်နှာပေါ်သို့ မျက်ရည်တွေ စီးကျလာသည်။

'ဒက်ဖ်ကို ကိုယ်ဘယ်လောက်ချစ်တယ်ဆိုတာကို ပါးစပ်နဲ့ ပြောလို့ မရနိုင်ပါဘူးကွယ်'

အခန်းဝသို့ ဆရာမဝတ်ကင်း ရောက်လာသည်။ သူမပြန်ခင် မက်သယူးအား နှုတ်ဆက်ရန် လာခြင်းဖြစ်သည်။ ဆရာမက အခန်းတံခါးဝတွင် ရပ်နေသည်။ စကားပြောသံကို ကြားရသည်။ ဦးခေါင်းချင်း ကပ်နေတာကို မြင်ရသည်။

ထို့နောက် တံခါးကို အသာခေါက်ပြီး အခန်းထဲသို့ ဝင်လာသည်။

သူတို့နှစ်ယောက်သား မျက်နှာချင်းအပ်ကာ ငိုနေကြသည်။ ဒက်ဖနီက ပြုံးနေသည်။

'အမယ်၊ တယ်ပြီး ပျော်နေကြပါရောလား'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ နှစ်ယောက်က ခုပဲ စေ့စပ်ကြောင်းလမ်းလိုက်ကြပြီလေ ဆရာမ'

'ဒါဆို မင်္ဂလာလက်စွပ် ကြည့်ပါရစေလား ရှင်'

ဆရာမ မျက်နှာဝင်းကြည့်နေသည်။ ဒက်ဖနီ၏ မျက်နှာကြည့်လိုက်တော့ သူ သည်တောင်က ကျော်ခဲ့ပြီဆိုတာ ချက်ချင်းသိလိုက်သည်။ အကျပ်အတည်းထဲက ထွက်မြောက်ခဲ့ပြီ။ အဆိုးဆုံးအခြေအနေကို ကျော်လွန်ခဲ့ပြီ။ 'လက်စွပ်က ဘယ်မှာလဲ' ဆရာမက ပျော်ရွှင်စွာဖြင့် ကျီစယ်လိုက်သည်။

'သူက မင်္ဂလာလက်စွပ်ကို စားပစ်လိုက်တာ ဆရာမရေ၊ ဒါကြောင့် သူ ဒီဆေးရုံပေါ်ကို ရောက်လာရတာပေါ့' ဆရာမကသဘောကျ၍ ရယ်နေသည်။ ထို့နောက် ပေါ့ပါးသွက်လက်စွာဖြင့် ပြန်ထွက်သွားသည်။ မက်သယူးက ဒက်ဖနီအား ပြုံးကြည့်လိုက်ပြီး 'နောက် အပတ်ဆိုရင် ဘယ်လိုနေမလဲ ဟင်၊ သိပ်များ စောလွန်းနေမလား'

'အဲဒီအချိန်မှာ' ကျွန်မ အခုလိုပဲ ခေါင်းကိုက်နေဦးမှာလား ဟင်' ဒက်ဖနီသည် အလွန်ပင်ပန်းနေသည်။ သို့သော် အလွန်စိတ်ချမ်းသာနေသည်။

'မကိုက်တော့ပါဘူး၊ အဲဒီအချိန်ဆိုရင် နဂိုအတိုင်း လှကောင်းပကတိဖြစ်နေပြီ'

'ဒါဆို နောက်အပတ်ကောင်းပါတယ်၊ သားလေးရော လာလို့ရမလား'

'သိပ်ရတာပေါ့၊ ဘယ့်နှယ့်မဟုတ်တာဗျာ၊ သူ့မေမေနဲ့ သူ့ဖေဖေတို့ မင်္ဂလာပွဲကို သားကလေးက မလာဘဲနေလို့ရမတဲ့လား' နှစ်ယောက်သား ကြည်နူးစွာ ပြုံးလိုက်ကြသည်။ 'ဪ ... ဒါနဲ့ ဒက်ဖ်၊ စကားစပ်မိတုန်း ဒက်ဖ်ကို ကိုယ်တစ်ခုပြောမလို့၊ ကိုယ်ကတော့ သားကလေးကို နယူးယောက်ကျောင်းကိုပဲ ပြောင်းထားလိုက်ချင်တော့

ရည်မွန်ဦးစာပေ

www.burmeseclassic.com

တယ်ကွယ်'

'ဒါဆိုရင် သူ့ အိမ်ကနေတက်လို့ ရတာပေါ့'

'ရလောက်ပါပြီ၊ ရမှာပါ'

ဒက်ဖနီ၏ နှုတ်ခမ်းအစုံတွင် အပြုံးပန်း ပွင့်နေဆဲပင် ဖြစ်သည်။

ခေါက်ခုတင်တစ်ခုလုံးကို သယ်လျက် နံနက်ပိုင်းဆရာမ ဝင်လာသည်။ သူက ရှုန်းရှုန်းဝေအောင်ပြုံးရင်း ခေါက်ခုတင်ကို ဒက်ဖနီ၏ ခုတင်ဘေးတွင် ဖြန့်ခင်းလိုက်သည်။ ပြီးတော့ ခပ်တည်တည်ဖြင့် ပြောလိုက်သည်။

'သေသေချာချာ နားထောင်ပါ၊ ဆရာဝန်အမိန့်၊ မစ္စတာ ဒီန်း ... တရေးတမော မအိပ်ဘူးဆိုရင်တော့ မေ့ဆေးပေးပြီး အိပ်ခိုင်းရလိမ့်မယ်တဲ့၊ ဆရာဝန်က အဲဒီလို ပြောလိုက်ပါတယ်ရှင်'

သုံးယောက်သား သဘောကျပြီး အားရပါးရ ပြုံးလိုက်ကြသည်။

ဆရာမပြန်ထွက်သွားသောအခါ မက်သယူးသည် ခုတင်ပေါ်တွင် လှဲအိပ်ကာ အညောင်းအညာဖြေသည်။ ထို့နောက် ဒက်ဖနီ၏ လက်တစ်ဖက်ကို လှမ်းကိုင်လိုက်သည်။ သူအိပ်ပျော်သွားခဲ့ပြီ။

သို့သော်လည်း သူအိပ်ပျော်ခြင်းသည် မကောင်းသောအိပ်ပျော်ခြင်း မဟုတ်။ ကောင်းသော အိပ်ပျော်ခြင်းသာ ဖြစ်သည်။

အချိန်တန်လျှင် သူသည် ကောင်းသော နိုးခြင်းဖြင့် ပြန်နိုးလာလိမ့်မည်။

သည့်အချက်ကို မက်သယူးက အလေးအနက် ယုံကြည်သည်။

စောကြာလျှင် သူသည်လည်း အပြုံးမပျက် မျက်တောင်တွေ စင်းကာ အိပ်ချင်လာတော့သည်။

ခဏခဏကြည့်လိုက်တော့ သူတို့တော်တော်ရှုးခဲ့ကြသည်။ တော်တော် မိုက်ခဲ့ကြသည်။

သူ့ခံစားချက်ကို လွှန်ခဲ့သော တစ်နှစ်လောက်ကတည်းကပင် ဒက်ဖနီအား ဖွင့်ပြောခဲ့သင့်သည်။

သို့သော် ယခုအချိန်ကျတော့မှ အတိတ်ကအမှားတွေကို ပြန်တွေးပြီး နောင်တရ နေစရာမလိုတော့။

ဒက်ဖနီတစ်ယောက် အမြန်ဆုံး လန်းဖြာကျန်းမာလာပါစေလို့ ဘုရားဆင်ထံတော်ပါးတွင် တောင်းဆုခြွေနေရုံသာ ရှိပါတော့သည်။

မောင်ပေါ်ထွန်း
မတ် ၁၂၊ ၁၉၉၆



## ရည်မွန်ဦးစာပေမှ ထုတ်ဝေသည့်စာအုပ်များ

| | | |
|---|---|---|
| ၁။ | ညီသော်လှ | အမေရိကန်ဘီလျံနာ (၄) |
| ၂။ | ကြည်အေး | ကျွန်မပညာသည် |
| ၃။ | တင့်ဇော် | ရာဘီမြစ်ကိုဖြတ်သန်းခြင်းနှင့် အိန္ဒိယဝတ္ထုတိုများ |
| ၄။ | ကြည်အေး | မီ |
| ၅။ | ကြည်အေး | အပြင်ကလူ |
| ၆။ | မြတ်ငြိမ်း | ဘဝကိုကြက်ခတ်ခဲ့ရပေမဲ့ |
| ၇။ | စိတ်ကြိုက်ဝတ္ထုတိုစု | ပန်းတို့၏ရနံ့ |
| ၈။ | စိတ်ကြိုက်ဝတ္ထုတိုစု | စံပါယ်ပွင့်ဝေဝေ |
| ၉။ | မြသန်းတင့် | ကြာညိုနံ့သင်းသောရေဝတီမြ |
| ၁၀။ | မောင်ဝံသ | ရွှေနေကြီး ပယ်ရီမေဆင်နှင့် လျှို့ဝှက်သော စာရေးဆရာမ |
| ၁၁။ | လူထုစိန်ဝင်း | ပိတောက်မြေက မဟာသီနှင့် ရွှေအမြုတေ |
| ၁၂။ | မောင်ပေါ်ထွန်း | မိုးသက်လေနှင့် |